
www.burmeseclassic.com

THE BREAKHEART PASS

# ALISTAIR MACLEAN

# မောင်ဖြိုးကြွယ်

## အသည်းကွဲတောင်ကြား



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အသည်းကွဲတောင်ကြား

## မောင်မြင့်ကြွယ်

THE BREAK HEART PASS

ALISTAIR MACLEAN

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၀၀

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၉၂၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၉၈၀၇၀၉

❒

ပုံနှိပ်ခြင်း
ပထမအကြိမ် - ဧပြီလ၊ ၁၉၇၇ ခုနှစ်။
ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၀၉ ခုနှစ်။
အုပ်ရေ - ၅၀၀

❒

မျက်နှာဖုံးပုံနှိပ်
**Sky ပုံနှိပ်တိုက်**
အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

အတွင်းပုံနှိပ်
စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❒

မျက်နှာဖုံးဒီဇိုင်း
ဝင်းမြင့်ဦး

❒

တန်ဖိုး
၂၀၀၀ ကျပ်

၈၉၅-၈၃
ငွေကြွယ်၊ မောင်။
အသည်းကွဲတောင်ကြား/မောင်မြင့်ကြွယ်။ - ရန်ကုန်။
ချိုတေးသံစာပေ၊ ၂၀၀၉ ခုနှစ်။
မူရင်းအမည် - The Break Heart Pass / Alistair Maclen
စာမျက်နှာ-၂၂၆၊ ၁၃×၂၀ စင်တီမီတာ။
(၁) ဘာသာပြန်သူ - မောင်မြင့်ကြွယ်
(၂) အသည်းကွဲတောင်ကြား


## ဘာသာပြန်သူ၏အမှာစာ

(၁)

ကျွန်တော်သည် ဘာသာပြန်လောကထဲသို့ 'ငွေကုန်သည်' ဆိုသော ဘာသာပြန်စာအုပ်နှင့် ဝင်ရောက်လာခဲ့သူ ဖြစ်သည်ဟု အများက သိထားကြပါသည်။ **Arthur Hailey** ၏ **The Money-Changers** ကို ဘာသာပြန်သော 'ငွေကုန်သည်' စာအုပ်သည် (၁၉၇၈) ခုနှစ် ဩဂုတ်လက ထုတ်ဝေခဲ့သော စာအုပ် (၂)တွဲ ဖြစ်သည်။ တကယ်ကမူ ထိုစာအုပ်သည် ကျွန်တော့်စာပေမှတ်တမ်းတွင် ဒုတိယစာအုပ်သာ ဖြစ်နေပါလေသည်။

ထိုအချိန်က ကျွန်တော်သည် စာအုပ်ထူကြီးများကို စိတ်ပါလက်ပါ ဘာသာပြန်နေခဲ့ချိန် ဖြစ်သည်။ ငွေကုန်သည်ကို ဘာသာပြန်၍ ပြီးစီးချိန်တွင် မောင်လင်းယုန် (ရှမ်းပြည်)က ထုတ်ဝေသူ ရှာပေးသောကြောင့် စာအုပ်ဖြစ်လာရခြင်း ဖြစ်သလို မောင်မြင့်ကြွယ် နာမည်နှင့် ဘာသာပြန်စာအုပ်လောကတွင် စတင်၍ ခြေချနိုင်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် 'ငွေကုန်သည်' သည် စာမူမှ စာအုပ်ဖြစ်လာရန် အတော်အချိန်ကြာခဲ့သည်။ ထုတ်ဝေသူနှစ်ယောက် ပြောင်းပြီးမှ ထွက်လာခဲ့ခြင်း ဖြစ်ပါ၏။

'ငွေကုန်သည်' စာအုပ်ဘဝသို့ မရောက်သေးမီ မိတ်ဆွေတစ်ဦးက စာအုပ်တစ်အုပ်ကို ဘာသာပြန်ပေးပါဟု မေတ္တာရပ်ခံလာသည်။ ကျွန်တော်က မောင်မြင့်ကြွယ် ကလောင်အမည်အစား အခြားကလောင်နာမည်နှင့် ဘာသာပြန်ပေးမည်၊ ယူမလားဟု ပြန်မေးလိုက်သည်။ ကျွန်တော့်မိတ်ဆွေက သိုလိုလားလား

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပင် လက်ခံသောကြောင့် **Alistair Maclean** ၏ **The Break Heart Pass** ကို အသည်းကွဲတောင်ကြား (ယခု ပြဋ္ဌာန်းပေးထားသော စာလုံးပေါင်း အမှန်နှင့်ဆိုပါက 'အသည်းကွဲတောင်ကြား')ဟု တိုက်ရိုက်အမည်ပေးပြီး ဘာသာပြန်ပေးလိုက်သည်။ ကလောင်နာမည်ကိုလည်း ဇနီးနာမည် တင်တင်လှ ရှေ့ဘက်တွင် 'တက္ကသိုလ်' တပ်၍ တက္ကသိုလ် တင်တင်လှ အမည်တပ်ပေးလိုက်သည်။ ကျွန်တော့်မိတ်ဆွေက စာအုပ်ဖြစ်အောင် စီစဉ်ရာတွင် လက်သွက်သည်။ 'အသည်းကွဲတောင်ကြား' သည် ဆရာစံတိုး၏ မျက်နှာဖုံး ပန်းချီဖြင့် ၁၉၇၇ ခုနှစ် ဧပြီလဟု ထုတ်ဝေရက်တပ်၍ ဆိုင်ပေါ်သို့ ရောက်လာခဲ့တော့သည်။ ဤတွင် ဤအမှာစာကို ဖတ်ရှုနေသော စာရှုသူအနေနှင့် ရှင်းလောက်ပြီဟု ထင်ပါသည်။ ၁၉၇၈ ခုနှစ် ဩဂုတ်လသို့ ရောက်မှ 'ငွေကုန်သည်' စာအုပ်ကို ထုတ်ဝေခဲ့သောကြောင့် ထွက်ရက်အနေနှင့် 'အသည်းကွဲတောင်ကြား' က ၁၆ လခန့် စောနေပါသည်။ ထို့ကြောင့် ကျွန်တော် ရေးသားသော စာအုပ်များ စာရင်းတွင် 'ငွေကုန်သည်' နှစ်တွဲသည် ဒုတိယစာအုပ်သာ ဖြစ်နေပါလေတော့သည်။

ထိုစာအုပ် ထုတ်ဝေပြီး နောက်ပိုင်းတွင် ကျွန်တော်သည် ထိုကလောင်နာမည်ကို ဆက်လက်၍ မသုံးစွဲတော့ပါ။ 'မောင်မြင့်ကြွယ်' ကလောင်အမည်ကိုပင် အစဉ်တစ်စိုက် အသုံးပြုလာခဲ့ပါသည်။ ယခု ကျွန်တော့်ဇနီးတွင် 'သဥ္ဇာလင်း' ဆိုသည့် ကိုယ်ပိုင်ကလောင်အမည် ရှိနေပြီ ဖြစ်သဖြင့် 'တက္ကသိုလ်တင်တင်လှ' ကို ထပ်မံသုံးစွဲရန် မလိုအပ်တော့ပါ။

ယခု ကျွန်တော်က ဤအမှာစာကို ရှည်ရှည်လျားလျား ရေးပြနေခြင်း၏ အဓိကရည်ရွယ်ချက်မှာ 'အသည်းကွဲတောင်ကြား' သည် 'မောင်မြင့်ကြွယ်' ၏ ရေမရောသော လက်ရာစစ်စစ်ဖြစ်ကြောင်း အာမ,ခံလိုသောကြောင့် ဖြစ်ပါသည်။

(၂)

ကျွန်တော်သည် **Alistair Maclean** ၏ စာအုပ်များကို အလွန်ကြိုက်ပါသည်။ စာအုပ်တစ်အုပ်တွင်မှ အကြိုက်ချင်းတူနေသောကြောင့် ကျွန်တော့်ထက် တော်သော ဆရာ ချစ်ဝိုင်းမြိုင်ကို ဦးစားပေးခဲ့ပါသည်။ **Alistair Maclean**က အက်ရှင် အသားပေး စာရေးဆရာ ဖြစ်သည်။ သူသည် အက်ရှင်များကို ဖြစ်သလို ရေးချလေ့



မရှိချေ။ ဖြစ်နိုင်ခြေရှိသော သဘာဝယုတ္တိကို လက်ကိုင်ထား၍ လှုပ်ရှားမှုများကို အသေးစိတ် ရေးပြလေ့ရှိသည်။ မူရင်းစာရေးဆရာက ရေးသားထားသည့် အသေးစိတ်များကို စာဖတ်သူ နားလည်အောင် ဘာသာပြန်ဆိုရေးမှာ ဘာသာပြန်သူ၏ တာဝန်ပင် ဖြစ်ပါသည်။ ထိုတာဝန်ကို ကျွန်တော် တတ်စွမ်းသရွေ့ ကြိုးစားပမ်းစား ထမ်းဆောင်ထားပါကြောင်း တင်ပြလိုပါသည်။

ကျွန်တော် ယနေ့အထိ **Alistair Maclean** ၏ စာအုပ်သုံးအုပ်ကို ဘာသာပြန်ဆိုပြီးပါပြီ။ **The Golden Gate** ကို 'ရင်တမမ' အမည်နှင့်လည်းကောင်း၊ **The Satan Bug** ကို 'မိစ္ဆာပိုး' အမည်နှင့် လည်းကောင်း ဘာသာပြန်ဆိုခဲ့ပြီး ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်တော် တင်ပြလိုသည့် အချက်မှာ 'မိစ္ဆာပိုး' စာအုပ်နှင့် ဆက်စပ်နေပါသည်။ စာရေးဆရာ **Alistair Maclean** သည် ၁၉၆၁ နှင့် ၁၉၆၂ ခုနှစ်တို့က **Ian Stuart** ဆိုသော ကလောင်ခွဲအမည်နှင့် **'The Satan Bug'** နှင့် **'The Dark Crusader'** ဆိုသော စာအုပ် နှစ်အုပ်တို့ကို ရေးသား ထုတ်ဝေခဲ့ဖူးပါသည်။ သို့ရာတွင် မက်ကလင်း ပရိသတ်က မျက်စိလျှမ်းနေသောကြောင့် ထိုနှစ်အုပ်ကို နောက်တစ်ကြိမ် ပြန်လည် ထုတ်ဝေသောအခါတွင် 'မက်ကလင်း' ကလောင်အမည်ကိုပင် အသုံးပြု၍ ထုတ်ဝေခဲ့လေတော့သည်။

ပုဂ္ဂိုလ်ခင်မှ တရားမင်သည် ဆိုသော မြန်မာ့ဆိုရိုးစကားသည် အမှန်ပင် ဖြစ်သည်။ မောင်မြင့်ကြွယ်၏ ဘာသာပြန်လက်ရာများကို ခင်မင်ကြသော စာဖတ်ပရိသတ်ကြီးက ကျွန်တော်၏ လက်ရာအစစ်ဖြစ်သော ဤ 'အသည်းကွဲတောင်ကြား' ကို နှစ်ခြိုက်ကြလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ကျေးဇူးတင်ပါသည်။

*စာဖတ်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ*
**မောင်မြင့်ကြွယ်**

www.burmeseclassic.com



## ယုတ္တိမှန်နှင့် ဇာတ်အိမ်ဖွဲ့ထားသော သူရဲကောင်းဝတ္ထု

(အောင်ဗလ)

BURMESE CLASSIC

စာရေးဆရာ အဲလက်စတဲယားမက်ကလင်းကို နဗားရွန်း အမြောက်ကြီးများ ဝတ္ထုမှ စတင်သိခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဝင်ရိုးတန်းနိုင်ငံ အင်အားစုများနှင့် မဟာမိတ်အင်အားစုများ လက်နက်ပြိုင် ဉာဏ်ပြိုင်ကြရာ၌ မဟာမိတ် အင်အားစုမှ သူရဲကောင်းတစ်ဦး၏ လှုပ်ရှားမှုကို အသဲတဖိုဖို ရင်တထိတ်ထိတ် ဇာတ်လမ်းဖွဲ့ထားသည်။

စစ်အတွင်းက သူကိုယ်တိုင် ပါဝင်လိုက်ပါခဲ့သော စစ်သင်္ဘောကြီး တစ်စင်း၏ ဇာတ်လမ်းကို ဝတ္ထုအဖြစ် ရေးသားရာမှ ကမ္ဘာကျော်ခဲ့ပြီးနောက် နဗားရွန်းအမြောက် ဝတ္ထုကို ဆက်၍ ရေးသားသည်ဟု ဆို၏။

ယင်းနောက်ပိုင်းတွင် စိတ်ကူးဖြင့်ဖွဲ့ဆိုသော ဝတ္ထုကြီးအများကို ရေးခဲ့သည်။ (၁၉၇၅)ခုနှစ်က ရေးသားခဲ့သော ဝတ္ထုမှာ ကွန်မြူနစ်နိုင်ငံအတွင်းသို့ လျှို့ဝှက်ဝင်ရောက် လှုပ်ရှားမှုကို ဇာတ်လမ်းဆင်ထားသည့် **ဆပ်ကပ်** အမည်ရှိ ဝတ္ထုဖြစ်သည်။

**ဆပ်ကပ်ဝတ္ထုအထိ** သူရေးခဲ့သော ဝတ္ထုရှည် (၁၈)ပုဒ် ရှိပြီဖြစ်ရာ၌ ဝတ္ထု ဇာတ်ကွက်တို့မှာ စုံလင်လှသည်။ စစ်အတွင်းက စွန့်စားခန်းမှ စစ်ပြီးခေတ် စစ်အေး သူလျှို စွန့်စားခန်းများသို့ ပြောင်းလဲရေးခဲ့သည်။ ထို့ပြင် ယခုခေတ် ဓားပြမှုအကြောင်းကိုလည်း ၁၉၇၆ ခုနှစ်တွင် **The Golden Gate** အမည်နှင့်



ရေးခဲ့သည်။ ယခု အသည်းကွဲတောင်ကြားဝတ္ထုမှာ အမေရိကန်ပြည် တည်ထောင်စ ကာလက နွားကျောင်းသားများ၊ လူနီများအပေါ် အမြတ်ထုတ်သော လူဖြူလူဆိုးများတို့၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ထားသည်။

လူဟူသည်မှာ အစွမ်းအစအရှိဆုံး သတ္တဝါ ဖြစ်သည်။ ခွန်အားအရာ၌ တိရစ္ဆာန်များထက် သာလှချည့် မဟုတ်သော်လည်း ဉာဏ်အစွမ်းအရာမှာ အကန့်အသတ်မရှိ သာလွန်သည်။ လူချင်းအတူတူတွင်လည်း ဤလောက၌ ဉာဏ်စွမ်းထက်သူက သာမန်လူများထက် ချွန်ရစမြဲ ဖြစ်သည်။ သူရဲကောင်းတို့သည် ကာယစွမ်းအားရော ဉာဏစွမ်းအားပါ အစွမ်းထက်သူများ ဖြစ်ကြသည်။ စစ်မြေပြင်များ၊ တိုက်ပွဲများ၊ ပဋိပက္ခများ စသည်တို့တွင် ဉာဏ်စွမ်းထက်သူတို့၏ လှုပ်ရှားအားထုတ်မှုတို့ဖြင့် အောင်လံဝင့်လေ့ ရှိစမြဲ ဖြစ်သည်။ အဲလက်စတဲယား မက်ကလင်းက ယင်းသို့သော သူရဲကောင်းတို့ကို ဇာတ်အိမ်ဖွဲ့ကာ သူ၏ဝတ္ထုများ၌ လှုပ်ရှားရုန်းကန်စေလေ့ ရှိသည်။ ရုန်းကန်သူတို့အဖို့ တိုက်ပွဲတစ်ခုပြီး တစ်ခု၊ ပဋိပက္ခတစ်ခုပြီး တစ်ခု၊ အခြေအနေ တစ်ရပ်ပြီး တစ်ရပ်တို့ကို ဆက်တိုက် လှုပ်ရှားရသည်ကို စာဖတ်ပရိသတ် မရိုးနိုင်အောင် သရုပ်ဖော်လေ့ရှိသည်။ ကမ္ဘာပေါ်၌ ပုံပြောအကောင်းဆုံး ပုဂ္ဂိုလ်များတွင် တစ်ဦး ဖြစ်သည်ဟု ကမ္ဘာစာပေ လောက,က သူ့ကို ချီးကျူးထားသူ ဖြစ်သည်။

ယခု **အသည်းကွဲတောင်ကြား** ဝတ္ထုမှာ သူရဲကောင်းတစ်ဦးက အင်အားကြီးသော လူနီအုပ်စု၊ အင်အားကြီးသော လူဖြူလူဆိုးအဖွဲ့၊ အင်အားကြီးသော အစိုးရအဖွဲ့မှ လက်နက်ကုန်သည်အုပ်စု တည်းဟူသော အုပ်စုကြီးသုံးခုကို တစ်ကိုယ်တော် တိုက်ခိုက်သော ဇာတ်လမ်း ဖြစ်သည်။

တစ်ကိုယ်တော်က အုပ်စုကြီးသုံးရပ်ကို တိုက်ခိုက်သည် ဆိုသော်လည်း တိုက်ပွဲတို့မှာ မဖြစ်နိုင်သော တိုက်ပွဲမျိုး မဟုတ်။ အင်အားကြီးသူတို့ကို ဦးနှောက်နှင့် တိုက်ခိုက် အနိုင်ယူရပုံကို ယုတ္တိရှိရှိ ရေးသားသွားသည်။ "တစ်ယောက်ကောင်းလျှင် တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေ" ဟု မြန်မာစကားပုံမှ တစ်ယောက်ကောင်း စွမ်းအားမျိုး ဖြစ်သည်။ မြန်မာသမိုင်း၌လည်း ဤသို့ လူစွမ်းကောင်းတို့က တစ်ကိုယ်တော် တစ်ယောက်ကောင်း လူစွမ်းပြခဲ့သော အဖြစ်အပျက်အများ ရှိပါသည်။

ယင်းကဲ့သို့ ယုတ္တိမှန်နှင့် ဇာတ်အိမ်ဖွဲ့ထားသော သူရဲကောင်းဝတ္ထုကို ဘာသာပြန်သူတို့က မြန်မာဘာသာဖြင့် ထိမိအောင် ပြန်ဆိုထားသည်ကို တွေ့ရှိရပါကြောင်း။

အောင်ဗလ

www.burmeseclassic.com

www.burmeseclassic.com

## သူ့စာ သူ့ဘဝ

### (၁)

အဲလက်စတဲယား မက်ကလင်းဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် လှိုင်ဂုက်သည်းဖို ဝတ္ထုများကို ရေးသားရာတွင် အလွန်စွံသူဟု မြန်မာစာဖတ် ပရိသတ်က သိနှင့်ပြီး ဖြစ်ပေလိမ့်မည်။ သူ့စာအုပ် တော်တော်များများကို မြန်မာဘာသာသို့ ပြန်ဆို၍ ထုတ်ဝေပြီးကြလေပြီ။

ထို့ကြောင့် မက်ကလင်းကို အထူးတလည် မိတ်ဆက်ပေးရန် မလိုတော့သော်လည်း သူ့ဘဝဇာတ်လမ်းကို အနည်းအကျဉ်းလောက် သိရှိထားသင့်သည်ဟု ယူဆသဖြင့် အနည်းငယ် မိတ်ဆက်ပေးပါရစေ။

### (၂)

အဲလက်စတဲယား မက်ကလင်းသည် အင်္ဂလန်နိုင်ငံ ဂလပ်စကိုမြို့မှ စကော့တလန်လူမျိုး သာမန်ကျောင်းဆရာတစ်ဦးသာ ဖြစ်ခဲ့သည်။ မထင်မရှား လူသာမန်ဘဝမှ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ကျော်ကြား လူသိများလာသော စာရေး ဆရာကြီးတစ်ဦး ဘဝသို့ နေ့ချင်း ညချင်း ရောက်ရှိလာသူတစ်ဦးကို လက်ညှိုး ထိုးပြပါဟု ဆိုပါက မက်ကလင်းကိုပင် ညွှန်ပြရပေလိမ့်မည်။

သူ့ဇာတ်လမ်း အစက သည်လိုပါ။ တစ်နေ့တွင် 'ဂလပ်စကိုမြို့'မှ ထုတ်ဝေသော 'ဂလပ်စကိုဟီရယ်' သတင်းစာက ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသည်။



ထိုကြော်ငြာကို တွေ့ရသောအခါ မက်ကလင်းကလည်း ဝတ္ထုတိုပြိုင်ပွဲတွင် ဝင်၍ နှဉ်ပြိုင်လိုစိတ် တဖွားဖွား ပေါ်လာသည်။ သူ ဆယ့်ခုနစ်နှစ်သားအရွယ်က စာရေး ကြည့်ဖူးသည်။ ထိုစဉ်က အတော်အသင့် အောင်မြင်မှု ရရှိခဲ့သည်ကို ပြန်သတိရလာ သည်။ ထို့ကြောင့် ဝတ္ထုတိုတစ်ပုဒ်ရေးပြီး ဝင်ရောက်ယှဉ်ပြိုင်သည်။

ထိုပြိုင်ပွဲတွင် သူ ဆုရသည်။ ဝတ္ထုတိုအတွက် စတာလင်ပေါင် ၁၀၀ (မြန်မာကျပ်ငွေ ၁၂၀၀ ကျပ်ခန့်) ရရှိခဲ့သည်သာမက 'ကောလင်း' စာအုပ်ထုတ်ဝေရေး ကုမ္ပဏီကြီးကလည်း မက်ကလင်းကို ဝတ္ထုရှည်တစ်ပုဒ် စမ်းရေးကြည့်သင့်သည်ဟု အကြံပြုလာသည်။

နောက်သုံးလအကြာတွင် မက်ကလင်းသည် ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို အောင်မြင်စွာ ရေးသားပြီးစီးခဲ့သည်။ ဝတ္ထုအမည်က **H.M.S Ulysses.** အာတိတ် သမုဒ္ဒရာသို့ စစ်သင်္ဘောအုပ်စုနှင့် နောက်ဆုံးအခေါက် လိုက်ပါသွားသော စစ်သင်္ဘော ကြီးတစ်စင်း၏ ဝမ်းနည်းကြေကွဲဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်သည်။ မက်ကလင်း သည် ထိုဝတ္ထုကို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သူကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ရသော စစ်ပွဲအတွေ့အကြုံများပေါ်တွင် အခြေခံ၍ ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုစာအုပ်မှာ အရောင်းသွက်လှသဖြင့် အကြိမ်ပေါင်းများစွာ ထပ်မံရိုက်နှိပ်ခဲ့ရသည်။ မက်ကလင်း သည် စာရေးခအဖြစ် စတာလင်ပေါင် ၆၀,၀၀၀(မြန်မာကျပ်ငွေ ၇၂၀,၀၀၀ ကျပ်ခန့်) ရရှိခဲ့သည်။

ဤကဲ့သို့ စာရေးဆရာတစ်ဦး၏ ပထမဦးဆုံး စာအုပ်တစ်အုပ် ရောင်း ကောင်းအောင် စွံသည့်အဖြစ်မျိုးမှာ အလွန်ရှားသည်။ တစ်ခါ ပထမဦးဆုံး ရေးသော စာအုပ် စွံသွားသည့်တိုင်အောင် ဒုတိယစာအုပ် ဆက်တိုက်စွံဖို့ဆိုသော ကိစ္စမျိုးမှာ သာ၍ပင် ရှားသည်။ ဒီကိစ္စကို မက်ကလင်းကိုယ်တိုင်လည်း သိသည်။

တစ်ဖန် မက်ကလင်းသည် ပထမစာအုပ်ကို ရေးစဉ်က သူကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့သော စစ်ပွဲအတွေ့အကြုံများကို ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ပြန်လည်ရေးသား ဖော်ပြနိုင်စွမ်း ရှိခဲ့သဖြင့် စာအုပ်ရေးကွက်တွင် စွံခဲ့ရခြင်း ဖြစ်သည်။ နောက် သူဆက်ရေးမည့် စာအုပ်များကိုမူ သူ့စိတ်ကူးသက်သက်နှင့်သာ ရေးသားရ တော့မည် ဖြစ်ကြောင်း သူ ရိပ်မိထားသည်။

ထို့ကြောင့် ပထမဦးဆုံး စာအုပ်စွံသွားရုံမျှနှင့် စာရေးဆရာဘဝကို ခံယူ တော့မည်ဟု သူ မခုံးဖြတ်သေးပါ။ အရာရာတွင် သတိကြီးစွာထား၍ လုပ်ကိုင်တတ် သော စကော့လူမျိုးတစ်ဦးပီပီ ကျောင်းဆရာဘဝကိုပင် ဆက်၍ ခံယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ စိတ်ပူစရာ မလိုပါ။ သူ၏ ဒုတိယစာအုပ်မှာ 'နဗာရွန်း အမြောက်ကြီးများ' ပင် ဖြစ်ပြီး စာဖတ်ပရိသတ်က လိုလိုလားလား လက်ခံ ဖတ်ရှုခဲ့ကြသည်။ သူ့တွင် ဝတ္ထုရေးဆရာတစ်ဦးအဖြစ် ခံယူနိုင်လောက်အောင် ကြွယ်ဝသော 'စိတ်ကူးသိုက်' ကြီးတစ်ခု ရှိနေပြီဟု သက်သေထူလိုက်နိုင်ခြင်းပင် ဖြစ်သည်။ ဤတွင် သူသည် အထုပ်အပိုးပြင်၍ အင်္ဂလန်နိုင်ငံမှ ခွာခဲ့ပြီး ဆွစ်ဇာလန် နိုင်ငံတွင် အခြေစိုက်လေတော့သည်။ သူ စာရေးဆရာဘဝနှင့် အရိုးထုတ်တော့မည်ဟု ပိုင်းဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

သူ ရေးသမျှ စာအုပ်တိုင်း ဆက်စွံသည်။ ၁၉၅၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း စာအုပ် ၁၈ အုပ်ကို ရေးသားထုတ်ဝေခဲ့ပြီးလည်း ဖြစ်သည်။

(၃)

မက်ကလင်းသည် သူ ရေးသမျှ စာအုပ်တိုင်း စွံသည့်တိုင်အောင် အမြဲတစေပင် သူ့ကိုယ်သူ နှိမ့်ချပြောဆိုလေ့ရှိသည်။ သူက "ကျွန်တော်ဟာ တကယ့်စာရေးဆရာ အစစ် မဖြစ်သေးပါဘူးဗျာ၊ ကံကောင်းလို့ လူကြိုက်များနေတဲ့ ဝတ္ထုရေးဆရာတစ်ဦး" ပါဟု ဆိုဖူးလေသည်။

မက်ကလင်းသည် သူ့စာအုပ်များ စွံနေသည့်တိုင်အောင် ကပျက်ကချော် ရေးရန် လုံးဝစိတ်ကူးသူ မဟုတ်။ သူ့ဇာတ်ကောင်များ၏ လှုပ်ရှားမှုကို ကြိုး၍ တွက်ချက်ထားသည်။ အခန်းတိုင်း အခန်းတိုင်းကို ရေးမချမီ ထိုအခန်းအတွက် ဇာတ်လမ်းအကျဉ်းချုပ်ကို ကြိုး၍ရေးသည်။ အသေးစိတ် အချက်အလက်များကို နှစ်ကျော့၊ သုံးကျော့ထက်မနည်း ထပ်မံစစ်ဆေးလေ့ ရှိသည်။ သေချာပြီဆိုမှ အဆိုပါ အခန်းကို အသေးစိတ်ချရေးသည်ဟု ဆိုသည်။ ထိုကဲ့သို့ အသေးစိတ် ကြိုတင်ပြင်ဆင် ပြီးမှ ရေးသားခြင်း ဖြစ်သဖြင့် အမှားအယွင်း အကျအပေါက်များ ကင်းစင်သည် သာမက နှစ်ခါပြန် ရေးရသည့်ကိစ္စမျိုး၊ ပြန်ပြင်ရေးရသည့် ကိစ္စမျိုး တစ်ခါမှ မဖြစ်ဖူးသေးပါဟု သူက ဆိုသည်။

(၄)

မက်ကလင်း၏ ဝတ္ထုများသည် စာအုပ်အနေနဲ့သာ စွံသည် မဟုတ်၊ ရုပ်ရှင်သမား များကလည်း အလွန်မျက်စိကျခဲ့ကြသည်။ သူ ပထမဦးဆုံး ရေးသော **H.M.S. Ulysses** မှစ၍ ရုပ်ရှင်အဖြစ် ရိုက်ကူးပြသကြသည်။



ဘာသာပြန်သူ မှတ်မိသလောက် တင်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံသို့ မက်ကလင်း၏ ဝတ္ထုများကို ပြန်လည်ရိုက်ကူးသော ရုပ်ရှင်ကား သုံးကား လာဖူးသည်။ ၎င်းတို့မှာ '**THE GUNS OF NAVARONE**'၊ '**SATAN BUG**' (မိစ္ဆာပိုး)နှင့် '**ICE STATION ZEBRA**' တို့ပင် ဖြစ်သည်။ ထိုရုပ်ရှင်ကား သုံးကားအနက် 'နဗာရွန်းအမြောက်ကြီးများ' ရုပ်ရှင်ကားကို အထူးလူကြိုက်များကြသည်။ အင်တိုနီကွင်း၏ ပြောင်မြောက်လှသော အမူအရာကို ဘာသာပြန်သူ၏ မျက်စိထဲတွင် ယနေ့ထက်တိုင် မြင်ယောင်နေဆဲ ဖြစ်သည်။

မကြာမီကလည်း **WHERE EAGLES DARE, PUPPET ON A CHAIN** ဝတ္ထုများကို ရုပ်ရှင်ရိုက်ကူးခဲ့ရာ အလွန်လူကြိုက်များသည်ဟု သိရ ပါသည်။

(၅)

မက်ကလင်း၏ ဝတ္ထုများတွင် စာရေးဆရာက အသားပေး ရေးသား ဖော်ပြသည်မှာ ဇာတ်လမ်းနှင့် ဇာတ်ကောင်တို့၏ လှုပ်ရှားမှုပင် ဖြစ်သည်။ မက်ကလင်းသည် လျှို့ဝှက်သည်းဖို စာရေးဆရာစစ်စစ် ဖြစ်သည်။ အခန်းတိုင်း အခန်းတိုင်းကို စိတ်ဝင်စားမှုရှိအောင်၊ ဆက်၍ ဖတ်ချင်စိတ်ပေါ်လာအောင်၊ လက်က မချနိုင်လောက် အောင်၊ ဆွဲဆောင်မှု အပြည့်အဝပါအောင် ရေးတတ်သူလည်း ဖြစ်သည်။

သို့သော် မက်ကလင်း၏ နောက်ပိုင်းဝတ္ထုများသည် နဂိုအခါက ရေးသား ခဲ့သော ဝတ္ထုများလောက် ဇာတ်လမ်းကို အသားမပေးဘဲ အဖွဲ့အနွဲ့ကို ဦးစားပေးလာ သည်ဟု ဝေဖန်ရေးဆရာတချို့က ဝေဖန်ဖူးသည်။ ထိုဝေဖန်ချက်ကို တဲ့တိုး ဘာသာ ပြန်ရသော် နောက်ပိုင်းဝတ္ထုများသည် ဇာတ်လမ်း သိပ်မကောင်းလှတော့သဖြင့် အရေးအသား အဖွဲ့အနွဲ့တို့နှင့် ဖုံးဖုံးဖိဖိလုပ်ရန် ကြိုးစားခြင်း ဖြစ်သည်ဟု ဆိုလိုရင်း ဖြစ်သည်။

သို့သော် မက်ကလင်း၏ လက်ရာ ကျဆင်းမသွားပါ။ သူ့စာအုပ်များကို အယ်ဇင်း အစောင်စောင်က ကောင်းလှပေသည်ဟူ၍ စာအုပ်အသစ်ထွက်တိုင်း ချီးကျူးနေကြဆဲပင် ဖြစ်သည်။ ရုပ်ရှင်သမားများကလည်း အလုအယက် ဝယ်ယူ ပြီး ရုပ်ရှင်ရိုက်ကူးပြသနေဆဲပင် ဖြစ်သည်။

အဲလက်စတဲယား မက်ကလင်းသည် **IAN STUART** ဆိုသော ကလောင် နာမည်နှင့် ဝတ္ထုနှစ်အုပ်ကို ၁၉၆၁ နှင့် ၁၉၆၂ ခုနှစ်က ထုတ်ဝေခဲ့ဖူးသည်။ သို့သော် မက်ကလင်းမှ မက်ကလင်း ဖြစ်နေသော စာဖတ်ပရိသတ်က ထိုနှစ်အုပ်ကို

www.burmeseclassic.com



မျက်စိလျှမ်းနေကြသဖြင့် နောက်ပိုင်းတွင် မက်ကလင်းအမည်နှင့် ပြန်ထုတ်သည်။ ထိုအခါကျမှ စာဖတ်ပရိသတ်က လှိုက်လှိုက်လှဲလှဲ လက်ခံ လာကြသည်။

(၄)

ဤဝတ္ထုသည် ၁၉၇၄ ခုနှစ်က ထုတ်ဝေခဲ့သော မက်ကလင်း၏ လက်ရာသစ် ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဇာတ်လမ်း တည်နေရာမှာ အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်။ ဇာတ်အိမ် တည်ဆောက်ချိန်မှာ အမေရိကန်နိုင်ငံ၏ သက်တမ်း အနှစ်တစ်ရာ ပြည့်ခါစ ပတ်ဝန်းကျင်လောက်တွင် ဖြစ်သည်။

ထိုစဉ်က အဲလင်ပင်ကာတန် (၁၈၁၉–၁၈၈၄)သည် အလွန်နာမည်ကြီး ခဲ့သော စုံထောက်ကြီးတစ်ဦးပင် ဖြစ်သည်။ 'ပင်ကာတန် အမျိုးသား စုံစမ်း ထောက်လှမ်းရေး အေဂျင်စီ' ကို ဖွဲ့စည်းတည်ထောင်ခဲ့သူလည်း ဖြစ်သည်။ အမေရိကန်ရှိ စုံစမ်းထောက်လှမ်းရေးအဖွဲ့များ၏ သမိုင်းကို ပြန်ပြောင်းပြောရမည် ဆိုလျှင် အဲလင်ပင်ကာတန် မပါ၍ မဖြစ်။ စင်စစ်တွင်ကား အဲလင်ပင်ကာတန်ကို အမေရိကန် စုံစမ်းထောက်လှမ်းရေးအဖွဲ့များ၏ ဘိုးအေဟု သတ်မှတ်ကြရသည်။ ယခု ဤဇာတ်လမ်းသည် 'ပင်ကာတန်' နှင့်လည်း တစ်စိတ်တစ်ဒေသ ပတ်သက် နေသည်ဟု ဆိုနိုင်သည်။

ဤဝတ္ထုကို ထုတ်ဝေစဉ်က ချီကာဂိုထရီဗြွန်း၊ ဖို့ဒ်ဝိန်းဂျာနယ်ဂေဇက် ဆန်းဒေးပင်နီဆူလာဟီရယ်၊ လူးဝစ်စတာန်ဂျာနယ်၊ တင်နက်ဆီပြည်နယ်မှ ထုတ်ဝေ သော သူရိယသတင်းစာ စသည့် စာနယ်ဇင်းများက မက်ကလင်း၏ အကောင်းဆုံး လက်ရာ ဖြစ်သည်ဟု ချီးကျူးခဲ့ကြသော စာအုပ်ပင် ဖြစ်သည်။

ဘာသာပြန်သူ

## အခန်း (၁)

ရီနိုမြို့ရှိ ကေရာဇ်ဟိုတယ်၏ ဧည့်ခန်းသည် ပြူပြင်ထိန်းသိမ်းမှု အလျှင်းမရှိသဖြင့် ညစ်ပတ်ပေရေနေသည်။ ကေရာဇ်ဆိုသော အမည်မှာလည်း ဟိုတယ်၏ လက်ရှိ အနေအထားနှင့် လိုက်ဖက်ညီခြင်း မရှိပါ။ နာမည်က စီးနေသယောင်ယောင်။

ဧည့်ခန်းထဲတွင် ရှိနေကြသူအများစုသည် အိုမင်းဟောင်းနွမ်းနေသော ဧည့်ခန်းနှင့် လိုက်လျောညီထွေ ရှိလှပါပေသည်။ အများစုမှာ စိတ်ဓာတ်ကျဆင်း နေသည့် သက်ကြီးရွယ်လွန်များနှင့် လက်ရှိဘဝကို ငြီးငွေ့နေသူများသာ ဖြစ် ကြပါ၏။

အရက်ကောင်တာနောက်မှ အရက်ရောင်းသူသည် လက်သုတ်ပဝါ ညစ်ထပ်ထပ်တစ်ခုနှင့် ဖန်ခွက်ပဲ့များကို တိုက်ချွတ်နေသည်။

ငြိမ်နေသော ဧည့်ခန်းတစ်ခုလုံးအတွင်းတွင် စကားတတွတ်တွတ် ပြောဆိုနေကြသော လူတစ်စု ရှိနေ၏။ အဝင်အထွက်ပြုရာ တံခါးမကြီး၏ ဘေးနားရှိ စားပွဲတစ်လုံးတွင် လူ ခြောက်ယောက် ဝိုင်း၍ထိုင်နေသည်။ သုံးယောက်က နံရံကို ကျောပေးထားသော ခုံရှည်ကြီးတစ်လုံးပေါ်တွင် ထိုင်နေ ကြ၏။ ထိုသုံးယောက်အနက် အလယ်မှ ပုဂ္ဂိုလ်သည် ထူးထူးခြားခြား ပေါ်လွင် နေသည်။ သူသည် အရှည်ရှည် နီနီပါးပါးနှင့် နေလောင်ထားသောကြောင့် အသားခပ်ညိုညို ဖြစ်နေသည်။ အသက် အရွယ်က ငါးဆယ်ခန့်၊ ငွေရောင် ဆံပင်နှင့် ထက်ထက်မြက်မြက်ရှိသူ တစ်ဦး၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါက်ပိုင်ရှင် ဖြစ်သည်။ သူ့ကိုယ်ပေါ်တွင်မူ အမေရိကန် ဖြင်း တပ်မတော်မှ ဗိုလ်မှူးကြီးအဆင့်ရှိသူတစ်ဦး၏ တပ်မတော် ဝတ်စုံကို ဝတ်ဆင်ထား၏။

ဗိုလ်မှူးကြီးက အလိုမကျသော မျက်နှာထားနှင့် စားပွဲ၏တစ်ဖက်တွင် ရပ်နေသူတစ်ဦးကို စိုက်ကြည့်နေသည်။ ထိုသူသည် အရပ်မြင့်၍ ဗလကောင်းပြီး မီးခြစ်ဆံကလေးသဖွယ် ဖြောင့်တန်းနေသော နှုတ်ခမ်းမွေးစစ၏ ပိုင်ရှင်လည်း ဖြစ်သည်။ သူ့ဝတ်စုံမှာ အနက်ရောင်ဖြစ်ပြီး သူ့ရင်ဘတ်ပေါ်မှ ရဲမှူး(မာရှယ်) တံဆိပ်သည် တပြောင်ပြောင် တလက်လက် ဖြစ်နေပါ၏။ ထိုရဲမှူးက–

"ဗိုလ်မှူးကြီး ကလဲယားမွန် ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ခုလို အခြေအနေမျိုးမှာတော့…"

ဗိုလ်မှူးကြီး ကလဲယားမွန်၏အသံက ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ပေါ်ထွက်လာသည်။

"စည်းကမ်းဟာ စည်းကမ်းပဲ ကိုယ့်လူ၊ တပ်မတော်ကိစ္စဟာ တပ်မတော်နဲ့ပဲ ဆိုင်တယ်။ အရပ်သားကိစ္စက အရပ်သားကိစ္စသက်သက်ပဲ။ ဒီကိစ္စ မဖြစ်နိုင်တဲ့ အတွက် ဝမ်းနည်းပါတယ် ရဲမှူး"

"နသန်ပီးယားစ်ပါ"

"ဒီရထားဟာ တပ်မတော်သားတွေအတွက် သက်သက်ပဲ၊ ဝါရှင်တန်က အထူးခွင့်ပြုချက်ရလို့ လိုက်လာတဲ့လူတွေကလွဲရင် ဘယ်အရပ်သားကိုမှ လက်မခံနိုင်ဘူး"

ရဲမှူးက လေပြည်ထိုးသည်။

"ဒါပေမဲ့ ကျွန်တော်တို့ အားလုံးဟာ ပြည်ထောင်စုအစိုးရရဲ့ အမှုတော်ကို ထမ်းရွက်နေရတဲ့ လူတွေလို့ မဆိုသင့်ပေဘူးလား"

"တပ်မတော်အနေနဲ့ တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုရရင် ဘာမှ မသက်ဆိုင်ဘူး၊ ရှင်းရဲ့လား"

"ရှင်းပါတယ်"

သို့သော် ရဲမှူး၏ စိတ်ထဲတွင် လုံးဝရှင်းမသွားပါ။ သူက စားပွဲတွင် ဝိုင်းထိုင်နေနေသည့် ကျွန်လူငါးယောက်ကို တစ်ဦးစီ ကြည့်လိုက်ပါသည်။ တစ်ဦးမှာ မိန်းမပျိုတစ်ဦး၊ ကျန်လေးဦးမှာလည်း အရပ်သားများသာ ဖြစ်သည်။ ရဲမှူး နသန်ပီးယားစ်သည် ဆံပင်ခပ်ပါးပါးနှင့် နဖူးပြောင်နေသော သေးကွေးကြုံလှီလှသည့် ပုဂ္ဂိုလ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ သူ့မျက်နှာထားမှာ အမြဲတမ်း သောက



ဖြစ်နေသူ တစ်ဦး၏ ပုံစံပင် ဖြစ်ပြီး ရဲမှူး၏ မျက်လုံးဒဏ်ကို မခံနိုင်သည့်အလား ခင်တကြွကြွ ဖြစ်နေသည်။

ကလဲယားမွန်က စိတ်မပါ့တပါနှင့် ဖြေလိုက်သည်။

"ဘုန်းတော်ကြီး အသျှင်သီအိုဒိုပီးဘော်ဒီဟာ ဒီရထားနဲ့ လိုက်ဖို့ အထူးခွင့်ပြုချက်ကို ရထားတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ အသျှင်ပီးဘော်ဒီဟာ သမ္မတကြီးရဲ့ ကိုယ်ရေးအတွင်းဝန်နဲ့ ညီအစ်ကိုဝမ်းကွဲ တော်စပ်ပြီး ဗာဂျီးနီးယားမြို့မှာ ကျောင်းထိုင် ပုဂ္ဂိုလ်အဖြစ် သီတင်းသုံးမှာ ဖြစ်တယ်"

"ဘာ… ဘာပြောတယ်"

နသန်ပီးယားစ်က ဘုန်းတော်ကြီးကို တစ်လှည့်၊ ကလဲယားမွန်ကို တစ်လှည့် အံ့သြသော မျက်နှာထားနှင့် ကြည့်ရင်း မေးလိုက်သည်။

"ဒီလူ ရူးများနေသလား။ ဒီလူဟာ လူနီလူရိုင်းတွေကြားထဲမှာ တော်တော်ကြာကြာ သက်ဆိုးရှည်မယ့်လူပဲ"

ဘုန်းတော်ကြီးက သူ့နှုတ်ခမ်းကို လျှာနှင့်လျက်ရင်း လန့်လန့်ထိတ်ထိတ်နှင့် ပြန်ပြောလိုက်သည်။

"ဒါပေမဲ့ လူနီတွေက မျက်နှာဖြူတွေကို တွေ့ရာသင်္ချိုင်း ခါးမဆိုင်းဘဲ သတ်နေတယ်လို့ ကြား ကြားနေရတယ်"

"တွေ့ရာသင်္ချိုင်းလို့တော့ မဆိုနိုင်ဘူးလေ၊ သူတို့က မသတ်ခင် အကြာကြီး အချိန်ယူ ညှဉ်းဆဲပြီးမှ သတ်တာကိုး"

နသန်ပီးယားစ်က ဘုန်းတော်ကြီးဘေးရှိ လူဝကြီးကို စိုက်ကြည့်လိုက်ပြန်သည်။ ထိုပုဂ္ဂိုလ်ကြီးက အားရပါးရ ပြုံး၍ ကျယ်လောင်လှသော အသံနှင့် နှုတ်ဆက်လိုက်၏။

"ကျုပ်နာမည် ဒေါက်တာအက်ဒဝပ် မိုလီနော့ပါ ရဲမှူး"

"ခင်ဗျားလည်း ဗာဂျီးနီးယားမြို့ကို သွားမှာပဲ ထင်တယ်။ ဟိုမှာ သေသက်မှတ်တွေကို လက်မှတ်ထိုးရတဲ့ အလုပ်ကတော့ ခင်ဗျားအတွက် တစ်ပြုံတစ်ခေါင်းကြီး ရှိနေမှာပါ"

မိုလီနော့က ခပ်သောသော ပြန်ဖြေသည်။

"ကျုပ်က အဲဒီလို ဆိုးဆိုးဝါးဝါး နေရာတွေကို သွားမယ့်လူ မဟုတ်ပါဘူး၊ တကယ်တော့ ဟမ်းဘို့ခ်တပ်မှာ ဆရာဝန်အဖြစ်နဲ့ အမှုထမ်းဖို့ ခန့်လိုက်တဲ့ တပ်မတော် ဆရာဝန် အသစ်ကျပ်ချွတ်တစ်ယောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ပီးယားစ်က ခေါင်းညိတ်ပြီး နောက်တစ်ယောက်ကို ထပ်ကြည့်လိုက်ပြန်သည်။ ကလဲယားမွန့်က စိတ်တိုသော လေသံနှင့် ပြောလိုက်ပါ၏။

"ကဲ ခင်ဗျား ဒီလူတွေအကြောင်း တစ်ဦးချင်း စစ်မေးမနေရအောင် ကျုပ်ကပဲ ပြောပြပါ့မယ်"

ကလဲယားမွန့်က သူ့ညာဘက်တွင် ထိုင်နေသူကို ညွှန်ပြလိုက်၏။ ထိုပုဂ္ဂိုလ်မှာ ဆံပင်၊ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးအားလုံး ဖွေးဖွေးထအောင် ဖြူနေသူတစ်ဦး ဖြစ်သည်။

"သူက နီဗာဒါပြည်နယ်ရဲ့ ဘုရင်ခံဖဲယားချိုင်း၊ မင်း သိပါလိမ့်မယ်လေ"

နသန်ပီးယားစ်က ခေါင်းတစ်ချက် ဆတ်လိုက်ပြီး ကလဲယားမွန့်၏ ဘယ်ဘက်မှ မိန်းမပျိုကလေးကို စိတ်ဝင်တစား ကြည့်လိုက်၏။ ထိုကလေးမလေးမှာ အသက် အစိတ်ခန့်ရှိပြီး ဖြူစင်သော မျက်နှာပိုင်ရှင် ဖြစ်သည်။ ဆံပင်ကို သေသေသပ်သပ် စည်းထားပြီး နှုတ်ခမ်းသားကျယ်သော ဦးထုပ်ကြီး တစ်လုံးကို ဆောင်းထား၏။ ဆံပင်မှာ နက်မှောင်၍နေသည်။ အဆိုပါ ဆံပင်နှင့် လိုက်ဖက်သော မီးခိုးရောင် အပေါ်အင်္ကျီကို ဝတ်ဆင်ထား၏။

ကလဲယားမွန့်က ပြောလိုက်သည်။

"သူကတော့ ဘုရင်ခံကြီးရဲ့ တူမ မစ်(စ်)မာရီကာ ဖဲယားချိုင်း"

"ဗျာ..."

ကလဲယားမွန့်က ခပ်ဆတ်ဆတ် ပြောလိုက်၏။

"သူက ဟမ်းဘိုခံတပ်ရဲ့ တာဝန်ခံတပ်မှူး ဖြစ်တဲ့ သူ့အဖေဆီကို အလည်သွားမှာပါ။ အခံ့မြင့်တဲ့ တပ်မတော်ဝန်ထမ်းတွေအတွက် ဒီလို အခွင့်အရေးမျိုးဟာ မဆန်းလှပါဘူး"

ကလဲယားမွန့်က ဘယ်ဘက်သို့ လက်ညှိုးညွှန်လိုက်ပြန်သည်။

"သူကတော့ ဘုရင်ခံရဲ့ လက်ထောက်အရာရှိ မေဂျာအိုဘရိုင်ရင်၊ သူက တပ်မတော်နဲ့ ဆက်သွယ်ရေး တာဝန်ကိုပါ ယူခဲ့ရတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်၊ မေဂျာအိုဘရိုင်ရင်ဟာ"

ဗိုလ်မှူးကြီးသည် ပြောလက်စ စကားကို ရပ်လိုက်ပြီး နသန်ပီးယားစ်ကို ထူးထူးဆန်းဆန်း ကြည့်လိုက်မိသည်။ နသန်ပီးယားစ်ကလည်း ခပ်ဝဝဖိုင့်ဖိုင့် ပုဂ္ဂိုလ် အိုဘရိုင်ရင်တို စိုက်ကြည့်နေသည်။ အိုဘရိုင်ရင်ကလည်း နသန်းပီးယားစ်ကို ပြန်ကြည့်နေပြီးနောက် ရုတ်တရက် မှတ်မိလာဟန်နှင့် ထိုင်ရာမှ ခုန်ထလိုက်၏။ ချက်ချင်းလိုလိုပင် သူတို့နှစ်ဦးစလုံးသည် ဝမ်းသာအယ်လဲ ပြုံး၍ တစ်ဦးထံ တစ်ဦးက



အပြေးအလွှား ချဉ်းကပ်လာကြပြီး တစ်ဦး၏ လက်နှစ်ဖက်ကို တစ်ဦးက လက်နှစ်ဖက်နှင့် ပြန်၍ ဆုပ်ကိုင်ကြသည်။ ၎င်းနောက် တစ်ဦး၏ ကျောကို တစ်ဦးက ပုတ်လိုက်ကြ၏။ ဟိုတယ်ဧည့်ခန်းထဲတွင် ရှိနေသူများက သူတို့နှစ်ဦးကို တအံ့တဩ ကြည့်နေမိကြသည်။ ရဲမှူး နသန်ပီးယားစ် ယခုလို ဝမ်းသာအယ်လဲ ရှိပုံမျိုးကို တစ်ခါမှ မတွေ့ မမြင်ဖူးခဲ့ကြ၍လည်း ဖြစ်သည်။

အိုဘရိုင်ရင်သည် အထူးဝမ်းသာနေပုံရသည်။

"ဆာဂျင်ပီးယားစ်ပါလား၊ အေးလေ... နာမည်ကို ကြားကတည်းက မင်းကို ချက်ချင်း မှတ်မိဖို့ကောင်းတာ၊ နေစမ်းပါဦးကွ၊ ချက်တာနူးဂါး တိုက်ပွဲတုန်းက မင်းရဲ့ မုတ်ဆိတ်မွေးဟာ"

"ခင်ဗျားရဲ့ မုတ်ဆိတ်မွေးလောက်ကို ရှည်ခဲ့တာပေါ့ ဗိုလ်ကြီးရ"

"ဗိုလ်မှူးကွ"

အိုဘရိုင်ရင်က ခပ်တည်တည်နှင့် ကြိမ်းလိုက်သည်။ ပြီးမှ-

"နသန်ပီးယားစ် ဆိုတာ တပ်မတော်ရဲ့ အတော်ဆုံး ကင်းထောက်။ လူနီတွေနဲ့ ယှဉ်တဲ့အခါမှာ အကောင်းဆုံး တိုက်ခိုက်နိုင်စွမ်း ရှိတဲ့လူ။ ပြီးတော့လည်း သေနတ်ပစ် လက်အဖြောင့်ဆုံး ပုဂ္ဂိုလ်"

ပီးယားစ်က ခပ်တည်တည် ဝင်ပြောသည်။

"ခင်ဗျားက အဲလေ ဗိုလ်မှူးက လွဲရင်ပေါ့ဗျာ၊ မဟုတ်ဘူးလား။ အဲ ဟိုနေ့တုန်းကဆိုရင်"

သူတို့နှစ်ဦးသည် နံဘေးနံဘီတွင် ရှိနေသူများကို လုံးဝဂရုမစိုက်တော့ဘဲ တစ်ဦးပခုံးကို တစ်ဦးက ဖက်ရင်း အရက်ရောင်းသည့် ကောင်တာဆီသို့ ချီတက်သွားကြလေတော့သည်။ ကောင်တာသို့ ရောက်သည့်အခါ အရက်ရောင်းသူထံ လက်ပြ၍ အရက်မှာလိုက်ပြီး လေသံခပ်တိုးတိုးနှင့် စကားဆက်ပြောနေကြ၏။

စားပွဲတွင် ကျန်နေသူ ငါးဦးသည် ခေတ္တမျှကြာအောင် ငြိမ်ကျသွားပြီးနောက် မာရီကာဖဲယားချိုင်းက ဝေခွဲမရသော လေသံနှင့် ပြောလိုက်ပြန်သည်။

"ဟို ရဲမှူးက ခင်ဗျားက လွဲရင်ပေါ့ဗျာလို့ ပြောတာ၊ ဘာသဘောလဲ။ သူတို့ ပြောနေတာက ကင်းထောက်တဲ့ကိစ္စ၊ လူနီတွေနဲ့ တိုက်တဲ့ကိစ္စ၊ သေနတ်ပစ်တဲ့ ကိစ္စတွေပဲ မဟုတ်လား။ ဒါပေမဲ့ ဒီဗိုလ်မှူး လုပ်နိုင်တဲ့အလုပ်တွေက ပုံစံဖယားတွေထဲမှာ ဂဏန်းတွေ ရေးဖြည့်တာတို့၊ ဟို ညစ်တီးညစ်ပတ် ပုံပြင်တွေကို ပြောပြတတ်တာတို့"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံ ဖဲယားချိုင်းက သူ့တူမ၏ လက်ဖျံကို လက်နှင့် ဆုပ်ကိုင်လိုက်ပါ၏။

"ဟဲ့ ချစ်ချစ်၊ အိုဘရိုင်ရင်ဟာ တောင်ပိုင်းနှင့် မြောက်ပိုင်း စစ်ဖြစ်တုန်းက သူ့ရဲကောင်းတံဆိပ်တွေ အများကြီး ရခဲ့တဲ့ စစ်သားတစ်ယောက်ပဲကွဲ့။ သူဟာ သေနတ်ပစ်တဲ့နေရာမှာ သိပ်တော်တယ်။ သူဟာ ငါ့ရဲ့ အထူးစပါယ်ရှယ် လက်ထောက်ကွဲ့။ ဦးလေးက ကိုယ့်ကိုယ်ကို မကာကွယ်တတ်ဘူး။ အေး… ဒါပေမဲ့ မေဂျာအိုဘရိုင်ရင်သာ ဦးလေးအနားမှာ ရှိရင် ဘယ်လူကမှ မစော်ကားရဲဘူးပေါ့"

မာရီကာသည် မယုံကြည်သော မျက်နှာလေးနှင့် အိုဘရိုင်ရင်၏ ကျောပြင်ကြီးကို လှမ်းကြည့်ပြီးနောက် တစ်ခုခု ပြောရန် ဟန်ပြင်လိုက်သည်။ သို့သော် အိုဘရိုင်ရင်နှင့် ပီးယားစ်တို့သည် ဝီစကီဖန်ခွက်များကို ကိုယ်စီကိုင်ရင်း စားပွဲရှိရာသို့ ပြန်လာကြသဖြင့် မပြောဖြစ်တော့ပါ။ သူတို့နှစ်ဦးသည် ပြင်းပြင်းထန်ထန် ဆွေးနွေးလာကြသည်။ ပီးယားစ်က စိတ်တိုနေပုံရပြီး အိုဘရိုင်ရင်က တောင်းပန်တိုးလျှိုးနေပုံ ရပါ၏။

နသန်ပီးယားစ်က ပြောလိုက်သည်။

"ဒီမှာ အိုဘရိုင်ရင်၊ ဒီ 'ဆက်ကော်ပွန်း' ဆိုတဲ့ ငတိဟာ လူသတ်တယ်။ မီးရထားတွေကို ဓားပြတိုက်တယ်။ လူဖြူနဲ့ လူနီတွေကြားမှာ တိုက်ပွဲဖြစ်အောင် မြှောက်ပေးတယ်။ လူနီတွေကို အရက်နဲ့ သေနတ် လက်နက်တွေ ရောင်းတယ်"

အိုဘရိုင်ရင်က လေပြည်ထိုးလိုက်ပြန်ပါ၏။

"ဟုတ်တယ်၊ ဒီငတိဟာ ကြိုးစင်နဲ့ အတိုက်တန်ဆုံး ငတိပဲ"

"ဒါပေမဲ့ သူ့ကို ဥပဒေဘက်တော်သား တစ်ယောက်ယောက်က ဖမ်းမိမှသာ အရေးယူလို့ရမှာဗျ။ ပြီးတော့လည်း ကျုပ်ကသာ ဥပဒေဘက်တော်သား။ ခင်ဗျားတို့ လူစုက ဘာများ တတ်နိုင်မှာမို့လို့လဲ။ အခု သူ့ကို ဟမ်းဘို့ ခံတပ်မှာ ဖမ်းမိထားပြီ။ ကျွန်တော့်ဆန္ဒက ခင်ဗျားတို့ ရထားနဲ့ လိုက်လာပြီး သူ့ကို နောက်ရထားနဲ့ ပြန်ခေါ်လာဖို့ပဲ"

"ဒီမှာ နသန်၊ ဗိုလ်မှူးကြီး ပြောတဲ့စကားကို မင်းလည်း ကြားသားပဲဥစ္စာ"

အိုဘရိုင်ရင်က စိတ်မသက်မသာနှင့် ကလဲယားမွန်ဘက်သို့ လှည့်၍ပြောပြန်၏။



"ဗိုလ်မှူးကြီး အဲဒီရာဇဝတ်ကောင်ကို လက်နက်ကိုင် အစောင့်အရှောက်တွေနဲ့ ရီစီမြို့ကို ပြန်ပို့ဖို့ စီစဉ်ပေးရင် ဖြစ်များဖြစ်နိုင်မလား ဗိုလ်မှူးကြီး"

ကလဲယားမွန်က မဆိုင်းမတွ ဖြေလိုက်သည်။

"စီစဉ်ပေးလို့ ဖြစ်ပါတယ်"

နသန်ပီးယားစ်က ဝင်ပြောလိုက်သည်။

"ခုနတုန်းကတော့ ဒီကိစ္စဟာ တပ်မတော်နဲ့ လုံးဝမပတ်သက်ဘူးလို့ ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်၊ မဆိုင်ဘူး၊ ဒါပေမဲ့ အခု ပြောတာကတော့ ခင်ဗျားအတွက် တမင်ကလာ လိုက်လိုက်လျောလျော လုပ်ပေးမယ်လို့ ဆိုတာပဲ"

ဗိုလ်မှူးကြီးက အိတ်ထဲမှ အိတ်ဆောင်နာရီကို ထုတ်ယူပြီး စိတ်ခပ်တိုတိုနှင့် ကြည့်လိုက်၏။

"ဟော့ မြင်းတွေကို အစာကျွေးလို့ ရေတိုက်လို့ မပြီးကြသေးဘူးလား၊ ဒုက္ခပါပဲကွာ"

သူက ကုလားထိုင်ကို နောက်ဘက်သို့ တွန်းလိုက်ပြီး မတ်တတ်ရပ်လိုက်၏။ သူက ဘုရင်ခံကို တောင်းပန်လိုက်သည်။

"ခွင့်ပြုပါဦး ခင်ဗျာ၊ ကျွန်တော်တို့ နာရီဝက်ကြာရင် ဒီကထွက်ဖို့ ရှိတယ်။ ခဏကြာရင် ပြန်လာခဲ့ပါ့မယ်"

ဗိုလ်မှူးကြီး ကလဲယားမွန်သည် အပြင်သို့ ထွက်ခွာသွား၏။ နသန်ပီးယားစ်က အိုဘရိုင်ရင်၏ လက်မောင်းကို ဆုပ်ကိုင်ရင်း အရက်ကောင်တာရှိရာသို့ ဆွဲခေါ်သွားပြန်သည်။

ဤတွင် ဘုရင်ခံ ဖဲယားချိုင်းက ဝင်ပြောလိုက်သည်။

"တစ်ဆိတ်ဗျာ၊ ခဏလောက်…"

သူက ခရီးဆောင် လက်ဆွဲသားရေအိတ်ကို ဖွင့်ပြီး ချိတ်ပိတ်ထားသော အထုပ်တစ်ထုပ်ကို ယူလိုက်သည်။

"ဗိုလ်မှူးရေ၊ ကျုပ်တို့ ကံကောင်းလို့ မေ့ကြတော့မလို့"

"မိတ်ဟောင်း ဆွေဟောင်းတွေ ပြန်တွေ့တော့လည်း ဒီလိုပေါ့ဗျာ"

အိုဘရိုင်ရင်က ထိုအထုပ်ကို ယူပြီး နသန်ပီးယားစ်ထံ လှမ်းပေးလိုက်သည်။

"အိုဒင်မြို့ ရဲမှူးက ခင်ဗျားကို ပေးဖို့ မှာလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပီးယားစ်က ခေါင်းညိတ်ပြလိုက်ပြီးနောက် သူတို့နှစ်ယောက်သည် ဘား ရှိရာသို့ ဆက်ထွက်သွားသည်။ ထိုအခိုက်မှာပင် အပြင်တံခါးပွင့်သွားပြီး လူငါးယောက် အထဲသို့ ဝင်လာသည်။ ထို့နောက် ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံး ရှိရာသို့ သွား၍ ထိုင်မိကြသောအခါ တစ်ယောက်က အိတ်ထဲမှ ဖဲထုပ်ကို ထုတ်ယူလိုက်၏။ ထို အချိန်ထိ စကားတစ်ခွန်းမှ မပြောကြသေး။

မေဂျာအိုဘရိုင်ရင်က ပြောလိုက်သည်။

"ဒီမြို့က လူတွေဟာ မထုံတက်သေးနဲ့ပါလား"

"ဒီလိုလေ ထထကြွကြွရှိတဲ့ လူတွေအားလုံးလိုလိုဟာ ရွှေတွေ့တယ် ဆိုတဲ့ ကွမ်စတော့ဒေသကို လွှန်ခဲ့တဲ့ နှစ်လ သုံးလလောက်က ထွက်သွားကုန်ကြပြီ။ အဲ ကျန်တဲ့အများစုကတော့ သက်ကြီးရွယ်အိုတွေ၊ အရက်သမားတွေလောက်ပဲ ရှိတော့တယ်။ ဒါပေမဲ့ ရီစီမြို့မှာ တရားဥပဒေ စိုးမိုးရေးအတွက် ရဲမှူးတစ်ယောက် တော့ လိုတာ အမှန်ပဲ"

နသန်ပီးယားစ်က အရက်ရောင်းသူကို လက်နှစ်ချောင်း ထောင်ပြလိုက် ပြီးနောက် အထုပ်ကို ဖောက်လိုက်သည်။ တစ်ခါ ထိုအထုပ်ထဲမှ 'အလိုရှိသည်' ဆိုသော ဝရမ်းပြေး ကြော်ငြာမျိုးစုံကို ထုတ်၍ ဘားကောင်တာပေါ်တွင် တစ်ခုစီ ဖြန့်ခင်းကြည့်နေသည်။

အိုဘရိုင်ရင်က မှတ်ချက်ချလိုက်၏။

"မင်း ကြည့်ရတာ ဒီကြော်ငြာတွေကို စိတ်မဝင်စားသလိုပဲ"

"ဟုတ်တယ်၊ ဒီဝရမ်းပြေးတွေဟာ ကြော်ငြာ မထုတ်ခင် ခြောက်လ လောက်ကတည်းက မက်ဆီကိုဘက်ကို ရောက်နေတာ များတယ်။ ပြီးတော့ လူမှားပြီး ကြော်ငြာမိတာမျိုးကလည်း အများသားပဲ"

❖

ရီစီမြို့၏ ဘူတာရုံမှာ ကေရာစ်ပတိုက်ယန်နှင့် နင်လား ငါလား ပျက်စီးယို ယွင်းနေသည်။ ရီစီမြို့ဆိုသော ဆိုင်းဘုတ်ပင်လျှင် စာလုံးမပေါ်အောင် ရှိနေသည်။

ဗိုလ်မှူးကြီး ကလဲယားမွန့်သည် တံခါးချပ်နေရာတွင် အစားထိုးထား သော တာရပတ်စကို တွန်းဖယ်ရင်း ရုံပိုင်ကို အော်ခေါ်လိုက်သည်။ သို့သော် ပြန်ထူးသံက ပေါ်မလာပါချေ။ ထို့ကြောင့် ကလဲယားမွန့်သည် တာရပတ်စကို ဒေါပွပွနှင့် တွန်းဖယ်ပစ်ပြီး အပြင်သို့ ပြန်ထွက်၍ ရထားတစ်စင်းလုံးကို မျက်စိ



တစားလိုက်သည်။ စက်ခေါင်းနောက်ပိုင်းတွင် ဘွိုင်လာအိုးကို မီးထိုး ရန်အတွက် ထင်းစည်းများ အပြည့်အနှက် တင်ထားသည့် ခေါင်းတွဲ နောက်ဘက်တွင် လူစီးတွဲ ခုနစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲ ပါရှိသည်။

သို့သော် စတုတ္ထမြောက်တွဲနှင့် ပဉ္စမမြောက်တွဲများမှာ လူစီးတွဲများ မဟုတ်ကြ။ ထိုတွဲနှစ်တွဲ၏ တွဲပေါက်များထဲသို့ ကြီးမားသော ကုန်းဘောင်ကြီး နှစ်ခုကို ထိုးတင်ထားသောကြောင့် ဖြစ်သည်။ ပထမကုန်းဘောင်၏ ခြေရင်းတွင် အသားညိုညို ခပ်တောင့်တောင့် နှုတ်ခမ်းမွေးကားကားနှင့် လူတစ်ယောက် မတ်တတ် ရပ်နေသည်။ သူသည် စာရင်းစာရွက် တစ်ရွက်ကို လက်ထဲတွင် ကိုင်ထားပြီး ဖွှည်းတစ်ခုချင်းကို စစ်ဆေးရေးမှတ်နေသည်။

ကလဲယားမွန့်သည် ထိုလူဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။ တပ်ကြပ်ကြီးဘဲလူးသည် အမေရိကန် မြင်းတပ်မတော်တွင် အတော်ဆုံး တပ်ကြပ်ကြီး ဖြစ်သည်ဟု ကလဲယားမွန့်က ယူဆသည်။

အနားသို့ ရောက်သောအခါ တပ်ကြပ်ကြီးဘဲလူးကို ခေါင်းညိတ်ပြလိုက် ပြီးနောက် ကုန်းဘောင်ကို နင်းတက်ပြီး တွဲထဲသို့ လှမ်းကြည့်လိုက်သည်။ တွဲ၏ ငါးပုံ လေးပုံခန့်ကို မြင်းထားရန်အတွက် တန်းများ ရိုက်ထားပြီး ကျန်နေရာလွတ် ငါးပုံတစ်ပုံတွင် မြင်းစာနှင့် ရေများကို သိုလှောင်ထားသည်။ လောလောဆယ်ဆယ်တွင် တွဲပေါ်၌ မြင်းတစ်ကောင်မှ မရှိပါ။ ကလဲယားမွန့်သည် ကုန်းဘောင်ပေါ်မှ ပြန် ဆင်းလာ၏။

"ဟေ့ ဘဲလူး၊ မြင်းတွေက ဘယ်မှာလဲ၊ စစ်သားတွေကော ဘယ်ရောက် နေကြသလဲ"

ဘဲလူးသည် ဏ္ဍခြေကြီးတစ်ခွဲသားနှင့် အကျီကြယ်သီးများကို ပြန်တပ် လိုက်သည်။

"မြင်းတွေကို အစာကျွေးပြီး ရေတိုက်နေတာပါ ဗိုလ်မှူးကြီး၊ စစ်သား တွေက မြင်းတွေကို အညောင်းဆန့်ရအောင် အပြင်ကို ခေါ်သွားကြပါတယ်။ မီးရထား တွဲထဲမှာ နှစ်ရက်လုံးလုံး နေခဲ့ရတော့ ခြေဆန့် လက်ဆန့် လုပ်ပေးဖို့ လိုပါတယ် ဗိုလ်မှူးကြီး"

"ဟုတ်တာပေါ့၊ ငါလည်း ခြေဆန့်လက်ဆန့် လုပ်ဖို့လိုတာပဲ။ ဒါပေမဲ့ အချိန်မရှိဘူးကွ။ မြင်းတွေကို မင်း ဂရုစိုက်တာ နည်းလမ်းကျပါတယ်။ ဒါပေမဲ့ ဘွဲ့ ဒီက နာရီဝက်ကြာရင် ပြန်ထွက်မယ်။ အချိန်မီ တွဲပေါ်ကို ပြန်တင်နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါ။ ဒါထက် ခံတပ်ကို ရောက်တဲ့အထိ မြင်းတွေနဲ့ လူတွေအတွက် အစာနဲ့ရေ လုံလောက်ပါ့မလား''

''လုံလောက်ပါတယ် ဗိုလ်မှူးကြီး''

''မြင်းတွေ ထားတဲ့ ရထားတွဲ အပါအဝင် တွဲအားလုံးပေါ်မှာ ရှိတဲ့ မီးဖိုတွေအတွက် လောင်စာ လုံလုံလောက်လောက် ပါလာရဲ့လား။ တောင့်ပေါ်ရောက်ရင် မတရား ချမ်းတော့မှာ''

''လုံလောက်ပါတယ် ဗိုလ်မှူးကြီး''

''မင်းအတွက် တို့အားလုံးအတွက် ပစ္စည်းပစ္စယ အလုံအလောက် ပါဖို့တော့ လိုမယ်ကွ၊ ဒါနဲ့ ဗိုလ်ကြီးအုတ်ကလန်နဲ့ ဗိုလ်နီဝဲလ်တို့ကော ဘယ်မှာလဲ''

''သူတို့နှစ်ယောက် ရထားခေါင်းတွဲဘက်ကို လျှောက်သွားကြတယ်၊ မြို့ထဲကို သွားမယ့်ပုံပဲ။ သူတို့ မြို့ထဲမှာ မရှိဘူးလား ဗိုလ်မှူးကြီး''

''ငါ ဘယ်သိမလဲကွ၊ ငါ သိမှဖြင့် မင်းကို မေးနေပါ့မလား၊ ဟေ့ သူတို့ကို တစ်ယောက်ယောက်နဲ့ လိုက်ရှာခိုင်းစမ်း။ တွေ့ရင် ငါ့ကို ဧကရာဇ်ဟိုတယ်မှာ လာတွေ့လို့ ပြောခိုင်းလိုက်''

ကလဲယားမွန့် ခေါင်းတွဲဆီသို့ ထွက်ခွာသွားမှ ဘဲလူးသည် သက်ပြင်းရှည်ကြီးကို မသိမသာ ချလိုက်သည်။ ဗိုလ်မှူးကြီးသည် သံလှေကားပေါ်မှ တစ်ဆင့် ခေါင်းတွဲပေါ်သို့ လှဲတက်လိုက်၏။ စက်ခေါင်းအင်ဂျင်နီယာ ခရစ်ဘန်လွန်သည် အရပ်ပုပုပျပ်ပျပ်နှင့် ကိုယ်လုံးကိုယ်ပေါက် သေးကွေးသူတစ်ဦး ဖြစ်သည်။ သူသည် ကြီးမားလေးလံသော ဂဏန်းလက်မကြီးတစ်ခုနှင့် အင်ဂျင်ကို ကလိနေသည်။ ဗိုလ်မှူးကြီး ရောက်လာကြောင်း သတိထားမိသောအခါ ဝက်အူခေါင်းတစ်ခုကို ဂဏန်းလက်မကြီးနှင့် အနည်းငယ် ကျပ်လိုက်ပြီးနောက် ဂဏန်းလက်မကြီးကို သေတ္တာထဲသို့ ပြန်ထည့်ရင်း ကလဲယားမွန့်ကို ပြုံးပြလိုက်၏။

''ကောင်းသော ညနေခင်းပါ ဗိုလ်မှူးကြီးခင်ဗျား''

''စက်ချို့ယွင်းသွားလို့လား''

''စက်ချို့ယွင်းမှု မရှိအောင် ကြိုတင်ကာကွယ်နေတာပါ ဗိုလ်မှူးကြီး''

''ရေနွေးငွေ့ကော ပေါင်ချိန်ကိုက်ပြီလား''

ဘန်လွန်သည် မီးဖို၏ သံတံခါးကို ဖွင့်လိုက်ရာ အပူရှိန်ကြောင့် ကလဲယားမွန့်သည် ယောင်၍ နောက်ဘက်သို့ ထစ်လှမ်း နှစ်လှမ်းခန့် ဆုတ်လိုက်မိသည်။ ဘန်လွန်က မီးဖိုတံခါးကို ပြန်ပိတ်လိုက်သည်။

''စက်ခေါင်းကို မောင်းဖို့ အဆင်သင့်ပါပဲ ဗိုလ်မှူးကြီး''



ကလဲယားမွန့်သည် သေသေသပ်သပ် စီထားသော ထင်းများရှိရာ စက်ခေါင်း နောက်ဘက်သို့ လှမ်းကြည့်ပြီး မေးပြန်သည်။

''ထင်းကကော''

''ပထမစခန်းကို ရောက်တဲ့အထိ လုံလုံလောက်လောက် ရှိပါတယ်။ နည်းနည်းတောင် ပိုပါလိမ့်မယ်။ နောက်ဆုံး ထင်းပုံကို ဟင်နရီနဲ့ ကျွန်တော်ကိုယ်တိုင် စီခဲ့တာ ဆရာရဲ့။ ဟင်နရီဟာ တော်တော့်ကို အလုပ်လုပ်တဲ့ အကောင်ပဲ''

''ဟင်နရီ ဟုတ်လား၊ သူက စားပွဲထိုးပဲ၊ မင်းနဲ့ တွဲလုပ်ရမယ့်လူက ဆီထိုးသမား ဂျက်ဆန် မဟုတ်လား''

''ဟာဗျာ၊ ကျွန်တော် နှုတ်မှားတာနဲ့တော့ ဒုက္ခပါပဲ၊ ကျွန်တော်က ဟင်နရီကို ကူလုပ်ပေးဖို့ တမင်ခေါ်လိုက်တာပါ။ ဂျက်ဆင်ကတော့ နောက်ပိုင်းကျမှ လုပ်ပေးလိမ့်မယ်''

''နောက်ပိုင်းကျမှဆိုတာ ဘာလဲ''

''သူ မြို့ထဲကို ဘီယာ သွားယူနေပါတယ်။ အဲ သူ ပြန်လာမှလို့ ပြောတာပါ။ ဒီကိစ္စအတွက် ဗိုလ်မှူးကြီး စိတ်မဆိုးဘူး ထင်ပါရဲ့''

ကလဲယားမွန့်၏ အဖြေက ပြတ်သည်။

''မင်းတို့က မီးရထားဌာနရဲ့ အမှုထမ်းတွေပဲ၊ စစ်သားတွေမှ မဟုတ်တာ။ မင်းတို့ ဘာလုပ်လုပ် ငါ စိတ်ဆိုးစရာ တစ်ပြားသားမှ မရှိဘူး။ ဒါပေမဲ့ မင်းတို့ အရက်သိပ်မသောက်ဖို့ရယ်၊ ရထားမောင်းနေတုန်း မမူးကြဖို့ရယ်၊ တံတားတွေပေါ်က ရထားချော်ကျအောင် မမောင်းဖို့ရယ်၊ အဲဒါလောက်ပဲ ဂရုစိုက်ကြပါ''

ကလဲယားမွန့်သည် သံလှေကားပေါ်မှ အောက်သို့ ပြန်ဆင်းလိုက်ပါ၏။ ၎င်းနောက် ရုတ်တရက် ပြန်လှည့်ရင်း မေးလိုက်ပြန်သည်။

''ဗိုလ်ကြီးအုတ်ကလန်နဲ့ ဗိုလ်နီဝဲလ်တို့ကို မြင်လိုက်သေးလား''

''အမှန်အတိုင်း ပြောရရင် နှစ်ယောက်စလုံးကို တွေ့လိုက်ပါတယ်၊ သူတို့က ဒီမှာ ခဏရပ်ပြီး ကျွန်တော်နဲ့ ဟင်နရီကို စကားတစ်ခွန်း နှစ်ခွန်း ပြောပြီးမှ မြို့ထဲကို ထွက်သွားကြပါတယ်''

''သူတို့ ဘယ်ကို သွားမယ်လို့ ပြောသွားသေးသလား''

''မပြောပါဘူး ဗိုလ်မှူးကြီး''

''ကောင်းပြီလေ၊ ကျေးဇူးပါပဲ''

သူသည် ရထားပေါ်မှ ဆင်းလိုက်သည်။ ၎င်းနောက် ဘဲလူး ရှိရာသို့ လှမ်းကြည့်လိုက်ပြီး အော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ လိုက်ရှာမယ့်လူကို ပြောလိုက်၊ သူတို့ မြို့ထဲမှာ ရှိတယ်လို့"

ဘဲလူးက ပြန်၍အရိုအသေ ပြုလိုက်၏။

◆

ပီးယားစ်သည် အလိုရှိသည်ဆိုသော ကြော်ငြာများကို စာအိတ်ထဲသို့ ပြန်ထည့်ရင်း အိုဘရိုင်ရင်နှင့်အတူ အရက်ကောင်တာမှ ပြန်လာကြ၏။ သို့သော် ခပ်လှမ်းလှမ်းရှိ စားပွဲမှ ဒေါသတကြီးနှင့် အော်သံကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး တုံ့ခနဲ ရပ်လိုက်ကြ၏။

ဖဲဝိုင်းမှ မုတ်ဆိတ်နီတာရဲနှင့် လူဝကြီးတစ်ဦးသည် ထိုင်ရာမှ မတ်တတ်ထပြီး စားပွဲပေါ်သို့ ကိုယ်ကို ကိုင်းညွတ်ထားပါ၏။ သူ့ညာဘက်လက်ထဲတွင် အမြောက်အငယ်စားကလေးနှင့်တူသော ကို့တ်ခြောက်လုံးပြူးတစ်လက်ကို ကိုင်ထားပြီး ဘယ်ဘက်လက်ကမူ သူ့ရှေ့တည့်တည့်တွင် ထိုင်နေသူတစ်ဦး၏ ဘယ်ဘက်လက်ကောက်ဝတ်ကို စားပွဲပေါ်မှ ရုပ်၍မရအောင် ဖိ၍ထားသည်။ ထိုင်နေသူ၏ မျက်နှာမှာ နဖူးပေါ်သို့ ငိုက်ကျနေအောင် ဆွဲချပြီး ဆောင်းထားသော ဦးထုပ်အမည်းကြီးနှင့် သိုးမွေးကုတ်အင်္ကျီ၏ ကော်လာကြီးကို ထောင်ထားသောကြောင့် မှောင်ရိပ်ကျပြီး ခပ်ဝါးဝါး ဖြစ်နေသည်။

မုတ်ဆိတ်နီနီနှင့်လူက ပြောလိုက်၏။

"မင်းဥစ္စာက ခဏ ခဏဆိုတော့ မလွန်လွန်းဘူးလားကွ"

ပီးယားစ်သည် ထိုစားပွဲနားသို့ ကပ်သွားပြီး ညင်ညင်သာသာ မေးလိုက်သည်။

"ဟော့ ဂါရစ်တီ၊ ဘာက ခဏ ခဏ ဖြစ်နေတာလဲ"

ဂါရစ်တီသည် ကို့တ်ခြောက်လုံးပြူးပြောင်းဝကို ထိုင်နေသူ၏ မျက်နှာနှင့် ခြောက်လက်မအကွာသို့ ရောက်သည်အထိ ထိုး၍ချိန်လိုက်ပြီးနောက်-

"ဒီကောင် ဖဲလိမ်ပြီး ရိုက်နေတာဗျ၊ ခု ဆယ့်ငါးမိနစ်အတွင်းမှာ ကျုပ်ဆီက ဒေါ်လာ တစ်ရာ့နှစ်ဆယ်ကို လိမ်ညာပြီး ယူသွားပြီးပြီ ရဲမှူး"

ထိုအခိုက်တွင် ဗိုလ်မှူးကြီး ကလဲယားမွန့်သည် ဟိုတယ်တံခါးကို ဖွင့်ပြီး အထဲသို့ ဝင်လာသောကြောင့် ပီးယားစ်က ပခုံးပေါ်မှကျော်၍ ပြန် လှည့်ကြည့်လိုက်သည်။ ကလဲယားမွန့်သည် ခဏမျှ ရပ်လိုက်ပြီးနောက် ထိုစားပွဲ ရှိရာသို့ မဆိုင်းမတွ လျှောက်လာပါသည်။ ပီးယားစ်က ဂါရစ်တီဘက်သို့ အာရုံပြန်ပြောင်းလိုက်၏။



"သူ ဖဲကစားတာ တော်လို့ဖြစ်မှာပါ"

"ဟုတ်ချင်မှဟုတ်မယ်၊ သိပ်ကိုတော်တဲ့လူ ခင်ဗျ၊ ဒါပေမဲ့ ကျုပ်လည်း ဖဲကစားလာတာ ဆယ့်ငါးနှစ်ရှိပြီ ဆိုတာကို ရဲမှူးလည်း သိပါလိမ့်မယ်"

နသန်ပီးယားစ်က ခေါင်းညိတ်လိုက်သည်။

ဂါရစ်တီက ထိုင်နေသူ၏ ဘယ်ဘက် လက်ကောက်ဝတ်ကို ဆွဲလှန်လိုက်သည်။ ထိုင်နေသူက အလှန်မခံဘဲ ရုန်းနေသေးသော်လည်း ထိုသူ၏ လက်ကောက်ဝတ်ကို စားပွဲပေါ်က ကြွမရအောင် ဖိထားနိုင်သဖြင့် ဘယ်ဘက် လက်ဖမိုးမှာ စားပွဲနှင့်တပ်နေပြီး လက်ထဲမှ ဖဲချပ်များသည် အတိုင်းသား ပေါ်လာသည်။ အပေါ်ဆုံးက ဖဲမှာ ဟတ်တစ် ဖြစ်သည်။

ပီးယားစ်က ပြောလိုက်၏။

"သူ့ဖဲက သိပ်မဆိုးလှပါဘူး"

"ကျုပ်ကတော့ မဆိုးဘူးလို့ မပြောချင်ဘူး။ ဒီမှာ ရဲမှူး၊ ဟိုဖဲထုပ်ထဲက အလယ်လောက်ကို လှန်လိုက်စမ်းပါ"

ဂါရစ်တီက ဖဲထုပ်ကို ခေါင်းဆတ်ပြရင်း ပြောလိုက်ခြင်း ဖြစ်၏။

ပီးယားစ်သည် စားပွဲပေါ်တွင် ရှိနေသော ဖဲထုပ်အကျန်ကို တစ်ရွက်ချင်း ဖြန့်ကြည့်လိုက်သည်။ ချက်ချင်းလိုလိုပင် သူက ဖဲတစ်ချပ်ကို ညာလက်နှင့် ဆွဲလှန်လိုက်၏။ ဟတ်တစ် တစ်ချပ်ပင်တည်း။ သူက ထိုဟတ်တစ်ကို စားပွဲပေါ်တွင် မှောက်၍ချလိုက်ပြီးနောက် ထိုင်နေသူ၏ လက်ထဲမှ ဟတ်တစ်ကိုယူ၍ မှောက်ပြီး ယှဉ်ချလိုက်သည်။ ဖဲထုပ်အမျိုးအစားမှာ အတူတူပင်တည်း။ ပီးယားစ်က မေးလိုက်၏။

"ဒီဖဲနှစ်မျိုးက အတူတူပါပဲလား၊ ဒီဖဲထုပ်တွေကို ဘယ်သူ ယူလာတာလဲ"

ဂါရစ်တီက ခပ်တင်းတင်း ပြောလိုက်သည်။

"ခင်ဗျားဘာသာ စဉ်းစားကြည့်ပါလား"

ဤတွင် ထိုင်နေသူက ပြောလိုက်၏။ သူ့အသံမှာ တိုးသော်လည်း တည်ငြိမ်လှသည်။

"ဒီနည်းမျိုးက ရိုးနေပါပြီဗျာ၊ ကျုပ်ဆီမှာ အဲဒီဖဲ ရှိမှန်းသိလို့ တစ်ယောက်ယောက်က ဖဲထုပ်ထဲကို ထပ်ထည့်ထားတာ နေမှာပေါ့"

"မင်းနာမည်က ဘယ်သူလဲ"

"ဂျွန်ဒီကင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် မတ်တတ်ရပ်စမ်း"

ထိုလူက မတ်တတ်ရပ်လိုက်၏။ ပီးယားစ်သည် စားပွဲကို ခပ် ဖြည်းဖြည်း ကွေ့ပတ်၍ လျှောက်သွားပြီးနောက် ဒီကောင်နှင့် မျက်နှာချင်းဆိုင်ပြီး ရပ်လိုက်သည်။

ပီးယားစ်က မေးလိုက်၏။

"သေနတ် ပါလာသလား"

"သေနတ် မပါ၊ပါဘူး"

"ခင်ဗျားကို ကျုပ် သိပ်အံ့သြသွားပြီ၊ အထူးသဖြင့် ခင်ဗျားလို လူစားမျိုးဟာ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ဖို့အတွက် သေနတ်တစ်လက်တော့ ဆောင်ထားဖို့ ကောင်းတယ်"

"ကျုပ်ဟာ အကြမ်းပတမ်း လုပ်တာကို ကြိုက်တဲ့ လူစားမျိုး မဟုတ်ဘူး"

"အေး ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မင်း အကြမ်းဖက်တာကို အခု ခံရတော့မယ်လို့ ငါ ထင်တာပဲ"

ပီးယားစ်သည် ညာလက်နှင့် ဂျွန်ဒီကောင်၏ သိုးမွေးကုတ်အင်္ကျီ ဘယ်ဘက်ကို မ၊လိုက်ပြီး ကျန်လက်နှင့် ကုတ်အင်္ကျီ၏ အတွင်းလိုင်နင်အိတ်ထဲသို့ နှိုက်လိုက်ပါ၏။ သူသည် တစ်စက္ကန့် နှစ်စက္ကန့်မျှ ကြာအောင် စမ်းလိုက်ပြီးနောက် လက်ကို ပြန်ဆွဲထုတ်လိုက်သည်။ သူ့လက်ထဲတွင်ကား တစ်ဖဲမျိုးစုံနှင့် ကုလားဖဲမျိုးစုံသည် ပါလာ၏။

"ဘုရား ဘုရား…"

အိုဘရိုင်ရင်က ခပ်တိုးတိုး ညည်းလိုက်သည်။

ပီးယားစ်က ဒီကောင်၏ ရှေ့တွင် ရှိသော ငွေများကို ဂါရစ်တီရှေ့သို့ တွန်း၍ ပို့လိုက်၏။ သို့သော် ဂါရစ်တီက လှမ်းမယူပါ။ သူက အသံကွဲကြီးနှင့် အော်ပြောလိုက်၏။

"ကျုပ်ပိုက်ဆံက ဒါ့ထက်မကဘူး"

"ဟုတ်ပါတယ်၊ ငါ ယုံပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ ငါ ပြောတာကို မင်း လက်ခံသင့်တယ်၊ မင်း ငါ့အနေအထားကို သိတယ် မဟုတ်လား ဂါရစ်တီ ဖဲလိမ်ရိုက်တာကို ဥပဒေအရ အရေးယူလို့ မရဘူး၊ ဒါကြောင့် ငါ ဝင်စွက်လို့ မဖြစ်ဘူး၊ ဒါပေမဲ့ ငါ့မျက်စိရှေ့မှောက်မှာ အကြမ်းဖက်လာတာကို တွေ့ရင်တော့ ငါ ဝင်ပြီး ပါရလိမ့်မယ်၊ ကဲ မင်းသေနတ် ငါ့ကို ပေးစမ်း"



"ဝမ်းမြောက်ဝမ်းသာစွာ ပေးပါတယ်ဗျာ"

ဂါရစ်တီက အားလုံး ကြားအောင် အော်၍ ပြောလိုက်ခြင်း ဖြစ်သည်။ သူက သူ့သေနတ်ကြီးကို ပီးယားစ်လက်သို့ ပေးအပ်လိုက်ပြီးနောက် ဂျွန်ဒီကောင်ကို စူးစူးဝါးဝါး ကြည့်ပြီး တံခါးပေါက် ရှိရာသို့ လက်မနှင့်ထိုး၍ ပြလိုက်သည်။ ဂျွန်ဒီကောင်ကမူ မလှုပ်မယှက်ပင်။ ဂါရစ်တီသည် စားပွဲကို ပတ်၍ လျှောက်လာပြီးနောက် ခုနကလို လက်မနှင့် ထိုးပြလိုက်၏။ ဂျွန်ဒီကောင်က ခေါင်းကို မသိသော ယမ်းပြလိုက်သည်။ ဂါရစ်တီက ဒီကောင်၏ မျက်နှာကို လက်ဖမိုးနှင့် လက်ပြန် ရိုက်ပစ်လိုက်သည်။ သို့သော် ဒီကောင်က မတုန်မလှုပ်ပင်။ ဂါရစ်တီက အော်လိုက်၏။

"ထွက်စမ်း"

"ကျုပ် ပြောခဲ့ပြီးပြီပဲ၊ ကျုပ်ဟာ အကြမ်းဖက်တာကို ကြိုက်တဲ့လူစားမျိုး မဟုတ်ဘူး"

ဂါရစ်တီသည် မပြောမဆိုနှင့် တအားကုန် စွတ်ထိုးလိုက်သည်။ ဒီကောင်သည် နောက်သို့ တွန့်ဆုတ် တွန့်ဆုတ်နှင့် ယိုင်သွားပြီး သူ့ဒူးခေါက်ကွေးနှင့် ကုလားထိုင်ခင်၍တိုးမိသောကြောင့် ကြမ်းပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။ သူ့ခေါင်းပေါ်တွင် ဦးထုပ် မရှိတော့ပါ။ သူ့တံတောင်ဆစ်နှစ်ဖက်က ကြမ်းပြင်ပေါ်တွင် နောက်ပြန်ထောက်လျက်သား ဖြစ်နေသည်။ ဂျွန်ဒီကောင်သည် ထိုပုံစံအတိုင်း မလှုပ်မယှက် ထောက်နေလိုက်၏။ သူ့ပါးစပ်ထဲမှ သွေးအနည်းငယ် စီးကျလာသည်။ ဟိုတယ်ထဲတွင် ရှိသူများသည် ရှေ့သို့ တိုးလာကြသည်။ သူတို့၏ မျက်နှာထားမှာ ပထမပိုင်းတွင် ငေးကြည့်နိုင်သလို ဖြစ်နေကြရာမှ နောက်ပိုင်းတွင် သူ့ရဲဘောကြောင်မှုကို စက်ဆုပ်ရွံရှာသည့် ပုံစံမျိုး ဖြစ်လာသည်။ လူရှေ့တွင် ယခုလို အကြမ်းဖက်လာမှုကို ပြန်တုံ့မပြန်ဘဲ ငုံ့ခံသည် ဆိုသည့် ကိစ္စမှာ ရှက်စရာကောင်းလှပါဘိ။ ယောကျ်ားပီသဟု ယူဆကြသည်။

ဂါရစ်တီသည် ကြမ်းပေါ်တွင် မလှုပ်မယှက် ရှိနေသော ဒီကောင်ကို ကြည့်ရင်း ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ ဂါရစ်တီ၏ ရန်ပြုမှုကို ကာကွယ်မှုပေးရန် ရှေ့တိုးလာသည့် ပီးယားစ်ကိုယ်တိုင်လည်း တအံ့တသြ ဖြစ်နေသည်။

ဂါရစ်တီသည် ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး ညာခြေကို ကြွလိုက်သည်။ ကန်သတ်မည့် ပုံစံပင်တည်း။ ဤတွင် ပီးယားစ်သည် ရှေ့သို့ တစ်လှမ်းတိုး၍ ဂါရစ်တီ၏ အရိုက်ကို ညာဘက် တံတောင်ဆစ်နှင့် ခပ်ပြင်းပြင်း တွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂါရစ်တီသည် လက်နှစ်ဖက်နှင့် ဗိုက်ကိုနှိပ်ရင်း ရှေ့သို့ ကိုင်းကျသွားသည်။ ရုတ်တရက် အသက်ရှူ၍ မရနိုင်အောင်ပင် ဖြစ်သွားရရှာ၏။

ပီးယားစ်က သတိပေးလိုက်သည်။

"ဂါရစ်တီ၊ မင်းကို ငါ သတိပေးထားတယ်၊ ရဲမှူးတစ်ယောက်ရှေ့မှာ အကြမ်းမဖက်ပါနဲ့။ မင်း ဒီလိုပုံစံမျိုး ဆက်လုပ်မယ်ဆိုရင် ဒီညတစ်ညတော့ ငါ့ရဲ့ ဧည့်သည်တော်ဘဝကို ရောက်သွားလိမ့်မယ်။ ဒါပေမဲ့ အဲဒီကိစ္စက သိပ်အရေးမကြီးတော့ပါဘူး၊ အခု ဒီကိစ္စဟာလည်း မင်းနဲ့ လုံးဝမပတ်သက်တော့ဘူး"

ဂါရစ်တီသည် သူ့ကိုယ်သူ မတ်မတ်ရပ်နိုင်ရန် အထူးကြိုးစားပြီးမှ အသံပြာပြာနှင့် ပြောလိုက်၏။

"အခု ဒီကိစ္စ ကျုပ်နဲ့ လုံးဝမပတ်သက်တော့ဘူး ဆိုတာက ဘာသဘောလဲ"

"ဒီကိစ္စဟာ ပြည်ထောင်စုအစိုးရရဲ့ကိစ္စ ဖြစ်သွားပြီ"

ပီးယားစ်သည် စာအိတ်ထဲမှ သူလိုချင်သော စာရွက်ကို ရွေးထုတ်လိုက်သည်။ ၎င်းနောက် သူကိုင်ထားသော စာရွက်ကို ကပျာကယာ ဖတ်လိုက်ပြီး ဗျူနီကင်ကို တစ်ချက် ကြည့်လိုက်ပြန်သည်။ ပြီးမှ ဗိုလ်မှူးကြီး ကလဲယားမွန့်ကို အချက်ပြ၍ ခေါ်လိုက်၏။ ကလဲယားမွန့်ကလည်း သူတို့ဆီသို့ လျှောက်လာသည်။ ပီးယားစ်က စကားမပြောဘဲ အဆိုပါ စာရွက်ကို ကလဲယားမွန့်သို့ ပြလိုက်၏။ အလိုရှိသည်ဆိုသော ပုဂ္ဂိုလ်၏ ဓာတ်ပုံမှာ ခပ်မွဲမွဲနှင့် မပြတ်မသား ဖြစ်နေ သော်လည်း ဗျူနီကင်နှင့် ချွတ်စွတ်တူနေသည်ကို တွေ့ရ၏။

ပီးယားစ်က ပြောလိုက်သည်။

"ကဲ ဗိုလ်မှူးကြီး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်အတွက် ရထား လက်မှတ်တစ်စောင် ဝယ်လို့ ရနိုင်ပြီ မဟုတ်လား"

ကလဲယားမွန့်က ဘာမှမပြောဘဲ ပြန်ကြည့်နေသည်။ သူ့မျက်နှာထားကို အဓိပ္ပာယ်ဖော်ရန် ခဲယဉ်းလှပါဘိ။

ပီးယားစ်က ကြော်ငြာကို ဖတ်လိုက်သည်။

"လောင်းကစားကြွေးမဆပ်မှု၊ ခိုးမှု၊ မီးရှို့မှုနှင့် လူသတ်မှုများအတွက် အလိုရှိသည်"

သူက ဆက်ဖတ်ပြန်၏။

"ဗျူနီဟောက်စ်တန်၊ သို့မဟုတ် ဗျူနီမာရေး၊ သို့မဟုတ် ဗျူနီကင် သို့မဟုတ် ထားပါတော့လေ။ ကျန်နာမည်တွေကလည်း အများသားပဲ။ ယခင်က



နီဗာဒါတက္ကသိုလ်တွင် ဆေးပညာကထိကအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ၊ တရားမဝင် လောင်းကစားမှုများနှင့် လောင်းကစားကြွေးများကို မပေးဆပ်မှုကြောင့် အလုပ်မှ ထုတ်ပယ်လိုက်သည်။ ၎င်းနောက် တက္ကသိုလ်မှ ငွေများကိုလည်း အလွဲသုံးစား ပြုသွားကြောင်း ထပ်မံစစ်ဆေး တွေ့ရှိရသည်။ ၎င်းနောက် လိတ် ခရော့ဆင်ရှိ ကုန်မာဆိုင်တစ်ခုတွင် အစကောက်၍ ရပြန်သည်။ သူ ထွက်ပြေး လွတ်မြောက်နိုင်ရန်အတွက် ဆိုင်ကို ရေနံဆီလောင်း၍ မီးရှို့ခဲ့သည်။ မီးကို အချိန်မီ မငြိမ်းသတ်နိုင်သောကြောင့် လူခုနစ်ယောက် သေဆုံးသည်အထိ ကြီးကျယ်သွားသည်"

ဂါရစ်တီက အသံအစ်အစ်နှင့် ဝင်ပြောလိုက်၏။

"ဒါဖြင့် ဒီလူဟာ လိတ်ခရော့ဆင်မြို့မှာ မီးရှို့ပြီး လက်နက်ခဲယမ်းမီး ကျောက်တွေပါတဲ့ မြင်းလှည်းကို ဖောက်ခွဲပစ်လိုက်တာ သူပဲပေါ့"

"ဒီကြော်ငြာထဲမှာ ပါတဲ့အတိုင်း မှန်တယ်ဆိုရင် သူပဲ ဖြစ်ရမှာပေါ့။ တစ်ခါတလေကျတော့လည်း တိုက်ဆိုင်မှုတွေကို အံ့သြစရာကောင်းလောက် အောင် တွေ့ရတတ်တယ်။ ဒီမှာ ဂါရစ်တီ၊ မင်းရဲ့ ဒေါ်လာတစ်ရာ့နှစ်ဆယ်က ဒီလို ဖြစ်လာအောင် ဖန်တီးပေးလိုက်တာပဲပေါ့။ ကဲ ငါသာဆိုရင် ဟိုပိုက်ဆံတွေကို ယူလိုက်တော့မှာပဲ။ ဘာပြုလို့လဲဆိုတော့ မင်း ဗျူနီကင် ဆိုတဲ့ ငတိကို တော်တော်ကြီး ကြာအောင် ပြန်တွေ့ရတော့မှာ မဟုတ်လို့ပါပဲ"

ပီးယားစ်က ကြော်ငြာစာရွက်ကို ခေါက်ပြီး ကလဲယားမွန့်ကို ကြည့်လိုက်သည်။

"ကဲ သူ့ကို ဂျူရီလူကြီးတွေ မပါဘဲနဲ့တောင် စစ်လို့ရပါတယ်။ ဒါပေမဲ့ ခုအထိ ဒီကိစ္စဟာ တပ်မတော်နဲ့ မပတ်သက်သေးဘူး"

ပီးယားစ်က ကြော်ငြာစာရွက်ကို ဖြန့်ပြီး ကလဲယားမွန့်ထံ ကမ်းပေးလိုက်သည်။

"အေးဗျာ… ကြော်ငြာက သိပ်ရှည်နေတော့ ကျွန်တော် အစအဆုံး မဖတ်လိုက်ဘူး"

သူက စာပိုဒ်တစ်ပိုဒ်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဥပမာ အဲဒီစာပိုဒ်ကို ကျွန်တော် ချန်ခဲ့မိတယ်"

ကလဲယားမွန့်က အသံထွက်၍ ဖတ်လိုက်သည်။

"ခဲယမ်းမီးကျောက်များကို တင်ဆောင်လာသော မြင်းလှည်းသည် ကယ်လီဖိုးနီးယားပြည်နယ် ဆာကရာမင်တိုမြို့ရှိ အမေရိကန်တပ်မတော်၏ သိုလှောင်ရေးဌာနသို့ ပို့ရန် လာခြင်း ဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com



ကလဲယားမွန်က စာရွက်ကို ပြန်ခေါက်ပြီး ပြန်ပေးလိုက်သည်။ ၄င်းနောက် ခေါင်းညိတ်လိုက်ပါ၏။

"ဟုတ်တယ်၊ ဒီအတိုင်းဆိုရင် တပ်မတော်နဲ့ ပတ်သက်သွားပြီ"

◆ ◆ ◆

# အခန်း (၂)

ဗိုလ်မှူးကြီး ကလဲယားမွန့်သည် ဒေါသစိတ်ကို အပြင်းအထန် ချုပ်တည်း၍ နေရရှာသည်။ သို့သော် ကြာရှည်ထိန်းချုပ်ထားနိုင်မည့်ပုံ မပေါ်ပါ။

ယခု သူ့အနီးအနားတစ်ဝိုက်တွင် ပရိသတ် ရှစ်ဦး ရှိသည်။ စိုးရိမ်မကင်း ဖြစ်နေပုံရသော ဘုရင်ခံ။ သူ့တူမ မာရီကာ။ ဘုန်းတော်ကြီးနှင့် ဆရာဝန်တို့သည် ကောရာဇ်ဟိုတယ် ဝင်ပေါက်နားတွင် ရပ်နေကြသည်။ ခပ်လှမ်းလှမ်းရှိ စကြံလမ်း ပေါ်တွင် အိုတရိုင်ရင်၊ နသန်ပီးယားစ်နှင့် ဌာန်ဒီကင်တို့က ဗိုလ်မှူးကြီးကို လှမ်းကြည့် နေကြသည်။ သို့သော် နသန်ပီးယားစ်က ဌာန်ဒီကင်ကို ပို၍ဂရုတစိုက် ကြည့်နေ ကြောင်း သိသာသည်။

ကံဆိုးရှာသော ရှစ်ယောက်မြောက် ပုဂ္ဂိုလ်မှာ တပ်ကြပ်ကြီးဘဲလူးပင် ဖြစ်သည်။ ဘဲလူးသည် သတိအနေအထားနှင့် ငြိမ်သက်စွာ ရှိနေ၏။

ဗိုလ်မှူးကြီး ကလဲယားမွန့်က မယုံကြည်သော လေသံနှင့် မေးလိုက်မြန် သည်။

"မင်း နေရာတိုင်းမှာ နှံ့နှံ့စပ်စပ် ရှာကြည့်ပြီးပြီလား"

"ရှာကြည့်ပြီးပါပြီ ဗိုလ်မှူးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အမေရိကန် မြင်းတပ်မတော်ရဲ့ အရာရှိတွေဟာ လူကြားထဲမှာ ထင်းခနဲ ပေါ်နေမယ့် လူစားမျိုးတွေ၊ သူတို့ကို တစ်ယောက်ယောက်ကတော့ မြင်လိုက်ရမှာပေါ့"

"ကျွန်တော်တို့ မေးကြည့်တဲ့ လူတွေကတော့ မတွေ့လိုက်ကြဘူးတဲ့၊ ကျွန်တော်တို့ကလည်း တွေ့သမျှ လူအားလုံးကို မေးကြည့်ခဲ့ကြတာပါ ဗိုလ်မှူးကြီး"

"မဖြစ်နိုင်ဘူး ကိုယ့်လူ၊ ဖြစ်ကို မဖြစ်နိုင်ဘူး"

"ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီး၊ အဲ အဲ မဟုတ်ပါဘူး ဗိုလ်မှူးကြီး"

ဘဲလူးသည် ဗိုလ်မှူးကြီး၏ မျက်နှာကို စေ့စေ့ပြန်ကြည့်ရင်း စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်၏။

"ကျွန်တော်တို့ ရှာလို့ကို မတွေ့ခဲ့ပါဘူး ဗိုလ်မှူးကြီး"

ဗိုလ်မှူးကြီး၏ ဒေါသသည် ဝုန်းခနဲ ဒိုင်းခနဲ အုံကြွပေါက်ကွဲလာတော့မည်မှာ သေချာသည်။ ဤတွင် ပီးယားစ်က ရှေ့သို့ ကမျာကယာ တိုးလာပြီးနောက် ပြောလိုက်သည်။

"ကျွန်တော် ရှာရင်တွေ့မလား မသိဘူး ဗိုလ်မှူးကြီး၊ ကျွန်တော် လူနှစ်ဆယ် သုံးဆယ်လောက်ကို ရွေးပြီး ဒီမြို့ထဲမှာရှိတဲ့ ချောင်ကြိုချောင်ကြား မှန်သမျှကို လိုက်ရှာခိုင်းလိုက်မယ်။ အဲလေ သူတို့သာ ရှိမယ်ဆိုရင်ပေါ့"

"သူတို့သာ ရှိမယ်ဆိုရင်ပေါ့ ဆိုတာက ဘာစကားလဲ"

"ကျုပ် ပြောတာကို ခင်ဗျား ကြားတယ်မဟုတ်လား၊ အဲဒီအတိုင်း ပြောလိုက်တာပဲ"

နသန်ပီးယားစ်ကလည်း အညံ့ခံမည့်ပုံ မပေါ်။

"ကျုပ်က ခင်ဗျားကို အကူအညီပေးမယ့်အကြောင်း ပြောနေတာ တကယ်ပြောရရင် ဝင်ပြီးကူညီဖို့တောင် မလိုဘူး။ ပြီးတော့ ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားကိုလည်း မျှော်လင့်မထားပါဘူး။ ဒီအကူအညီကို လက်ခံလိမ့်မယ်လို့လည်း မထင်ဘူး။ ဒါပေမဲ့ လက်ခံတယ် လက်မခံဘူး ဆိုတာလောက်ကိုတော့ မွန်မွန်ရည်ရည် ပြန်ပြောသင့်ပါတယ်"

ကလဲယားမွန်၏ ဒေါသမှာ အနည်းငယ် လျော့ကျသွားသည်။ နသန်ပီးယားစ်၏ မာရေကျောရေ ဆက်ဆံလာမှုကြောင့် သူသည် တပ်မတော်သားများနှင့် ပြောဆိုဆက်ဆံနေရခြင်း မဟုတ်ဘဲ အရပ်သားတစ်ဦးနှင့် ပြောဆိုဆက်ဆံနေရခြင်း ဖြစ်ကြောင်း သူ သတိရလာသည်။



ယခုကိစ္စတွင်လည်း သည်အကူအညီကို လက်ခံလိုက်ပါက သူ တန်ဖိုးထား ဂုဏ်ယူလေ့ရှိသော တပ်မတော်သားများက မဖြေရှင်းလိုက်သည့် ကိစ္စတစ်ရပ်ကို အရပ်သားများက အောင်အောင်မြင်မြင် ဖြေရှင်းပေးနိုင်ခဲ့သည် ရှိသော်ဆိုသည့် အတွေးက တွန့်ဆုတ်ဆုတ် ဖြစ်စေခဲ့သည်။ ထို့ကြောင့် ကြိုးစားပြီး ပြန်ပြောလိုက်ရရှာ၏။

"ကောင်းပါပြီ ရဲမှူး၊ ကျေးဇူးပြုပြီး ဆောင်ရွက်ပေးပါဗျာ၊ ကျေးဇူးလည်း တင်ပါတယ်။ ကျုပ်တို့ နောက်မိနစ်နှစ်ဆယ်ကြာရင် ဒီမြို့က ထွက်မယ်။ ကျုပ် ဘူတာရုံကပဲ စောင့်တော့မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် အရောက်လာခဲ့ပါ့မယ်။ ဒါပေမဲ့ ကျွန်တော့်ကို အခုပြန်ပြီး ကျေးဇူးပြုပါ ဗိုလ်မှူးကြီး။ ဒီအကျဉ်းသားကို စစ်သားနှစ်ယောက် သုံးယောက်နဲ့ ရထားဆီ ရောက်အောင် စောင့်ကြပ်ပြီး ခေါ်ပေးပါလားဗျာ"

ကလဲယားမွန်က အထင်အမြင်သေးသော လေသံနှင့် ပြန်ပြော လိုက်သည်။

"အစောင့်အကြပ် ဟုတ်လား၊ ဒီလိုလူမျိုးဟာ ကြမ်းကြမ်းတမ်းတမ်း လုပ်မယ့်လူစားမျိုး မဟုတ်ဘူးလို့ ကျုပ် ထင်တယ် ရဲမှူး"

ပီးယားစ်က ချေချေငံငံ ပြန်ပြောသည်။

"ကြမ်းကြမ်းတမ်းတမ်း လုပ်တယ်ဆိုတာ ကိုယ့်အယူအဆနဲ့ ကိုယ်ပါ။ သူဟာ ကိုယ်ထိလက်ရောက် ရန်မူတဲ့ကိစ္စမျိုး။ ဥပမာ အရက်ဆိုင်မှာ ရန်ဖြစ်ရတာမျိုးကို မကြိုက်ဘူးဆိုတာ သေချာပေမဲ့ သူ့ရဲ့ အရင့်အရင်က လုပ်ဆောင်ချက်တွေကို ကြည့်မယ်ဆိုရင် သူ့ကို ကျောခိုင်းလိုက်တာနဲ့ တစ်ပြိုင်နက် ကေရာဇ်ဟိုတယ် ဒါမှမဟုတ် စစ်ရထားကြီးကို မီးရှို့ချင် ရှို့နိုင်တဲ့ လူစားမျိုးပဲ"

သူက ပြောပြောဆိုဆိုနှင့် ကေရာဇ်ဟိုတယ်ထဲသို့ ခပ်သွက်သွက် ဝင်သွားသည်။

ကလဲယားမွန်က ဘဲလူးကို အမိန့်ပေးလိုက်၏။

"ကဲ မင်းလူတွေကို ပြန်ရုပ်လိုက်တော့။ ဒီအကျဉ်းသားကို ရထားဆီ ခေါ်သွား။ သူ့လက်နှစ်ဖက်ကို ကျောဘက်မှာ ချည်ထား။ ပြီးတော့ ဆယ့်ရှစ်ထောက်မ သံကြိုးနဲ့ ခြေထောက် နှစ်ဖက်ကို ချည်ထားလိုက်။ ဒီပုဂ္ဂိုလ်ကြီးဟာ တရက် ပျောက်ပျောက်သွားတတ်တဲ့ လူစားမျိုး"

ဤတွင် ဒီကင်က ခပ်မာမာ ပြန်ပြောလိုက်၏။

"ခင်ဗျားကိုယ် ခင်ဗျား ဘာထင်နေလို့လဲ၊ ခင်ဗျားဟာ ဥပဒေဘက်တော်သား မဟုတ်ဘူး၊ ရိုးရိုးစစ်သားတစ်ယောက်ပဲ။ ဒီတော့ ကျုပ်ကို ဒီလို ပိုင်ခွင့် မရှိဘူး"

www.burmeseclassic.com



"ဘာ ရှိးရှိးစစ်သား ဟုတ်လား၊ မင်းလိုကောင်က"

ကလဲယားမွန့်သည် သူ့ကိုယ်သူ ချုပ်တည်းပြီး စကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။ ပြီးမှ -

"ဆာကျင်ဘဲလူး၊ ဆယ့်နှစ်လက်မ သံကြိုးနဲ့ ချည်လိုက်"

"အမိန့်အတိုင်းပါပဲ ဗိုလ်မှူးကြီး"

တပ်ကြပ်ကြီး ဘဲလူးက ကျေနပ်အားရစွာ ပြောလိုက်သည်။ သူ့ဆီသို့ ဦးတည်နေသော ဗိုလ်မှူးကြီး၏ ဒေါသသည် တခြားတစ်ဦးထံသို့ လမ်းပြောင်းသွားပြီး ဖြစ်၍ ရင်ပေါ့သွားပုံရသည်။

ကလဲယားမွန့်က ကျန်လူများအား သူ့နောက်သို့ လိုက်ခဲ့ရန် အချက်ပြလိုက်ပြီးနောက် စစ်ရထား ရှိရာသို့ ထွက်ခွာသွား၏။ ကိုက်တစ်ရာခန့် သွားမိသောအခါ ကလဲယားမွန့်သည် ခေတ္တမျှရပ်ပြီး နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အိုဘရိုင်ရင်ကလည်း သူ့ဘေးနားတွင် ကပ်၍ပါလာ၏။

ဧကရာဇ် ဟိုတယ်ထဲမှ လူမျိုးစုံသည် အပြင်ဘက်သို့ တစ်ပြုံတစ်မွေကြီး ထွက်လာကြသည်။ ပီးယားစ်က ထိုလူစုကို ညွှန်ကြားချက်များ ထုတ်ပြီးနောက် ထိုလူစုသည် အရပ်မျက်နှာမျိုးစုံသို့ ဦးတည်ပြီး ထွက်ခွာသွားကြလေတော့သည်။

ကလဲယားမွန့်သည် စိတ်မချမ်းမသာနှင့် ပြန်လှည့်ပြီး စစ်ရထားရှိရာသို့ ဆက်လျှောက်သွားသည်။ ရထားခေါင်းတွဲမှ ရေနွေးငွေ့နှင့် မီးခိုးများသည် အဆက်မပြတ် ထွက်နေသည်။ ရထားခေါင်းတွဲသည် မောင်းနှင်ထွက်ခွာရန် အဆင်သင့် ဖြစ်နေပုံရ၏။ အင်ဂျင်နီယာ ဘန်လွန်သည် ခေါင်းတွဲထဲမှ အပြင်သို့ ခေါင်းပြူ၍ ကြည့်နေသည်။

"အရိပ်အယောင် တွေ့ရပြီလား ဆရာ"

"မတွေ့ရသေးဘူး ဘန်လွန်ရ"

ဘန်လွန်သည် ခေတ္တမျှ တွေသွားသည်။

"ကျွန်တော် ရေနွေးငွေ့ကို ပေါင်ချိန်ကိုက်အောင် ဆက်ပြီးထိန်းထားရမလား ဗိုလ်မှူးကြီး"

"ဘာဖြစ်လို့ မေးတာလဲကွ"

"ကျွန်တော်တို့ ရထားမှာ ဒီဗိုလ်ကြီးနဲ့ ဗိုလ်လေး မပါဘဲနဲ့ ထွက်သွားမယ်လို့ ဆိုလိုတာလား ဆရာ"

"ဟုတ်တယ်၊ ငါ့သဘောထားကတော့ အဲဒီအတိုင်းပဲ၊ ဆယ့်ငါးမိနစ်တော့ စောင့်ပါ ဘန်လွန်၊ ဆယ့်ငါးမိနစ်ပါပဲ"



"ဒါပေမဲ့ ဗိုလ်ကြီးအုတ်ကလန်နဲ့ ဗိုလ်နီဝဲလ်"

"သူတို့ မမီရင် နောက်ရထားနဲ့ လိုက်လာရုံပဲ ရှိတာပေါ့ကွ၊ မဟုတ်ဘူးလား"

"ဒါပေမဲ့ နောက်ရထား လာဖို့ဆိုတာက ရက်တော်တော်ကြာမှ"

"ဟေ့ ခုလောလောဆယ်မှာတော့ ဒီဗိုလ်နှစ်ယောက်အတွက် အလေးပေးပြီး မစဉ်းစားနိုင်သေးဘူး"

သူက ကျန်လူများဘက်သို့ ပြန်လှည့်ပြီး ပထမ ရထားတွဲ၏ လှေကားဆီသို့ ညွှန်ပြလိုက်သည်။

"အခု သိပ်အေးနေပြီ၊ တော်တော်ကြာကျရင် ပိုပြီးအေးလာလိမ့်မယ်။ ဒီတော့ ဘုရင်ခံကြီးက ခွင့်ပြုမယ်ဆိုရင် ဗိုလ်မှူးအိုဘရိုင်ရင်ကို ကျုပ်က ခေါ်ထားပါရစေ။ ဒါကလည်း ဟို ဒီကင် ဆိုတဲ့ငတိ ရထားဆီကို ရောက်တဲ့အထိပါ။ ဒီငတိက သိပ်ပြီး ဉာဏ်များလေတော့ သူ့ကို ဗိုလ်မှူးအိုဘရိုင်ရင်က နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အဲလေ ပီးယားစ် ပြန်မရောက်ခင်အထိပါပဲ"

အိုဘရိုင်ရင်က စကားမပြောဘဲ ပြုံးပြလိုက်သည်။ ဘုရင်ခံကြီး ဖဲယားချိုင်းသည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး လှေကားပေါ်သို့ ကပျာကယာ တက်သွား၏။ မာစီဥတုမှာလည်း လွန်ခဲ့သည့် ဆယ့်ငါးမိနစ်ကထက်ပို၍ အေးလာသယောင်ထင်ရသည်။

ကလဲယားမွန့်သည် အိုဘရိုင်ရင်ကို ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီးနောက် ရထားနောက်ဘက်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်လာသည်။

ဗိုလ်မှူးကြီး ကလဲယားမွန့်သည် ရထားအကြောင်း သိပ်ပြီးနားလည်သူ မဟုတ်။ သို့သော် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်ဆိုသော အသိနှင့် လျှောက်ကြည့်နေခြင်း ဖြစ်သည်။ ပထမရထားတွဲ၏ ရှေ့ပိုင်းတွင် အရာရှိများ နေ့လယ်ခင်းစားသောက်ရာ အခန်း၊ အလယ်ဘက်တွင် ဘုရင်ခံနှင့် သူ့တူမတို့၏ အိပ်ခန်းများ၊ နောက်ဘက်တွင် အရာရှိများ၏ ထမင်းစားခန်း ဟူ၍ ၃ ပိုင်း ပါရှိသည်။ ဘုရင်ခံကြီးသည် သူ့အိပ်ခန်း ရှိရာသို့ ဝမ်းပန်းတသာ ဝင်သွားလေပြီ။

ဒုတိယတွဲတွင် မီးဖိုစားပွဲထိုး ဟင်နရီနှင့် ထမင်းချက် ကာလိုစ်တို့၏ အိပ်ခန်းများနှင့် အရာရှိများ၏ အိပ်ခန်းများ ပါရှိသည်။ တတိယတွဲမှာ ရိက္ခာတွဲဖြစ်ပြီး စတုတ္ထနှင့် ပဉ္စမတွဲများမှာ မြင်းများ တင်လာသော တွဲများ ဖြစ်သည်။ ဆဋ္ဌမမြောက်တွဲ၏ ရှေ့ပိုင်းကို မြင်းသည်တော်များအတွက် မီးဖိုအဖြစ် သတ်မှတ်ထားပြီး ကျန်အပိုင်းနှင့် သတ္တမမြောက်တွဲကို မြင်းသည်တော်များ နေရန် သတ်မှတ်

www.burmeseclassic.com



ထားသည်။ ကလဲယားမွန့်သည် ဘရိုက်တွဲသို့ ရောက်ရှိသော အခါ ရထားရှေ့ပိုင်း
မြင်းခွာသံများ ကြားသဖြင့် ပြန်လှည့်ကြည့်လိုက်သည်။ တပ်ကြပ်ကြီးဘဲလူးသည်
မြင်းသည်တော် အားလုံးကို ပြန်လည်စုရုံး၍ ခေါ်ဆောင်လာပြီ ဖြစ်၏။

တပ်ကြပ်ကြီး ဘဲလူးသည် ရှေ့ဆုံးမှ ဦးဆောင်ပြီး စီးလာသည်။ သူ
ဘယ်ဘက်လက်ထဲတွင် ကြိုးစတစ်စကို ကိုင်ထား၏။ ထိုကြိုးစတစ်ဖက်စွန်းသည်
ဗွန်ဒီကင်၏ လည်ပင်းတွင် ချည်နှောင်ထားသည်။ တစ်ဖန် ဗွန်ဒီကင်သည် ဆယ်
နှစ်လက်မသာ ရှည်သော သံကြိုးနှင့် ခြေထောက် နှစ်ဖက်ကို ချည်နှောင်ထားခြင်း
ခံရသောကြောင့် ကိုရိုးကားရား လမ်းလျှောက်လာရရှာ ရှပ်သေးရှပ်တစ်ရှပ် လမ်း
လျှောက်လာပုံနှင့်ပင် ပို၍တူနေသေးတော့သည်။ ဤပုံစံမှာ ရှက်စရာအကောင်းဆုံးနှင့်
လူမဆန်သော မြင်ကွင်းပင် ဖြစ်သော်လည်း ကလဲယားမွန့်ကမူ မတုန်မလှုပ်ပင်တည်
သူက အိုတရိုင်ရင်တစ်ယောက် ဘဲလူးနားသို့ ရောက်သွားသည်အထိ စောင့်ဆိုင်းနေပြီး
နောက် ပြန်လှည့်၍ ဘရိုက်တွဲပေါ်သို့ တက်သွားသည်။ အပေါ်သို့ ရောက်လျှင်
တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်လိုက်၏။

ဘရိုက်တွဲထဲတွင်ကား အပြင်ဘက်ရှိ အေးမြသော ရာသီဥတုနှင့် ပြောင်းပြန်
ဖြစ်၍နေသည်။ ရထားတွဲ၏ တစ်ဖက်စွန်းတွင်ရှိသော မီးလင်းဖိုကို ရဲရဲနီအောင်
မီးထည့်၍ထားသောကြောင့် ရထားတွဲထဲတွင် ပူနွေး၍နေ၏။ မီးလင်းဖို၏ ဘေး
တစ်ဖက်တွင် ထင်းအပြည့် ထည့်ထားသော သံပုံးကြီးတစ်ပုံး။ ထိုပုံးဘေးတွင်က
စားစရာ သောက်စရာများ ထည့်ထားသည့် ကြောင်အိမ် တစ်လုံး၊ ထို့နောက်တွင်က
ရထားကို ဘရိတ်ဖမ်းသည့် ကြီးမားလှသော လက်ကိုင်ဘီးကြီးတစ်ခု ရှိသည်။

မီးလင်းဖို၏ ကျန်ဘေးတစ်ဖက်တွင်ကား ပက်လက်ကုလားထိုင် တစ်လုံး
ရှိသည်။ ထိုကုလားထိုင်ပေါ်တွင် အကျအနထိုင်၍ စာဖတ်နေသူ တစ်ယောက်
ရှိသည်။ သူ့ကို မြင်ရုံမျှနှင့် သူသည် အတွေ့အကြုံရှိသော လုပ်သားဟောင်းကြီးတစ်ဦး
ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ သူ့ကိုယ်ပေါ်တွင်ကား သားမွေးအင်္ကျီရှည်ကြီး
တစ်ထည်ကို ဝတ်ဆင်ထားသည်။

ကလဲယားမွန့် ဝင်လာသောအခါ ဘရိတ်သမားသည် သံကိုင်းတ
မျက်မှန်ကို ချွတ်လိုက်ပြီးနောက် ကလဲယားမွန့်ကို မှုန်နေသော မျက်လုံးအစုံ
ဖြူးကြည့်လိုက်သည်။ သူက မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး နှုတ်ဆ
လိုက်၏။

"အခုလို လာတာကို ဝမ်းသာလှပါတယ် ဗိုလ်မှူးကြီး ကလဲယား
ခင်ဗျား"



"ဒက်ဗလင် ထင်ပါရဲ့၊ ဒီလိုနေရတာ အထီးကျန်ဆန်မှာပဲနော်"

"အထီးကျန် ဖြစ်တယ်ဆိုတာ လက်ခံထားတဲ့ အယူအဆပေါ်မှာ မူတည်ပါတယ်။ ကျုပ်ဟာ တစ်ယောက်တည်း နေခဲ့ရတာ များပေမယ့် တစ်ခါမှ အထီးကျန် မဖြစ်သေးဘူး"

သူက ဖတ်လက်စ စာအုပ်ကို ပြန်ပိတ်လိုက်ပြီး လက်နှစ်ဖက်နှင့် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်သည်။

"မီးရထားစက်ခေါင်း မောင်းရတဲ့အလုပ်ကမှ တကယ့်ကို အထီးကျန်ဆန်တာ ခင်ဗျ။ မီးထိုးတဲ့လူ အဖော်အဖြစ် ပါပေမယ့် စကားပြောဖို့ မလွယ်ဘူး။ တကယ်ပြောရရင် ကျုပ်လည်း စက်ခေါင်းမောင်းသမားအဖြစ် လေးဆယ့်ငါးနှစ်လုံးလုံး လုပ်ခဲ့တာပဲ။ ဒါပေမဲ့ အခုတော့ စက်ခေါင်းမောင်းသမားလုပ်လို့ မဖြစ်တော့ပါဘူးလေ။ အခု ကျုပ်ဟာ ယူနီယံ ပစီဖိတ် မီးရထား ကုမ္ပဏီမှာ အကောင်းဆုံးအလုပ်ကို လုပ်ရတဲ့ လူပဲ။ ကျုပ်ရဲ့ ကိုယ်ပိုင်မီးလင်းဖို၊ ကျုပ်ရဲ့ ကိုယ်ပိုင်အစားအစာ၊ ကျုပ်ရဲ့ ကိုယ်ပိုင်အိပ်ရာ၊ ကျုပ်ရဲ့ ကိုယ်ပိုင် ပက်လက်ကုလားထိုင်"

"ဟုတ်တယ်၊ ကျုပ်ကလည်း ခင်ဗျားကို အဲဒီအကြောင်းကိုပဲ မေးတော့မလို့။ ဒီပစ္စည်းတွေဟာ မီးရထားဌာနက ထုတ်ပေးတဲ့ ပစ္စည်းတွေတော့ ဟုတ်နိုင်ပါဘူးလို့"

"ဟုတ်တယ်ခင်ဗျ၊ ဟိုက ဒီက စုဝယ်ထားတာပါပဲ"

"အငြိမ်းစားယူဖို့ တော်တော်လိုသေးတယ် ထင်တယ်"

ဒက်ဗလင်က ပြုံး၍ ပြန်ပြောလိုက်သည်။

"ဗိုလ်မှူးကြီးက တော်တော် စကားပရိယာယ်ကြွယ်တာကိုး။ မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဟာ တော်တော့်ကို အသက်ကြီးနေပါပြီ။ ဒါဟာ ကျုပ်ရဲ့ နောက်ဆုံး အခေါက်ပါပဲ ဗိုလ်မှူးကြီး။ အရှေ့ဘက်ကို ပြန်ရောက်ရင် အနားယူပြီး မြေးမလေးရဲ့ အိမ်မှာ နေတော့မယ်"

"နေပါဦး၊ ခင်ဗျား ဘယ်လို အချိန်ဖြုန်းသလဲ"

"အယ် ကျုပ် ထမင်းချက်တယ်၊ အစား စားတယ်၊ အိပ်တယ်"

"ဟုတ်ပြီ၊ အဲဒီလို အိပ်နေတုန်း ရထားဟာ အကွေ့တစ်ခုကို ကွေ့ရတော့မယ်။ ဒါမှမဟုတ် ခပ်စောက်စောက် လမ်းတစ်ခုကို တက်ရတော့မယ်ဆိုရင် ဘယ့်နှယ်လုပ်…"

"လုံးဝအခက်အခဲ မရှိပါဘူး ဗိုလ်မှူးကြီး၊ စက်ခေါင်းအင်ဂျင်နီယာ အန်လွန်နဲ့ ကျုပ်တို့ဟာ အမြဲပဲ အဆက်အသွယ် ရှိကြပါတယ်။ အဲဒါကတော့

www.burmeseclassic.com



ဖော်ခေါင်းနဲ့ ဘရိုက်တွဲကို ပိုက်လုံးထဲမှာ ထည့်ထားတဲ့ ကြိုးနဲ့ ဆက်သွယ်ထားတာပါ။ ခရစ်ဘန်လွန်က ကြိုးကိုဆွဲလိုက်ရင် ဒီက ခေါင်းလောင်းက မြည်လာတယ်။ ကျုပ်ကလည်း သိတဲ့အကြောင်း တစ်ချက်ပြန်ပြီး ဆွဲလိုက်ရတယ်။ အဲ အမှတ်အသားကတော့ အမျိုးမျိုးပေါ့လေ။ တစ်ချက်ဆွဲရင် ဘယ်လို၊ နှစ်ချက် သုံးချက်ဆွဲရင် ဘယ်လို၊ လေးချက်ဆွဲရင် ဘယ်လို စသည်ဖြင့်ပေါ့။ ကျုပ်ကလည်း ဆန္ဒအတိုင်း ဘရိုက်ကို တင်ပေးရတယ်။ တစ်ခါမှတော့ ပြဿနာ မဖြစ်ဖူးသေးပါဘူး''

''ဒါပေမဲ့ အိပ်ရုံ စားရုံနဲ့ အချိန်ကုန်သွားမှာမှ မဟုတ်တာ''

''ဟုတ်ပါတယ်၊ ကျုမ် စာဖတ်ပါတယ်။ စာဖတ်သမှ သိပ်ကိုဖတ်ပါတယ်''

ကလဲယားမွန့်က နံဘေးနံဘီကို လှည့်ကြည့်လိုက်သည်။

''ခင်ဗျားစာအုပ်တွေကို သိုသိုသိပ်သိပ် သိမ်းထားတယ် ထင်ပါရဲ့''

''ကျုပ်မှာ စာအုပ် အများကြီး မရှိပါဘူး၊ ဒီတစ်အုပ်ပဲ ရှိပါတယ်။ ကျုပ် အမြဲဖတ်နေတာ ဒီစာအုပ်ပါပဲ''

သူက လက်ထဲတွင် ကိုင်ထားသော စာအုပ်ကို ပြသဖြင့် ကလဲယားမွန့်က လှမ်းကြည့်လိုက်သည်။ ဘိုးစဉ်ဘောင်ဆက်ကစ၍ အသုံးပြုလာဟန်တူသော ဟောင်းနွမ်းလှပြီ ဖြစ်သည့် သမ္မာကျမ်းစာအုပ်ပင်တည်း။

''သြော် ဒီစာအုပ်ကိုး။ ကဲ ဒက်ဗလင်၊ ဟမ်းဘွဲ့ခံတပ်ကို ချောချောမောမော ရောက်ကြပြီး ခင်ဗျားလည်း အရှေ့ဘက်ကို ဘေးမသီရန်မခဘဲ ပြန်ရောက်ပါစေလို့ ကျုပ် ဆုတောင်းပေးလိုက်ပါတယ်''

''ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီး''

ဗိုလ်မှူးကြီး ကလဲယားမွန့်သည် ဘရိုက်တွဲ၏ တံခါးကို ပြန်မပိတ်မီခင် မှာပင် ဒက်ဗလင်သည် သံကိုင်းတပ် မျက်မှန်ကို ပြန်တပ်ပြီး သမ္မာကျမ်းစာအုပ်ကို ပြန်ဖွင့်ပြီးသား ဖြစ်နေပါ၏။

ကလဲယားမွန့်သည် ရထားတွဲ ခေါင်းတွဲဘက်သို့ ခပ်သွက်သွက် ပြန်လျှောက်လာသည်။ ဘဲလူးနှင့် သူ့လူခြောက်ယောက်သည် ကုန်းဘောင်ကြီးများကို ဖြတ်နေကြ၏။ ကလဲယားမွန့်က ပြောလိုက်သည်။

''လူတွေရော တိရစ္ဆာန်တွေပါ စုံပြီလား''

''စုံပါပြီ ဗိုလ်မှူးကြီး''

''ငါးမိနစ်ဆိုရင် အဆင်သင့် ဖြစ်မလား''

''ဖြစ်ပါတယ် ဗိုလ်မှူးကြီး''



ကလဲယားမွန့်သည် ခေါင်းညိတ်ပြီး ရှေ့သို့ ဆက်လျှောက်သွား၏။ ပီးယားစ်သည် ဘူတာရုံဘေးမှ ပေါ်လာပြီး ကလဲယားမွန့်ထံ အပြေးအလွှား လျှောက်လာသည်။ ပီးယားစ်က ပြောလိုက်သည်။

''အေးဗျာ၊ ဘဲလူးနဲ့ သူ့လူတွေကို တောင်းပန်ရမလို ဖြစ်နေပြီ''

''သူတို့ကို မတွေ့ဘူးလား၊ အရိပ်အယောင်တောင် မတွေ့ဘူးပေါ့''

''သူတို့ ဘယ်သွားသလဲ မသိဘူး၊ ရီစီမြို့မှာ မရှိတာကတော့ သေချာပါတယ်''

ကလဲယားမွန့်သည် သူ့ရဲဘော်များ သိက္ခာမကျနိုင်တော့ဟု သိသွားသဖြင့် စိတ်သက်သာရာ ရသွားပုံရ၏။ သို့သော် ပျောက်နေသူနှစ်ယောက်ကို တွေးမိသဖြင့် ဒေါပွလာပြန်သည်။ သူက အံကို ကြိတ်လိုက်၏။

''ဒီကောင်တွေကို စစ်ခုံရုံးတင်ပြီး တပ်ထဲက ထုတ်ပစ်မယ်''

ပီးယားစ်က မေးလိုက်သည်။

''ကျွန်တော် သူတို့ကို တစ်ခါမှ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ သူတို့က အဲဒီလို လူစားမျိုးတွေလား''

''ဘယ်ဟုတ်ရမှာလဲ၊ သိပ်တော်တဲ့လူတွေ''

ကလဲယားမွန့်သည် ဒေါပွပွနှင့် မြင်းစီးဖိနပ်ရှည်ကြီးကို တုတ်နှင့် ရိုက်လိုက်ရာ ခြေထောက်နာသွားသဖြင့် အနည်းငယ် ရှုံ့မဲ့လိုက်မိ၏။

''အုတ်ကလန်နဲ့ နီဝဲလ်ဟာ အကောင်းဆုံး အရာရှိတွေပဲ။ ကဲ လာဗျာ ကျုပ်တို့ ရထားထွက်ဖို့ အချိန်ကျပြီ''

ပီးယားစ်သည် ရထားပေါ်သို့ တက်လိုက်သည်။ ကလဲယားမွန့်သည် မြင်းတင်ထားသော တွဲတံခါးများ ပိတ်,မပိတ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး နောက် လက်ကို မြှောက်ပြလိုက်ပါ၏။ ဘန်လွန်က မီးရထားစက်ခေါင်းမှနေ၍ သိသည့်အကြောင်း အထိမ်းအမှတ်အဖြစ် လက်ကို မြှောက်ပြလိုက်ပြီး အထဲသို့ ပြန်ဝင်၍ ရေနွေးငွေ့ပေါင်ချိန်ညှိ ကိရိယာကို ဖွင့်ပစ်လိုက်လေသည်။

ရှေ့ဘီးများသည် သံလမ်းပေါ်တွင် တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်အထိ ခြေကုပ်မမိဘဲ ချော်ထွက်သွားပြီးနောက် သံဘီးများသည် စတင်၍ လိမ့်စပြုလေပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

နေဝင်ဖျိုးဖျအချိန်တွင် စစ်ရထားကြီးသည် ရိုစီမြို့မှ စ,ထွက်ခဲ့သည်။ ရိုစီမြို့ တည်ရှိ မြေညီကုန်းမြင့်ကို ကျော်လွန်လာပြီးနောက် တောင်ခြေရင်းသို့ ရောက်ရှိလာသည် မီးရထားကြီးသည် ထင်းရှူးပင်များ ထူထပ်စွာ ပေါက်နေသော ကျယ်ပြန့်သည် တောင်ကြားလမ်းတစ်လျှောက် အမြင့်သို့ တဖြည်းဖြည်း တက်လျက် ရှိသည် မီးရထားလမ်းကို ကျောက်တုံးကျောက်ခဲများနှင့် ပြည့်လျှမ်းနေသော မြစ်ကမ်းနံဘေး တစ်လျှောက်တွင် ဖောက်လုပ်ထားခြင်း ဖြစ်သည်။

ကောင်းကင်တစ်ပြင်လုံးသည် မည်းမှောင်၍နေ၏။ ယနေ့ညတွင် မသာ ကြယ်မလင်းဘဲ တစ်မိုးလုံး မည်းမှောင်၍ နေမည်ဖြစ်ပြီး ဆီးနှင်းခဲမျ ကျမည်ဟု ယူဆရသည်။

အရာရှိများ နေ့လယ်ခင်း အပန်းဖြေရာ အခန်းထဲတွင် ရှိနေသူများသည် နွေးနွေးထွေးထွေးနှင့် သက်သောင့်သက်သာ ရှိနေကြပါ၏။ စစ်ရထားတွဲဟု ဆို သော်လည်း အရာရှိများ၏ အခန်းမှာ အထူးတလည် ဇိမ်နှင့်နေထိုင်သောအ ဖြစ်သည်။

အခန်းထဲတွင်ရှိသူ ရှစ်ယောက်အနက် ခုနစ်ယောက်မှာ ဖန်ခွက် ကိုယ်စီ ဖြစ်သည်။ နောက်နားတွင်ရှိသော ဆိုဖာရှည်ကြီးပေါ်၌ မာရီကာနှင့် နှသန်ပီးယား



ထိုင်နေကြသည်။ ပီးယားစ်က ဗီစကီဖန်ခွက် ကိုင်ထားပြီး မာရီကာက ဝိုင်အရက်ခွက် ကို ကိုင်ထားသည်။ အရှေ့ဘက်ရှိ ဆိုဖာကြီးပေါ်တွင်မူ ဘုရင်ခံ ဖဲယားချိုင်းနှင့် ဗိုလ်မှူးကြီးကလဲယားမွန့်တို့ ရှိနေကြသည်။ ထိုဆိုဖာကြီးနှစ်ခု၏ ကြားတွင် ရှိသော ကုလားထိုင် သုံးလုံးအနက် နှစ်လုံးတွင် ဒေါက်တာမိုလီနော့နှင့် မေဂျာအိုဘာရိုင်ရင်တို့ ထိုင်နေကြပြီး သူတို့အားလုံးသည် ဗီစကီ ဖန်ခွက်များကို ကိုယ်စီ ကိုင်ထားကြသည်။ တတိယကုလားထိုင်တွင်မူ ဘီလပ်ရည်ဖန်ခွက်ကို ကိုင်ထားသော ဘုန်းတော်ကြီး ပီးဘော်ဒီ ရှိနေသည်။

ထိုလူစုထဲတွင် အရက်သော်လည်းကောင်း၊ ဘီလပ်ရည်သော် လည်းကောင်း လုံးဝမရရှိသူမှာ ဂျွန်ဒီကင်ပင် ဖြစ်သည်။ သူ့ကို ဖန်ခွက်တစ်ခွက် ပေးထားသည့်တိုင် အောင် သူသည် ထိုဖန်ခွက်ကို မြှောက်၍ ပါးစပ်နှင့် တော့ရန် ဖြစ်နိုင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လက်နှစ်ဖက်စလုံးကို ကျောဘက်တွင် ပူး၍ ချည်နှောင်ထား သောကြောင့် ဖြစ်၏။ သူ့ခြေကျင်းဝတ်များကိုလည်း ချည်နှောင်ထားသည်။ သူသည် အိပ်ခန်းဆီသို့ သွားရာ စင်္ကြံလမ်းအဝနားရှိ ကြမ်းပြင်ပေါ်တွင် မသက်မသာ ခေါင်းငုံ့၍ ထိုင်နေရရှာသည်။ တစ်ခါတစ်ရံတွင် အားနာသော မျက်နှာထားနှင့် မာရီကာက လှမ်းလှမ်းကြည့်တတ်သော်လည်း ကျန်လူများကမူ ဂျွန်ဒီကင်ကို ရှိသည်ဟူ၍ပင် အသိအမှတ် မပြုကြပါ။

နှသန်ပီးယားစ်က ဖန်ခွက်ကို မြှောက်လိုက်၏။

"အားလုံး ကျန်းမာကြပါစေ၊ ဒီမှာ ဗိုလ်မှူးကြီး မသိလို့မေးပါရစေ။ တပ်မတော် အရာရှိတွေဟာ ခုလို ဇိမ်ကျကျ ခရီးသွားလေ့ရှိတယ် ဆိုတာကို ကျွန်တော် မသိရိုး အမှန်ပါ။ ဒါကြောင့်လည်း အခွန်အကောက်တွေ တိုးတိုးလာတာ ဖြစ်မှာပေါ့"

ကလဲယားမွန့်၏ အဖြေက ပြတ်သားသည်။

"တပ်မတော်သားတွေဟာ ဒီပုံစံနဲ့ ဘယ်တော့မှ ခရီးမသွားဘူး။ ဒီ ရထားတွဲကတော့ ဘုရင်ခံဖဲယားချိုင်းရဲ့ သီးသန့်ရထားတွဲပါ"

ပီးယားစ်က ဖန်ခွက်ကို မြှောက်လိုက်ပြန်၏။

"ကဲ ဘုရင်ခံကြီး ကျန်းမာပါစေဗျာ"

ပီးယားစ်က ဘုရင်ခံကြီးကို တအံ့တသြ ကြည့်လိုက်သည်။

"ဘုရင်ခံကြီး နေမှကောင်းရဲ့လား၊ ခင်ဗျား ကြည့်ရတာ တော်တော် လေး သောကထွေနေပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ဘုရင်ခံကြီးမျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ညှိုးကျနေသည်။ သူက အားယူ၍ ပြုံးလိုက်ပြီး ဖန်ခွက်ကို မော့ချလိုက်သည်။ ၎င်းနောက် ဝီစကီ ထပ်ဖြည့်ပြီး ခပ်ရွှင်ရွှင် ပြောလိုက်၏။

"တိုင်းရေးပြည်ရေး ကိစ္စတွေပေါ့ဗျာ"

"ဟုတ်တာပေါ့ခင်ဗျာ"

ပီးယားစ်၏ လေသံသည် စူးစမ်းသည့်ဘက်သို့ ကူးပြောင်းသွားသည်။

"ဒီခရီးစဉ်မှာ ဘုရင်ခံကြီး ဘာဖြစ်လို့ ပါလာတာလဲ၊ ခင်ဗျား အဲ အရပ်သား တစ်ယောက်အနေနဲ့..."

အိုဘရိုင်ရင်က ဝင်၍ပြောလိုက်သည်။

"ဘုရင်ခံဆိုတာ သူ့ပြည်နယ်ထဲမှာ စစ်ဘက်ဆိုင်ရာ ဩဇာအာဏာကို အပြည့်အဝ ရ,ထားတယ် နသန်ရဲ့၊ ဒါကို မင်းလည်း သိပါတယ်လေ"

ဘုရင်ခံ ဖဲယားချိုင်းက မတင်မကျ ဝင်ပြောလိုက်သည်။

"ဒီလိုလေ၊ ဟမ်းဘို့ ခံတပ်ကို ကျုပ်ကိုယ်တိုင် သွားရမယ့် အရေးအခင်းလေးတွေ ပေါ်လာလို့ ဆိုပါတော့"

သူက ကလဲယားမွန့်ဘက်သို့ လှည့်ကြည့်သည်။ ကလဲယားမွန့်က ခေါင်းကို မသိမသာ ယမ်းပြလိုက်၏။

"ခုအချိန်မှာတော့ ဒါ့ထက် ပိုပြောလို့ မဖြစ်သေးဘူး"

ပီးယားစ်က ကျေနပ်သွားသည့် မျက်နှာထားနှင့် ခေါင်းညိတ်ပြလိုက်သည်။ ထိုကိစ္စကို ဆက်မဆွေးနွေးတော့ပါ။ ထို့နောက် ဧည့်ခန်းထဲတွင် ငြိမ်ကျသွားသည်။ သူတို့စကားမပြောဘဲ ငြိမ်နေစဉ် အခန်းထဲသို့ စားပွဲထိုး ဟင်နရီ နှစ်ကြိမ် ဝင်လာသည်။ ဟင်နရီသည် အရပ်ရှည်ပြီး အလွန်ပိန်သည်။ မျက်နှာမှာလည်း သွေးမရှိသလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ဥန္နီကင်၏ ဦးခေါင်းသည် သူ၏ ရင်ဘတ်ပေါ်သို့ ငိုက်စိုက်ကျနေသည်။ သူ့မျက်လုံးအစုံမှာ မှိတ်နေ၏။ အိပ်ပျော်နေလေသလား၊ မျက်စိကို တမင်မှိတ်ထားသလား မသိရ။ အိပ်ပျော်နေသည်ဟုဆိုသော် မသက်မသာပုံစံနှင့် ထိုင်နေရပြီး ရထားတွဲကလည်း တစ်ချိန်လုံး ခါယမ်းနေချိန်တွင် အိပ်ပျော်အောင် အိပ်နိုင်သည့်အတွက် ချီးကျူးရပေမည်။

မီးရထားသည် ညီညာသော မြေပြင်သို့ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် တဖြည်းဖြည်းနှင့် အရှိန်ပိုရလာသဖြင့် ရထားတွဲများသည် ယိမ်းထိုး လှုပ်ခါလျက် ရှိ၏။



မာရီကာက ဦးလေးဖြစ်သူကို စိတ်မသက်မသာနှင့် လှမ်းပြောလိုက်သည်။

"ဒီလောက်တောင် မြန်မြန်မောင်းဖို့ လိုသလား ဦးလေး၊ ဘာပြုလို့ ဒီလောက်တောင် အမြန်မောင်းနေရတာလဲ"

ကလဲယားမွန့်က ဘုရင်ခံကြီးကိုယ်စား ဝင်ဖြေလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ မီးရထားအင်ဂျင်နီယာကို အမြန်ဆုံးမောင်းဖို့ အမိန့်ပေးထားလို့ပဲ။ ပြီးတော့လည်း ဒီရထားဟာ အမြန် လူစားထိုးနိုင်ဖို့သွားတဲ့ ရထား။ ပြီးတော့ တို့ကလည်း နောက်ကျနေတယ်၊ အမေရိကန်နိုင်ငံရဲ့ မြင်းတပ်မတော်ဟာ ဘယ်တော့မှ နောက်မကျချင်ဘူး၊ ခုဆိုရင် နှစ်ရက်တောင် နောက်ကျနေပြီ"

ထိုအခိုက်မှာပင် စားပွဲထိုးဟင်နရီက အခန်းအတွင်းသို့ ဝင်လာ၏။

"ဘုရင်ခံကြီးနဲ့ ဗိုလ်မှူးကြီးခင်ဗျား ညစာ အဆင်သင့် ဖြစ်ပါပြီ"

◆

ထမင်းစားခန်းမှာ လေးယောက် ထိုင်နိုင်သော စားပွဲနှစ်လုံးသာ ခင်းသည့် အခန်းကျဉ်းကလေး ဖြစ်သည်။ သို့သော် ဧည့်ခန်းစံချိန်အတိုင်း ဇိမ်ကျကျ ပြင်ဆင်ထားပါ၏။ ဘုရင်ခံကြီး၊ သူ့တူမ၊ ကလဲယားမွန့်နှင့် အိုဘရိုင်ရင်တို့က တစ်စားပွဲ၊ နသန်ပီးယားစ်၊ ဒေါက်တာ မိုလီနော့နှင့် ဘုန်းတော်ကြီး ပီးဘော်ဒီတို့က တစ်စားပွဲ ထိုင်သည်။

ဟင်နရီက အရက်ဖန်ခွက်ထဲသို့ လောင်းထည့်ရန် ဟန်ပြင်လိုက် သည်ကို ဘုန်းတော်ကြီး ပီးဘော်ဒီက လက်ကာ၍ ပြလိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ်တွင် မှောက်၍ထားလိုက်သည်။ ၎င်းနောက် ပီးဘော်ဒီက နသန် ပီးယားစ်ကို တအံ့တဩ ကြည့်နေပါ၏။

ပီးဘော်ဒီက ပြောလိုက်သည်။

"ရဲမှူးကြီး... ကျုပ်နဲ့ ဒေါက်တာဟာ အိုဟိုင်ဟိုပြည်နယ်ကပါ။ အဲဒီ လောက်ဝေးတဲ့ ပြည်နယ်ကတောင် ရဲမှူးကြီးရဲ့ နာမည်နဲ့ သတင်းကို ကြားနေကြရပါ တယ်။ အမှန်ပြောရရင် ခုလို အင်မတန် နာမည်ကျော်ကြားတဲ့ ဥပဒေဘက်တော်သား တစ်ယောက်နဲ့ တစ်စားပွဲတည်း ထိုင်ခွင့်ရတာဟာ အင်မတန် ထူးလှပါတယ်"

ပီးယားစ်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်မတန်ဆိုးတဲ့ သတင်းတွေကို ကြားခဲ့ရတာ မဟုတ်လား ဆရာတော်ရဲ့"

"မဟုတ်ပါဘူးဗျာ၊ ကောင်းသတင်းတွေပါ။ ခင်ဗျားကို ဥပဒေစိုးမိုးရေး သမား၊ ဒါမှမဟုတ် ဘုရားရဲ့ သားတော်လို့ ဆိုကြတယ်။ ပြီးတော့လည်း တရားဥပဒေ စိုးမိုးရေးအတွက် မလွှဲမရှောင်သာ လူနီအတော်များများကို သတ်ခဲ့ရတဲ့ ကိစ္စကိုလည်း ကျုပ် နားလည်သဘောပေါက်···"

ပီးယားစ်က မကျေမချမ်းနှင့် ဝင်ပြောသည်။

"ဆရာတော်ဘုရား ခဏနေပါဦး၊ ကျွန်တော် လူအများကြီး မသတ်ခဲ့ပါဘူး၊ နည်းနည်းကလေးပါ။ ပြီးတော့ ကျွန်တော် သတ်တဲ့အထဲမှာလည်း လူနီတွေ မပါ,ပါဘူး။ လူဖြူတပ်ပြေးတွေနဲ့ တောပုန်းဓားပြတွေပါ။ ဒါကလည်း ကြာလှပြီလေ။ အခုအချိန်မှာတော့ သူလိုငါလို တရားဥပဒေ စိုးမိုးရေးသမား တစ်ဦးပါပဲ။ ဘုရင်ခံကြီး က ဒီအတွက် ကျွန်တော့်ကို ထောက်ခံချက် ပေးပါလိမ့်မယ်"

ပီးဘော်ဒီက မခံချင်စိတ်နှင့် ထပ်ပြောသည်။

"ဒါဖြင့်ရင် ရဲမှူးကြီးက ဘာဖြုလို့ သေနတ် နှစ်လက် ကိုင်နေရတာလဲ"

"မကိုင်ရင် ကျုပ် သေသွားမှာပေါ့ ဆရာတော်ရ။ ကျုပ် ထောင်ထဲကို ပို့လိုက်တဲ့ လူတချို့ အခု လွတ်လာကြပြီ။ သူတို့က ကျုပ်ကို အရှင်ရရ၊ အသေရရ ပြန်သတ်ချင်နေကြတာ။ ဒါပေမဲ့ ကျုပ် သေနတ်ပစ်တော်တဲ့ အကြောင်း သိနေလို့ ရန်မစရဲကြဘူး။ အဲ ဒါပေမဲ့ ကျုပ်ကိုယ်ပေါ်မှာသာ သေနတ်မရှိရင် ကျုပ်ကို ဒီအတိုင်း ကြည့်နေကြမှာ မဟုတ်ဘူး။ ဒီသေနတ်တွေဟာ ရန်မူဖို့ မဟုတ်ပါဘူး ဆရာတော်။ ကျုပ် အသက်ကို အကာအကွယ်ပေးမယ့် အာမခံ ပေါ်လစီတွေပါ"

"ငြိမ်းချမ်းရေး ပုဂ္ဂိုလ်ကြီးပေါ့"

"အခုလား၊ ဟုတ်ပါတယ်။ တစ်ခါတုန်းကတော့ ကျုပ်ဟာ တပ်မတော်က ကင်းထောက်။ ဒါမှမဟုတ် လူနီတွေကို တိုက်တဲ့ပုဂ္ဂိုလ်ပေါ့။ ဒါပေမဲ့ သတ်ဖြတ်ရတာ များတော့လည်း ငြီးငွေ့လာတာပဲပေါ့လေ"

"ခင်ဗျားလို လူကလား"

"လူနီတွေကို သတ်ပစ်မယ့်အစား သူတို့ ကျေနပ်အောင် လုပ်ပေးနိုင်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ်။ ဒါကြောင့် ဒီက ဘုရင်ခံကြီးကို ကျုပ်က ဒီနယ်မြေက လူနီတွေရဲ့ ကိုယ်စားလှယ်အဖြစ် ခန့်ပေးပါလို့ မေတ္တာရပ်ခံခဲ့ရတာပေါ့။ ကျုပ်က လူနီတွေနဲ့ လူဖြူတွေအကြားမှာ ရှိတဲ့ မပြေမလည် ကိစ္စတွေကို ဖြေရှင်း ပေးတယ်။ သူတို့အတွက် သီးသန့်နယ်မြေတွေ သတ်မှတ်ပေးတယ်။ အရက်၊ သေနတ် ရောင်းဝယ်မှုတွေကို တားဆီးပိတ်ပင်ပေးတယ်။ ပြီးတော့လည်း မလိုလား



အပ်တဲ့ လူဖြူတွေကို အဲဒီနယ်မြေထဲက ရှင်းထုတ်ပေးတယ်။ ဒါကတော့ ရဲမှူးအနေနဲ့ ဆောင်ရွက်ရတဲ့ တာဝန်ဝတ္တရားတွေရဲ့ တစ်စိတ်တစ်ဒေသပါပဲ။ ဒီလို လုပ်ရတာ နေးကွေးလှပေမယ့် တိုးတက်မှုတော့ ရှိပါတယ်။ အခုဆိုရင် လူနီတွေက ကျုပ်ကို တော်တော်လေး ယုံကြည်လက်ခံလာကြပြီ"

သူက တစ်ဖက်စားပွဲသို့ လှမ်းကြည့်လိုက်သည်။

"ဗိုလ်မှူးကြီး···"

ကလဲယားမွန့်က မျက်ခုံးပင့်၍ ပြန်ကြည့်လိုက်သည်။

"ပြတင်းပေါက်ခန်းဆီးတွေကို ဆွဲစေ့ထားရင် ကောင်းမယ် ထင်ပါတယ်။ အခုဆိုရင် ဒီရထားဟာ ရန်သူ့နယ်မြေထဲကို ရောက်နေပြီ။ ဒီတော့ အလကား သက်သက်မဲ့ လူမြင်ခံလို့ မသင့်ဘူး ထင်ပါတယ်"

"မြန်လှချည့်လား။ အဲလေ မင်းက ပိုသိမှာပေါ့။ ဟင်နရီ မင်း ကြားတယ် မဟုတ်လား။ မင်းတပ်ကြပ်ကြီး ဘဲလူးဆီကို သွားပြီး ခန်းဆီးတွေ ဆွဲစေ့ထားဖို့ ပြောလိုက်"

ပီးဘော်ဒီက နသန်ပီးယားစ်၏ လက်ကို ဆွဲလှုပ်လိုက်သည်။ သူ့ မျက်နှာထားမှာ ကြောက်ရွံ့နေပုံ အထင်းသားပေါ်နေပါ၏။

"ရန်သူ့နယ်မြေ ဟုတ်လား၊ ရန်လိုတဲ့ လူနီတွေ ရှိတဲ့နေရာပေါ့နော်"

"ဟုတ်ပါတယ်၊ အဲဒီလိုပဲ သတ်မှတ်ထားမယ်"

"ဒါပေမဲ့ သူတို့က ခင်ဗျားကိုတော့ လက်ခံကြတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ သူတို့က ကျုပ်ကိုလည်း ယုံကြည်တယ်၊ လက်ခံ တယ်"

"သြော်"

ပီးဘော်ဒီက တစ်ချက်မျှ အသံပြုလိုက်ပြီး ငြိမ်သွားပါတော့သည်။

❖

ဟင်နရီက ကော်ဖီကို အရာရှိများ၏ ညစ်ခန်းထဲတွင် လိုက်၍ တိုက်ပါ သည်။ ပြတင်းပေါက်မှ ကတ္တီပါ ကန့်လန့်ကာများပါ ဆွဲစေ့ထားသဖြင့် အခန်းထဲတွင် မှောင်နေပါသည်။

ဂွန်ဒီကင် မျက်လုံးမှိတ်၍ နေပါပြီ။ သူ့ကို ကြည့်ရသည်မှာ ပိုပြီးပင် မသက်သာ ရှိပုံရသည်။ မာရီကာက သူ့ကို တစ်ချက် တစ်ချက်တွင် စိုးရိမ်မချမ်းမသာနှင့်

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ကြည့်တတ်၏။ ခဏကြာသောအခါ ဒေါက်တာမိုလီနော့က ဖန်ခွက်ကို စားပွဲပေါ်သို့ တင်လိုက်ပြီး ထိုင်ရာမှ ထ,လိုက်၏။ သူက အညောင်းဆန့်ရင်း အနည်းငယ် သမ်းလိုက်ပါသည်။

"ကျုပ်ကို ခွင့်ပြုကြပါဗျာ၊ နက်ဖြန်ခါကျရင် ပင်ပင်ပန်းပန်း အလုပ် လုပ်စရာ ရှိတယ်၊ အသက်ကလည်း ထောက်လာပြီဆိုတော့ အိပ်ရေးဝမှ ဖြစ်မယ်ဗျို့"

မာရီကာက ယဉ်ကျေးစွာ မေးလိုက်သည်။

"နက်ဖြန်ခါကျရင် ပင်ပန်းမယ် ဟုတ်လား ဒေါက်တာ"

"ဟုတ်ပါတယ်၊ ဒီရထားမှာ ပါလာတဲ့ ဆေးသေတ္တာတွေကို မနေ့ကမှ အိုဒင်မြို့က တင်ပေးလိုက်တာ။ ဒီတော့ ဟမ်းဘို့ခံတပ်ကို မရောက်မီ ဆေးပစ္စည်း တွေကို စစ်ဆေးထားမှ ကောင်းလိမ့်မယ်"

မာရီကာက ရယ်ကျဲကျဲနှင့် ကြည့်လိုက်သည်။

"ဘာပြုလို့ ဒီလောက်တောင် လောနေတာလဲ ဒေါက်တာရဲ့၊ ဟို ရောက်တဲ့ အထိ မစောင့်နိုင်တော့ဘူးလား"

ဒေါက်တာထံမှ အဖြေ မရသဖြင့် မာရီကာက ပြုံးပြီး ဆက်ပြောပြန် သည်။

"ဒါမှမဟုတ် ဟမ်းဘို့ခံတပ်မှာ ကူးစက်တတ်တဲ့ရောဂါတွေ ဖြစ်နေပြီး အခြေအနေကပဲ သိပ်ဆိုးနေလို့ ထင်ပါရဲ့"

ဒေါက်တာ မိုလီနော့က မပြုံးပါ။

"ဟမ်းဘို့ခံတပ်မှာ ကူးစက်တတ်တဲ့ ရောဂါဖြစ် . . ."

သူက စကားကို တိုးလိုးတန်းလန်းနှင့် ရပ်လိုက်ပြီး မာရီကာကို စူးစမ်းသော မျက်နှာထားနှင့် ကြည့်လိုက်သည်။ ပြီးမှ ဗိုလ်မှူးကြီး ကလဲယားမွန့် ဘက်သို့ လှည့်၍-

"ဒီလို လူတွေရှေ့မှာ ဟိုဟိုဒီဒီ ညာပြောနေရတာ အဓိပ္ပာယ်မရှိတဲ့ အပြင် ကလေးဆန်ရာလည်း ကျတယ်။ အရင်တုန်းကတော့ ဒီသတင်း ပေါက် ကြားမှာကို စိုးရိမ်ကြတာ မှန်ပါတယ်။ အခုတော့ ဒီမီးရထားကြီးပေါ်မှာ ပါတဲ့ လူတွေဟာ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်ပြတ်နေကြပါပြီ။ ပြီးတော့လည်း ဟမ်းဘို့ခံတပ်ကို ရောက်တဲ့အခါကျတော့လည်း မလွဲမသွေ သိလာကြမှာပါ။ ဒီတော့"

ကလဲယားမွန့်က စကားမပြောခင် လက်ကိုထောင်၍ ပြလိုက်၏။

"ဒေါက်တာရဲ့ အယူအဆကို ကျုပ် လက်ခံပါပြီ။ ဟုတ်တယ်။ ဖွင့်ပြော လိုက်တာ အကောင်းဆုံးပဲ။ ဒီက ဒေါက်တာမိုလီနော့ဟာ တပ်မတော် ဆရာဝန်



မဟုတ်ဘူး။ ပြီးတော့လည်း သူဟာ သာမန်ညောင်ည ဆရာဝန် ရိုးရိုးတစ်ယောက် လည်း မဟုတ်ဘူး။ အပူပိုင်းဒေသမှာ ဖြစ်ပွားတတ်တဲ့ ရောဂါဘယတွေကို လေ့လာ တဲ့နေရာမှာ အင်မတန်ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ။ ဒီရထားပေါ်မှာ ပါလာတဲ့ စစ်သားတွေဟာလည်း ရိုးရိုးလူစားထိုးရအောင် သွားတဲ့ စစ်သားတွေ မဟုတ်ဘူး။ ဟမ်းဘို့ခံတပ်မှာ သေကုန်တဲ့ စစ်သားတွေရဲ့နေရာမှာ အစားထိုးဖို့သွားတဲ့ စစ်သား တွေ"

မာရီကာ၏ မျက်နှာထားမှာ ယုံရခက်ခက် ဖြစ်နေရာမှ ကြောက်လန့် တကြား ဖြစ်လာ၏။ သူ့လေသံမှာ တိုးလှသည်။

"သေကုန်တဲ့ စစ်သားတွေအတွက် ဟုတ်လား"

"ဒီမှာ မစ်(စ်)ဖဲယားချိုင်း၊ ဒီရထားကြီးက ဘာပြုလို့ ဒီလောက်တောင် မြန်မြန်မောင်းနေရတာလဲ၊ ဒေါက်တာမိုလီနော့ကလည်း ဘာပြုလို့ ဆေးပစ္စည်းတွေ ကို အလောတကြီး စစ်ချင်နေရတာလဲ။ ဘုရင်ခံကြီးကကော ဘာပြုလို့ ရောက် ချင်စိတ် စောနေရတာလဲ ဆိုတဲ့ မေးခွန်းရဲ့ အဖြေကို မဖြေပါရစေနဲ့လို့ ဘုရား ခင်ထံမှာ ဆုတောင်းမိပါသေးတယ်။ ဘာပြုလို့လဲဆိုတော့ အခု ဟမ်းဘို့ခံတပ်မှာ ကြောက်စရာ အကောင်းဆုံး ကပ်ရောဂါဖြစ်တဲ့ ဝမ်းရောဂါ ဖြစ်နေပြီ"

ဗိုလ်မှူးကြီး၏ စကားကို ကြားရသူ ခုနစ်ဦးအနက် နှစ်ဦးကသာ ကျန်လူ များထက် ပို၍အံ့သြသွားကြသည်။ ဘုရင်ခံကြီး၊ ဒေါက်တာမိုလီနော့နှင့် အိုတရိုင်ရင် တို့မှာ ဝမ်းရောဂါ ဖြစ်ပွားနေကြောင်း သိနှင့်ထားပြီး ဖြစ်သည်။ ပီးယားစ်က မျက်ခုံးပင့်လိုက်သည်။ ဒီကင်ကမူ စဉ်းစဉ်းစားစားနှင့် တွေးနေပုံရသည်။ သို့သော် မာရီကာနှင့် ပီးဘော်ဒီတို့ကမူ အထိတ်တလန့်နှင့် ဖြစ်လာပုံရ၏။ မာရီကာစ၍ မေးသည်။

"ဝမ်းရောဂါ၊ ဝမ်းရောဂါ ဟုတ်လား၊ ဒီလိုဆိုရင် ကျွန်မ ဖေဖေတော့"

"ငါ သိပါတယ် ကလေးရယ်၊ ငါ သိပါတယ်"

သူက ထိုင်ရာမှထ၍ မာရီကာ ရှိရာသို့သွားပြီး မာရီကာ၏ ပခုံးကို လက်နှင့် ဖက်လိုက်သည်။

"မင်းကို ဒီအကြောင်း မပြောချင်ခဲ့တာ အမှန်ပါ။ ဒါပေမဲ့ တကယ်လို့များ ဖေဖေ နေမကောင်း ဖြစ်နေတယ်ဆိုရင် မင်းက ပြုစုချင်မလားဆိုပြီး"

ဘုန်းတော်ကြီး ပီးဘော်ဒီသည် ထိုင်နေရာမှ ခေတ္တခဏ ခုန်ထလိုက် ပြီးနောက် ...အမင်း ဒေါသထွက်နေသော မျက်နှာထားနှင့် ပြောချလိုက်၏။

www.burmeseclassic.com



''ခင်ဗျား ဘယ်လိုလုပ်စားလဲ ဘုရင်ခံကြီး၊ ဒီလိုကလေးမလေးကို ဒီလောက် ဆောင် အန္တရာယ်ကြီးလှတဲ့ ကပ်ရောဂါတွေ ဖြစ်နေတဲ့ နေရာကို ခေါ်လာတာ ဘာသဘောလဲ။ ကျုပ် ဘယ်လို ဆက်ပြောရမယ်မှန်းတောင် မသိတော့ဘူး။ ဒီတော့ ကျုပ်တို့အားလုံး ဒီကနေ ရိုစီမြို့ကို ပြန်လှည့်ကြဖို့ ကျုပ်က တောင်းဆိုတယ်''

မေဂျာအိုဘရိုင်ရင်က ခပ်မှန်မှန်လေသံနှင့် ဝင်ပြောသည်။

''ဘယ်လိုပြန်ရမှာလဲ ဆရာတော်ရဲ့၊ တစ်လမ်းတည်းသာရှိတဲ့ မီးရထား လမ်းပေါ်မှာ ရထားကို ပြန်လှည့်ပြီး မောင်းနိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ် တာ''

ကလဲယားမွန့်ကလည်း စိတ်ခပ်တိုတိုနှင့် ဝင်ပြောသည်။

''ဘယ်လိုလဲ ကိုယ်တော်ရဲ့၊ ကျုပ်တို့ကို ဘာတွေများ ထင်နေလို့လဲ။ လူသတ်သမားတွေ၊ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်တဲ့လူတွေ၊ အရူးတွေများ ထင်နေသလား။ ဒီရထားပေါ်မှာ ရိက္ခာတစ်လစာအထိ ပါတယ်။ ပြီးတော့လည်း ဒေါက်တာမိုလီနော့က ဟမ်းဘို့ခ်တပ်မှာ ရောဂါဘယ လုံးဝမရှိတော့ပါဘူးလို့ အာမခံတဲ့အခါကျမှ ဒီလူအားလုံးကို ရထားပေါ်က ဆင်းနိုင်းမှာဗျ''

မာရီကာသည် ထိုင်ရာမှ ထပြီး ဒေါက်တာမိုလီနော့၏ လက်မောင်းကို ဆုပ်ကိုင်၍ ထိတ်လန့်တကြား ပြောသည်။

''ဟင့်အင်း၊ ဒေါက်တာ မသွားရဘူး မသွားရဘူး။ ဒီရောဂါမျိုးဟာ ဒေါက်တာတွေကိုလည်း ကူးနိုင်တာပဲ မဟုတ်လား''

ဒေါက်တာမိုလီနော့က မာရီကာ၏လက်ကို ညင်သာစွာ ပြန်ပုတ်လိုက် ပါသည်။

''ဒီဒေါက်တာကိုတော့ မကူးတော့ပါဘူး။ ကျုပ်က ဝမ်းရောဂါ တစ်ခါ ဖြစ်ခဲ့ဖူးတယ်။ အဲဒီတုန်းက မသေခဲ့ဘူး။ ရောဂါ ပြီးနေပြီ။ ကဲ ကောင်းသောညပါ''

ဤတွင် ကြမ်းပေါ်တွင် မသက်မသာ ထိုင်နေရသော ဂျွန်ဒီကင်က ဝင်၍ မေးလိုက်၏။

''ဘယ်မှာ ဖြစ်ခဲ့တာလဲ ဒေါက်တာ''

အားလုံးက သူ့ကို တအံ့တသြ ဝိုင်းကြည့်ကြသည်။ ပီးယားစ်က ထိုင်ရာမှ ထလိုက်ပါ၏။ သို့သော် မိုလီနော့က ပြန်ထိုင်ရန် လက်ပြသည်။

''ကျုပ် ဒီရောဂါကို နီးနီးကပ်ကပ် လေ့လာခဲ့တုန်းက ဖြစ်တာ အိန္ဒိယမှာပေါ့၊ နေပါဦး ဘာပြုလို့ မေးတာလဲ''

''သိချင်လို့ပါ၊ ဘယ်တုန်းကလဲ''



''လွန်ခဲ့တဲ့ ရှစ်နှစ် ဆယ်နှစ်ကပေါ့၊ နေပါဦး၊ ဘာပြုလို့ မေးတာလဲ''

''ဟိုရဲမှူးက ကျွန်တော့်အကြောင်း ကြော်ငြာစာရွက်ကြီးနဲ့ ဖတ်ပြတာကို ခင်ဗျားလည်း ကြားမှာပေါ့။ ကျွန်တော်လည်း ဆေးအကြောင်း ဝါးအကြောင်းတော့ နည်းနည်းပါးပါး နားလည်ပါတယ်။ စိတ်ဝင်စားလို့ ဆိုပါတော့ဗျာ။ ကဲ ဒါလောက် ပါပဲ''

ဒေါက်တာမိုလီနော့သည် ဂျွန်ဒီကင်၏ မျက်နှာကို ခဏကြာအောင် စိုက်ကြည့်နေပါ၏။ ပြီးမှ ကျွန်လူမှူးကို ခေါင်းဆတ်ပြပြီး ထွက်သွားပါတော့သည်။

ပီးယားစ်က ပြောလိုက်သည်။

''ဒီသတင်းကတော့ သိပ်မကောင်းလှဘူး။ ဟိုက စစ်သားတွေ ဘယ် လောက် သေကုန်ပြီလို့ နောက်ဆုံး သတင်းအရ သိထားရသလဲ''

ကလဲယားမွန့်က အိုဘရိုင်ရင်ကို စူးစမ်းသောအဓိပ္ပာယ်နှင့် လှမ်းကြည့် လိုက်သည်။ အိုဘရိုင်ရင်က ထုံးစံအတိုင်း သွက်လက်စွာ ဝင်ဖြေလိုက်၏။

''လွန်ခဲ့တဲ့ ခြောက်နာရီလောက်ကရတဲ့ သတင်းအရကတော့ ဆယ့်ငါး ယောက် ဆုံးသွားပြီလို့ ဆိုတယ်။ အဲ စုစုပေါင်း (၇၆)ယောက် ရှိတဲ့အထဲကပေါ့။ ရောဂါဖြစ်နေတဲ့ လူဦးရေ အတိအကျကိုတော့ မသိရသေးဘူး။ ဒါပေမဲ့ ဒီလို ရောဂါဘယမျိုးတွေနဲ့ ပတ်သက်ပြီး ကျွမ်းကျင်နားလည်တဲ့ မိုလီနော့ရဲ့ ခန့်မှန်း ချက်ကတော့ ကျန်နေတဲ့လူတွေရဲ့ သုံးပုံနှစ်ပုံလောက် ဒါမှမဟုတ် လေးပုံ သုံးပုံ လောက်တော့ ရောဂါကူးစက်ကုန်ပြီလို့ ယူဆရတယ်တဲ့''

ပီးယားစ်က ဝင်ပြောလိုက်သည်။

''ဒါဖြင့်ရင် ခံတပ်တစ်ခုလုံးမှာ ကျန်းကျန်းမာမာနဲ့ ခုခံကာကွယ်နိုင် မယ့် စစ်သား ဆယ့်ငါးယောက်ထက် မပိုနိုင်တော့ဘူးပေါ့''

''ဖြစ်နိုင်တယ်''

''တကယ်လို့သာ ဒီကိစ္စကို(လူမီခေါင်းဆောင်)ဗိုလ်လက်ဖြူ သိသွား ရင် ဘယ်လိုဖြစ်လာနိုင်သလဲ''

''ဗိုလ်လက်ဖြူ ဟုတ်လား၊ ဟို သွေးဆာနေတဲ့ မင်းရဲ့မိတ်ဆွေ လူမီ ခေါင်းဆောင်ကို ပြောတာလား''

ပီးယားစ်က ခေါင်းကို ညိတ်ပြလိုက်သည်။ အိုဘရိုင်ရင်က ခေါင်းခါ ပြလိုက်၏။

''အဲဒီအနေအထားကို စဉ်းစားပြီးပါပြီ။ လုံးဝမဖြစ်နိုင်ပါဘူး။ ဗိုလ်လက်ဖြူ က အမေရိကန်တွေကို မုန်းတယ်။ အထူးသဖြင့် မြင်းတပ်မတော်ကို ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးမှန်းသေးတယ်။ ဒါပေမဲ့ ဟမ်းဘို့ခ်တပ်မှာ လူအင်အားနည်းနေတာ ဘာပြုလို့လဲ ဆိုတာကိုသာ တိတိကျကျ သိသွားရင် အစေးက ရှောင်ပြေးသွားမှာပါ''

မာရီကာက တုန်တုန်ရင်ရင်နှင့် ဝင်ပြောသည်။

''ကျွန်မ ဖေဖေ''

''ခုအထိတော့ ဘာမှမဖြစ်သေးဘူး''

ဤတွင် ပီးဘော်ဒီ၏အသံက ပေါ်လာပြန်သည်။

''ဘုရားသခင်ရဲ့ သားသမီး ဆယ့်ငါးယောက်ကတော့ အနိစ္စရောက်ရ ရှာပြီ။ မိုးမလင်းခင် နောက်ထပ် ဘယ်နှယောက် ကွယ်လွန်ဦးမယ် ဆိုတာကို မပြောနိုင်သေးဘူး''

ကလဲယားမွန့်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။

''မိုးလင်းရင် သိရမှာပေါ့လေ''

''သိရမယ် ဟုတ်လား၊ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ''

ဘုန်းတော်ကြီး ပီးဘော်ဒီက ဝင်ပြောလိုက်သည်။

''ဒါ မခက်ပါဘူး။ ကျုပ်တို့ဆီမှာ ခရီးဆောင် ကြေးနန်းရိုက်စက်ကလေး ပါလာတယ်။ မီးရထားလမ်းဘေးမှာရှိတဲ့ ကြေးနန်းကြိုးတွေနဲ့ ဆက်ထားတယ်။ ဒါကြောင့် ရီစီမြို့ကိုပဲဖြစ်ဖြစ်၊ ဟမ်းဘို့ခ်တပ်ကိုပဲဖြစ်ဖြစ်၊ အရှေ့ဘက်မှာရှိတဲ့ အိုဒင်မြို့ကိုပဲဖြစ်ဖြစ် ဆက်သွယ်လို့ ရပါတယ်''

ကလဲယားမွန့်က လှည့်ထွက်သွားသော မာရီကာကို လှမ်းကြည့်ရင်း မေးလိုက်ပြန်သည်။

''ဘာလဲ၊ အိပ်တော့မလို့လား မစ်(စ်)ဖဲယားချိုင်း''

''ဟုတ်ကဲ့၊ ကျွန်မ နည်းနည်းလေး ပင်ပန်းသွားလို့ပါ။ ပြီးတော့ ဗိုလ်မှူး ကြီးဆီက ကြားလိုက်ရတဲ့ သတင်းတွေကလည်း သိပ်မကောင်းလှဘူး မဟုတ်လား''

သူက စိတ်မပါ့တပါ ပြုံးပြီး ဆက်လျှောက်သွားသည်။ စင်္ကြံလမ်းအဆုံး သို့ ရောက်သောအခါ ဂျွန်ဒီကင်ကို ခပ်ကြာကြာ စိုက်ကြည့်နေပြီးနောက် နောက်သို့ ပြန်လှည့်ပြီး ပီးယားစ်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

''ဒီလူကို စားစရာ သောက်စရာ တစ်ခုမှ မကျွေးတော့ဘူးလား''

ပီးယားစ်က စက်ဆုပ်ရွံရှာသော လေသံနှင့် ခပ်ထေ့ထေ့ ပြန်ပြောလိုက် သည်။ သို့သော် မာရီကာကို ရည်ရွယ်ခြင်း မဟုတ်ပါ။ ဂျွန်ဒီကင်ကိုသာ တွယ်လိုက် ခြင်းဖြစ်သည်။



''ဒီမှာ ကြီးဒေါ်၊ ဟို လိတ်ခရော့ဆင်မြို့မှာ မီးလောင်တုန်းက သေ သွားတဲ့ လူတွေရဲ့ ဆွေမျိုးသားချင်းတွေကို အဲဒီစကား သွားပြောဖို့ကောင်းတယ်။ ပြီးတော့ သူ့ကိုယ်ခန္ဓာကိုယ်ပေါ်မှာလည်း အသားတွေ အများကြီး ကျန်ပါသေး တယ်။ သူ မသေနိုင်သေးပါဘူး''

''ဘာလဲ၊ ရှင်က သူ့ကို တစ်ညလုံး ဒီလိုပဲ ကြိုးနဲ့ချည်ပြီး ထားမှာလား''

''ဟုတ်တယ်၊ ကျုပ် အဲဒီအတိုင်း စိတ်ကူးထားတယ်၊ သူ့ကို မနက်ကျမှ ကြိုးဖြေပေးမယ်''

''မနက်ကျမှ...''

''ဟုတ်တယ်၊ ဒါကလည်း သူ့ကို သနားလို့ မဟုတ်ဘူး။ အဲဒီအချိန် ရောက်ရင် ကျုပ်တို့ဟာ ရန်သူ့နယ်မြေရဲ့ ဗဟိုလောက်ကို ရောက်နေပြီ။ ဒီတော့ သူ ထွက်ပြေးဖို့ ကြိုးစားမှာ မဟုတ်တော့ဘူး။ လက်နက်ဗလာ မြင်းမပါတဲ့ လူဖြူ တစ်ယောက်ဟာ လူနီနယ်မြေထဲမှာ နှစ်နာရီတောင် ကြာအောင်ခံမှာ မဟုတ်ဘူး။ ဒါမှမဟုတ် ခါလည်သားကလေးကတောင် သူ့ကို ဆီးနှင်းခဲထဲမှာ ခြေရာခံလို့ ရနိုင်တယ်။ ဒါမှမဟုတ်ရင်လည်း သူဟာ အာဟာရ ပြတ်ရင်ပြတ်၊ မပြတ်ရင်လည်း အအေးမိပြီး သေမှာ အမှန်ပဲ''

''ဒီတော့ သူ ဒီမှာ တစ်ညလုံး ဒုက္ခခံပြီး နေရတော့မှာပေါ့''

ပီးယားစ်က စိတ်ရှည်လက်ရှည် ထပ်ပြောပြန်သည်။

''ဒီလူဟာ လူသတ်သမား၊ မီးရှို့တဲ့လူ၊ သူခိုး၊ လူလိမ်၊ လူညာ၊ ပြီးတော့ ... ဘာကြောင်တဲ့လူ။ ဒီလိုလူမျိုးကိုမှ ရွေးပြီး သနားနေတာ အံ့စရာပါပဲဗျာ''

''အင်း ရှင်ကလည်း တော်တော့ကို အံ့စရာကောင်းတဲ့ ဥပဒေဘက် ... သား တစ်ယောက်ပါပဲ''

မာရီကာ၏ ပေါက်ကွဲမှုသည် အားလုံးအတွက် အံ့စရာဖြစ်နေကြောင်း ... ထင်ရှားလှ၏။

''ဒါမှမဟုတ် ရှင် ဥပဒေကို နားမလည်ဘူးနဲ့တူတယ်။ ဟင့်အင်း၊ ... တို့ နှုတ်ပိတ်ဖို့ မကြိုးစားပါနဲ့ ဦးလေး။ အမေရိကန်နိုင်ငံရဲ့ ဥပဒေက ... ယောက်ကို အပြစ်ရှိပါတယ်လို့ သက်သေမပြနိုင်သေးခင် အပြစ်မရှိတဲ့ လူ ... ယောက်အနေနဲ့ လက်ခံတယ်လို့ ဆိုထားပါတယ်။ အခု ဒီက မစ္စတာပီးယားစ်က ... သူ ဘာသာသူ ရုံးတင်စစ်ဆေးပြီး အပြစ်ရှိတယ်လို့ စီရင်ချက် ချလိုက်ပြီလေ။ ... ပ်မြင့်မြင့် တစ်ပင်ကို တွေ့ရင် သူ့ကို ချက်ချင်း ကြိုးပေးပြီး သတ်လိမ့်မယ်

www.burmeseclassic.com



ထင်တယ်။ ဥပဒေ၊ ဘာဥပဒေလဲ။ လူတစ်ယောက်ကို ခွေးရူးတစ်ကောင်လို သဘောထားလို့ ရတယ်လို့ ဆိုတဲ့ ဥပဒေဆိုတာ ရှိရင် ကျွန်မကို ပြစမ်းပါ"

မာရီကာသည် ဂါဝန်ကို ဆွဲမ,ပြီး ချာခနဲလှည့်၍ ထွက်သွားပါ၏။ အိုဘာရိုင်ရင်က ခပ်တည်တည် မျက်နှာပေးနှင့် ဝင်ပြောလိုက်သည်။

"နသန်၊ မင်းကို ငါက ဥပဒေ နားလည်တဲ့လူလို့ ထင်နေမိခဲ့တာ"

ပီးယားစ်က အိုဘာရိုင်ရင်ကို ရှုံ့မဲ့ပြလိုက်ပြီးနောက် မချိတရိ ပြုံးလိုက်ပြီး အရက်ခွက်ကို လှမ်းယူလိုက်၏။



တပ်မတော်သားများကို တင်ဆောင်လာသည့် စစ်မီးရထားကြီးသည် မတ်စောက်သော ရထားလမ်းပေါ်တွင် အပြင်းအထန် ရုန်းကန်၍ တက်နေရသည်။

အပြင်ဘက်တွင် ရာသီဥတု အလွန်ဆိုးဝါးနေသော်လည်း ရထားတွဲအတွင်းကား အဆက်မပြတ် ထင်းထည့်ပေးနေသော မီးလင်းဖိုမှ အပူငွေ့ကို ရနေသည်သာမက ရေနံဆီမီးခွက်မှ အလင်းရောင်ကြောင့် လင်းထိန်၍နေသည်။ သို့သော် နွေးထွေးသည့် အရသာကို ဂျွန်ဒီကင်တစ်ယောက် ခံစားနိုင်ခြင်း မရှိပါ။ လက်နှင့် ခြေထောက်များကို ချည်နှောင်ထားခြင်း ခံရဆဲ ဖြစ်သော်လည်း ထိုင်လျက် မဟုတ်ဘဲ ဘေးစောင်း လဲကျနေသည်။ သူ့လက်တွင် ချည်နှောင်ထားသော ကြိုးများ၏ တင်းကျပ်မှု အနည်းငယ် လျော့သွားစေရန်အတွက် ကြိုးစား၍ ရုန်းကန်ကြည့်မိသော်လည်း နာကျင်လှသဖြင့် ချက်ချင်း လက်လျှော့လိုက်ရလေသည်။

ရထားတွဲထဲတွင် အိပ်မပျော်နိုင်သူမှာ ဂျွန်ဒီကင် တစ်ဦးတည်းသာ မဟုတ်ပါ။ ကျဉ်းမြောင်းလှသော အခန်းကလေးထဲရှိ အိပ်စင်ပေါ်၌ မာရီကာသည် အောက်နှုတ်ခမ်းကို ကိုက်ရင်း ခပ်မတ်မတ်ထိုင်လျက် ရှိ၏။ မာရီကာက တံခါးပေါက်ကို မကြာခဏ လှမ်းကြည့်နေမိလေသည်။ မာရီကာသည် ဂျွန်ဒီကင်အကြောင်းကို တဝဲလည်လည် စဉ်းစားနေမိ၏။ ဂျွန်ဒီကင်တစ်ယောက် မသက်မသာ ရှိနေရှာလေရော့မည်။ ချက်ချင်းလိုလိုပင် မာရီကာသည် ယတိပြတ် ဆုံးဖြတ်ပြီး ဆတ်ခနဲ ထ,လိုက်၏။ ခြုံထည်တစ်ထည်ကို ဆွဲယူပြီး ပခုံးတွင် ရစ်ပတ်လိုက်သည်။ ထို့နောက် အခန်းထဲမှ စင်္ကြံလမ်းထဲသို့ ဖြည်းညင်းစွာ ထွက်လိုက်ပြီး တံခါးကို ဖြည်းညှင်းစွာ ပြန်ပိတ်လိုက်လေ၏။



မာရီကာသည် နံဘေးအခန်းတံခါးကို နားနှင့်ကပ်၍ နားစွင့်လိုက်၏။ နီဗာဒါပြည်နယ်၏ ဘုရင်ခံကြီးသည် တခေါခေါနှင့်ဟောက်၍ အိပ်မောကျနေလေပြီ။ ကျေနပ်သွားသော မာရီကာသည် စင်္ကြံလမ်းအဝတွင်ရှိသော တံခါးကိုဖွင့်၍ ထွက်လိုက်ပြီးနောက် တံခါးကို ပြန်ပိတ်ပြီး ဂျွန်ဒီကင်ကို ငုံ့ကြည့်လိုက်သည်။ ဂျွန်ဒီကင်ကလည်း မာရီကာကို ပြန်ကြည့်နေပါ၏။ မာရီကာက တည်ငြိမ် အေးဆေးသော လေသံနှင့် မေးလိုက်သည်။

"နေလို့ ရရဲ့လား"



ဒီကင်က အနည်းငယ် စိတ်ဝင်စားသော မျက်နှာထားနှင့် ပြန်ကြည့်ရင်း ပြောလိုက်သည်။

"ဘုရင်ခံကြီးရဲ့ တူမတော်က ဒီလိုဆိုတော့လည်း သိပ်မဆိုးဘူးလို့ ဆိုရမှာပေါ့။ ဒါပေမဲ့ ခင်ဗျားကို ဒီနေရာမှာ ဘုရင်ခံကြီးက ဒါမှမဟုတ် ဗိုလ်မှူးကြီးက ပြီးတော့ ပီးယားစ်က တွေ့သွားရင် ခင်ဗျား ဘာလုပ်မလဲ"

မာရီကာကလည်း လုံးကြီးတင်သည်ကို ခံချင်သူ မဟုတ်။

"ဒီမှာ မစ္စတာဒီကင်၊ ရှင်က ကျွန်မကို ဆုံးမသွန်သင်နေစရာ မလိုပါဘူး။ ရှင့်မှာ အဲဒီလို ပြောပိုင်ခွင့်လည်း မရှိပါဘူး၊ အခု ကျွန်မ မေးတာက ရှင် နေလို့ရရဲ့လားလို့"

ဒီကင်က သက်ပြင်းချလိုက်သည်။

"ဒါကတော့ဗျာ၊ အနူကို ကြိုးနဲ့တုပ်ပြီး ခြေထောက်နဲ့ ကန်တာပဲ၊ ကျုပ်က ခင်ဗျားကို ဘယ်လို ပြောရမှာလဲ၊ ခင်ဗျားလည်း မြင်နေသားပဲဥစ္စာ။ ကျုပ် တစ်သက်လုံး ဒီပုံစံနဲ့ အိပ်နေကျဗျ"

မာရီကာအသံက အေးစက်သွားသည်။

"ရှင် ကျွန်မကို ငေါ့စရာ ထေ့စရာ မလိုပါဘူး။ အခု ရှင်နဲ့ စကားပြောရတာ တော်တော်လေကုန်သွားပြီ။ အခု ကျွန်မ လာတာ ရှင် ဘာများ လိုချင်သေးသလဲလို့ လာမေးတာ"

"စိတ်မဆိုးပါနဲ့ဗျာ၊ ရန်လုပ်ချင်လို့ မဟုတ်ပါဘူး၊ ဂျွန်ဒီကင် တစ်ယောက် စိတ်တိုနေလို့ပါ။ ပြီးတော့လည်း ဟိုရဲမှူးကြီး ပြောသွားတာကို ခင်ဗျားလည်း ကြားတယ် မဟုတ်လား။ ကျုပ်ကို သနားမနေပါနဲ့တော့"

"ရဲမှူးကြီး ပြောတာကို ကျွန်မ ကြားပါတယ်။ ဒါပေမဲ့ အစားအနက် မစားပါဘူး။ အဲ မီးဖိုထဲမှာတော့ စားစရာ နည်းနည်းပါးပါး ကျန်သေးတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ စားချင်စိတ် မရှိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



''တစ်ခုခု သောက်ဦးမလား''

''အဲ ကြားရတာ နားဝင်ချိုလိုက်တာဗျာ''

ဂျွန်ဒီကင်သည် အပြင်းအထန် ကြိုးစားပြီး မတ်မတ်ထိုင်နိုင်သည်အထိ ကြိုးစားလိုက်၏။

''အေးဗျာ၊ တစ်ညနေလုံး သူတို့ သောက်နေကြတာကို ကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။ ပြီးတော့လည်း ကျုပ်က ပါးစပ်ထဲ သူများ လာထည့်ပေးတာကို သိပ်မကြိုက်ဘူး။ ဒီတော့ ကျုပ်လက်ကောက်ဝတ်က ကြိုးတွေကို ဖြေပေးပါလားဟင်''

''နေပါဦး၊ ရှင်က ကျွန်မကို ရူးနေတယ်လို့များ ထင်နေသလား။ ရှင့်လက်တွေက ကြိုးကို ဖြေပေးလိုက်တာနဲ့ တစ်ပြိုင်နက် ရှင်က ကျွန်မရဲ့''

''မင်းရဲ့ လည်တိုင်လှလှကလေးကို ညှစ်မှာတဲ့လား''

ဂျွန်ဒီကင်က မာရီကာ၏ လည်ပင်းကို စူးစူးစိုက်စိုက် ကြည့်နေလိုက်၏။ မာရီကာကလည်း ခပ်တည်တည် ပြန်ကြည့်နေသည်။

''တကယ်ပြောရရင် မင်းရဲ့ လည်ပင်းက တော်တော့်ကို လှတယ်။ ဒါပေမဲ့ ကျုပ် ပြောချင်တာက ဒါ မဟုတ်ပါဘူး။ အခုလောလောဆယ်မှာတော့ ဝီစကီဖန်ခွက်ကိုသာ ကိုင်ချင်စိတ် ရှိပါတယ်။ ဒါနဲ့ စကားမစပ် ကျုပ်ရဲ့လက်တွေကို တွေ့ပြီးပြီလား''

ဂျွန်ဒီကင်က လက်များကို မြင်နိုင်စေရန် နောက်သို့ လှည့်ပြီးပြလိုက်သည်။ သူ့လက်နှစ်ဖက်မှာ ပြာနှမ်းနှမ်း ဖြစ်နေပြီး အဆမတန် ညိုမည်း ရောင်ကိုင်းနေသည်။ အဆိုပါ ရောင်ကိုင်းနေသော လက်ကောက်ဝတ်မှ အသားများထဲသို့ ကြိုးများက စူးဝင်နေကြပါ၏။

''ကျုပ်တို့ရဲ့ ရဲမှူးကြီးဟာ တခြားနေရာမှာသာ လစ်ဟင်းချင် လစ်ဟင်းမယ်၊ ချည်နှောင်တဲ့ နေရာမှာတော့ တော်တော်ဝီရိယရှိတဲ့ ပုဂ္ဂိုလ်ပဲ''


မာရီကာက နှုတ်ခမ်းကို တင်းတင်းကျပ်ကျပ် စေ့ထားလိုက်သည်။ ဒေါသလည်း ဖြစ်ပုံရ၏။ သနားစိတ်လည်း ဖြစ်ပေါ်နေပုံရသည်။

''ရှင် ကတိပေးမလား''

''ဒီတစ်ခါမေးဖို့က ကျုပ်အလှည့်ပဲ။ နေပါဦး၊ ကျုပ်ဟာ ရူးနေတဲ့လူနဲ့တူသလား။ ဒီလူနီနယ်မြေထဲမှာ ထွက်ပြေးမယ့်လူလား၊ ပြောစမ်းပါဦး''

မာရီကာက ဂျွန်ဒီကင်၏ ကြိုးများကို ဖြေပေးသည်မှာ တစ်မိနစ်သာ ကြာသည်။ သို့သော် ဂျွန်ဒီကင်သည် အနီးဆုံး ကုလားထိုင်တစ်လုံးပေါ်သို့ ပြေးထိုင်ပြီး





ထုံကျဉ်နေသော လက်နှစ်ဖက်ကို သွေးလည်ပတ်မှု ရှိလာသည်အထိ စောင့်ရသည်မှာ နောက်ထပ်လေးမိနစ် ကြာသည်။ ကြိုးနှင့် တင်းတင်းကျပ်ကျပ် ချည်ခံရသော ဒဏ်ရာက ပြင်းထန်မည်မှာ သေချာလှသော်လည်း ဂျွန်ဒီကင်၏ မျက်နှာက ခပ်တည်တည်ပင် ဖြစ်သည်။ သူ့ကို မျက်တောင်မခတ် စိုက်ကြည့်နေသော မာရီကာက နှုတ်ချက်ချလိုက်၏။

''ဂျွန်ဒီကင်ဟာ အများတကာက ထင်သလို သွေးကြောင်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး''

''အရွယ်ရောက်နေတဲ့ ယောကျ်ားကြီးတစ်ယောက်ဟာ မိန်းကလေးတွေရဲ့ ရှေ့မှောက်မှာ ငိုပြလို့ ဖြစ်ပါ့မလား''

ဂျွန်ဒီကင်က သူ့လက်နှစ်ဖက်ကို ကွေးချည်ဆန့်ချည် လုပ်လိုက်၏။

''မစ်(စ်)ဖဲယားချိုင်း၊ ခင်ဗျား ခုနကတုန်းက သောက်စရာ တစ်ခုခု ရယ်လို့ ပြောခဲ့သလားပဲ''

မာရီကာက အရက်တစ်ဖန်ခွက် ယူပေးသည်။ ဒီကင်က ဖန်ခွက် တစ်ဝက်ခန့်ကို တစ်ကျိုက်တည်းနှင့် မော့ချလိုက်ပြီးနောက် ကျန်ရစ်သွားသည့်ဟာန်နှင့် ဖန်ခွက်ကို ဘေးနားရှိ စားပွဲပေါ်သို့တင်ပြီး ခြေကျင်းဝတ်တွင် ချည်နှောင်ထားသော ကြိုးများကို ငုံ့၍ ဖြေသည်။

မာရီကာသည် အလွန်အမင်း ဒေါပွသွားပုံရ၏။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ထိုင်ရာမှ ခုန်ထလိုက်သည်။ ထို့နောက် ခဏအကြာတွင် အခန်းထဲမှ ပြေးထွက်သွား၏။ ဂျွန်ဒီကင်က ခြေကျင်းဝတ်မှ ကြိုးများကို ဖြေနေစဉ် စက္ကန့်ပိုင်းအတွင်း၌ မာရီကာ ပြန်ရောက်လာသည်။ ဂျွန်ဒီကင်သည် မာရီကာ၏ လက်ထဲမှ သူ့အား ချိန်ထားသော ပစ္စတိုသေနတ် ကလေးကို စိတ်မသက်မသာနှင့် ကြည့်ရင်း ပြန်မေးလိုက်၏။

''နေပါဦး၊ မင်းက ဘာပြုလို့ သေနတ်ကြီး တကားကား လုပ်နေရတာလဲ''

''ဦးလေးက ပြောတယ်၊ လူနီတွေနဲ့ တွေ့ရင်...''

မာရီကာက ပြောလက်စ စကားကို ရပ်လိုက်ပါ၏။ ပြီးနောက် ဒေါပွသော အသံနှင့် ပြောလိုက်သည်။

''ရှင် ရှင် ကျွန်မကို ကတိပေးထားပြီးမှ''

''နေပါဦး၊ လူတစ်ယောက်ဟာ လူလည်း သတ်တယ်၊ မီးလည်း ရှို့တယ်၊ ခိုးလည်း ခိုးတယ်၊ သတ္တိလည်း မရှိဘူးဆိုရင် နည်းနည်းကလေး ညာပြောတာ လောက်အတွက် မအံ့ဩပါနဲ့''

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဒီကင်က ခြေကျင်းဝတ်မှ ကြိုးများ ပြေသွားအောင် ဖြေလိုက်ပြီး မှောက်လျက် ခင်ထိုင်ထိုင်နှင့် ထ,လိုက်၏။ ၄င်းနောက် ရှေ့သို့ နှစ်လှမ်းတိုးသွားပြီး မာရီကာ၏ လက်ထဲမှ သေနတ်ကို ယူလိုက်သည်။ ပြီး မာရီကာကို ကုလားထိုင်တစ်လုံးပေါ်သို့ ညင်သာစွာ တွန်း၍ ထိုင်ခိုင်းပြီး အဆိုပါ ပစ္စတိုလေးကို ပေါင်ပေါ်သို့ ပြန်တင်ပေးလိုက်၏။ ၄င်းနောက် သူ့ကုလားထိုင် ရှိရာသို့ ခုန်ဆွ ခုန်ဆွနှင့် ပြန်လာပြီး ထိုင်ချလိုက်သည်။

"ဒီမှာ အစ်မကြီး၊ စိတ်အေးချမ်းသာနဲ့ ထိုင်နေစမ်းပါဗျာ၊ တကယ် ပြောရရင် ကျုပ် ဘယ်ကိုမှ ထွက်မပြေးပါဘူး။ အခု သွေးမလျှောက်တဲ့ ထုံကျဉ်နေလို့ပါ။ ကျုပ်ရဲ့ ခြေကျင်းဝတ်တွေကိုကော ကြည့်ဦးမလား"

"မကြည့်ဘူး"

မာရီကာသည် သူမ၏ တွန့်ဆုတ်ဆုတ်နိုင်မှုအတွက် ဒေါသဖြစ်နေမိရသည်။

"အေးဗျာ၊ ကျုပ်လည်း ကြည့်ချင်စိတ် မရှိပါဘူး။ ဒါနဲ့ စကားမစပ် ခင်ဗျားမှာ အမေ ရှိသလား"

"ကျွန်မ အမေ"

မမျှော်လင့်သော မေးခွန်းကြောင့် အငိုက်မိသွားရရှာ၏။ ပြီးမှ-

"နေပါဦး၊ ရှင်နဲ့ ဘာဆိုင်လို့တုံး"

"စကားစမြည်လေး ပြောလို့ရအောင် မေးတာပါဗျာ၊ တစ်ခါမှ မသိကျွမ်းသေးတဲ့ လူစိမ်းနှစ်ယောက်၊ ပထမဆုံးအကြိမ် တွေ့ရင် စကားပြောရတာ ဘယ်လောက်တောင် ခက်သလဲ"

သူသည် ထိုင်ရာမှ ထ၍ ဖနောင့်ကိုကိုင်ရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

"နေပါဦး၊ အမေ ရှိသေးသလား"

မာရီကာက ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

"ရှိတယ်"

"ဒါဖြင့်ရင် နေမကောင်းဘူးနဲ့တူတယ်"

"ရှင် ဘယ်လိုလုပ်သိသလဲ၊ နေပါဦး၊ ဒီကိစ္စက ရှင်နဲ့ ဘာဆိုင်လို့တုံး"

"မဆိုင်ပါဘူး၊ ဒါပေမဲ့ ကျုပ်မှာ စပ်စပ်စုစု လုပ်တတ်တဲ့ ဝါသနာအရိုးစွဲအောင် ပါလာလို့ပါဗျာ"

"အဲ့စရာ ကောင်းပါရဲ့ မစ္စတာ ဒီကင်ရယ်"



"မအံ့သြနဲ့ဗျာ၊ ဒီတော့ မင်းအမေ နေမကောင်းလို့ သမီးဖြစ်သူက အမေကို ...ဖို့ လိုက်လာရတာပေါ့ ဟုတ်လား။ နောက်တစ်ချက်ကတော့ ဒီနယ်မြေဟာ ...တွေ အင်မတန် သောင်းကျန်းတဲ့ နယ်မြေဖြစ်တယ်။ ပြီးတော့ ခံတပ်ထဲမှာလည်း ...ကြောက်စရာ ဝမ်းရောဂါတွေ ဖြစ်နေတယ်။ အဲဒီလို အနေ အထားမျိုးမှာမှ မင်းကို ...ခဲ့ဖို့ ခေါ်လိုက်တာကို အံ့သြမိတယ်။ မင်းကကော အဲဒီလို မထင်မိဘူးလား။ ...တော့ မင်းအဖေက မင်းကို သိပ်ပြီးအရေးတကြီး လိုအပ်နေလို့သာ ခေါ်လိုက်တာ ...ဖြစ်ရမယ်။ နေပါဦး၊ မင်းကို စာရေးပြီး ခေါ် လိုက်တာလား"

"ရှင့်မေးခွန်းတွေကို ကျွန်မ ဖြေဖို့မလိုပါဘူး"

သို့သော် ဂျွန်ဒီကင်၏ မေးခွန်းများက မာရီကာ့ကို စိတ်ဝင်စားစေခဲ့သည်မှာ ထင်ရှားလှသည်။

"ကျုပ်ကို ရဲမှူးကြီးက ဘယ်လိုပဲ သမုတ် သမုတ်၊ ကျုပ်ကတော့ ...ကောင်းကော်းနဲ့ အမေးအမြန်း ထူတတ်တယ်။ ဒါဖြင့်ရင် စာနဲ့ခေါ်တာတော့ ဟုတ်တော့ဘူးပေါ့။ အေးလေ၊ အရေးကြီးတဲ့အခါကျရင် သံကြိုးနဲ့သာ အကြောင်းကြားတတ်ကြတာပဲ"

သူက သူ့မေးခွန်းလမ်းကြောင်းကို ချက်ချင်း ပြောင်းလိုက်ပါ၏။

"မင်းရဲ့ ဦးလေး၊ ဗိုလ်မှူးကြီး ကလဲယားမွန်နဲ့ ဗိုလ်မှူး အိုဘရိုင်ရင် ...တို့ အကြောင်းကိုလည်း မင်း ရင်းရင်းနှီးနှီး သိတယ် မဟုတ်လား"

"ရှင် ရှင် တဖြည်းဖြည်းနဲ့ သည်းမခံနိုင်လောက်အောင် လွန်လာပြီ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျေးဇူးတင်လှပါတယ်"

ဂျွန်ဒီကင်က အရက်ဖန်ခွက်ကို မော့ချလိုက်ပြီးနောက် ပြန်ထိုင်ရင်း ခြေကျင်းဝတ်မှ ကြိုးများကို ပြန်ချည်လိုက်၏။

"အေးလေ၊ ကျုပ် သိချင်သမျှကတော့ ဒါလောက်ပါပဲ"

သူက မတ်မတ်ရပ်လိုက်ပြီး ကြိုးတစ်ချောင်းကို လှမ်းပေးလိုက်သည်။ ၄င်းနောက် လက်နှစ်ဖက်ကို နောက်ပစ်လိုက်ပြီး တစ်ဖက်သို့ လှည့်လိုက်၏။

"အေးဗျာ ကျေးဇူးပြုပြီး ဒီအချီကျရင်တော့ တင်းတင်းကြီး မချည်ပါနဲ့"

မာရီကာက ခပ်ဖြည်းဖြည်း ပြောလိုက်သည်။

"နေပါဦး၊ ရှင့်မှာ ဒီလောက်တောင် ဒုက္ခ သုက္ခတွေနဲ့ တွေကြုံနေရတဲ့ ...ထဲက ကျွန်မကို ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို တခြားမှာ စိတ်ဝင်စားမှု ရှိမှလည်း ကိုယ့်ဆီက စိတ်ညစ်တာ တွေ လျော့သွားမှာပေါ့"

ကြိုးက အတော်ကလေး တင်းသွားသောကြောင့် သူက ကန့်ကွက် လိုက်သည်။

"ဖြည်းဖြည်းလုပ်ပါဗျာ၊ ဖြည်းဖြည်းလုပ်ပါ"

မာရီကာက တစ်လုံးမှ ပြန်မဖြေပါ။ ကြိုးကိုသာ ဂရုတစိုက် ချည်ေ သည်။ ၎င်းနောက် ရှုန်ဒီကင်ကို ထိုင်နေသည့် အနေအထားသို့ ရောက်အောင် ကူညီပေးသည်။ ၎င်းနောက်မှ လှဲအိပ်သည့် အနေအထားသို့ ရောက်အောင် လုပ်ပေးပြီ စကားတစ်လုံးမှ မပြောဘဲ ပြန်ထွက်သွားပါ၏။

သူ့အခန်းထဲသို့ ပြန်ရောက်သောအခါ မာရီကာသည် တံခါးကို အသံ မမြည်အောင် ပြန်ပိတ်လိုက်ပြီးနောက် အိပ်ရာပေါ်တွင် ထိုင်ရင်း အချိန် တော်တော် ကြာအောင် တွေးနေမိလေသည်။

❖

မီးရထားစက်ခေါင်းတွဲထဲတွင်လည်း စက်ခေါင်းအင်ဂျင်နီယာ ဘန်လွှ သည် စက်ခေါင်းမှ ဒိုင်ခွက်များကို ကြည့်လိုက်၊ ခေါင်းတွဲ ပြတင်းပေါက် အပြင်သို့ ခေါင်းပြူပြီး စက်ခေါင်းရှေ့သို့ လှမ်းကြည့်လိုက်၊ ကောင်းကင်သို့ မော်ကြည့်လိုက်နှင့် အလုပ်ရှုပ်နေရှာပါ၏။

အရှေ့ဘက်သို့ တဖြည်းဖြည်း ရွေ့လျားနေသော မိုးတိမ်မည်းများသည် ကောင်းကင်တစ်ပြင်လုံးကို ဖုံးအုပ်လုနီးပါး ဖြစ်နေလေပြီ။ မကြာမီအတွင်း တစ်မိုးလုံး မှောင်ရှုံသွားတော့မည် ဖြစ်သည်။

မီးထိုးသမား ဂျက်ဆင်သည် ဘန်လွှန်နှင့် မတိမ်းမယိမ်းပင် ဖြစ်သည် အသားမည်းပြီး အလွန်ပိန်သည်။ ခြေထောက်နှစ်ချောင်းကလည်း ဝါးရင်းတုတ် နှစ်ချောင်းကို ထောင်ထားသလိုပင်တည်း။ ရာသီဥတုက အလွန်အမင်း အေးအေ သော်လည်း သူ့တစ်ကိုယ်လုံးတွင် ချွေးများ ရွှဲရွှဲစိုလျက် ရှိသည်။ ယခုလို မတ်စောက် သော ရထားလမ်းပေါ်တွင် ခုတ်မောင်းနေရသည့်အခါ ရေနွေးငွေ့ ပေါင်ချိန် အမြဲပြည့် အောင် ထင်းကို အဆက်မပြတ် ထည့်ပေးဖို့လိုသည်။ ထို့ကြောင့် ထင်းစည်းကြီး တစ်စည်းကို ရဲရဲနီနေသော မီးကျီးခဲများပေါ်သို့ ပစ်တင်လိုက်ရင်း မီးဖိုတံခါးကို ပိတ်လိုက်သည်။ ၎င်းနောက် ညစ်ပတ်ပေရေနေသော မျက်နှာသုတ်ပဝါနှင့် နဖူး



သုတ်လိုက်၏။ မီးဖိုတံခါးကို ပိတ်လိုက်သောကြောင့် စက်ခေါင်းတွဲတွင် အလင်းရောင် လျော့သွားသည်။ စက်ခေါင်းကြမ်းပြင်ပင်လျှင် ခပ်မှောင်မှောင် ဖြစ်သွားသည်။

ဘန်လွှန်သည် ပြတင်းပေါက်မှ ပြန်လှည့်လာပြီး ဒိုင်ခွက်များဆီသို့ ဦးတည် လိုက်သည်။ ထိုအခိုက်မှာပင် သံကို သံချင်း ရိုက်ခတ်သည့်အသံမျိုး ကျယ်လောင်စွာ ပေါ်လာ၏။ ဤတွင် ဘန်လွှန်က မကြားဝံ့ မနာသာ ဆဲရေး တိုင်းထွာလိုက်သည်။

ဂျက်ဆင်က အထိတ်တလန့် မေးလိုက်၏။

"ဘာဖြစ်တာလဲ"

ဘန်လွှန်က ချက်ချင်းမဖြေ။ သူက ဘရိတ်ရှိရာသို့ လက်လှမ်းလိုက်သည်။ ၎င်းနောက် ခဏအကြာတွင် ဘရိတ်ကို ရုတ်တရက် ဆွဲလိုက်သည့်အတွက် တွဲ တစ်တွဲနှင့် တစ်တွဲအကြားတွင် ဆက်ထားသည့် တွဲဆက်များ အချင်းချင်း ထိခိုက် ၏ သံဘီးနှင့် သံလမ်းတို့ပွတ်၍ ကြိတ်မီးသံများ ပေါ်ထွက်လာပြီးနောက် ရထားသည် ဖြည်းဖြည်းနှင့် နှေးသွားပြီး နောက်ဆုံးတွင် ရပ်တန့်သွား၏။

ရထားတစ်တွဲလုံးတွင် ပါလာသူများအနက် အိပ်မပျော်သေးသူ အနည်းစုနှင့် ဆား ရုတ်တရက် ရပ်လိုက်သောကြောင့် ဂုန်းဂုန်းဒိုင်းဒိုင်းနှင့် အိပ်ပျော်နေရာမှ နိုးလာရသူများသည် ရှိနေရာမှ လိမ့်ကျမသွားအောင် နီးစပ်ရာ တစ်ခုခုကို တွယ် ဆုပ်ကိုင်ထားခဲ့ကြရ၏။ အအိပ်ကြီးသူများကမူ ကြမ်းပြင်ပေါ်သို့ ဂုန်းခနဲ ကျသည်အထိ ခံရရှာသည်။

"ဟိုရေနွေးငွေ့ဖိအား ပြတဲ့ ကိရိယာက ဒုက္ခပေးပြန်ပြီ"

ဘန်လွှန်က ရေရွတ်လိုက်၏။

"ဟို မူလီခေါင်းကလေးဟာ ပြုတ်ကျသွားပြန်ပြီနဲ့တူတယ်။ ဟော့ တလင်ကို ခေါင်းလောင်းနဲ့ အကြောင်းကြားလိုက်စမ်း။ ဘရိတ်ကို တင်းတင်း ထားပါလို့။ ပြီးတော့ မီးဖိုတံခါးကို ပြန်ဖွင့်လိုက်စမ်းပါကွာ။ ဟောဒီ မှိတ်တုတ် တုတ် မီးခွက်ထက်တော့ ပိုလင်းပါလိမ့်မယ်"

ဂျက်ဆင်က သူ ခိုင်းသမျှကို စုံလင်အောင် လုပ်ပေးလိုက်ပြီးနောက် င်းပေါက်မှ ခေါင်းပြူပြီး နောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။

"လူတော်တော်များများ ဒီဘက်ကို လာနေတယ်။ သူတို့ ကြည့်ရတာ တျှနပ်ပုံ မပေါ်ဘူး"

ဘန်လွှန်က မကျေမချမ်းနှင့် ပြောလိုက်သည်။

"ဘာလဲ၊ တို့ကို ကျေးဇူးတင်ပါတယ်လို့ ပြောမယ့် ကိုယ်စားလှယ်အဖွဲ့ လာစေချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ဘက်မှ ခေါင်းပြူပြီး နောက်ဘက်သို့ လှမ်းကြည့်လိုက်၏။

သို့သော် ရထားခေါင်းတွဲ ရှိရာသို့ မလာဘဲ ရထားတွဲနောက်ဘက်ဆီသို့ ပြေးသွားသူတစ်ယောက် ရှိပါသည်။ မှောင်ကြီးမည်းမည်းထဲတွင် သူ့ကို မည်သူ မည်ဝါ ဖြစ်သည်ဟု စုံစမ်းရန် မလွယ်ကူပါ။ သူသည် ရထားတွဲပေါ်မှ ခုန်ချလိုက် ပြီးနောက် မြေကြီးပေါ်တွင် ထိုင်ချရင်း နံဘေးပတ်ဝန်းကျင်ကို ကပျာကယာ ကြည့်လိုက်သည်။ ၄င်းနောက် ရထားလမ်းဘေးမှ အောက်အနိမ့်ပိုင်း ရှိရာသို့ ခုန်ဆင်း လိုက်ပြီးနောက် ခေါင်းပေါ်မှ ဦးထုပ်ကို နဖူးပေါ်ရောက်သည်အထိ ဆွဲချလိုက်ပြီး ရထားနောက်ဘက်ဆီသို့ ပြေးသွားသည်။

ဗိုလ်မှူးကြီး ကလဲယားမွန့်သည် အိပ်စင်ပေါ်မှ ကြမ်းပေါ်သို့ ဝုန်း လိမ့်ကျခဲ့ရသောကြောင့် ညာဘက်တင်ပါးတစ်ခြမ်း နာသွားသည်။ ထို့ကြောင့် လမ်း လျှောက်ရာတွင် ထော့နဲ့ ထော့နဲ့ ဖြစ်နေရှာ၏။ သို့သော် တင်ပါးဆုံ နာသွားသည့် တိုင်အောင် စက်ခေါင်းရှိရာသို့ သူ ပထမဦးဆုံး ရောက်ရှိလာသည်။ သူက စက်ခေါင်း ပေါ်သို့ သံလှေကားများကို ခက်ခက်ခဲခဲနင်းပြီး လက်ရန်းကို ဆွဲ၍ တက်လာ

''ဟော့ ဘန်လွန်၊ လူတွေအားလုံး အထိတ်တလန့်ဖြစ်အောင် လုပ်လိုက် တာ ဘာသဘောလဲကွ''

ဘန်လွန်က ရီရီသေသေ လေးလေးစားစားနှင့် ပြန်ဖြေလိုက်သည်။

''တောင်းပန်ပါတယ် ဗိုလ်မှူးကြီး၊ ဒါကတော့ ဒီစက်ခေါင်းမှာ ရှိ စက်ကိရိယာတစ်ခုခု ချို့ယွင်းသွားရင် ရပ်ရမယ်ဆိုတဲ့ မီးရထားကုမ္ပဏီရဲ့ ညွှန်ကြား ချက်အတိုင်း လုပ်တာပါ။ အခု ဟိုမှုလီခေါင်းတစ်ခု''

''အသေးစိတ်တွေကို ပြောမနေပါနဲ့တော့ကွာ''

ကလဲယားမွန့်က နာနေသော သူ့တင်ပါးကို လက်ဖဝါးနှင့် ပွတ်လိုက်သည်

''အဲဒါကို ပြင်ရင် ဘယ်လောက်လောက် ကြာမလဲ၊ ဒီညတစ်ည လောက် ကြာမှာလား''

ဘန်လွန်က ကျွမ်းကျင်လှသော စက်ဆရာကြီးတစ်ဦး၏ ပုံစံနှင့် ခပ်ယုံ ပြုံးလိုက်သည်။

''ငါးမိနစ်ထက် ပိုမကြာပါဘူး ဗိုလ်မှူးကြီး''

ဘန်လွန်က သူ၏ အတတ်ပညာဖြင့် စက်ကို ပြင်ဆင်ရန် ကြိုးပမ်း ချိန်တွင် ရထားနောက်ဘက်ဆီသို့ ပြေးနေသော ပုဂ္ဂိုလ်သည် ကြေးနန်းတိုင်တစ် ၏ ခြေရင်းသို့အရောက်တွင် တန့်ခနဲ ရပ်လိုက်သည်။ သူက နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။ ရထားနောက်ဘက်နှင့် ကြေးနန်းတိုင်သည် ကိုက်ခြောက်ဆယ်



ခန့် ဝေးသည်။ သူက ကျောနပ်သွားဟန်နှင့် ခါးပတ်တစ်ခုကို ထုတ်ယူလိုက်ပြီး သူ့ကိုယ်နှင့် ကြေးနန်းတိုင်ကိုတွဲပြီး ခါးပတ်နှင့် ပတ်သည်။ ၄င်းနောက် ကြေးနန်းတိုင် ပေါ်သို့ လျင်မြန်စွာ တက်သွား၏။

ကြေးနန်းတိုင်ထိပ်သို့ ရောက်သောအခါ အိတ်ထဲမှ ပိုင်ယာကြိုးဖြတ် သော ကတ်ကြေးတစ်ချောင်းကို ထုတ်ယူလိုက်ပြီး မီးရထားနှင့် ဝေးရာဘက်ရှိ ကြေးနန်းကြိုးများကို ဖြတ်တောက်ပစ်လိုက်သည်။ ဝိုင်ယာကြိုးများသည် အောက် ဘက်သို့ ကျသွားပြီး မှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။ ဤတွင် ထိုပုဂ္ဂိုလ်သည် ကြေးနန်းတိုင်ပေါ်မှ အလျင်အမြန် ပြန်ဆင်းလာသည်။

စက်ခေါင်းကြမ်းပြင်ပေါ်တွင် စပန်နာတစ်ချောင်းနှင့် ကုန်းကုန်းကွကွ လုပ်နေသော ဘန်လွန်သည် ကိုယ်ကိုပြန်၍ မတ်လိုက်၏။

ကလဲယားမွန့်က မေးလိုက်သည်။

''ပြီးပြီလားကွ''

ဘန်လွန်က လက်ဖမိုးနှင့် ပါးစပ်ကို ကာလိုက်ရင်း အနည်းငယ် သမ်းဝေ လိုက်သည်။ ပြီးမှ-

''ပြင်ပြီးပါပြီ ဗိုလ်မှူးကြီး''

''နေပါဦး၊ မင်းကော ဒီညမှာ ဆက်ပြီး မောင်းနိုင်ပါဦးမလား''

''ဖြစ်ပါတယ် ဗိုလ်မှူးကြီး၊ ကော်ဖီပူပူလေး သောက်ရရင် ဖြစ်ပါပြီ။ ကော်ဖီ ဖျော်ဖို့ကလည်း ဒီစက်ခေါင်းထဲမှာ ပစ္စည်းစုံစုံလင်လင် ရှိပါတယ်။ ဒါပေမဲ့ ကော်ဖြန်ခါ ကျရင်တော့ ဂျက်ဆင်နဲ့ ကျွန်တော်တို့ ခဏလောက် မှေးခွင့်ရမယ်ဆိုရင်''

''အေး ကောင်းပြီ၊ ငါ ကြည့်စီစဉ်ပေးမယ်''

ကလဲယားမွန့်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။ ဤသို့ ပြောလိုက်ခြင်း မှာ ဘန်လွန်ကို မကျေနပ်၍ မဟုတ်၊ တင်ပါးဆုံက နာနေသောကြောင့်ပင် ဖြစ်သည်။ သူက သူ့တွဲ ရှိရာသို့ ပြန်သွား၏။

ရထားကလည်း တဖြည်းဖြည်း ပြန်၍ခုတ်မောင်းစပြုလေပြီ။ ထိုအချိန် တွင် ရထားနောက်ဘက်မှ ပြန်လာသော ပုဂ္ဂိုလ်သည် ရထားဘေးမှ ပေါ်လာပြီး နောက် ဘေးပတ်ဝန်းကျင်ကို မျက်စိတစ်ချက် ဝေ့လိုက်၏။ တတိယအတွဲ၏ နောက်ဘက်ဆီသို့ လျင်မြန်စွာ ခုန်တက်သွားပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အရုဏ်တက်စ ပြုလေပြီ။ သို့သော် ဤကဲ့သို့ မြင့်မားသော တောင်ပေါ်ဒေသများတွင် ဤကဲ့သို့သော ရာသီပိုင်း၌ အရုဏ်တက်ချိန်မှာ နောက်ကျလေ့ ရှိသည်။ ယမန်နေ့ ညနေက မြင်ခဲ့ရသော တောင်ထိပ်တောင်ထွတ်များသည် ပို၍နီးလာသော်လည်း ယနေ့ အရုဏ်တက်ချိန်တွင် မမြင်ရတော့ပါ။ အနောက်ဘက်ရှိ ကောင်းကင်ပြင် တစ်ပြင်လုံးသည် မည်းညစ်ညစ်နှင့် အုံ့ဆိုင်းနေပါ၏။ ရှေ့ဘက်သို့ မျှော်ကြည့်လျှင် လည်း သဲသဲကွဲကွဲ မမြင်ရပါ။ ထို့ကြောင့် ဤဒေသနှင့် တစ်မိုင် နှစ်မိုင်ခန့် ဝေးကွာသော အရပ်တွင် ဆီးနှင်းခဲများ ကျနေပြီဖြစ်ကြောင်း သိသာနိုင်လောက်ပါ၏။

ဆီးနှင်းဖြူများ ဖုံးအုပ်နေသော ထင်းရှူးပင် ထိပ်ဖျားများသည် နံနက် ခင်း၏ ကြည်လင်လတ်ဆတ်သော လေကြောင့် တယိမ်းယိမ်း တနွဲ့နွဲ့ ရှိနေကြ သည်။ မြစ်ရေပြင်ထဲတွင်လည်း ကမ်းစပ်မှစ၍ ရေခဲစပြုလာပြီဖြစ်ရာ မကြာမီ မြေပြင်တစ်ခုလုံး ရေခဲများ ဖုံးလွှမ်းသွားဖွယ်ရာ ရှိပါ၏။ တောင်ပေါ်ဒေသ၏ ဆောင်း ရာသီနှင့် နဖူးတွေ့ ဒူးတွေ့ ကြုံကြရလေပြီ။

စားပွဲထိုး ဟင်နရီသည် အရာရှိများ နေ့လယ်ခင်း အပန်းဖြေရာ အခန်း တွင်း၏ အရှိန်ရနေဆဲ မီးလင်းဖိုကို သံကောက်တစ်ချောင်းနှင့် ဆွလျက် ရှိသည်။ ထိုအခိုက်တွင် ဗိုလ်မှူးကြီး ကလဲယားမွန့်သည် အခန်းဝတွင် အိပ်ပျော်နေပုံရသော



ဂျွန်ဒီကင်ကို တစ်ချက်ကလေးပင် စောင်းငဲ့မကြည့်ဘဲ အခန်းတွင်းသို့ ဝင်လာ၏။ အိပ်ရာပေါ်က လိမ့်ကျသောကြောင့် တင်ပါးနာနေမှုမှာ ယခုအချိန်တွင် ပျောက်သွားပုံရ သည်။ သူက လက်ဝါးနှစ်ဖက်ကို ခပ်မြန်မြန် ပွတ်နေ၏။

"ဟေ့ ဟင်နရီ၊ တော်တော်အေးတဲ့ မနက်ပါလား"

"ဟုတ်ပါတယ် ဗိုလ်မှူးကြီး၊ ဒါနဲ့ နံနက်စာ စားတော့မလား။ ကာလိုစ် တတော့ ချက်ပြီးနေပါပြီ"

ကလဲယားမွန့်က ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ခန်းဆီးများကို ဆွဲဖယ်လိုက်ပြီးနောက် ရေခိုးရေငွေ့များနှင့် အုံ့မှိုင်းနေသော မှန်ကို လက်ဝါးနှင့် ပွတ်ရင်း အပြင်ဘက်သို့ စိတ်မပါ့တပါနှင့် ကြည့်လိုက်၏။ သူက ခေါင်းခါလိုက် သည်။

"ရာသီဥတုက ဆိုးလာမယ့် ပုံပဲကွ၊ နောက်မှပဲ စားတော့မယ်ကွာ။ ရာသီဥတု ပိုဆိုးမလာခင် ရီစီမြို့နဲ့ ဟမ်းဘို့ခံတပ်ကို လှမ်းပြီးဆက်သွယ်ချင်သေး - တယ်။ မင်း ဟိုကြေးနန်းစက်သမား ဖာရူဆန်ကို သွားခေါ်စမ်းကွာ။ ပြီးတော့လည်း ကြေးနန်းရိုက်စက်ကိုပါ တစ်ခါတည်း ယူခဲ့ဖို့ ပြောလိုက်"

ဟင်နရီက ထွက်သွားရန် ဟန်ပြင်လိုက်သည်။ သို့သော် အခန်းထဲသို့ အုပ်ချုပ်ရေးမှူးကြီး၊ ဗိုလ်မှူးအိုင်ဘရိုင်ရင်နှင့် ပီးယားစ်တို့ ဝင်လာကြသဖြင့် ဘေးသို့ ဖယ်ပေးလိုက်ရ၏။ ပီးယားစ်က ဂျွန်ဒီကင် ရှိရာသို့ သွားပြီး ဂျွန်ဒီကင်ကို ချည်ကြမ်းကြမ်း လှုပ်ခါရင်း ကြိုးများကို ဖြေပေးသည်။

ကလဲယားမွန့်က ထုံးစံအတိုင်း နှစ်လိုဖွယ်ကောင်းသော အသံနှင့် နှုတ်ဆက်လိုက်သည်။

"ကောင်းသော မနက်ပါခင်ဗျာ၊ ကောင်းသော မနက်ပါ၊ ကျုပ် အခုပဲ ဟမ်းဘို့ခံတပ်နဲ့ ရီစီမြို့ကို ဆက်သွယ်တော့မလို့၊ ကြေးနန်းရိုက်သမားလည်း အခုပဲ ရောက်လာလိမ့်မယ်"

အိုဘရိုင်ရင်က မေးလိုက်၏။

"ရထားကို ရပ်ခိုင်းလိုက်ရမလား ဗိုလ်မှူးကြီး"

"အေး ကောင်းသားပဲ"

အိုဘရိုင်ရင်က တံခါးကို ဖွင့်ပြီး တွဲရှေ့ပိုင်းရှိ အပြင်ဘက် စင်္ကြံသို့ ထွက်သွားပြီးနောက် တံခါးကို ပြန်ပိတ်လိုက်သည်။ ၎င်းနောက် ခေါင်းပေါ်မှ ကြိုးကို ဆွဲလိုက်၏။ တစ်စက္ကန့် နှစ်စက္ကန့်အကြာတွင် ဘန်လွန်သည့် မီးရထား ခေါင်း ဘေးပေါက်မှ ပေါ်လာပြီး နောက်သို့ ပြန်ကြည့်လိုက်သည်။ အိုဘရိုင်ရင်က

www.burmeseclassic.com

www.burmeseclassic.com



ညာလက်ကို အထက်နှင့် အောက်သို့ ဇော့ယမ်းပြနေကြောင်း တွေ့လိုက်ရသဖြ
နားလည်ကြောင်း လက်ပြပြီး ပြန်ဝင်သွားသည်။ ၄င်းနောက် ရထားသည်
တဖြည်းဖြည်း နှေးသွားလေ၏။ အိုဘရိုင်ရင်သည် ပခုံးနှစ်ဖက်ကို လက်နှ
တင်းတင်းကျပ်ကျပ် ဆုပ်ရင်း အပန်းဖြေခန်းထဲသို့ ပြန်ဝင်လာ၏။

"ဘုရားရေ၊ အပြင်မှာ သိပ်ကို အေးပါကလား"

"ဒါ သဘောလောက်ပဲ ရှိသေးတယ်ကွ အိုင်ဘရိုင်ရင်ရ"

ကလဲယားမွန့်က ခပ်ဆတ်ဆတ် ပြောလိုက်ပြီးနောက် ကြိုးဖြေထာ
သော လက်နှစ်ဖက်ကို ဆုပ်နယ်နေသော ဂျွန်ဒီကင်နှင့် ပီးယားစ်တို့ကို တစ်လှည့်
စီကြည့်ရင်း မေးလိုက်ပြန်၏။

"ရဲမှူး ဒီငတိကို ဘယ်မှာ ထားချင်သလဲ၊ ဆာဂျင်ဘဲလူးဆီ ပို့ပြ
သူ့ကို စစ်သားတစ်ယောက်နဲ့ စောင့်ခိုင်းထားရင် ဖြစ်နိုင်မယ်"

"ဆာဂျင်ဘဲလူးကို မယုံကြည်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီရထား
ပေါ်မှာ ရေနံဆီတို့၊ ဒိုင်းနမိုက်တို့၊ မီးခြစ်၊ မီးကပ်တို့ ပါလာတယ် မဟုတ်လား
ဒီလူကလည်း မီးရှို့ဖို့ အလွန်ဝါသနာပါတဲ့လူ ဆိုတော့ ကျွန်တော်ကိုယ်တိုင် စော
ကြည့်နေတာက ပိုကောင်းမယ်လို့ ထင်ပါတယ် ဗိုလ်မှူးကြီး"

ကလဲယားမွန့်က ခေါင်းတစ်ချက် ညိတ်လိုက်၏။ ထိုအခိုက်တွင် စစ်သာ
နှစ်ယောက်သည် တံခါးကို ခေါက်ရင်း အခန်းထဲသို့ ဝင်လာကြသည်။ ကြေးနန်း
ရိုက်သမား ဖာရူဆန်သည် ခေါက်စားပွဲငယ်တစ်လုံး၊ ကြေးနန်းကြိုးခွေနှင့် ပစ္စည်း
ကိရိယာများ ထည့်ထားသော သေတ္တာငယ်တစ်လုံးတို့ကို သယ်ဆောင်လာသည်။
သူ့နောက်တွင် ကပ်ပါလာသော တပ်သားဘရောင်းကမူ ကြီးမားလှသော ကြေးနန်း
စက်ကြီးကို လက်နှစ်ဖက်နှင့်ပိုက်ရင်း လိုက်လာ၏။

ကလဲယားမွန့်က ပြောလိုက်သည်။

"ကဲ မင်း အဆင်သင့်ဖြစ်တာနဲ့ အလုပ်စ,ကြရအောင်"

နောက်ထပ် နှစ်မိနစ်ကြာသောအခါ ဖာရူဆန်သည် အသင့်အနေအထား
ရောက်ရှိသွားလေပြီ။ ဖာရူဆန်က ဆိုဖာတစ်လုံးပေါ်တွင် ထိုင်နေသည်။ သူ့ရှေ့
စားပွဲကလေးပေါ်တွင် တင်ထားသော ကြေးနန်းရိုက်စက်မှ ခဲကြိုး တစ်ချောင်းသ
အနည်းငယ် ဟ,ထားသော ပြတင်းပေါက်မှတစ်ဆင့် ရထား အပြင်သို့ ထုတ်ထ
သည်။ ကလဲယားမွန့်သည် ပြတင်းပေါက်မှန်ကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ပြီး
နောက် အပြင်သို့ ကြည့်လိုက်၏။ အဆိုပါ ခဲကြိုးတစ်စသည် ကြေးနန်းတိုင်ထိပ်ရှ
ခါးပတ်နှင့် ထိန်းထားသော ဘရောင်း၏ လက်ထဲ၌ ရှိနေသည်။ ဘရောင်းသ



လိုအပ်သည့် ဆက်သွယ်မှုများကို ပြုလုပ်ပြီးနောက် နောက်သို့လှည့်ပြီး လက်ကို
ဇော့ယမ်းပြလိုက်၏။ ကလဲယားမွန့်က ဖာရူဆန် ဘက်သို့ လှည့်လိုက်သည်။

"ကဲ ဟုတ်ပြီ၊ ခံတပ်နဲ့ အရင်ပြောချင်တယ်"

ဖာရူဆန်က စတင်အဆက်အသွယ် ပြုလုပ်ရာတွင် သုံးလေ့ရှိသော
အချက်ပေး သင်္ကေတကို သုံးကြိမ် ရိုက်လိုက်၏။

ချက်ချင်းလိုလိုပင် သူ့နားကြပ်ထဲမှ မော့စ်အချက်ပေးသင်္ကေတသံ
ခပ်သဲ့သဲ့ကို ကြားလိုက်ရပါတော့သည်။ ဖာရူဆန်က နားကြပ်ကို အနည်းငယ်
လျှော့ရင်း ပြောလိုက်၏။

"ခဏစောင့်ပါ ဗိုလ်မှူးကြီး၊ သူတို့ ဗိုလ်မှူးကြီး ဖဲယားချိုင်းကို သွား
ခေါ်နေပါပြီ"

သူတို့ စောင့်ဆိုင်းနေစဉ် မာရီကာနှင့် ဘုန်းတော်ကြီး ပီးဘော်ဒီတို့သည်
အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာခဲ့ကြ၏။ ပီးဘော်ဒီ၏ မျက်နှာထားကို
အကဲခတ်ရခြင်းဖြင့် သူသည် တစ်ညလုံး အိပ်ပျော်ခဲ့ဟန်မတူ။ မာရီကာသည်
ဂျွန်ဒီကင်ကို ကြည့်လိုက်ပြီးနောက် စူးစမ်းသော မျက်နှာထားနှင့် သူ့ဦးလေးကို
လှမ်းကြည့်လိုက်သည်။

"ဘူမကြီး၊ တို့များ ဟမ်းဘို့ခံတပ်နဲ့ ဆက်သွယ်နေတယ်။ နောက်ဆုံး
အခြေအနေကို မကြာခင် သိရတော့မှာပါ"

နားကြပ်ထဲမှ ထွက်ပေါ်လာသော မော့စ်သင်္ကေတ ရိုက်သံများကို ခပ်သဲ့သဲ့
ကြားနေရ၏။ ဖာရူဆန်သည် သူ့ရှေ့တွင်ရှိသော စာရေးစက္ကူကတ်ပေါ်၌ လျင်လျင်
မြန်မြန် သေသေသပ်သပ် ရေးချလိုက်ပြီးနောက် စာရွက်ကို ဖြဲ၍ ကလဲယားမွန့်ထံ
လှမ်းပေးလိုက်သည်။

❖

တစ်နေ့ခရီးသာသာ နောက်ထပ်သွားမှ ရောက်ရှိနိုင်မည့် တောင်ကြား
အသရှိ ဟမ်းဘို့ခံတပ်၏ ကြေးနန်းရိုက်စက် ရှိသည့် အခန်းထဲတွင် လူရှစ်ယောက်
ရှိနေကြလေသည်။ တချို့က ထိုင်လျက်ရှိပြီး တချို့က မတ်တတ်ရပ်နေကြသည်။
ထိုအခန်းထဲရှိ လူများအနက် ထူးထူးခြားခြား ထင်ပေါ်နေသည့် ပုဂ္ဂိုလ်မှာ ဆုံလည်
ကုလားထိုင်ကြီးပေါ်တွင် နောက်မှီ၍ ထိုင်နေသူပင် ဖြစ်သည်။ သူက ညစ်ပတ်
ဆရေနေသည့် သားရေမြင်းစီးဖိနပ်ကြီးများကို စီးထားသော ခြေထောက် နှစ်ချောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သားရေဖြင့် ဖုံးအုပ်ထားသော မဟော်ဂနီစားပွဲကြီးပေါ်သို့ တင်ထား၏။ သူမြင်းစီးဖိနပ်၏ ဖနောင့်တွင် တပ်ထားသော သံလွှပြားဝိုင်းငယ်ကလေး နှစ်ခုက စားပွဲပေါ်မှ သားရေအခင်းကို နှမြောဖွယ်ရာ စုတ်ပြတ်သတ် သွားအောင် ဖျက်ဆီးပစ်သကဲ့သို့ ဖြစ်နေသော်လည်း သူက လုံးဝမမှုပါချေ။

သူ၏ ဥပမိရုပ်ကို အကဲခတ်ရခြင်းဖြင့် သူသည် အလှအပကို မက်မောသူတစ်ဦး မဟုတ်ကြောင်း သိသာလှသည်။ သူသည် ထိုင်နေသည့်တိုင်အောင် ခပ်ထွားထွား၊ ပခုံးကျယ်ကျယ်နှင့် အရပ်ရှည်သူတစ်ဦး ဖြစ်ကြောင်း ခန့်မှန်းသိသာနိုင်သည်။ သမင်ရေနှင့် ချုပ်ထားသော ဂျာကင်အင်္ကျီကို နောက်သို့ ဆွဲလှန်ထားသောကြောင့်လည်း သူ့ခါးတွင် ကိုတ်ခြောက်လုံးပြူး သေနတ်နှစ်လက်ကို ချိတ်ဆွဲထားကြောင်း တွေ့မြင်နေရသည်။

သူသည် အသက် သိပ်မကြီးသေးပါ။ လေးထောင့်စပ်စပ်မျက်နှာ၊ နှာယောင်ကောက်ကောက်၊ အေးစက်မာကျောသောမျက်လုံး၊ တစ်ပတ်ကြာ မရိတ်ဘဲထားသော မုတ်ဆိတ်မွေးတို့ကြောင့် ရက်စက်ကြမ်းကြုတ်သည့် တောပုန်းဓားပြတစ်ဦးနှင့် တူနေ၏။ အမှန်စင်စစ်တွင်ကား သူသည် ဆက်ကော်ဟွန်း ဆိုသူပင်တည်း။

သူ့စားပွဲဘေးတွင် အမေရိကန် မြင်းတပ်မတော်မှ စစ်သားတစ်ဦး၏ ဝတ်စုံကို ဝတ်ဆင်ထားသူတစ်ယောက် ထိုင်နေ၏။ သူတို့နှင့် ခပ်လှမ်းလှမ်းတွင် ရှိသော ကြေးနန်းရိုက်စက်ဘေးတွင်ကား အခြားစစ်သားတစ်ဦး ရှိနေသည်။

"ဟေ့ ကာတာ၊ ဟို ဆင်မဆင် ဆိုတဲ့ ငတိဟာ ငါ ပို့ခိုင်းတဲ့ သတင်းကို ပို့မပို့ ငါ သိချင်တယ်"

ကာတာက စာရွက်ကို ရှုံ့ရှုံ့မဲ့မဲ့နှင့် လှမ်းပေးလိုက်၏။ ဆက်ကော်ဟွန်းက လှမ်းယူပြီး ခပ်ကျယ်ကျယ် ဖတ်လိုက်သည်။

"နောက်ထပ် သုံးယောက် ရောဂါ ဖြစ်သည်။ သေဆုံးသူ မရှိတော့ပါ။ ကပ်ရောဂါ ကူးစက်မှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ပြီး ပြန်ကျသွားပြီဟု ယူဆရသည်။ ရောက်လာမည့်အချိန် ခန့်မှန်းခြေကို ကျေးဇူးပြုပြီး သိပါရစေ"

သူက ဆင်မဆင်ကို လှမ်းကြည့်ရင်း ပြောလိုက်၏။

"ကိုယ့်ကိုယ်ကို ပါးလှနပ်လှပြီ ဆိုပြီး သိပ်အထင်ကြီးလို့ မရဘူးကွ။ ခုအချိန်က တစ်စက်ကလေးမှ အမှားအယွင်း မခံနိုင်တဲ့ အချိန်ကွ"

❖



နေ့ညည့်ခန်းဆောင်တွင်းမှ ဗိုလ်မှူးကြီး ကလဲယားမွန့်သည် အထက်ပါ ကြေးနန်းစာကို ဖတ်လိုက်သည်။ သူက စာရွက်ကို အောက်သို့ ချလိုက်ပြီး မှတ်ချက်ချလိုက်၏။

"အေး ဒါမှ တကယ့်သတင်းကောင်းကွ၊ တို့ ဟိုကိုရောက်မယ့် အချိန်ကို မေးနေပါကလား"

သူက အိုဘရိုင်ရင်ကို လှမ်းကြည့်လိုက်သည်။

"ခန့်မှန်းလို့ရပြီလား"

"ဒီလောက်တောင် လူများများကို ရထားခေါင်း တစ်ခေါင်းတည်းနဲ့ ဆွဲရမှာ ဆိုတော့"

ဗိုလ်မှူး အိုဘရိုင်ရင်က ခဏမျှ စဉ်းစားလိုက်သည်။ ပြီးမှ-

"နာရီ သုံးဆယ်လောက် သွားရဦးမယ် ထင်တယ်၊ သေချာအောင် ဘန်လွန်နဲ့ ထပ်ညှိလိုက်ပါဦးမယ်"

"မလိုပါဘူးကွာ၊ တော်တော်လေး နီးစပ်ပါတယ်"

သူက ဖာရူဆန်ဘက်သို့ လှည့်ပြောလိုက်၏။

"မင်း ကြားတယ် မဟုတ်လား၊ သူတို့ဆီ ဆက်ပြီး သတင်း…"

မာရီကာက ဝင်ပြောလိုက်သည်။

"ကျွန်မ ဖေဖေ…"

ဖာရူဆန်က ခေါင်းညိတ်ပြီး မော့စ်ကို ထပ်ရိုက်လိုက်သည်။ ၄င်းနောက် ဆေးထောင်နေပြီးမှ နားကြပ်ကို လျှော့ရင်း ပြောလိုက်၏။

"နက်ဖြန်ခါ ညနေပိုင်းတွင် စောင့်မျှော်နေမည်။ ဗိုလ်မှူးကြီးဖဲယားချိုင်း ကျန်းမာမာ ရှိသည်တဲ့"

မာရီကာက စိတ်သက်သာရာ ရသွားပြီး ပြုံးလိုက်သည်။

ပီးယားစ်က ထပ်၍ပြောလိုက်၏။

"ဟေ့၊ ဗိုလ်မှူးကြီးကို ရထားပေါ်မှာ ငါ ပါလာတဲ့အကြောင်း၊ ဆက်ကော်ဟွန်းကို ဖမ်းဖို့ လိုက်ပါလာတယ်လို့ သတင်းပို့လိုက်စမ်းပါ"

❖

ဟမ်းဘို့ခံတပ်ရှိ ကြေးနန်းရိုက်စက်ရှိသည့် အခန်းထဲတွင် ဆက်ကော်ဟွန်း အသည်း ပြုံး၍နေသည်။ သူက သံကြိုးစာရွက်ကို ခပ်လျောင်လျောင် မျက်နှာထားနှင့်

www.burmeseclassic.com



အရပ်ရှည်ရှည်၊ ဆံပင်ဖြူဖြူနှင့် နှုတ်ခမ်းမွှေးပါ ဖြူနေသော မြင်းတပ်မတော်မှ ဗိုလ်မှူးကြီးတစ်ဦးထံသို့ လှမ်းပေးလိုက်၏။

"ကဲ ဗိုလ်မှူးကြီး ဖဲယားချိုင်း၊ ဒီဥစ္စာလောက် ရယ်စရာကောင်းတဲ့ ပြက်လုံးမျိုး ဘယ်မှာရှာလို့ တွေ့နိုင်ပါဦးမလဲဗျ၊ သူတို့က သနားစရာကောင်းလှတဲ့ ဆက်ကော်ဟွန်းကို လာပြီး ဖမ်းကြဦးမလို့တဲ့။ ကဲ ကျုပ် ဘာလုပ်ရမလဲ"

ဗိုလ်မှူးကြီး ဖဲယားချိုင်းက သံကြိုးစာကို ဖတ်ကြည့်လိုက်သည်။ မှတ်ချက်တော့ မပေးပါ။ သူ့မျက်နှာထားကလည်း တစ်စိုးတစ်စိမျှ ပြောင်းလဲခြင်း မရှိပါ။ သူက စက်ဆုပ်ရွံရှာစွာနှင့် သံကြိုးစာကို ကြမ်းပေါ်သို့ လွှတ်ချလိုက်၏။ ဆက်ကော်ဟွန်း၏ မျက်လုံးအစုံသည် ရုတ်တရက် ကျဉ်းမြောင်း၍သွားပြီးနောက် ချက်ချင်းလိုလို သူက ပြန်ပြုံးလိုက်သည်။ သူ့အနေနှင့် ပြုံးနိုင်အား ရှိပေပြီ။

သူက တံခါးဝတွင် ရှိနေသော လူလေးယောက်ကို လှမ်းကြည့်ပြီး ပြောလိုက်သည်။ ထိုလေးယောက်အနက် နှစ်ယောက်မှာ အဝတ်အစားများ စုတ်စုတ်ပြတ်ပြတ်ကို ဝတ်ထားသူ လူဖြူနှစ်ဦး ဖြစ်ပြီး၊ ကျန်နှစ်ဦးမှာ လူနီနှစ်ဦး ဖြစ်သည်။ သူတို့လေးဦးက ဗိုလ်မှူးကြီး ဖဲယားချိုင်းနှင့် စစ်သားနှစ်ဦးကို ရိုင်ဖယ်သေနတ် လေးလက်နှင့် ချိန်ရွယ်ထား၏။

"ကဲ ဗိုလ်မှူးကြီးလည်း ဆာနေရောပေါ့ကွာ၊ သူ့ကို မနက်စာ ဆက်ပြီး စားခွင့်ပေးလိုက်ပါ"

◆

ကလဲယားမွန့်က ပြောလိုက်သည်။

"ကဲ ရီစီမြို့မှာရှိတဲ့ ကြေးနန်းရုံးနဲ့ ဆက်သွယ်စမ်း။ ဗိုလ်ကြီးအုတ်ကလန် နဲ့ ဗိုလ်နီဝဲလ်တို့အကြောင်း ဘာများသတင်းရသေးသလဲလို့ မေးစမ်း"

ဖာရူဆန်က-

"ရီစီမြို့မှာ ကြေးနန်းရုံး သီးခြားမရှိတာ ကြာပြီ ဆရာ၊ အခု ရုံပိုင်ကြီးကပဲ ဒီတာဝန်ကို ယူထားတယ်။ ဒါပေမဲ့ ရုံပိုင်ကြီးကလည်း ဘူတာရုံမှာ မရှိတာကများတယ်တဲ့။ သူက ဧကရာဇ်ဟိုတယ်ရဲ့ နောက်ဖေးခန်းထဲမှာ အနေများတယ်လို့ သိရပါတယ် ဆရာ"

"အေးကွာ၊ ဘာပဲဖြစ်ဖြစ် ခေါ်ကြည့်စမ်းပါ"



ဖာရူဆန်က အဆက်အသွယ်ရရန် ကြိုးစားလိုက်သည်။ သူက စတင်ခေါ်ယူသော အချက်ပေးသင်္ကေတကို ဆယ့်နှစ်ကြိမ်ထက်မနည်း ရိုက်လိုက်ပါ၏။ သူက မော့ကြည့်လိုက်သည်။

"ကျွန်တော်တော့ ခေါ်လို့ကို မရဘူး ဆရာ"

အိုဘာရိုင်ရင်က ပီးယားစ်ကို လှမ်း၍ပြောလိုက်သည်။

"ကြေးနန်းရုံးကို ဧကရာဇ်ဟိုတယ်ထဲကို ပြောင်းခိုင်းထားရင် ပိုကောင်းလိမ့်မယ် ထင်တယ်"

သို့သော် ကလဲယားမွန့်က ထိုသို့ ဝင်နှောက်သည်ကို ကျေနပ်ပုံမရ။ ဖာရူဆန်ကို ထပ်၍ပြောပြန်သည်။

"ဆက်ပြီးခေါ်ကွာ"

ဖာရူဆန်ကလည်း ဆက်၍ ဆက်၍ ခေါ်ကြည့်သည်။ သို့သော် သူ့နားကြပ်ထဲမှ ဘာသံမှ ပေါ်မလာပါ။ သူက ခေါင်းခါပြီး ကလဲယားမွန့်ကို လှမ်းကြည့်လိုက်သည်။

"ဘာလဲ၊ ဟိုဘက်မှာ လက်ခံမယ့်လူ တစ်ယောက်မှ မရှိဘူးလား"

ဖာရူဆန်၏ မျက်နှာထားမှာ အူကြောင်ကြောင် ဖြစ်နေပုံရသည်။

"မဟုတ်ဘူး ဆရာ၊ အဲဒီသဘောမျိုး လုံးဝမဟုတ်ပါဘူး။ လိုင်းက ...ဝ သေနေတာ ဆရာရဲ့၊ ဘာသံမှကို မကြားရတော့ဘူး။ တိုင်တစ်တိုင် လဲနေသလား မသိဘူး ဗိုလ်မှူးကြီး"

"ငါကတော့ အဲဒီလို သိပ်မထင်ဘူး။ ဆီးနှင်းခဲတွေလည်း မကျသေးဘူး။ ...လေကလည်း သိပ်မထန်ဘူးကွ။ ပြီးတော့လည်း မနေ့တုန်းက ဟမ်းဘို့ခံတပ်ကို ...ကနေပြီး ခေါ်တုန်းကလည်း ဘာမှမဖြစ်ခဲ့တာ။ ဒီတော့ တို့မနက်စာ စားနေတုန်း... ဆက်ပြီး ခေါ်ကြည့်စမ်းကွာ"

သူက စိတ်မပါ့တပါနှင့် ဂျွန်ဒီကင်ကို ငုံ့ကြည့်ပြီး ပီးယားစ်ကို ပြောလိုက်သည်။

"ဟောဒီက ဂျွန်ဒီကင် ဆိုတဲ့ ရာဇဝတ်ကောင်ကို တို့နဲ့အတူတူ မနက်စာ ...ရဦးမှာလား"

"ကျွန်တော့်သဘောကတော့ သူ့ကို အငတ်ထားရင်လည်း ဖြစ်...ပဲ၊ ...ပေမဲ့ ဆရာတော်နဲ့ ဒေါက်တာကြီးတို့က မကန့်ကွက်ဘူးဆိုရင် သူ့ကို ကျွန်တော်တို့ ...ပွဲမှာ ထိုင်ခိုင်းပါ့မယ်"

သူက ပတ်ဝန်းကျင်ကို လှည့်ပြီးကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျ၊ ဆရာဝန်ကြီးတောင် ရောက်မလာသေးပါလား"

သူက ဂျွန်ဒီကင်၏ လက်မောင်းကို ခပ်ကြမ်းကြမ်း ဆွဲကိုင်ရင်း ပြောလိုက်၏။

"ကဲ လာစမ်း"

ယမန်နေ့ ညနေက ပုံစံအတိုင်း လူခုနစ်ယောက်သည် နံနက်စာ စားနေကြ၏။ ဒေါက်တာ မိုလီနော့ ရောက်မလာသေးသောကြောင့် သူ့နေရာတွင် ဂျွန်ဒီကင်က ဝင်၍ ထိုင်နေလေသည်။ ဘုန်းတော်ကြီး ပီးဘော်ဒီကမူ ဂျွန်ဒီကင့် ဘေးတွင် ထိုင်ရင်း ဂနာမငြိမ်နိုင်အောင် ဖြစ်နေရရှာ၏။ သူက ဂျွန်ဒီကင်ကို မကြာမကြာ လှည့်ကြည့်နေလေသည်။ သို့သော် ဂျွန်ဒီကင်က လုံးဝဂရုမစိုက်ပါ။ သူ့ရှေ့တွင် ချထားသော အစားအစာများကိုသာ အာရုံပြု၍ စားနေသည်။

နံနက်စာ စားပြီးသွားသော ကလဲယားမွန့်သည် ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိရင်း စားပွဲထိုး ဟင်နရီအား ကော်ဖီ ထပ်ထည့်ပေးရန် ခေါင်းညိတ်၍ ခေါ်လိုက်လေသည်။ သူက ပီးယားစ်ကို လှမ်းကြည့်ရင်း မြင်ရခဲသော အပြုံးနှင့်…

"ဒေါက်တာ မိုလီနော့တစ်ယောက်တော့ တပ်မတော်သားတွေရဲ့ နေပုံထိုင်ပုံနဲ့ အံကိုက်ဖြစ်အောင် မနည်းလုပ်ယူရလိမ့်မယ် ထင်တယ်။ ဟော့ ဟင်နရီ သူ့ကို သွားပြီးနှိုးစမ်း"

ငှင်းနောက် စကြံလမ်းဘက်သို့ ပြန်လှည့်ကြည့်ရင်း အော်ခေါ်လိုက်ပြန်သည်။

"ဘယ့်နှယ်လဲဟေ့ ဖာရူဆန်"

"မထူးဘူး ဗိုလ်မှူးကြီး၊ ခုနကလိုပဲ လိုင်းက သေကိုနေတယ်"

ခဏကြာအောင် ကလဲယားမွန့်သည် ခေါင်းကို နောက်ပစ်ပြီး စားပွဲကို လက်ချောင်းများနှင့်ခေါက်ရင်း စဉ်းစားနေလိုက်၏။ ပြီးမှ ဆုံးဖြတ်ချက် ချလိုက်သည့် ပုံစံနှင့်-

"ကဲ မင်းပစ္စည်းတွေကို သိမ်းလိုက်တော့"

သူက နံနက်စာ စားနေသည့် ပရိသတ်ဘက်သို့ မျက်နှာပြန်မူလိုက်သည်။

"သူ ပြီးတာနဲ့ ကျုပ်တို့ ဒီက ပြန်ထွက်မယ်၊ ဗိုလ်မှူးအိုဘာရိုင်ရင် မင်းက ကျေးဇူးပြုပြီးတော့"

သို့သော် သူ့စကား မဆုံးလိုက်ပါ။ မျက်လုံးပြူး မျက်ဆန်ပြူး၊ ကြောက်လန့်တကြားနှင့် ထမင်းစားခန်းထဲသို့ ပြေးဝင်လာသော ဟင်နရီကြောင့် ရပ်ဆိုင်းသွား၏။



"ဟော့၊ ဘာဖြစ်လာတာလဲကွ ဟင်နရီရ"

"သူ သူသေပြီ၊ ဗိုလ်မှူးကြီး၊ သူ့ အိပ်ရာထဲမှာ သေနေပြီ။ ဒေါက်တာ မိုလီနော့လေ"

"ဆရာဝန် သေပြီ ဟုတ်လား၊ ဟော့ကောင် ဟင်နရီ၊ မင်းဉစ္စာက သေချာရဲ့လားကွ၊ မင်း သူ့ကို လှုပ်နှိုးကြည့်လို့လား"

ဟင်နရီက တုန်တုန်ယင်ယင်နှင့် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

"သေချာပါတယ် ဗိုလ်မှူးကြီး၊ သူ့တစ်ကိုယ်လုံးဟာ ဟိုမြစ်ထဲက ရေခဲတွေလိုပဲ အေးစက်နေပါပြီ။ နှလုံးရောဂါနဲ့ပဲတူတယ် ဗိုလ်မှူးကြီး။ အိပ် နေတုန်း အသက်ထွက်သွားတာနဲ့ တူတာပဲ"

ကလဲယားမွန့်သည် ထိုင်ရာမှထ၍ ထမင်းစားခန်းကလေးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။

"ဘုရားရေ၊ တကယ့်ကို စိတ်ရှုပ်စရာကောင်းပါလား"

ကလဲယားမွန့်သည် ဒေါက်တာမိုလီနော့ သေသွားပြီ ဆိုသည့် သတင်းကြောင့် စိတ်လှုပ်ရှားသွားသည်သာမက နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ကိစ္စရပ်များအတွက် ပို၍စိတ်လှုပ်ရှားသွားပုံရ၏။ ကလဲယားမွန့်၏ စိတ်ကူးကို ဘုန်းတော်ကြီး ပီးဘော်ဒီက ဖွင့်၍အန်လိုက်လေသည်။

"သူ အရွယ်ကောင်းကလေးမှာ သေသွားရရှာတဲ့အတွက် ဝမ်းနည်းဖို့ ကောင်းလှပါတယ်။ ဒါပေမဲ့ သူ့ကို အားကိုးအားထားပြုကြရမယ့် ခံတပ်ထဲက ကပ်ရောဂါရှင်တွေအတွက်တော့ ပိုပြီးဆိုးဝါးသွားမှာပေါ့။ ဖြစ်မှဖြစ်ရလေခြင်းဗျာ။ တကယ်ဆိုတော့ သေခြင်းတရားဆိုတာ လူတွေရဲ့နောက်ကို အရိပ်ပမာ လိုက်နေတာပါပဲကလား"

ပီးဘော်ဒီက မျက်စိနှစ်လုံးပိတ်ပြီး လက်နှစ်ဖက်ကို ပွတ်၍ ဆုတောင်းနေ၏။

အိုဘာရိုင်ရင်ကလည်း တည်ကြည်လေးနက်သော မျက်နှာထားနှင့် အခန်းထဲသို့ ပြန်ဝင်လာသည်။ သူက ကလဲယားမွန့်၏ မေးခွန်းထုတ်နေသော မျက်လုံးများကို ခေါင်းညိတ်၍ အဖြေပေးလိုက်၏။

"အိပ်ပျော်နေတုန်း အသက်ထွက်သွားတယ်လို့ ထင်တယ် ဗိုလ်မှူးကြီး၊ ခုနက ဟင်နရီ ပြောသလိုပဲ နှလုံးရောဂါကြောင့်ပဲလို့ ထင်တယ်။ သူ့ မျက်နှာထားကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အကဲခတ်ရမယ် ဆိုရင်တော့ ဝေဒနာကို နည်းနည်းကလေးမှ ခံစားလိုက်ရပုံ မပေါ်ဘူး ဗိုလ်မှူးကြီး"

ဒီကင်က ဝင်၍ပြောလိုက်၏။

"ကျွန်တော် သွားကြည့်လို့ ရမလား"

မျက်လုံး ဆယ့်လေးလုံးက သူ့ကို ဝိုင်း၍ကြည့်လိုက်ကြသည်။ ထိုမျက်လုံးများထဲတွင် ကလဲယားမွန့်၏ မျက်လုံးများက ဒေါသထွက်သည့် အရိပ်အယောင် အပေါ်လွင်ဆုံး ဖြစ်သည်။

"မင်းကလား၊ ဘာလုပ်ဖို့လဲ"

"ဘာအကြောင်းကြောင့် သေတယ်ဆိုတာကို အဆုံးအဖြတ်ပေးနိုင်အောင်လို့ပါ"

ဂျွန်ဒီကင်က ပခုံးနှစ်ဖက်ကို တွန့်ပြရင်း အရေးမထားသော လေသံနှင့် ဆက်၍ပြောလိုက်၏။

"ကျွန်တော်ဟာ တစ်ချိန်တုန်းက ဆရာဝန် ဖြစ်ခဲ့ဖူးတယ် ဆိုတာကို ခင်ဗျားတို့လည်း သိကြသားပဲ"

"အရည်အချင်း ပြည့်လို့လား"

"ပြည့်လို့သာ ဆရာဝန် ဖြစ်ခဲ့တာပေါ့။ ဒါပေမဲ့ ဆေးကုသခွင့်ကိုတော့ ပြန်ရုပ်သိမ်းခံခဲ့ရတယ်။ အဲလေ ဘာပဲဖြစ်ဖြစ် တစ်ခါ ဆရာဝန်ဖြစ်ဖူးတဲ့သူဟာ ဘယ်ဘဝကိုပဲ ရောက်ရောက် ဆရာဝန်ပါပဲဆိုတဲ့ စကားကိုတော့ ခင်ဗျားတို့လည်း ကြားဖူးကြမှာပေါ့"

ကလဲယားမွန့်သည် အရှိကို အရှိအတိုင်း လက်ခံတတ်သူတစ်ဦး ဖြစ်သည်။ ယခုကိစ္စတွင် ဂျွန်ဒီကင်၏ စကားက မှန်နေသဖြင့် ဂျွန်ဒီကင်၏ အဆိုကို လက်ခံလိုက်သည်။

"အေး မင်း ပြောတာ မှန်တယ်။ ကဲ ဟင်နရီ၊ သူ့ကို လိုက်ပြလိုက်စမ်းကွာ"

သူတို့နှစ်ယောက် ထွက်သွားသောအခါ ထမင်းစားခန်းထဲတွင် တိတ်ဆိတ်၍သွားသည်။ သူတို့ ရင်ထဲတွင် ပြောစရာစကားလုံးများ အပြည့်အနှက် ရှိနေကြသော်လည်း ပြော၍ အကြောင်းထူးမည် မဟုတ်သဖြင့် ငြိမ်နေကြခြင်း ဖြစ်သည်။ တစ်ဦး၏ မျက်နှာကို တစ်ဦးက မကြည့်မိအောင် တမင်တကာ မျက်နှာလွှဲ၍နေကြ၏။ ဟင်နရီက ကော်ဖီကရား အသစ်တစ်လုံးနှင့် ကော်ဖီ ထပ်ထည့်ပေး



သည့်တိုင်အောင် အခြေအနေက ပိုကောင်းမလာပါ။ ထိုအချိန်မှာပင် ဂျွန်ဒီကင်က ပြန်ရောက်လာ၏။

ကလဲယားမွန့်က မေးလိုက်သည်။

"နှလုံးရောဂါပဲလား"

"အဲ နှလုံးကို ထိခိုက်တဲ့ ရောဂါပဲလို့ ခေါ်ရင် ရနိုင်ကောင်းပါတယ်။ ဒါပေမဲ့ ဒီရထားပေါ်မှာ ဥပဒေဘက်တော်သားတစ်ယောက် အဆင်သင့် ပါလာလို့တော်ပါသေးရဲ့"

ဂျွန်ဒီကင်က နသန်ပီးယားစ်ကို ဖျတ်ခနဲ ကြည့်ရင်း အဖြေပေးလိုက်သည်။

ဤတွင် ဘုရင်ခံ ဖဲယားချိုင်းက စိတ်လှုပ်ရှားသော လေသံနှင့် ဝင်၍မေးပြန်၏။

"နေပါဦး၊ ခင်ဗျားက ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ"

ဂျွန်ဒီကင်က အခန်းထဲတွင် ရှိနေသူအားလုံးကို စိမ်ပြေနပြေ ကြည့်ရင်း ဖြေလိုက်သည်။

"ဒီလိုပါ၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က မိုလီနော့ကို မေ့သွားအောင် တစ်ခုခုနဲ့ ရိုက်လိုက်တယ်။ ပြီးတော့မှ မိုလီနော့ရဲ့ ခွဲစိတ်ကိရိယာတွေပါတဲ့ သေတ္တာထဲက ဆေးထိုးအပ်ကလေးတစ်ချောင်းကို ယူလိုက်ပြီး နံရိုးကြားထဲကို ဆိုးထည့်လိုက်တယ်။ အဲဒီ ဆေးထိုးအပ်က နှလုံးသား တည့်တည့်ကို စူးဝင်သွားတယ်ဗျ၊ ဒီတော့..."

ဂျွန်ဒီကင်က သူ့စကားကို ခေတ္တမျှ နားလိုက်သည်။ ပြီးမှ-

"အဲဒီလူဟာ ဆေးပညာအကြောင်း နည်းနည်းပါးပါး နားလည်တဲ့လူဖြစ်ရမယ်။ ဒါမှမဟုတ် ခန္ဓာဗေဒအကြောင်းကို နားလည်တဲ့လူ ဖြစ်ရမှာပေါ့။ ကဲ ခင်ဗျားတို့အဲထဲမှာ ခန္ဓာဗေဒအကြောင်း နားလည်တဲ့လူများ ပါလာကြသလား"

ကလဲယားမွန့် လေသံက ခပ်မာမာ ခပ်ပြတ်ပြတ် ဖြစ်သည်။

"ဟေ့ နေပါဦး၊ မင်းက ဘာသဘောနဲ့ ဒီလို ပြောနေတာလဲ"

"ဒေါက်တာမိုလီနော့ရဲ့ ခေါင်းကို တစ်ယောက်ယောက်က လေးလေးပင်ပင်ရှိတဲ့ ပစ္စည်းတစ်ခုခုနဲ့ ရိုက်ခဲ့တာဗျ။ နမူနာအဖြစ် ပြောရရင်တော့ သေနတ်ဒင်လို ပစ္စည်းမျိုးနဲ့ပေါ့ဗျာ။ ဒါကြောင့် ဘယ်ဘက်နားသယ်စပ်က အရေပြားဟာ စုတ်ပြဲနေတယ်။ ဒါပေမဲ့ အဲဒီဒဏ်ရာက ဖူးဖူးရောင်ပြီး မလာခင် အသက်ထွက်သွားခဲ့ရတာပဲ။ အဲ သူ့နံရိုးတွေကြားမှာ ညှိမြည်းနေတဲ့ ဆေးထိုး အပ်ရာကလေးတစ်ခုကိုလည်း တွေ့ခဲ့ရတယ်။ မယုံရင် ကိုယ်ကိုယ်တိုင် သွားကြည့်ကြပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



''ဒါ မဖြစ်နိုင်တဲ့ ကိစ္စပဲ''

ကလဲယားမွန့်က မဖြစ်နိုင်ပါဘူးဟု ဇွတ်အတင်း ပြောနေသော်လည်း သူ့မျက်နှာထားက အထိတ်တလန့် ဖြစ်နေပုံရသည်။

''ဘာဖြုလို့ မဖြစ်နိုင်ရမှာလဲဗျ။ တကယ်ဖြစ်ပုံကတော့ ဒေါက်တာ မိုလီနော့က သူ့ကိုယ်သူ ဆေးထိုးအပ်နဲ့ထိုးပြီး သတ်သေလိုက်တယ်။ ပြီးမှ ဆေးထိုး အပ်က သွေးကို စင်အောင်သုတ်ပြီး သေတ္တာကလေးထဲကို ပြန်ထည့်ခဲ့တယ်။ အဲဒီလို မဟုတ်လား''

''ဒါဟာ အရွှန်းဖောက်ရမယ့် အချိန် မဟုတ်ဘူး''

''ဒီမီးရထားကြီးပေါ်မှာ လူသတ်သမားတစ်ယောက် ပါလာပြီဗျ၊ အဲဒါကို ခင်ဗျားကိုယ်တိုင် သွားပြီး ဘာဖြုလို့ မစစ်ဆေးတာလဲ''

ကလဲယားမွန့်သည် ခေတ္တမျှ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ ၎င်းနောက် အင်တင်တင်နှင့် ထ၍ ဒုတိယတွဲ ရှိရာသို့ ထွက်ခွာသွားလေ၏။ ဘုန်းတော်ကြီး ပီးဘော်ဒီပင်လျှင် နောက်ဆုံးမှ လိုက်ပါသွားသည်။ အခန်းထဲတွင် ဂျွန်ဒီကင်နှင့် မာရီကာတို့ နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့၏။ မာရီကာသည် ကုလားထိုင်ပေါ်တွင် ဆောင့်ဆောင့်ကြီး ထိုင်နေလေသည်။ လက်သီးကို တင်းကျပ်စွာ ဆုပ်၍ ပေါင်ပေါ်တွင် တင်ထား၏။ မာရီကာက ဂျွန်ဒီကင်ကို တအံ့တဩ ကြည့်နေလေသည်။ ပြီးမှ အသံတိုးတိုးနှင့် -

''ရှင်ဟာ တကယ့်လူသတ်သမားအစစ်ပဲ၊ ဝရမ်းပြေး ကြော်ငြာထဲမှာလည်း ရှင်ဟာ လူသတ်သမားလို့ ပါတယ်။ ရဲမှူးကြီးကလည်း အဲဒီအတိုင်းပဲ ပြောတယ်။ ပြီးတော့ ရှင်က ကျွန်မကို ကြိုးဖြေခိုင်းတာကလည်း နောက်ပိုင်းကျရင် ချည်ထားတဲ့ ကြိုးထဲက ရုန်းထွက်နိုင်ဖို့ တမင်ဉာဏ်ဆင်တာ''

''ဘုရားသခင် ကယ်တော်မူပါ''

ဂျွန်ဒီကင်သည် ကော်ဖီပန်းကန်ထဲသို့ ကော်ဖီထပ်ဖြည့်လိုက်တယ်။

''ကျုပ် သူ့ကို သတ်တဲ့ ရည်ရွယ်ချက်က ဘာလဲ။ သူ သေသွားရင် ဆရာဝန်အလုပ်ကို ကျုပ် ရအောင် လုပ်တာပဲလို့ ဆိုချင်လို့လား။ ပြီးတော့လည်း သူ့ကို ရိုးရိုးတန်းတန်း သေသွားတယ်လို့ ထင်အောင် တကူးတက အကွက်ဆင် ပြီး သတ်လိုက်တယ်။ ပြီးမှ သူ သေရတာဟာ ရိုးရိုးသားသား မဟုတ်ပါဘူးလို့ အများတကာသိအောင် ကြေညာပေးတယ်။ အဲဒီလို ဆိုချင်သေးသလား။ ပြီးတော့ လည်း နောက်ပြန်တုပ်ထားတဲ့ ကြိုးကို ကျုပ်ကိုယ်တိုင် ခြေထောက်နဲ့ ပြန်ချည် ထားတယ်လို့ အမိက ဆိုချင်တာလား''



သူက ထိုင်ရာမှ ထ,လိုက်ပြီး မာရီကာ့ဘေးမှ ဖြတ်၍ ပြတင်းပေါက် ရှိရာသို့ လျှောက်သွားသည်။ မာရီကာ့ပခုံးကို လက်နှင့်လည်း ညင်ညင်သာသာ တို့သွားသေးသည်။ ၎င်းနောက် ရေငွေ့နှင့်ငွေ့ကြောင့် မှုန်မှိုင်းနေသော ပြတင်းပေါက် မှန်ကို လက်နှင့် သုတ်ပစ်လိုက်သည်။

''အပြင်မှာ လေထန်ပြီး ဆီးနှင်းမုန်တိုင်းကျမယ့် အရိပ်အယောင် ပေါ်နေတယ်။ မိုးကလည်း အုံ့မှိုင်းနေတယ်။ ဒီတော့ သူ့ကို ဒီမှာ သင်္ဂြိုဟ်ဖို့တော့ ဖြစ်မယ် မထင်ဘူး''

''သူ့ကို ဒီမှာ သင်္ဂြိုဟ်မှာ မဟုတ်ပါဘူး။ ဆော့လိတ်ခ်မြို့ကို သယ်သွား မှာပါ''

''ဘာ... ဘယ်လို...''

''ဩော်... ဒေါက်တာ မိုလီနော့ အလောင်းနဲ့ ဟမ်းဘို့ခ်တပ်မှာ သေသွားတဲ့ စစ်သားတွေရဲ့ အလောင်းကို ဆွေမျိုးသင်္ဂြိုဟ်ဘတွေ တွေ့နိုင်အောင် ဆော့လိတ်ခ်မြို့ကို သယ်သွားမှာပါ''

''ဒါပေမဲ့ ခေါင်းလုပ်ဖို့ ဘယ်လွယ်ပါ့မလဲ''

မာရီကာက ဂျွန်ဒီကင်ကို မကြည့်ဘဲ ဖြေလိုက်သည်။

''ဒီရထားမှာ ပါလာတဲ့ ရိက္ခာတွဲထဲမှာ ခေါင်းအလုံး သုံးဆယ်လောက် ပါလာတယ်''

''ဘာ ခေါင်းတွေ ပါတယ် ဟုတ်လား၊ ဒါဖြင့် ဒီရထားဟာ အသုဘ မီးရထားပေါ့''

''အင်း ဆိုပါတော့လေ၊ ပထမတုန်းကတော့ ဒီခေါင်းတွေဟာ 'အယ် ကို' မြို့ကို ယူသွားဖို့လို့ ပြောကြတယ်။ အခုတော့ ဟမ်းဘို့ခ်တပ်အတွက်ဆိုတာ သိရပါပြီ''

မီးရထားတွဲထဲတွင် နွေးနွေးထွေးထွေး ရှိနေသော်လည်း မာရီကာ့ တစ်ကိုယ်လုံးသည် ဆတ်ခနဲ တွန့်လှုပ်သွားသည်။

''ကျွန်မ ဒီရထားနဲ့ မပြန်ဖြစ်တာကို ဝမ်းသာရမလိုလို ဖြစ်နေပြီ။ ဒါနဲ့ အားမစပ် ဒေါက်တာ့ကို ဘယ်သူ သတ်တယ်လို့ ရှင် ထင်သလဲ''

''အဲ သူ့ကိုသတ်တာ ကျုပ်လည်း မဟုတ်ဘူး။ ခင်ဗျားလည်း မဟုတ်ဘူး။ အဲဒီလိုဆိုရင် သံသယဝင်စရာကောင်းတဲ့ လူတွေက ရဲမှူးကြီး အပါအဝင် တပ်သား နှစ်ဆယ်ကျော် ဖြစ်မှာပေါ့။ ဟော ပြောရင်း ဆိုရင်းနဲ့ သူတို့ပြန်လာကုန်ကြပြီ''

www.burmeseclassic.com

www.burmeseclassic.com



ကလဲယားမွန့်က ရှေ့ဆုံးက ဝင်လာသည်။ သူ့နောက်တွင် နသ
ပီးယားစ်နှင့် အိုဘရိုင်ရင်တို့က ကပ်၍ ပါလာကြ၏။ ဒီကင်က ကလဲယားမွန့်ကို
လှမ်းကြည့်လိုက်သည်။ ကလဲယားမွန့်က ခေါင်းညိတ်ပြလိုက်ပြီးနောက် ကုလား
ထိုင်ပေါ်သို့ ထိုင်ချရင်း ကော်ဖီကရားကို ကောက်ကိုင်လိုက်၏။

❖

နေမြင့်လာသည်နှင့်အမျှ ဂျွန်ဒီကင် ကြိုတင်၍ ဟောကိန်းထုတ်ခဲ့သည့်
အတိုင်း ဆီးနှင်းခဲများက သိပ်သိပ်သည်းသည်း ကျဆင်းလာသည်။ လေက ပို၍
ထန်လာသော်လည်း ကျလာသော ဆီးနှင်းခဲများကို လွင့်စဉ်သွားအောင် တိုက်ခတ်
နိုင်ခြင်း မရှိပါ။ ဆီးနှင်းမှုန်တိုင်းကျမည့် အရိပ်အယောင်များ ပေါ်လာသည်။

မီးရထားကြီးသည် ယခုအချိန်တွင် တောင်ကမ်းပါးယံကို ကုတ်ဖွဲ့၍
တက်နေပြီ ဖြစ်သည်။ တစ်ခါတစ်ရံတွင် မတ်စောက်သော တောင်ကမ်းပါးယံကို
တက်သည်။ တစ်ခါတစ်ရံတွင် တောင်ခေါင်းများကို ဖောက်ထားသော ဥမင်
လိုဏ်ခေါင်းထဲသို့ ဖြတ်သွားသည်။ ရထားလမ်းဘေးရှိ ချောက်ကမ်းပါးကြီးမှာ
လည်း မတ်စောက်နက်ရှိုင်းလှသည်။

မာရီကာသည် ပြတင်းပေါက်မှန်မှတစ်ဆင့် အပြင်ဘက်ကို လှမ်း
ကြည့်လိုက်သည်။ အမြင့်သို့ မတက်ရဲသော ရောဂါရှိနေသူများအတွက် လုံး
မသင့်လျော်သော မြင်ကွင်းပင် ဖြစ်၏။ ထိုအချိန်တွင် မီးရထားကြီးသည် အဆုံးအ
မရှိ နက်ရှိုင်းလှသည်ဟု ထင်ရသော တောင်ကမ်းပါးယံမှ ချောက် တစ်ခုပေါ်တွင်
ဖြတ်ဆောက်ထားသည့် တံတားတစ်ခုပေါ်တွင် ဖြတ်မောင်းနေခိုက် ဖြစ်သည်။
တံတားအောက်မှ တိုင်ခြေများကို မမြင်ရလောက်အောင်ပင် အဆိုပါ ချောက်ကြီးမှာ
နက်ရှိုင်းလှသည်။

အဆိုပါ တံတားမှ လွန်လာသော် ရထားလမ်းသည် ညာဘက်သို့ ကွေ့သွား
ပြီးနောက် မတ်စောက်သော တောင်ကမ်းပါးယံကို ပင်ပန်းကြီးစွာ ကုတ်ဖွဲ့ပြီး
တက်ရပြန်သည်။ ရထားလမ်း၏ ဘယ်ဘက်တွင် မတ်စောက်သော တောင်ကမ်းပါးယံ
နှင့် အပေါ်မှ မိုးနေသည့် ထင်းရှူးပင်များ ရှိသည်။ ရထား၏ ညာဘက်တွင်ကား
နက်ရှိုင်းသော ချောက်ကမ်းပါးကြီးက ရှိနေ၏။

ဘရိတ်တွဲသည် တံတားပေါ်မှ လွတ်ရုံသာ ရှိသေးသည်။ ထိုအခိုက်တွင်
ဘရိတ်ကို ရုတ်တရက် ဆွဲ၍ ရထားကို အတင်းအဓမ္မ ရပ်လိုက်သောကြောင့်



မာရီကာသည် ယိုင်ပြီး လဲကျမလိုလို ဖြစ်သွားသည်။ မီးရထားကြီးသည် တကျွိကျွိ
မြည်ပြီး ဇတ်ခနဲ ရပ်တန့်သွားလေ၏။

ထမင်းစားခန်းထဲတွင် ရှိနေသော ကလဲယားမွန့်တို့ လူသိုက်သည်
မာရီကာကဲ့သို့ လဲပြိုမလိုလို ဖြစ်မသွားသော်လည်း ကလဲယားမွန့်က ဒေါသတကြီး
ဆဲရေးတိုင်းထွာလိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ကလဲယားမွန့်၊ အိုဘရိုင်ရင်
နှင့် ပီးယားစ်တို့သည် ရထားပေါ်မှ ဆင်းလာကြသည်။ ဂျွန်ဒီကင်ကမူ ခပ်ဖြည်းဖြည်း
ထိုင်ရာမှ ထလိုက်ပြီးနောက် ရထားတွဲပေါ်မှ ခြေကျင်းဝတ်ခန့် နက်သော ဆီးနှင်းခဲ
များပေါ်သို့ ဆင်းလိုက်၏။

စက်ခေါင်းအင်ဂျင်နီယာ ဘန်လွန်သည် ရှေ့ပိုင်းမှ နောက်ဘက်ပိုင်းသို့
ကြောက်လန့်တကြား ပြေးလာသည်။ အိုဘရိုင်ရင်က သူ့ကိုဆီး၍ ဖမ်းလိုက်သော်
လည်း ဘန်လွန်က အဖက်မခံဘဲ အတင်းအဓမ္မ ရုန်းထွက်လိုက်၏။

"ကျုပ်ကို လွှတ်စမ်းပါဗျာ၊ သူ လိမ့်ကျသွားလို့"

"ဘယ်သူ လိမ့်ကျတာလဲကွ"

"ဘယ်သူ ရှိရမလဲ၊ ကျုပ်ရဲ့ မီးထိုးသမား ဂျက်ဆင်ပေါ့"

သူက အတင်းရုန်းထွက်ပြီး တံတားရှိရာသို့ ပြေးသွား၏။ ငှင်းနောက်
မှောင်နေသော ချောက်ထဲသို့ ငုံ့ကြည့်နေ၏။ တစ်ဖန် ရှေ့ခပ်လှမ်းလှမ်း တစ်နေရာ
သို့ ပြေးသွားပြီး အောက်သို့ ငုံ့ကြည့်ပြန်သည်။ သည်တစ်ကြိမ်တွင်မူ ရှေ့သို့
ဆက်မသွားတော့ဘဲ ထိုနေရာမှပင် ဒူးထောက်၍ ရှေ့သို့ ငုံ့ကြည့်နေ၏။

ထိုနေရာသို့ ချက်ချင်းလိုလိုပင် အခြားသူများလည်း ဝိုင်းအုံရောက်ရှိလာ
ကြသည်။ ထိုလူစုထဲတွင် ဆာဂျင်ဘဲလူးနှင့် စစ်သားတချို့လည်း ပါလာ၏။ သူတို့
အားလုံးသည် ချောက်ကမ်းပါးစွန်းထိပ်မှ အောက်သို့ ငုံ့ကြည့်နေကြလေသည်။

ပေခြောက်ဆယ်ခန့် သို့မဟုတ် ပေခုနစ်ဆယ်ခန့် နက်သော ချောက်ထဲမှ
အပြင်သို့ ငေါထွက်နေသည့် ကျောက်တုံးတစ်တုံးပေါ်၌ ခွေခွေကလေး ဖြစ်နေသည့်
လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို အပေါ်မှ လှမ်းမြင်နေရ၏။ ထို ကျောက်တုံးအောက်မှ
နောက်ထပ် ပေတစ်ရာခန့်နက်သည့် နေရာတွင်ကား ရေစီးပြင်းလှသောကြောင့်
အမြှုပ်ဖြူများ တစီစီ ထ,နေသည့် ချောင်းလေးကို ခပ်ရေးရေး မြင်နေရသည်။

ပီးယားစ်က ခပ်ငေါ့ငေါ့ ပြောလိုက်၏။

"ကဲ ဘယ်လိုလဲ ဒေါက်တာဒီကင်"

ဒီကင်ကလည်း ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ သေနေပြီဆိုတာ အရူးတစ်ယောက်တောင် မြင်ရုံနဲ့ သိနိုင်ပါတယ်"

ပီးယားစ်က လေပြည်တိုးသည်။

"ကျုပ်ကတော့ အရူးမဟုတ်လို့ မြင်ရုံနဲ့ မသိဘူးဗျို့၊ ဒါပေမဲ့ သူဟာ ဆရာဝန်ရဲ့ ကုသမှုကို ခံယူဖို့ လိုအပ်ချင် လိုအပ်မှာပါ၊ ကဲ ဗိုလ်မှူးကြီး ကလဲယားမွန် ကကော ဘယ်လို သဘောရပါသလဲ ခင်ဗျာ"

"ကျုပ်အနေနဲ့ သူ့ကို လုပ်ခိုင်းဖို့ မဖြစ်နိုင်"

ဒီကင်က ဖြတ်ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ကို ပီးယားစ်ကလည်း မခိုင်းနိုင်ဘူး။ ပြီးတော့လည်း ကျုပ် အောက်ကို ဆင်းသွားမယ် ဆိုရင် ပီးယားစ်က ကြိုးကို ဖြတ်မပစ်ပါဘူးလို့ ဘယ်လူက အာမခံမလဲ။ ကျုပ်အပေါ်မှာ ထားတဲ့ ရဲမှူးကြီးရဲ့ သဘောထားကို ခင်ဗျားတို့အားလုံး သိသားပဲဥစ္စာ။ သူက ဒီအမှုပြီးရင် ကျုပ်ကို မသေ၊သေအောင် ကြိုးပေးသတ်စေချင်နေတဲ့ လူဗျ။ တကယ်လို့သာ ကျုပ် ဒီချောက်ထဲကို ဆင်းသွားတုန်း မတော်တဆ လိမ့်ကျပြီး သေသွားမယ် ဆိုရင် သူ့အတွက် အလုပ်တော်တော် ပေါ့သွားမှာဗျ"

ကလဲယားမွန်၏ မျက်နှာထားမှာ တင်းမာနေ၏။

"ဒီမှာ ကိုယ့်လူ၊ အဲဒီကြိုးကို ကျုပ်ရဲ့ စစ်သား ခြောက်ယောက်က ဆွဲမှာကွ။ မင်း ဒါ ငါ့ကို သက်သက်မဲ့ စော်ကားလိုက်တာပဲ"

"ဗျာ..."

ဂျွန်ဒီကင်က ဗိုလ်မှူးကြီး၏ မျက်နှာထားကို စေ့စေ့စပ်စပ် အကဲခတ်ရင်း ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် ပြောတာ လွန်သွားပါတယ်၊ တောင်းပန်ပါတယ်ဗျာ"

ဂျွန်ဒီကင်က ကြိုးစကို ယူလိုက်ပြီးနောက် ကြိုးကွင်းနှစ်ခု ဖြစ်အောင် လုပ်ပြီး ခြေထောက် နှစ်ချောင်းကို ကြိုးကွင်းတစ်ခုစီထဲသို့ ထိုးသွင်းလိုက်သည်။ ကြိုးကွင်းနှစ်ခု ပေါင်ရင်းသို့ ရောက်သောအခါ အဆိုပါကြိုးကို ခါးတွင် တစ်ပတ်ရစ်လိုက်ပြန်သည်။

"ကျွန်တော် နောက်ထပ် ကြိုးတစ်ချောင်း လိုချင်သေးတယ်"

ကလဲယားမွန်က မျက်မှောင်ကုပ်လိုက်သည်။



"နောက်ထပ် ကြိုးတစ်ချောင်း ဟုတ်လား။ ဒီကြိုးနဲ့ မြင်းတစ်ကောင်လုံးကိုတောင် ဆွဲတင်နိုင်တယ်"

"ကျွန်တော်က မြင်းအကြောင်းကို စဉ်းစားနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအလောင်းကြီးကို လင်းတတွေ ပွဲတော်တည်ဖို့ ဒီအတိုင်း ပစ်ထားခဲ့ကြမှာလား။ ဒါမှမဟုတ် ခင်ဗျားရဲ့ မြင်းတပ်မတော်က စစ်သားတွေကိုသာ ကောင်းကောင်းမွန်မွန် မြေမြှုပ်ပြီး သင်္ဂြိုဟ်လေ့ ရှိပါသလား"

ဗိုလ်မှူးကြီး ကလဲယားမွန်သည် ဂျွန်ဒီကင်ကို အစိမ်းလိုက် ဝါးစားချင်သော မျက်နှာထားနှင့် ကြည့်နေပြီးနောက် ဆာကျင်ဘဲလ်လူးကို ခေါင်းညိတ်ပြလိုက်၏။

တစ်မိနစ်အတွင်းမှာပင် စစ်သားတစ်ဦးသည် ကြိုးတစ်ခွေနှင့် ပြန်ရောက်လာသည်။ မကြာမီ နောက်ထပ်၍ ကြိုးနှစ်ခွေ ထပ်မံရောက်ရှိလာ၏။ ဤတွင် ဂျွန်ဒီကင်သည် ကြိုးစကို ထိန်းရင်း တယိုင်ယိုင်နှင့် အောက်ဘက်သို့ ဆင်းသွားပါတော့သည်။ မကြာမီ ဂျွန်ဒီကင်သည် ဂျက်ဆင်၏ ခန္ဓာကိုယ်ကြီး တင်ရှိနေရာ ကျောက်စွန်းကြီးပေါ်၌ ခိုင်ခိုင်မြဲမြဲ ခြေချနိုင်ပြီ ဖြစ်ပါတော့သည်။

အပြင်းအထန် တိုက်ခတ်နေသော လေတဟူးဟူးအကြားတွင် ဂျွန်ဒီကင်သည် ဂျက်ဆင်၏ ခန္ဓာကိုယ်ကြီးကို တစ်မိနစ်ခန့် ကြာအောင် ငုံ့၍ ကုန်းကုန်းကွကွကြီး ကြည့်နေ၏။ ၎င်းနောက် ဒုတိယကြိုးကို ဂျက်ဆင်၏ ကိုယ်တွင် ခိုင်မြဲစွာ ချည်နှောင်လိုက်သည်။ ထို့နောက် ဂျွန်ဒီကင်က မတ်မတ်ရပ်လိုက်ပြီး လက်ကို မြှောက်ပြလိုက်သဖြင့် အပေါ်သို့ ပြန်ဆွဲတင်လိုက်ကြသည်။ ချက်ချင်းလိုလိုပင် ချောက်ကမ်းပါးထိပ်သို့ ပြန်ရောက်လာ၏။

"ကဲ... ဘယ်လိုလဲ"

စိတ်မရှည်တော့သော ကလဲယားမွန်က မေးလိုက်ခြင်းပင် ဖြစ်သည်။ ဂျွန်ဒီကင်က ကြိုးထုံးများကို ပြန်ဖြေလိုက်ပြီးနောက် အတော်ခပ်များများ ပွန်းပဲ့သွားသော သူ့ဒူးခေါင်း နှစ်ခုစလုံးကို လက်နှင့် ပွတ်လိုက်သေးသည်။

"ခေါင်းခွံ ကွဲအက်သွားတယ်၊ သူ့ကိုယ်ပေါ်မှာ ရှိတဲ့ အရိုးအားလုံးလိုလို ကျိုးနေတယ်"

ဂျွန်ဒီကင်က ဘန်လွန်ကို စူးစမ်းသော မျက်နှာထားနှင့် ကြည့်၍ ပြောလိုက်ပြန်သည်။

"ပြီးတော့လည်း သူ့ညာဘက် လက်ကောက်ဝတ်ကို ကြိုးနဲ့ချည်ထားတာ တွေ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်ခင်ဗျာ၊ သူက အပြင်ဘက်ကနေပြီး စက်ခေါင်းရဲ့ ရှေ့မှန်ပေါ်မှာ တင်နေတဲ့ ဆီးနှင်းခဲတွေကို ဂေါ်ပြားနဲ့ ကော်ပြီး ရှင်းနေတုန်း လိမ့်ကျသွားတာပါ။ လက်ကို ကြိုးနဲ့ ချည်ထားတဲ့ နည်းကလည်း မီးသတ်သမားတွေ သုံးလေ့သုံးထ ရှိတဲ့ နည်းတစ်မျိုးပါပဲ။ အဲဒီလို ချည်ထားတော့ လက်နှစ်ဖက်စလုံးနဲ့ တွဲလောင်းခိုထားတဲ့ သဘောမျိုး ဖြစ်တာပေါ့လေ"

"အင်း ဒီတစ်ချီကျတော့ လက်မှာ ချည်ထားတဲ့ ကြိုးကို အားကိုးလို့ မရဘူး ဖြစ်သွားတာပေါ့ ဟုတ်လား။ အခုလို ဘာပြုလို့ ဖြစ်ရသလဲ ဆိုတာကို ကျွန်တော် ခန့်မှန်းမိပါပြီ။ ကဲ… ရဲမှူးကြီး ခင်ဗျားက နောင်တစ်ချိန်ကျရင် သေဆုံးကြောင်း လက်မှတ်ထုတ်မပေးမီ သက်သေခံနိုင်ဖို့အတွက် ကျွန်တော်နဲ့ လိုက်ခဲ့ပါဦး"

ပီးယားစ်သည် ခဏမျှ ကြောင်သွားသည်။ ၎င်းနောက် ခေါင်းတစ်ချက်ညိတ်ပြီး ဝွန်ဒီကင် နောက်သို့ လိုက်သွား၏။ ဗိုလ်မှူးအိုဘရိုင်ရင်ကလည်း သူတို့နောက်က ကပ်ပြီး ပါသွားသည်။ ဒီကင်သည် ခေါင်းတွဲသို့ ရောက်သောအခါ ခေါင်းတွဲရှေ့သို့ လျှောက်သွားပြီး ခေါင်းတွဲဘက်သို့ ပြန်မော့ကြည့်သည်။ ရထားရှေ့မှန်၏ ရှေ့နှင့် ဘိုင်လာအိုး၏ နောက်ဘက်တွင် ဆီးနှင်းခဲများ မရှိရလေအောင် ရှင်းလင်းထားပြီး ဖြစ်သည်ကို တွေ့လိုက်ရသည်။

ဤတွင် ဝွန်ဒီကင်သည် ခေါင်းတွဲပေါ်သို့ သံတန်းလက်ကိုင်ကိုဆွဲပြီး တက်သွားသည်။ သူ တက်သွားသည်ကို ပီးယားစ်နှင့် အိုဘရိုင်ရင်ကသာမက နောက်ထပ် ရောက်လာသော ဘန်လွန်ကပါ ဝိုင်း၍ကြည့်နေ၏။ ဝွန်ဒီကင်သည် ပထမတွင် ရှေ့ဘက်သို့ စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး နောက်ဘက်သို့ လှည့်၍ ကြည့်ပြန်သည်။ ထင်းစည်းများ ထားသော အခန်းတွင် သုံးပုံနှစ်ပုံခန့် လွတ်နေပြီး နောက်ပိုင်းတွင်သာ ထင်းစည်းများကို ကပ်၍ပုံထားသည်။ ညာဘက်ထောင့်တွင်ကား ထင်းစည်းများသည် စနစ်တကျ မရှိဘဲ ကြမ်းပေါ်သို့ ဖရိုဖရဲ ပြိုကျနေ၏။

ဒီကင်သည် ယခုအချိန်တွင် ပို၍ စေ့စေ့စပ်စပ် ကြည့်နေသည်။ သူသည် နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီးနောက် မျက်လုံးကစားလိုက်သည်။ ထို့နောက် ငုံ့လိုက်ပြီး ထင်းစည်းများနောက်မှ ပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်၏။

"ဒါ 'တီကွီလာ'(အရက်)ပဲ။ သူတစ်ကိုယ်လုံး နံစော်နေတဲ့အပြင် အင်္ကျီပေါ်မှာတောင် တချို့တစ်ဝက် ဖိတ်ကျနေသေးတယ်"

သူက ဘန်လွန်ကို တအံ့တသြ ကြည့်လိုက်၏။

"ဒါနဲ့တောင် မင်းက ဒီကိစ္စကို ဘာမှမသိဘူးတဲ့လား"



ပီးယားစ်ကလည်း ဝင်ပြောသည်။

"ဟုတ်တယ်၊ ကျုပ်ကလည်း သူ့ကို အဲဒီလို မေးမလို့ပဲ"

"ကျွန်တော့်အကြောင်းကို ဘုရားသခင် သိပါတယ် ရဲမှူးကြီး။ ကျွန်တော်ဟာ ဘယ်လိုအနံ့မျိုးကိုမှ မသိတဲ့ လူစားမျိုးပါ။ ကြိုက်တဲ့လူကို မေးကြည့်နိုင်ပါတယ်။ ပြီးတော့လည်း ဂျက်ဆင်ကို အိုဒင်မြို့ရောက်မှ တွေ့ဖူးတာပါ။ အရင်က မသိခဲ့ပါဘူး။ ပြီးတော့ သူ ဒီအရက် သောက်တယ်ဆိုတာကိုလည်း လုံးဝမသိပါဘူးဗျာ"

ရထားခေါင်းတွဲပေါ်သို့ တက်လာသော ကလဲယားမွန့်က ဝင်ပြောလိုက်ပြန်သည်။

"ကဲ မင်း အခု သိပြီပေါ့။ အေး တို့လည်း အခုမှပဲ သိတယ်။ တော်တော်ဆိုးတဲ့ကောင်။ ဒီမှာ ဘန်လွန်၊ မင်းကို အခုချိန်ကစပြီး တပ်မတော်ရဲ့ စည်းကမ်းနဲ့ အုပ်ချုပ်မယ်။ မင်း နောက်ထပ်ပြီး အရက်သောက်တာ တွေ့ရင် မင်းကို ဟမ်းဘိုးခံတပ်မှာ ချုပ်ထားမယ်။ ပြီးတော့လည်း ယူနီယံ ပစိဖိတ် မီးရထားကုမ္ပဏီကိုပါ အလုပ်ဖြုတ်နိုင်းပစ်မယ် ကြားလား"

ဘန်လွန်က စိတ်ထိခိုက်သွားသော အမူအရာနှင့် ပြန်ဖြေလိုက်သည်။

"ကျွန်တော် အလုပ်ခွင်အတွင်းမှာ အရက်မသောက်ပါဘူး ဗိုလ်မှူးကြီး"

"မင်း ရီစီဘူတာမှာတုန်းက အရက်သောက်နေတာ ငါ တွေ့ခဲ့သားပဲ၊ ကဲ ရဲမှူးကြီး ဘာပြောဖို့ ရှိသေးလဲ"

"မေးစရာ မရှိပါဘူး ဗိုလ်မှူးကြီး။ ဒီကိစ္စက ရှင်းပါတယ်"

"ကောင်းပြီ"

ကလဲယားမွန့်က ဘန်လွန်ကို လှည့်၍ပြောလိုက်ပြန်သည်။

"ကျုပ် ဆာဂျင်ဘဲလူးဆီက တပ်သားတစ်ယောက်ကို မီးထိုးသမားအနေနဲ့ ခေါ်ပြီး တာဝန်ပေးလိုက်မယ်"

ကလဲယားမွန့်က နောက်ထပ် ပြောစရာမရှိ ဆိုသော အမူအရာနှင့် ပြန်လှည့်သွားသည်။ ဤတွင် ဘန်လွန်က ကပျာကယာနှင့် ပြောလိုက်၏။

"ကျွန်တော် ပြောချင်တာ နှစ်ချက် ရှိပါတယ် ဗိုလ်မှူးကြီး"

ကလဲယားမွန့်က ပြန်လှည့်ကြည့်လိုက်သည်။

"အခု မီးရထားမှာ ထင်းနည်းနည်း လျော့နေပါတယ်။ ပြီးတော့လည်း ဒီကနေ တစ်မိုင်ခွဲလောက်ဝေးတဲ့ တောင်ကြားတစ်ခုမှာ ထင်းတွေ သိုလှောင်ထားတဲ့ ဂိုဒေါင်တစ်ခု ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကျုပ်က ထင်းသယ်ပေးဖို့ လူ စီစဉ်ပေးမယ်။ ထဲ နောက်တစ်ချက်ကကော"

"ကျွန်တော် ဒီဂျက်ဆင့်ကိစ္စကြောင့် တော်တော်လေး ပင်ပန်းသွားပါ တယ် ဆရာ၊ ဒီတော့ ဘရိတ်မှာ တာဝန်ကျတဲ့ ဒက်ဗလင်ကို ကျွန်တော့်နေရာမှာ နှစ်နာရီလောက် အစားဝင်ပေးဖို့"

"ကောင်းပြီ၊ စီစဉ်ပေးမယ်"

◆

မြင်းသည်တော်တစ်ဦး၏ ဦးထုပ်ကို ဆောင်းထားသော စစ်သားတစ်ဦး က မီးရထားခေါင်းတွဲ၏ ဘေးပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်ရင်း ပြော လိုက်၏။

"ထင်းတွေ သိုလှောင်ထားတယ် ဆိုတဲ့ ဂိုဒေါင်ဟာ ဒါပဲ ထင်တယ်"

အပြင်ဘက်တွင်မူ ဆီးနှင်းခဲများက ထူထပ်သိပ်သည်းစွာ ကျနေ၏။ ဘန်လွှန်က သူ့အနားသို့ လာ၍ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ ၎င်းနောက် စက်ခလုတ်များ ရှိရာသို့ ပြန်သွားပြီး မီးရထားခေါင်းတွဲနှင့် အဆိုပါ ထင်းဂိုဒေါင်ကို တစ်တန်းတည်း ဖြစ်အောင် ညင်သာစွာ ရပ်တန့်လိုက်သည်။ ထိုဂိုဒေါင်မှာ သုံးဖက် သုံးတန်မှ ကာရံထားပြီး တစ်ဖက် ဖွင့်ထားသော ထင်းဂိုဒေါင် ဖြစ်၏။ ထင်းစည်း အမြောက်အမြားကို သိုလှောင်ထားကြောင်း တွေ့ရသည်။

"ကဲ မင်းက ထင်းသယ်မယ့် အဖွဲ့ကို သွားခေါ်ချေတော့"

စက္ကန့်ပိုင်းခန့်အကြာတွင် ထင်းသယ်မည့် စစ်သား ဆယ့်နှစ်ယောက် ခန့် မျက်နှာမကြည်မသာနှင့် ရောက်လာကြ၏။ သူတို့ကို ကြည့်ရသည်မှာ ထင်း သယ်ရမည့်အစား အလွန် အင်အားများပြားလှသော လူနီများနှင့်သာ ရင်ဆိုင် တိုက်ခိုက်လိုစိတ် ဖြစ်နေကြပုံရသည်။

နေမွန်းတည့်ချိန်လောက် ရှိပြီဖြစ်သော်လည်း ကောင်းကင်တစ်ပြင် တစ်ခွင်လုံးမှာ မှောင်မည်းနေပြီး ဆီးနှင်းမုန်တိုင်း တိုက်ခတ်နေသောကြောင့် နေဝင်ရီတရော အချိန်ထက်ပင် ပို၍ဆိုးဝါးနေပါသေးသည်။ မြင်ကွင်းမှာလည်း သုံး လေးပေထက် ပို၍ မမြင်ရပါ။ အအေးဓာတ်ကလည်း တစ်စထက်တစ်စ ပိုကဲလာသည်။



အအေးဓာတ်ကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းနေသော စစ်သားများသည် ခြေထောက်များကို မြေကြီးပေါ်တွင် တစ်ချိန်လုံး ဆောင့်ဆောင့်နင်းရင်း လေ သာသည့်ဘက်ကို ကျောပေးပြီး တန်းစီ၍ ထင်းစည်းများကို စက်ခေါင်း ရှိရာသို့ သက်ဆင့်ကမ်း သယ်ပို့ပေးနေကြသည်။ သူတို့ ထင်း သယ်ပို့ပေးနေကြသည်မှာ မြန်ဆန်လှပါ၏။ မြန်မြန်သယ်၍ ပြီးစီးပါမှ နွေးနွေးထွေးထွေး ရှိလှသော ရထား တွဲ ရှိရာသို့ ပြန်ကြရမည် မဟုတ်ပါကလား။

သူတို့နှင့် မလှမ်းမကမ်းနောက်ဆီမှ လူတစ်ယောက်သည် ရထားလမ်း ဘေး တစ်လျှောက်အတိုင်း ခိုးကြောင်ခိုးဝှက်နှင့် ရထားနောက်ဘက်ဆီသို့ ပြေးသွားပြီး ရိက္ခာတွဲ၏ အပြင်ဘက် စင်္ကြံလမ်းပေါ်သို့ တွယ်တက်သွားလေသည်။ ထိုလူ ပြေးသွားသည့်ဘက်မှာ ထင်းဂိုဒေါင်ရှိရာ အရပ်နှင့် မီးရထား တစ်စင်းလုံး ခြားနေသည့် အပြင် ဆီးနှင်းခဲများ ထူထပ်စွာ ကျနေသောကြောင့် ပုံပန်းသဏ္ဌာန်ကို သဲသဲကွဲကွဲ ခန့်မှန်းနိုင်ခြင်း မရှိပါ။

ရိက္ခာတွဲတံခါးကို သော့ခတ်ထားကြောင်း တွေ့ရသဖြင့် ထိုသူသည် သော့ပေါက်ကို သေချာစွာ အနားကပ်၍ ငုံ့ကြည့်လိုက်ပြီးနောက် အိတ်ထဲမှ သော့ပေါင်း မြောက်မြားစွာပါသော သော့တွဲကို ထုတ်ယူလိုက်သည်။ တပ်မတော်သုံး အပေါ်ဝတ် အင်္ကျီကြီးကို ဝတ်ထားပြီး မြင်းစီးစစ်သည်တော်တစ်ဦး၏ ဦးထုပ်ကို ဆောင်းထားသူ အဆိုပါပုဂ္ဂိုလ်က သော့တစ်ချောင်းကို ရွေးချယ်ပြီး သော့ပေါက်ထဲသို့ ထိုးထည့်လိုက် ၏။ ရထားတွဲတံခါးသည် ချက်ချင်းလိုလိုပင် ပွင့်သွားပြီး ထိုသူသည် တွဲထဲသို့ အလျှင်အမြန် ဝင်လိုက်၏။ ၎င်းနောက် တွဲတံခါးကို ပြန်ပိတ်လိုက်သည်။

သူက မီးခြစ်ကိုထုတ်၍ ခြစ်လိုက်ပြီး ရေနံဆီမီးခွက်တစ်လုံးကို မီးညှိ လိုက်၏။ အအေးဒဏ်ကို ခံနိုင်ရည် ရှိစေဖို့ ဗိုလ်မှူးအိုဘရိုင်ရင်က ငှားထားသော တပ်မတော်သုံး အပေါ်ဝတ် ကုတ်အင်္ကျီကြီးပေါ်မှ ဆီးနှင်းခဲများကို ဂွန့်ဒီကင်က ခါ၍ချလိုက်သည်။ ၎င်းနောက် သူသည် တွဲ၏ အလယ်ခေါင်ဆီသို့ လျှောက်သွားပြီး နံဘေး ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်လိုက်သည်။

တွဲ၏ နောက်ပိုင်းတွင် ယာယီ ပြုလုပ်ထားပုံရသော စင်များပေါ်၌ လူသေ ထည့်ရန် ခေါင်းများကို အစီအရီ တင်ထားသည်။ ခေါင်း စုစုပေါင်း သုံးဆယ့်နှစ်လုံး ရှိ၏။ ခေါင်းအားလုံးသည် တညီတည်း တစ်ပုံစံတည်း ဖြစ်သည်။ အမေရိကန် မြင်းတပ်မတော်တွင် အမှုထမ်းကြသည့် မြင်းသည်တော် စစ်သားအားလုံးသည် အလုံးအရပ် တညီတည်း အလေးချိန်အတူတူ ရှိကြလေသည်ဟု "ခေါင်း" ပြုလုပ် သူက ယူဆလေသလော မသိ။

www.burmeseclassic.com

www.burmeseclassic.com



ရထားတွဲ၏ ကျန်နေရာများတွင်လည်း အခြားပစ္စည်းမျိုးစုံကို သိုလှောင်ထားသည်။ ရထားတွဲ၏ ညာဘက်ခြမ်းတွင် သေတ္တာများ၊ အိတ်များနှင့် ထည့်ထားသော စားသောက်ဖွယ်ရာ ရိက္ခာပစ္စည်းမျိုးစုံကို သေသေသပ်သပ် စုပုံထားသည်။ ရထားတွဲ၏ ဘယ်ဘက်ခြမ်းတွင်မူ ကြေးဝါ စည်ပတ်ပြားနှင့် ပတ်၍ ရိုက်ထားသော သစ်သား သေတ္တာများကို တွေ့ရပြီး အခြားပစ္စည်းများကိုမူ မိုးရေခံ တာလပတ်များနှင့် အုပ်ထားကြောင်း တွေ့ရ၏။ သစ်သားသေတ္တာများပေါ်တွင် 'အမေရိကန်တပ်မတော် ဆေးပစ္စည်းများ' ဟူ၍ ရေးသားထားသည်။

ဂျွန်ဒီကင်က တာလပတ်စတစ်စကို လှန်လိုက်၏။ အဆိုပါ တာလပတ်အောက်တွင်လည်း သစ်သားသေတ္တာအချို့ ရှိနေသည်။ သို့သော် သေတ္တာများပေါ်တွင် 'အန္တရာယ်ရှိသည်'၊ 'အန္တရာယ်ရှိသည်' ဆိုသော စာတန်းများကို စာလုံးအနီများနှင့် ရေးသားထား၏။

အခြားသော တာလပတ်စများ၏အောက်တွင်လည်း အလားတူ ရေးမှတ်ထားသော သစ်သားသေတ္တာများ ရှိနေကြောင်း တွေ့ရသည်။ နောက်ဆုံးတွင် တာလပတ်စ ခပ်ငယ်ငယ်တစ်ခုနှင့် ဖုံးအုပ်ထားသော ပစ္စည်းကို ဂျွန်ဒီကင်က လှန်ကြည့်လိုက်သည့်အခါတွင်ကား ခပ်ရှည်ရှည်မြောမြော မီးခိုးရောင် သေတ္တာကလေးတစ်လုံးကို တွေ့လိုက်ရ၏။ ထိုသေတ္တာကလေးကို လက်နှင့် အလွယ်တကူ ဆွဲ၍ ယူဆောင်သွားနိုင်ရန်အတွက် သားရေနှင့် လုပ်ထားသော လက်ကိုင်ကလေး တစ်ခုကိုလည်း တပ်ထားကြောင်း တွေ့ရသည်။ သေတ္တာပေါ်တွင်မူ 'အမေရိကန် တပ်မတော်၊ ကြေးနန်းရိုက်စက်' ဆိုသော စာတန်း ပါရှိ၏။

ဂျွန်ဒီကင်က အဆိုပါသေတ္တာကလေးအား ဖုံးထားသည့် တာလပတ်စကိုယူ၍ လိပ်လိုက်သည်။ ၄င်းနောက် တာလပတ်စအလိပ်ကို ကုတ်အင်္ကျီအောက်သို့ ထိုးထည့်လိုက်ပြီးမှ မီးခိုးရောင် သေတ္တာရှည်ကလေးကို လက်ကဆွဲပြီး မီးခွက်ကို ငြိမ်း၍ ရထားတွဲအပြင်ဘက်သို့ ပြန်ထွက်လိုက်သည်။ သော့ကိုလည်း ပြန်ခတ်လိုက်၏။

သူ ရိက္ခာတွဲထဲသို့ ရောက်ရှိနေသည့် တစ်ခဏမှာပင် အပြင်ဘက်၌ ရာသီဥတုက ပိုဆိုးဝါးနေပြီး မြင်ကွင်းမှာ ပို၍ကျုံ့သွားသည်။ ဤလိုရာသီဥတုမျိုးတွင် မီးရထားနှင့် ခရီးသွားရသည်က ပို၍စိတ်ချရသည်။ မြင်းစီး၍ ခရီးသွားရမည်ဆိုပါက မမြင်မစမ်းနှင့် အလွန်တရာ နက်လှသော ချောက်ထဲသို့ ကျသွားနိုင်သည်ဟု ဒီကင်က တွေးလိုက်မိ၏။



ဂျွန်ဒီကင်သည် ကြေးနန်းရိုက်စက် ပါသော သေတ္တာကလေးကို လူမမြင်အောင် ဖုံးကွယ်၍ ယူဆောင်လာပြီးနောက် ရိက္ခာတွဲ၏ နောက်ဘက်ရှိ မြင်းများထားရှိရာတွဲပေါ်သို့ တက်လိုက်ပြန်သည်။ ထိုရထားတွဲ၏ တံခါးကိုမူ သော့ခတ်မထားပါ။ ထို့ကြောင့် သူက တွဲထဲသို့ ဝင်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ သူက ကြေးနန်းရိုက်စက် ပါသော သေတ္တာကို အောက်သို့ ချလိုက်ပြီးနောက် မီးခွက်ကိုရှာ၍ မီးထွန်းလိုက်ပြန်၏။

မြင်းတွဲထဲ၌ ရှိနေသော မြင်းများသည် ကောက်ရိုးများကို ကောက်ရိုးခွက်ထဲမှဆွဲ၍ တမြုံ့မြုံ့ ဝါးနေကြသည်။ သူတို့အတွက် နေရာကျယ်ကျယ် ဝန်းဝန်း မရှိလှသော်လည်း သူတို့က အရေးထားပုံ မရ။ ထို့အတူ ဂျွန်ဒီကင် တစ်ယောက် ဝင်လာသည်ကိုလည်း အလေးထားပုံ မပေါ်။ တချို့ကတော့ ဂျွန်ဒီကင်ကို စိတ်မပါ့တပါနှင့် ကြည့်လိုက်ပြီးနောက် တစ်ဖက်သို့ လှည့်သွားကြလေသည်။

ဂျွန်ဒီကင်က မြင်းများကို ဂရုစိုက်နေရန် အချိန်မရပါ။ သူက ကောက်ရိုးထားရာ နေရာကိုသာ အလေးထား၍ ရှာနေသည်။ ကောက်ရိုးများကို သူ၏ ညာဘက် ဘေးတွင် သစ်သားသေတ္တာကြီးတစ်လုံးနှင့် ထည့်ထားကြောင်း တွေ့ရ၏။ အဆိုပါ သစ်သားသေတ္တာကြီးမှာ တွဲခေါင်မိုးနားအထိ ရောက်လုနီးပါး မြင့်မားလှသည်။ သူက အဆိုပါ သေတ္တာထဲမှ ကောက်ရိုးထုံး နှစ်ထုံးကို ထုတ်ယူလိုက်ပြီးနောက် အဆိုပါ ကောက်ရိုးထုံးပေါ်မှတစ်ဆင့် သေတ္တာထဲသို့ဝင်၍ နောက်ဘက်ပိုင်းတွင် ကြေးနန်းရိုက်စက်ပါသော သေတ္တာငယ် ထည့်၍ရအောင် ကောက်ရိုးများကို ဆွဲထုတ်ယူလိုက်သည်။ ၄င်းနောက် အဆိုပါသေတ္တာကို တာလပတ်စနှင့် အပေါ်မှ ထပ်၍ပတ်လိုက်ပြီး ကောက်ရိုးပုံထဲတွင် မြှုပ်ထားလိုက်သည်။ ပြီးမှ ထိုနေရာပေါ်၌ ကောက်ရိုးထုံးကြီးများကို ပြန်၍တင်လိုက်၏။ ဘာပဲပြောပြော အဆိုပါ ကြေးနန်းရိုက်စက်ကို လာမည့် နှစ်ဆယ့်လေးနာရီအတွင်း မည်သူမျှ မတွေ့နိုင်တော့ဟု သူက စိတ်ချ ယုံကြည်သွားသည်။ သူ့အတွက် နှစ်ဆယ့်လေးနာရီခန့် အချိန်ရလျှင် လုံလောက်လေပြီ။

ဂျွန်ဒီကင်သည် မီးခွက်ကို ငြိမ်းသတ်လိုက်ပြီးနောက် အပြင်သို့ ပြန်ထွက်ပြီး ဒုတိယတွဲရှိရာ ရှေ့ဘက်သို့ ပြန်လျှောက်သွားသည်။ ဒုတိယတွဲ၏ နောက်ပိုင်း အပြင်စင်္ကြံလမ်းနားသို့ ရောက်သောအခါ ကုတ်အင်္ကျီကို ခါလိုက်ပြီးနောက် တွဲပေါ်သို့ ပြန်တက်လိုက်၏။ တွဲထဲသို့ ရောက်သောအခါ အရာရှိများ၏ အိပ်ခန်းများဆီသို့ သွားရာ စင်္ကြံလမ်းအဝရှိ အင်္ကျီချိတ်တစ်ခုတွင် အပေါ်ဝတ် ကုတ်အင်္ကျီကို ချိတ်လိုက်ပြီးနောက် ရှေ့ဘက်သို့ ဆက်လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲသို့ ရောက်သောအခါ သူက နံဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ မီးဖိုချောင်မှာ ခပ်ကျဉ်းကျဉ်းပင် ဖြစ်သော်လည်း သန့်သန့်ရှင်းရှင်း ရှိကြောင်း တွေ့ရသည်။ ထင်းမီးဖိုပေါ်တွင်လည်း ဒန်အိုးမျိုးစုံကို တည်ထားကြောင်း တွေ့ရ၏။ မီးဖိုထဲတွင် ခပ်ပုပုဝဝ ကပ္ပလီလူမျိုးတစ်ယောက်သာ ရှိသည်။ သူက ဒီကင်ကို ဖြူဖွေးနေသော သွားများ ပေါ်သည်အထိ ပြုံး၍ကြည့်လိုက်၏။

"ကောင်းသောမနက်ပါ ဆရာ"

"ကောင်းသောမနက်ပါ၊ မင်းက ထမင်းချက် ကာလိုစ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဆရာကလည်း လူသတ်သမား မစ္စတာဒီကင် ဆိုတာ ထင်ပါရဲ့။ အတော်ပဲ ဆရာရေ၊ ကော်ဖီ အဆင်သင့် ဖြစ်ပါပြီ"

❖

ရထားစက်ခေါင်း၏ ကြမ်းပြင်ပေါ်တွင် ဘန်လွှန်သည် နံဘေးတွင် ရှိသော ကလဲယားမွန့်နှင့်အတူ ထင်းစည်းများကို ကြည့်နေပါသည်။ ၎င်းနောက် အပြင်သို့ ခေါင်းပြူ၍ ပြောလိုက်၏။

"ထင်းစည်း ပြည့်သွားပါပြီ၊ ကျေးဇူးတင်တယ်ဗျို့"

ဆာဂျင်ဘဲလူးက နားလည်ကြောင်း ပြန်၍လက်ပြပြီးနောက် သူ့လူများနှင့်အတူ မီးရထားနောက်ပိုင်းသို့ ပြန်သွားကြသည်။

ကလဲယားမွန့်က မေးလိုက်၏။

"ဒါဖြင့်ရင် ရထားပြန်ထွက်လို့ ရပြီပေါ့"

"အခုတိုက်နေတဲ့ ဆီးနှင်းမုန်တိုင်း စဲသွားတာနဲ့ တစ်ပြိုင်နက် ထွက်နိုင်ပါပြီ ဗိုလ်မှူးကြီး"

"ဒါဆိုရင် နောက်ပိုင်းက ဘာရိတ်သမား ဒက်ဗလင်နဲ့ လူချင်းလဲဦးမလား။ အခုချိန်ဆိုရင် အတော်ပဲ"

ဘန်လွှန်က ပြတ်သားစွာ ဖြေလိုက်၏။

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော် လူချင်းလဲပေးဖို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ခုအချိန်မှာ လဲလို့မဖြစ်သေးဘူး ခင်ဗျ။ နောက်ထပ် သုံးမိုင်အတွင်း ဒက်ဗလင်ကို သူ့နေရာမှာပဲ ရှိစေချင်ပါတယ်"

"နောက်ထပ် သုံးမိုင် ဟုတ်လား"

" 'လူသတ်သမားရဲ့တောင်ကြား' ထိပ်အထိ ရောက်အောင် ဆိုပါတော့



ခင်ဗျာ၊ ဒီနေရာတစ်ဝိုက်မှာတော့ အင်မတိ အင်မတန် မတ်စောက်လှတဲ့ နေရာတစ်ခုပါပဲ"

ကလဲယားမွန့်က ခေါင်းညိတ်ပြလိုက်သည်။ ဘာရိတ်သမားသည်လည်း သူ့နေရာနှင့်သူ အသုံးဝင်သည်ချည်းသာ ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ဟမ်းဘို့ခံတပ်ကို ကျောက်တုံး ကျောက်ခဲများနှင့် ပြည့်နှက်နေသော ကျဉ်းမြောင်းသည့် တောင်ကြားတစ်ခု၏ အဝတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ခံတပ် တည်ရှိရာ မြေညီလွင်ပြင်သည် အနောက်ဘက်သို့ နိမ့်လျှောသွားသည်။

ဤခံတပ်ကို စစ်ရေးအတွက် အကောင်းဆုံးနေရာတွင် ရွေးချယ်တည် ဆောက်ထားခြင်း ဖြစ်သည်ဟု ဆိုရပါမည်။ ခံတပ်၏ ကျောဘက်၊ သို့မဟုတ် မြောက်ဘက်အရပ်တွင် အလွန်မတ်စောက်သော တောင်ခါးပြတ်ကြီးတစ်ခု ရှိသည်။

ခံတပ်၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် ကျဉ်းမြောင်းသော်လည်း နက်ရှိုင်းသော ချောက်ကမ်းပါးပြတ်တစ်ခုက ခံတပ်ကို ကွေ့ဝိုက်ရစ်ဝိုင်း၍ ထားပါ၏။ ဤချောက်ကမ်းပါးပြတ်က ခံတပ်ကို အလွန်ကောင်းမွန်သော သဘာဝအတားအဆီး တစ်ခုသဖွယ် အကာအကွယ်ပေးထားသည်။ အဆိုပါ ချောက်ကမ်းပါးပြတ်၏ အရှေ့ဘက်ခြမ်းပေါ်တွင်မူ အဆိုပါ ချောက်ကမ်းပါးပြတ်ကို ကျော်ဖြတ်၍ ဖောက်လုပ် ထားသော မီးရထားတံတားတစ်ခု ရှိသည်။ အဆိုပါ မီးရထားလမ်းကို အရှေ့မှ အနောက်သို့ သွယ်တန်း ဖောက်လုပ်ထားခြင်း ဖြစ်ပြီး မီးရထားလမ်းသည် ခံတပ်၏ ရှေ့ဘက်မှ ဖြတ်သန်းသွား၏။



ခုခံကာကွယ်ရန်အတွက် သက်သက်ဟု ဆိုပါက ဤခံတပ်၏ တည်နေရာသည် အကောင်းဆုံး ဖြစ်သည်။ ဤခံတပ်ကို ရထားလမ်းပေါ်ရှိ တံတားမှ ဖြစ်စေ၊ တောင်ကြားလွင်ပြင်ဘက်မှဖြစ်စေ ချဉ်းကပ်လာနိုင်သည်။ သို့သော် မည်သည့် အရပ်မှ ချဉ်းကပ်လာလာ၊ ကတုတ်ကျင်းတူး၍ ခုခံကာကွယ်မည် ဆိုပါက လူ အင်အား အနည်းငယ်မျှနှင့်ပင် ဆယ်ဆမက များပြားသော ရန်သူများကို ဟန့်တား ထားနိုင်စွမ်း ရှိမည် ဖြစ်သည်။

ခံတပ်ရှိ အဆောက်အဦများ၏ လက်ရာမှာမူ အကောင်းဆုံး ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပါ။ ယူနီယံပစိဖိတ် မီးရထားလမ်းကို ဖောက်လုပ်ပြီးစီးသွားသော ၁၈၄၉ ခုနှစ်မတိုင်မီကပင် ဤခံတပ်ကို ဆောက်လုပ်ခဲ့ခြင်း ဖြစ်၍ ရရာ သစ်သား၊ ဗွှည်းများနှင့်ပင် ဖြစ်သလို ဆောက်လုပ်ခဲ့သည်။ ခံတပ်မှာ စတုရန်းပုံသဏ္ဌာန် ဖြစ်ပြီး လေးဖက်လေးတန်တွင် သစ်သားတံတိုင်းများနှင့် ကာရံထားသည်။ သစ်သား တံတိုင်း၏ ထိပ်ဖျားမှ အောက်ဘက် လေးပေခန့် အကွာတွင် လူလျှောက်နိုင်သော ကြိုလမ်းတစ်ခုကို လေးဖက်လေးတန်စလုံးတွင် အတွင်းဘက်မှ ကပ်၍ ဆောက်လုပ် ထားသည်။ မီးရထားလမ်းကို မျက်နှာမူထားသော ဤခံတပ်၏ အဝင်အဝတွင် ကြီးမားလေးလံသော တံခါးကြီးတစ်ခုကို တပ်ဆင်ထား၏။

အဆိုပါ အဝင်ဂိတ်မှ အတွင်းဘက်သို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ညာဘက်တွင် ကင်းတဲရှိပြီး ဂိတ်ဝ၏ ဘယ်ဘက်တွင် လက်နက် ခဲယမ်းမီးကျောက် နှင့် ဒိုင်းနမိုက်များကို သိုလှောင်ထားရာ လက်နက်တိုက် ရှိသည်။ ခံတပ်၏ အရှေ့ဘက် တစ်ခြမ်းလုံးကို မြင်းစောင်းများအဖြစ် သတ်မှတ်ထားပြီး၊ အနောက်ဘက် ခြမ်းတွင် စစ်သားများနေသော အိပ်ဆောင်များနှင့် မီးဖိုချောင်တို့ ရှိသည်။ ခံတပ်၏ မြောက်ဘက်ခြမ်းတွင်မူ အရာရှိများ နေထိုင်ရန် ရိပ်သာ၊ အုပ်ချုပ်ရေးရုံးခန်း၊ ကြေးနန်း ရိုက်စက် ထားသည့် အခန်း၊ လူနာများ ထားသည့် အခန်းနှင့် တစ်ခါတစ်ရံ လာ ရောက် တည်းခိုတတ်သော ဧည့်သည်များအတွက် အိပ်ဆောင်များ ရှိသည်။ ဟမ်းဘို့ ခံတပ်သည် အလွန်ခေါင်သော နေရာတွင် ရှိသဖြင့် မေးဟိုက်ပင်ပန်းလာကြသော ခရီးသွား ခရီးလာများသည် မကြာခဏ လာရောက် တည်းခိုတတ်ကြသည်။

ဟမ်းဘို့ခံတပ်၏ အနောက်ဘက်အရပ်တွင် ရှိသော ကွင်းပြင်ကို ဖြတ်၍ မောဟိုက်ပင်ပန်းလာပုံရသော ခရီးသည်တစ်စုသည် ခံတပ်ဆီသို့ ချဉ်းကပ်လာကြ သည်။ ထိုလူစုမှာ အအေးဓာတ်ကို ကာကွယ်ရန်အတွက် ခြုံစောင်ကြီးများကို အုပ်ဖုံးသည်အထိ လုံလုံခြုံခြုံ လာကြသော လူနီများပင် ဖြစ်သည်။ ထိုအုပ်စုထဲမှ လူအများစုမှာ မောဟိုက် ပင်ပန်းလာပုံရသော်လည်း သူတို့ စီးနင်းလာသော မြင်းများ

www.burmeseclassic.com



လောက် မောပန်းပုံ မရပါ။ မြင်းများသည် မြေပေါ်တွင် ထူထပ်စွာ တင်နေသော ဆီးနှင်းခဲများထဲမှ ဖြတ်သန်းလာရသဖြင့် လူများထက် ပို၍ မောပန်းလာခြင်း ဖြစ်၏။

သူတို့လူစုတွင် တောင့်တောင့်တင်းတင်းနှင့် ခန့်ခန့်ညားညား ရှိလှသော လူနီခေါင်းဆောင်တစ်ဦးသာ မောပင်ပန်းပုံ မရဘဲ ရှိသည်။ သူသည် မြင်းကုန်းနှီးပေါ်တွင် ခပ်မတ်မတ်ထိုင်၍ စီးနင်းလာသည်။ သူသည် အစောင့်အကြပ် လုံးဝမရှိသော ပွင့်နေသည့် ဂိတ်ဝမှ သူ့လူများကို ဦးဆောင်ပြီး ခံတပ်ထဲသို့ ဝင်ရောက်လာသည်။ ဂိတ်ဝတွင် သူက သူ့လူများကို နောက်ချန်နေခဲ့ကြရန် လက်မြှောက်၍ အချက်ပေးလိုက်ပြီးနောက် ခံတပ်ဝင်းကိုဖြတ်၍ 'တပ်ရင်းမှူး' ဟု ဆိုင်းဘုတ် ချိတ်ဆွဲထားရာ အဆောက်အဦဆီသို့ ဦးတည်စီးနင်းသွားသည်။ အဆိုပါ လူနီသည် မြင်းပေါ်မှ ဆင်းလိုက်ပြီးနောက် လှေကားထစ်များကို နင်းတက်ပြီး အဆောက်အဦ တွင်းသို့ ဝင်သွားသည်။

ဆက်ကော်ဟွန်းသည် ဗိုလ်မှူးကြီး ဖဲယားချိုင်း၏ စားပွဲနောက်ရှိ ဆုံလည် ကုလားထိုင်ပေါ်တွင် ထိုင်နေပြီး ခြေထောက်နှစ်ချောင်းစလုံးကို စားပွဲပေါ်တွင် တင်ထားသည်။ လက်တစ်ဖက်တွင် ဗိုလ်မှူးကြီး၏ ဆေးပေါ့လိပ် တစ်လိပ်ကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်တွင် ဗိုလ်မှူးကြီး၏ ဝီစကီဖန်ခွက်ကို ကိုင်ထား သည်။ တံခါးဖွင့်သံ ကြားရသောအခါ သူက မော့ကြည့်လိုက်ပြီး စားပွဲပေါ်မှ ခြေထောက်များကို အောက်ပြန်ချလိုက်သည်။ ဆက်ကော်ဟွန်း ဆိုသော ပုဂ္ဂိုလ်သည် မည်သည့်ပုဂ္ဂိုလ်ကိုမှ အလေးဂရုထားသူတစ်ဦး မဟုတ်ရာ ယခုကဲ့သို့ လေးလေး စားစား ပြုမူလိုက်ခြင်းသည် အလွန်ထူးခြားသည်ဟု ဆိုရမည် ဖြစ်သည်။ သို့သော် အဆိုပါ လူနီကို မည်သည့်ပုဂ္ဂိုလ်ကမှ ကလန်ကဆန် မလုပ်ရဲကြပါ။

ကော်ဟွန်းက နှုတ်ဆက်လိုက်၏။

"နှုတ်ဆက်ပါတယ် ဗိုလ်လက်ဖြူ၊ ခင်ဗျား ပြန်လာတာ တော်တော် မြန်သားပဲ"

"ဒီလို ရာသီဥတုမျိုးထဲမှာတော့ ဘယ်သူမဆို တုံ့နှေးတုံ့နှေး လုပ်နေ မဟုတ်ပါဘူး"

"အားလုံး အဆင်ပြေတယ် မဟုတ်လား။ ဆန့်ဖရန့်စစ္စကို့ကို အထိ သွယ်ထားတဲ့ ကြေးနန်းကြိုးကို"

ဗိုလ်လက်ဖြူက ဖြတ်၍ ခပ်ဆတ်ဆတ်ပြောလိုက်သည်။



"ဖြတ်ပြီးပြီ၊ အနီးတိုဘာ ချောက်ကမ်းပါးပြတ်ပေါ်မှာရှိတဲ့ တံတားကို လည်း ချိုးဖျက်ပြီးပြီ"

ဗိုလ်လက်ဖြူက ဆက်ကော်ဟွန်း လှမ်းပေးသော ဝီစကီပုလင်းကို လက်မခံဘဲ လက်ယမ်း၍ ငြင်းလိုက်၏။

"ခင်ဗျား လုပ်သမျှ အားလုံး အဆင်ပြေတယ် ဗိုလ်လက်ဖြူ။ ကျုပ်တို့ အတွက် အချိန်ဘယ်လောက် ရနိုင်ဦးမလဲ"

"ဘာလဲ၊ အနောက်ဘက်က စစ်သားတွေ ဒီကို ရောက်မလာခင်လို့ ဆိုလိုတာလား"

"ဟုတ်ပါ့တယ်၊ ဒါပေမဲ့ ဟမ်းဘို့ခံတပ်မှာ ကိုရိုးကားရားတွေ ဖြစ်နေ တယ်လို့ မထင်သရွေ့ သူတို့ဆီက စစ်ကူလာစရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ အဲဒီလိုလည်း တထစ်ချ ယူဆထားလို့ မဖြစ်ပြန်ဘူး"

"အေးလေ၊ တော်တော်ကြီးကို စွန့်စားရမယ့် အလုပ်ပဲ ဆက်ကော်ဟွန်း၊ အချိန်ကတော့ သုံးရက် အများဆုံးပဲ၊ ဒါထက် မပိုဘူး"

"ဒါဆိုရင် လုံလောက်တာထက်တောင် ပိုနေပါသေးတယ်။ ရထားက ...တ်ပြန် နေ့လယ် ဆယ့်နှစ်နာရီကျော်ကျော်နဲ့ မိုးမချုပ်မီအတွင်း ရောက်လာမှာပါ"

"ရထားပေါ်မှာ ပါလာမယ့် စစ်သားတွေကကော"

"ခုအထိတော့ ဘာသံတင်းမှ မရသေးဘူး"

ဆက်ကော်ဟွန်းက ခပ်ဆိုင်းဆိုင်း ဖြစ်သွားပြီးနောက် အားတုံ့အားနာ ဖြစ်ဟန်ဖြင့် ဆက်ပြောပြန်သည်။

"ဒီမှာ ဗိုလ်လက်ဖြူ၊ ခင်ဗျားနဲ့ ခင်ဗျားရဲ့လူတွေ အနားယူထားကြရင် ကောင်းမယ် ထင်တယ်။ ဒီနေ့ညနေ မမှောင်ခင် ပြန်ပြီးခရီးထွက်ဖို့ လိုလိမ့်မယ်"

ဗိုလ်လက်ဖြူက ဆက်ကော်ဟွန်းကို ခပ်တည်တည် စိုက်ကြည့်နေ လိုက်သည်။ ပြီးမှ-

"တစ်ခါ တစ်ခါကျတော့လည်း ခင်ဗျားရဲ့ လုပ်ပုံကိုင်ပုံတွေဟာ ဟုတ်မှ ဟုတ်ရဲ့လားလို့ ကျုပ် သံသယဝင်မိတယ် ဆက်ကော်ဟွန်း။ ခင်ဗျား မှတ်မိသေး ရဲ့လား။ ဒီခံတပ်ကို ဝင်မစီးခင်တုန်းက ကျုပ်နဲ့ ခင်ဗျားနဲ့ အစီအစဉ်တွေ ကြိုပြီး လုပ်ခဲ့ကြတယ်။ အဲဒီတုန်းက ခင်ဗျားနဲ့ ခင်ဗျားရဲ့ လူတွေက ညကြီးမည်းမည်းမှာ ဒီခံတပ်ကို လာပြီး တည်းခိုခွင့်တောင်းပြီး တည်းခိုနေကြဖို့ စီစဉ်ခဲ့ကြတယ်။ ဒီခံတပ်ကလည်း ခင်ဗျားတို့ကို တည်းခိုခွင့်ပြုလိမ့်မယ်လို့ ကြိုတွက်ခဲ့ကြတယ်။ အဲဒီအထိကတော့ အဟုတ်သား။ အဲဒီနောက်တော့ ခင်ဗျားရဲ့ လူတွေက ညကင်း

www.burmeseclassic.com



တာဝန်ကျတဲ့ လူတွေကို သတ်ပြီး ဂိတ်တံခါးမကြီးကို ဖွင့်ပေးရမယ်။ ဒီတော့ ကျုပ်နဲ့ ကျုပ်ရဲ့ လူတွေက အိပ်ဆောင်တွေထဲမှာ အိပ်ပျော်နေတဲ့ စစ်သားတွေကို အဝိုင်းဝင်ပြီး ဖမ်းဖို့ပဲ''

ဆက်ကော်ဟွန်းက ဝီစကီပုလင်းကို လှမ်းယူလိုက်သည်။

''ဒီမှာ ဗိုလ်လက်ဖြူ၊ အဲဒီတုန်းက ရာသီဥတုက သိပ်ကို ဆိုးဆိုးဝါးဝါး ဖြစ်နေတယ်။ ဆီးနှင်းခဲတွေ တသဲသဲ ကျနေတဲ့အပြင် ဆီးနှင်းမုန်တိုင်းကလည်း တိုက်နေလေတော့''

''တော်စမ်းပါဗျာ၊ အဲဒီတုန်းက ခင်ဗျားတို့ရဲ့ စိတ်ထဲမှာ ဝီစကီသောက် ဖို့ ကိစ္စကိုပဲ အာရုံစိုက်ပြီး လုံးပန်းနေခဲ့ကြတာ မဟုတ်လား။ ကျုပ် ဒီလောက်တော့ နားလည်ပါတယ်။ ဒီတော့ ခင်ဗျားရဲ့ လူတွေက ညကင်းစောင့်တဲ့ စစ်သား နှစ်ယောက်ကို ချက်ချင်း သေအောင် မသတ်နိုင်ခဲ့ဘူး။ သူတို့က အော်ဟစ်ပြီး သတိပေးလို့ ကျုပ်ဘက်က အတော်ဆုံးလူ ဆယ့်ငါးယောက် ကျဆုံးခဲ့ရတယ် ကော်ဟွန်း။ ခင်ဗျားတို့မှာ တစ်ခါလာလည်း အရက်၊ တစ်ခါလာလည်း အရက် ထွီ... ပြီးတော့ လူဖြူက လူနီတွေထက် အစစအရာရာမှာ သာသတဲ့''

''နေပါဦးလေ၊ ဒီကိစ္စမှာ နားလည်မှု ရှိစမ်းပါ''

''ကျုပ်က အားလုံး နားလည်ထားပါတယ် ဆက်ကော်ဟွန်း၊ ခင်ဗျား ဟာ အတ္တဝါဒီသမားစစ်စစ်ပဲ။ ခင်ဗျားရဲ့ အကျိုးစီးပွားကလွဲရင် ဘယ်သူ့အကျိုး ကိုမှ ဆောင်ရွက်ပေးချင်တဲ့လူ မဟုတ်ဘူး။ ခင်ဗျားရဲ့ လူတွေကလည်း လူဆိုး တွေပါပဲ။ လူနီတွေအတွက် ဘာမှလုပ်ပေးမယ့် လူတွေ မဟုတ်ဘူး။ အဲဒီနောက်တော့ ကျုပ်တို့က တစ်ညနဲ့ တစ်နေ့ ကြာအောင် ခရီးသွားပြီး အနီတိုဘာ တံတား ချိုးဖျက်ဖောက်ခွဲခဲ့ပြီးပြီ။ အခုတစ်ခါ ခင်ဗျားက ကျုပ်တို့ကို တစ်ခေါက် ပြန်တွေ နိုင်းနေပြန်ပြီ''

ကော်ဟွန်းက အတတ်နိုင်ဆုံး ချော့ချော့မော့မော့ ပြောဆိုလိုက်ပြန်၏။

''ဒါကလည်း လိုအပ်မှုပါ။ ဒါပေမဲ့ ဟိုစစ်သားတွေ ဒီကို ရောက်မလာ အောင် တားဆီးဖို့ လိုအပ်တယ် ဆိုတာကိုတော့ ခင်ဗျားလည်း သိသားပဲ မဟုတ်လား''

''အဲဒီလိုဆိုရင် ကျုပ်ဘက်က လူတွေ ထပ်ပြီး ကျဆုံးရတော့မှာပေါ့ အဲဒီလို အကျအဆုံး ခံရစတမ်းဆိုရင် ခင်ဗျား အရက်သောက်နိုင်ဖို့အတွက် ကျုပ်တို့ အသေမခံနိုင်ဘူး။ ကျုပ်တို့ရဲ့ လူမျိုးတွေအပေါ်မှာ လူဖြူတွေက မတော်မတရား လုပ်ခဲ့တဲ့အတွက် ကလဲ့စားပြန်ချေဖို့ လုပ်နေတာ။ လူဖြူစစ်သားတွေဟာ ကျုပ် တစ်သက်မှာတော့ မဟာရန်သူတွေ ဖြစ်တယ်လို့ သတ်မှတ်ထားတဲ့အတွက် ပြန်တိုက်



နေတာပဲ။ ဒါပေမဲ့ လူဖြူစစ်သားတွေကလည်း မညံ့ပါဘူး။ တိုက်ရည်ခိုက်ရည် ပြည့်ဝတဲ့ စစ်သားကောင်းတွေပါပဲ။ ဒီတော့ ဒီကိစ္စမှာ ဗိုလ်လက်ဖြူရဲ့ လက်ရာပဲလို့ သူတို့ဘက်က သိသွားရင် ကျုပ်တို့ကို တောအဆုံး မြေအနှံ့ လိုက်ရှာပြီး တစ်ယောက် မကျန် သတ်ပစ်မှာ သေချာတယ်။ ဒီတော့ ပေးရမယ့် တန်ဖိုးက သိပ်ကို ကြီးမားနေ တာပေါ့ ကော်ဟွန်းရဲ့''

''ဒါပေမဲ့ ဒီကိစ္စကို သက်သေပြနိုင်မယ့် လူဖြူတစ်ယောက်မှ မကျန် ရစ်ခဲ့ဘူး ဆိုရင်ကောဗျာ''

ဆက်ကော်ဟွန်းက ဖျောင်းဖျသော လေသံနှင့် ဆက်၍ပြောပြန်၏။

''အဲဒီလိုဆိုရင် ခင်ဗျားတို့ ရမယ့် ဆုလာဘ်ကလည်း အတိုင်းအဆ မရှိ ကြီးမားတယ်လို့ မဆိုနိုင်ပေဘူးလား''

အတန်ကြာအောင် တွေးနေပြီးမှ ဗိုလ်လက်ဖြူက ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြန်ပြောလိုက်သည်။

''ဟုတ်တယ်၊ အဲဒီလိုဆိုရင် ရမယ့် ဆုလာဘ်က သိပ်မဆိုးလှဘူး''

❖

စစ်မီးရထားကြီးသည် အမတ်စောက်ဆုံးဟု ဆိုသော 'လူသတ်သမား ၏ တောင်ကြား' မီးရထားလမ်းကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ရုန်းတက်နေခဲ့ ရသည်မှာ ဆယ့်ငါးမိနစ်ပင် ကြာရှိခဲ့လေပြီ။ မာရီကာသည် ပြတင်းပေါက် ဘေးတွင် ရပ်လျက် ပြင်ပရှုခင်းကို အရသာခံ၍ ကြည့်နေ၏။ ထိုအချိန်တွင် ဆီးနှင်းမုန်တိုင်းမှာ ပျောက်ကွယ်သွားပြီ ဖြစ်သဖြင့် ရထားနောက်ပိုင်းတွင် ကွေ့ကွေ့ကောက်ကောက်နှင့် ကျန်ရစ်သော ရထားလမ်းကို နှစ်မိုင်အကွာခန့်တွင် ရှိသော တံတားအထိ ပြန်၍ မြင်နေရသည်။

ယောက်ျားကြီး ခြောက်ယောက်ကမူ ပတ်ဝိုင်းကျင်း၏ သာယာမှုကို အလေးဂရုမထားဘဲ ကုလားထိုင်များပေါ်တွင် ထိုင်ရင်း ဆွေးနွေးနေကြလေသည်။

ကလဲယားမွန့်က စ,ပြောလိုက်၏။

''ဘယ်လိုလဲ ရဲမှူးကြီး၊ အမှုနဲ့ ပတ်သက်ပြီး ဘာများ ထူးထူးခြားခြား စုံစမ်းလို့ ရပြီလဲ''

''ဘာမှ စုံစမ်းလို့ မရသေးပါဘူး ခင်ဗျာ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မြင် လိုက်တဲ့ လူ၊ ကြားလိုက်တဲ့ လူ၊ သိလိုက်တဲ့ လူဆိုလို့ တစ်ယောက်မှ ရှာမတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သေးပါဘူး။ ပြီးတော့လည်း ဒီကိစ္စမှာ သံသယဝင်နိုင်လောက်တဲ့ လူကိုလည်း မတွေ့သေးပါဘူး။ အဲ လုံးဝတိုးတက်မှု မရှိသေးဘူးလို့ ဆိုနိုင်ပါတယ်"

ဒီကင်က ဝင်၍ပြောသည်။

"ကျုပ်ကတော့ သိပ်ပြီး ရေရေရာရာ မသိဘူး။ ဒါပေမဲ့ သံသယ ဖြစ်ရမယ့် လူတွေစာရင်းထဲက မဖြစ်နိုင်တဲ့လူတွေကို ပယ်,ပယ်သွားရင်ကောဗျာ။ ဥပမာ အဲဒီညတုန်းက ကျုပ်ဟာ ကြိုးနဲ့ အချည်ခံထားရတယ်။ ဒီတော့ ခင်ဗျား အတွက် ထပ်ပြီး စုံစမ်းစရာ လူရှစ်ဆယ်လောက်ပဲ ကျန်တော့တယ်။ ခင်ဗျားလို..."

ထိုအခိုက်တွင် ကျယ်လောင်လှသော ပေါက်ကွဲသံ တစ်သံကို ကြားလိုက် ရသဖြင့် ဂျွန်ဒီကင်သည် ပြောလက်စ စကားကို ရပ်ပစ်လိုက်၏။ ကလဲယားမွန်သည် ချက်ချင်းလိုလိုပင် ကုလားထိုင်ပေါ်မှ ဆတ်ခနဲ ထ,လိုက်ပြီးနောက်-

"ဟော့ ဒါ ဘာဖြစ်တာလဲ"

ဟု မေးလိုက်သည်။

၎င်းနောက် နှစ်စက္ကန့်အတွင်းမှာပင် ရထားတွဲထဲ၌ ရှိနေသော ယောက်ျား ကြီး ခြောက်ယောက်စလုံးသည် မာရီကာ၏ နံဘေးသို့ ရောက်ရှိသွားကြပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ထိတ်လန့်ချောက်ချားစွာ ကြည့်လိုက်မိကြ၏။

မီးရထား၏ နောက်ဆုံးတွဲ သုံးတွဲ ဖြစ်သော စစ်သားများ စီးနင်းလာသည့် တွဲနှစ်တွဲနှင့် ဘရိတ်တွဲတို့သည် မီးရထားကြီးမှ ပြုတ်ထွက်သွားပြီးနောက် ဆင်ခြေ လျှော မီးရထားလမ်းအတိုင်း အရှိန်နှင့် နောက်ဘက်သို့ ပြန်လျှောကျနေသည်။ ရထားလမ်းအတိုင်း ပြန်လျှောကျနေသော ရထားတွဲ သုံးတွဲ၏ အရှိန်အဟုန်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ပို၍ ပို၍ မြန်လာ၏။

ဒီကင်က ခေါ်လိုက်သည်။

"ဟော့လူတွေ တွဲပေါ်က အချိန်မီ ခုန်ချကြပါလား။ ခုန်ချကြပါတော့ လား"

သို့သော် မည်သူမျှ ခုန်မချကြပါ။

ပြန်လျှောကျသွားသော တွဲသုံးတွဲအနက် အလယ်တွင် ဆာဂျင်ဘဲလူး ပါရှိသည်။ အဆိုပါ ရထားတွဲသည် ရထားလမ်းပေါ်တွင် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ယိမ်းထိုးနေသည်။ ၎င်းအပြင် သံလမ်းနှင့် ဇလီဖားတုံး များကို တွဲထားသည့် သံမှိုကြီးများမှာလည်း ပြုတ်ထွက်လုမတတ် ဖြစ်နေလေပြီ။ မကြာမီ သံလမ်းများသည်ပင် ဇလီဖားတုံးများမှ ပြုတ်ထွက်သွားတော့မည်ကို ရိပ်မိ နေရ၏။



ရထားတွဲထဲ၌ရှိသော စစ်သားများ၏ ကြောက်လန့်တုန်လှုပ်မှုမှာလည်း ပြောပြ၍ မရနိုင်လောက်အောင်ပင် ဆိုးဝါး၍နေလေပြီ။ သူတို့အနက် အများစုသည် တစ်ဖက်စောင်းနင်းကြီး ဖြစ်နေသော ရထားတွဲကြမ်းပြင်ပေါ်၌ မတ်မတ်နိုင်နိုင် ရပ်နိုင်ဖို့အရေးအတွက် အထူးကြိုးစားနေကြရသည်။ ကျန်စစ်သားများမှာလည်း ညည်းညူယိုချက် မယ်မယ်ရရ မရှိဘဲ ဟိုပြေး သည်ပြေးနှင့် ရှုန်းသုန်းကား ဖြစ်နေ ကြ၏။ သို့သော် ဘဲလူး၏ အမိန့်ပေးမှုကြောင့် စစ်သားလေးယောက်သည် တွဲ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ရှိသော တံခါးပေါက်များကို ဖွင့်လှစ်နိုင်ရန် အသေအလဲ ကြိုးပမ်းနေကြသည်။ ခဏမျှကြာသောအခါ တံခါးကို ဖွင့်၍မရသဖြင့် လက်လျှော့ လိုက်ကြရ၏။ စစ်သားတစ်ယောက်က ထိတ်ထိတ်လန့်လန့်နှင့် အော်လိုက်သည်။

"ဘုရားရေ၊ တံခါးတွေကို အပြင်ဘက်ကနေပြီး ပိတ်ထားတယ်ဗျ"

အရာရှိများ၏ နေ့အပန်းဖြေခန်းထဲရှိ အမျိုးသမီးတစ်ဦးနှင့် အမျိုးသား ခြောက်ဦးတို့မှာလည်း မည်သို့မျှ အကူအညီပေးနိုင်စွမ်း မရှိဘဲ မီးရထားကြီးနှင့် တဖြည်းဖြည်း ဝေးကွာသွားသော ရထားတွဲ သုံးတွဲကို ပြတင်းပေါက်မှနေ ကြောက်လန့်တကြား ငေးကြည့်နေမိသည်။ မီးရထားမှ ပြုတ်ထွက်သွားသော ရထားတွဲသုံးတွဲသည် တစ်မိုင်ခန့် ဝေးကွာသော နေရာသို့ ရောက်ရှိနေလေပြီ။ ၎င်းအပြင် ရထားတွဲများမှာ ပြင်းထန်စွာ ယိမ်းထိုးလှုပ်ခါနေကြသဖြင့် ရထား သံလမ်းပေါ်မှ လွင့်စဉ်ကျသွားတော့မည်လားဟု တွေးတောပူပန်နေကြရပြီ ဖြစ်သည်။

ကလဲယားမွန်က အော်ဟစ်လိုက်သည်။

"ဒက်ဗလင် ဆိုတဲ့ ဘရိတ်သမားက ဘာလုပ်နေတာလဲ။ တစ်ခုခု လုပ်ပါတော့လား"

ကလဲယားမွန် တွေးမိသလိုပင် ဆာဂျင်ဘဲလူးကလည်း တွေးလိုက်မိ သည်။

"ဟော့ ဟိုဘရိတ်သမားက ဘာပြုလို့ ဘာမှမလုပ်ဘဲ နေရတာလဲ"

ဘဲလူးသည် ပြောပြောဆိုဆိုနှင့် ရထားတွဲ၏ အလယ်ကြောင်းအတိုင်း နောက် ဘက်တံခါးဆီသို့ အပြေးအလွှား သွားသည်။ စစ်သားများမှာ ကြောက်လန့်တကြားနှင့် ပြတင်းပေါက်များနားတွင် စုဝေးပြီး အပြင်ဘက်သို့ ဝိုင်းကြည့်နေကြသဖြင့် တွဲ၏ အလယ်ကြောင်းတွင် လူရှင်း၍နေသည်။

ဘဲလူးသည် တွဲကူးတံခါးမှ လက်ကိုင်ကို ကသောကမျော ဆွဲ၍ဖွင့် ကြည့်၏။ သို့သော် ဤတွဲကူးတံခါးကိုလည်း အပြင်ဘက်မှပင် ပိတ်၍ထားပြန်သည်။ ဘဲလူးသည် ခါးကြားထဲမှ ကိုင်တ်ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး တံခါးလက်ကိုင်၏

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဘက်နှင့် အောက်ဘက်ကို နှစ်ချက်စီ တော့၍ ပစ်လိုက်လေ၏။ လေးချက်မြောက် ပစ်ပြီးသည့်နောက်တွင် အဆိုပါ တံခါးသည် ဘဲလူး၏ လက်ထဲသို့ ပွင့်၍ပါလာသည်။

သူက ကပျာကယာ တွဲ၏နောက်ဘက်ရှိ အပြင်စင်္ကြံလမ်းပေါ်သို့ ပြေးထွက်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် လေမုန်တိုင်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သော လေကြမ်း၏ တိုက်ခတ်မှုနှင့် ရထားတွဲ၏ ရုတ်တရက် ယိမ်းထိုးလှုပ်ခါသွားမှုတို့ကြောင့် ဘဲလူးသည် အပြင်စင်္ကြံလမ်းပေါ်မှ ဝုန်းခနဲ ပစ်ကျသွားသည်။ ဤတွင် ဘဲလူးသည် အပြင်စင်္ကြံလမ်းတွင် တပ်ဆင်ထားသော သံလက်ရန်းတန်းများကို လက်နှစ်ဖက်နှင့် သက်စွန့်ဆံဖျား ဆွဲထားလိုက်ရ၏။ သူ့ညာဘက် လက်ထဲတွင် ကိုင်ထားသော ကိုတ်ခြောက်လုံးပြူးသည် လက်ထဲမှ လွင့်စဉ်ပြီး မြေကြီးပေါ်သို့ ကျသွားလေတော့သည်။

ဘဲလူးသည် သူ့ဘဝတွင် အကြီးမားဆုံးသော စွန့်စားမှုကြီးတစ်ရပ်ကို ပြုလုပ်လိုက်၏။ သူ့အတွက် သေလျှင် မြေကြီး ရှင်လျှင် ရွှေထီး ဆိုသည့် သဘောမျိုး ဖြစ်နေရာ သေခါမှသေရော ဆိုသည့် စိတ်ဓာတ်နှင့် ဘရိတ်တွဲ၏ ပြင်ဘက် စင်္ကြံလမ်းပေါ်သို့ ခုန်ကူးလိုက်ပါတော့သည်။ သူသည် ဘရိတ်တွဲ၏ သံတန်းကို ဆွဲကိုင်မိသောကြောင့် တွဲလောင်းခိုနေရာမှ စင်္ကြံပေါ်သို့ရောက်အောင် ကိုယ်ကို လက်နှစ်ဖက်နှင့် ဆွဲ၍တက်လိုက်၏။ ၎င်းနောက် ဘရိတ်တွဲ၏ တွဲကူးတံခါးကို အတင်းအဓမ္မ အစွမ်းကုန်ဆွဲ၍ ဖွင့်လိုက်သည်။ သို့သော် တံခါးက ပွင့်မလာပါ။ ထုံးစံအတိုင်း သော့ခတ်ထားသည်ကို တွေ့ရ၏။ ဘဲလူးသည် သူ့မျက်နှာကို ပြတင်းပေါက် မှန်နှင့် ကပ်၍ အတွင်းပိုင်းသို့ ချောင်းကြည့်လိုက်သည်။ သူ မြင်ရသည့် မြင်ကွင်းက သူ့ကို အထူးပင် တုန်လှုပ်ချောက်ချားစေပါ၏။ ဘဲလူး၏ မျက်လုံးများသည် အစွမ်းကုန် ပြူးကျယ်၍လာသည်။ မည်သို့ပင် ကြိုးစား ကြိုးစား သူ၏ ကြိုးစားချက်များသည် သဲထဲရေသွန် ဖြစ်ရပြီကို အသိ နောက်ကျစွာ သိလိုက်ရ၏။

မီးရထားကို ဘရိတ်ဖမ်းသည့် ဘရိတ်လက်ကိုင်ဘီးကြီးသည် ဘရိတ်တွဲ၏ နောက်ဆုံးပိုင်းတွင် ရှိသည်။ သို့သော် ဘရိတ်လက်ကိုင်ဘီးဘေးတွင် မည်သူမျှ မရှိချေ။ ဒက်ဗလင်သည် ပွင့်နေသော သမ္ဗာကျမ်းစာအုပ်ကို မြဲမြံစွာ ကိုင်ရင်း သူ့အိပ်စင်ပေါ်သို့ မှောက်လျက်ကြီး လဲကျနေသည်။ သူ၏ ပခုံး နှစ်ဖက်ကြားမှ ထွက်နေသော ဓားမြှောင်ရိုးတစ်ချောင်းကို လှမ်းမြင်နေရ၏။

ဘဲလူးသည် ကြောက်၍ထိတ်လန့်နေသော မျက်နှာထားနှင့် ရထားလမ်းဘေးသို့ အဓိပ္ပာယ်ကင်းမဲ့စွာ လှမ်းကြည့်လိုက်မိသည်။ ရထားလမ်းဘေးမှ ဆီးနှင်းခဲများ



ဖုံးအုပ်သော ထင်းရှူးပင်များသည် တစ်နာရီလျှင် မိုင်တစ်ရာနှုန်း ခန့်နှင့် အမြင့်မှ လျှောကျနေသော ရထားတွဲ၏ အရှိန်အဟုန်ကြောင့် သူ့အမြင်တွင် ဝါးနေပြီး ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့ရ၏။ ဘဲလူးသည် ဘုရားသခင်ထံတွင် ဆုတောင်းနေသည့် အလုပ်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ယခုအချိန် အထိ သူ တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဖူးသော်လည်း ယခုတစ်ကြိမ်တွင် ဆုတောင်းလိုက်မိ၏။ သူ့မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သည့် အမူအရာ စိုးစဉ်းမျှ မရှိတော့ပါ။ လာမည့်ဘေးကို ပြေးတွေ့မည်ဆိုသော စိတ်ထားနှင့် သေမင်းကို ရဲရဲကြီး ရင်ဆိုင်ရန် အသင့်ရှိနေပြီ ဖြစ်သည်။

မီးရထား၏ ပထမတွဲထဲမှ ကြောက်လန့်တကြားနှင့် ငေးကြည့်နေသော လူခုနစ်ဦးသည် ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။ သူတို့အဖို့ ပြောစရာ စကားတစ်လုံးမှ မကျန်တော့ပါ။ သူတို့ကလည်း ဘဲလူးလိုပင် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု နှလုံးပိုက်လိုက်ကြလေပြီ။

မီးရထားကြီးမှ ပြုတ်ထွက်သွားသော တွဲသုံးတွဲသည် နှစ်မိုင်ခန့် ဝေးသော နေရာသို့ ရောက်ရှိနေပြီ ဖြစ်သည့်အပြင် တံတားကို မရောက်မီ နောက်ဆုံး လမ်းကွေ့သို့ ရောက်ရှိနေပြီ ဖြစ်၏။ သို့သော် အဆိုပါ မီးရထားတွဲများသည် လမ်းကွေ့အတိုင်း လျှောလျှောရှုရှု လိမ့်ဆင်းမသွားနိုင်ဘဲ ရထားလမ်းပေါ်မှ လမ်းဘေးသို့ လွင့်စဉ်ကျသွားသည်ကို မြင်ရသည့်အတွက် မာရီကာသည် ကြောက်လန့်တကြားနှင့် ပြတင်းပေါက်မှ မျက်နှာလွှဲလိုက်မိ၏။

ထိုရထားတွဲ သုံးတွဲသည် ရထားသံလမ်းပေါ်မှ လွင့်စဉ်ပြီးနောက် ဘေးစောင်းကြီး ချောက်ကမ်းပါးထဲသို့ လိမ့်ကျသွားသည်။ အဆိုပါ တွဲသုံးတွဲသည် ချောက်ကမ်းပါးထဲသို့ မကျမီ လေထဲတွင် သုံးတွဲစလုံး ဒေါင်လိုက် တစ်တန်းတည်း ဖြစ်သွားပြီး လေထဲတွင် တွဲလောင်းကြီး ဆွဲထားသလို ဖြစ်နေသည်ကို မြင်ရပြီးမှ ချောက်ထဲသို့ ကျသွားပါတော့သည်။ ချောက်ထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျောက်တုံးကျောက်ခဲများနှင့် ရထားတွဲများ ရိုက်ခတ်မိသောကြောင့် ဖြစ်ပေါ်လာသည့် အသံကြီးကို လက်နက်ခဲယမ်းမီးကျောက်များ သိုလှောင်ထားသည့် လက်နက်တိုက်ကြီးတစ်ခု ပေါက်ကွဲပျက်စီးသွားသံပမာ ကျယ်လောင်စွာ ကြားလိုက်ရ၏။ အဆိုပါ တွဲသုံးတွဲထဲတွင် ရှိနေသော စစ်သားအားလုံး သေဆုံးကုန်ကြမည်မှာ အလွန်သေချာလှပါတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



စစ်မီးရထားကြီးပေါ်တွင် အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့ကြသူ ပုဂ္ဂိုလ်ဆယ့်တစ်ဦးသည် မြင်းများကို တင်ဆောင်လာသည့် ရထားတွဲနှစ်တွဲအနက် ဒုတိယတွဲ၏ နောက်ပိုင်းတွင် စုရုံးပြီး ရောက်ရှိနေကြသည်။ သူတို့အားလုံးသည် ရထားတွဲ တစ်တွဲနှင့် တစ်တွဲကို ချိတ်ဆက်ထားသည့် အဆက်နေရာကို ဝိုင်းကြည့်နေကြခြင်း ဖြစ်သည်။ ရထားတွဲကို ချိတ်ဆက်ရာတွင် အသုံးပြုသည့် သံချောင်းကြီးလေးချောင်းအနက် သုံးချောင်းမှာ နေသားတကျ ရှိနေသေးပါသည်။ ကလဲယားမွန့်က မယုံကြည်နိုင်သော မျက်နှာထားနှင့် ငေးကြည့်ရင်း ပြောလိုက်၏။

"သံချောင်းကြီးတွေရဲ့ အလုံးထည်ကို ကြည့်စမ်းပါဗျာ၊ ဘယ်လိုလုပ်ပြီး အခုလို ဖြစ်နိုင်မှာတဲ့လဲ"

အိုဘာရိုင်ရင်က ဝင်၍ ပြောပြန်သည်။

"အင်း… ကျုပ်ကတော့ ဒီကိစ္စအတွက် ခေါင်းထဲကို ဆင်းပြီး စုံစမ်းဖို့ မစဉ်းစားပါဘူး။ တကယ်လို့ ဆင်းကြည့်ရင်တောင် သက်သေခံ အထောက်အထား ပစ္စည်းတွေက အစိတ်စိတ်အမွှမွှ ဖြစ်နေတော့မှာပေါ့။ ဒါပေမဲ့ ကျုပ် သိချင်တာက အဲဒီသံချောင်းကြီးတွေ တပ်ထားတဲ့ သစ်သားဟာ ဘယ်လိုအခြေအနေမျိုးမှာ ရှိတယ်ဆိုတာကိုတော့ သိချင်တယ်"

"ဒါပေမဲ့ ကျုပ်လည်း အသံတစ်သံ ကြားလိုက်ရတယ်"

ဒီကင်က ဝင်၍ဆွေးနွေးသည်။

"အဲဒီအသံဟာ သစ်သားချောင်းကြီး နှစ်ပိုင်း ကျိုးသွားတဲ့ အသံကော မဖြစ်နိုင်ဘူးလား"

ကလဲယားမွန့်က လက်ထဲတွင် ကိုင်ထားသော သံချောင်းကြီးများကို လွှတ်ချလိုက်သည်။

"ဟုတ်တယ်၊ အဲဒါ ဖြစ်နိုင်တယ်။ ဒီမှာ ဘန်လွန်၊ မီးရထားကုမ္ပဏီနဲ့ ပတ်သက်တဲ့လူဟာ မင်းတစ်ယောက်တည်းပဲ ကျန်တော့တယ်။ ဒီတော့ ဘာဖြစ်လို့ အဲဒီလို ဖြစ်ရသလဲ ဆိုတာကို ပြောစမ်း"

"ကျွန်တော် ဘုရားသခင်ရှေ့မှာ သစ္စာဆိုပါ့မယ်။ အဲဒီသစ်သားက အလိုလိုနေရင်း ဆွေးသွားတာမျိုး ဖြစ်လိမ့်မယ် ထင်ပါရဲ့။ ဒါကလည်း ကျွန်တော့် အတွေးသက်သက်ပါ။ ဒါပေမဲ့ ဟိုဘာရိတ်သမား ဒက်ဗလင်က ဘာမှ မလုပ်ဘဲ နေတာကတော့ အံ့ဩနေမိပါတယ်"

ကလဲယားမွန့်က အေးဆေးတည်ငြိမ်သော အသံနှင့် ပြောလိုက်၏။



"အချို့ကိစ္စတွေရဲ့ အဖြေကိုတော့ ဘယ်လိုမှ ဖော်ထုတ်လို့ရမှာ မဟုတ်တော့ဘူး။ ကဲ… ပြီးတာလည်း ပြီးပြီ။ အခု ပထမဦးဆုံး လုပ်ကြရမှာက ဟိုသေသွားတဲ့ စစ်သားတွေရဲ့နေရာမှာ လူစားထိုးနိုင်ဖို့အတွက် ရီစီမြို့ ဒါမှမဟုတ် အိုဒင်မြို့နဲ့ ဆက်သွယ်ဖို့ ပြန်ကြိုးစားရမယ်။ ဒီကောင်တွေ အသေဆိုးလိုက်တာကွာ။ တကယ်ဆိုတော့ စစ်သားဆိုတာ စစ်မြေပြင်မှာ ရန်သူနဲ့ ရင်ဆိုင်ရင်း သေဖို့ကောင်းတယ်"

အတွေးကျွံသွားသော ကလဲယားမွန့်သည် သူ့ကိုယ်သူ ပြန်ထိန်းရင်း ဆက်၍ ပြောလိုက်ပြန်၏။

"ဒါပေမဲ့ ဟိုဆေးပစ္စည်းတွေ ချောက်ထဲ ပါမသွားတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ဖို့ ကောင်းတယ်"

ဂျွန်ဒီကင်သည် ကလဲယားမွန့်ကို လိုက်လိုက်လျောလျော ပြောဆို ဆက်ဆံလိုစိတ် ရှိဟန်မတူပါ။

"အဲဒီပစ္စည်းတွေ ရှိရှိ မရှိရှိ သိပ်ပြီး အကြောင်းထူးမယ် မထင်ဘူး"

"မင်းက ဘာကို ဆိုလိုတာလဲ"

"ဆေးပစ္စည်းဆိုတာ ဆရာဝန် မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး အသုံးဝင်မှာတဲ့လဲ"

ကလဲယားမွန့်က ချက်ချင်းလိုလိုပင် ပြန်ဖြေလိုက်သည်။

"မင်းလည်း ဆရာဝန်ပဲ မဟုတ်လား"

"အခု မဟုတ်တော့ဘူးလေ"

သူတို့ အချီအချ ပြောနေသည်ကို စိတ်ဝင်စားစွာ နားထောင်နေကြသူများ ရှိပါသည်။ ယခုအထိ ကြောက်စိတ်မပြေသေးသော မာရီကာပင်လျှင် စိတ်ဝင်စားစ ပြုလာပါ၏။

ကလဲယားမွန့်က ဒေါပွလာသည်။

"ဟော့ ဒီကင် ဟိုနေရာမှာ ကာလဝမ်းရောဂါ ဖြစ်နေတာကွ။ အဲဒီလူတွေဟာလည်း မင်းလို ငါလို လူသား"

"အဲဒီလူသားတွေကပဲ ကျုပ်ကို နီးစပ်ရာ သစ်ပင်မှာ ကြိုးပေးပြီး သတ်ကြမှာဗျ။ ဒီတော့ ကျုပ်က ဘာဖြစ်လို့ သူတို့ကို အလေးထားနေရမှာလဲ"

ကလဲယားမွန့်က မကျေချမ်းသော လေသံနှင့် ထပ်၍မေးပြန်သည်။

"မင်းရဲ့ ဆင်ခြေက ဒါ အကုန်ပဲလား"

"ဟုတ်တယ်၊ ဒါအကောင်းဆုံး ဆင်ခြေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကလဲယားမွန့်သည် စက်ဆုပ်ရွံ့ရှာသော မျက်နှာထားနှင့် တစ်ဖက်သို့ လှည့်သွားသည်။ ပြီးမှ-

"ကြေးနန်းရိုက်တဲ့ မော့စ်(သင်္ကေတ)ကို ဘယ်သူ နားလည်သလဲ။ ကျုပ်ကတော့ တစ်ခါမှ မသင်ခဲ့"

အိုဘာရိုင်ရင်က ဝင်ပြောသည်။

"ကျွန်တော် နည်းနည်းပါးပါးလောက်တော့ ရပါတယ်"

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူး၊ ဟော့ ဟင်နရီ၊ ကြေးနန်းရိုက်စက်ဟာ ရိက္ခာတွဲထဲမှာ ရှိတယ်။ တာလပတ်စနဲ့ အုပ်ထားတယ်။ အဲဒီစက်ကို ဧည့်ခန်းထဲကို ယူခဲ့၊ ကြားလား"

ကလဲယားမွန့်က ဘန်လွန်ဘက်သို့ လှည့်ပြီး ငေါ့တော့တော့ ပြောပြန်သည်။

"အေး အခုလို ဖြစ်သွားတော့ တို့တစ်တွေ ခံတပ်ကို ခပ်စောစော ရောက်လိမ့်မယ် ထင်တယ်။ ခေါင်းတွဲက လေးလေးပင်ပင် ဆွဲစရာ သိပ်မရှိတော့ဘူး မဟုတ်လား"

ဘန်လွန်က စိတ်မသက်မသာနှင့် ပြန်ပြောသည်။

"သိပ်ပြီး စောစောရောက်မှာ မဟုတ်ပါဘူး။ ဒီရထားပေါ်မှာ ကျွန်တော် ကလွဲရင် ရထားမောင်းနိုင်တဲ့ လူဟာ ဒက်ဗလင်ပဲ။ ပြီးတော့ ကျွန်တော်လည်း နည်းနည်းလောက်တော့ အိပ်ချင်သေးတယ်"

"အေး မင်းပြောမှပဲ ငါ သတိရတော့တယ်။ ဘာလဲ၊ အခုအိပ်ချင်နေပြီလား"

"ကျွန်တော် နေ့ပိုင်းမှာ ပိုမောင်းပြီး ညပိုင်းမှာ အိပ်ချင်ပါတယ်၊ ညကျရင်"

ဘန်လွန်က မီးထိုးသမား ရက်ဖာတီကို လက်ညှိုးထိုးပြလိုက်ရင်း-

"သူရော ကျွန်တော်ရော သိပ်ကို ဖားနေကြတော့မှာ ဗိုလ်မှူးကြီး"

"အေး ငါ နားလည်ပါတယ်"

ကလဲယားမွန့်က တွဲလောင်းကျနေသော သံချောင်းကြီးများကို ကြည့်ရင်း

"နေပါဦး ဘန်လွန်ရ၊ ဒီအခြေအနေနဲ့ ဆက်ခရီးသွားရင် စိတ်ချရမလား"

ဘန်လွန်သည် အချိန်အတော်ကြာအောင် ပါးကို လက်ဝါးနှင့် ပွတ်အပြီး နောက်မှ ပြောလိုက်၏။

"စိတ်မချနိုင်စရာ အကြောင်းမရှိပါဘူး ဗိုလ်မှူးကြီး။ အဲလေ . . . ဘယ်ပြ ပြသနာ မရှိပါဘူး။ ဘာပြုလို့လဲဆိုတော့ တစ်အချက်က အခု ဒီလို ဖြစ်ရတာ



အကြိမ် တစ်သန်းမှာမှ တစ်ခါလောက် ဖြစ်တတ်တာမျိုးပါ။ ကျွန်တော် အရင်က တစ်ခါမှ မကြားခဲ့ဖူးဘူး။ ပြီးတော့ နောက်တစ်ခါ ထပ်ဖြစ်ဖို့ ဆိုတာကလည်း သိပ်ကို ခဲယဉ်းပါလိမ့်မယ်။ နောက်တစ်ချက်ကလည်း စက်ခေါင်းက ဆွဲရမယ့် အလေးချိန် နည်းသွားပြီဆိုတော့ အခုလို ဖြစ်စရာ သိပ်မရှိတော့ပါဘူး။ အခု ဒီမီးရထားလမ်းဟာ ဒီနားတစ်ဝိုက်မှာ အမတ်စောက်ဆုံး လမ်းပါပဲ။ အဲဒီလမ်းရဲ့ ထိပ်ဆုံးကို ရောက်နေပြီဆိုတော့ ရှေ့ပိုင်းခရီးမှာ ပိုပြီးလွယ်လာပါလိမ့်မယ်"

"မင်း ပြောတုန်းက လေးချက်ပါ။ အခုပြောတာ သုံးချက်ပဲ ရှိသေးတယ်"

"သည်းခံပါ ဗိုလ်မှူးကြီး၊ ကျွန်တော် သိပ်ကို ပင်ပန်းနေလို့ပါ။ အခု ကျွန်တော် လုပ်မှာကတော့ ရထားတွဲ တစ်ခုနဲ့တစ်ခု ဆက်တဲ့ နေရာတွေဟာ ခိုင်ခိုင်ခံ့ခံ့ ရှိရဲ့လား ဆိုတာကို ကျွန်တော် တစ်ခုချင်း လိုက်ပြီး စစ်ဆေးပါမယ်"

"အေးကွာ ကျေးဇူးတင်ပါတယ်"

ကလဲယားမွန့်က တအံ့တသြနှင့် ပြန်လာသော ဟင်နရီကို ကြည့်ရင်း မေးလိုက်သည်။

"အဆင်သင့် ဖြစ်ပြီလား"

"မဖြစ်ဘူး ဗိုလ်မှူးကြီး"

"ဘာပြုလို့ မဖြစ်ရမှာလဲကွ"

"ကြေးနန်းရိုက်စက် မရှိတော့ဘူး"

"ဘာကွ၊ ဘာပြောတယ်"

ရိက္ခာတွဲထဲမှာ ကြေးနန်းရိုက်စက် မရှိတော့ဘူး"

"မဖြစ်နိုင်တာပဲကွ"

ဟင်နရီက ဘာမှမပြောတော့ဘဲ တခြားသို့ ငေးနေသည်။

"သေချာရဲ့လားကွ"

ဟင်နရီသည် ကလဲယားမွန့်၏ အမေးစကားကြောင့် စိတ်ထိခိုက်သွားပုံ ရသည်။

"ကျွန်တော် ဗိုလ်မှူးကြီးကို စော်ကားတာတော့ မဟုတ်ပါဘူး ဆရာ။ ဒါပေမဲ့ ကျွန်တော် ပြောတာကို မယုံရင် ဗိုလ်မှူးကြီးကိုယ်တိုင် သွားကြည့်သင့်ပါတယ်"

ကလဲယားမွန့်သည် ရုတ်တရက် ဝက်ရူးပြန်သွားသည့်အလား ဒေါသပုန် ထသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ မင်းတို့အားလုံး ဒီရထားတစ်စင်းလုံးမှာ လိုက်ရှာကြစမ်း"

ဒီကင်က ဝင်၍ပြောလိုက်သည်။

"ပြောစရာ နှစ်ချက် ရှိပါတယ် ဗိုလ်မှူးကြီး"

ဒီကင်က ဘေးနားမှ လူများကို လှည့်ကြည့်ရင်း လက်တစ်ချောင်းကို ကျန်တစ်ချောင်းနှင့် ထောက်လိုက်သည်။

"ပထမတစ်ချက်ကတော့ အခု ခင်ဗျား စကားပြောနေတဲ့ လူ ဆယ်ယောက်ထဲမှာ ခင်ဗျား အမိန့်ပေးနိုင်တဲ့လူဟာ ရက်ဖာတီ တစ်ယောက်တည်းပဲ ရှိပါတယ်။ ကျန်တဲ့ လူတွေကတော့ သွယ်ဝိုက်ပြီးတော့၊ ဒါမှမဟုတ် တိုက်ရိုက် မပတ်သက်ကြပါဘူး။ ဒုတိယ တစ်ချက်ကတော့ ရှာနေရင် အပိုပဲ ဖြစ်မှာပဲလို့ ထင်ပါတယ်"

ကလဲယားမွန့်က ဒေါသကို ထိန်းချုပ်ရင်း ပြန်ကြည့်လိုက်သည်။

"ကျုပ်တို့ ဒီမနက် ထင်းတင်နေတုန်းက လူတစ်ယောက် ကြေးနန်းရိုက်စက် အရွယ်အစားလောက် ရှိတဲ့ သေတ္တာကလေးတစ်လုံးကို ရိက္ခာတွဲထဲက သယ်ချလာပြီး မီးရထားရဲ့ နောက်ဘက်ကို ရထားလမ်းဘေးက လျှောက်ပြီး ယူသွားတာ တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ဆီးနှင်းခဲတွေ သိပ်ကျနေလို့ ဘယ်သူလဲ ဆိုတာကို ပုံဖမ်းလို့ မရခဲ့ပါဘူး"

"တကယ်လို့ ယူသွားတဲ့လူဟာ ကြေးနန်းရိုက်စက်သမား ဖာရူဆန် ဖြစ်ခဲ့ရင်တောင် သူက ဘာပြုလို့ ယူသွားရမှာတဲ့တုံး"

"ကျုပ် ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ။ အဲဒီလူဟာ ဖာရူဆန် ဖြစ်သည် ဖြစ်စေ၊ တခြားတစ်ယောက်ပဲ ဖြစ်စေ ကျုပ်ကတော့ ဘယ်လူမှန်းကို မသိ လိုက်ဘူး"

"မင်းဟာ တဖြည်းဖြည်းနဲ့ စကားအပြောအဆို ရိုင်း၊ရိုင်းလာတယ်"

ဒီကင်က ပခုံးကို တွန့်၍ ပြလိုက်သည်။

"ဒါကတော့ ကျုပ်ရဲ့ ဝသီပဲ၊ ထားပါတော့လေ။ သူက ကြေးနန်း ရိုက်စက်ကို ဖြင်ဖို့ယူသွားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါပေမဲ့ သူက ဘာပြုလို့ ယူသွားရမှာလဲ"

ဒီကင်က ခပ်ရိုင်းရိုင်း ပြန်ဖြေတော့မည်ဟု ဟန်ပြင်လိုက်ပြီးမှ သူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။

"နေပါဦး၊ ရိက္ခာတွဲထဲမှာ မီးလင်းဖို ပါသလား"

"မပါဘူး"



"ဒါဖြင့်ရင် ရိက္ခာတွဲထဲမှာ သိပ်ကို အေးနေမှာပေါ့။ ဒီတော့ သူက တကယ်လို့သာ စက်ကို ဖြင်ချင်တဲ့စိတ် ရှိတယ်ဆိုရင် နွေးနွေးထွေးထွေးရှိတဲ့ သူနေတဲ့ နောက်ဘက်တွဲဆီကို ယူသွားရမှာပေါ့။ အဲဒီတွဲတွေကလည်း အခုဆိုရင် ချောက်ကမ်းပါးကြီးရဲ့ အောက်ခြေမှာ ရောက်နေကြပြီ။ ကဲ ကျုပ်အဖြေကတော့ ဒါပဲ"

ကလဲယားမွန့်က ဒေါသကို ကြိုးစား၍ ထိန်းရင်း–

"ဒီကင် မင်းကတော့ ဆင်ခြေပေးတဲ့ နေရာမှာ သိပ်တော်တယ်။ နှစ်ယောက် မရှိအောင်ကို တော်တယ်"

"ဘုရား၊ ဘုရား။ အဲဒီလိုဆိုရင် သွားရှာကြပေါ့ဗျာ"

"မရှာတော့ဘူး၊ မင်း ပြောတာ ဖြစ်နိုင်လောက်တယ်"

ကလဲယားမွန့်က ဒီကင်နားသို့ ခြေတစ်လှမ်း ထပ်တိုးသွားသည်။

"ဟော့ နေဦး၊ မင်းမျက်နှာကို ငါ တစ်နေရာရာမှာ မြင်ဖူးသလိုလို ရှိတယ်"

ဒီကင်က ကလဲယားမွန့်ကို တစ်ချက် ပြန်ကြည့်လိုက်ပြီးနောက် တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။

"ဒီကင် မင်း တပ်မတော်ထဲကို ဝင်ဖူးသလား"

"ဟင့်အင်း"

"ငါ မေးချင်တာက မင်း တောင်ပိုင်းစစ်တပ်ကလား၊ မြောက်ပိုင်း စစ်တပ်ကလား"

"တစ်ခုမှ မဟုတ်ဘူး"

"တကယ် ပြောတာလား"

"ကျုပ် ပြောပြီးပြီပဲဗျာ၊ ကျုပ်ဟာ အကြမ်းဖက်တာကို ကြိုက်တဲ့လူ တစ်ယောက် မဟုတ်ပါဘူးလို့"

"ဒါဖြင့်ရင် တောင်ပိုင်းနဲ့ မြောက်ပိုင်းနဲ့ စစ်ဖြစ်နေတုန်းက မင်း ဘယ်မှာ ရှိသလဲ"

ဒီကင်က ပြန်၍စဉ်းစားဟန်ပြုလိုက်ပြီးနောက်–

"ကယ်လီဖိုးနီးယားမှာ"

"မင်း တော်တော့်ကို အသည်းကြောင်တဲ့ ငတိပဲ"

ကလဲယားမွန့်က ခေါင်းကို တဆတ်ဆတ် ရမ်းခါရင်း ပြောလိုက်၏။

"အဲဒါ ဘာဖြစ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီကင်က ဂရုမစိုက်သော လေသံနှင့် ပြန်ပြောပြီးနောက် ရထား၏ ရှေ့ပိုင်းဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ ဟင်နရီကလည်း ဒီကင် ထွက်သွားရာနောက်သို့ လိုက်ကြည့်နေပြီး အိုဘရိုင်ရင်ဘက်သို့ လှည့်ပြောလိုက်၏။

"ကျွန်တော်လည်း ဗိုလ်မှူးကြီးလိုပဲ။ သူ့ကို အရင်က မြင်ဖူးတယ်"

"သူ ဘယ်သူလဲ"

"ကျွန်တော် မသိဘူး။ သူ့နာမည်ကိုလည်း မမှတ်မိတော့ဘူး။ ဘယ်နေရာမှာ တွေ့ခဲ့ဖူးတယ် ဆိုတာကိုလည်း စဉ်းစားလို့ မရတော့ဘူး။ ဒါပေမဲ့ တွေးရင်းတွေးရင်းနဲ့ ပြန်သတိရလာမှာပါ"

❖

နေ့လယ်ပိုင်း မွန်းလွဲပြီး များမကြာမီတွင် ဆီးနှင်းခဲများ ထပ်မံကျလာပြန်သည်။ သို့သော် ရှေ့ပိုင်းကို လှမ်းကြည့်၍ မရလောက်အောင်အထိ ဆိုးဆိုးဝါးဝါး မဖြစ်သေးပါချေ။ စက်ခေါင်း၏နောက်တွင် တွဲငါးတွဲသာ ပါတော့သော စစ်မီးရထားကြီးသည် ယခုအချိန်တွင် ပြန့်ပြူးသော တောင်ကြား မြေညီလွင်ပြင်တစ်ခုကို ဖြတ်သန်းမောင်းနှင်နေ၏။ မြေညီတွင် မောင်းနှင်နေရသဖြင့် အမြန်နှုန်းကောင်းမွန်လာသည်။ မီးရထားစက်ခေါင်း ခေါင်းတိုင်မှ လွင့်ထွက်လာသော မီးခိုးများသည် ရထား၏နောက်တွင် တန်း၍ကျန်ရစ်ခဲ့၏။ ထမင်းစားခန်းထဲတွင်ကား တစ်ယောက် လိုနေသည်မှအပ ကျန်လူများသည် လူစုံတက်စုံ ထမင်းစားနေကြပြီ ဖြစ်သည်။

ကလဲယားမွန့်က ဟင်နရီကို ပြောလိုက်သည်။

"ဟော့ မစ္စတာပီးဘော်ဒီကို သွားပြောစမ်း၊ တို့တွေ ထမင်းစားနေကြပြီလို့"

စားပွဲထိုး ဟင်နရီ ထွက်သွားသောအခါ ကလဲယားမွန့်က ဘုရင်ခံကြီးကို လှမ်းပြောလိုက်ပြန်သည်။

"ကျုပ်ဖြင့် ထမင်းတောင် စားချင်စိတ် မရှိတော့ဘူး"

"ဟုတ်တယ်၊ ကျုပ်လည်း စားချင်စိတ် မရှိပါဘူး"

ဘုရင်ခံကြီးသည် ထိုစကားကို အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်ပုံရသည်။ သူ့မျက်နှာမှာ စိုးရိမ်သောကဖြစ်နေပုံရပြီး ချောင်ကျနေ၏။ အသားအရေမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ မျက်စိနှစ်လုံး အောက်တွင်လည်း အညိုအမည်း



များ စွဲနေကြပြီး နေ့ချင်း ညချင်း ဆိုသလို ပို၍ အိုစာသွားပုံရသည်။ ဘုရင်ခံကြီးက ဆက်ပြောပြန်သည်။

"အေးဗျာ၊ တော်တော့ကို စိတ်ပျက်စရာကောင်းတဲ့ ခရီးပဲ၊ ပြီးတော့ ဟိုစစ်သားတွေလည်း အားလုံး သေကုန်ကြရပြီ။ ဗိုလ်ကြီး အုတ်ကလန်နဲ့ ဗိုလ်နီဝဲလ်တို့လည်း ပျောက်နေတယ်။ သေများကုန်ကြပြီလား မသိဘူး။ ဒေါက်တာမိုလီနော့လည်း သေပြီ။ အဲလေ... သူ့ခမျာ အသတ်ခံသွားရရှာတာ။ ပြီးတော့လည်း သတ်တဲ့သူ ဘယ်သူလဲ ဆိုတာကို ဒီက ရဲမှူးကြီးက ခုအထိ စုံစမ်းလို့ မရသေးဘူး။ အဲဒီ လူသတ်သမားဟာ အခု ကျုပ်တို့နဲ့ အတူတူထိုင်ပြီး ထမင်းစားချင် စားနေမှာ"

ပီးယားစ်က ပြေပြေလည်လည် ဝင်၍ပြောသည်။

"အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူးလို့ ဆယ်လေး တစ်လေး လောင်းရဲပါတယ် ဘုရင်ခံကြီး။ တကယ်ပြောရရင် အဲဒီလူသတ်သမားဟာ ဟိုချောက်ထဲကို ကျတဲ့အထဲမှာ ပါသွားလောက်ပါပြီ"

ဘုရင်ခံကြီးက ခေါင်းကို တဆတ်ဆတ် ယမ်းရင်း ပြန်ဖြေသည်။

"ခင်ဗျားက ဘယ်လိုလုပ်ပြီး အတပ်ပြောနိုင်မှာလဲ။ ဒီကိစ္စကို ဘယ်သူမှ အတိအကျ ပြောနိုင်မယ် မထင်ဘူး။ ပြီးတော့လည်း ဘာဆက်ဖြစ်ဦးမလဲ ဆိုတာကို ဘယ်သူမှ မပြောနိုင်ဘူး"

"ဟုတ်တယ်၊ မသိနိုင်ပါဘူး၊ ဒါပေမဲ့ ဟင်နရီ မျက်ခွက်ကို ကြည့်ရပုံဆောက်တော့ တစ်ခုခုတော့ ဖြစ်လာပြန်ပြီ ထင်တယ်"

ပီးယားစ်က ပြောပြောဆိုဆိုနှင့် ဟင်နရီကို လှမ်းကြည့်လိုက်သည်။ ဟင်နရီသည် ဦးနှောက်ခြောက်နေသော အမူအရာနှင့် အခန်းထဲသို့ ဝင်လာ၏။

"ဘုန်းတော်ကြီးကို သူ့အခန်းထဲမှာ ရှာမတွေ့ခဲ့ဘူး၊ သူ ပျောက်နေတယ်"

ဘုရင်ခံကြီးက ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သူနှင့် ကလဲယားမွန့်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်က ကွက်ခနဲ ကြည့်လိုက်ကြ၏။ ဂျွန်ဒီကင်၏ မျက်နှာထားမှာ ရုတ်တရက် တင်းမာသွားသည်။ သူ့မျက်လုံးအစုံမှာလည်း အေးစက်မာကျောသွားပါ၏။ သို့သော် သူက အမူအရာကို ချက်ချင်းပြင်လိုက်ပြီးနောက်-

"သူ ဝေးဝေးကို ရောက်မသွားနိုင်သေးပါဘူး၊ သူနဲ့ ကျုပ် လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်ကတောင် စကားပြောခဲ့ကြသေးတယ်"

ပီးယားစ်က မကျေနပ်သော လေသံနှင့် ဝင်ဘုတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်လည်း မြင်လိုက်တယ်။ ဒါပေမဲ့ ခင်ဗျားတို့က ဘာကိစ္စကို ပြောဆိုနေကြတာလဲ"

"ကျုပ် ဘုရားသခင်ထံမှာ အာပတ်ဖြေနေတာပါ။ ပြီးတော့လည်း လူသတ်သမားတွေကို ဘုရားသခင်က ခွင့်လွှတ်တော်မူဖို့"

ကလဲယားမွန့်က ဒေါသတကြီး ဝင်ပြောလိုက်သည်။

"တိတ်ကြစမ်း၊ ကဲ… ရထားတစ်စင်းလုံးမှာ လိုက်ရှာကြ"

"ရထားကို ရပ်ရမှာလား ဗိုလ်မှူးကြီး"

"ဘာပြုလို့ ရပ်ရမှာလဲ"

အိုဘရိုင်ရင်က လက်ဖက်ရည်ကြမ်းဝိုင်းတွင် အမှတ်မထင် ပြောသော လေသံနှင့် ပြောလိုက်သည်။

"ဒီရထားပေါ်မှာ မထင်တာတွေ ဖြစ်,ဖြစ်နေတယ် ဗိုလ်မှူးကြီး၊ သူ ဒီရထားပေါ်မှာ ရှိချင်လည်း ရှိမယ်၊ အဲ ရှိချင်မှလည်း ရှိမယ်။ တကယ်လို့ ရထား ပေါ်မှာ မရှိရင် ရထားလမ်းဘေးမှာ ရှိရမယ်။ ပြီးတော့လည်း လွန်ခဲ့တဲ့ တစ်နာရီ လောက်က စပြီး ဒီရထားဟာ မြေညီလွင်ပြင်ပေါ်ကို ဖြတ်မောင်းလာတာ။ ဒီတော့ သူ ချောက်ကမ်းပါးတွေထဲကို လိမ့်ကျသွားဖို့ဆိုတာ ဖြစ်ကို မဖြစ်နိုင်ဘူး။ ဒါကြောင့် သူ့ကို အပြင်မှာ ရှာမယ်ဆိုရင် အခု မောင်းလာခဲ့တဲ့ လမ်းအတိုင်း တစ်ကိုက်နှင့် တစ်ပေစီ နောက်ပြန်ဆုတ်ပြီး ရှာမှဖြစ်"

"ဟုတ်တယ်၊ လက်ခံတယ်၊ ရော့ ဟင်နရီ၊ ဘန်လွန်ကို သွားပြောစမ်း"

ဟင်နရီသည် ခေါင်းတွဲဆီသို့ အပြေးအလွှား ထွက်သွားသည်။ ကလဲယားမွန့်၊ အိုဘရိုင်ရင်နှင့် ပီးယားစ်တို့က နောက်ဘက်ဆီသို့ ထွက်သွားကြသည်။ ဒီကင်ကမူ မည်သည့်နေရာကိုမှ သွားလိုစိတ် မရှိဟန်ဖြင့် ငြိမ်နေသည်။ မာရီကာက သူ့ကို မကျေနပ်သော မျက်လုံးအစုံနှင့် ကြည့်နေ၏။ သူ့မျက်လုံးအစုံမှာ အေးစက် မာကျောနေပြီး နှုတ်ခမ်းများကို တင်းတင်းကျပ်ကျပ် စေ့ထားသည်။ စကားပြော သည့်အခါတွင် မကျေမနပ်ဖြစ်နေမှုက ပို၍သိသာလာပါ၏။

"သူဟာ နေမကောင်းထိုင်မကောင်း ဖြစ်ချင်ဖြစ်နေမယ်။ ဒါမှမဟုတ် ဒဏ်ရာရချင်လည်း ရနေမယ်၊ ဒါမှမဟုတ် သေလုမြောပါး ဝေဒနာ ခံစားနေရတာ မျိုး ဖြစ်ချင်လည်း ဖြစ်နေမယ်။ ဒါနဲ့တောင် ရှင်က ထိုင်နေရက်တယ်။ နေပါဦး ရှင်ကကော ဝိုင်းကူပြီး မရှာတော့ဘူးလား"

ဒီကင်က ကုလားထိုင်ပေါ်တွင် စိမ်ကျကျ နောက်မှီ၍ ထိုင်လိုက်သည်။ ၎င်းနောက် ခြေထောက်နှစ်ချောင်းကို တစ်ချောင်းပေါ် တစ်ချောင်း ကျကျနန



ချိတ်တင်လိုက်ပြီးနောက် ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလိုက်၏။ ပြီးမှ အလွန်အမင်း အံ့သြသွားသော လေသံနှင့်-

"ဗျာ၊ ကျုပ်က လိုက်ရှာရမယ် ဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ သူက ကျုပ်နဲ့ ဘာဆိုင်လို့လဲ။ ပြီးတော့ ကျုပ်ကလည်း သူနဲ့ ဘယ်လို ပတ်သက်နေ လို့တုံး။ ခေါက်ထားလိုက်စမ်းပါဗျာ"

မာရီကာက ဂျွန်ဒီကင်၏ စိတ်နေသဘောထားကို ရွံရှာစက်ဆုပ်ဟန်ဖြင့် ထပ်ပြောပြန်သည်။

"သူဟာ တကယ့်သူတော်ကောင်းကြီးပါရှင်၊ ပြီးတော့လည်း ရှင့်ကို သူက စကားပြောသွားသေး"

"ဒါကတော့ သူ့ဘာသာသူ ရမယ်ရှာပြီး သက်သက်လာပြောတဲ့ ကိစ္စပဲ။ ပြီးတော့ သူလည်း ကလေးမှ မဟုတ်တာ။ သူ့ကိုယ်သူ ကြည့်ထိန်းပေစေပေါ့ဗျာ"

"ရှင်ဟာ ဘယ်သူ့ကိုမှ ထောက်ထားစာနာတတ်တဲ့လူ မဟုတ်ဘူး"

"ဟုတ်တယ်၊ အစစ်ပဲ"

"ဒါဖြင့် ရဲမှူးကြီး ပြောတာ မှန်တယ်၊ ကျွန်မကသာ မှားတာ၊ ရှင့်ကို ကြိုးပေးပြီး သတ်ဖို့ပြောတာ နည်းတောင် နည်းသေးတယ်။ ရှင်ဟာ ဒီကမ္ဘာပေါ်မှာ အတ္တအကြီးမားဆုံး လူတစ်ယောက်ပဲ"

"ဒါပေါ့ဗျာ၊ လောကကြီးမှာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် တစ်ဖက်ဖက်မှာ ထူးချွန်ရင် ပိုကောင်းတာပေါ့ မဟုတ်ဘူးလား"

ဒီကင်က ထိုင်ရာမှ ထ,လိုက်သည်။

"ပြောရင်း ဆိုရင်း ဘုရင်ခံကြီးရဲ့ အကောင်းဆုံး အရက်ကို သတိရလာ ပြန်တယ်ဗျို့၊ အခုလို သူတို့တစ်တွေ အလုပ်များနေတဲ့ အချိန်မှာ ထပ်မြည်းဖို့ အကောင်းဆုံး ဖြစ်မှာပဲ"

ဒီကင်သည် လူသွားစင်္ကြံလမ်းတစ်လျှောက် ဘုရင်ခံကြီးနှင့် မာရီကာ၏ အိပ်ခန်းများကို ကျော်ဖြတ်၍ နေ့အပန်းဖြေရိပ်သာ အခန်းထဲသို့ ဝင်သွားသည်။ မာရီကာသည် သူ့နေရာတွင် မလှုပ်မယှက် ကျန်ရစ်သည်။ ပထမတွင် ဒေါသထွက် နေရာမှ တဖြည်းဖြည်းနှင့် အံ့သြသော အမူအရာသို့ ပြောင်းသွားသည်။ သူသည် ခဏမျှ တွေဝေပြီးနောက် ထိုင်ရာမှ ထ,၍ ဂျွန်ဒီကင် နောက်သို့ တိတ်တိတ်ကလေး လိုက်သွားသည်။

မာရီကာတစ်ယောက် နေ့အပန်းဖြေ ဧည့်ခန်းဝသို့ ရောက်ချိန်တွင် ဂျွန်ဒီကင် သည် ဗီရိုထဲမှ အရက်ပုလင်းကို ထုတ်ယူပြီး ဖန်ခွက်ထဲသို့ ငှဲလောင်းထည့်လိုက်

www.burmeseclassic.com



ပြီးနောက် တစ်ကျိုက်တည်းနှင့် ကုန်သွားအောင် ခပ်ကြမ်းကြမ်း မော့ချလိုက်သည်။ ၎င်းနောက် ဖန်ခွက်ထဲသို့ နောက်ထပ်လောင်းထည့်လိုက်ပြန်ပြီး တစ်ဝက်ခန့် ကုန်အောင် ထပ်၍သောက်ပြန်သည်။ ပြီးမှ ပြတင်းပေါက် ရှိရာသို့ လှည့်ပြီး အပြင်ဘက်သို့ ငေးကြည့်နေ၏။

မာရီကာသည် ဂျွန်ဒီကင်၏ အပြုအမူကို စောင့်ကြည့်ရင်း တဖြည်းဖြည်းနှင့် ပို၍စိတ်ဝင်စားလာသည်။ ဂျွန်ဒီကင်၏ မျက်နှာထားမှာ ထိုအချိန်တွင် အလွန် တင်းမာ ခက်ထန်၍နေ၏။ မာရီကာသည် မျက်မှောင်ကြုတ်ပြီး အခန်းထဲသို့ တိတ်တိတ်ကလေး ဝင်သွားသည်။ ဂျွန်ဒီကင် အနားသို့ ရောက်ရန် လေးပေခန့် အလိုတွင် ဂျွန်ဒီကင်သည် တင်းမာခက်ထန်သော မျက်နှာထားနှင့် မာရီကာကို ချာခနဲ လှည့်ကြည့်လိုက်၏။

မာရီကာသည် ဒီကင်၏ မျက်နှာထားကြောင့် လန့်ဖျပ်ပြီး နောက် ဘက်သို့ တစ်လှမ်းဆုတ်လိုက်မိရာသည်။ ဒီကင်က သူ့ကို လှမ်းပြီး ရိုက်လိုက် လေမလားဟု တွေး၍ပူပင်သွားမိ၏။ သို့သော် ဒီကင်၏ မျက်နှာထားသည် ချက်ချင်းလိုလိုပင် ပုံမှန်အနေအထားသို့ ပြန်၍ပြောင်းလဲသွားသည်။ သူက မာရီကာကို သတိပြုမိလာပုံ ရသည်။

"ခင်ဗျား လုပ်ပုံကြောင့် ကျုပ်ဖြင့် တော်တော်ကို လန့်သွားတယ်"

မာရီကာက ချက်ချင်း ပြန်မဖြေပါ။ အိပ်ပျော်နေရာမှ အိပ်ချင်မူးတူးနှင့် လမ်းလျှောက်လာသူတစ်ဦးပမာ ရှေ့သို့ တိုးသွားပြီးနောက် ဂျွန်ဒီကင်၏ ကုတ် အင်္ကျီ ကော်လာစကို လက်နှင့် အသာအယာ ထိကိုင်ရင်း မေးလိုက်၏။

"ရှင် ဘယ်သူလဲဟင်"

သူက ပခုံးကို တွန့်ပြလိုက်သည်။ ပြီးမှ -

"ဂျွန်ဒီကင်လေ"

"ရှင် ဘာအလုပ် လုပ်သလဲ"

"ခင်ဗျားလည်း ဟိုရဲမှူးကြီး ပြောတာကို ကြားသားပဲ"

စင်္ကြံလမ်းအတွင်းမှ ခြေသံကျယ်ကျယ်နှင့် စကားပြောဆိုလာသံများ ကို ကြားလိုက်ရသောကြောင့် သူက ပြောလက်စ စကားကို ချက်ချင်း ရပ်ပစ်လိုက် သည်။ ကလဲယားမွန့်၊ သူ့နောက်မှ ဘုရင်ခံကြီး၊ နသန်ပီးယားစ်နှင့် အိုဘရိုင်ရင်တို့ သည် တန်းစီဝင်လာကြသည်။

ကလဲယားမွန့်က ပြောနေ၏။



"သူ ရထားပေါ်မှာ မရှိရင် အောက်ကို လိမ့်ကျသွားတာ ဖြစ်ရမယ်။ ရထားလမ်းဘေးမှာ လဲကျပြီး မေ့နေလိမ့်မယ်။ ဒီတော့ ဒီကနေ နောက်ဘက်ကို ငါးမိုင်လောက် နောက်ပြန်ဆုတ်ပြီး မောင်းလိုက်ရင်"

ဖဲယားချိုင်းက ရုတ်တရက် ဝင်၍ပြောလိုက်၏။

"ဟေ့ကောင် ဒီကင်၊ မင်းက ငါ့အရက်တွေကို ယူသောက်နေသလား"

ဒီကင်က ခေါင်းညိတ်ပြီး ဝန်ခံလိုက်သည်။

"အေးဗျာ တော်တော့်ကို ကောင်းတဲ့အရက်ပဲ၊ အဲဒီလိုအရက်မျိုးနဲ့ သည့်ပြင် လူတွေကို ဧည့်ခံရတာ ရက်ဖို့မလိုပါဘူးဗျာ"

ဤတွင် ပီးယားစ်သည် ဘာမပြော ညာမပြောနှင့် ရှေ့သို့ တိုးသွားပြီး ဒီကင်၏ လက်ကောက်ဝတ်ကို ခပ်ကြမ်းကြမ်း ပုတ်လိုက်သဖြင့် အရက်ဖန်ခွက် သည် ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားပါ၏။ ထိုအခိုက်တွင် မာရီကာက ဝင်၍ပြော လိုက်သည်။ သူ့စကားကြောင့် အားလုံးလိုလို အံ့ဩသွား၏။

"ရှင်က ခြောက်လုံးပြူးကြီး အားကိုးနဲ့ တော်တော်သတ္တိကောင်းတဲ့ လူပဲကိုး"

ဒီကင်မှအပ ကျန်လူအားလုံးက မာရီကာကို တအံ့တဩ လှမ်းကြည့် လိုက်ကြ၏။ ပီးယားစ်က ဂျွန်ဒီကင်ကို လှမ်းကြည့်လိုက်သည်။ ၎င်းနောက် အံ့ဩ သော အမူအရာမှ စက်ဆုပ်ရွံရှာသည့် အမူအရာသို့ ပြောင်းလဲသွားပြီးနောက် သေနတ် အိတ်ထဲမှ ကိုတ်ခြောက်လုံးပြူးကို ထုတ်ယူပြီး ကုလားထိုင်ပေါ်သို့ ပစ်တင်ရင်း ဂျွန်ဒီကင်ကို ခပ်ပြုံးပြုံး အမူအရာနှင့် ဖိတ်ခေါ်လိုက်၏။ ဒီကင်က မတုန်မလှုပ် ရှိနေသည်။ ဤတွင် ပီးယားစ်က သူ၏ ဘယ်လက်သီးနှင့် ဒီကင့် မေးစေ့ကို ကောက်၍ထိုးလိုက်၏။ ဒီကင်သည် လက်သီးဒဏ်ကြောင့် နောက်ဘက်သို့ ယိုင်လဲပြီး ဆိုဖာတစ်လုံးပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားသည်။

ဒီကင်၏ သူရဲဘောကြောင်သော အပြုအမူကြောင့် ကျန်ယောက်ျားများက ဒီကင်ကို မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်ကြသည်။ ထိုအချိန်တွင် ဂျွန်ဒီကင်သည် ကွဲသွားသော နှုတ်ခမ်းမှ ထွက်လာသည့် သွေးစအချို့ကို လက်နှင့်သုတ်ရင်း ထိုင်ရာမှ ထ၍ စင်္ကြံလမ်း အစရှိရာသို့ လျှောက်သွားသည်။

ထိုအချိန်တွင် ဘရိတ်အုပ်လိုက်သောကြောင့် တကျွိကျွိ မြည်သံများ ပေါ်လာရာ အခြားသူများသည် ဂျွန်ဒီကင်ကို တွန်းဖယ်ရင်း အပြင်ဘက်ရှိ စင်္ကြံလမ်း ပေါ်မှာ နေရာအသီးသီးယူပြီး စောင့်ကြည့်ရန်အတွက် အပြင်ဘက်သို့ ထွက်သွားကြ သည်။ မာရီကာသည် သူတို့နောက်မှ လိုက်ပါလာပြီး ဂျွန်ဒီကင်၏ ရှေ့သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ ရပ်လိုက်၏။ မာရီကာသည် လက်ကိုင်အိတ်ထဲမှ ပဝါစကလေး တစ်ခုကို ထုတ်ယူပြီး ကွဲသွားသော နှုတ်ခမ်းကို အသာအယာ သုတ်ပေးလိုက်သည်။

"တော်တော် သနားစရာကောင်းတဲ့ လူပဲ။ သူ့အတွက် လူ့ဘဝမှာ နေရမယ့် အချိန်ကလည်း တိုတောင်းလိုက်တာ"

"ကျုပ် ခုအချိန်အထိ မသေသေးပါဘူးဗျ"

"ရှင့်ကို ပြောတာ မဟုတ်ဘူး၊ ကျွန်မက ရဲမှူးကြီးကို ပြောနေတာ"

မာရီကာသည် တစ်ချက်မှ ပြန်မကြည့်တော့ဘဲ စင်္ကြံလမ်းအတိုင်း လျှောက်သွားပြီး သူ့အိပ်ခန်းထဲသို့ ဝင်သွားပါတော့သည်။ ဗွန်ဒီကင်က အလေးအနက်ထား၍ စဉ်းစားသော အမူအရာနှင့် လှမ်းကြည့်နေလိုက်ပြီးနောက် အရက်ဗီရို ရှိရာသို့ ပြန်သွားပြီး အရက်ကို ထပ်ငှဲ့၍ သောက်နေပြန်၏။

ဗွန်ဒီကင်က အရက်ငှဲ့၍ သောက်နေချိန်တွင် စက်ခေါင်းအင်ဂျင်နီယာ ဘန်လွန်က ရထားကို တဖြည်းဖြည်းနှင့် နောက်ပြန်မောင်းနှင်စပြုလိုက်သည်။ လက်ရှိမီးရထား၏ နောက်ဆုံးတွဲဖြစ်နေသော မြင်းများကို ထားသည့် ဒုတိယတွဲ၏ နောက်ဆုံး အပြင်ဘက် စင်္ကြံလမ်းပေါ်တွင် လူလေးယောက် ရှိနေကြသည်။ ထိုအချိန်တွင် ဆီးနှင်းခဲများ ကျစပြုလာပြီ ဖြစ်သဖြင့် သူတို့လေးယောက်စလုံးသည် အနွေးထည်များကို အပေါ်မှထပ်၍ ဝတ်ဆင်ထားကြရ၏။

ကလဲယားမွန့်နှင့် ပီးယားစ်က ရထားလမ်း၏ ညာဘက်ကို ကြည့်သည်။ ဘုရင်ခံကြီးနှင့် အိုဘာရိုင်ရင်က ရထားလမ်း၏ ဘယ်ဘက်ကို ကြည့်သည်။ သို့သော် တစ်မိုင်ပြီးတစ်မိုင် လွန်လာသည်နှင့်အမျှ ထူးခြားသည့် အရိပ်အယောင်ကို မတွေ့ကြရပါ။ ရထားလမ်းနံဘေးတွင် တင်ရှိနေသော ဆီးနှင်းခဲများပေါ်တွင် ရထားခေါင်းတွဲမှ ထွက်လာသော မီးခိုးများကြောင့် အနည်းငယ် ညစ်ထေးမှု ရှိနေသည်က လွဲ၍ ထူးခြားသည့် အနေအထားကို မတွေ့မမြင်ကြရပါ။ မြေကြီးပေါ်တွင် တင်ရှိနေသည့် ဆီးနှင်းခဲများမှာ ခြေမျက်စိ မြုပ်ရုံလောက်မျှသာ ရှိသေးသဖြင့်လည်း လူ့ခန္ဓာကိုယ်လောက် ကြီးမားသည့် အရာဝတ္ထုတစ်ခုကို ဖုံးကွယ်ထားနိုင်မည် မဟုတ်ပါ။ ချုပ်၍ဆိုရသော် ဘုန်းတော်ကြီး ပီးဘော်ဒီ ရထားပေါ်မှ ဆင်းသွားသည့် အနေအထား သို့မဟုတ် လိမ့်ကျသည့် အနေအထား သို့မဟုတ် တွန်းချခံရသည့် အနေအထားမျိုးကို လုံးဝ မတွေ့ကြရပါ။

ကလဲယားမွန့်က ခါးကို ပြန်မတ်ပြီး နောက်သို့ လှည့်လိုက်ချိန်နှင့် မေဂျာအိုဘာရိုင်ရင်က နောက်သို့ ပြန်လှည့်လိုက်ချိန်မှာ တစ်ပြိုင်နက်တည်းလိုလို ဖြစ်သွားသည်။ ကလဲယားမွန့်က ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်၏။ အိုဘာရိုင်ရင်



ကလည်း သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ ၎င်းနောက် အိုဘာရိုင်ရင်သည် သံလက်ရန်းကိုကိုင်ရင်း ကိုယ်ကို ရှေ့သို့ ကုန်းပြီး လက်ကိုဝှေ့ယမ်း၍ ပြလိုက်၏။ လွန်ခဲ့သည့် ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်ခန့်ကစ၍ နောက်ဘက်သို့ တစ်ချိန်လုံး လှည့်ကြည့်နေခဲ့သော ဘန်လွန်ကလည်း နားလည်ကြောင်း လက်နှင့် ပြန်၍ ဝှေ့ယမ်းပြလိုက်သည်။

၎င်းနောက် ရထားသည် တုန့်ခနဲ ရပ်သွားပြီးနောက် ရှေ့သို့ပြန်၍ ရွေ့လျားစပြုလာ၏။ ထိုလူစုသည် အင်တင်တင်နှင့် အပြင်စင်္ကြံလမ်းပေါ်မှ မြင်းတွဲထဲသို့ ဝင်လိုက်ကြပါတော့သည်။

နေ့အပန်းဖြေ ဧည့်ခန်းတွဲထဲသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ကလဲယားမွန့်က မီးရထားအင်ဂျင်နီယာ ဘန်လွန်နှင့် စက်ခေါင်းတွင် မီးထိုးရန် တာဝန်ကျနေသူ တပ်သား ရက်ဖာတီတို့မှအပ ရထားပေါ်တွင် ရှိနေသမျှ လူအားလုံးကို ခေါ်ယူစုဝေးလိုက်သည်။ ဧည့်ခန်းထဲတွင် ရှိနေသူအားလုံး၏ စိတ်ထဲတွင် သက်မကင်းစိတ်များနှင့် ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်နေပါ၏။ တစ်ဦး၏ မျက်နှာကို တစ်ဦးက စေ့စေ့ မကြည့်ရဲကြပါ။

ကလဲယားမွန့်က နဖူးပေါ် လက်တင်ရင်း စ၍ပြောလိုက်သည်။

"ဘုန်းတော်ကြီး ပီးဘော်ဒီဟာ ဒီရထားပေါ်မှာ မရှိတော့ဘူး ဆိုတာ သေချာသွားပြီ။ ဒါပေမဲ့ သူ ရထားပေါ်က ဆင်းမသွားနိုင်ဘူး ဆိုတာကလည်း သိပ်ကို သေချာတယ်။ အင်း ခုကိစ္စကတော့ တော်တော်ကို ဦးနှောက်ခြောက်စရာကောင်းတဲ့ ကိစ္စပဲ။ လူတစ်ယောက်လုံး အခုလို လုံးဝပျောက်သွားတာမျိုးဟာ ဖြစ်ကို မဖြစ်နိုင်ဘူး"

ကလဲယားမွန့်က ကျန်လူများကို လှည့်ကြည့်လိုက်၏။ သို့သော် မည်သူကမှ ထင်မြင်ချက် ဝင်မပေးကြပါ။ ထမင်းချက် ကာလို့စ်ကမူ လူတောထဲတွင် နေတတ်သူ မဟုတ်သဖြင့် နေရထိုင်ရ ခက်နေပုံရသည်။ တလှုပ်လှုပ် တရွရွ ဖြစ်နေ၏။

ဖဲယားချိုင်းက ဝင်၍ပြောသည်။

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ အခု လက်ငင်းဖြစ်နေပြီပဲ"

ဒီကင်က ဝင်၍ထောက်လိုက်၏။

"ကျုပ်ကတော့ ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ဘူးလို့ ပြောချင်တယ်"

ပီးယားစ်၏ မကျေနပ်မှုက ချက်ချင်းလိုလိုပင် အံကြွပေါက်ကွဲ လာသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဒီကိစ္စမှာ မင်းက ဘာပြုလို့ အကြောင်းကြောင်း ဝင်ပြောရ တာလဲ၊ အခု လူပျောက်တဲ့ကိစ္စကို မင်းက ဘယ်လောက်တောင် သိထားလို့လဲ"

"မသိဘူးလေ၊ ကျုပ် သိနိုင်စရာလည်း မရှိပါဘူး။ ပီးဘော်ဒီ ဒီတွဲထဲက ထွက်သွားပြီး သူ ပျောက်နေတယ် ဆိုတာကို ဟင်နရီက လာပြောတဲ့ အချိန်အထိ ကျုပ် ဒီမှာ တစ်ချိန်လုံး ရှိနေခဲ့တာပဲ။ အဲဒီကိစ္စတွေကို ယောဒီက မစ်(စ်)ဖဲယားချိုင်းက သက်သေခံနိုင်ပါတယ်"

ပီးယားစ်က ပြန်ပြောရန် ဟန်ပြင်လိုက်သော်လည်း ကလဲယားမွန့်က လက်ပြ၍ ဟန့်တားလိုက်ပြီးနောက် ဂျွန်ဒီကင်ဘက်သို့ လှည့်လိုက်သည်။

"မင်းအနေနဲ့ စဉ်းစားမိတာများ ရှိသလား"

"ဟုတ်တယ်၊ ကျုပ် စဉ်းစားမိတာ တစ်ခုရှိတယ်။ ပီးဘော်ဒီ ပျောက်သွား နိုင်တယ်လို့ ယူဆရတဲ့ အချိန်ပိုင်းအတွင်းမှာ ဒီရထားကြီးဟာ ချောက်ကမ်းပါးကြီး တွေကို မကျော်ဖြတ်ခဲ့ဘူးဆိုတာ မှန်တယ်။ ဒါပေမဲ့ အဲဒီ အချိန်အတွင်းမှာ ဒီရထားဟာ ရိုးရိုး မီးရထားတံတားနှစ်ခုကိုတော့ ကျော်ဖြတ်ခဲ့တယ်။ အဲဒီတံတားနှစ်ခုစလုံးမှာ လက်ရန်း လုံးဝမရှိဘူး။ ဒီတော့ တံတားပေါ် မီးရထား ရောက်နေတုန်း ကျသွားရင် အစအန ရှာလို့တွေ့မှာ မဟုတ်ဘူး"

ပီးယားစ်က ဝင်၍ထောက်ပြန်သည်။

"ဒီကင် မင်းပြောတာ တော်တော်တော့ စိတ်ဝင်စားဖို့ ကောင်းတယ်၊ ဒါပေမဲ့ သူ ဘာဖြစ်လို့ ခုန်ချသွားတယ် ဆိုတာကို မင်းက ရှင်းပြ..."

"သူ ခုန်ချတာ မဟုတ်ပါဘူး။ တွန်းချခံလိုက်ရတာက ပိုပြီးဖြစ်နိုင် စရာ ရှိတယ်။ ပီးဘော်ဒီဟာ တကယ်တော့ လူဖလံကလေးပါ။ ဗလကောင်းတဲ့ လူတစ်ယောက်ယောက်က တွန်းချမယ်ဆိုရင် ကောင်းကောင်းကြီး ဖြစ်နိုင်ပါတယ်။ အဲဒီလူဟာ ဘယ်သူများ ဖြစ်မလဲ ဆိုတာကို ကျုပ် သိပ်သိချင်နေတယ်။ ကျုပ်တော့ မဖြစ်နိုင်ဘူး။ ကျုပ်မှာ သက်သေရှိတယ်။ မစ်(စ်)ဖဲယားချိုင်းလည်း မဖြစ်နိုင်ဘူး။ သူ့မှာ သက်သေရှိတယ်။ အဲဒီသက်သေက ကျုပ်ပဲ။ ဒါပေမဲ့ ခင်ဗျားတို့အားလုံးဟာ ဗလကောင်းတဲ့လူတွေ။ အားခွန်ဗလနဲ့ အင်မတန်ပြည့်စုံတဲ့ ယောကျ်ားတွေ"

သူက စကားကို ဖြတ်လိုက်ပြီး တစ်ယောက်စီ၏ မျက်နှာများကို စိမ်ပြေ နပြေ ကြည့်လိုက်သည်။ ပြီးမှ–

"တရားခံဟာ ခင်ဗျားတို့အထဲက ဘယ်သူများပါလိမ့်"

ဘုရင်ခံကြီးက ဒေါသတကြီး ဝင်ပြောသည်။

"ဟော့ မဟုတ်တရုတ်တွေ လာပြောမနေနဲ့"



ကလဲယားမွန့်ကလည်း ခပ်တင်းတင်း ပြောလိုက်၏။

"ဒီငတိတော့ ရူးနေပြီ"

ဒီကင်က ချိုချိုသာသာ ပြန်၍ဖြေသည်။

"ဒါကတော့ အခု ရရှိထားတဲ့ အချက်အလက်တွေပေါ်မှာ အခြေခံပြီး အဖြစ်နိုင်ဆုံးလို့ ယူဆရတဲ့ အတွေးအခေါ်တစ်ရပ်ပါ။ ကဲ ကျုပ်ရဲ့ အတွေးအခေါ် ထက် ပိုကောင်းတဲ့ စိတ်ကူးစိတ်သန်း ခင်ဗျားတို့ဆီမှာ ရှိသလား"

အားလုံး ငြိမ်ကျသွားသည်။ သူတို့အားလုံးတွင် ပြန်ဖြေရန် စကားလုံး မရှိကြပါ။ မာရီကာက ပြောလိုက်သည်။

"ဒါပေမဲ့ မစ္စတာပီးဘော်ဒီလို နူးညံ့သိမ်မွေ့တဲ့ လူတစ်ယောက်ကို ဘယ်သူက သတ်ပစ်မှာတဲ့တုံး"

"ကျုပ် မသိဘူး။ ဒါပေမဲ့ ဒေါက်တာမိုလီနော့လို အဆိပ်အတောက် ကင်းမဲ့တဲ့ လူတစ်ယောက်ကိုကော ဘာပြုလို့ သတ်ပစ်ရတာတုံး။ ပြီးတော့လည်း ကျုပ်စိတ်အထင်နဲ့ ခန့်မှန်းပြီး ပြောရရင် အဆိပ်အတောက် ကင်းမဲ့တဲ့ မြင်း တပ်မတော်က ဗိုလ်နှစ်ယောက်ကိုကော ဘာပြုလို့ သတ်ပစ်ချင်ရတာလဲ"

ပီးယားစ်က မသက်သာ စိတ်နှင့် ချက်ချင်းဝင်ပြောသည်။

"အဲဒီ ဗိုလ်နှစ်ယောက် ဘာဖြစ်သွားတယ် ဆိုတာကို ဘယ်သူက ပြော သေးလို့တုံး"

ဂျွန်ဒီကင်က သူ့ကို သနားစရာ ကောင်းလှပါပေသည် ဆိုသော မျက်နှာ ထားနှင့် အကြာကြီး ပြန်စိုက်ကြည့်နေလိုက်၏။ သူသည် ပီးယားစ်နှင့် လုံးဝ မပတ်သက်လိုကြောင်း ထင်ရှားသည်။ ပီးယားစ်ကို အလေးဂရုပြုစရာ လူတစ်ဦးအနေ နှင့် သတ်မှတ်မထားကြောင်း သူ့အမူအရာမှာ ပေါ်လွင်ထင်ရှားလှသည်။ သူက ပီးယားစ်ကို အထင်မကြီးပုံ ပြလေလေ ပီးယားစ်က မခံချင်လေလေပင် ဖြစ်သည်။ ဒီကင်က ပြန်ဖြေလိုက်သည်။

"ဒီမှာ ကိုယ့်လူ၊ ဒီဗိုလ်နှစ်ယောက် ပျောက်သွားတာဟာ မတော်တဆ တိုက်ဆိုင်မှုသက်သက်ပဲလို့ ခင်ဗျားစိတ်ထဲမှာ ရှိနေရင်၊ ခင်ဗျား ရင်ဘတ်ပေါ်မှာ ရှိနေတဲ့(ရဲမှူးဖြစ်ကြောင်း အထိမ်းအမှတ်တံဆိပ်) ကြယ်ကြီးကို ဦးနှောက်ရှိတဲ့ လူတစ်ယောက်ယောက်ကို လွှဲပေးလိုက်ဖို့ ကောင်းပြီ။ တကယ်ဆိုတော့ တရားခံ ဟာ ခင်ဗျားကိုယ်တိုင်တောင် ဖြစ်ချင်ဖြစ်နေမှာ"

ပီးယားစ်သည် ဒေါသတကြီးနှင့် လက်သီးနှင့် ထိုးရန် ရှေ့သို့ တိုးလာ၏။ သို့သော် ကလဲယားမွန့်က သူတို့နှစ်ဦးကြားထဲတွင် ဝင်၍ရပ်လိုက်သည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"တော်လောက်ပြီ ရဲမှူး၊ အကြမ်းဖက်မှုတွေ သိပ်များလာရင် မကောင်းတော့ဘူး"

"ဟုတ်တယ်၊ ကျုပ်လည်း ဗိုလ်မှူးကြီးရဲ့ သဘောထားအတိုင်းပဲ"

ဘုရင်ခံ ဖဲယားချိုင်းက ဩဇာတိတ္တမ အပြည့်အဝရှိသော ဘုရင်ခံတစ်ဦး၏ ပုံစံနှင့် ဝင်ပြောလိုက်သည်။

"အခု ကျုပ်တို့အားလုံးဟာ သွေးဂျက်နေကြတယ်။ ပြီးတော့လည်း ဒီလူဆိုး ပြောတာ ဟုတ်၊မဟုတ်ကို ဘယ်သူကမှ တထစ်ချ မပြောနိုင်ဘူး။ ပြီးတော့ ဒေါက်တာမိုလီနော့ အသတ်ခံရတယ် ဆိုတာကိုလည်း အတိအကျ မပြောနိုင်ပြန်ဘူး။ တစ်ခါ ဒီကင်ဟာ တစ်ခါတုန်းက ဆရာဝန်တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ် ဆိုတာကလည်း သူ့ပြောစကားပဲ ရှိသေးတယ်။ ပြီးတော့ သူ့စကားကို ဘယ်လောက်အထိ စိတ်ချရတယ် ဆိုတာကိုလည်း အများအသိပဲ"

ဒီကင်က ပြန်ပြောလိုက်သည်။

"ဒီမှာ ဘုရင်ခံကြီး၊ ခင်ဗျားဟာ ကျုပ်ကို လူပုံအလယ်မှာ သက်သက်မဲ့ အသရေဖျက်နေတာပဲ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာလည်း အဲဒီလို မဟုတ်မတရား အသရေဖျက်တာကို ခံရရင် ပြန်ပြီးတရားစွဲနိုင်တယ်လို့ အတိအလင်း ဆိုထားတယ်။ အခု ခင်ဗျားက ကျုပ်ကို မဟုတ်တန်းတရား စကားလုံးတွေနဲ့ အသရေဖျက်တယ် ဆိုတာကို အထောက်အထားအဖြစ် ပြနိုင်မယ့် သက်သေ ခြောက်ယောက်တောင် ရှိတယ်"

ဒီကင်က စကားကို ခေတ္တရပ်ထားလိုက်ပြီးမှ ဆက်၍ ပြောပြန်သည်။

"ဒါပေမဲ့ ဒီလူတွေဟာ ကျုပ်ပေါ်မှာ မေတ္တာထားတဲ့ လူတွေလို့တော့ မဆိုနိုင်ပါဘူး"

"ဥပဒေ... ဘာဥပဒေလဲ"

ဖဲယားချိုင်း၏ မျက်နှာသည် ကြက်သွေးရင့်အရောင်သို့ ပြောင်းလဲသွားပါ၏။ မျက်လုံးများကလည်း အဆမတန် ပြူးကျယ်လာသည်။ ဒေါသအိုးကြီး ပေါက်ကွဲလေပြီတည်း။

"မင်းလို လူယုတ်မာ၊ လူသတ်သမား၊ မိုးရှို့တဲ့ အကောင်စားမျိုးက အင်မတန် မွန်မြတ်လှတဲ့ အမေရိကန် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လာပြီး ကိုးကား မနေစမ်းပါနဲ့"

ဘုရင်ခံကြီးသည် နံဘေးမှ လူများကို အကဲခတ်လိုက်ပြီးနောက် သူ့လေသံကို အနည်းငယ် ပြင်လိုက်၏။



"ပြီးတော့လည်း အုတ်ကလန်နဲ့ နီဝဲလ်တို့ အသတ်ခံရသလား၊ ဘာလား ဆိုတာကို ဘယ်သူမှ မသိဘူး။ ပြီးတော့ ပီးဘော်ဒီဟာ လုပ်ကြံခံလိုက်ရတယ် ဆိုတာကို"

ဒီကင်က ဘုရင်ခံကြီး၏ စကားကို သရော်တော်တော်နှင့် ဖြတ်၍ ပြောပစ်လိုက်သည်။

"ဒါကတော့ ခင်ဗျားက သက်သက်မဲ့ ခွပြောတာပဲ။ ဒါမှမဟုတ်ရင်လည်း ဒီကိစ္စဟာ ခင်ဗျားဘက်ကို လှည့်လာစရာ အကြောင်း လုံးဝမရှိဘူးလို့ ယူဆရင် ဒီနေ့ည ခင်ဗျား အခန်းတံခါးကို မပိတ်ဘဲ အိပ်ပါလား"

ဖဲယားချိုင်းက ဒီကင်ကို ပြန်စိုက်ကြည့်လိုက်သည်။

"မြတ်စွာဘုရား ကယ်တော်မူပါ။ ဟော့ ဒီကင်၊ မင်း ငါ့ကို ဒီလို စွပ်စွပ်စွဲစွဲ ပြောတဲ့အတွက် မင်း တစ်နေ့ကျရင် ခံရလိမ့်မယ်"

"နေပါဦး၊ ဘယ်သူက ဘယ်သူ့ကို စွပ်စွပ်စွဲစွဲ ပြောနေလို့လဲ။ ပြီးတော့ ကျုပ်က ဘာအတွက် ခံရမှာလဲ။ ဘယ်လိုခံရမှာလဲ။ ကျုပ်ကို ကြိုးပေးသတ်မယ်လို့ ပြောပြီးပြီပဲဥစ္စာ။ အခု ခင်ဗျားတို့က ကျုပ်ကို အရေးယူဖို့ပဲ စဉ်းစားနေကြတယ်။ ဒါပေမဲ့ ခင်ဗျားတို့ထဲက တစ်ယောက်ကတော့ လူလေးယောက်ကို သတ်တဲ့ လူသတ်သမား။ အဲလေ၊ ဒါမှမဟုတ် လူရှစ်ဆယ့်လေးယောက်ကို သတ်တဲ့ လူသတ်သမား"

"ဘာ ရှစ်ဆယ့်လေးယောက် ဟုတ်လား"

ဘုရင်ခံ ဖဲယားချိုင်းက တုန်ယင်အက်ကွဲသော အသံကြီးနှင့် ပြန်မေးလိုက်၏။

"ခင်ဗျား ပြောခဲ့သလိုပဲပေါ့ ဘုရင်ခံကြီးရာ။ စစ်သားတွေ စီးလာတဲ့ တွဲသုံးတွဲ ပြုတ်ကျန်ရစ်တာဟာ မတော်တဆပါလို့ ဘယ်သူက တထစ်ချ ပြောနိုင်မှာတဲ့တုံး"

ဒီကင်က တခြားတစ်နေရာသို့ ငေးကြည့်နေပြီးမှ ဘုရင်ခံကြီးကို ပြန်ကြည့်လိုက်၏။

"တစ်ခါ ဟောဒီရထားပေါ်မှာ ကျန်တဲ့ လူရှစ်ယောက်ထဲက မစ်(စ်) ဖဲယားချိုင်းကို ချန်လှပ်ပြီး ကျန်တဲ့လူတွေ၊ အဲဒီအထဲမှာ ဘန်လွန်နဲ့ ရက်ဖာတို့ ကိုလည်း ချန်ထားလို့ မဖြစ်သေးဘူး။ အဲဒီလူတွေထဲက တစ်ယောက်ယောက်ဟာ တရားခံ မဟုတ်ဘူးလို့ ဘယ်လူမှ မပြောနိုင်ဘူး။ ပြီးတော့လည်း ဒီလုပ်ကြံမှုတွေထဲမှာ တရားခံ နှစ်ယောက် ဒါမှမဟုတ် သုံးယောက်ပေါင်းပြီး လုပ်ကြံနေ

www.burmeseclassic.com

www.burmeseclassic.com



ကြတာလည်း ဖြစ်နိုင်တယ်။ အဲဒီလိုပေါင်းပြီး လုပ်ကြံရင်လည်း အပြစ်ကလေ အတူတူပဲဗျို့''

ဂျွန်ဒီကင်သည် ပြောဆိုပြီးနောက် ပြတင်းပေါက်သို့ လှည့်ရင်း လက်ရှ ပေါ်တွင် တံတောင်ဆစ်နှစ်ခုကို ထောက်ပြီး နေဝင်ဆည်းဆာတွင် ဆီးနှင်းခဲများ ကျဆင်းနေသည်ကို ငေးကြည့်နေပါ၏။

◆ ◆ ◆

# အခန်း (၆)

ဘန်လွန်သည် မီးရထားကြီးကို ဖြည်းညင်းစွာ ရပ်လိုက်၏။ ၎င်းနောက် ဘရိတ်ကို ဖမ်းပြီး သော့ခတ်လိုက်သည်။ သူက လေးလံလှသော သော့ကြီးကို ဖြုတ်ယူလိုက် ပြီးနောက် နဖူးကို ချွေးသုတ်ပဝါနှင့်သုတ်၍ ရထားစက်ခေါင်း၏ နံရံတွင် မျက်စိကို အသာမှေးပြီး နှမ်းရိခွေလျှော့စွာ မတ်တတ်ရပ်ရင်း မှီနေသော ရက်ဖာတီကို မေး လိုက်၏။

''တော်လောက်ပြီလား''

''တော်လောက်ပါပြီ၊ ကျွန်တော်တော့ သချင်စော်နံလောက်အောင်ကို ဖားနေပြီ''

''ဒါဖြင့် တို့နှစ်ယောက်ဟာ အသေကောင် နှစ်ကောင်ပေါ့ကွာ''

ဘန်လွန်က ဆီးနှင်းခဲများ ကျနေသော မှောင်မိုက်လှသည့် ည၏ ရှုခင်းကို လှမ်းကြည့်ရင်း အအေးဒဏ်ကြောင့် တစ်ချက်တုန်သွားသည်။

''လာကွာ တို့နှစ်ယောက် မိုလ်မှူးကြီးနဲ့ သွားတွေ့ရအောင်''

ထိုအချိန်တွင်၊ မိုလ်မှူးကြီးသည် မီးလင်းဖို ဘေးနားတွင် ဖြစ်နိုင်သမျှ အနီးကပ်ဆုံး ကပ်၍ထိုင်နေ၏။ သူနှင့်အတူတူ ရှိနေသူများမှာ ဘုရင်ခံယားချိန်း၊ အိုဘရိုင်ရင်၊ ပီးယားစ်နှင့် မာရီကာတို့ ဖြစ်သည်။ သူတို့အားလုံး၏ လက်ထဲ၌

www.burmeseclassic.com

www.burmeseclassic.com



အရက်ဖန်ခွက်မျိုးစုံကို တစ်ခွက်စီ ကိုင်ထားကြ၏။ ဦးမြန်ဒီကင်သည် သူတို့နှင့် ခပ်ဝေးဝေး အခန်းထောင့်ရှိ ကြမ်းပြင်ပေါ်၌ အအေးဒဏ်ကို ခံနိုင်စေရန် ခပ်ကုပ်ကုပ် ထိုင်နေ၏။ သူ့လက်ထဲတွင်မူ ဖန်ခွက် မရှိပါ။

ထိုအခိုက်တွင် တဲ့ကူးတံခါးပေါက်သည် ပွင့်လာပြီး ဘန်လွန်နှင့် ရက်ဖာသ တို့ ကပျာကယာ ဝင်လာကြသည်။ သူတို့ တံခါးဖွင့်လိုက်သောကြောင့် အေးမြသော လေပြင်းနှင့်အတူ ဆီးနှင်းခဲများသည် ဝုန်းခနဲ အခန်းအတွင်းသို့ ဝင်လာသဖြင့် တံခါးကို ကမန်းကတန်း ပြန်ပိတ်လိုက်ရ၏။ သူတို့နှစ်ဦးကို ကြည့်ရသည်မှာ ဖြူဖပ်ဖြူရော် ဖြစ်နေကြပြီး အလွန်ပင်ပန်းနေပုံလည်း ရသည်။ ဘန်လွန်က သူ့ပါးစပ် ကို လက်ဖမိုးနှင့် ကွယ်ရင်း သမ်းဝေလိုက်သည်။ ၎င်း နောက် မအောင့်အည်းနိုင် တော့ဘဲ ထပ်၍ သမ်းဝေလိုက်ပါ၏။

"ဗိုလ်မှူးကြီး၊ ကျွန်တော်တို့တော့ သိပ်ကို ဖားနေပြီ။ ခဏတစ်ဖြုတ်မှ မလှဲရရင် ဝုန်းခနဲ လဲကျရတော့မယ်"

"ဘန်လွန် မင်းအလုပ်,လုပ်တဲ့နေရာမှာ တကယ့်ကို ကြိုးစားတဲ့ လူပါပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ယူနိုက်ယ်ပစိဖိတ် မီးရထားကုမ္ပဏီကို ငါ ဆက်ဆက်အစီရင်ခံစာ ပို့ပါ့မယ်။ ဟေ့ ရက်ဖာတီ။ မင်းကိုလည်း ငါ ချီးကျူးပါတယ်ကွာ။ မင်းအတွက် ငါ တကယ့်ကို ဂုဏ်ယူတယ်ဟေ့"

ကလဲယားမွန့်က ခေတ္တမျှ စဉ်းစားလိုက်သည်။

"ဘန်လွန်၊ မင်းက ငါ့အခန်းမှာ အိပ်နိုင်တယ်။ ရက်ဖာတီကတော့ ဗိုလ်မှူးရဲ့ အခန်းမှာ အိပ်ပေါ့ကွာ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဘန်လွန်က မအောင့်အည်းနိုင်ဘဲ ထပ်၍သမ်းဝေလိုက်ပြန်၏။

"တစ်ခုတော့ ရှိပါတယ် ဗိုလ်မှူးကြီး။ အဲ တစ်ယောက်ယောက်က တော့ ရေနွေးငွေ့ပေါင်ချိန် ကျမသွားအောင် မီးအမြဲထိုးပေးနေဖို့ လိုပါလိမ့်မယ်"

"ဒါဆိုရင် ထင်းတွေ အလဟဿ ကုန်သွားမှာပေါ့။ ညပိုင်းမှာ မီးသတ် ထားလိုက်ပြီး မနက်ကျမှ မီးပြန်ထည့်ရင် မဖြစ်ဘူးလား"

"မဖြစ်ပါဘူး ခင်ဗျာ"

ဘန်လွန်က ခေါင်းကို အပြတ်ခါယမ်းရင်း ဖြေလိုက်သည်။

"မနက်ကျမှ မီးပြန်ထည့်ရရင် နှစ်နာရီ သုံးနာရီလောက် အချိန်ထပ်ပြီး ကြန့်ကြာသွားလိမ့်မယ်။ ပြီးတော့လည်း ညပိုင်းမှာ ကုန်ရတဲ့ ထင်းလောက် ကုန်ဦး မှာပဲ။ အဲဒါကတော့ သိပ်ပြီး အရေးမကြီးလှပါဘူး။ အရေးကြီးတာက မီးသေ



သွားပြီးတဲ့နောက် ဘွိုင်လာအိုးနဲ့ ဆက်ထားတဲ့ ပြွန်ထဲမှာရှိတဲ့ရေတွေ ခဲသွားပြီ ဆိုရင်တော့။ အဲ ဗိုလ်မှူးကြီး၊ ဒီကနေပြီး ဟမ်းဘို့ခ်တပ်ကို တော်တော် ဝေးသေးတယ် ခင်ဗျ၊ ကုန်းကြောင်းသာ သွားရမယ်ဆိုရင် သိပ်လွယ်မှာ မဟုတ်ဘူး"

ဒီကင်က ခက်ခက်ခဲခဲ မတ်တတ်ရပ်ရင်း ပြောလိုက်၏။

"ကျုပ်က လမ်းသိပ်ပြီး လျှောက်ချင်တဲ့လူ မဟုတ်ဘူး။ ဒီတော့ ကျုပ်ပဲ သွားလုပ်ပေးမယ်"

"ဘာပြောတယ်ကွ မင်းကလား"

ပီးယားစ်က ထိုင်ရာမှ ထရင်း မေးလိုက်သည်။ သူ့မျက်နှာပေါ်တွင် သက်သာမကင်း ဖြစ်နေကြောင်း ထင်းထင်းကြီး ပေါ်နေ၏။

"နေပါဦး၊ မင်းက ခုမှ ဘာဖြစ်လို့ ချက်ချင်း လက်ငင်းကြီး ကူညီချင်တဲ့ စိတ်တွေ ပေါ်လာရတာတုံး"

"ကျုပ်က ခင်ဗျားတို့ လူသိုက်အတွက် အကူအညီပေးချင်စိတ် လုံးဝ မရှိဘူး၊ ဆယ်ခါပြန် ကန်တော့ဆွမ်းပါပဲ။ ဒါပေမဲ့ ကျုပ် ဒီမှာ ရှိနေတာကို ခင်ဗျားတို့က သိပ်ပြီး ကြည်ကြတာ မဟုတ်ဘူး။ ပြီးတော့လည်း ဒီမှာ နေရတာ ကျုပ်အတွက် မနိုပ်ဘူး။ သိပ်အေးတယ်။ ဟိုစက်ခေါင်းထဲမှာဆိုရင် နွေးနွေးထွေးထွေး ရှိမှာပါ။ ပြီးတော့လည်း ခင်ဗျားတို့က အရက်ခွက်ကြီး တကိုင်ကိုင်နဲ့ မိမ်ကျနေတာကို ကျုပ်က ထိုင်ကြည့်မနေချင်ပါဘူး။ နောက်တစ်ချက်ကလည်း ကျုပ် ခင်ဗျားနဲ့ ဆေးဝေးရှိနေရရင် ကျုပ်အတွက် ပိုပြီးလုံခြုံမှု ရှိလိမ့်မယ် ထင်တယ်။ ပြီးတော့လည်း အခုဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းတွေ အားလုံးမှာ သံသယ အကင်းအရှင်းဆုံး ပုဂ္ဂိုလ် ကတော့ ကျုပ်ပဲ။ ဒီတော့ ကျုပ်ကို ခင်ဗျားတို့က စိတ်ချလက်ချ လွှတ်နိုင်ပါတယ်"

ဒီကင်က ဘန်လွန်ဘက်သို့ လှည့်၍ကြည့်လိုက်၏။ ဘန်လွန်ကလည်း ကလဲယားမွန့်ကို လှမ်း၍ ကြည့်လိုက်ပြန်သည်။ ကလဲယားမွန့်သည် တွန့်ဆုတ် ဆုတ် ဖြစ်သွားပြီးမှ ခေါင်းညိတ်ပြလိုက်၏။

ဘန်လွန်က ညွှန်ကြားချက်ပေးသည်။

"နာရီဝက်တစ်ခါ မီးဖိုထဲက မီးကို ဆွဆွပေးပါ။ ရေနွေးငွေ့ ဖိအားကို ပြတဲ့ ဒိုင်ခွက်ထဲက လက်တံကလေး အပြာအမှတ်နဲ့ အနီအမှတ် ကြားမှာ အမြဲတမ်း ရှိနေအောင် ထင်းကို ချိန်ဆပြီး ထည့်ပေးပါ။ တကယ်လို့ ဒိုင်ခွက်ထဲက လက်တံ ကလေး အနီမှတ်ကို ကျော်လွန်သွားပြီဆိုရင်တော့ ရေနွေးငွေ့ကို လျှော့ပစ်တဲ့ ခလုတ်က ဒိုင်ခွက်ဘေးမှာ ရှိတယ်။ ခင်ဗျားလည်း တွေ့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဒီကင်သည် ခေါင်းညိတ်ပြပြီး ထွက်ခွာသွား၏။ ပီးယားစ်က မီး မကြည်မသာနှင့် သူ့နောက်သို့ လိုက်ကြည့်နေသည်။ ပြီးမှ ကလဲယားမွန့်ဘက် လှည့်ကြည့်လိုက်၏။

"ကျုပ်ကတော့ ဒီအစီအစဉ်ကို မကြိုက်ဘူး။ တကယ်လို့ သူက ကျုပ် တွဲထဲကို ဖြုတ်ထားခဲ့ပြီး ခေါင်းတွဲတစ်တွဲတည်းကိုသာ မောင်းပြီး ထွက်သွားခဲ့ ဘယ်လိုလုပ်ပြီး တားမလဲ။ ဒီလိုကောင်မျိုးဟာ ဘာကိုမှ ဂရုစိုက်မယ့်လူစား မဟုတ် ဘူး"

"ဟောဒီပစ္စည်းက သူ မောင်းထွက်သွားလို့မရအောင် တားထားမှာပါ"

ဘန်လွန်က ဘရိတ်ဘီးမှ သော့ကြိုးကိုထုတ်၍ ပြလိုက်၏။

"ကျွန်တော် ဘရိတ်ဖမ်းတဲ့ လက်ကိုင်ဘီးကြီးကို သော့ခတ်ထားခဲ့ တယ်။ ဒီသော့ကို ခင်ဗျားကိုယ်တိုင် သိမ်းထားချင်သေးသလား"

"ပေး ကျုပ် သိမ်းထားမယ်"

ပီးယားစ်က သော့ကိုယူပြီး ပြန်ထိုင်လိုက်သည်။ ထို့နောက် စိတ်ချ သာသွားဟန်နှင့် အရက်ခွက်ကို ပြန်ကိုင်လိုက်၏။ အိုဘရိုင်ရင်ကလည်း ထိုင်ရာ မှထ၍ ဘန်လွန်နှင့် ရက်ဖာတီကို ခေါင်းညိတ်ပြီး ခေါ်လိုက်သည်။

"ကဲ ခင်ဗျားတို့ ဘယ်နေရာမှာ အိပ်ရမယ် ဆိုတာကို ကျုပ် လိုက် ပြမယ်၊ လာ လိုက်ခဲ့ကြ"

သူတို့သုံးယောက်သည် ပထမတွဲမှတဆင့် ဒုတိယတွဲ၏ နောက်ပိုင်း သို့ သွားကြပြီးနောက် ဘန်လွန်အား ကလဲယားမွန့်၏ အခန်းထဲတွင် နေရာ ခဲ့ပြီး ရက်ဖာတီကိုမူ မေဂျာအိုဘရိုင်ရင်က သူ့အခန်းသို့ ခေါ်လာသည်။ အခန်း ထဲသို့ ရောက်သောအခါ သူက လက်ဆန့်ယမ်းပြလိုက်ပြီး-

"ကဲ ဒီလောက်ဆို မင်းအတွက် လုံလောက်ပြီလား"

ရက်ဖာတီလည်း လေးလေးစားစားနှင့် အခန်းထဲရှိ အခြေအနေကို လှည့် ကြည့်လိုက်သည်။ ထိုအချိန်တွင် မေဂျာအိုဘရိုင်ရင်က ဗီရိုထဲမှ အရက်ပုလင်း ရက်ဖာတီ မမြင်အောင် ထုတ်ယူလိုက်ပြီး လက်ကို စကြံလမ်းထဲသို့ ထုတ်ထား လိုက်သည်။

"ဖြစ်ပါတယ် ဆရာ၊ ကျေးဇူးအများကြီးတင်ပါတယ် ဆရာ"

"ကောင်းပြီလေ၊ ကဲ ကောင်းသောည ဖြစ်ပါစေ"

အိုဘရိုင်ရင်သည် အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီးနောက် ရထား ရှေ့ပိုင်း သို့ ပြန်လျှောက်လာ၏။ မီးဖိုချောင်သို့ ရောက်သောအခါ တံခါးကိုပင် မခေါက်တော့ဘဲ



ဆွဲဖွင့်ပြီး အတွင်းသို့ ဝင်လိုက်သည်။ ၎င်းနောက် မီးဖိုချောင် တံခါးကို ပြန်ပိတ် လိုက်၏။

မီးဖိုချောင်မှာ ခြောက်ပေ ငါးပေခန့်သာရှိသော အခန်းကျဉ်းကလေး တစ်ခု ဖြစ်သည်။ အခန်းကျဉ်းကလေးထဲတွင် မီးဖို၊ အိုးခွက်၊ ပန်းကန်များနှင့် အစား အစာများ ထားသိုရန် ဗီရိုကိုပါ ထည့်သွင်းထားရာ အခန်းထဲတွင် ချောင်ချောင်ချိချိ လှုပ်ရှားသွားလာရန် မလွယ်ကူလှပါ။ သို့သော် ခွေးခြေငယ် တစ်လုံးစီနှင့် ထိုင်နေကြ သော ထမင်းချက် ကာလို့စ်နှင့် စားပွဲထိုး ဟင်နရီတို့ကမူ သက်သောင့်သက်သာ ရှိနေပုံရသည်။ အိုဘရိုင်ရင် ဝင်သွားသောအခါ သူတို့ နှစ်ယောက်စလုံးက မော့၍ ကြည့်လိုက်ကြ၏။ ဟင်နရီက ရှုံ့မဲ့နေသော မျက်နှာနှင့် မော့ကြည့်သည်။ ကာလို့စ်က မူ အစွမ်းကုန် ပြုံးပြလိုက်၏။

အိုဘရိုင်ရင်က အရက်ပုလင်းကို စားပွဲငယ်ကလေးပေါ်သို့ တင်ပေး လိုက်သည်။

"မင်းတို့အတွက် ဒါ လိုလိမ့်မယ်၊ အပြင်ဘက်မှာ သိပ်အေးနေတယ်။ ဒီတော့ အနွေးထည်တွေလည်း ရှာထားကြ။ ငါလည်း မကြာခင် ပြန်လာခဲ့မယ်"

သူက အခန်းပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။

"ဒီနေရာနဲ့စာရင် မင်းတို့အိပ်ခန်းထဲမှာက ပိုပြီးကျယ်ကျယ်ဝန်းဝန်း ရှိမှာပေါ့"

"သိပ်ကို မှန်ပါတယ် မစ္စတာအိုဘရိုင်ရင်"

ကာလို့စ်က ပြုံးပြုံးကြီးနှင့် လက်နှင့် မထိနိုင်လောက်အောင် ပူလောင် နေသော မီးဖိုကို လက်ညှိုးထိုးပြလိုက်သည်။

"ဒါပေမဲ့ အိပ်ခန်းထဲမှာ ဒါမျိုး မရှိဘူး။ ဒီနေရာကလေးကတော့ ရထားပေါ်မှာ အနွေးဆုံးနေရာပဲ"

ရထားပေါ်ရှိ ဒုတိယ အနွေးဆုံး နေရာမှာ မီးရထားစက်ခေါင်းတွဲပင် ဖြစ်ပေလိမ့်မည်။ သို့သော် လောလောဆယ်တွင်ကား အပြင်ဘက်မှ ဝုန်းခနဲ ဒိုင်းခနဲ ဝင်ဝင်လာသော လေပြင်းနှင့်အတူ ပါလာသည့် ဆီးနှင်းခဲများကြောင့် ခေါင်းတွဲထဲတွင် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပို၍အေးနေ၏။ သို့ရာတွင် ဖွင့်ထား သော မီးဖိုတံခါးမှ ထွက်အန်ကျလာသည့် ရဲရဲနီနေသော မီးရောင်က စက်ခေါင်းတွဲထဲ၌ ထွန်းထားသော ရေနံဆီ မီးခွက်နှစ်လုံး၏ မီးရောင်ကိုပင် ဖုံးလွှမ်းနေသည့်အပြင် အနွေးဓာတ် ရရှိစေသည်ဟု ထင်ယောင်ထင်မှား ဖြစ်စေနိုင်ပါ၏။ ဗွန်ဒီကင်တစ်ေ

www.burmeseclassic.com

www.burmeseclassic.com



အအေးဓာတ်ကို ထိတွေ့ ခံစားရခြင်း မရှိပါ။ မီးဖိုကို မီးဆွပေးနေစဉ် သူ့မျက်နှာပေါ်၌ ချွေးများ သီးနေသည်။

သူက နောက်ဆုံး ထင်းတုံးကြီးတစ်တုံးကို မီးဖိုထဲသို့ ပစ်သွင်းလိုက်ပြီး နောက် ဖိနှိပ်အားပြသော ဒိုင်ခွက်ထဲမှ လက်တံကလေးကို လှမ်းကြည့်လိုက်သည်။ လက်တံကလေးသည် အနီမှတ်နားသို့ ရောက်လုနီးပါး ဖြစ်နေ၏။ သူက ကျေနပ် သွားဟန်နှင့် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး မီးဖိုတံခါးကို ပြန်ပိတ်လိုက်သည်။ ၎င်းနောက် ရေနံဆီမီးခွက်တစ်လုံးကို ဖြုတ်ယူလိုက်ပြီး ထင်းများ ထားသိုသည့် နေရာဆီသို့ လျှောက်သွား၏။ ထင်းများမှာ သုံးပုံနှစ်ပုံခန့် ရှိသေးသည်။ သူသည် ရေနံဆီမီးခွက်ကို ကြမ်းပေါ်သို့ ချလိုက်ပြီး ညာဘက်တွင် ရှိနေသော ထင်းများကို ဘယ်ဘက်သို့ စိတ်ရောကိုယ်ပါ ပြောင်းရွှေ့ပေးနေသည်။

ထင်းများကို အပေါ်မှ အုပ်ဆိုင်းထားခြင်း မရှိသောကြောင့် ရေခဲတ အေးစက်နေသော်လည်း လေးလံလှသည့် ထင်းတုံးကြီးများကို ဂျွန်ဒီကင်က အချိန် မဖြုန်းဘဲ အစွမ်းကုန် နေရာရွှေ့ပြောင်းနေခြင်း ဖြစ်သောကြောင့် ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ သူ့မျက်နှာတစ်ပြင်လုံးမှာ ချွေးသီးချွေးပေါက်များနှင့် ရွှဲရွှဲစို၍လာ သည်။ သည်လို ထင်းများကို နေရာရွှေ့ရသည့် အလုပ်မှာ လွယ်ကူသည့် အလုပ် မဟုတ်ပါ။ ဒီကင်သည် ထိုအချိန်တွင် ထင်းတွဲထဲ၌ ရှိနေသည့် ထင်း တစ်ဝက်ခန့်ကို ညာဘက်မှ ဘယ်ဘက်သို့ နေရာပြောင်းရွှေ့ပြီး ဖြစ်သည်။

သူက ခါးကို ပြန်မတ်လိုက်ပြီးနောက် နာကျင်ကိုက်ခဲနေသည့် ကျောပြင်ကို လက်နှင့်ပွတ်သပ်ပြီး ရထားစက်ခေါင်းတွဲထဲသို့ ပြန်ဝင်သွားသည်။ ဒိုင်ခွက်ထဲမှ လက်တံကလေးသည် အပြာအမှတ်၏ အောက်ဘက်ဆီသို့ ကျော်လွန်ရောက်ရှိ၍ လေပြီ။ ဂျွန်ဒီကင်သည် မီးဖိုတံခါးကို ကပျာကယာ ဖွင့်၍ မီးခဲများကို သံချောင်းနှင့် ဆွလိုက်ပြီး ထင်းများကို ပစ်ထည့်လိုက်ပြန်သည်။ ၎င်းနောက် မီးဖိုတံခါးကို ပြန် ပိတ်ပြီး ဒိုင်ခွက်ကိုကြည့်၍ ထင်းနေရာ ရွှေ့သည့် အလုပ်ကို ဆက်လုပ်ပြန်လေ၏။

ထင်းတုံးကြီး နှစ်ဆယ်ခန့်ကို နေရာရွှေ့ပြီးသောအခါ သူသည် ထင်း သယ်သည့် အလုပ်ကို ခေတ္တရပ်ဆိုင်းပြီး ကြမ်းပြင်ပေါ်တွင် ချထားသော ရေနံဆီ မီးခွက်ကို ယူ၍ နေရာရွှေ့ရန် ကျန်နေသော ထင်းပုံကို မီးရောင်နှင့် စေ့စေ့စပ်စပ် ကြည့်ပြန်သည်။ ထို့နောက် မီးခွက်ကို အောက်ချပြီး ထင်းတုံးကြီးများကို နေရာ ပြောင်းပြန်၏။ ထင်းတုံးကြီး ဆယ့်နှစ်တုံးခန့်ကို ထပ်မံပြောင်းရွှေ့ပြီးသောအခါ သူက ရေနံဆီမီးခွက်ကို လှမ်းကိုင်လိုက်ပြန်သည်။ သူသည် ကြမ်းပြင်ပေါ်သို့ ငု



ဆောက်ပြီး ထိုင်ချလိုက်၏။ သူ့မျက်နှာပေါ်တွင်လည်း ခံပြင်းသော အရိပ်အယောင်များ ပေါ်လာသည်။

ထင်းပုံအောက်တွင် ခွေခွေခေါက်ခေါက်နှင့် လဲနေသော လူနှစ်ယောက် သည် သေဆုံးနေကြပြီ ဖြစ်ကြောင်း ယုံမှား သံသယဖြစ်စရာ မလိုတော့ပါ။ သူတို့၏ ခန္ဓာကိုယ်များသည် အေးစက်တောင့်တင်း၍ နေပြီဖြစ်၏။ ဒီကင်က ထိုသူများ၏ ခန္ဓာကိုယ် အပေါ်ပိုင်းကို ထင်ထင်ရှားရှား တွေ့မြင်ရန်အတွက် ထင်းတုံးတချို့ကို ထပ်၍ နေရာပြောင်းရပြန်သည်။ သူတို့နှစ်ယောက်စလုံး၏ ဦးခေါင်းတွင် ကြီးမားသော ဒဏ်ရာကြီးများ ရှိနေကြသည်။ သူတို့၏ ကိုယ်ပေါ်တွင်ကား အမေရိကန် မြင်း တပ်မတော်မှ စစ်ဗိုလ်များ ဝတ်ဆင်လေ့ရှိသည့် ဝတ်စုံများ ဖြစ်နေပါ၏။ တစ်ယောက် က ဗိုလ်ကြီးအဆင့်၊ ကျန်တစ်ယောက်က ဗိုလ်အဆင့် ဖြစ်သည်။ သည်ပုဂ္ဂိုလ် နှစ်ဦးသည် ကလဲယားမွန်၏ လက်အောက်မှ ပျောက်ဆုံးနေသော ဗိုလ်ကြီးအုတ်ကလန် နှင့် ဗိုလ်နီဝဲလ်တို့ ဖြစ်ကြောင်း သေချာလှသည်။

ဒီကင်၏ မျက်နှာပေါ်မှ ဒေါသထွက်သည့် အရိပ်အယောင်များမှာ ချက်ချင်း လိုလိုပင် ပျောက်ကွယ်သွားသည်။ သူ့လို ပုဂ္ဂိုလ်မျိုးသည် စိတ်ကို အစဉ်တည်ငြိမ် အောင် ထိန်းနိုင်ဖို့ လိုသည်။ ဒေါသသည် သူ့ကို ကောင်းကျိုးမပေး ကြောင်းသူ သိနားလည်ပြီး ဖြစ်သည်။ သူ မတ်တတ်ပြန်၍ရပ်လိုက်ပြီးနောက် ထင်းတုံးကြီးများကို ပထမ ထားရှိသည့်ပုံစံအတိုင်း နေသားတကျ ဖြစ်အောင် ကြိုးစား၍ ပြန်စီရပြန်သည်။ ယခင်ပုံစံအတိုင်း နေသားတကျဖြစ်အောင် ကြိုးစား၍ စီနေရသည့်အတွက် ပထမ နေရာ ရွှေ့စဉ်ကထက် နှစ်ဆခန့်ပို၍ အချိန်ကြာမြင့် သည့်အပြင် သူ့အနေနှင့် လုံးဝအင်အား ကုန်ခမ်းသွားဘိသကဲ့သို့ မောပန်းသွားရရှာ၏။

လုံးဝပြီးစီးသွားသောအခါ သူက ဒိုင်ခွက်ကို ပြန်၍ကြည့်ရပြန်သည်။ လက်တံကလေးမှာ အပြာအမှတ်၏ အောက်ခွက်ဆီသို့ အတော်များများ ကျဆင်း ရောက်ရှိနေလေပြီ။ ထို့ကြောင့် မီးဖိုတံခါးကိုဖွင့်ပြီး မီးရှိန်လျော့နေပြီ ဖြစ်သော မီးခဲများကို သံချောင်းနှင့်ဆွ၍ မီးဖိုထဲသို့ ထင်းများကို ဆုံ့သလောက် အပြည့် ထည့်သွင်းလိုက်ပြီး မီးဖိုတံခါးကို ပြန်ပိတ်လိုက်သည်။ ဤအကြိမ်တွင်မူ သူသည် ဒိုင်ခွက်ကို ကြည့်မနေတော့ပါ။ သူသည် ဦးထုပ်ကို မျက်နှာပေါ်သို့ ဆွဲချလိုက်ပြီး ကော်လာကို အပေါ်သို့ ထောင်လိုက်သည်။ ၎င်းနောက် ဖွေးဖွေးလှုပ်အောင် ဆီးနှင်း မှုန်တိုင်း ကျနေသော ရထားလမ်းဘေးဆီသို့ စက်ခေါင်းတွဲပေါ်မှ ဆင်းလိုက်၏။

ထိုအချိန်တွင် ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မည်သည့်အရာဝတ္ထု ကိုမှ သဲသဲကွဲကွဲ မမြင်နိုင်သည့် အနေအထားတွင် ရှိနေသဖြင့် သူ့ကို တစ်ဦးဦးတ

www.burmeseclassic.com

www.burmeseclassic.com



မြင်သွားမည်ကို စိုးစဉ်းမျှ မစိုးရိမ်ဘဲ မီးရထား၏ နောက်ဘက်ဆီသို့ ရထားလမ်း အတိုင်း နံဘေးမှ ပြန်လျှောက်သွားသည်။

ပထမတွဲကို ကျော်ဖြတ်လာပြီးနောက် မီးဖို၊ ထမင်းစားခန်းနှင့် အရာ များ၏ ညအိပ်ဆောင် ပါရှိသော ဒုတိယတွဲ၏ နောက်ဘက်အဆုံးသို့ ရောက်သော အခါ ဒီကင်သည် ရုတ်တရက် ရပ်လိုက်ပြီး နားစွင့်လိုက်သည်။ သူ့နားထဲတွင် ဂလပ် ဂလပ်နှင့် မြည်နေသော အသံတစ်သံကို ကြားနေရ၏။ အခုလို အချိန်အ မျိုးတွင် ထိုအသံမျိုးကို ကြားနေရသည်မှာ အလွန်ထူးဆန်း၍နေသည်။ ဒီကင်သည် ရှေ့သို့ အသံမထွက်အောင် တိတ်ဆိတ်ညင်သာစွာ တိုးသွားပြီး ဒုတိယတွဲ၏ နောက်ဘက်အစွန်ရှိ အပြင်ဘက်စင်္ကြံလမ်းဆီသို့ လှမ်းကြည့်လိုက်သည်။

ရိက္ခာတွဲ သို့မဟုတ် တတိယတွဲ၏ ထိပ်ဘက်ဆုံးရှိ ပြင်ဘက် စင်္ကြံလ သံလက်ရန်းပေါ်တွင် ထိုင်နေသူတစ်ယောက်သည် ခေါင်းကို နောက်သို့ မော့ထား ပုလင်းတစ်လုံးကို ပါးစပ်နှင့် တေ့၍ မော့သောက်နေ၏။ ထိုအချိန်တွင် ဆီးနှင်းမုန်တိုင် သည် အရှိန်အဟုန်ပြင်းစွာနှင့် ရထားခေါင်းတွဲဆီမှ နောက်တွဲများဘက်သို့ တိုက်ခ နေချိန် ဖြစ်ရာ သူသည် ဆီးနှင်းခဲများ၏ ဘေးရန်မှ လွတ်လွတ်ကင်းကင်း ရှိသ နေရာတွင် အေးအေးလူလူ ထိုင်၍ အရက်သောက်နေခြင်း ဖြစ်သည်။ ထိုသူ စားပွဲထိုး ဟင်နရီ ဖြစ်သည်ကို ဒီကင်က သတိပြုလိုက်မိ၏။

ဒီကင်သည် ရထားတွဲနှင့် ကျောချင်း ကပ်လိုက်ပြီးနောက် ရင်ထဲ အလုံးကြီး ကျသွားဟန်နှင့် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး ခေါင်းတွဲဘ ဆီသို့ ခြေလှမ်းအတော်များများ ပြန်လျှောက်လာသည်။ ၎င်းနောက် ရထား ခပ်လှမ်းလှမ်းသို့ ကွေ့၍ လျှောက်သွားပြီး တတိယတွဲ၏ နောက်ဘက်အစွန်း ရောက်ခါနီးကျမှ ရထားတွဲဆီသို့ ပြန်၍ချဉ်းကပ်လာသည်။ ယခုအကြိမ် ရထား နားသို့ ချဉ်းကပ်လာချိန်တွင် ယခင်ကထက်ပို၍ သတိဝီရိယထားသည်။ သူသ မြေကြီးပေါ်တွင် လေးဘက်တွား၍ ရှေ့သို့ တဖြည်းဖြည်းနှင့် တိုးလာခြင်း ဖြစ် ရိက္ခာတွဲ၏ နောက်ဘက်အစွန်တွင်လည်း လူတစ်ယောက် ကင်းစောင့်နေသည် သိသာထင်ရှားလှသည်။ ထိုသူမှာ ထမင်းချက် ကာလိုစ်ပင်တည်း။

ဒီကင်သည် ပထမနည်းအတိုင်း ခေါင်းတွဲဘက်သို့ နည်းနည်းပြန်လျှော ပြီး မြင်းများ ထားသိုရာတွဲ၏ နောက်ဘက်အစွန်သို့ ရောက်သည်အထိ နံဘေးဘ ကွေ့ဝိုက်၍ သွားပြန်သည်။ သူသည် တွဲပေါ်သို့ တက်လိုက်ပြီး နောက် တံခါး အသံမမြည်အောင် ဖွင့်ပြီး တွဲထဲသို့ ဝင်လိုက်၏။ သူက တွဲရှေ့ပိုင်းဆီသို့ လျှောက် စဉ် မြင်းတစ်ကောင်က အသံကျယ်စွာ ဟီလိုက်သည်။ ဒီကင်သည် ထိုမြင်းရှိ



သွားပြီး မြင်း၏လည်ပင်းကို လက်နှင့်ပွတ်ပြီး ချော့လိုက်သည်။ ထိုမြင်းက ဒီကင်၏ မျက်နှာကို နှာခေါင်းကြီးနှင့် လာ၍ ထိုးကြည့် အနံ့ခံပြီးနောက် ငြိမ်ကျသွား၏။ ကာလိုစ်သည် မြင်းဟီသံကို ကြားရသည့်တိုင်အောင် မြင်းများ ထားရှိရာ တွဲထဲမှ မြင်းဟီသံ ပေါ်ထွက်လာသည်မှာ ထူးဆန်းသည့်ကိစ္စ မဟုတ်သဖြင့် ဂရုမစိုက်ဘဲ နေလိုက်လေသည်။

မြင်းတွဲ၏ နောက်ပိုင်းသို့ ရောက်လာသော ဒီကင်သည် အနည်းငယ် ဟနေသော တံခါးကြားမှ အပြင်သို့ ချောင်းကြည့်လိုက်၏။ ဒီကင်နှင့် နှစ်ပေ သုံးပေခန့်သာ ဝေးတော့သော ကာလိုစ်သည် အေးစက်နေပုံရသော သူ့ ခြေထောက်ကို ပြန်ငုံ့ကြည့်နေကြောင်း တွေ့လိုက်ရသည်။

ဒီကင်သည် တံခါးကြားမှ ပြန်လှည့်လာပြီး မြင်းစာ ကောက်ရိုးများ ထားသို ရာ သေတ္တာကြီးထဲမှ ကောက်ရိုးများကိုထုတ်၍ ကြေးနန်းရိုက်စက်ကို မ,ယူလိုက် သည်။ ၎င်းနောက် ကောက်ရိုးများကို နေသားတကျ ပြန်ထည့်ပြီး ကြေးနန်းရိုက်စက် ကို လက်ကဆွဲ၍ ရိက္ခာတွဲ၏ နောက်ဘက်ပိုင်းသို့ ပြန်လျှောက်လာ၏။ သူသည် တွဲပေါ်မှ အောက်သို့ ဆင်းပြီးနောက် ဝဲ ယာ ဝန်းကျင်သို့ တစ်ချက် အကဲခတ်လိုက် ပြန်သည်။ ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သဲသဲကွဲကွဲ မမြင်နိုင်သည့် အနေ အထားမှာပင် ရှိနေသေးသည်ကို တွေ့ရ၏။ ထို့ကြောင့် သူသည် ရထားနောက်ဘက် ဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။

မီးရထား၏ နောက်ဘက် ကိုက်ငါးဆယ်ခန့် ဝေးသော နေရာတွင် သံကြိုး တိုင် တစ်တိုင်ကို အခန့်သင့်ပင် တွေ့လိုက်ရ၏။ ထို့ကြောင့် ကြေးနန်း ရိုက်စက်တွင် ရစ်ပတ်ထားသော ခဲကြိုးကို ဖြေလိုက်ပြီး အစတစ်စကို သူ့ခါးပတ်တွင် ချည်နှောင်၍ သံကြိုးတိုင်ပေါ်သို့ တက်စပြုသည်။

တက်စပြုသည်ဆိုသော စကားလုံးကို သုံးရသည့် အကြောင်းရင်းမှာ သူသည် မြေကြီးပေါ်မှ သုံးပေ အမြင့်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အပေါ် ဘက်သို့ တစ်လက်မခန့်ပင် နောက်ထပ်တက်၍ မရတော့ဘဲ မတင်မကျ ကိုးရိုး ကားယားကြီး ဖြစ်နေရသောကြောင့် ဖြစ်ပါ၏။ ဆီးနှင်းခဲများက ထူထပ်စွာ ကျနေသည်။ ဆီးနှင်းမုန်တိုင်းကလည်း ပြင်းထန်စွာ တိုက်နေသည်။ အအေးဓာတ်ကလည်း ရေခဲသည့် ဒီဂရီအောက်သို့ပင် ကျရောက်နေသေးသည်။ ထို့ကြောင့် သံကြိုးတိုင်ကို ရေခဲအလွှာက တစ်ထပ် ငုံထားပြီးလည်း ဖြစ်နေပါ၏။ တစ်တိုင်လုံး ရေခဲများ ဖုံးနေပြီ ဖြစ်သောကြောင့် ထိုတိုင်ကို လက်နှင့် ဆုပ်ကိုင်၍ အပေါ်သို့ တက်ရန် ဆိုရာမှာ လုံးဝမလွယ်ကူပါ။ ဘယ်လိုမှ ဆုပ်ကိုင်ထား၍ မရအောင် ချောနေပါသည်။

www.burmeseclassic.com



ဒီကင်သည် မြေကြီးပေါ်သို့ ပြန်ဆင်းလိုက်ပြီး မည်သို့မည်ပုံ ဆက်လုပ်ရမည်ကို စဉ်းစားလိုက်သည်။ ထို့နောက် သူ့ရုပ်အင်္ကျီမှ အဝတ်တော်တော်များကို ဆုတ်ဖြဲလိုက်ပြီးနောက် ထိုအဝတ်စကို နှစ်ပိုင်း ထပ်ဖြဲလိုက်သည်။

သူသည် သံကြိုးတိုင်ကို မတ်နေအောင် နံဘေးမှ ဆိုင်းထားသည့် သံကြိုးရှိရာသို့ သွားလိုက်၏။ ထိုသံကြိုးတွင် သူ့ခြေထောက်နှစ်ဖက်ကို ချိတ်ပြီး ယာယီလက်အိတ်သဖွယ် အဝတ်စများနှင့် ပတ်ထားသော လက်ဖဝါး နှစ်ဖက်နှင့် သံကြိုးကိုဆုပ်ကိုင်ပြီး အပေါ်သို့ရောက်အောင် ဖြည်းဖြည်းချင်းဆွဲ၍ ခဲခဲယဉ်းယဉ်း တက်ရသည်။ ထိုကဲ့သို့ သံကြိုးကို လက်နှစ်ဖက်နှင့် ဆွဲ၍ အပေါ်သို့ တက်ရသည်မှာ မလွယ်လှပါ။ ၄င်းအပြင် မကြာသေးမီကလည်း သူသည် တပင်တပန်း အလုပ်လုပ်ခဲ့ရသေးသည်။ သို့သော် သူက မဖြစ်မနေ ကြိုးစား၍ တက်သွား၏။ တိုင်ထိပ်ပေါ်သို့ ရောက်၍ ကန့်လန့်ဖြတ် ရိုက်ထားသော သစ်သားတန်းပေါ်တွင် ထိုင်မိသည့်အခါ သူ့လက်ဖဝါးနှစ်ဖက်မှာ ထိတွေ့ခံစားမှု အလျှင်းမရှိတော့ဘဲ ထုံကျဉ်နေပြီဖြစ်ကြောင်း တွေ့လိုက်ရ၏။ သူ့အနေနှင့် အတော်ကလေး စိုးရိမ်စိတ် ဝင်သွားသည်။

ထို့ကြောင့် နှစ်မိနစ်ခန့် ကြာအောင် လက်ဝါးချင်း ပွတ်ခြင်း၊ လက်ချောင်းများကို ညှစ်ခြင်း စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ အစွမ်းကုန် ကြိုးစားသောအခါကျမှ လက်ဖဝါးနှင့် လက်ချောင်းများတွင် သွေးပြန်၍ လှုပ်ရှားလာ၏။ ထိုအချိန်ကျမှ ဟင်းခနဲ သက်ပြင်းချနိုင်ရှာပါတော့သည်။ သူသည် ခါးပတ်တွင် ချည်နှောင်ထားသော ခဲကြိုးအစကို ဖြုတ်ယူလိုက်ပြီး တိုင်ထိပ်မှ ကြေးနန်းကြိုးနှင့် ခိုင်မြဲစွာ ချည်နှောင်လိုက်ပြီးနောက် လာလမ်းအတိုင်း မြေပြင်ပေါ်သို့ ပြန်ဆင်းခဲ့၏။ သူ ပြန်လျှောချသည့်အချိန်မှာ မြန်ဆန်လွန်းလှသဖြင့် တိုင်ထိပ်သို့ တက်စဉ်က သူ့လက်များ သွေးခဲလုမတတ် ဖြစ်သွားသော်လည်း ယခုအကြိမ်တွင်မူ မီးလောင်ခံရသည့်အလား ခြစ်ခြစ်တောက် ပူလောင်နေပါ၏။ သူသည် ကြေးနန်းရိုက်စက်ကို တာလပတ်စထဲမှ ထုတ်ယူလိုက်ပြီးနောက် သူ့ကိုယ်လုံးနှင့် လေကို တတ်နိုင်သမျှ ကွယ်၍ ကြေးနန်းရိုက်စ ပြုလိုက်သည်။

❖

ထိုအချိန့်တွင် ဟမ်းဘို့ခ်တပ်အတွင်းရှိ တပ်ရင်းမှူး၏ ရုံးခန်းထဲ၌ ဆက်ကော်ဟွန်း၊ ဗိုလ်လက်ဖြူနှင့် အခြားလူဖြူနှစ်ယောက်တို့ ရှိနေကြသည်။ ဆက်ကော်ဟွန်းသည် ထုံစံအတိုင်း သူ့ခြေထောက်နှစ်ချောင်းကို ဗိုလ်မှူးကြီးခုံယားချိုင်း၏ စာရေးစားပွဲပေါ်တွင် တင်ရင်း ထိုင်နေ၏။ သူ့လက်ထဲတွင်ကား တစ်ဖက်တွင် ဝီစကီ ဖန်ခွက်၊ ကျန်လက်တစ်ဖက်တွင် ဆေးပေါ့လိပ် တစ်လိပ်တို့ ရှိနေသည်။ ဗိုလ်လက်ဖြူသည် ကုလားထိုင်တစ်လုံးပေါ်တွင် ခပ်မတ်မတ် ထိုင်နေသည်။ သူကမူ သူ့ရှေ့တွင် ချပေးထားသော ဝီစကီဖန်ခွက်ကို လက်ဖျားနှင့်ပင် မတို့ပါ။ ထိုအခိုက်တွင် တံခါးပွင့်လာပြီး တစ်ကိုယ်လုံး ဆီးနှင်းခဲများ တင်နေသူတစ်ဦးသည် အခန်းထဲသို့ ကမန်းကတန်း ဝင်လာပြီး ပြောလိုက်သည်။

"သံကြိုးရိုက်စက် ရှိတဲ့အခန်းကို မြန်မြန်လာကြပါ"

ကော်ဟွန်းနှင့် ဗိုလ်လက်ဖြူတို့သည် တစ်ယောက် မျက်နှာကို တစ်ယောက်က ကွက်ခနဲ ကြည့်ပြီးနောက် တံခါးပေါက် ရှိရာသို့ ကပျာကယာ ထ,သွားကြ၏။ သံကြိုးရိုက်စက်ရှိရာ အခန်းသို့ ရောက်သောအခါ သံကြိုးရိုက်သမား ကာတာသည် သံကြိုးစာတစ်ခုကို ဘာသာပြန်နေဆဲ ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ကော်ဟွန်းက ကာတာနှင့် ကျန်သံကြိုးရိုက်သမား ဆင်မဆင် တို့ကို တစ်ချက်ကြည့်ပြီးနောက် အစောင့်နှစ်ဦးကို ခေါင်းညိတ်ပြပြီး စားပွဲနောက်ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဗိုလ်လက်ဖြူကမူ ကုလားထိုင်တွင် မထိုင်ဘဲ မတ်တတ်ရပ်နေသည်။

ကာတာသည် ဘာသာပြန်ပြီးဖြစ်၍ သံကြိုးစာကို ကော်ဟွန်းဆီသို့ လှမ်းပေးလိုက်သည်။ ကော်ဟွန်းသည် ချက်ချင်းလိုလိုပင် ကြိတ်မနိုင်ခဲမရ ဖြစ်လာပုံရ၏။

"အဲဒါမှ သောက်ခွပဲ၊ တကယ့်ကို သောက်ခွပဲ"

ဗိုလ်လက်ဖြူက တည်ငြိမ်အေးဆေးစွာ မေးလိုက်သည်။

"အန္တရာယ်ရှိနေလို့လား ကော်ဟွန်း၊ ဗိုလ်လက်ဖြူအတွက် အန္တရာယ်ရှိနေလို့လား"

"ဟုတ်တယ် ဗိုလ်လက်ဖြူ၊ အန္တရာယ်ကတော့ သိပ်မသေးလှဘူး၊ ကဲ… နားထောင်"

"စစ်သားများ ပါသည့် ရထားတွဲများကို လုပ်ကြံသော်လည်း မအောင်မြင်။ တွဲတိုင်းတွင် အစောင့်စစ်သားများ များပြားစွာ ပါလာသည်။ အကြောင်းပြန်ပါတဲ့။ ဘယ်လိုလုပ်ပြီး ဒီခွေးမသားတွေက ကပျက်ကချော်လုပ်…"

"ဒီလိုပြောရုံနဲ့ လုပ်ငန်း အောင်မြင်မှာလား ကော်ဟွန်း"

ကော်ဟွန်းက ဗိုလ်လက်ဖြူကို ခပ်တည်တည် ကြည့်လိုက်သည်။

"ဒီကိစ္စမှာ ကျုပ်နဲ့ ကျုပ်လူတွေက အကူအညီပေးပါ့မယ်"

"ဒီည ရာသီဥတု သိပ်ဆိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကော်ပွန်းသည် တံခါးရှိရာသို့ လျှောက်သွားပြီး အပြင်သို့ ထွက်လိုက်သည်။ ဗိုလ်လက်ဖြူကလည်း အပြင်သို့ ထွက်လိုက်လာပြီး တံခါးပြန်ပိတ်လိုက်သည်။ တစ်ခဏအတွင်းမှာပင် သူတို့နှစ်ဦးစလုံးသည် ဖွေးဖွေးဖြူ၍ သွားပါ၏။

"ဒီည ရာသီဥတု သိပ်ဆိုးတယ် ဗိုလ်လက်ဖြူ"

"နှ ခင်ဗျားက ပြောတော့ ရမယ့် ဆုလာဘ်က တန်ဖိုးသိပ်ကြီးတယ်ဆို"

"ခင်ဗျားက အခုလို ညမှောင်မှာတောင် အပြင်ထွက်ပြီး လုပ်ပေးနိုင်မှာလား"

ဗိုလ်လက်ဖြူက ခေါင်းညိတ်သည်။

"ကောင်းပြီလေ၊ အသည်းကွဲတောင်ကြားအဝင်ကို သိတယ် မဟုတ်လား။ တစ်ဖက်မှာက အင်မတန် မတ်စောက်မြင့်မားတဲ့ တောင်ကမ်းပါးယံကြီး ရှိတယ်။ ကျန်တစ်ဖက်မှာတော့ ခင်ဗျားတို့ လူစုအတွက် ကျည်ကွယ် မျက်ကွယ် လုပ်လို့ရမယ့် ကျောက်တုံးကျောက်ခဲတွေ အများကြီး ရှိပါတယ်။ ဒီတော့ ခင်ဗျားတို့က မိုင်ဝက်လောက် အဝေးမှာ မြင်းတွေကို ထားခဲ့ပြီး…"

"ဗိုလ်လက်ဖြူက သူ ဘာလုပ်ရမယ် ဆိုတာကို သိပြီးသားပါ"

"တောင်းပန်ပါတယ် ဗိုလ်လက်ဖြူ ကဲ လာဗျာ၊ ကျုပ်တို့ ဘန်လွှန်ကို အသည်းကွဲတောင်ကြားအဝင်မှာ ရထားကို ရပ်ပေးဖို့ ညွှန်ကြားရမယ်။ ခင်ဗျား အတွက် အဲဒီလောက် လွယ်တာ ဘယ်မှာမှ မရှိနိုင်ဘူး ဗိုလ်လက်ဖြူ"

"အေးပါဗျာ၊ ကျုပ် သိပါတယ်။ ဒါပေမဲ့ ကျုပ်က အဲဒီလို ပုံစံကို သိပ်မကြိုက်ဘူး။ ကျုပ်က စစ်သားဗျ။ စစ်သားမှ ရင်ဆိုင်တိုက်ပွဲဆင်ချင်တဲ့လူ။ အခုလို ချောင်းမြောင်းပြီး အစုလိုက် အပြုံလိုက် သတ်ရတဲ့ ကိစ္စမျိုးကို သိပ်မလုပ်ချင်ဘူး"

"ဒါပေမဲ့ ရမယ့် ဆုလာဘ်က သိပ်ကိုများတယ်လေ"

ဗိုလ်လက်ဖြူက ခေါင်းညိတ်လိုက်သည်။ သူတို့ နှစ်ဦးစလုံးသည် ကြေးနန်းရိုက်စက် ထားရှိရာ အခန်းထဲသို့ ပြန်ဝင်လာကြ၏။ ကာတာက ကြေးနန်းရိုက်စက်တွင် တဒေါက်ဒေါက်နှင့် ရိုက်နေသည်။ ကော်ပွန်းက ကာတာကို ရပ်ဆိုင်းရန် လက်ပြ၍ တားလိုက်ပြီးနောက် စားပွဲတွင် ထိုင်၍ သံကြိုးစာတစ်စောင်ကို ရေးလိုက်ပြီး ကာတာ့ထံ ပေးလိုက်သည်။ ၎င်းနောက် ဆင်မဆင်ဘက်သို့ လှည့်ပြီး-

"ကဲ မင်းက သူ ပို့တာကို သေသေချာချာ နားထောင်ပြီး ပြန်ပြော ပြစမ်း"

ဟု အမိန့်ပေးလိုက်သည်။



ကာတာက မော့စ် သင်္ကေတနှင့် သံကြိုးရိုက်ပို့နေစဉ် ဆင်မဆင်က စာရွက်တစ်ရွက်ပေါ်တွင် ရေးနေ၏။ သံကြိုးကို ကာတာက ပို့ပြီးသောအခါ ကော်ပွန်းက-

"ကဲ ဆင်မဆင် ဘာတဲ့လဲ"

"အသည်းကွဲတောင်ကြား အဝင်ကို လွန်၍ ကိုက်နှစ်ရာခန့် ဝေးသော နေရာတွင် ရထားကို ရပ်ပေးဖို့ ဘန်လွှန်ကို ညွှန်ကြားပါတဲ့"

ကော်ပွန်းက ကာတာ့ဘက်သို့ လှည့်၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကာတာ မင်း မဆိုးဘူး၊ ဒီအတိုင်းဆိုရင် မင်းလူ့ပြည်မှာ အသက် ရှည်ရှည် နေရလိမ့်ဦးမယ်"

ထိုအခိုက်တွင် နားကြပ်ထဲမှ တစ်ဖက်မှ သံကြိုးပြန်ပို့သော အသံကို ခပ်တိုးတိုး ကြားလာရ၏။ သို့သော် ခပ်တိုတိုသာ ဖြစ်သည်။ ကာတာက ဆင်မဆင်၏ အပြောကို မစောင့်တော့ဘဲ ပြောလိုက်၏။

"နားလည်ပါပြီတဲ့၊ ဒါပါပဲ"

ကော်ပွန်းက အားပါးတရ ပြုံးလိုက်သည်။

"ကဲ ဗိုလ်လက်ဖြူ၊ ဒီငတိတွေကို ကွိခနဲနေအောင် ဖမ်းမိတော့မယ် မဟုတ်လား"

❖

ဂျွန်ဒီကင်ကမူ ဆက်ကော်ပွန်းနှင့် အယူအဆချင်း မတူပါ။ သူက ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး သူ့ခေါင်းတွင် တပ်ဆင်ထားသော နားကြပ်ကို ဖြုတ်၍ တိုင်ထိပ်ရှိ ကြေးနန်းကြိုးနှင့် ဆက်ထားသော ခဲကြိုးကို ဆောင့်ဆွဲချလိုက်သည်။ ၎င်းနောက် ကြေးနန်းရိုက်စက်ကို ချောက်ထဲသို့ ကျသွားအောင် တွန်းချလိုက်၏။ ကြေးနန်း ရိုက်စက်သည် အမှောင်ထဲတွင် ပျောက်ကွယ်သွားသောအခါ ဒီကင်သည် ရထား ခေါင်းတွဲ ရှိရာသို့ ရထားကို ခပ်ဝေးဝေးမှ ကွင်းပတ်၍ ခပ်မြန်မြန် လျှောက်လာ၏။ စက်ခေါင်းတွဲသို့ ရောက်သောအခါ ခြေနင်းလှေကားပေါ်သို့ ဆွဲတက်လိုက်ပြီး မျက်နှာပေါ်ရှိ ဆီးနှင်းခဲများကို သုတ်၍ ဒိုင်ခွက်ကို ငုံ့ကြည့်လိုက်၏။

ဒိုင်ခွက်ထဲမှ လက်တံကလေးသည် အပြာအမှတ်၏ အောက်ဘက်သို့ အတော်များများ ရောက်ရှိနေလေပြီ။ မီးအား အလွန်နည်းနေပြီ ဖြစ်ပါ၏။ ဒီကင်သည်

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုတံခါးကို ဖွင့်လိုက်ပြီးနောက် မီးခဲများကို သံချောင်းနှင့် ဆွ၍ မီးဖိုထဲ... ထင်းထပ်ထည့်ရပြန်သည်။ ဤတစ်ကြိမ်တွင်မူ သူက အလောတကြီး ပြန်သွားရန်... မရှိပါ။ သူက ဒိုင်ခွက်ထဲမှ လက်တံကလေးကိုသာ တယုတယ စိုက်ကြည့်နေ... ထိုလက်တံကလေးသည် တဖြည်းဖြည်းနှင့် အပြာအမှတ်ကို ကျော်လာသည်... ထို့နောက် အနီအမှတ်၏ အထက်နားသို့ ရောက်လာသည်ကို တွေ့ရသည်။ ဘန်... က အနီအမှတ်သည် အန္တရာယ်ရှိသော ရေနွေးငွေ့ ဖိအားကို ပြသည့် အမှတ်အ... ဖြစ်ကြောင်း ပြောပြထားပြီး ဖြစ်သည်။ သို့သော် ဒီကင် လုံးဝဂရုမစိုက်တော့... သူက မီးဖိုတံခါးကို ပြန်ပိတ်လိုက်သည်။ ၎င်းနောက် ဆီဘူးတစ်ဘူးနှင့် စက်ပြင်သ... ကိရိယာ တန်ဆာပလာများ ထည့်ထားသော သေတ္တာထဲမှ ဇလီဖားတုံးနှင့် သံလမ်း... ကုတ်ဆက်ထားရာတွင် သုံးလေ့ ရှိသော သံချောင်းကြီး နှစ်ချောင်းတို့ကို ယူ... မီးရထားလမ်းဘေးမှတစ်ဆင့် နောက်ဘက်ဆီသို့ နောက်တစ်ခေါက် ခရီးဆ... ပြန်သည်။

သူသည် ယခင်တစ်ခေါက်က သွားသည့် နည်းလမ်းအတိုင်း ရထားနှ... ခပ်ဝေးဝေးမှ ကွင်း၍ ရထားနောက်ရှိရာသို့ သွားသည်။ ရိက္ခာတွဲ၏ နောက်ဘက်... နားလောက်ဆီသို့ ရောက်မှ ရထားရှိရာသို့ ချဉ်းကပ်လာသည်။ ကာလို့စ်သည် ယခင်နေရာမှာပင် ရှိနေသေးသည်။ လက်ပိုက်ထားရင်းက အအေးဒဏ်ကြောင့် တဆတ်ဆတ် တုန်နေသော ကာလို့စ်သည် သဘာဝအအေးဒဏ်ကို ဇီဇကီပုလင်း နှင့် ခုခံကာကွယ်ရန် ကြိုးစားနေသည်ကို တွေ့ရသည်။

ဒီကင်က သဘောကျသွားသောကြောင့် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး လေးဘက်ထောက်လိုက်ပြီးနောက် ရထားတွဲ၏ ဘေးအောက်မှ ရထားတွဲ အောက်ရှိ သံလမ်းပေါ်သို့ ရောက်အောင် ကုန်းဝင်သွားသည်။ သံလမ်းနှစ်ခု အကြားသို့ ရောက် သောအခါ မှောက်လျက်အနေအထားမှ မိကျောင်းသွား တွားတက်ရင်း ရိက္ခာတွဲ၏ နောက်ဘက်ဆီသို့ ရောက်အောင်သွားသည်။ ရိက္ခာတွဲ၏ နောက်ဘက်အစွန်းသို့ ရောက်သောအခါ ဆက်မသွားတော့ဘဲ ကိုယ်ကို မှောက်လျက်အနေအထားမှ ပက်လက်အနေအထားသို့ ရောက်အောင် ပြန်လှည့်လိုက်ပြီး အပေါ်သို့ မော့ကြည့် လိုက်သည်။

သူ့အပေါ်တည့်တည့်တွင်ကား ရိက္ခာ၏တွဲနောက်ဘက်နှင့် မြင်းများ တင်ဆောင်လာရာ မြင်းတွဲ၏ ထိပ်ပိုင်းတို့ကို ဆက်သွယ်ထားသည့် ချိတ်ဆက်ကို တွေ့မြင်နေရသည်။ ၎င်းအပြင် ရိက္ခာတွဲ၏ နောက်ဘက်စွန်းမှ ပြင်ဘက် စင်္ကြံလမ်းနှင့် မြင်းတွဲ၏ ထိပ်ဘက်အစွန်းမှ ပြင်ဘက် စင်္ကြံလမ်းတို့လည်း ရှိနေသည်။ ရိက္ခာတွဲ၏ ...တ်ဘက်အစွန်းမှ ပြင်ဘက်စင်္ကြံလမ်းပေါ်တွင် ကာလို့စ်က ရှိနေသည်။ ဒီကင်နှင့် ...သေခန့်သာ ဝေးသည်။

ဒီကင်သည် သံ,သံချင်း ထိခိုက်မိသံမျိုး မပေါ်ထွက်ရလေအောင် ...တိဒိရိယ ကြီးစွာထားပြီး ချိတ်ဆက်နေရာကို မြဲအောင် စုတ်ထားသည့် အလယ်ခေါင် ...ဝက်အူကို လှည့်၍ဖြုတ်ရန် ကြိုးစားသည်။ သူသည် ချက်ချင်းလိုလိုပင် လက်လျှော့ ...ဲတ် ဖြ...ပေါ်လာမိ၏။ ဒီလုပ်ငန်းမှာ မဖြစ်နိုင်သည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ ...ဖန် အေးစက်နေသော သံထည်ပစ္စည်းများကို လက်နှင့် ဆုပ်ကိုင်၍ လှည့်ရမည် ...ါက လက်ဖဝါးပေါ်ရှိ အရေပြားများကို သံထည်နှင့်ကပ်၍ စုတ်ပြတ်သတ်ပြီး ...န်ခဲ့ရမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူက ဆီဘူးကို ...၍ ဝက်အူ ရစ်များပေါ်သို့ ခပ်ရွှဲရွှဲ လောင်းချလိုက်သည်။ ထိုအခိုက်မှာပင် ...သံတစ်သံကို ကြားလိုက်ရသောကြောင့် ဆီဘူးကို အသံမမြည်အောင် ဘေးသို့ချပြီး ...ပေါ်သို့ မော့၍ကြည့်လိုက်ရပြန်၏။

ဒီကင် ကြားလိုက်ရသည့် အသံမှာ ကာလို့စ်က အရက်ပုလင်းကို ကြမ်းပြင် ...ပေါ်သို့ ချလိုက်သည့် အသံဖြစ်ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် ကာလို့စ်သည် ...းကို ဆန့်လိုက်ပြီး စင်္ကြံပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုသို့ လမ်းလျှောက်နေရင်းကပင် ကြမ်းပြင်ကို ဆောင့်၍ ဆောင့်၍ နင်းနေသည့်အပြင် လက်နှစ်ဖက်ကိုလည်း တဘတ်ဘတ်နှင့် ...နေသံ ကြားရသည်။ သွေးခဲမသွားစေရန် ဆောင်ရွက်နေခြင်း ဖြစ်ဟန်တူပါ၏။ ...ကြာသောအခါ သူသည် ကိုယ်တွင်းရှိ အအေးဓာတ်ကို တုံ့ပြန်ရန်အတွက် အရက်ပုလင်းကို ပြန်ယူလိုက်ပြန်သည်။

ဒီကင်က သူ့အလုပ်ကို ပြန်စ,သည်။ သူက အလယ်ခေါင်မှ ဝက်အူကို ဆုပ်ကိုင်၍ လှည့်ဖြုတ်ရန် ကြိုးစားပြန်၏။ သို့သော် အဖြေကတော့ ယခင်အတိုင်း ...ပင်။ ထို့ကြောင့် သူ့အိတ်ထဲတွင် ထည့်လာသော သံချောင်း နှစ်ချောင်းကို ထုတ်ယူ၍ သံကြိုးကွင်းထဲသို့ ထိုးသွင်းပြီး ထပ်၍လှည့်ပြန်သည်။ ဤအကြိမ်တွင် ကုတ်အ... ...မ်းအားကြောင့် လှည့်အားပိုရှိလာပြီး ဝက်အူရစ်သည် အနည်းငယ် လည်ထွက်လာ... ပြုလာသည်။ သို့သော် ကျီခနဲ မြည်သွား၏။

ထို့ကြောင့် ဒီကင်သည် ငြိမ်နေလိုက်ရပြန်ပြီး အပေါ်သို့ ဖြည်းညင်းစွာ မော့ကြည့်ပြန်သည်။ ကာလို့စ်သည် လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ သံလက်ရန်း တွင် ,မှီနေရာမှ ကိုယ်ကို ပြန်မတ်လိုက်ပြီးနောက် နံဘေးနားဆီသို့ စိတ်ဝင်စားခြင်း

www.burmeseclassic.com

www.burmeseclassic.com



အလျှင်းမရှိဘဲ လှည့်ကြည့်လိုက်သည်။ ၄င်းနောက် အရက်ပုလင်းနှင့် ပြန်ဆို မိတ်ဆွေဖွဲ့ပြန်လေ၏။

ဒီကင်သည် သူ့လုပ်ငန်းကို နောက်တစ်ကြိမ် ပြန်စ,ပြန်သည်။ သူ ဆီဘူးထဲမှ ဆီနှင့် ခပ်ရွှဲရွှဲလောင်းလိုက်၊ သံချောင်းကို အားပြု၍ ဝက်အူရစ်ထဲ လှည့်လိုက်နှင့် အတော်ကလေး ခရီးရောက်လာသည်။ ဝက်အူရစ် နှစ်ရစ် သုံးရစ်မျှသ ကျန်တော့သည့် အနေအထားသို့ ရောက်ရှိလာ၏။ သူက သံချောင်း နှစ်ချောင်းကို ပြန်ဖြုတ်ယူလိုက်ပြီးနောက် နောက်ဆုံး ကျန်နေသေးသည့် အရစ် များကို လက်နှင့် လှည့်၍ ဖြုတ်လိုက်သည်။ နောက်ဆုံးတွင် အဆိုပါ ဝက်အူနှင့် ဝက်အူခေါင်းတို့သည် ပြုတ်၍သွားကြ၏။ ယခုအချိန်တွင် ထိုဝက်အူမှာ အလယ်ခေါင်မှ ပြုတ်ထွက်သွားပြီ အောက်ဘက်ဆီသို့ တွဲလောင်းကြီး ကျ၍ နေလေပြီ။

ဒီကင်က မော့ကြည့်လိုက်သည်။ ကာလို့စ်သည် တုတ်တုတ်မျှ မလှုပ် ချေ။ ဒီကင်သည် လာလမ်းအတိုင်း မိချောင်းတွား တွား၍ ရထားအောက် ပြန်ထွက်လာပြီး ခေါင်းတွဲဆီသို့ ရထားကို ကွင်းရှောင်ပြီး ပြန်သွားသည်။ သူ ခေါင်းတွဲပေါ်သို့ ရောက်သောအခါ ရေနွေးငွေ့ ဖိနှိပ်အားကိုပြသည့် ဒိုင်ခွက် လက်တံကလေးသည် အပြာမှတ်အောက်သို့ ပြန်ရောက်နေလေပြီ။ ထို့ကြောင့် မီးဖိုထဲ ထင်းထပ်ဖြည့်ပြီး လက်တံကလေး အနီမှတ်ကို ဝါးဝါးကလေး ကျော်သည့်အခါတွင် စက်ခေါင်းတွဲထဲရှိသော ထိုင်ခုံတွင် ထိုင်ရင်း မျက်စိကို စုံမှိတ်လိုက်၏။

သူ အိပ်ပျော်သလား၊ နိုးနေသလား ဆိုသည်ကို သေသေချာချာ မသိသေ လည်း သူ့ခန္ဓာကိုယ်ထဲတွင် နိုးစက်ရှိနေသည့်အလား ထင်းထပ်ထည့်ရမည့် အချိ တွင် ပြန်,ပြန်ထလာပြီး ထင်းထပ်ထည့်ပြီးမှ ကုလားထိုင်တွင် ပြန်ထိုင်နေလေ့ရှိသည် မေရှာအိုဘရိုင်ရင်သည် ဘန်လွှန်၊ ရက်ဖာတီတို့နှင့်အတူ ခေါင်းတွဲသို့ ရောက်ရှိလာ သည့်အခါတွင်ကား ဒီကင်ကို ကုလားထိုင်ပေါ်တွင် ရင်ဘတ်ပေါ်၌ ခေါင်းငိုက်စိုက် ကျနေသည့် အနေအထားနှင့် တွေ့လိုက်ကြရ၏။ ချက်ချင်းလိုလိုပင် သူက ခေါင်း ထောင်ပြီး မော့်ကြည့်လိုက်သည်။

အိုဘရိုင်ရင်က စက်ဆုပ်သော လေသံနှင့် ပြောလိုက်၏။

"ငါ ထင်တဲ့အတိုင်းပါပဲလား၊ မင်း အလုပ်ခွင်မှာ အိပ်ပျော်နေလိမ့်မယ် ဆိုတာ"

ဒီကင်က ဘာမှပြန်မပြောဘဲ ဒိုင်ခွက် ရှိရာသို့ လက်မနှင့် ထိုးပြလိုက် သည်။ ဘန်လွှန်က ဒိုင်ခွက် ရှိရာသို့သွားပြီး ငုံ့ကြည့်လိုက်၏။



"ရေနွေးငွေ့အားက ပုံမှန်အတိုင်း ရှိနေတယ် ဗိုလ်မှူး၊ အိပ်တယ်ဆိုရင် လည်း သူ သိပ်ပြီး ကောင်းကောင်းအိပ်ရမှာ မဟုတ်ပါဘူး"

ဘန်လွှန်က အမှတ်မထင် နောက်ဘက်သို့ လှည့်ပြီး ထင်းထားရာ နေရာသို့ လှမ်းကြည့်လိုက်သည်။ ထင်းပုံမှာ မူလက ထားရှိသည့်အတိုင်း လက်ရာ ခြေရာ မပျက် ရှိနေ၏။

"ပြီးတော့လည်း ထင်းကုန်တာ သိပ်မများဘူး၊ ပုံမှန်လောက်ပါပဲ။ ဒါက တော့ သူ့မှာ လိတ်ခရော့ဆင်မြို့တုန်းက မီးရှို့ခဲ့တဲ့ အတွေ့အကြုံ ရှိနေလို့ထင်"

"တော်လောက်ပြီ ဘန်လွှန်၊ ကဲ မင်း လာတော့"

အိုဘရိုင်ရင်က ဘန်လွှန်ကို မာန်ယင်း သူ့ကို ခေါ်လိုက်သည်။

ဒီကင်သည် ထိုင်ရာမှထပြီး လက်ပတ်နာရီကို ကြည့်လိုက်၏။

"ည သန်းခေါင်တောင် ရောက်နေပြီပဲ၊ ကျုပ် ဒီမှာ နေခဲ့ရတာ ခုနစ်နာရီ တောင် ရှိသွားပြီ၊ ခင်ဗျား ပြောတုန်းကတော့ လေးနာရီပဲဆို"

"ဒါကတော့ သူ့အတွက်လည်း အိပ်ဖို့အချိန် လိုလို့ပေါ့၊ နေပါဦး၊ မင်းက ဘာအခွင့်အရေး လိုချင်လို့ ဒီလိုပြောတာလဲ"

"စားစရာ လိုချင်တယ်"

"ကာလို့စ်တောင် ညလယ်စာ ချက်ပြီးနေပြီ"

ကာလို့စ်သည် ညလယ်စာ ချက်ရန် မည်သို့မည်ပုံ အချိန်ရလိုက်သည် သေး။

"တို့တောင် မီးဖိုထဲသွားပြီး စားပြီးပြီ"

"အဲဒီလို ဖြစ်လိမ့်မယ်လို့ ကျုပ်ကလည်း ယုံပါတယ်"

အိုဘရိုင်ရင်နှင့် ဒီကင်တို့သည် ရထားခေါင်းတွဲပေါ်မှ ဆင်းခဲ့ပြီးနောက်၊ ထမင်းဆုံးတွဲ၏ အပြင်ဘက် စင်္ကြံပေါ်သို့ တက်ခဲ့ကြ၏။ အိုဘရိုင်ရင်က သံလက်ရန်း ကို အားပြု၍ ရှေ့သို့ကိုင်းလိုက်ပြီး လက်ကို ဝှေ့ယမ်းပြလိုက်သည်။ ဘန်လွှန်က ပြန်၍လက်ပြလိုက်ပြီး ရထားခေါင်းတွဲထဲသို့ ပြန်ဝင်သွားသည်။ အိုဘရိုင်ရင်က တံခါးကို ဆွဲဖွင့်ပြီး ဧည့်ခန်းထဲသို့ ဝင်ရန် ဟန်ပြင်လိုက်၏။

"ကဲ တစ်ခါတည်း ဝင်လိုက်လာမယ် မဟုတ်လား"

ဒီကင်က မျက်ခုံးမွေးကို လက်နှင့် ပွတ်လိုက်သည်။

"ခဏကြာရင် လိုက်ခဲ့မယ်၊ ရထားကို ရပ်ထားတုန်း ဆိုတော့ ခေါင်းတွဲ ထဲကို လေကောင်းလေသန့် သိပ်မဝင်ဘူးဗျ။ အဲဒီခေါင်းတွဲထဲမှာ ခုနစ်နာရီလုံးလုံး နေခဲ့ရတယ် ဆိုတော့လည်း ကျွန်တော့်ခေါင်းဟာ အုံ့ပြီး ခဲနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



အိုဘရိုင်ရင်က ဂျွန်ဒီကင်ကို စူးစမ်းသော မျက်နှာထားနှင့် အကဲခတ်လိုက်ပြီးနောက် သူ့ကို အပြင်မှာ ခေတ္တထားခဲ့ရုံနှင့် ဒီကင်က အနှောင့်အယှက်တစ်စုံတစ်ရာ ပေးနိုင်မှာ မဟုတ်ဟု တွေးလိုက်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်၍ အထဲသို့ဝင်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

ဘန်လွန်က စက်အရှိန်ကို မြှင့်လိုက်၏။ ရထားဘီးများ ရေခဲနေသော ရထားသံလမ်းများပေါ်တွင် တစ်ချက် နှစ်ချက် ချော်ပြီးနောက် ရှေ့သို့ လိမ့်စပြုလာသည်။ ခေါင်းတိုင်မှ မီးခိုးများသည် စက်ရှိန်မြှင့်စတွင် အပြင်ဘက်သို့ အလုံးအရင်းနှင့် ထွက်လာသော်လည်း ရထားအရှိန်ရစ ပြုလာသည့်အခါ မီးခိုးများသည် ထပ်မံထွက်မလာတော့ဘဲ ချက်ချင်းလိုလို ရပ်သွားပါတော့သည်။

ဒီကင်သည် သံလက်ရန်းကို မြဲမြဲဆုပ်ကိုင်ပြီး ကိုယ်ကို ရှေ့သို့ကိုင်း၍ ရထားနောက်ဘက်ဆီသို့ ပြန်ကြည့်လိုက်၏။ ဆီးနှင်းခဲများ ထူထပ်စွာကျနေပြီး မှောင်မိုက်လှသည့် ညမျိုးတွင် ပြတ်ပြတ်သားသား မြင်နိုင်ရန် မလွယ်ကူပါ။ သူ့မြင်ကွင်းတွင် ရိက္ခာတွဲများမှာ တစ်ခုနှင့်တစ်ခု တဖြည်းဖြည်း ကွာဝေးသွားသလို တွေ့နေရ၏။ သို့သော် သူ အမြင်မှားနေတာလား၊ သို့မဟုတ် သူ့စိတ်က သူ့ကို ပြန်၍လှည့်စားနေတာလား၊ သူ တိတိကျကျ မသိနိုင်သေးချေ။

မိနစ်ဝက်ခန့် ကြာသောအခါ ရထားလမ်းသည် အနည်းငယ် ကွေ့သွားပါ၏။ ထို့ကြောင့် နောက်ဘက်သို့ ပြန်ကြည့်ရာတွင် ပိုပြီးလွယ်ကူလာသည်။ ယခုတစ်ကြိမ်တွင်မူ သူ့စိတ်က သူ့ကို ပြန်၍လှည့်စားနေခြင်း မဟုတ်ကြောင်း တိတိကျကျသိလာရ၏။ ကိုက်နှစ်ရာ သုံးရာခန့် ဝေးကွာသော နေရာတွင် မြင်းတွဲနှစ်တွဲသည် မှောင်ထဲ၌ မလှုပ်မယှက် ကျန်ရစ်ခဲ့ကြလေပြီ။

ဒီကင်က ခါးကို ပြန်မတ်လိုက်သည်။ သူ့မျက်နှာပေါ်တွင် အားရကျေနပ်သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။ သူက တံခါးလက်ကိုင်ကို လှည့်၍ဖွင့်ပြီး တွဲထဲသို့ ဝင်လိုက်သည်။ ဘုရင်ခံကြီး၊ ကလဲယားမွန်၊ နသန်ပီးယားစ်နှင့် အိုဘရိုင်ရင်တို့သည် ဖန်ခွက်ကိုယ်စီ ကိုင်ရင်း မီးဖိုဘေးတွင် နီးနီးကပ်ကပ် ဝိုင်းထိုင်၍ နေကြ၏။ မာရီကာ၏ လက်ထဲတွင်မူ ဖန်ခွက် မရှိပါ။ မာရီကာသည် လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် တင်ရင်း ငြိမ်သက်စွာ ထိုင်နေသည်။ သူတို့အားလုံးက တစ်ပြိုင်နက်တည်း မော့ကြည့်လိုက်ကြ၏။ အိုဘရိုင်ရင်က ရထား၏ နောက်တက်ဆီသို့ လက်မနှင့်ထိုးပြရင်း ပြောလိုက်သည်။

"မီးဖိုထဲမှာ စားစရာ ရှိတယ်"

"ကျုပ် ဒီည ဘယ်မှာ အိပ်ရမှာလဲ"



"မင်း တော်တော်ရိုင်းသေးတယ်။ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားအသုံးအနှုန်းကို ပြောတတ် ဆိုတတ်အောင် သင်လိုက်ဦး"

"နေပါဦး၊ ကျုပ်က ခုနစ်နာရီလုံးလုံး ဟိုရထားခေါင်းတွဲထဲမှာ သွားပြီးနေရတဲ့ လူပါ။ ဒါပေမဲ့ ကျုပ်ကို ဘယ်သူကမှ ကျေးဇူးတင်စကား ပြောသံကြားရသေးဘူး။ ဒီည ကျုပ် ဘယ်မှာ အိပ်ရမှာလဲ"

ကလဲယားမွန်က ဝင်ဖြေလိုက်သည်။

"ဒီမှာပဲ အိပ်ပေါ့၊ ဟိုခုံရှည်ကြီးပေါ်မှာ အိပ်ရင် ဖြစ်ပါတယ်"

"ဗျာ၊ ကျုပ်ကို ဘုရင်ခံကြီးရဲ့ အရက်ဗီရိုနားမှာ နေခွင့်ပြုမလို့လား"

သူက ပြောပြောဆိုဆိုနှင့် ရထားတွဲနောက်ဘက်ဆီသို့ ဆက်သွားရန် ခြေလှမ်းပြင်လိုက်သည်။ သို့သော် ကလဲယားမွန်စကားကြောင့် ခြေလှမ်းတုံ့သွားရှာသည်။

"ဒီကင်၊ မင်း ဟိုခေါင်းတွဲထဲမှာ အကြာကြီး နေခဲ့ရတယ်။ အဲဒီမှာ တော်တော်လေး အေးသလား"

"ခုအထိတော့ ကျုပ် မသေသေးပါဘူး"

ကလဲယားမွန်က ဘုရင်ခံဖဲယားချိုင်းကို လှမ်းကြည့်လိုက်သည်။ ဘုရင်ခံကြီးက ခေါင်းညိတ်ပြလိုက်၏။ ကလဲယားမွန်က နောက်သို့လှည့်ပြီး ဗီရိုထဲမှ ဝီစကီတစ်ပုလင်းကို ဆွဲယူလိုက်ပြီး ဒီကင်ကို လှမ်းပေးလိုက်သည်။ ဒီကင်က ယူချင် ယူချင်နှင့် လက်ခံ၍ ယူလိုက်၏။

ဗိုလ်မှူးကြီး ကလဲယားမွန်က ပြောလိုက်သည်။

"ဟောဒီက မစ်(စ်)ဖဲယားချိုင်း ပြောသလို မင်းကို အပြစ်ရှိပါတယ်လို့ တရားရုံးတော်က မဆုံးဖြတ်မီ တို့က မင်းကို လူကောင်းတစ်ယောက်အနေနဲ့ သတ်မှတ်ပါ့မယ်။ တို့ပြောတာကို မင်း နားလည်တယ် မဟုတ်လား။ ဟောဒါကတော့ မင်း နည်းနည်းပါးပါး အချမ်းပြေသွားအောင် ပေးတာပါ"

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီး၊ ကျုပ် တကယ်ပြောတာပါ"

ဒီကင်က ရှေ့သို့ ခြေလှမ်းလိုက်သည်။ ဤတွင် မာရီကာက ခေါင်းကို မော်၍ကြည့်၏။ သူ့နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်ကလေး သန်းလာသည်။ သို့သော် ဒီကင်က ခပ်တည်တည်နှင့်ပင် ဆက်လျှောက်သွားသဖြင့် မာရီကာ၏ မျက်နှာအားမှာလည်း ပြန်၍တည်သွားသည်။

သူတို့သုံးဦးသည် မီးဖိုချောင်ကျဉ်းကျဉ်းကလေးတွင် အစာစားရန် ထိုင်လိုက်ကြသည်။ ကာလိုစ်နှင့် ဟင်နရီတို့က ဒီကင်၏ ဝီစကီပုလင်းထဲမှ အရက်

www.burmeseclassic.com



တော်တော်များများကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံ၍ ယူကြသည်။ ဒီကင်က အမျိုးအမည် ခွဲခြား၍ မရသော အစားအစာကို ကြိတ်မှိတ်ပြီး ဝ,အောင် ကြိုးစား၍ စားနေရ၏။ ကာလိုစ်၏ လက်ရာမှာ အကောင်းဆုံး မဟုတ်ကြောင်း သေချာသည်။ ဒီကင်က ပန်းကန်ထဲတွင် ရှိနေသမျှကို ခက်ရင်းနှင့်ခြစ်၍ စားလိုက်ပြီး သူ့ဖန်ခွက်ထဲမှ အရက်များကို မော့ချလိုက်၏။

ကာလိုစ်က တောင်းတောင်းပန်ပန်နှင့် ပြောသည်။

"တောင်းပန်ပါတယ် မစ္စတာဒီကင်၊ ဒီဟင်းက အိုးထဲမှာ တော်တော် လေး မာသွားတယ်"

ဘာဟင်းလဲ ဆိုတာကို ဒီကင်က ထပ်မမေးတော့ပါ။

"ကောင်းပါတယ်၊ တော်တော့ကို ကောင်းပါတယ်၊ ကျုပ်ကလည်း ဆာနေတာနဲ့ အတော်ပါပဲ"

သူက သမ်းဝေလိုက်သည်။

"အခု ကျုပ်အတွက် ဘာလိုအပ်တယ် ဆိုတာကို သိပြီ"

သူက ဝီစကီပုလင်းကို ကောက်ကိုင်လိုက်ပြီးနောက် စားပွဲကလေးပေါ်သို့ ပြန်ချလိုက်သည်။

"ကျုပ်က အရက်ကို သိပ်များများသောက်လို့ မရဘူး၊ ဒီပုလင်းထဲ မောင်ရင်တို့ နှစ်ယောက် ဝိုင်းဖြိုပေးမလား"

ကာလိုစ်က အားပါးတရ ပြုံးလိုက်သည်။

"အဟဲ ကျွန်တော်တို့ ကြိုးစားပြီး ဖြိုပါ့မယ် မစ္စတာဒီကင်၊ တကယ် ပြောတာပါ"

ဂျွန်ဒီကင်သည် နေ့အပန်းဖြေခန်း ရှိရာသို့ ပြန်သွားသည်။ သူ့အခန်း ထဲသို့ ဝင်လိုက်သောအခါ မာရီကာတစ်ယောက် မရှိတော့ပါချေ။ ဘုရင်ခံကြီး ကလဲယားမွန့်၊ အိုဘရိုင်ရင်နှင့် ပီးယားစ်တို့ကလည်း အိပ်ခန်းအသီးသီး ရှိရာ သို့ပြန်ရန် ဟန်ပြင်နေကြလေပြီ။ သို့သော် သူတို့က နှုတ်ဆက်ဖို့ ဝေးစွ၊ လှည့်၍ပင် မကြည့်ကြချေ။ ဒီကင်ကလည်း သူတို့ကို မမြင်ချင်ယောင်ဆောင်လိုက်၏။ သူက မီးလင်းဖိုထဲသို့ ထင်းထပ်ထည့်ပြီးနောက် ဆိုဖာရှည်ကြီးပေါ်တွင် ခပ်ခန့်ခန့် ထိုင်ချ လိုက်သည်။ ပြီးမှ အိပ်ဆောင်နာရီကို ထုတ်ယူပြီး ကြည့်လိုက်လေ၏။

နံနက် တစ်နာရီ ထိုးလေပြီ။

❖ ❖ ❖

# အခန်း (၇)

ဆက်ကော်ဟွန်းက ပြောလိုက်သည်။

"မနက် တစ်နာရီ ထိုးနေပြီ၊ မိုးမလင်းခင် ခင်ဗျားတို့ ပြန်ရောက်နိုင်ပါ့ မလား"

"ကျုပ် မိုးမလင်းမီ အရောက်ပြန်လာခဲ့မယ်"

ဗိုလ်လက်ဖြူသည် တပ်ရင်းမှူး ရုံးခန်းရှေ့တွင် ရှိသော လှေကားမှ အောက်သို့ ဆင်းပြီး သူ့လူများနှင့် ရောလိုက်သည်။ ငါးဆယ်ခန့်သော လူနီ စစ်သား များသည် ဟမ်းဘို့ခ်တပ်၏ အလယ်ဗဟိုရှိ ကွင်းထဲ၌ စုရုံးရောက်ရှိနေပြီ ဖြစ်၏။ သူတို့အားလုံးသည် မြင်းကိုယ်စီနှင့် ဖြစ်သည်။ သည်းထန်စွာ ကျဆင်းနေသော ဆီးနှင်းခဲများကြောင့် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ၍နေကြသည်။

ဗိုလ်လက်ဖြူက မြင်းပေါ်သို့ ခုန်တက်လိုက်ပြီးနောက် လက်ကိုမြှောက် ၍ လေးနက်စွာ အလေးပြုသည်။ ကော်ဟွန်းကလည်း လက်ကိုမြှောက်၍ ပြလိုက်၏။ ဗိုလ်လက်ဖြူသည် သူ့မြင်းကို နောက်ဘက်သို့ ဆွဲလှည့်လိုက်ပြီးနောက် ဂိတ်ပေါက်သို့ ဦးတည်မောင်းနှင်လိုက်သည်။

သူ့နောက်မှ လူနီစစ်သား ငါးဆယ်ကလည်း လိုက်ပါသွားကြသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ဒီကင်က အိပ်ရာမှ နိုးလာသည်။ ထို့ကြောင့် ခြေထောက်နှစ်ချောင်းကို ကြမ်းပြင်ပေါ်သို့ချ၍ ထ,ထိုင်လိုက်ရင်း နာရီကို ကြည့်လိုက်ပြန်သည်။ နံနက် လေးနာရီ ထိုးလေပြီ။ သူက ထိုင်ရာမှ ထ,ပြီး အတွင်းစင်္ကြံလမ်းအတိုင်း ဘုရင်ခံကြီး နှင့် မာရီကာတို့၏ အိပ်ခန်းရှေ့မှ ကျော်ဖြတ်၍ ထမင်းစားခန်းထဲမှတစ်ဆင့် နောက်ဘက် အစွန်ပြင်ဘက်ရှိ စင်္ကြံပေါ်သို့ ထွက်လိုက်သည်။ ထိုစင်္ကြံပေါ်မှ ဒုတိယတွဲဆီသို့ ကူးသွားသည်။ ထို့နောက် သူသည် တံခါးပေါက်မှန်မှ ဒုတိယတွဲထဲသို့ ချောင်းကြည့်လိုက်၏။

ထိုနေရာမှ ငါးပေခန့်သာ ဝေးသော မီးဖိုထဲမှ ငါးဖောင်ရိုးခြောက်သဖွယ် ပိန်ညှော်ညှော် ခြေထောက်နှစ်ချောင်းသည် စင်္ကြံလမ်းထဲသို့ ထိုးထိုးထောင်ထောင် ထွက်နေသည်။ ဟင်နရီ၏ ခြေထောက်များပင်တည်း။ ၎င်းအပြင် ထိုခြေထောက် နှစ်ချောင်းသည် လှုပ်လှုပ်ရှားရှား ရှိနေပါ၏။ ဟင်နရီတစ်ယောက် နိုးနိုးကြားကြား ရှိနေသည်မှာ သေချာပါသည်။

ဒီကင်သည် တံခါးပေါက်ဝမှ ခွာလိုက်ပြီးနောက် အနည်းငယ် စဉ်းစား လိုက်သည်။ ၎င်းနောက် စင်္ကြံလမ်းကို ကာရံထားသော သံလက်ရန်းပေါ်သို့ တက်ရပ်လိုက်ပြီး ထိုသံလက်ရန်းပေါ်မှတစ်ဆင့် ရထားခေါင်မိုးပေါ်သို့ တွဲလောင်း ခိုဆွဲပြီး တက်လိုက်၏။ သူသည် ရထားတွဲခေါင်မိုးပေါ်မှ လိမ့်မကျစေရန်အတွက် လေးဘက်ထောက်ရင်း တွဲခေါင်မိုးပေါ်မှ အပေါ်ဘက်သို့ စွန်းထွက်နေသော (လေဝင် လေထွက် ရှိစေရန် ပြုလုပ်ထားသည့်) ခေါင်းတိုင်ပြွန်တစ်ခုမှ နောက်ပြွန်တစ်ခုဆီသို့ ခက်ခက်ခဲခဲ ကူးခဲ့ရ၏။ ခေါင်မိုးပေါ်တွင် ဆီးနှင်းခဲများ တင်ရှိနေသည့်အပြင် ရေခဲများကလည်း ကပ်နေသဖြင့် သွားလာလှုပ်ရှားရာတွင် ချော်နေရသည့်အထဲတွင် ရထားတွဲကလည်း ယိမ်းထိုးလှုပ်ခါ၍နေသဖြင့် မလွယ်ကူလှပါ။

ထိုအချိန်တွင် ရထားသည် ကျဉ်းမြောင်းသော်လည်း နက်ရှိုင်းလှသော ချောက်ကမ်းပါးပြတ်တစ်ခု၏ နံဘေးတစ်လျှောက်တွင် ခုတ်မောင်းနေဆဲ ဖြစ်ပါ၏။ ရထား၏ ကျန်တစ်ဖက်တွင်မူ ထင်းရှူးပင် နိမ့်နိမ့်များက တန်းစီ၍ နေသည်။ ထင်းရှူးပင်များမှာ နိမ့်လွန်းလှသဖြင့် တစ်ခါတစ်ရံတွင် ထင်းရှူးကိုင်းများသည် တွဲခေါင်မိုးနှင့် ပွတ်တိုက်သွားသည့်အခါမျိုးပင် ရှိသည်။

နှစ်ကြိမ်တိုင်တိုင် သူသည် နောက်ဘက်သို့ ပြန်လှည့်ကြည့်မိသဖြင့် ကြီးမား သော ထင်းရှူးကိုင်းကြီးများနှင့် မတိုက်မိစေရန်အတွက် တွဲခေါင်မိုးပေါ်သို့ မှောက်လျက် ပြားပြားဝပ်လိုက်ရသည့်အဖြစ်မျိုးနှင့် ကြုံခဲ့ရပါ၏။



ဒုတိယတွဲ၏ နောက်ဘက်ခေါင်မိုးစွန်းသို့ ရောက်သောအခါ ဂျွန်ဒီကင် သည် သတိကြီးစွာထား၍ ခေါင်းမိုးစွန်းမှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။ ကာလို့စ်သည် အအေးဒဏ်ကို ကာကွယ်ရန်အတွက် မာဖလာတဘက် တစ်ထည် ကို နားရွက်များ ဖုံးသည်အထိ မျက်နှာအောက်ပိုင်းနှင့် လည်ပင်းကို ရစ်ပတ်ရင်း အပြင်ဘက် စင်္ကြံလမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ကာလို့စ် တစ်ယောက် ကင်းစောင့်နေလိမ့်မည်ဟု သူ့ယူဆချက်မှာ မှန်လေပြီ။ ဒီကင်သည် ခေါင်မိုးစွန်းမှ နောက်ဘက်သို့ ပြန်ဆုတ်ပြီး နောက်ဘက်သို့ လှည့်၍ ခပ်လှမ်းလှမ်းသို့ ရောက်အောင် ပြန်သွားခဲ့သည်။ ၎င်းနောက် မတ်တတ်ရပ်ပြီး ကိုယ်ကို ယိုင်လဲမကျ အောင် ခက်ခက်ခဲခဲ ထိန်းရင်း မီးရထား၏ ရှေ့ဘက်သို့ ခက်ခက်ခဲခဲ လျှောက်လာ ခဲ့၏။

အလွန်ကြီးမားသော ထင်းရှူးကိုင်းကြီးတစ်ခုသည် သူ့ဆီသို့ ပြေးဝင်လာ ပါသည်။ ဂျွန်ဒီကင်က တုံ့ဆိုင်းဆိုင်း လုပ်မနေပါ။ အကယ်၍သာ သူသည် ဤကိစ္စကို ချက်ချင်းလက်ငင်း မဆောင်ရွက်ခဲ့သည်ရှိသော် နောက်တစ်ကြိမ် ကြိုးပမ်းရန် လက်တွန့်နေတော့မည်သာ ဖြစ်၏။ သူက သစ်ကိုင်းကြီးနှင့် တိုက်မိမည့်အရှိန်ကို လျော့သွားစေရန်အတွက် နောက်ဘက်သို့ တစ်လှမ်း နှစ်လှမ်း ပြန်ဆုတ်လိုက်၏။ သစ်ကိုင်းကြီးက သူ့ရင်ဘတ်တည့်တည့်ဆီသို့ အရှိန်နှင့် ဝင်လာသည်။ သူက လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလိုက်ပြီး အဆိုပါ သစ်ကိုင်းကြီးကို လက်နှစ်ဖက် စလုံးနှင့် ဆုပ်ကိုင်လိုက်ပါ၏။

သစ်ကိုင်းကို လက်နှင့် ဆုပ်ကိုင်မိသည်နှင့်တစ်ပြိုင်နက် သူ့ အကြီး အကျယ် ထိတ်လန့်သွားပါသည်။ ထိုသစ်ကိုင်းပေါ်တွင် ဆီးနှင်းခဲများ ဖုံးအုပ်နေ သဖြင့် ကြီးမားသည်ဟု ထင်ရခြင်းသာ ဖြစ်ပြီး သူ ထင်သလောက် ကြီးမားခြင်း မရှိလှပါ။ ထိုသစ်ကိုင်းသည် အောက်သို့ ကိုင်းကျလာသည်။ သူသည် ကြောက် လန့်တကြားနှင့် ခြေထောက်နှစ်ချောင်းစလုံးကို အပေါ်သို့ မြှောက်လိုက်သော်လည်း သူ့ကျောပြင်သည် မီးရထားတွဲ၏ ခေါင်မိုးနှင့် နှစ်ပေခန့်မျှသာ လွတ်တော့သည်ကို တွေ့ရပါတော့သည်။ သူက ငုံ့ကြည့်လိုက်၏။ ဤအခြင်းအရာကို မသိရှာသော ကာလို့စ်သည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေဆဲပင်။ ကာလို့စ်ကို တစ်ချက်သာ မြင်လိုက်ရပြီးနောက် သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပါသည်။

ဒီကင်က သူ့ခြေထောက်နှစ်ချောင်းကို အောက်သို့ ပြန်ချလိုက်သည်။ သူ့ဖိနပ်မှ ခွာရာများသည် တွဲခေါင်မိုးပေါ်ရှိ ဆီးနှင်းခဲများပေါ်တွင် အရှင်းကြောင်း ကြီးနှစ်ခု ဖြစ်ပေါ်လာစေပါ၏။ သူ့ကျောကုန်းသည် တွဲခေါင်မိုးပေါ်မှ ပြူထွက်

www.burmeseclassic.com

www.burmeseclassic.com



နေသော ခေါင်းတိုင်များနှင့် ဝင်ဆောင့်မိစရာ အကြောင်းရှိသည်ကို တွေးမိသော်လည်း ဖြစ်သမျှ လျောက်လျှားပဲဟု သဘောထားကာ သစ်ကိုင်းအား ကိုင်ထားသည့် လက်နှစ်ဖက်ကို ဆတ်ခနဲ လွှတ်ပစ်လိုက်သည်။

သူ့ကျောကုန်းသည် တွဲခေါင်မိုးပေါ်မှ ထွန်းထွက်နေသော ခေါင်းတိုင်များနှင့် မတိုက်မိပါ။ သူလက်နှစ်ဖက်ကို လွှတ်ချလိုက်စဉ်က တွဲခေါင်မိုးနှင့် သူ့ခေါင်းကို မဆောင့်မိစေရန်အတွက် ခေါင်းကို ထောင်၍ ထားသောကြောင့် တွဲခေါင်မိုးပေါ်သို့ ကျောပြင်နှင့် အလျားလိုက် ကျသွားလေသည်။ အဆိုပါ ကျောပြင်နှင့် အလျားလိုက် ကျသည့်အရှိန်အဟုန်သည် ပြင်းထန်လှသဖြင့် သူသည် ရေရေလည်လည်ကြီး ခံသွားရရှာသည်။

အကယ်၍သာ အဆိုပါ တွဲခေါင်မိုးပေါ်တွင် ဆီးနှင်းခဲများ တင်ရှိမနေဘဲ ခြောက်သွေ့သော ခေါင်မိုးတစ်ခုသာ ဖြစ်မည်ဆိုပါက ခေါင်မိုးနှင့် ကျောပြင်ရိုက်မိသည့် အရှိန်သည် ပို၍ပြင်းထန်ဖွယ်ရှိပြီး သတိမေ့သွားတော့မည်မှာ သေချာလှပါ၏။ ထို့နောက် မေ့မြောနေသော ခန္ဓာကိုယ်ကြီးသည် တွဲခေါင်မိုးပေါ်မှ လျှော၍ အောက်သို့ ကျသွားတော့မည်သာ ဖြစ်သည်။

ယခုမူ ဆီးနှင်းခဲများ တင်ရှိနေသော မီးရထားတွဲခေါင်မိုးက သူ့ အသက်ကို ကယ်တင်လိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုရပါမည်။ ဆီးနှင်းခဲများ ခံနေသည့်အတွက် ကျောပြင်နှင့် တွဲခေါင်မိုး ရိုက်မိသည့် အရှိန်အဟုန်မှာ သိသိသာသာ လျော့သွားသော်လည်း သူ့ခန္ဓာကိုယ်ကြီးသည် တွဲခေါင်မိုးပေါ် တစ်လျှောက် နောက်ဘက်ဆီသို့ လျှော၍ ပါသွားပါသေးသည်။ ထိုအရှိန်အဟုန်နှင့် လျှောတိုက်ပြီး ပါသွားမည်ဆိုပါက သူသည် ရထားတွဲ၏ နောက်ဘက် ခေါင်မိုးစွန်းမှ ရထားလမ်းပေါ်သို့ လွင့်စဉ်ထွက်ကျသွားတော့မည် ဖြစ်ပြီး တစ်သက်လုံး နာလန်မထူနိုင်အောင် ဒဏ်ရာ ပြင်းထန်စွာ ရတော့မည်မှာ သေချာနေလေပြီ။

သို့သော် တွဲခေါင်မိုးပေါ်မှ အပေါ်သို့ ပြူထွက်နေသော ခေါင်းတိုင်စွန်းများက သူ့ကို ကယ်တင်လိုက်ပြန်သည်ဟု ဆိုရပါဦးမည်။ သူသည် ကြိုတင်စဉ်းစားထားခြင်း မရှိသော်လည်း ပထမဦးဆုံး တွေ့ရှိသည့် ခေါင်းတိုင်စွန်းကို ကမျာကယာ လှမ်း၍ ဆွဲလိုက်သည်။ သို့ရာတွင် အရှိန်ပြင်းလှသဖြင့် သူ့ညာဘက်လက်မှာ လက်မောင်းရင်းမှ ပြုတ်ထွက်သွားသကဲ့သို့ ခံစားလိုက်ရပြီး ခေါင်းတိုင်စွန်းကို ဆုပ်ကိုင်မိသော သူ့လက်မှာ မမြဲဘဲ ဝုန်းခနဲ ပြုတ်ထွက်သွားလေသည်။

သို့သော် နောက်တက်သို့ လျှောလိုက်ပါသွားသော အရှိန်မှာ အနည်းငယ် လျော့၍သွားပါ၏။ ဂျွန်ဒီကင်သည် နောက်တစ်ကြိမ် တွေ့ရသော နောက်ခေါင်းတိုင်



အစွန်းကို ထပ်၍ဆွဲလိုက်ပြန်သည်။ ခုနကလိုပင် ဒုတိယအကြိမ် နာကျင်သည့် ဝေဒနာကို ပြင်းထန်စွာ ခံစားလိုက်ရပြန်၏။ ယခုအချိန်တွင်မူ လျှောတိုက်ပါသွားသည့် အရှိန်မှာ လမ်းလျှောက်သည့် အရှိန်လောက်သာ ရှိနေပါတော့သည်။

ဂျွန်ဒီကင်သည် တတိယမြောက်နှင့် နောက်ဆုံး ဖြစ်ဟန်တူသော ခေါင်းတိုင်စွန်းကို လှမ်းမြင်လိုက်၏။ ဤတစ်ကြိမ်တွင်မူ အဆိုပါ ခေါင်းတိုင်စွန်းကို ညာဘက် တံတောင်ဆစ်နှင့် ပိုက်၍ ဖမ်းလိုက်ပြီးနောက် ညာဘက် လက်ကောက်ဝတ်ကို ဘယ်ဘက်လက်ဖဝါးနှင့် အုပ်၍ ဆုပ်ကိုင်လိုက်ပါတော့သည်။ သူ့ညာဘက် လက်သည် လက်မောင်းရင်းမှ ပြုတ်ထွက်သွားသည့်အလား နာကျင်လှသည့် ဝေဒနာကို ခံစားလိုက်ရ၏။ သို့သော် တကယ်တမ်းတွင်မူ ပြုတ်ထွက်မသွားပါ။ သူ့တစ်ကိုယ်လုံးသည် စက်ဝိုင်းပုံသဏ္ဌာန် ကွေးကွေး ကောက်ကောက်ကြီး ဖြစ်နေပါ၏။ သူ့ခြေထောက် နှစ်ချောင်းမှာ ရထားတွဲ၏ ဘယ်ဘက်ခေါင်မိုးစွန်းမှ အပြင်ဘက်သို့ ရွှန်း၍ ထွက်နေပါသည်။ သို့သော် သူ လိမ့်ကျမသွားပါ။ တွဲလောင်းကြီး ဖြစ်နေပါသည်။

သူသည် ယခုလိုပုံစံနှင့် ကြာမြင့်စွာ တွဲလောင်းခို၍ နေနိုင်မည် မဟုတ်သည်ကို ရိပ်မိလိုက်သောကြောင့် လှုပ်လှုပ်ရှားရှား လုပ်ရပြန်သည်။ သူသည် သူ့တစ်ကိုယ်လုံးကို အဆိုပါပုံစံမှ တွဲခေါင်မိုး အလယ်ကြောသို့ ရောက် ရှိသည်အထိ ကြိတ်မှိတ်၍ ကြိုးစားပြီး ဆွဲတင်လိုက်ရ၏။ လက်မောင်းရင်း၌ ဒဏ်ရာက နာကျင်လှသဖြင့် မြန်မြန်ထက်ထက် မလှုပ်နိုင်ရှာပါ။ ရထားတွဲ ခေါင်မိုး၏ အလယ်ကြောပေါ်သို့ သူ့တစ်ကိုယ်လုံး ရောက်ရှိသွားသည့်အခါ တွဲ၏နောက်ဘက်စွန်းဆီသို့ တရွေ့ရွေ့ ရောက်အောင်သွားပြီး အပြင်ဘက်သို့ ရွှန်းထွက်နေသော စကြံလမ်းပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားပါတော့သည်။

သူသည် ကွေးကွေးကောက်ကောက် ပုံစံမှ ပြန်ထ၍ ထိုင်လိုက်ပြီး အသက်ရှူမှန်လာသည်အထိ နား၍နေရရှာသည်။ သူသည် ထိုနေရာတွင် ထိုင်၍ အနားယူနေသည်မှာ ငါးမိနစ်ခန့်ပင် ကြာပေလိမ့်မည်။ သူက သူ ရရှိထားသည့် ဒဏ်ရာများ၏ အခြေအနေကို သုံးသပ်လိုက်သည်။ သူ့ရင်ဘတ်ကို ထင်းရှူးကိုင်းနှင့် ရိုက်မိသည့်ဒဏ်ကြောင့် ရှေ့ဘက်ပိုင်းမှ နံရိုးသုံးလေးချောင်း ကျိုးသွားနိုင်ဖွယ်ရှိသည်။ ထို့အတူပင် ရထားခေါင်မိုးပေါ်သို့ ကျောကုန်းနှင့် ပစ်ကျခဲ့သောကြောင့် ကျောဘက်ပိုင်းမှ နံရိုးများလည်း ကျိုးနိုင်စရာ ရှိပါသည်။

တစ်ဖန် ကော်လာညှပ်ရိုးမှာလည်း တစ်နေရာမက ကျိုးသွားဖွယ် ရှိပါ၏။ သို့တိုင်အောင် သူ့ခန္ဓာကိုယ်အတွင်းရှိ အရိုးများမှာ လှုပ်လှုပ်ရှားရှားလုပ်၍ ရနိုင်

www.burmeseclassic.com

www.burmeseclassic.com



သေးသည့် အနေအထားတွင် ရှိနေသေးသည်ကို ကျေးဇူးတင်ရပါဦးမည်။ သူ့တစ်ကိုယ်လုံးတွင် ပွန်းပဲ့နေသော ဒဏ်ရာများမှာလည်း နည်းလှမည် မဟုတ်ပါ။ မကြာမီ သူ့တစ်ကိုယ်လုံးသည် နာကျင်ကိုက်ခဲ၍လာပါလိမ့်မည်။ သို့သော် ထိုကိစ္စကို သူ့ဦးနှောက်ထဲတွင် ထည့်မထားနိုင်သေးပါ။ မေ့ထားမှ ဖြစ်ပါလိမ့် မည်။ ထိုဒဏ်ရာအသေးအမွှားကလေးများက သူ့ကို ဒုက္ခတကြီးဖြစ်အောင် နှိပ်စက်ထားနိုင်မည် မဟုတ်ပါ။ သူသည် ထိုင်ရာမှထ၍ ရိက္ခာတွဲ၏ နောက်ဘက်တံခါးကို ဆွဲဖွင့်ပြီး အတွင်းသို့ ဝင်သွားပါတော့သည်။

သူသည် ရထားတွဲ၏ ဘယ်ဘက်နှင့် ညာဘက်တွင် စင်များနှင့် အစီအရီ တင်၍ထားသော(အလောင်းထည့်ရန်)ခေါင်းများအကြားမှ ရှေ့သို့ လျှောက်လာသည်။ ဆေးသေတ္တာများကို ကျော်လွန်ပြီးနောက် တွဲရှေ့ပိုင်းသို့ ရောက်ရှိသည့်အခါ ချောင်းကြည့်ရန် တမင်ပြုလုပ်ထားသော မှန်ပေါက်ကလေး နှစ်ပေါက်မှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်၏။ ကာလိုနီစ်သည် သူ့နံဘေး ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို မသိဟန်နှင့် စကြိုလမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ဒီကင်သည် သိုးမွေးသားရေနှင့် ချုပ်ထားသော သားရေဂျာကင်အင်္ကျီကြီးကို သူ့ကိုယ်ပေါ်မှ ချွတ်လိုက်ပြီးနောက် အဆိုပါ ချောင်းကြည့်မှန်ပေါက်ကလေး နှစ်ပေါက်ပေါ်တွင် အုပ်မိသွားအောင် ချိတ်ထားလိုက်သည်။ ထို့နောက် ရိက္ခာတွဲ၏ အလယ်ခေါင်လောက်တွင် မျက်နှာကြက်မှ တွဲလောင်းကျနေသည့် ရေနံဆီမီးခွက်ကို မီးထွန်းလိုက်၏။ ရထားတွဲ၏ ညာဘက်နံရံတွင် ပျဉ်ပြား နှစ်ပြား၏ အကြားရှိ သေးငယ်သော သစ်သားစကလေးသည် ပွဲ၍ထွက်နေရာ အလင်းရောင်သည် ထိုအပေါက်ကလေးမှ အပြင်ဘက်သို့ တိုးထွက်နိုင်သည်ကို ဒီကင်က သတိပြုလိုက်မိသည်။ သို့သော် ထိုမီးရောင်ကို ရထားတွဲ၏ ညာဘက်သို့ ရောက်ရှိနေသူ တစ်ဦးတစ်ယောက်သာ မြင်နိုင်စွမ်းရှိမည် ဖြစ်ပါ၏။ ကာလိုနီစ်သည် ရထားတွဲ၏ ဦးပိုင်းတွင် ရှိနေသူ ဖြစ်သည်။ ၎င်းအပြင် ဗျူနီဒီကင်အနေနှင့် ထိုအပေါက်ကို မည်သို့မျှ ပိတ်နိုင်စွမ်း မရှိပါ။ ထို့ကြောင့် ထိုကိစ္စကို ဆက်မတွေးတော့ဘဲ ဦးနှောက်ထဲက ထုတ်ပစ်လိုက်ပါ၏။

ဗျူနီဒီကင်သည် ဘန်လွန်၏ စက်ပြင်ဆင်သည့် ပစ္စည်းကိရိယာများ ထည့်ထားသော သေတ္တာထဲမှ နှိုက်ယူလာသည့် ဝက်အူလှည့်တစ်ချောင်း၊ သံတူရှင်းတစ်ချောင်းတို့၏ အကူအညီနှင့် 'အမေရိကန်တပ်မတော် ဆေးပစ္စည်းများ' ဟု ရေးထားသည့် သစ်သားသေတ္တာတစ်လုံး၏ အဖုံးကို ကလော်၍ ဖွင့်လိုက်လေသည်။



၍တွင် သေတ္တာ၏အဖုံး သစ်သားပြားသည် ချွတ်ခနဲ မြည်သံနှင့်အတူ ကျိုးပဲ့ပြီး ပွင့်သွား၏။ သို့သော် ဗျူနီဒီကင်က ထိုမြည်သံကို ဂရုမစိုက်ပါ။

မဟုတ်တမ်းတရား လုပ်ကိုင်သူများအတွက် ရထားခုတ်မောင်း သွားလာနေချိန်တွင် ကြံစည်ရန် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ ၎င်းရထားကြီး၏ သက်တမ်းသည် အိုမင်းလှလေပြီ။ ထို့အတူ သံချေးတက်နေသော ရထားဘီးများ၊ တဖြည်းဖြည်း ယိုင်နဲ့လာသည့် ရထားတွဲ ကိုယ်ထည်များ စသည်တို့မှ ရထား ခုတ်မောင်းနေစဉ် ထွက်ပေါ်လာသော အသံတို့မှာ စုံလင်လှသည်။ ထိုအသံဗလံများ ကြားထဲတွင် ခပ်လှမ်းလှမ်းမှနေ၍ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုရန်ပင် မလွယ်ကူလှပါ။ ၎င်းအပြင် ရိက္ခာတွဲထဲမှ ပစ္စတိုသေနတ်သံနီးပါး ကျယ်လောင်စွာ ထွက်ပေါ်လာသည့် ထိုအသံကို ကာလိုနီစ်တစ်ယောက် ကြားလိုက်ရသည်သာ ဖြစ်၏။ သို့သော် ကာလိုနီစ်ကလည်း ထိုအသံကို အမှတ်မထားပါ။ လမ်းလျှောက် နေရာမှ ရပ်တန့်၍ ကိုယ်တွင်းနွေးအောင် အရက်ဆေးကို သောက်သုံး၍နေပြန်သည်။

သေတ္တာတွင်းရှိ ဆေးပစ္စည်းများကို ထူးဆန်းလှသော မီးခိုးရောင် သံဘူးများနှင့် ထည့်ထားသည်ကို တွေ့ရပြန်၏။ ဒီကင်က သံဘူးတစ်ဘူးကို ယူလိုက်ပြီး အဖုံးကို ဖွင့်၍ ကြည့်လိုက်သည်။ သံဘူးထဲတွင် တွေ့ရသည်မှာကား တပြောင်ပြောင် တလက်လက် အရောက်တောက်ပနေသည့် ကျည်ဆန်များပင်တည်း။ ဒီကင်သည် ကျည်ဆန်များကို တွေ့လိုက်ရသည့်အတွက် မအံ့သြပါ။ သူက နောက်ထပ် သံဘူးနှစ်ဘူးကို ကောက်ယူဖွင့်ကြည့်လိုက်၏။ သံဘူးများထဲတွင်လည်း ပထမ သံဘူးထဲတွင် ပါရှိသည့်အတိုင်း ကျည်ဆန်များပင်တည်း။

ဗျူနီဒီကင်သည် အဆိုပါ သစ်သားသေတ္တာကို ပြန်ပိတ်ရန် မစဉ်းစားတော့ဘဲ ဖွင့်လျက်သားအတိုင်းပင် ထားခဲ့သည်။ ၎င်းနောက် နောက်သေတ္တာ တစ်လုံးကို ပထမနည်းအတိုင်း ခပ်ကြမ်းကြမ်း ဖွင့်ပစ်လိုက်သည်။ အစိုးရပိုင်ပစ္စည်းဟူ၍ ရှိရိုသေသေ ကိုင်တွယ်ခြင်း မရှိတော့ပါ။ အထဲတွင်ပါသော ပစ္စည်းများမှာ ပထမ သေတ္တာထဲတွင် ပါသော ပစ္စည်းမျိုးပင် ဖြစ်သည်။

ထို့ကြောင့် ဒီကင်က အဆိုပါ သေတ္တာများကို ထပ်ဖွင့်မကြည့်တော့ဘဲ မီးခွက်ကိုင်၍ ရထားတွဲ၏ နောက်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ အလောင်းထည့်ရန် ခေါင်းများကို စင်များနှင့် အစီအရီတင်ထားသော နေရာသို့ ရောက်သည့်အခါ အောက်ဆုံးအဆင့်တွင် တင်ထားသည့် ခေါင်းတစ်လုံးကို အပြင်သို့ ဆွဲထုတ်လိုက်သည်။ ထိုခေါင်းမှာ အလွတ်ဖြစ်သည်ဟု ယူဆရသော်လည်း ဗျူနီဒီကင်သည် အတော်အတန် အားစိုက်ပြီး အပြင်သို့ ဆွဲထုတ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကာလို့စ်ကမူ ဒီကင်ကဲ့သို့ ပင်ပင်ပန်းပန်း အလုပ်,လုပ်မနေပါ။ သူသည် ဝီစကီပုလင်းကို ပါးစပ်ထဲသို့ ထည့်လိုက်ပြီး ပုလင်းကို အပေါ်သို့ မတ်မတ်ထောင်နေအောင် ထား၍ မော့ချလိုက်သည်။ ပုလင်းထဲတွင် အရက် မရှိတော့ပါ။ သူက ပုလင်းဝကို ပါးစပ်ထဲမှ ပြန်ထုတ်ပြီး အပြင်တွင် ပြောင်းပြန်မှောက်၍ သွန်ချကြည့်ပြန်သည်။ တစ်စက်မှ ကျမလာတော့ပါ။ သူသည် ဝမ်းနည်းပမ်းနည်းနှင့် အဆိုပါ ပုလင်းခွံကို လွှင့်ပစ်ရန် စကြိုလမ်းထောင့်သို့ သွားပြီး သံလက်ရန်းကို အားပြု၍ ပုလင်းကို လွှင့်ပစ်လိုက်သည်။ သူသည် ပုလင်း လွင့်စဉ်သွားရာနောက်သို့ မျက်စိတစ်ဆုံး လိုက်ကြည့်လိုက်သည်။ ပုလင်းခွံသည် တဖွဲဖွဲ တသဲသဲ ကျနေသော ဆီးနှင်းခဲများကြားထဲတွင် ပျောက်ကွယ်သွားပါ၏။

သို့သော် အစဉ်အမြဲ ပြုံးနေလေ့ရှိသော ကာလို့စ်၏ မျက်နှာထားသည် အေးစက်မာကျောသော ပုံသဏ္ဌာန်သို့ ချက်ချင်းပင် ပြောင်းလဲသွားသည်။ သူ့ မျက်လုံးအစုံမှာလည်း တစ်မဟုတ်ချင်းပင် သေးငယ် ကျဉ်းမြောင်း၍သွားကြသည်။ သူက မျက်စိကို မှိတ်လိုက်ပြီး ပြန်ဖွင့်၍ ကြည့်ပြန်၏။ သူ မြင်နေရသော အရာသည် ပျောက်ကွယ်မသွားသေးပါ။ ရှိနေဆဲပင်။ သေးငယ်သော်လည်း ထင်ရှားသော မီးရောင်တန်းကလေးတစ်ခုသည် ရိက္ခာတွဲ၏ နံဘေးမှ ရထား နှင့်အတူ အပြေးအလွှား လိုက်ပါလာနေသည်။ သူ၏ ကိုယ်လုံးကိုယ်ပေါက်ကြီးမှာ ကြီးမားထွားကျိုင်းလှသော်လည်း ကာလို့စ်သည် လျင်မြန်ဖျတ်လတ်စွာ ဒုတိယတွဲ၏ စင်္ကြံလမ်းပေါ်မှ ရိက္ခာတွဲ၏ ဦးပိုင်းရှိ စင်္ကြံလမ်းပေါ်သို့ ဖျတ်ခနဲ ကူးလိုက်သည်။ သူသည် ခေါင်းသို ရပ်လိုက်ပြီး အိတ်ထဲမှ အကျည်းတန်လှသော ပေါက်ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်၏။

ရိက္ခာတွဲ၏ နောက်ဆုံးပိုင်းတွင် ရှိနေသော ဒီကင်သည် အစိတ်စိတ် အမြွာမြွာ ကျိုးပဲ့သွားသော ခေါင်း၏ အဖုံးကို ခွာလိုက်ပြီး မီးခွက်ကို မြှောက်၍ ခေါင်းထဲသို့ ငုံ့ကြည့်လိုက်သည်။ ဒီကင်၏ မျက်နှာထားသည် ချက်ချင်းလိုလိုပင် တင်းမာခက်ထန်သွားသည်။ သို့သော် အံ့သြသည့် အမူအရာကို တစ်ချက်မျှ မပြပါ။ ဒီကင်သည် သူ တွေ့ရလိမ့်မည်ဟု ထင်သော ပစ္စည်းတစ်ခုကို ရှာတွေ့လိုက်ရခြင်းသာ ဖြစ်ပါ၏။ ဘုန်းတော်ကြီး ပီးဘော်ဒီသည် နာရီပေါင်းများစွာကပင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရရှာပြီ။ သူ့ဘဝ၏ နောက်ဆုံးအချိန်တွင် သူ ရောက်ရှိနေသည့် နေရာမှာ မဆီလျော် မအပ်စပ်ဟု ပြောနိုင်မည် မဟုတ်ပါ။

ဒီကင်က ခေါင်းအဖုံးကို မသေမသပ် ပြန်၍ဖုံးလိုက်ပြီးနောက် စင်ပေါ်မှ အခြားခေါင်းတစ်လုံးကို ရထားတွဲကြမ်းပြင်ပေါ်သို့ ဆွဲချလိုက်ပြန်သည်။ အဆိုပါ



ခေါင်းသည် ပထမ ခေါင်းထက် အဆမတန် ပို၍လေးသည်။ ဒီကင်သည် သံတူရွင်းကို အသုံးပြု၍ အဆိုပါခေါင်း၏ အဖုံးကို ခပ်ကြမ်းကြမ်း ဖွင့်လှစ်လိုက်သည်။ သူက ခေါင်းထဲသို့ ငုံ့ကြည့်ပြီးနောက် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။ အဆိုပါ ခေါင်းထဲတွင် မဂ္ဂဇင်း ဘောက်စ်တုပ်ပြီး မောင်းချိုး၍ အဆက်မပြတ် ပစ်ခတ်နိုင်သော နောက်ဆုံးပေါ် ဝင်ချက်စတာ ပြောင်းရှည် သေနတ်များကို အပြည့်အနှက် ထည့်ထားကြောင်း တွေ့လိုက်ရ၍ ဖြစ်သည်။

ဒီကင်က ခေါင်းအဖုံးကို ခေါင်းပေါ်တွင် ကပျက်ကချော် ပြန်တင်လိုက်ပြီး တတိယခေါင်းကို ကြမ်းပြင်ပေါ်သို့ ဆွဲချလိုက်သည်။ သူသည် ခေါင်းကို ဖွင့်လှစ်လိုက်ရာ အလေ့အကျင့် ရလာပြီ ဖြစ်သဖြင့် ခေါင်းဖုံးကို စက္ကန့်ပိုင်းအတွင်းမှာပင် ဖွင့်လှစ်နိုင်ခဲ့ပါတော့သည်။ ထိုခေါင်းထဲတွင်လည်း နောက်ဆုံးပေါ် ဝင်ချက်စတာ ပြောင်းရှည်သေနတ်များကို အပြည့်ထည့်ထားကြောင်း သတိထားလိုက်မိ၏။ သို့သော် အိပ်ရေးပျက်နေသော သူ့မျက်လုံးအစုံက ရေနံဆီမီးခွက်မှ မီးတောက်သည် လေတိုးခံလိုက်ရသကဲ့သို့ တစ်ချက်မျှ လှုပ်သွားသည်ကို ချက်ချင်း သတိပြုမိလိုက်မိသည်။ ဤရထားတွဲမှာ လေလုံသဖြင့် မီးတောက်ကို လေတိုးရန် အကြောင်းမရှိပါ။

ဒီကင်က နောက်ဘက်သို့ လှည့်လိုက်သည်။ ထိုအချိန်တွင် ကာလို့စ်ကသည်း လက်ထဲမှ ဓားကို မြှောက်ယမ်းပြီး သူ့ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ချိန်နှင့် တစ်ပြိုင်နက်တည်းလိုလို ဖြစ်ပါ၏။ ဒီကင်က ဓားမြှောင်ကိုင်ထားသော ကာလို့စ်၏ လက်ကို အချိန်မီ ဖမ်းနိုင်လိုက်သည်။ ၎င်းနောက် သူတို့နှစ်ဦး အပြင်းအထန် လုံးထွေးသတ်ပုတ်ကြပါ၏။ သို့သော် ခေါင်းတစ်လုံးကို ခလုတ်တိုက်မိပြီး ကြမ်းပေါ်သို့ နှစ်ယောက်စလုံး လဲကျသွားသည်။ သူတို့နှစ်ဦးမှာလည်း တစ်ဦးနှင့်တစ်ဦး လူချင်းကွဲသွားကြသည်။ ဒီကင်က ခေါင်းနှစ်လုံး၏ ကြားထဲသို့ ကျသွားပြီး ကာလို့စ်က တွဲ၏အလယ်ခေါင်သို့ ရောက်သွားသည်။ သူတို့ နှစ်ယောက်စလုံးသည် ကပျာကယာ ပြန်ထ,လိုက်ကြ၏။ ပြန်အထတွင် ဒီကင်သည် တစ်ကိုယ်လုံး နာကျင်နေသူ ဖြစ်လင့်ကစား လက်နက်မပါသူ ဖြစ်သဖြင့် ကာလို့စ်ထက် နည်းနည်းပို၍ မြန်သည်။

ကာလို့စ်သည် ဓားမြှောင်ကို အသွားဘက်မှ လှည့်၍ကိုင်လိုက်ပြီး ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။ ဒီကင်သည် ခေါင်းနှစ်လုံး၏ အကြား၌ ရောက်ရှိနေသဖြင့် ရှောင်ပြေးရန် နေရာ မရှိသောကြောင့် နီးရာခေါင်းအဖုံးတစ်ခုကို အရမ်းစွ၍ ဆန့်ပစ်လိုက်သည်။ ထိုခေါင်းဖုံးသည် လေထဲသို့ လွင့်စဉ်ပျံဝဲသွားသောကြောင့် ကာလို့စ်၏ မြင်ကွင်းမှ ခေတ္တမျှ ဒီကင်ကို ကွယ်သွားသလို ဖြစ်ပြီး ကာလို့စ်က ဓားနှင့်ပေါက်ရန် မလွယ်ကူဘဲ ဖြစ်သွားသည်။ ထိုလွင့်စဉ်သွားသော ခေါင်းအဖုံး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ဒီကင်က ရေနံဆီမီးခွက်ကို တင်ထားခဲ့ခြင်း ဖြစ်ရာ ခေါင်းဖုံးကြီး လွင့်စင်သွားသောအခါ ရေနံဆီမီးခွက်ပါ လွင့်စဉ်သွားပြီး ကြမ်းပေါ်သို့ကျ၍ ကွဲသွားသည်။ မီးငြိမ်းသွားသောကြောင့် တစ်တွဲလုံး မှောင်ကျသွားပါ၏။ ဒီကင်သည် မှောင်ထဲတွင် အန္တရာယ်ကို စောင့်နေလိုစိတ် မရှိပါ။ ဓားမြှောင်ကိုင်ထားသော ရန်သူတစ်ယောက်နှင့် မှောင်ထဲတွင် တိုက်ခိုက်ရခြင်းမှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုပင် ဖြစ်သည်။

သူက ရထားတွဲ၏ ပဲ့ပိုင်းရှိ တံခါးပေါက်ဆီသို့ ပြေးသွားပြီး အပြင်သို့ ပြေးထွက်ရင်း တံခါးကို ပြန်ပိတ်လိုက်သည်။ သူက နံဘေးနဘီသို့ လှည့်ကြည့် မနေတော့ပါ။ အထက်ဘက်သို့ ပြေးတက်ရန် လမ်းတစ်လမ်းသာ ရှိကြောင်း သူ သိထား၍ ဖြစ်ပါ၏။ သူက သံလက်ရန်းပေါ်မှတစ်ဆင့် ခေါင်မိုးပေါ်သို့ တက်လိုက်ပြီး မှောက်လျက်အနေအထားနှင့် အောက်သို့ ငုံ့ကြည့်နေခြင်းမှာ ကာလိုစ်တစ်ယောက် အပေါက်ဝမှ ပေါ်လာပါက အပေါ်မှ ခုန်၍အုပ်ရန် သို့မဟုတ် နောက်သို့ လျှော၍ ပုန်းကွယ်နေပြီး ခေါင်မိုးစွန်းမှ ကာလိုစ်၏ခေါင်း ပေါ်လာပါက ခြေထောက်နှင့် ကန်ပစ်ရန် ရည်ရွယ်ထား၍ ဖြစ်ပါသည်။

သို့သော် အတော်ကလေး ကြာသွားသည့်တိုင်အောင် ကာလိုစ် တစ်ယောက်က ပေါ်မလာပါ။ သူ တွက်ကိန်း မှားသွားပြီ ဖြစ်ကြောင်းကို တွေးလိုက်မိသည့် အချိန်တွင် နောက်ကျသွားပြီ ဖြစ်ပါ၏။ သူက ခေါင်းကို နောက်သို့ လှည့်ပြီး ဆီးနှင်းခဲများ ထူထပ်စွာ ကျနေသည့်အကြားမှ အာရုံစိုက်၍ ကြည့်လိုက်သည်။ သူ့ မျက်စိထဲသို့ တန်းဝင်လာသော ဆီးနှင်းခဲများကို လက်နှင့်ပွတ်ရင်း လက်ဝါးနှစ်ဖက်ကို မျက်လုံးပေါ်မှ ကာ၍ ထပ်ကြည့်လိုက် ပြန်၏။

ဆယ်ပေခန့်သာ ဝေးသော နေရာသို့ ရောက်ရှိနေပြီ ဖြစ်သော ကာလိုစ် သည် ရထားတွဲခေါင်မိုး၏ အကြောအတိုင်း လေးဘက်တွား၍ သတိကြီးစွာနှင့် သူ့ဆီသို့ လာနေပြီ ဖြစ်သည်။ သူ့လက်တစ်ဖက်တွင် ဓားမြှောင်ကို ဆုပ်ကိုင်ထားပြီး ပြုံးနေသော သူ့မျက်နှာပေါ်မှ သွားများသည် တလက်လက် တပြောင်ပြောင် ဖြစ်နေ၏။ ကာလိုစ်ကို ကြည့်ရသည်မှာ အထူးတလည် ဝမ်းသာပီတိ ဖြစ်နေပုံရသည်။

ဂျွန်ဒီကင်ကမူ ကာလိုစ်လို ဝမ်းမသာနိုင်ပါ။ သို့သော် ကာလိုစ်သည် အကောင်ကြီးသလောက် ဉာဏ်ထက်မည့်ပုံ မပေါ်။ ၎င်းအပြင် ဝီစကီအရက်ကို အများကြီး သောက်ထားကြောင်း သိထားသောကြောင့် အနည်းငယ် စိတ်သက်သာရ ရသွားသည်။



လေးဘက်ထောက်နေသော ဂျွန်ဒီကင်သည် သူ့ထံသို့ ပြေးဝင်လာသော ကာလိုစ်ကို ရင်ဆိုင်ရန် နောက်သို့ လှည့်လိုက်၏။ ထိုအချိန်မှာပင် ချောက်ကမ်းပါး တစ်ခုကို ကျော်ဖြတ်၍ ဆောက်ထားသော မီးရထား တံတားရှည်ကြီးတစ်ခုကို ရှေ့ခပ်လှမ်းလှမ်းတွင် မသဲမကွဲ လှမ်း၍မြင်လိုက်ရသည်။ သူက တံတား ဟုတ်၊ မဟုတ် သေချာအောင် ထပ်၍ ကြည့်ချိန်မရတော့ပါ။ သူနှင့် ခြောက်ပေခန့် အကွာ အဝေးသို့ ရောက်နေပြီဖြစ်သော ကာလိုစ်သည် အားရပါးရ ပြုံးပြနေပြီး ဓားနှင့် ပေါက်ရန် လက်ကို ခေါင်းပေါ်သို့ မြှောက်လိုက်၏။ ကာလိုစ်ကို ကြည့်ရခြင်းဖြင့် သူသည် ပစ်မှတ်ကို မလွဲတမ်း မှန်အောင် ပစ်နိုင်သူတစ်ဦးဟု ယူဆရသည်။

ဒီကင်သည် ဆီးနှင်းခဲများကို ညာလက်နှင့် ဆုပ်ကိုင်ပြီး ကာလိုစ်၏ မျက်နှာဆီသို့ ပစ်ပေါက်လိုက်၏။ ထိုဆီးနှင်းခဲများသည် ကာလိုစ်၏ မျက်နှာဆီသို့ တန်းဝင်သွားကြသည်။ ခဏ္ဍခဏမျှ ကန်းသလို ဖြစ်သွားသော်လည်း ကာလိုစ် သည် လက်မလျှော့ဘဲ လက်ထဲမှ ဓားဖြင့် ပစ်ပေါက်လိုက်၏။ သို့သော် ဂျွန်ဒီကင်က ရှေ့သို့ ဝမ်းလျားထိုး၍ ခုန်ဝင်လိုက်ရာ ဓားသွားရာ လမ်းကြောင်းနှင့် လွတ်သွားပါတော့သည်။ ထို့အပြင် ဒီကင်၏ ညာဘက်ပခုံးစွန်းသည် ကာလိုစ်၏ ရင်ဘတ်နှင့် ဘည့်တည့်ကြီး ဝင်ဆောင့်မိပါလေ၏။

ကာလိုစ်သည် အကောင်ထွားရုံမျှသာမက ဗလလည်း အလွန်ကောင်း သူ ဖြစ်သည်။ သူက ဒီကင်၏ ပခုံးနှင့် ဝင်ဆောင့်လိုက်သည့် ကိစ္စကို လုံးဝမဖြုံဘဲ သူ၏ လက်ဝါးကြီးနှစ်ဖက်နှင့် ဒီကင်၏ လည်ပင်းကို တအားဆုပ်ကိုင်၍ ဖျစ်လိုက်၏။

ဒီကင်က နီဂရိုးကြီး၏ လက်နှစ်ဖက်ကို ပြေသွားအောင် အမျိုးမျိုး ကြိုးစားသည်။ သို့သော် မည်သည့်နည်းနှင့်မျှ ထိုလက်နှစ်ဖက်ကို ပြေသွားအောင် လုပ်လို့မရပါ။ ဒီကင်သည် ရှိသမျှ ခွန်အားနှင့် ကာလိုစ်၏ မျက်နှာနှင့် ကိုယ်လုံးကို ရက်ရက်စက်စက် ထိုးကြိတ်တိုက်ခိုက်သည်။ သို့သော် ကာလိုစ်က ပို၍ပင် ပြုံးပြလိုက်ပါသေး၏။ လည်ပင်းကို အညှစ်ခံရသောကြောင့် ဒီကင်၏ ခြေထောက်နှစ်ချောင်းသည် အခြေမခိုင်ဘဲ တဖြည်းဖြည်း ယိုင်၍လာသည်။ ကုန်းကုန်းကြီး ဖြစ်နေသော ဒီကင်က အတင်းကြိုးစား၍ မတ်တတ်ရပ်လိုက်သည်။ ကာလိုစ်က လည်း ဒီကင်ကဲ့သို့ပင် မတ်တတ်ရပ်လိုက်သည်။ ကာလိုစ်က ဒီကင် မတ်တတ်ရပ် သည်ကို ကန့်ကွက်လိုဟန် မပြပါ။ သူ စိတ်ဝင်စားနေသည့် ကိစ္စမှာ ဒီကင်၏ လည်ပင်းကို ပို၍ ပို၍ ညှစ်နိုင်ရန်သာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်းကန်တိုက်ခိုက်နေသော သူတို့နှစ်ဦးသည် 'ချော' နေသော ရထား ခေါင်မိုးပေါ်တွင် ခြေကုပ်ရစေရန်အတွက် အပြင်းအထန် ကြိုးပမ်းနေကြရသည် ကာလိုစ်က ဘယ်ဘက်သို့ ဖျတ်ခနဲ မျက်စောင်းထိုးကြည့်လိုက်၏။ သူတို့ အော တည့်တည့်တွင်ကား နက်ရှိုင်းသော ချောက်ကမ်းပါးပြတ် တစ်ခုပေါ်တွင် ဖြတ်ကျေ ဆောက်လုပ်ထားသည့် မီးရထားတံတားတစ်ခု။ ထိုအချိန်တွင် မီးရထားကြီးသည် ထိုတံတားကို စတင်ဖြတ်ကျော်နေပြီ ဖြစ်သည်။

ကာလိုစ်၏ ပါးစပ်က ပို၍ပြဲလာသည်။ သူ အနိုင်ရရှိပြီဟု သိရှိသော ကြောင့် အားပါးတရ ပါးစပ်ကိုဖြဲ၍ ရယ်လိုက်ခြင်း ဖြစ်၏။ ကာလိုစ်က လက်ချောင်းများကိုပို၍ အားစိုက်ပြီး ထပ်ညှစ်ပြန်သည်။ သို့သော် ကာလိုစ်သည် မထူနိုင်လောက်အောင် မူးနေ၍လော၊ သို့တည်းမဟုတ် သူ့ကိုယ်သူ အထင်ကြီ လွန်း၍သောကြောင့်လော မသိ။ ဒီကင်က အဘယ့်ကြောင့် သူတို့နှစ်ယောက်စ မတ်တတ်ရပ်သည့် အနေအထားသို့ ရောက်အောင် စီစဉ်ဖန်တီးခဲ့သည်ဆိုသော အချက်ကို သူ လုံးဝမရိပ်မိခဲ့ပါ။ သူ ရိပ်မိသည့် အချိန်တွင်ကား နှောင်းခဲ့လေပြီ

ဂျွန်ဒီကင်သည် ကာလိုစ်၏ ကုတ်အင်္ကျီ ကော်လာစနှစ်ဖက်ကို ဆွဲကို ရင်း သူ့ကိုယ်သူ နောက်သို့ ဝုန်းခနဲ လှန်ချလိုက်၏။ ရုတ်တရက် အငိုက်မိသွား သော ကာလိုစ်သည် ချောနေသော ရထားခေါင်မိုးပေါ်တွင် ခြေမမြဲဘဲ ကိုယ် ကိုယ်ထား ပျက်ပြားပြီး ဂျွန်ဒီကင်၏ ကိုယ်ပေါ်သို့ ထပ်ပြီးလဲကျလာသည်။ ထို လဲကျသွားသည့်အချိန်တွင် ဂျွန်ဒီကင်က ဒူးခေါင်းနှစ်လုံးစလုံးကို မေးစေ့နှ ထိသည်အထိ ခြေထောက်နှစ်ချောင်းစလုံးကို ရင်ဘတ်ပေါ်သို့ကွေး၍ တင်လိုက်ပြ ကာလိုစ်၏ ဗိုက်ကို ခြေထောက်နှစ်ချောင်းနှင့် အပေါ်သို့ မြှောက်ပြီး တအားကု ဆောင့်ကန်ထည့်လိုက်သည်။

ရှေ့သို့ယိုင်ပြီး ကျလာသော ကာလိုစ်၏ အရှိန်နှင့် ဂျွန်ဒီကင်၏ တအ ကန်ဆောင့်၍ စုံကန်လိုက်မှုတို့ကြောင့် ကာလိုစ်၏ လက်နှစ်ဖက်သည် ဒီကင် လည်ပင်းကို ဆုပ်ကိုင်ထားရာမှ ပြုတ်ထွက်သွားသည်။ ၎င်းအပြင် ကာလိုစ် အတ္တဘောကြီးသည် ခြေကားယား၊ လက်ကားယားနှင့် ကိုယ့်ကိုယ်ကို မထိန်းနို တော့ဘဲ မီးရထား ခေါင်မိုးပေါ်မှ တွဲဘေးသို့ လိမ့်ကျသွားသည်။ ထိုမှတစ်ဆ မီးရထားတံခါးစွန်းနှင့် တိုက်မိပြီး နက်ရှိုင်းလှသော ချောက်နက်ကြီးထဲသို့ ကျသွ ရရှာသည်။

ဒီကင်သည် ရထားခေါင်မိုးပေါ်မှ ပြူထွက်နေသော ခေါင်းတိုင်စွန်းတ ကို ကပျာကယာ ဖမ်း၍ ဆုပ်ကိုင်ထားလိုက်ပြီး ခေါင်မိုးစွန်းမှ ချောက်ထဲသို့ ငု



ကြည့်လိုက်၏။ ကာလိုစ်၏ ခန္ဓာကိုယ်ကြီးသည် ချောက်ထဲသို့ ကိုးရိုးကားရားကြီး ကျသွားသည်ကို မြင်လိုက်ရသည်။ ထိုအခိုက်မှာပင် ကြောက်လန့်တကြား အော်ဟစ် လိုက်သော အသံနက်ကြီးက ချောက်ထဲမှနေ၍ အပေါ်ဘက်သို့ လွင့်ပျံ့ ထွက်ပေါ် လာသည်။

ထိုအသံကို ဒီကင် တစ်ယောက်တည်းသာ ကြားလိုက်ရသည် မဟုတ်ပါ။ မီးဖိုပေါ်တွင် ကော်ဖီကရားကို တင်၍ နှပ်နေသော ဟင်နရီကလည်း ကြားလိုက် ရသဖြင့် အလန့်တကြား မော့ကြည့်ပြီး နားစွင့်လိုက်သည်။ သို့သော် နောက်ထပ်၍ အခြား အသံဗလံများ ထွက်ပေါ်လာခြင်း မရှိသောကြောင့် ပခုံးကို တွန့်၍ ကော်ဖီကရား ရှိရာသို့ ပြန်သွားလေ၏။

အလွန်အမင်း မောဟိုက်နေသော ဒီကင်သည် အညိုအမည်း စွဲသွားသော သူ့လည်ပင်းကို လက်နှင့် ပြန်ပွတ်နေရရှာသည်။ သူ့ညာဘက် ပခုံးအစွန်းကလည်း ပြန်၍နာကျင်လာသည်။ ထို့ကြောင့် ဒီကင်သည် ခေါင်းတိုင်စွန်းကို ဖက်တွယ်ရင်း အသက်ရှူ မှန်လာသည့်အထိ နားနေလိုက်ရ၏။ ပြီးမှ ဂျွန်ဒီကင်သည် ရိက္ခာတွဲ၏ ပံ့ပိုင်းရှိ ခေါင်မိုးစွန်းဆီသို့ သတိနှင့်သွားပြီး 'စကြံ'လမ်းပေါ်သို့ ပြန်ဆင်းလိုက်သည်။

၎င်းနောက် ရိက္ခာတွဲထဲသို့ ပြန်ဝင်ပြီး ရေနံဆီမီးခွက်တစ်လုံးကို ထွန်း၍ အထဲမှ ပစ္စည်းများကို ထပ်၍ရှာပြန်သည်။ သူက ဆေးပစ္စည်းများဟု ရေးထားသည့် သေတ္တာနှစ်လုံးကို ထပ်၍ဖောက်ကြည့်ပြန်၏။ ထုံးစံအတိုင်းပင် ဝင်ချက်စတာ သေနတ်ကျည်ဆန်များ ပါရှိသည်ကို တွေ့ရသည်။ ပဌမမြောက် သေတ္တာကိုမူ မဖောက်ဘဲ ထားခဲ့မည်ဟု စိတ်ကူးလိုက်ပြီးမှ ထိုသေတ္တာသည် အခြားသေတ္တာ များထက် အနည်းငယ်ပို၍ ရှည်နေသည်ကို သတိထားမိသဖြင့် သံတူရွင်းနှင့် ကလော်၍ ဖွင့်ရပြန်၏။ ထိုသေတ္တာထဲတွင်ကား အဝတ်အိတ်ကလေးများနှင့် ထည့်ထားသော ယမ်းမှုန့်များ ပါလာသည်ကို တွေ့ရပါတော့သည်။

ကျန်နေသေးသော သေတ္တာတစ်လုံးသည် ပဌမမြောက် ဖွင့်ခဲ့သော သေတ္တာနှင့် တစ်ပုံစံတည်း ဖြစ်နေသော်လည်း ဒီကင်က အလွတ်မပေးဘဲ ဖွင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ထိုသေတ္တာထဲတွင်ပါသော ပစ္စည်းများမှာ ရှစ်လက်မခန့်ရှည်သော ခပ်လုံးလုံး အချောင်းကလေးများဖြစ်ပြီး အချောင်းတိုင်းကို ရေစိုခံသော စက္ကူတစ်မျိုးနှင့် ထုပ်ထားကြောင်း တွေ့ရ၏။ ဒီကင်က အဆိုပါ ရှည်မြောမြော အချောင်းငယ် နှစ်ချောင်းကို ယူ၍ အိတ်ထဲသို့ ထည့်လိုက်သည်။

၎င်းနောက် ရေနံဆီ မီးခွက်မှ မီးကို ငြိမ်းလိုက်ပြီး သိုးထားရေနှင့် ချုပ် ထားသော ဂျာကင်အင်္ကျီကို ချိတ်ထားရာမှ ပြန်ယူပြီး ပြန်ဝတ်လိုက်သည်။ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



ဝတ်နေစဉ် ရိက္ခာတွဲ၏ ဦးပိုင်းရှိ ချောင်းကြည့်ရန် ပြုလုပ်ထားသော မှန်ပေါက် နှစ်ပေါက်မှ လှမ်းကြည့်လိုက်မိရာ ဒုတိယတွဲ၏ ပဲ့ပိုင်းရှိ တံခါးပွင့်လာပြီး ဟင်နရီ ထွက်လာသည်ကို မြင်လိုက်ရ၏။

ဟင်နရီသည် ကော်ဖီကရား မတ်ခွက် နှစ်ခွက်နှင့် လက်ဆွဲမှန်အိမ် တစ်လုံးတို့ကို ကိုင်ထားသည်။ သူက စင်္ကြံလမ်းပေါ်တွင် ဟိုဟိုဒီဒီ လှည့်ကြည့် ပြီးနောက် သူ့မျက်နှာပေါ်၌ အံ့အားသင့်သည့် အရိပ်အယောင်များ ပေါ်လာသည်။ ကာလိုစ်သည် ကင်းစောင့်နေရာမှ တခြားသို့ ထွက်သွားလေ့ရှိသူတစ်ဦး ဟုတ်ဟန် မတူ။

ဒီကင်က စောင့်ဆိုင်းမနေပါ။ သူသည် ရိက္ခာတွဲ၏ ပဲ့ပိုင်းဆီသို့ လျှောက် *သွားပြီးနောက် အပြင်သို့ ထွက်လိုက်ပြီး စင်္ကြံလမ်းပေါ်မှ အထဲသို့ ချောင်းကြည့်* နိုင်သည့် မှန်ပေါက်ကလေးနောက်တွင် နေရာယူလိုက်သည်။

လက်ဆွဲမှန်အိမ်ကိုမြှောက်၍ ကိုင်လာသူ ဟင်နရီသည် တံခါးကို ဖွင့်ပြီး ရိက္ခာတွဲထဲသို့ ဖြည်းညင်းစွာ ဝင်လာပါ၏။ သူသည် ဘယ်ဘက်သို့ လှည့်ကြည့် လိုက်ပြီးနောက် မျက်နှာပေါ်တွင် အလွန်အမင်း အံ့အားသင့်သွားသော အမူအရာ ပေါ်လာသည်။ သူ ကြည့်လိုက်စဉ်က သစ်သားသေတ္တာ ခြောက်လုံးထဲမှ ကျည်ဆံ များ၊ ယမ်းမှုန့်များသည် ယခင်ကလို အဖုံးများ ပွင့်ပြီး ပရမ်းပတာ ဖရိုဖရဲ ဖြစ်နေ လိမ့်မည်ဟု မထင်ခဲ့ပါချေ။

ဟင်နရီသည် အိပ်မက် မက်နေသူ တစ်ဦးပမာ လက်ထဲတွင် ကိုင်ထား သော ကော်ဖီကရားနှင့် မတ်ခွက်တို့ကို ကြမ်းပြင်ပေါ်သို့ ဖြည်းညင်းစွာ ချလိုက်သည်။ ၎င်းနောက် ရိက္ခာတွဲ၏ နောက်ဘက်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွား၏။ သူက ဘုန်းတော်ကြီး ပီးဘော်ဒီ၏ ရုပ်အလောင်းပါသော ခေါင်းနှင့် ဝင်ချက်စတာ ရိုင်ဖယ် များ ပါရှိသော ခေါင်းနှစ်လုံးတို့ကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ငုံ့ကြည့်လိုက်သည်။ သူက ပတ်ဝန်းကျင်ကို ပြူးတူးပြဲတဲနှင့် လျှောက်ကြည့်ပြန်၏။ ယခုလို ရိက္ခာတွဲထဲ တွင် ရှိသော ပစ္စည်းများကို မွှေနှောက် ရှာဖွေသွားသူသည် ဤတွဲထဲ၌ပင် ရှိနေဦး မလားဟု တွေး၍ ပူမိသောကြောင့် ဖြစ်သည်။

၎င်းနောက် သူက လာလမ်းအတိုင်း ပြန်မလိုလိုလုပ်ပြီးမှ စိတ်ပြောင်း သွားပြီး တွဲ၏ပဲ့ပိုင်းဆီသို့ ဆက်လျှောက်လာပြန်သည်။ ယခုအကြိမ်တွင်မူ အတွေးအကြံ ကြွယ်ဝနေပြီ ဖြစ်သော ဂျွန်ဒီကင်သည် တွဲခေါင်မိုးပေါ်သို့ တက်သွား၏။

ဟင်နရီသည် တွဲ၏ ပဲ့ပိုင်းရှိ ပြင်ဘက်စင်္ကြံလမ်းပေါ်သို့ ထွက်လာသည်။ ရိက္ခာတွဲ၏ အောက်ပိုင်းမှ မြင်းများ တင်လာသော ရထားတွဲများ မပါရှိတော့ကြောင်း



တွေ့လိုက်ရသည့်အခါ ပို၍ဦးနှောက်ခြောက်သွားပုံရသည်။ တကယ်မှ ဟုတ်ရဲ့လား ဟူ၍လည်း တွေးနေပုံရသည်။ ၎င်းနောက် သူသည် ပြန်ပိတ်မထားသော တံခါးပေါက် မှ တွဲထဲသို့ ချာခနဲ လှည့်ဝင်သွားပါတော့သည်။ ဒီကင်သည် ခေါင်မိုးပေါ်မှ ဆင်း လိုက်ပြီးနောက် သူ့နောက်ခပ်လှမ်းလှမ်းမှ ခွာ၍ ဟင်နရီနောက်သို့ လိုက်သွား၏။

ဟင်နရီသည် ရိက္ခာတွဲထဲသို့ အပြေးအလွှား ဝင်သွားသည်။ ၎င်း နောက် ဒုတိယတွဲနှင့် ပထမတွဲတို့၏ အတွင်းစင်္ကြံလမ်းတစ်လျှောက် ပထမတွဲ၏ ဦးပိုင်းရှိ နေ့အပန်းဖြေခန်းသို့ ရောက်သည်အထိ အပြေးအလွှား သွားသည်။ ဒီကင်သည် နေ့အပန်းဖြေခန်းထဲတွင် အိပ်နေရမည် မဟုတ်ပါလား။ ဤနေရာတွင် ဟင်နရီ၏ အတွေးအခေါ်က ဒက်ထိမှန်သည်။ ဒီကင်တစ်ယောက် မရှိတော့ပါ။ ဤတွင် သူသည် ချာခနဲလှည့်ပြီး ဒုတိယတွဲဆီသို့ အပြေးအလွှား လာခဲ့ပြန်၏။

ထိုအချိန်တွင် ဒီကင်သည် ဒုတိယတွဲ၏ ခေါင်မိုးပေါ်၌ ဝပ်ပြီးပုန်း နေလေသည်။ ဟင်နရီတစ်ယောက် ဒုတိယတွဲထဲသို့ ပြေးဝင်ရောက်ရှိသွား သောအခါ ဒီကင်သည် ခေါင်မိုးပေါ်မှ ဆင်းပြီး ဖွင့်လျက်သား ရှိနေသော တံခါးဘေးမှ စောင့်နေလိုက်၏။ သူ သိပ်ကြာကြာ မစောင့်လိုက်ရပါ။ တံခါးတစ်ခုအား ကမူးရှူးထိုး ထုလိုက်သော အသံကို ကြားလိုက်ရသည်။ ဟင်နရီ၏ အသံမှာ တုန်လှုပ်ချောက်ချား ဟန် ပေါက်နေသည်။

"ဒီမှာ ဗိုလ်မှူး၊ ဟို ဟိုဟာတွေ ကုန်ပြီဗျ၊ ကုန်ပြီ"

အိုဘာရိုင်ရင်ကလည်း အိပ်မောကျနေရာမှ အနှိုးခံလိုက်ရသောကြောင့် စိတ်တိုနေပုံရသည်။

"ဟေ့ကောင်၊ မင်း ရူးများနေသလား၊ ဘာတွေ လျှောက်ပြောနေတာ လဲကွ"

"ကုန်ပြီ ဗိုလ်မှူး၊ ကုန်ပြီ။ ဟို မြင်းတွေ တင်လာတဲ့ ရထားတွဲ နှစ်တွဲ မရှိတော့ဘူးဗျ"

"ဘာ ဘာပြောတယ်၊ ဟေ့ကောင် မင်း မူးနေပြီ ထင်တယ်"

"အေးဗျာ၊ မူးနေရင်လည်း အကောင်းသား၊ တကယ်ပြောတာပါဗျ။ အဲဒီနှစ်တွဲ မရှိတော့ဘူး။ ပြီးတော့လည်း ခဲယမ်းမီးကျောက် ထည့်ထားတဲ့ သေတ္တာ တွေကို ဖောက်ထားတာ တွေ့ရတယ်။ ခေါင်းကြီးတွေလည်း အဖွင့်ခံရတယ်။ ကာလိုစ်နဲ့ ဒီကင်လည်း မရှိတော့ဘူး။ နှစ်ယောက်စလုံးကို ရှာမတွေ့ဘူး။ စောစော ဘုန်းကတော့ အော်သံတစ်သံ ကြားလိုက်ရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီကင်က စကားဆုံးအောင် စောင့်ပြီး နားထောင်မနေတော့ပါ။ ပထမ တွဲသို့ ပြန်ကူးလိုက်ပြီး ထမင်းစားခန်းကို ဖြတ်၍ မာရီကာ၏ အခန်းရှေ့သို့ ရောက် သောအခါ တံခါးလက်ကိုင်ကို လှည့်ကြည့်သည်။ သော့ခတ်ထားကြောင်း တွေ့လိုက် ရသည့်အခါ သူ့တွင် ပါလာသော သော့တွဲထဲမှ သော့တစ်ချောင်းနှင့် ဖွင့်လိုက်ပြီးနောက် အခန်းထဲသို့ ဝင်လိုက်ပြီး တံခါးကို သေချာစွာ ပြန်ပိတ်လိုက်၏။

မာရီကာ၏ အိပ်စင်ဘေးရှိ စားပွဲငယ်ကလေးပေါ်တွင် ရေနံဆီမီးခွက် တစ်လုံးကို ခပ်မှိန်မှိန် ထွန်းထားသည်။ ဒီကင်က မီးခွက်ရှိရာသို့ သွားပြီး မီးတောက် ကို မြှင့်လိုက်သည်။ ၎င်းနောက် စောင်ခြုံပြီး အိပ်နေသော မိန်းကလေး၏ ပခုံးကို အသာအယာ လှုပ်၍ နှိုးလိုက်၏။ မာရီကာသည် လူးလွန့်လာပြီး နောက်သို့ လှည့်၍ မျက်စိကို ဖွင့်ကြည့်လိုက်သည်။ ၎င်းနောက် မာရီကာ၏ မျက်လုံးအစုံသည် ဝိုင်း၍ ပြူးကျယ်ဝိုင်းစက်သွားပြီး ပါးစပ်ကို ဟ,လိုက်သဖြင့် ဒီကင်က လက်ဝါးနှင့် ဖမ်းအုပ်လိုက်ရ၏။

"မအော်နဲ့လေ၊ အော်ရင် သေသွားမှာပေါ့"

မာရီကာ၏ မျက်လုံးအစုံက ပို၍ပြူးကျယ် ဝိုင်းစက်လာသည်။ ဤတွင် ဒီကင်က ခေါင်းကို ခါယမ်းရင်း နှစ်သိမ့်သော လေသံနှင့်-

"ကျုပ်က သတ်မှာ မဟုတ်ပါဘူးဗျာ"

ဟု ပြောပြီး တံခါးပေါက်ဆီသို့ လက်မနှင့် ထိုးပြလိုက်၏။

"ဟို အပြင်ဘက်မှာရှိတဲ့ မင်းရဲ့ မိတ်ဆွေတွေက သတ်မှာပါ။ အခုလည်း သူတို့ ကျုပ်နောက်ကို လိုက်နေကြပြီ။ တွေ့ရင် ကျုပ်ကို သတ်တော့မှာ သေချာတယ်။ မင်း ကျုပ်ကို ဝှက်ထားပေးနိုင်မလား"

ဒီကင်က လက်ကို ပြန်ဖယ်လိုက်သည်။ မာရီကာသည် သွေးတိုးမြင့် သွားသော်လည်း ကြောက်စိတ် မရှိတော့ပါ။ မာရီကာက ပြန်မေးလိုက်၏။

"ကျွန်မက ဘာပြုလို့ ရှင့်ကို ဝှက်ပေးရမှာလဲ"

"မင်းက ငါ့အသက်ကို ကယ်ခဲ့ဖူးတယ်။ ဒါကြောင့် ငါကလည်း မင်း အသက်ကို ပြန်ကယ်မလို့"

မာရီကာသည် ဂျွန်ဒီကင် ပြောသောစကားကို လုံးစေ့ပတ်စေ့ နားလည် ခြင်း မရှိပါ။ သူက ဖြည်းညင်းစွာ ခေါင်းခါလိုက်၏။ ဤတွင် ဒီကင်သည် ခါးပတ်၏အတွင်းသား ပေါ်လာအောင် ခါးပတ်ကို လှန်လိုက်ပြီး နှိပ်စိကလေးနှင့် ပိတ်ထားသော အိတ်ကလေးထဲမှ ကတ်ပြားကလေးတစ်ခုကို ထုတ်ယူပြီး မာရီကာကို ပြလိုက်၏။ မာရီကာက ဖတ်ကြည့်လိုက်သည်။ ပထမတွင် သူ နားမလည်ပါ။



၎င်းနောက် သူ့မျက်လုံးများသည် ပို၍ပြူးကျယ်လာပြီး ခေါင်းညိတ် ၍ ဒီကင်ကို နားလည်သဘောပေါက်သော မျက်နှာထားနှင့် ပြန်ကြည့်လိုက်၏။

ထိုအချိန်တွင် စင်္ကြံလမ်းထဲ၌ လူသံများ ပေါ်ထွက်လာသည်။ မာရီကာ သည် အိပ်စင်ပေါ်မှ ဆင်းလိုက်ပြီး ဂျွန်ဒီကင်ကို အိပ်စင်ပေါ်သို့ တက်ရန် လက်ဟန် ခြေဟန်နှင့် ခိုင်းလိုက်သည်။ ဂျွန်ဒီကင်က ကပျာကယာ အိပ်စင်ပေါ်သို့ တက်ပြီး စောင်များကို သူ့တစ်ကိုယ်လုံး လုံသည်အထိ ခြုံ၍ နံရံနှင့် ကပ်နေလိုက်၏။ မာရီကာသည် ရေနံဆီမီးခွက်မှ မီးတောက်ကို လျှော့ချလိုက်ပြီးနောက် အိပ်စင်ပေါ်သို့ ကပျာကယာ ပြန်တက်လိုက်သည်။ ထိုအချိန်တွင် တံခါးကို အပြင်မှ ခေါက်သံ ပေါ်လာသည်။ မာရီကာက ချက်ချင်း ပြန်မဖြေပါ။ ဂျွန်ဒီကင်ကို ရုတ်တရက် မမြင်ရလေအောင် စောင်များနှင့် လုံလုံခြုံခြုံ ဖုံးဖိပေးနေ၏။ နောက်ထပ်၍ တံခါး ခေါက်သံ ပေါ်လာပြန်သည်။ ဤအကြိမ်သည် ပထမအကြိမ်ထက် ပို၍ပြင်းသည်။

မာရီကာသည် အိပ်ရာပေါ်မှ တံတောင်ဆစ်နှစ်ဖက်ကို နောက်ပြန် ထောက်၍ ကိုယ်အထက်ပိုင်းကို အနည်းငယ် ကြွလိုက်ပြီး အိပ်ချင်မူးတူး ဖြစ်နေသော အသံနှင့် ပြောလိုက်သည်။

"ဘယ်သူလဲ ဟင်"

"ဗိုလ်မှူး အိုဘရိုင်ရင်ပါ"

"ဝင်ခဲ့လေ၊ ဝင်ခဲ့ပါ၊ တံခါးကို သော့ခတ်မထားပါဘူး"

တံခါးပွင့်သွားပြီးနောက် အပေါက်ဝတွင် အိုဘရိုင်ရင် ပေါ်လာသည်။ သို့သော် သူက အခန်းထဲသို့ ဝင်ရန် မကြိုးစားပါ။

မာရီကာက စိတ်တိုသော လေသံနှင့် ပြောလိုက်၏။

"အခုလိုအချိန်မျိုးမှာ ကျွန်မကိုလာပြီး နှောင့်ယှက်တာ ဘာသဘော သဲ ဗိုလ်မှူး"

အိုဘရိုင်ရင်က ချိုချိုသာသာ တောင်းပန်သည်။

"ဟိုတရားခံ ဒီကင် လွတ်သွားလို့ပါ မစ်(စ်)ဖဲယားချိုင်း"

"လွတ်သွားတယ် ဟုတ်လား၊ နောက်မနေစမ်းပါနဲ့ရှင်၊ ဒီလို တောကြီး မျက်မည်းအလယ်မှာ ဘယ်သူက ထွက်ပြေးဖို့ ကြိုးစားမှာလဲ"

"မှန်ပါတယ်ခင်ဗျာ၊ သူ ဒီနေရာက တခြားကို ထွက်ပြေးဖို့ဆိုတာ ဖြစ်ကို မဖြစ်နိုင်ဘူး။ ဒါကြောင့် သူ ရထားတွဲပေါ်မှာပဲ ရှိလိမ့်မယ်လို့ ကျွန်တော် တို့က ယူဆပါတယ်"

www.burmeseclassic.com



မာရီကာက သူ့ကို မယုံကြည်နိုင်သော မျက်နှာထားနှင့် ပြန်ကြည့်
လိုက်၏။

"ဘာလဲ ရှင်က၊ ကျွန်မက သူ့ကို"

မေဂျာအိုဘရိုင်ရင်က ကမန်းကတန်း တောင်းတောင်းပန်ပန် လေ
နှင့် ဝင်ပြောသည်။

"မဟုတ်ရပါဘူး ခင်ဗျာ၊ အဲဒီလို မဟုတ်ရပါဘူး၊ ခင်ဗျား အိပ်နေ
နေတုန်း သူ တိတ်တဆိတ် ခိုးဝင်လာပြီး ပုန်းနေမှာစိုးလို့"

"သူ ကျွန်မ အိပ်စင်အောက်မှာ ပုန်းမနေတာကိုတော့ ရှင်လည်း မြင်တာ
မဟုတ်လား"

မာရီကာ၏အသံက မာ၍ ပြတ်သည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်လည်း မြင်ပါတယ်၊ ကဲ ကျွန်တော်
ကို ခွင့်ပြုပါခင်ဗျာ"

အိုဘရိုင်ရင်သည် ကမန်းကတန်း ပြန်သွားသည်။ စင်္ကြံလမ်းထဲမှ သူခြေ
ပျောက်သွားသောအခါကျမှ ဒီကင်သည် စောင်ခြုံထဲမှ ခေါင်းပြူ၍ ပေါ်လာသည်။
ဒီကင်က မာရီကာကို စိတ်ပါလက်ပါ ချီးကျူးလိုက်၏။

"ပိုင်တယ်ဗျို့၊ သိပ်ကိုပိုင်တယ်၊ မုသားစကား တစ်လုံးတလေမှ မပါဘဲ
ပြောနိုင်လိမ့်မယ်လို့ မထင်မိခဲ့ဘူး"

"ကဲ ထွက်တော့၊ ရှင့်တစ်ကိုယ်လုံးမှာ ဆီးနှင်းတွေ ကပ်ပါလာတယ်
ကျွန်မဖြင့် ချမ်းလွန်းလို့ ခိုက်ခိုက်ကို တုန်နေပြီ"

"ကျုပ် မထွက်နိုင်ဘူး၊ မင်းပဲ ထွက်၊ ပြီးတော့ အဝတ်အစားလဲပြီး
ဗိုလ်မှူးကြီး ကလဲယားမွန့်ကို ဒီခေါ်ခဲ့"

"ရှင်က ဒီလို အိပ်နေတဲ့အချိန်မှာ အဝတ်လဲရမယ် ဟုတ်လား"

ဒီကင်က သူ့မျက်လုံးများကို လက်ဖျံနှင့် အုပ်လိုက်၏။

"ဒီမှာ ကြီးဒေါ်၊ အခုလို အချိန်အခါမျိုးမှာ ကျုပ်က အဲဒီလိုဟာမျိုး
တွေကို စိတ်ကူးနိုင်ဖို့ အချိန်မရှိပါဘူး။ မင်း ဟိုကတ်ပြားလေးကို တွေ့ပြီ
မဟုတ်လား။ ကဲ မင်းနဲ့ သူ စကားပြောတာကို တခြား ဘယ်သူမှ မကြားစေနဲ့
ပြီးတော့ ဒီကို ခေါ်လာတာကိုလည်း တခြား ဘယ်သူမှ မမြင်စေနဲ့၊ ပြီးတော့လည်း
ကျုပ် ဒီမှာ ရှိတယ် ဆိုတာကို သူ့ကို ကြိုမပြောနဲ့၊ ဟုတ်ပြီလား"

မာရီကာက သူ့ကို မျက်စောင်း တစ်ချက်ထိုး၍ ကြည့်လိုက်သည်
သို့သော် ပြန်ပြီးဆင်ခြေကန်မနေတော့ပါ။ မာရီကာသည် လျင်မြန်စွာ အဝတ်အစား



လဲလှယ်လိုက်ပြီးနောက် အခန်းထဲမှ ထွက်သွားပါ၏။ နှစ်မိနစ်အတွင်းမှာပင်
အကြောင်ကြောင် ဖြစ်နေသော ဗိုလ်မှူးကြီးကို အပါခေါ်လာနိုင်ခဲ့သည်။

မာရီကာက တံခါးကို ပြန်ပိတ်ပြီးသောအခါ ဒီကင်က စောင်များကို
လှန်၍ အိပ်စင်ပေါ်မှ ခြေထောက်နှစ်ချောင်းကို အောက်ချပြီး ထိုင်လိုက်သည်။

"ဟော့ကောင်၊ မင်း ဒီကင်၊ မင်းက ဒီကို ဘယ်လိုလုပ်ပြီး"

ကလဲယားမွန့်သည် ပထမတွင် အူကြောင်ကြောင်နှင့် ကြည့်နေလိုက်
ပြီးမှ ခါးတွင် ချိတ်ထားသော ခြောက်လုံးပြူးဆီသို့ လက်ရောက်သွားသည်။

"အဲဒီသေနတ်ကြီးကို အသာထားလိုက်စမ်းပါ"

ဒီကင်က စိတ်ပျက်လက်ပျက်နှင့် ပြောချလိုက်၏။

"ကျုပ်ကို ပစ်ဖို့ မလိုပါဘူး၊ ဒါပေမဲ့ နောက်ပိုင်းကျရင် အဲဒီသေနတ်
ကို အသုံးချရမယ့်ကိစ္စတွေ အများကြီး ပေါ်လာမှာပါ"

သူက ကလဲယားမွန့်ထံ သူ့ကတ်ပြားကလေးကို လှမ်းပေးလိုက်သည်။
ကလဲယားမွန့်က အင်တင်တင်နှင့် ယူဖတ်သည်။ သူက နောက်တစ်ကြိမ် ဖတ်သည်။
ထို့နောက် တတိယအကြိမ် ထပ်ဖတ်သည်။ နောက် သူ့ပါးစပ်မှ အသံထွက်လာ၏။

"ဂျွန်စတန်တွန်ဒီကင်၊ အမေရိကန်အစိုးရ၊ ပြည်ထောင်စု လျှို့ဝှက်
စုံစမ်းစစ်ဆေးရေးအဖွဲ့၊ အဲလင်ပင်ကာတန်"

ကလဲယားမွန့်သည် ချက်ချင်းလိုလိုပင် နားလည်သဘောပေါက်သွားသည်။
သူက ကတ်ပြားကလေးကို ဂျွန်ဒီကင်ဆီသို့ ပြန်ပေးလိုက်၏။

"မစ္စတာ ပင်ကာတန်ကို ကျုပ်ကိုယ်တိုင် ရင်းရင်းနှီးနှီး သိပါတယ်။
သူ့လက်မှတ်အစစ်ပဲ။ မင်းကိုလည်း ငါ သိတယ်။ အခုမှ သိတယ်။ အေးလေ၊
အကြောင်းကို ငါ သိတယ်လို့ ပြောတာပါ။ ၁၈၆၆ ခုနှစ်တုန်းက မင်းနာမည်က
စတန်တွန်ပဲ။ မင်းက အဲဒီနှစ်ထဲမှာ ကျူးလွန်ခဲ့တဲ့ အဓမ္မ အမြန်မီးရထားကြီး
က ဒေါ်လာ ခုနစ်သိန်းတန် ဓားပြမှုကြီးကို ပေါ်အောင် စုံစမ်းနိုင်ခဲ့တဲ့ လူပဲ"

ဒီကင်က ခေါင်းညိတ်ပြလိုက်သည်။

"ကဲ ငါ ဘာလုပ်ပေးရမလဲ မစ္စတာဒီကင်"

"နေပါဦး ဗိုလ်မှူးကြီးရဲ့၊ အခုမှ သူ့ကို စ,သိရုံ ရှိသေးတယ်၊ သူ
ဘယ်သူလဲ ဆိုတာကို မမေးဘဲနဲ့ ဘာလုပ်ပေးရမလဲတွေ ဘာတွေဖြစ်နေပြီလားရှင့်"

မာရီကာက အလွန်အံ့ဩသော လေသံနှင့် ပြောလိုက်ခြင်း ဖြစ်၏။

"ဒီမှာ တူမကြီး၊ ဂျွန်စတန်တွန်ဒီကင်ဆိုတဲ့ ပုဂ္ဂိုလ်ကို ဘယ်သူကမှ
စကားရာ မြန်းစရာ မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကလဲယားမွန့်က ချိုသာစွာ ပြောလိုက်သည်။

''ဒါပေမဲ့ ကျွန်မဖြင့် သူ့နာမည်ကို ကြားတောင် မကြားဖူးဘူး''

ဒီကင်က စိတ်ရှည်လက်ရှည်နှင့် ဝင်ပြောပြန်သည်။

''ကျုပ်တို့အလုပ်က လျှို့ဝှက်ပြီး စုံထောက်ရတဲ့ အလုပ်ပါ၊ လူသိမျာ အောင် ကြော်ငြာလို့ မရပါဘူး၊ ကဲ မေးခွန်းတွေ ဘာတွေ ထပ်မေးမနေပါနဲ့လေ အချိန်လည်း မရှိတော့ပါဘူး။ အခု သူတို့က ကျုပ်ကို အသေရရ အရှင်ရရ လိုက် ဖမ်းနေပြီ။ အဲ ခင်ဗျားတို့ကို တွေ့ရင်လည်း မီးညှိပြီးတဲ့ မီးခြစ်ဆံ တစ်ချောင် လောက်တောင် သူတို့က တန်ဖိုးထားမှာ မဟုတ်ဘူး''

ဒီကင်က စဉ်းစဉ်းစားစားနှင့် ဆက်ပြောပြန်သည်။

''အေးလေ၊ သူတို့က ကျုပ်ကို အခုလို စောစောစီးစီး မရိပ်မိခဲ့ရ လည်း သိပ်တော့ အကြောင်းထူးမှာ မဟုတ်ပါဘူး။ အခုတော့ စောစောစီးစီး သိ တာပေါ့လေ။ အခု ဒီရထားပေါ်မှာပါတဲ့ လူတွေအားလုံးဟာ ကျုပ်တို့ကို လှုပ်ပြည် ကနေပြီး ပြည်နှင်ဒဏ်ပေးဖို့ကိစ္စကိုပဲ လုံးပန်းနေကြလေရဲ့''

ဒီကင်က တံခါးကို ဟ,၍နားထောင်ပြီး ပြန်ပိတ်လိုက်သည်။

''အခု သူတို့ ရှေ့ပိုင်းမှာ စကားပြောနေကြတယ်။ ဒါ ကျုပ်တို့အတွက် ရတောင့်ရခဲ တစ်ခုတည်းသော အခွင့်အရေးပဲ၊ ကဲ လာကြ''

ဒီကင်သည် ပြောပြောဆိုဆိုနှင့် မာရီကာ၏ အိပ်ရာခင်းကို ဆုတ် လိုက်ပြီးနောက် အိပ်ရာခင်း အစများကို သူ့ဂျာကင်အင်္ကျီအောက်သို့ ထိုးသွင်းလိုက် သည်။ ကလဲယားမွန့်က မေးလိုက်၏။

''အဲဒါတွေကို ဘာလုပ်ဖို့လဲ''

''နောက်မှ ပြောပြမယ်၊ ကဲ လာကြ''

မာရီကာက အထိတ်တလန့်နှင့် ဝင်ပြောလိုက်ပြန်သည်။

''ကျွန်မ ဦးလေးကို ထားခဲ့ပြီး ဘယ်သွားလို့ဖြစ်···''

ဒီကင်က ခပ်တိုးတိုး ပြောလိုက်သည်။

''မင်းရဲ့ ချစ်လှစွာသော ဦးလေး၊ ပြီးတော့ တော်တည့်ဖြောင့်မတ် ဘုရင်ခံကြီးကို ကျုပ်က လူသတ်မှု၊ နိုင်ငံတော်ကို သစ္စာဖောက်မှု၊ ဓားပြမှုတွေ ရုံးတင်ပြီး တရားစွဲနိုင်အောင် ကြိုးစားမလို့''

မာရီကာက တအံ့တဩ ပြန်၍ကြည့်လိုက်သည်။ ဒီကင်၏ စကား နားလည် သဘောပေါက်သွားပုံလည်း ရသည်။



ဒီကင်က တံခါးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ နေ့အပန်းဖြေ ရိပ်သာ ထဲမှ ဆူဆူညံညံ စကားပြောဆိုနေသံများကို ကြားလိုက်ရ၏။ လောလောဆယ်တွင် စားပွဲထိုး ဟင်နရီက ဦးဆောင်၍ ပြောနေသည်။

''ဟုတ်ပြီ၊ သူ့ကို ကျွန်တော် တွေ့ခဲ့ဖူးတာ ရစ်ချ်မွန်မြို့မှာပါ။ ဟုတ်ပါပြီ။ ရစ်ချ်မွန်ဆိုတာ သေချာပါတယ်။ ၁၈၆၃ ခုနှစ်ကပေါ့။ ဒီလူက အစိုးရစုံထောက်ပဲ၊ သူ့ကို တစ်ခါပဲ မြင်ဖူးလိုက်တယ်။ နောက်တော့ သူ လွတ်သွားတယ်''

''ဘုရား ဘုရား၊ သူက အစိုးရစုံထောက် ဆိုပါလား''

အိုဘာရိုင်ရင်သည် အလွန်အမင်း စိတ်ဆင်းရဲသွားပုံရပါ၏။

''ကဲ ဘုရင်ခံကြီး၊ ဒီကိစ္စ ဘယ်လို ဖြစ်လာနိုင်တယ် ဆိုတာကို ရိပ်မိ ပြီလား''

သို့သော် သူ မပြောမီကပင် ဘုရင်ခံကြီးက ရေရေလည်လည် သိ နားလည် ပြီး ဖြစ်ပုံရ၏။ သူသည် အထိတ်တလန့်ဖြစ်နေပုံရသည်။ သူ့အသံက ကျယ်လောင် စူးရှစွာ ပေါ်လာ၏။

''ဟော့ သူ့ကို တွေ့အောင်ရှာပြီး တွေ့တဲ့နေရာမှာ သတ်၊ ကြားပြီလား၊ သူ့ကို သတ်သာပစ်လိုက်''

ဒီကင်က မာရီကာ၏ နားနားသို့ကပ်၍ ခပ်တိုးတိုး ပြောလိုက်သည်။

''ကဲ သူက ကျုပ်ကို သတ်ချင်လို့တဲ့၊ တော်တော်ချစ်စရာကောင်းတဲ့ အဘိုးကြီးပဲနော်''

ဒီကင်က အတွင်းစင်္ကြံလမ်းအတိုင်း တွဲ၏ပဲ့ပိုင်းဆီသို့ ခြေသံလုံလုံနှင့် ဦးဆောင်သွားသည်။ လိုက်ပါလာသူမှာ သူ့နောက်မှ သွေးမရှိတော့လောက်အောင် တစ်မျက်နှာလုံး ဖြူဖပ်ဖြူရော် ဖြစ်နေသော မာရီကာဖြစ်ပြီး နောက်ဆုံးမှ လိုက်လာသူမှာ စိတ်လှုပ်ရှားမှု အလျှင်းမရှိဘဲ အေးဆေးတည်ငြိမ်လှသည့် ကလဲယားမွန့်တို့ပင် ဖြစ်ပါ၏။ သူတို့ သုံးဦးသည် ထမင်းစားခန်းကို ဖြတ်၍ ပဲ့ပိုင်းရှိ ပြင်ဘက် စင်္ကြံ လမ်းပေါ်သို့ ထွက်လိုက်ကြသည်။ ဒီကင်က အသံမပြုဘဲ ရထားခေါင်မိုးကို လက် ဟန် ခြေဟန်နှင့် ညွှန်ပြလိုက်၏။

ကလဲယားမွန့်က သူ့ကို အူကြောင်ကြောင်နှင့် ပြန်ကြည့်သည်။ ၄င်း နောက် နားလည် သဘောပေါက်သွားဟန်နှင့် ခေါင်းညိတ်ပြလိုက်၏။ သူသည် ဒီကင်၏ အကူအညီနှင့် ခေါင်မိုးပေါ်သို့ လျင်မြန်စွာ ရောက်ရှိသွားသည်။ ကလဲ ယားမွန့်သည် လေဝင်လေထွက်မှု ရှိစေရန် ပြုလုပ်ထားသော ခေါင်မိုးပေါ်မှ ခေါင်းတိုင်ပြွန်ကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ထားရင်း ကျန်လက်တစ်ဖက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မာရီကာကို အပေါ်သို့ ဆွဲတင်လိုက်၏။ မကြာမီ သူတို့ သုံးယောက်စလုံးသည် ခေါင်မိုးပေါ်သို့ ရောက်ရှိသွားသည်။ ခေါင်မိုးပေါ်တွင် ပြင်းပြင်းထန်ထန် တိုက်ခတ်နေသော လေကြောင်းကို ကျောပေးထိုင်ရင်း သုံးယောက်စလုံး စုရုံး နေကြရ၏။

"တော်တော်တော့ စိတ်ပျက်စရာကောင်းနေပြီ၊ ဒီနေရာမှာ ကြာကြာနေရရင် သွေးခဲပြီး သေကုန်ကြလိမ့်မယ်"

မာရီကာက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်သည်။

"မီးရထားခေါင်မိုးကို သိပ်ပြီး အပြစ်မတင်ပါနဲ့ဗျာ၊ ခုလို အချိန်မှာတော့ ဒီရထားတစ်စီးလုံးမှာ ဒီနေရာဟာ စိတ်ချရဆုံး နေရာပါပဲ။ အယ်... ဝပ်လိုက်၊ ဝပ်လိုက်"

သူက ပါးစပ်မှ ပြောရုံဆိုရုံသာမက မာရီကာကို လက်နှင့်ပါ ဖိ၍ အဝပ်ခိုင်းလိုက်၏။ ရထားခေါင်မိုးပေါ်သို့ ထိမတတ် နိမ့်ကျနေသော ထင်းရှူးကိုင်းကြီးသည် သူတို့သုံးဦး၏ ကျောပြင်ကိုပါ ထိကပါး ရိကပါး ပွတ်သပ် တိုက်ခတ်သွားသည်။

"အေးလေ၊ အဲဒီလို ကိုင်းကျနေတဲ့ သစ်ကိုင်းကြီးတွေကို လွတ်အောင် ငုံ့နိုင်ရင် ဘေးကင်း ရန်ကင်းနဲ့ စိတ်ချရဆုံး နေရာလို့ ပြောတာပါ"

ကလဲယားမွန့်က တည်ငြိမ်သော လေသံနှင့် မေးလိုက်ပြန်၏။

"ကဲ အခု ဘာဆက်လုပ်ကြမလဲ"

သူ့လေသံမှာ ယခုလို သေမင်းနှင့် လိုက်တမ်းပြေးတမ်း ကစားနေရသည်ကိုပင် သဘောတွေ့နေပုံရသည်။

"လောလောဆယ်မှာတော့ မျက်စိကိုဖွင့်ပြီး နားကို စွင့်ထားရုံပဲရှိတာပေါ့။ အခြေအနေကို စောင့်ကြည့်ရမယ်လေ"

ဒီကင်သည် ခေါင်မိုးပေါ်သို့ မှောက်ချလိုက်ပြီး ခေါင်းတိုင်ပြွန်ဝတစ်ခုကို နားနှင့် ကပ်လိုက်၏။ ကလဲယားမွန့်ကလည်း ဒီကင်ကဲ့သို့ပင် တိုင်ပြွန်တစ်ခု၏အဝတွင် နားနှင့် ကပ်လိုက်သည်။ ဒီကင်က မာရီကာကို လက်တစ်ဖက်နှင့် ဆွဲ၍ ဖက်လိုက်ပြီး သူ့နံဘေးတွင် လှဲချစေလိုက်၏။

"ရှင့်လက်ကြီးနဲ့ ကျွန်မကို ဖက်မထားစမ်းပါနဲ့"

"အေးကွာ၊ ပတ်ဝန်းကျင်ကလည်း သာသာယာယာ ဆိုတော့ ကိုယ့်ရဲ့ အသည်းနှလုံးထဲမှာ ချစ်သွေးချစ်စိတ်တွေ ဝင်လာလို့ပါ"

"ရှင် တကယ်ပြောနေတာလား"

မာရီကာ၏ အသံမှာ ရေခဲတုံးတမျှ အေးစက်နေသည်။



"မင်း ရထားခေါင်မိုးပေါ်က လိမ့်ကျသွားမှာ စိုးရိမ်လို့ပါကွာ"

မာရီကာသည် စိတ်ပျက်လက်ပျက်နှင့် ငြိမ်ကျသွားသည်။

ကလဲယားမွန့်က ခပ်တိုးတိုး ပြောလိုက်၏။

"ဟော သူတို့ လာနေကြပြီ"

ဒီကင်ကလည်း ခေါင်းညိတ်ပြလိုက်သည်။

သေနတ်ကိုယ်စီ ကိုင်ထားသော အိုဘရိုင်ရင်၊ ပီးယားစ်နှင့် ဟင်နရီတို့သည် ထမင်းစားခန်းထဲတွင် ဘာဆက်လုပ်ရမှန်း မသိဘဲ အူကြောင်ကြောင် ဖြစ်နေကြပါ၏။ ပီးယားစ်က ပြောလိုက်သည်။

"ဟင်နရီက အော်သံတစ်သံကို ကြားလိုက်ရတယ်တဲ့။ ဒီတော့ ဒီကင်နဲ့ ကာလို့စ်တို့ နှစ်ယောက်သား သတ်ကြပုတ်ကြပြီး နှစ်ယောက်စလုံး ရထားပေါ်က လိမ့်ကျသွားတယ် ဆိုရင်..."

ဘုရင်ခံကြီးသည် အလျှင်မြန်ဆုံး အရှိန်အဟုန်နှင့် ထမင်းစားခန်းထဲသို့ ပြေးဝင်လာ၏။ နှစ်ကိုက်လောက် ပြေးပြီးနောက် သူ့ခမျာ အသက်ရှူမှားမတတ် မောနေရှာသည်။

"ကျုပ်တူမ မရှိတော့ဘူး"

သူတို့အားလုံးသည် ရုတ်တရက် ကြောင်သွားကြ၏။ ပထမဦးဆုံး သတိပြန်ဝင်လာသူမှာ အိုဘရိုင်ရင်ပင် ဖြစ်သည်။ သူက ဟင်နရီကို လှမ်းပြောလိုက်၏။

"မင်း သွားပြီး ဗိုလ်မှူးကြီး ကလဲယားမွန့် ရှိသလားလို့ သွားကြည့်စမ်း၊ ဟော့ နေဦး၊ ငါကိုယ်တိုင် သွားမယ်"

ဒီကင်နှင့် ကလဲယားမွန့်သည် တစ်ဦးကို တစ်ဦး ကွက်ခနဲ ကြည့်လိုက်မိကြပြီးနောက် ဒီကင်က ခေါင်းကို စောင်း၍ နောက်သို့ လှည့်ကြည့်လိုက်သည်။ ထိုအခိုက်မှာပင် ပထမတွဲ၏ ပုံပိုင်းစကြံမှ ဒုတိယတွဲ၏ ဦးပိုင်းစကြံဆီသို့ လှုားခနဲ ကူးပြောင်းသွားသော အိုဘရိုင်ရင်ကို ခေါင်မိုးစွန်းပေါ်မှ ရိပ်ခနဲ မြင်လိုက်ရ၏။ ဒီကင်၏ အထက်အရာရှိထံသို့ သွားသောအခါ ခြောက်လုံးပြူးသေနတ်ကို အိတ်ထဲတွင် ထည့်ထားရမည်ဆိုသော ထုံးတမ်းစဉ်လာကို အိုဘရိုင်ရင်က မလိုက်နာဘဲ လက်ထဲတွင် ကိုင်၍သွားကြောင်း ဒီကင်က သတိပြုလိုက်မိသည်။ ဒီကင်သည် ခေါင်းတိုင်ပြွန်ရှိရာသို့ ပြန်တိုးလာပြီး မာရီကာ၏ ပခုံးစွန်းကို အမှတ်မထင် ဖက်လိုက်၏။ သို့သော် မာရီကာက ကန့်ကွက်စကား မပြောတော့ပါ။

ကလဲယားမွန့်က မေးလိုက်သည်။

"မင်းနဲ့ ကာလို့စ်တို့ သတ်ကြ ပုတ်ကြသေးတယ် ထင်တယ်"

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ရိုက္ခာတွဲရဲ့ ခေါင်မိုးပေါ်မှာပါ။ သူ ဘွဲခေါင်မိုးပေါ်က လိမ့်ကျသွားတယ်"

"ဟို အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ပြုံးနေတဲ့လူကြီး ကာလို့စ် လိမ့်ကျသွားတယ် ဟုတ်လား"

မာရီကာသည် ဆိုးဝါးသော သတင်းများကို လက်ခံနိုင်စွမ်း ရှိပုံမပေါ်။

"သူ့ခမျာ ရထားလမ်းဘေးမှာ လိမ့်ကျပြီး ဒဏ်ရာ အနာတရ ဖြစ်ချင်ဖြစ်နေမှာ။ ပြီးတော့လည်း အခုလို အေးချမ်းတဲ့ ရာသီမှာ သွေးခဲပြီး သေများသေသွားမလား မသိဘူး"

"သူ ဒဏ်ရာအကြီးအကျယ် ရသွားတယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ သူ လိမ့်ကျတာ ရထားလမ်းဘေးကို မဟုတ်ဘူး။ ချောက်ကမ်းပါးပြတ်ကြီးထဲကို ကျသွားတာ။ အဲဒီလို သတ်ကြပုတ်ကြတုန်းက ရထားက တံတားပေါ်မှာ မောင်းနေတုန်း။ ဒီတော့ သူ ချောက်အနက်ကြီးထဲကို ကျသွားတာပေါ့။ သူ အခုဆို အဝေဒနာကိုမှ ခံစားရမှာ မဟုတ်ပါဘူး"

"ရှင် သူ့ကို သတ်လိုက်တာပေါ့လေ။ ဒါဖြင့် ရှင်ဟာ လူသတ်သမားပဲ"

"ဒါကတော့ ကိုယ့်ရဲ့ ဝါသနာကိုး"

ဒီကင်က မာရီကာ၏ ပခုံးကိုတို့၍ ညစ်လိုက်၏။

"ဒါမှမဟုတ် မင်းက အဲဒီချောက်ကြီးထဲကို သူ့အစား ကျုပ်ကို ကျသွားစေချင်တယ်ပေါ့။ အဲဒီလို ဆိုတာလား"

မာရီကာသည် အတော်ကြာအောင် ငြိမ်ကျသွားသည်။ ပြီးမှ-

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မ ပြောတာ မှားသွားပါတယ်"

ကလဲယားမွန့်က ထပ်မေးပြန်သည်။

"ကဲ မစ္စတာဒီကင်၊ ဘာဆက်လုပ်ရမလဲ"

"ဒီရထားကြီးကို အပိုင်စီးကြတာပေါ့"

"အဲ ဒီမှာကော စိတ်ချရပါ့မလား"

"ကျုပ်တို့ရဲ့ မိတ်ဆွေကြီး ဘန်လွန်ကို အပြတ်ရှင်းပြီးမှ စိတ်ချနိုင်မှာပဲ"

ကလဲယားမွန့်က ဒီကင်ကို နားမလည်နိုင်သော မျက်နှာထားနှင့် ပြန်ကြည့်သည်။

"ဟုတ်ပါတယ် ဗိုလ်မှူးကြီး၊ ဘန်လွန်လည်း ပါ,ပါတယ်"

"ကျုပ်ဖြင့် ယုံတောင် မယုံချင်ဘူး"



"သူဟာ အခုထိ လူသုံးယောက်ကို သတ်ခဲ့ပြီးပြီလို့ဆိုရင် လုံလောက်မလား"

"လူသုံးယောက် ဟုတ်လား"

"ခုအထိ သိရသလောက်တော့ သုံးယောက်ပဲ"

ကလဲယားမွန့်သည် ချက်ချင်းလိုလိုပင် နားလည်သွားသည်။

"ဒါဖြင့် သူ့မှာ လက်နက် ရှိမှာပေါ့"

"တိတိကျကျတော့ မပြောတတ်ဘူး၊ ရှိချင်လည်း ရှိမှာပဲ။ ဒါပေမဲ့ ဂျက်ဖာတီက သူ့ရိုင်ဖယ်သေနတ်ကို ယူသွားတယ် မဟုတ်လား။ ဒီတော့ ဘန်လွန်က ဂျက်ဖာတီကို ရထားပေါ်က တွန်းချပြီးရင် အဲဒီသေနတ်နဲ့ ရန်မူမှာ သေချာတယ်"

"သူ တို့ လာတာကို သိသွားနိုင်တယ်။ သိသွားရင်တော့ သူ့ဆီသွားဖို့ လွယ်မှာ မဟုတ်တော့ဘူး"

"မှန်ပါတယ် ဗိုလ်မှူးကြီး၊ ဒီလောကကြီးမှာ သေချာလှပါပြီလို့ တထစ်ချ ယူဆနိုင်တဲ့ကိစ္စတွေ သိပ်မရှိလှပါဘူး"

"ကျုပ်ဆီမှာ ခြောက်လုံးပြူး ရှိသားပဲ၊ သူတို့ကို ရထားထဲက တစ်နေရာမှာ ခုခံရင် မကောင်းဘူးလား၊ ဥပမာ တံခါးဝမှာပဲဖြစ်ဖြစ် စင်္ကြံ လမ်းထဲမှာပဲဖြစ်ဖြစ်"

"မလွယ်ဘူး ဗိုလ်မှူးကြီး၊ ဒီလူတွေဟာ ချောင်ပိတ်မိနေတဲ့ လူတွေဖြစ်နေပါပြီ၊ ပြီးတော့လည်း ဗိုလ်မှူးကြီးကို စော်ကားတာတော့ မဟုတ်ဘူး။ လက်နက်ငယ်ချင်း ယှဉ်မယ်ဆိုရင် ပီးယားစ်ကိုပဲဖြစ်ဖြစ်၊ အိုဘရိုင်ရင်ကိုပဲဖြစ်ဖြစ် ဗိုလ်မှူးကြီး မနိုင်,နိုင်ပါဘူး။ နောက်တစ်ချက်ကလည်း အဲဒီလိုဖြစ်ရင် သေနတ်သံတွေ ဆူညံသွားတော့မှာ သေချာတယ်။ အဲ သေနတ်သံတစ်ချက် ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ဘန်လွန်ကလည်း သူ့ခေါင်းတွဲနားကို ဘယ်သူမှ အကပ်မခံတော့မှာ သေချာတယ်။ သူက ဟမ်ဘိုခံတပ်ကို ရောက်အောင် မနားဘဲ မောင်းသွားတော့မှာပဲ"

"အဲဒီလိုဆိုရင် ပိုမကောင်းဘူးလား"

"ပိုဆိုးမှာပေါ့"

သူက သတိပေးသောဟန်နှင့် လက်ကို မြှောက်ပြလိုက်ပြီး ခေါင်မိုးပေါ်မှ ငုံ့ကြည့်လိုက်ရာ ဒုတိယတွဲမှ ပထမတွဲသို့ ပြန်ကူးသွားသော အိုဘရိုင်ရင်ကို တွေ့လိုက်ရ၏။ ဒီကင်က သူ့နားကို ပွတ်ဝနှင့် ပြန်ကပ်လိုက်သည်။ အိုဘရိုင်ရင်၏ ... က ထွက်ပေါ်လာသည်။ သူသည် မျောက်မီးခဲ ထိုင်မိသလို ဖြစ်နေပုံရသည်။

"ဗိုလ်မှူးကြီးလည်း မရှိတော့ဘူး။ ဟော့ ဟင်နရီ၊ မင်းက ဒီမှာပဲနေ၊ ... ယောက်မှ ဘယ်ဘက်ကိုမှ ဖြတ်မသွားစေနဲ့၊ ကြားလား။ ... ရင် ပစ်သာပစ်၊

www.burmeseclassic.com

www.burmeseclassic.com



အသေသာပစ်။ နသန်၊ ဘုရင်ခံကြီး ကျုပ်တို့ ဒီရထားကို နောက်ဘက်ကစ ရှာကြမယ်''

ဒီကင်က ရှေ့ပိုင်းသို့ ရွေ့ရန် ချက်ချင်း လက်ဟန်ခြေဟန်နှင့် ပြလိုက်သည် သို့သော် ဒူးထောက်လျက် အနေအထားတွင် ရှိနေသော ကလဲယားမွန့်သည် မီးရထား၏ နောက်ဘက်သို့ လှမ်းကြည့်နေပါ၏။

''ဟော မြင်းတွဲတွေလည်း မရှိတော့ပါလား''

''အဲဒီကိစ္စ နောက်မှ ပြောကြမယ်ဗျာ၊ ကဲ ကဲ သွားကြစို့''

သူတို့သုံးဦးသည် ရထားခေါင်မိုးပေါ်မှ ဗဟိုကြောအတိုင်း ခေါင်း ဆီသို့ အသံမကြားအောင် တိုးလာကြသည်။ ပထမတွဲ၏ ဦးပိုင်း ခေါင်မိုးစွန်း ရောက်သောအခါ ဒီကင်က စကြိုလမ်းပေါ်သို့ ခုန်ဆင်းလိုက်ပြီး တွဲထဲသို့ ချော ကြည့်လိုက်သည်။ ဟင်နရီသည် အတွင်းစကြိုလမ်း၏ အဆုံးရှိ ထမင်းစားခန်း ဝင်ရာ အပေါက်ဝရှေ့တွင် အကွက်အကွင်းကျကျ နေရာယူထားပြီး ရထားတွဲ ရှေ့ပိုင်းဆီသို့ မကြာခဏ လှမ်း၊လှမ်းကြည့်နေပါ၏။ သူ့လက်ထဲတွင်ကား ကို ခြောက်လုံးပြူးတစ်လက်ကို အသင့်အနေအထားတွင် ကိုင်ဆောင်ထားသည်။

ဒီကင်က အပေါ်သို့ မော့ကြည့်လိုက်ပြီးနောက် လက်ညှိုးကို ပါး ပေါ်တွင် ကန့်လန့်ဖြတ်ထောင်၍ တိတ်တိတ်နေရန် အချက်ပြလိုက်ပြီးနောက် တွဲထဲ လက်ညှိုးထိုးပြလိုက်သည်။ ၎င်းနောက် ခေါင်မိုးပေါ်မှ မာရီကာနှင့် ကလဲယားမွန် ဆင်းလာနိုင်အောင် အကူအညီပေးသည်။ ပြီးမှ ဒီကင်က ကလဲယားမွန့်ကို လက်ပြ တောင်းလိုက်၏။ ကလဲယားမွန့်သည် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီး နောက်မှ သူ့ခြောက် ပြူးကို လှမ်းပေးသည်။ သူက သူတို့ နှစ်ယောက်စလုံးကို ထိုနေရာမှာပင် နေကြ လက်ဟန် ခြေဟန်ပြပြီးနောက် သံလက်ရန်းပေါ်မှတစ်ဆင့် ခေါင်းတွဲနောက်ပိုင်း ထင်း ထားရာ အခန်း၏ နံရံကို လက်နှစ်ဖက်နှင့် ဆွဲကိုင်ရင်း ကိုယ်ကို တွဲလော ခိုထားလိုက်သည်။ နောက် လက်နှစ်ဖက်ကို အားပြု၍ ကိုယ်ကို အပေါ်သို့ ကြွတ လိုက်ပြီး ထင်းပုံကို ကျော်၍ ရှေ့သို့ ကြည့်လိုက်၏။

ဘန်လွှန်သည် စက်ခေါင်းရှေ့မှန်မှတစ်ဆင့် ရထားရှေ့သို့ စူးစူးစိုက်စိုက် ကြည့်နေသည်။ စက်ခေါင်းထဲရှိ မီးဖိုတံခါးမှာ ပွင့်နေပြီး ရက်ဖာတီက မီးကျီး များကို သံချောင်းနှင့် ဆွနေ၏။ ၎င်းနောက် ထင်းထားရာ နေရာသို့ ဆင်းသ ရန် လျှောက်လာသည်။ ဒီကင်သည် သူ့ကို မြင်မသွားစေရန် အောက်သို့ ပြန်လျှော ပြီး တွဲလောင်းခိုလိုက်ရပြန်၏။ ရက်ဖာတီသည် ထင်းတုံးကြီး နှစ်တုံးကို သယ်၍ ရှေ့သို့ ပြန်လှည့်သွားသည်နှင့် တစ်ပြိုင်နက် ဒီကင်သည် လက်နှစ်ဖက်အား



တစ်ကိုယ်လုံးကို ဆွဲ၍ မ၊တင်ပြီးနောက် ထင်းပုံပေါ်သို့ တက်လိုက်သည်။ ထင်းပုံပေါ်သို့ ရောက်သောအခါ သတိဝီရိယကြီးစွာထား၍ ရှေ့သို့ တိုးသွားရပြန်သည်။ ထင်းပုံစွန်းသို့ ရောက်သောအခါ ရထားခေါင်းတွဲ ကြမ်းပြင် ပေါ်သို့ အသံမမြည်အောင် ခုန်ချလိုက်၏။

ဘန်လွှန်သည် ရုတ်တရက် ဆိုသလို ငြိမ်ကျသွားသည်။ သူသည် ရထား ရှေ့မှန်ထဲ၌ အောက်ဘက်ဆီမှ ဖျတ်ခနဲ လှုပ်ရှားသွားသော အရိပ်တစ်ခုကို မြင်လိုက် ရဟန်တူသည်။ သူက မျက်စိကို ရှေ့မှန်မှခွာ၍ ရက်ဖာတီကို လှည့်ကြည့်လိုက်သည်။ ရက်ဖာတီကလည်း ဘန်လွှန်၏ အကြည့်ကို သတိထားမိ၏။ ထို့ကြောင့် သူတို့နှစ်ဦး စလုံး နောက်ဘက်သို့ တစ်ချိန်တည်း လှည့်ကြည့်လိုက်ကြသည်။ ဤတွင် လေးပေ ခန့်ဝေးသော နေရာမှ ဘန်လွှန်၏ ဝမ်းဗိုက်ကို ခြောက်လုံးပြူးနှင့် ချိန်ထားသော ဒီကင်ကို တွေ့ကြရ၏။

ဒီကင်က ရက်ဖာတီကို လှမ်းပြောလိုက်သည်။

''မင်းရဲ့ ရိုင်ဖယ်သေနတ် ဟိုနေရာမှာ ရှိတာကို ငါ မြင်တယ်။ အဲဒီ သေနတ်ကို လှမ်းမယူပါနဲ့။ မင်း ဒါကို အရင်ဖတ်စမ်းပါ''

ရက်ဖာတီသည် ဒီကင့်လက်ထဲမှ ကတ်ပြားကို မယူချင့် ယူချင်နှင့် လှမ်းယူလိုက်ပြီးနောက် တံခါးဖွင့်ထားသော မီးဖိုမှ ထွက်လာသည့် မီးရောင်နှင့် ဖတ်ကြည့်လိုက်သည်။ သူက ကတ်ပြားကို ဒီကင့်ထံ ပြန်ကမ်းပေးလိုက်၏။ သူ့ မျက်နှာပေါ်တွင်ကား မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။

ဒီကင်က ပြောလိုက်၏။

''ဗိုလ်မှူးကြီး ကလဲယားမွန့်နဲ့ မစ်(စ်)ဖဲယားချိုင်းတို့ဟာ ဟိုဘက်က စကြိုလမ်းပေါ်မှာ ရှိနေတယ်။ မင်း သူတို့ကို ဒီဘက် ရောက်လာအောင် သွားကူညီ လိုက်ပါ။ ဒါပေမဲ့ အော်မယ် ဟစ်မယ်တော့ မကြံနဲ့နော်၊ မင်းခေါင်းထဲက ဦးနှောက်တွေ ပွင့်ထွက်သွားမယ်''

ရက်ဖာတီသည် တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီးနောက် ခေါင်းညိတ်ပြပြီး ထွက်ခွာသွားပါ၏။ သူသည် စက္ကန့် နှစ်ဆယ်ခန့်အတွင်းတွင် ဗိုလ်မှူးကြီး ကလဲ ယားမွန့် မာရီကာတို့နှင့်အတူ ပြန်ရောက်လာသည်။ သူတို့သည် ထင်းထားရာ နေရာမှ စက်ခေါင်းထဲသို့ ဝင်လိုက်ချိန်တွင် ဒီကင်က ဘန်လွှန့်ထံသို့ တိုးသွားပြီး ကုတ်အင်္ကျီ ကော်လာစကို လက်နှင့် ဆုပ်ကိုင်ရင်း ဘန်လွှန်ကို စက်ခေါင်းတွဲ၏ နံရံဆီသို့ ရောက်သွားအောင် ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်သည်။ ၎င်းနောက်

www.burmeseclassic.com



ဘန်လွန်၏ လည်ပင်းကို ခြောက်လုံးပြူး ပြောင်းဝနှင့် ခပ်ရမ်းရမ်း ထောက်ထား လိုက်၏။

"ဘန်လွန်၊ မင်း သေနတ် ဘယ်မလဲ၊ မင်းလို ကောင်မျိုးဆီမှာ သေနတ် တော့ ရှိရမယ်"

ဘန်လွန်သည် ချက်ချင်း လက်ငင်းလိုလိုပင် အန်ချတော့မည်ကဲ့သို့ ထင်နေ ရပါ၏။ သူ့လည်ပင်းကို သေနတ်ပြောင်းဝနှင့် ခပ်ကြမ်းကြမ်း အထောက်ခံထားရ သဖြင့် အသက်ကို အနိုင်နိုင်လှ၍ ရှူနေရရှာသည်။ ယခုလိုအချိန်မျိုးတွင် ဘန်လွန်သည် ကြောက်ရွံ့ဟန်မပြဘဲ အပြင်းအထန် ဒေါပွသည့် အမူအရာမျိုးနှင့် သရုပ်ဆောင်သည့် အတွက် သူ့ကို ချီးကျူးထိုက်ပါ၏။

"နေပါဦး၊ ခင်ဗျားက အခုလိုလုပ်တာ ဘာသဘောလဲ ဗိုလ်မှူးကြီး ကလဲယားမွန့်"

ဒီကင်က ဘန်လွန်ကို ရှေ့သို့ ဆောင့်ဆွဲလိုက်ပြီး တပတ်လည်သွား အောင် တွန်းပစ်လိုက်သည်။ နောက် ဘန်လွန်၏ ညာဘက်ရှိ တံခါးပေါက် ရှိရာသို့ တွန်းထိုးပြီး ခေါ်သွားသည်။

"ကဲ ခုန်ချစမ်း"

ဘန်လွန်သည် မျက်လုံးကြီးများ ဝိုင်းစက် ပြူးကျယ်လာသည်အထိ ထိတ်လန့်တကြား ဖြစ်သွားသည်။ ထိုအချိန်တွင် ရထားသည် ကျောက်တုံး ကျောက်ခဲ များနှင့် ပြည့်နှက်နေသော မတ်စောက်နက်ရှိုင်းလှသည့် ချောက်ကမ်းပါးတစ်လျှောက် တွင် ခုတ်မောင်းနေချိန် ဖြစ်ပါ၏။ ဒီကင်က ခြောက်လုံးပြူး ပြောင်းဝနှင့် ဘန်လွန်၏ ကျောကုန်းကို ဆောင့်ထိုးလိုက်ပြန်သည်။

"ဟေ့ကောင် မင်းကို ခုန်ချလိုက်လို့ ငါ ပြောနေတယ်"

ထိတ်လန့်တုန်လှုပ်နေသော မာရီကာသည် ဒီကင်ဆီသို့ တိုးလာ၏။ သို့သော် ကလဲယားမွန့်က လက်မောင်းကို ဆုပ်ကိုင်ပြီး တားထားလိုက်သည်။

ဘန်လွန်က အလန့်တကြား အော်ပြောလိုက်သည်။

"ပစ္စည်းတွေ ထည့်ထားတဲ့ သေတ္တာအောက်မှာပါ"

ဒီကင်က နောက်သို့ ဆုတ်လိုက်ပြီး ဘန်လွန်ကို စက်ခေါင်းထဲသို့ ပြန်ဝင်ခွင့် ပြုလိုက်သည်။ သူက ထောင့်တစ်ထောင့်တွင် သွား၍ ရပ်နေရန် ဘန်လွန်ကို ခြောက်လုံးပြူးနှင့် ပြလိုက်၏။ နောက် ရက်ဖာတီကို ပြောလိုက်သည်။

"ကဲ မင်းက သွားယူစမ်း"



ရက်ဖာတီက ကလဲယားမွန့်ကို လှမ်းကြည့်သည်။ ကလဲယားမွန့်က ခေါင်းညိတ်ပြလိုက်၏။ ရက်ဖာတီက သေတ္တာအောက်မှ သေနတ်ကို ယူပြီး ဒီကင်ကို ပေးသည်။ ဒီကင်က လှမ်းယူလိုက်ပြီး ကလဲယားမွန့်၏ ခြောက်လုံးပြူးကို ပြန်ပေး လိုက်၏။ ကလဲယားမွန့်က ထင်းပုံဘက်သို့ ခေါင်းဆတ်ပြလိုက်သည်။ ဒီကင်က လည်း ခေါင်းညိတ်ပြလိုက်၏။

"သူတို့လည်း လူအ,တွေတော့ မဟုတ်ဘူး။ ကျုပ်တို့ ရထားတွဲထဲမှာ မရှိတော့ဘူးဆိုရင် ခေါင်မိုးပေါ်မှာ ရှိရမှာပဲလို့ တွက်လိမ့်မယ်။ တစ်ခါ ခေါင်မိုး ပေါ်မှာမှ မရှိပြန်ဘူးဆိုရင် ခေါင်းတွဲထဲမှာ ရှိရမယ်လို့ တွေးကြလိမ့်မယ်။ ပြီးတော့လည်း ခေါင်မိုးပေါ်မှာ ခြေရာ လက်ရာတွေ ကျန်ခဲ့တာကလည်း တစ်ကြောင်းပေါ့လေ"

ဒီကင်က ရက်ဖာတီကို လှမ်းပြောလိုက်ပြန်သည်။

"မင်း သူ့ကို သေနတ်နဲ့ အမြဲချိန်ထား။ သူ လှုပ်လှုပ်ရှားရှား လုပ်ရင် ပစ်သာသတ်လိုက်"

"ပစ်သတ်ရမယ် ဟုတ်လား"

"အေး ဟုတ်တယ်၊ မင်း လမ်းပေါ်မှာ မြွေပွေးတစ်ကောင်ကို တွေ့ရင် သေအောင် မသတ်ဘဲ ဒဏ်ရာရရုံလောက်တင် လုပ်မှာလား။ ဒီဘန်လွန်ဆိုတဲ့ အကောင်က မြွေပွေးထက်တောင် ကြောက်စရာ ကောင်းသေးတယ်။ ငါပြောသလို ပစ်သာသတ်လိုက်စမ်းပါ။ တို့ မသတ်ရင်လည်း သူ ကြိုးပေးခံရမှာ သေချာပါတယ်"

"ဘာပြောတယ်၊ ကြိုးပေးခံရမယ် ဟုတ်လား"

ဘန်လွန်၏ မျက်နှာမှာ ရှုံ့မဲ့သွားသည်။

"ဟေ့ ဒီကင် မင်းကိုယ်မင်း ဘာကောင် ထင်နေသလဲ၊ ဥပဒေအရ ပြောရမယ်ဆိုရင်"

ဒီကင်က သူ့ကို ဆက်ပြောခွင့် မပြုပါ။ သူက ဆိုင်းမဆင့် ဗုံမပါ ရှေ့သို့ တိုးသွားပြီးနောက် လက်ဖမိုးနှင့် လက်ပြန်ရိုက်ထည့်လိုက်ရာ ဘန်လွန်သည် ယိုင်လဲသွားပြီး စက်ကိရိယာဒိုင်ခွက်များနှင့် တိုက်မိခိုက်မိသောကြောင့် ဘန်လွန်၏ နှာခေါင်းနှင့် ပါးစပ်ထဲမှ သွေးများ စီးကျလာသည်။

"မင်း မသေမချင်း မှတ်ထား၊ ငါဟာ ဥပဒေဘက်တော်သား တစ်ယောက်ပဲ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဘန်လွန်သည် နှာခေါင်းနှင့် ပါးစပ်မှ ထွက်ကျလာသော သွေးများကို ညစ်ပတ်လှသော အဝတ်စုတ်တစ်ထည်နှင့် သုတ်လိုက်၏။ အောက်သိုးသိုး မျက်နှာသည် ယခုအချိန်တွင် ပို၍သွေးဆုတ်ပြီး ချက်ချင်းလက်ငင်း အိုစာကျသွားသည်ကို တွေ့ရသည်။ သူ့မျက်လုံးမှာလည်း ချောင်ထဲတွင် ပိတ်မိနေသော ခွေးတစ်ကောင်လို ကြောက်ကန်းတောင်းမှောက် ဖြစ်နေ၏။ သူက ဒီကင်ကို ကြည့်လိုက်၊ ကလဲယားမွန်ကို ကြည့်လိုက်နှင့် စိတ်ဂနာမငြိမ် ဖြစ်နေပုံရသည်။ သို့သော် မည်သူကို ကြည့်ကြည့် သူ့ကို သနားကြမည့်ပုံမပေါ်။ သူ့ကို ခပ်ထန်ထန် ပြန်ကြည့်နေသည်။

"အေး မင်းကတော့ လမ်းဆုံးကို ရောက်နေပြီ၊ အလမ္မာယ်သမားဟာ မြွေနဲ့ပဲ အသက်ဆုံးရတယ်၊ ဓားသမားဟာ ဓားနဲ့ပဲ အသက်ဆုံးရတယ်။ မင်းလည်း အခု ဥပဒေစက်ကွင်းက ပြေးမလွတ်တော့ဘူး။ ဒီမှာ ဘန်လွန်၊ ဂျွန်စတန်တွန်ဒီကင်ဆိုတာ တခြားလူ မဟုတ်ဘူး။ သူက အစိုးရစုံထောက်၊ ဥပဒေဘက်တော်သားဒါဆိုရင် မင်းအတွက် လုံလောက်ရောပေါ့ကွာ"

မှန်ပါသည်။ ဘန်လွန်ကလည်း ကောင်းကောင်းကြီး ရိပ်မိလိုက်ပါသည်။ သူ့မျက်နှာမှာ ပို၍ပင် ချောက်ချားလာပုံရ၏။

ဒီကင်က ရက်ဖာတီကို ပြောလိုက်သည်။



"မင်း ပစ်ရင် ခေါင်းကို မပစ်နဲ့၊ ကိုယ်ကို ချိန်ပြီးပစ်။ တော်တော်ကြာ ကျည်ဆန်က သံနံ့ရုံကိုမှန်ပြီး တို့ဆီကို ပြန်လာလိမ့်မယ်"

သူက ထိုလူစုကို ကျောခိုင်းလိုက်ပြီး ထင်းထားရာ နေရာသို့ သွား၍ ညာဘက် နောက်ဘက် ထောင့်နားတွင် ရှိနေသော ထင်းများကို အခြားတစ်နေရာသို့ ရွှေ့နေသည်။ မာရီကာနှင့် ဘန်လွန်တို့က သူ့ကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ကလဲယားမွန်သည် ခြောက်လုံးပြူးသေနတ်ကို မောင်းတင်ပြီး ဒီကင်နှင့် ဘန်လွန်ကို တစ်လှည့်စီ အကဲခတ်ပြီး နေသည်။ ရက်ဖာတီကမူ ညွှန်ကြားထားသည့်အတိုင်း သူ့မျက်လုံးကို ဘန်လွန်ကိုယ်ပေါ်မှ မခွာပါချေ။

ဒီကင်သည် ထင်းများကို ရွှေ့ပြီးဖြစ်သည့်အတွက် ခါးကို ပြန်ဆန့်ပြီး ကိုယ်ကို တစ်ဖက်သို့ ရွှေ့ပေးလိုက်သည်။ မာရီကာ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး ပါးစပ်ကို လက်ဝါးနှင့် ကာလိုက်၏။ ကလဲယားမွန်ကမူ ထင်းပုံကြားထဲမှ ပေါ်လာသော ယူနီဖောင်း ဝတ်ထားသည့် ပုဂ္ဂိုလ်နှစ်ဦး၏ ရုပ်ကလာပ်ကို ငေးကြည့်နေသည်။

"အုတ်ကလန်နဲ့ နီဝဲလ်တို့ပါလား"

ဒီကင်က ဘန်လွန်ကို ထပ်ပြောလိုက်၏။

"အေး ငါပြောသလို မင်းကတော့ ကြိုးစင်ကို တန်းတက်ရလိမ့်မယ်"

ဒီကင်က ကလဲယားမွန်ဘက်သို့ လှည့်ပြီး ပြောပြန်သည်။

"ရီစီမြို့တွန်းက အုတ်ကလန်နဲ့ နီဝဲလ်ကို ဘာပြုလို့ ရှာမတွေ့ဘူးဆိုတာ သဘောပေါက်ပြီ မဟုတ်လား။ သူတို့က ရထားကို ခွာပြီး တခြား ဘယ်ကိုမှ မသွားခဲ့ကြတာဘဲ"

"သူတို့ မသိသင့်တဲ့ ကိစ္စတစ်ရပ်ကို သိသွားကြလို့နဲ့ တူတယ်"

"ဟုတ်ပါတယ်၊ သူတို့ ဒီခေါင်းတွဲထဲမှာ မသင်္ကာစရာကိစ္စ တစ်ခုကို တွေ့သွားကြတာနဲ့ တူတယ်။ ပြီးတော့လည်း သူတို့ ဒီမှာတင် အသတ်ခံရပုံရတယ်။ သူတို့ရဲ့ အလောင်းတွေကို တခြားဘယ်ကိုမှ သယ်သွားနိုင်မှာ မဟုတ်ဘူး။ ဘူတာရုံရဲ့ ကြိမ်လမ်းပေါ်မှာလည်း စစ်သားတွေ အများကြီး ရှိနေတယ် မဟုတ်လား။ ဒီခေါင်းတွဲထဲမှာ သူ တခြား တစ်ယောက်ယောက်နဲ့ မသင်္ကာစရာ ပြောဆိုနေတာကို ကြားသွားလို့ ဖြစ်ရမယ်။ ဒီတော့ သူတို့က ခေါင်းတွဲပေါ်ကို တက်ပြီး စုံစမ်းကြလိမ့်မယ်၊ ဒါဟာ သူတို့ရဲ့ မဟာအမှားတော်ပုံပဲ"

"အေး ဟုတ်ပြီ၊ အဲဒီတခြားတစ်ယောက် ဆိုတာ ဟင်နရီပဲ။ ဘန်လွန်ကိုယ်တိုင်က မီးထိုးသမား ဂျက်ဆင်ကို မြို့ထဲကို လွှတ်လိုက်တယ်လို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဒီအလောင်းတွေကို ထင်းတုံးတွေနဲ့ ဖုံးထားဖို့ အချိန်ရ အောင် လုပ်တာပါ။ သူတို့ ဘယ်နည်းဘယ်ပုံ သေခဲ့ရတယ် ဆိုတာကို ကျွန်တော် မသိသေးဘူး။ ခေါင်းကို အထုခံရတာလား၊ ဓားနဲ့ ထိုးခံရတာလား။ တိတိကျကျ မပြောနိုင်ဘူး။ ဒါပေမဲ့ သူတို့အလောင်းတွေကို ဂျက်ဆင်က တွေ့သွားတော့ သူ့ကို အပြတ်ရှင်းဖို့ ဖြစ်လာပြန်တယ်"

ဒီကင်က အဆိုပါ ရုပ်အလောင်းများပေါ်သို့ ထင်းတုံးကြီးများကို ပြန်၍တင်လိုက်ပြန်သည်။

"ထင်းကလည်း တော်တော်လေး အကုန်များနေတော့ ဒီအလောင်းကြီး တွေကို ဂျက်ဆင် တွေ့သွားမှာ ဘန်လွန်က စိုးရိမ်လာတယ်။ ဒါကြောင့် ဂျက်ဆင်ကို အရက်မူးအောင် တိုက်ပြီး သူ့ အမူးလွန်သွားမှ ဒီအလောင်းကြီးတွေကို ရထားပေါ်က ပစ်ချခဲ့မယ်လို့ စိတ်ကူးပုံရတယ်။ ဒါပေမဲ့ ဂျက်ဆင်က အရက်မူးမူးနဲ့ ထင်းတုံးကို ဟိုကဆွဲ ဒီကဆွဲ လုပ်ရင်းနဲ့ အလောင်းတွေကို မတော်တဆ တွေ့သွားတယ်။ ဒါကြောင့် ဘန်လွန်က သူ့ကို မလွှဲမရှောင်သာ သတ်လိုက်ရတယ်။ စပန်နာကြီး တစ်ချောင်းနဲ့ ရိုက်လိုက်တာ ထင်ပါရဲ့။ ဒါပေမဲ့ အဲဒီတုန်းက မသေသေးဘူး"

"ဘုရားစူးရပါစေရဲ့ ဗိုလ်မှူးကြီးရာ၊ ဒီအရူးက ဘာတွေလျှောက် ပြော နေသလဲဆိုတာ ကျွန်တော်လည်း မသိတော့ဘူး"

ဘန်လွန်၏အသံမှာ ကျယ်ကျယ်လောင်လောင်ကြီး ပေါ်ထွက်လာသည်။ ချောင်ထဲတွင် ပိတ်နေသော ခွေးတစ်ကောင်နှင့် တူလှပါဘိ။ သို့သော် ကလဲယားမွန့်က သူ့ကို လုံးဝဂရုမစိုက်ပါ။ ဒီကင်ကို လှမ်းပြောလိုက်၏။

"ကဲ ဆက်ပြောစမ်းပါဦး"

"ဂျက်ဆင်ဟာ ချောက်ကမ်းပါးစွန်းနဲ့ ရိုက်မိတဲ့အခါကျမှ သေခဲ့ရတာပါ။ ဂျက်ဆင်ရဲ့ ဇက်ပိုးမှာ သွေးသိပ်ထွက်နေတဲ့ ဒဏ်ရာကြီးတစ်ခုကို တွေ့ရတယ်"

"သေပြီးရင် သွေးထပ်မထွက်တော့ဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ဘန်လွန်က ဂျက်ဆင်ရဲ့ လက်ကောက်ဝတ်ကို အဝတ် တစ်စနဲ့ ချည်ပြီးမှ ရထားပေါ်က တွန်းချလိုက်တာပါ။ ပြီးတော့လည်း ရထား စက်ခေါင်းရှေ့မှာ ရှိတဲ့ ဆီးနှင်းခဲတွေကို သွားသုတ်တဲ့ ပုံသဏ္ဌာန်မျိုး ဖြစ်အောင် လုပ်ပြီးမှ ရထားကို ရပ်လိုက်တာပါ"

ဘန်လွန်သည် အကြီးအကျယ် တုန်လှုပ်ချောက်ချားနေပြီ ဖြစ်ပါ၏။ သူ့အသံမှာ ခြောက်ကပ်ကပ်နိုင်လှသည်။



"ခင်ဗျား ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး တစ်ချက်မှ သက်သေ အထောက် ထား ပြနိုင်မှာ မဟုတ်ပါဘူး"

"အေး ဟုတ်တယ်၊ သက်သေပြနိုင်မှာ မဟုတ်ဘူး။ ပြီးတော့လည်း မြို့ဘက်ကို ဆက်ထားတဲ့ ကြေးနန်းကြိုးတွေကို ဖြတ်ဖို့ အချိန်ရအောင် အင်ဂျင် တ် ချို့ယွင်းသွားပါတယ်လို့ ညာတာကိုလည်း သက်သေမပြနိုင်ဘူး"

ကလဲယားမွန့်က တစ်လုံးချင်း ဝင်ပြောသည်။

"ဟုတ်တယ်၊ ရိစ်မြို့တုန်းက ဒီကောင် အင်ဂျင်စက်ကို ကလိနေတာ ါ တွေ့ခဲ့တယ်"

"ဟုတ်ပါတယ်၊ မူလီကို ဝက်အူရစ် လျှော့နေတာ ထင်ပါရဲ့။ ပြီးတော့ ည်း ထင်းမကုန်ခင် ထင်းထပ်ဖြည့်ဖို့ အစီအစဉ် လုပ်တယ်။ အဲဒါကလည်း စ်သားတွေပါတဲ့ တွဲတွေ ပြုတ်ကျန်ရစ်ခဲ့အောင် တွဲချင်းဆက်တဲ့ နေရာမှာ အချိန် ိုက်ထားတဲ့ ဒိုင်းနမိုက်တပ်ဖို့ အချိန်ရအောင် လုပ်တာပါလို့ ငါ သက်သေပြနိုင်မယ် ထင်ဘူး။ အဲဒီနေရာကစပြီး အမတ်စောက်ဆုံး ရထားလမ်းကို တက်ရတော့မှာကိုး။ ြီးတော့လည်း အဲဒီတွဲပေါ်က လူတွေ ဘာဖြုလို့ ခုန်မချကြပါလိမ့်လို့ တွေးမိခဲ့တာရဲ့ အဖြေကိုလည်း စဉ်းစားလို့ရပြီ။ အဲဒီတွဲတွေကို ချောက်ထဲက ပြန်တင်ပြီး စစ်ဆေး ယ်ဆိုရင် တွဲတံခါးတွေကို အပြင်က ပိတ်ထားတာရယ်၊ ဘရိတ်သမားကိုပါ သတ်ပစ်လိုက်တယ် ဆိုတာတွေကို တွေ့ရမှာ အမှန်ပဲ"

မာရီကာက ဝင်ပြောသည်။

"ဒါဖြင့် ဒါဟာ တမင်စီစဉ်ပြီးမှ သတ်လိုက်တာပဲပေါ့၊ အဲဒီလူတွေ အားလုံးဟာ တမင်အသတ်ခံခဲ့ရတာပဲပေါ့"

သူတို့သည် သေနတ်သံ လေးချက်ကို တစ်ပြိုင်တည်းလိုလို ကြားလိုက် ပြီးနောက် ကျည်ဆန်လေးခုသည် စက်ခေါင်းတွဲ၏ သံကိုယ်ထည်ကို လာရောက် ထိမှန်ပြီး ဆီးနှင်းတောထဲသို့ လွင့်စဉ်သွားကြပါ၏။ ကံကောင်းထောက်မသဖြင့် စက်ခေါင်းတွဲ၏ အတွင်းဘက်သို့ လွင့်စဉ်လာကြခြင်း မရှိကြပါချေ။

"ဝပ်"

ဒီကင်က အော်လိုက်သည်။ သူတို့လေးဦးသည် စက်ခေါင်းကြမ်းပြင် ပေါ်နှင့် ထင်းပုံနောက်သို့ တစ်ပြိုင်နက်တည်း ဝပ်ချလိုက်ကြပါ၏။ ဘန်လွန်မှ ကျန်လူများလို ဝပ်မချပါ။ သူ့အတွက် သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီးဆိုသည့် အဆင့်သို့ ရောက်နေလေပြီ။ သူက တစ်ပေခွဲခန့်ရှည်သော စပန်နာကြီးတစ်ချောင်း ဆို ဆွဲယူလိုက်ပြီးနောက် ကုန်းကွကွ ဖြစ်နေသော ရက်ဖာတီ၏ ခေါင်းကို တအားကုန်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချလိုက်သည်။ ဘန်လွန်သည် ရိုင်ဖယ်သေနတ်ကို ရက်ဖာတီ၏ လက်ထဲ
ဆွဲယူလိုက်ပြီးနောက် နောက်သို့ ချာခနဲ လှည့်လိုက်သည်။ သူက ရထားတွဲ
နောက်ဘက်ဆီသို့ သေနတ်နှင့် လှမ်းချိန်ရင်း အာရုံစိုက်နေသော ကာလဲယားမွန့်
ရိုင်ဖယ်နှင့်ချိန်၍ အမိန့်ပေးလိုက်၏။

"မလှုပ်နဲ့"

ဒီကင်၏ သေနတ်သည် ခါးကြားထဲ၌ ထိုးလျက်သားပင် ရှိနေသေး
သည်။ သူက ဒီကင်ကိုပါ ပြောလိုက်၏။

"မင်း သတ္တိရှိရင် လှုပ်ကြည့်စမ်း"

သို့သော် ဘယ်သူမှ မလှုပ်ကြပါ။

"ကဲ သေနတ်တွေကို အောက်ချလိုက်တော့"

သူတို့နှစ်ဦးက သေနတ်များကို ကြမ်းပြင်ပေါ်သို့ ချလိုက်သည်။

"ကဲ ထစမ်း၊ လက်နှစ်ဖက်ကို ခေါင်းပေါ်မှာ မြှောက်ထား"

သုံးယောက်စလုံး မတ်တတ်ရပ်လိုက်ကြသည်။ ကာလဲယားမွန့်နှင့်
ဒီကင်ကသာ လက်ကို မြှောက်ထားပါ၏။ ဘန်လွန်က မာရီကာကို ငေါက်လိုက်သည်။

"ဟေ့ ပြောနေတာ ကြားတယ်မဟုတ်လား"

သူ့ကို ကြည့်ရသည်မှာ ဘန်လွန်၏ အမိန့်ပေးစကားကို ကြားလိုက်
ဟန် မရပါ။ သူက ရက်ဖာတီကို ငုံ့ကြည့်နေပါ၏။ သူ သေဆုံးသွားပြီ ဆိုသည်မှာ
သေချာလှပါသည်။

ဘန်လွန်က ရိုင်ဖယ်ကို အနည်းငယ် နေရာရွှေ့လိုက်သည်။

"ကဲ အမျိုးသမီး၊ ဒါ မင်းကို နောက်ဆုံးပြောတာပဲ"

မာရီကာသည် အိပ်မက် မက်နေသူတစ်ဦးပမာ လက်နှစ်ဖက်ကို ခေါင်း
ပေါ်သို့ ဖြည်းညင်းစွာ မြှောက်လိုက်၏။ ဘန်လွန်က ဒီကင်ဘက်သို့ လှည့်၍
အာရုံစိုက်လိုက်သည်။ ထိုအချိန်တွင် မာရီကာ၏ ညာလက်သည် တွဲလောင်းဆွဲထား
သော ရေနံဆီမီးခွက်ဆီသို့ မသိမသာ ရောက်ရှိသွားပါ၏။ ထိုကိစ္စကို ဒီကင်က
လှမ်းမြင်သော်လည်း လုံးဝမမြင်သကဲ့သို့ မသိကျိုးကျွန်ပြုနေသည်။ မာရီကာက
ရေနံဆီမီးခွက်ကို လက်နှင့် ဆုပ်ကိုင်လိုက်၏။

ဘန်လွန်က ပြောလိုက်သည်။

"မင်း ဟိုအိပ်ရာခင်းအဖြူစတွေကို ဘာပြုလို့ ယူလာသလဲဆိုတာ ငါ
မသိဘူး။ ဒါပေမဲ့ အခုတော့ အဲဒီအဖြူစတွေဟာ သိပ်ကို အသုံးဝင်သွားပြီ။ ထဲ
မင်း ထင်းပုံပေါ်ကို တက်ပြီး အဝတ်ဖြူနဲ့ ယမ်းပြလိုက်စမ်း၊ အခုလုပ်"



မာရီကာသည် ရေနံဆီမီးခွက်ကို မ,ယူလိုက်ပြီးနောက် ရှေ့သို့ တအား
လွှဲပြီးပေါက်လိုက်သည်။ ဘန်လွန်သည် သူ့ဆီသို့ မီးရောင် လက်ခနဲ ရောက်လာ
ကြောင်း ဖျတ်ခနဲ သတိထားလိုက်မိ၏။ ထို့ကြောင့် ဘေးသို့ ဝုန်းခနဲ လှည့်ပြီး
ရှောင်လိုက်သော်လည်း နောက်ကျသွားသည်။ ထို့ကြောင့် မီးခွက်က သူ့မျက်နှာကို
တည့်တည့်ကြီး ဝင်မှန်သည်။ သူ့လက်ထဲမှ ရိုင်ဖယ်သည် လွတ်ကျမသွားသော်
လည်း နှစ်စက္ကန့်လောက် အခြေအနေ ပျက်ပြားသွားပါ၏။ သို့သော် နှစ်စက္ကန့်ဆိုသော
အချိန်ကာလပိုင်းသည် ဒီကင်အတွက် လိုသည်ထက်ပင် ပို၍နေသေးသည်။ ဒီကင်က
ရှေ့သို့ ဒိုင်ဗင်ထိုး၍ ဘန်လွန်၏ ဗိုက်ကို ခေါင်းနှင့် ပစ်ဆောင့်လိုက်၏။ ထို့ကြောင့်
ဘန်လွန့်လက်ထဲမှ ရိုင်ဖယ်သည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။ ဘန်လွန်
ကိုယ်တိုင်မှာလည်း ပြင်းထန်လှသော အရှိန်ဖြင့် နောက်သို့ ဒယီးဒယိုင် လဲကျသွားပြီး
ဘွိုင်လာအိုးနှင့် ဆောင့်မိသွားသည်။ ဒီကင်က ဘန်လွန်နောက်သို့ တစ်ပြိုင်နက်တည်း
လိုက်ပါသွားပြီး ဘန်လွန်၏ လည်ပင်းကို ဆုပ်ကိုင်လျက် ခေါင်းနှင့် ဘွိုင်လာအိုးကို
နှစ်ကြိမ် ပစ်ဆောင့် ကိုင်ရိုက်လိုက်သည်။

ဒီကင်၏ မျက်နှာထားမှာ ရုတ်တရက် ပြောင်းလဲသွားသည်။ ရက်ဖာတီ၏
အလောင်းကို မျက်စောင်းထိုး၍ ကြည့်လိုက်ပြီးနောက် ဒီကင်၏ မျက်နှာပေါ်တွင်
ရက်စက်ကြမ်းကြုတ်သော အမူအရာ ပေါ်ပေါက်လာ၏။ မာရီကာက သူ့ကို အထိတ်
တလန့်နှင့် ကြည့်နေမိသည်။ ဒီကင်က ဘန်လွန်ဆီသို့ ပြန်၍အာရုံစိုက်လိုက်သည်။
ဘန်လွန်သည် ထိုအချိန်တွင် သေကောင်းသေနေလိမ့်မည်။ သို့သော် ဒီကင်က
ဂရုမစိုက်တော့ပါ။ ဒီကင်က ဘန်လွန်၏ ခေါင်းကို ဘွိုင်လာအိုးနှင့် နောက်တစ်ကြိမ်
ထပ်ဆောင့်ပစ်လိုက်ပြန်သည်။ ထိုအရှိန်ကြောင့် ဦးခေါင်းခွံ ကွဲအက်သွားမည်မှာ
သေချာလှပါ၏။ ဒီကင်က ဘန်လွန်၏ ခန္ဓာကိုယ်ကြီးကို မ,ယူလိုက်ပြီးနောက်
အပေါက်ဝဆီသို့ နှစ်လှမ်းခန့် လျှောက်သွားပြီး အပေါက်ဝမှနေ၍ အပြင်ဘက်သို့
ပစ်ချလိုက်သည်။

ပထမတွဲ၏ ဦးပိုင်းရှိ စင်္ကြံလမ်းပေါ်တွင် ပီးယားစ်နှင့် အိုဘရိုင်ရင်
တို့သည် သေနတ်ကိုယ်စီ ကိုင်လျက် အသင့်စောင့်နေကြလေသည်။ ချက်ချင်း
လိုလိုပင် စက်ခေါင်းတွဲပေါ်မှ လူတစ်ယောက် ရထားလမ်းဘေးသို့ တလိမ့်ခေါက်
ကွေး ကျသွားသည်ကို ထိတ်လန့်တကြား တွေ့လိုက်ကြရ၏။ ထိုလိမ့်ကျသွားသော
ပုဂ္ဂိုလ်မှာ ဘန်လွန် ဖြစ်ကြောင်း သူတို့နှစ်ဦးက ချက်ချင်းလိုလို သတိပြုလိုက်မိသည်။
သူတို့နှစ်ဦးသည် တစ်ယောက်မျက်နှာကို တစ်ယောက် ကွက်ခနဲ ကြည့်လိုက်မိ
ပြီးနောက် စင်္ကြံလမ်းပေါ်မှ တွဲထဲသို့ ကပျာကယာ ပြန်ဝင်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စက်ခေါင်းတွဲထဲတွင်လည်း ဒီကင်၏ အမူအရာမှာ ချက်ချင်းပင် ပြောင်းလဲသွားသည်။ သူက မာရီကာ့ကို လှမ်းပြောလိုက်၏။

"ကဲ အစ်မကြီး၊ ကျုပ် ဒီလို ရက်ရက်စက်စက် မလုပ်သင့်ဘူးလို့ ဆုံးမပါဦးလေ"

မာရီကာက ပြန်ဖြေသည်။

"နို့ ရှင်ကပဲ သူ့ကို အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ အရေးယူလို့ ရမှာမဟုတ်ဘူးဆို။ အဲဒီလိုကြေးသာဆိုရင် သူ့ကို အခုလို ဘာပြုလို့ မလုပ်ရမှာလဲ"

ဒီကင်၏ မျက်နှာထားသည် အကြီးအကျယ် ပြောင်းလဲသွားပါ၏။ သူက မာရီကာကို တအံ့တဩ ပြန်ကြည့်လိုက်သည်။

"ဟေး ဒီလိုဆိုရင် မင်းကလည်း ဘယ်ဆိုးလို့တုံး၊ တို့နှစ်ယောက်ကြားမှာ သဘောထားချင်း မတိုက်ဆိုင်မှုတွေ တဖြည်းဖြည်း နည်းလာပြီပေါ့နော်"

မာရီကာက ချစ်စဖွယ် ပြုံးလိုက်၏။

"နေပါဦး၊ ကျွန်မ စိတ်သဘောထားကို ရှင်က ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့တုံး"

❖

ပထမတွဲအတွင်းရှိ နေ့အပန်းဖြေရိပ်သာခန်းအတွင်း၌ အိုဘရိုင်ရင်၊ ပီးယားစ်၊ ဟင်နရီနှင့် ဘုရင်ခံကြီးတို့သည် ထိုးစစ်ဆင်နွှဲရန်အတွက် စည်းဝေးထိုင်နေကြသည်။ ဘုရင်ခံကြီးကမူ စကားများများ မပြောဘဲ ဝီစကီဖန်ခွက်ကို ကိုင်၍ မီးလင်းဖိုကို ငေးငေးငိုင်ငိုင်ကြီး စိုက်ကြည့်နေ၏။ အလွန်အမင်း စိတ်ဓာတ်ကျနေသည့် အမူအရာက သူ့မျက်နှာတွင် အထင်းသား ပေါ်နေသည်။

"ဒုက္ခပါပဲကွာ၊ ဒုက္ခပါပဲ။ ငါတော့ နှာခေါင်းကျည်ပွေ့ ကောင်းကောင်းကြီး ထိနေပြီ"

"ဘာ အခုမှ လာညည်းညူနေရတာလဲ"

မေဂျာအိုဘရိုင်ရင်၏ အသံက ခက်ထန်စွာ ပေါ်လာ၏။

"ခင်ဗျားကြီးဟာ ဘုရင်ခံဖြစ်ရေးအတွက် အကြီးအကျယ် လာဘ်ထိုးခဲ့ပြီး ရွေးကောက်ပွဲမှာ မတော်မတရားနည်းနဲ့ အနိုင်ရအောင် လုပ်ခဲ့တယ်။ တစ်ခါ ခင်ဗျားကပဲ ခင်ဗျားရဲ့ ဒုစရိုက်မှုတွေမှာ ကျုပ်နဲ့ နသန်က ဝေစုဝင်ပါဖို့ မဲဆွယ်ခဲ့သေးတယ်။ ပြီးတော့ ခင်ဗျားကပဲ နသန်ကို လူနီတွေနဲ့ ဆက်သွယ်ဖို့



အကောင်းဆုံးပုဂ္ဂိုလ် ဖြစ်မယ်ဆိုပြီး ခန့်ခဲ့ပါတယ်။ တစ်ခါ ခင်ဗျားကြီးက ရသမျှ အမြတ်အစွန်းထဲမှာ ခင်ဗျားအတွက် တစ်ဝက်တိတိ လိုချင်တယ်လို့ အတင်းအဓမ္မ အရေးဆိုခဲ့သေးတယ်။ ဘာ ခုမှ နှာချောင်းကျည်ပွေ့ တွေ့ရပြီလေး ဘာလေးနဲ့ ပေါက်တတ်ကရ လာပြောမနေစမ်းပါနဲ့။ အော်ဂလီဆန်စရာ ကောင်းလွန်းလှပါတယ်"

ဘုရင်ခံကြီးက မကျေမချမ်းနှင့် ရေရွတ်လိုက်၏။

"ဒါပေမဲ့ အခုလို လူတွေကို အစုလိုက် အပြုံလိုက် သတ်ရတဲ့ကိစ္စမျိုး ပါလာလိမ့်မယ်လို့ ထင်မှ မထင်ခဲ့တာ။ ကျုပ်လို ရိုးသားဖြောင့်မတ်ဖြူစင်တဲ့ လူတစ်ယောက်အတွက် တစ်သက်လုံး စိတ်ချမ်းသာစရာ တစ်ကွက်မှ မရှိတော့ပါလား"

သူ၏ ညည်းညူ ကန့်ကွက်ချက်ကို လက်မခံဘဲ အိုဘရိုင်ရင်က ဆက်ပြောပြန်သည်။

"ပြီးတော့လည်း မင်းက ဒီကိစ္စမှာ တပ်ရင်းမှူးနဲ့ ပြဿနာတက်ခဲ့ရင် ငါ့တူမကို ခားစာခံလုပ်ဖို့အတွက် ခေါ်လာမယ်ဆိုတဲ့ ကိစ္စကို ကြိုမပြောဘူး၊ ပြီးတော့လည်း မင်းက"

ပီးယားစ်က ဒေါပွပွနှင့် ဝင်ပြောပြန်၏။

"တော်စမ်းပါဗျာ၊ ကျုပ်စိတ်ထဲမှာ ရှိသမျှကိုသာ ထုတ်ပြောရရင် ယုတ်ယုတ်မာမာ စကားလုံးတွေ ထွက်လာလိမ့်မယ်။ အကြောင်းကြောင်းတွေကို ထောက်ထားနေရလို့သာပေါ့ဗျာ"

ဘုရင်ခံကြီးက ပြန်လှန်ထိုးစစ်ဆင်လိုက်၏။

"မင်းတို့က အခုကိစ္စမှာ ရှေ့တန်းက တိုက်ပွဲဆင်နွှဲရမယ့် တိုက်စစ်မှူးတွေပဲ၊ အခုတော့ မင်းတို့က ဘာမှမလုပ်ကြပါလား"

အိုဘရိုင်ရင်က စက်ဆုပ်ရွံရှာသော လေသံနှင့် ပြန်ပြောလိုက်သည်။

"ခင်ဗျား ရူးနေသလား၊ ကျုပ်တို့က ဘာလုပ်လို့ရမှာတဲ့လဲ။ ဟိုစက်ခေါင်းနောက်ပိုင်းမှာ ပုံထားတဲ့ ထင်းပုံကြီးကို ခင်ဗျား မမြင်လို့လား။ အဲဒီထင်းပုံကြီး ပြိုအောင် အမြောက်နဲ့ ပစ်မှ ရမှာဗျ။ ပြီးတော့လည်း သူတို့က ကျုပ်တို့ကို အဲဒီထင်းပုံကြီးထဲက ချောင်းကြည့်နေပြီး ဒီတံခါးပေါက်က ထွက်လာတာနဲ့ တစ်ပြိုင်နက် ကျုပ်တို့ကို လှမ်းပြီး ဆော်ထည့်လိုက်မှာ။ ပြီးတော့လည်း အဲဒီနေရာကနေ ပစ်ခိုင်ခြောက်ပေလောက်ပဲ ရှိတာ။ ဘယ်လိုပစ်ပစ် ပစ်မလွဲဘဲဗျ။ သိလား"

"နေပါဦး၊ သူတို့ကို ရှေ့ဘက်က ဖြောင့်ဝင်တိုက်ဖို့ မလိုဘူး၊ မင်းတို့ ဒီရထားတွေရဲ့ နောက်ပိုင်းကို သွားပြီး ခေါင်မိုးပေါ်ကို တက်၊ ပြီးမှ ခေါင်မိုးပေါ်က

www.burmeseclassic.com



နေပြီး ရှေ့ကိုသွား။ အဲဒီလိုဆိုရင် မင်းတို့က ထင်းပုံပေါ်ကို အပေါ်က ငုံ့ကြည့်လို့ရပြီး အပေါ်စီး ရပြီပေါ့''

အိုဘရိုင်ရင်က ခေတ္တမျှ စဉ်းစားလိုက်သည်။ ပြီးမှ -

''ဒီလိုဆိုတော့လည်း ခင်ဗျားက ကျုပ်တို့ ထင်သလို လူပေါ့ကြီး မဟုတ်ပါလား''

❖

ဒီကာင်က စက်ခေါင်းအတွင်းရှိ စက်ခလုတ်မျိုးစုံကို နားလည်အောင် လေ့လာနေစဉ် ကလဲယားမွန့်က မီးဖိုထဲမှ မီးခဲများကို ဆွပေးနေပါ၏။ မာရီကာ ကလည်း တာလပတ်စ တစ်စကို ခြုံရင်း ထင်းတုံးတစ်တုံးပေါ်တွင် ထိုင်၍ ပထမတွဲဘက်ဆီသို့ ထင်းတုံးများအကြားမှ ချောင်းကြည့်နေသည်။ ကလဲယားမွန့် က မီးဖိုတံခါးကိုပိတ်ပြီး ခါးကို ပြန်ဆန့်လိုက်၏။

''ဒါဖြင့် ပီးယားစ်က တရားခံပေါ့ ဟုတ်လား''

ဒီကင်က ပြန်ဖြေသည်။

''ဟုတ်ပါတယ်၊ သူ့ကို သက်ဘမကင်း ဖြစ်နေခဲ့တာ ကြာပြီ။ သူဟာ တစ်ခါတုန်းကတော့ လူနီတွေနဲ့ ရင်ဆိုင်တိုက်ခဲ့တဲ့ လူတစ်ယောက်ပါပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က စပြီး သူ လူနီတွေနဲ့ ပူးပေါင်းခဲ့တယ်။ အဲ လူတကာရဲ့ အမြင်မှာတော့ သူဟာ လူနီတွေကို ကြီးကြပ်ကွပ်ကဲနေတဲ့ အစိုးရ ဘက်တော်သား။ တကယ်တမ်းကျတော့ သူက လူနီတွေကို လက်နက်ခဲယမ်း မီးကျောက်နဲ့ အရက်တွေ တိတ်တိတ်ရောင်းနေတဲ့လူ။ ကဲ မနိပ်ဘူးလား''

''အိုဘရိုင်ရင်ကကော''

''သူနဲ့ ပတ်သက်ပြီး ဘာမှ အပြစ်ပြောစရာ မရှိပါဘူး။ သူ့ရဲ့ တပ်မတော် မှတ်တမ်းကို အစက အဆုံးအထိ သိထားပါတယ်။ သူဟာ စစ်သားကောင်း တစ်ယောက် ဖြစ်ပေမယ့် အကျင့်စာရိတ္တကတော့ သိပ်မကောင်းဘူး။ ရီစီမြို့တုန်းက သူနဲ့ ပီးယားစ် ဖက်လဲတကင်း လုပ်ခဲ့ကြတာကို မှတ်မိလိမ့်မယ် ထင်ပါတယ်။ အဲ··· သူတို့က ၁၈၆၃ ခုနှစ်တုန်းက ချက်တာနူးဂါးတိုက်ပွဲမှာ အတူတူ လက်တွဲ တိုက်ခဲ့ကြပြီး အခု ပြန်တွေ့ကြရသလို သရုပ်ဆောင်ခဲ့ကြတယ်။ တကယ်ပြောရရင် အဲဒီတိုက်ပွဲမှာ အိုဘရိုင်ရင် ဝင်တိုက်ခဲ့တယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ နသန်ပီးယားစ်



ဆိုတဲ့ ငတိကတော့ အဲဒီတိုက်ပွဲနဲ့ မိုင်တစ်ထောင် ပတ်ဝန်းကျင်မှာတောင် မရှိဘူး။ အဲဒီအချိန်တုန်းက ပီးယားစ်ဟာ နီဗားဒါးပြည်နယ်မှာ ရှိတဲ့ မြင်းသည်တော် တပ်ခွဲ ခြောက်ခွဲရဲ့ လူနီကင်းထောက်ပါ။ ဒီတော့ အိုဘရိုင်ရင်ကပါ ညာပြောတယ် ဆိုတာ သေချာသွားတာပေါ့''

''ဘုရင်ခံကြီးကလည်း လူဆိုးပဲလား''

''ဒါပဲ ဖြစ်ရမှာပေါ့၊ သူဟာ ပျော့ညံ့တယ်။ ဥစ္စာပစ္စည်းကို လွန်လွန် ကျူးကျူး တပ်မက်တယ်။ အကြံအဖန်တွေ သိပ်များတယ်''

''သူကော ကြိုးစင်တက်ရမှာလား''

''ဟုတ်တယ်၊ သူပါ ကြိုးစင်တက်ရမှာ သေချာတယ်''

''မင်းကတော့ လူတိုင်းကို သံသယမျက်စိနဲ့ ကြည့်နေတဲ့လူပဲ''

''ဒါကတော့ ကျွန်တော့်ရဲ့ သဘာဝ၊ ကျွန်တော့်ရဲ့ အလုပ်ပဲကိုး''

''ငါ့ကိုကော သံသယမဖြစ်ဘူးလား''

''ခင်ဗျားက ပီးယားစ်ကို မီးရထားနဲ့ လိုက်မလာစေချင်ဘူး၊ ဒါကြောင့် ခင်ဗျားကို သံသယမဖြစ်ခဲ့တာ။ ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကို မီးရထားပေါ်မှာ ပါလာစေချင်တယ်။ အဲ··· ကျွန်တော်လည်း ပါလာချင်တယ်။ တကယ်ပြောရရင် ဌာနချုပ်က လုပ်ပေးလိုက်တဲ့ အလိုရှိသည်ဆိုတဲ့ ကြော်ငြာတန်ခိုးကြောင့် အလွယ် တကူ လိုက်လာနိုင်ခဲ့တာပေါ့''

ကလဲယားမွန့်က မကျေနပ်သော လေသံနှင့် ပြောသည်။ သို့သော် နာကြည်း ခံပြင်းမှု မပါပါ။

''မင်း ငါ့ကို အရူးလုပ်ခဲ့တာပဲ။ အေးလေ၊ ငါ့ကို လူတကာက အရူးလုပ် ခဲ့ကြတာပါ။ တကယ်တော့ ငါ့ကို တပ်မတော်ကပဲဖြစ်ဖြစ်၊ အစိုးရကပဲ ဖြစ်ဖြစ် ကြိုပြီးအသိပေးထားသင့်ပါတယ်''

''ဘယ်သူကမှ ခင်ဗျားကို အရူးလုပ်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော် တို့ ဌာနချုပ်အနေနဲ့ ဟမ်းဘိုးခံတပ်မှာ သက်ဘမကင်းစရာ ကိစ္စတစ်ရပ်တော့ ဖြစ်နေပြီ ဆိုတာလောက်ပဲ သံသယ ရှိခဲ့တာပါ။ ဒါကြောင့် ကျွန်တော် ရထားပေါ် ရောက်ခါစ တုန်းက ဟမ်းဘိုးမှာ ဘာဖြစ်နေတယ် ဆိုတာကို ခင်ဗျား သိသလောက်ပဲ သိခဲ့ပါတယ်''

''အခုတော့ ဘာဖြစ်နေသလဲ ဆိုတာကို သိပြီလား''

''ဟုတ်တယ်၊ အခုတော့ သိပြီ''

''ဒီကင်''

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ အော်သံ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဒီကင်သည် နောက်ဘက်သို့ ချာခနဲ လှည့်ပြီး ခါးကြားထဲမှ သေနတ်ကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်။

"ဟေ့ ဒီကင်၊ ငါ့သေနတ်က ဟိုကလေးမလေးကို ချိန်ထားတာနော်။ မင်း ရုတ်ရုတ်သဲသဲ လုပ်မယ်တော့ မကြံနဲ့"

ဒီကင်က ရုတ်ရုတ်သဲသဲ လုပ်ရန် လုံးဝမကြံစည်ပါ။ ပီးယားစ်သည် ပထမတွဲ၏ ဦးပိုင်းခေါင်မိုးစွန်းတွင် ခြေတွဲလောင်းချ၍ ထိုင်နေပါ၏။ သူ့လက်ထဲတွင်ကား တည်ငြိမ်စွာ ချိန်ထားသော ကို့တ်ခြောက်လုံးပြူး။ သူ့မျက်နှာထားက တော့ ရန်လိုသည့် အမူအရာ။

ဒီကင်သည် သူ့လက်နှစ်ဖက်ကို သေနတ်နှင့် လွတ်လွတ်ကင်းကင်း ရှိအောင် ဘေးသို့ ဝေးဝေးချထားပါသည်။ ယခုအချိန်တွင် ဒီကင်တစ်ယောက် မျက်တောင်ပင် လုံးဝမခတ်ရဲတော့ပါ။ အချယ့်ကြောင့်ဆိုသော် ပီးယားစ်၏ နောက် တစ်လှမ်း နှစ်လှမ်းအကွာတွင် ပစ္စတိုသေနတ်ကို ကိုင်ထားသော အိုဘရိုင်ရင်ပါ ကပ်၍ပါလာကြောင်း မြင်လိုက်ရ၍ ဖြစ်သည်။

ဒီကင်က အော်၍ မေးလိုက်သည်။

"ကျုပ်က ဘာလုပ်ပေးစေချင်သလဲ"

"မင်း နည်းနည်းတော့ လိမ်မာလာပြီကိုး စုံထောက်ကြီးရဲ့"

ပီးယားစ်က ရယ်ရယ်မောမော လေသံနှင့် ပြောလိုက်သည်။ ပြီးမှ-

"ကဲ ရထားကို ရပ်လိုက်စမ်း"

ဒီကင်က စက်ခလုတ်များ ရှိရာသို့ ပြန်လှည့်ပြီး သူ့ကိုယ်သူ ပြန်ပြောသော လေသံနှင့် ရေရွတ်လိုက်သည်။

"ဟိုပုဂ္ဂိုလ်ကြီးက ရထားကို ရပ်ရမယ်တဲ့"

ဒီကင်က ဘရိတ်ကို နည်းနည်းလျှော့လိုက်ပြီးနောက် ရေနွေးငွေ့ကို ပိတ်လိုက်သည်။ ၎င်းနောက် ဝုန်းခနဲ ဘရိတ်လက်ကိုင်ဘီးကို တအားကုန် လှည့်ချလိုက်၏။ ရထားဘီးများသည် တုံ့ခနဲ ရပ်သွားပြီး ခေါင်းတွဲအဆက်နှင့် ပထမတွဲတို့ ပြင်းထန်စွာ ဆောင့်မိသော အသံများသည် ဆက်တိုက် ပေါ်ထွက်လာသည်။

ခေါင်မိုးပေါ်တွင် ရှိနေသော သေနတ်သမား နှစ်ဦးမှာမူ အလွန်ဆိုးဝါးသော အခြေအနေနှင့် ရင်ဆိုင်နေရပြီ ဖြစ်ပါ၏။ ရုတ်တရက် အရှိန်တုံ့သွားပြီးနောက် တွဲတွဲချင်း ပြင်းထန်စွာ ဆောင့်မိသည့်အတွက် ရေခဲများ ဖုံးနေသော တွဲခေါင်မိုးပေါ်တွင် ထိုင်နေသော ပီးယားစ်သည် အောက်ဘက်ရှိ စကြီလမ်းပေါ်သို့



ကိုးရိုးကားရားကြီး လိမ့်ကျလာသည်။ သူ့လက်ထဲမှ ခြောက်လုံးပြူးမှာ ရထားသမ်းဘေးသို့ လွင့်စဉ်ကျသွားပြီး သူကိုယ်တိုင်မှာလည်း ရထားတွဲပေါ်မှ လိမ့်မကျစေရန် သံလက်ရန်းကို အချိန်မီ ဖမ်းဆွဲလိုက်ရရှာသည်။

ပီးယားစ်၏ နောက်တွင်ရှိသော အိုဘရိုင်ရင်မှာမူ ရထားခေါင်မိုးပေါ်တွင် ဗဟိုအူကြောင်းတစ်လျှောက် မှောက်လျက်ကြီး ဖြစ်နေပြီး ပီးယားစ်ကဲ့သို့ လိမ့်ကျမသွားစေရန် ခေါင်းတိုင်ပြွန်တစ်ခုကို ဖက်တွယ်ထားရရှာ၏။

ဒီကင်က "ဝပ်" ဟု အော်လိုက်ပြီးနောက် ဘရိတ်ဘီးကို ပြန်လျှော့ရင်း ရေနွေးငွေ့ကို ပြန်ဖွင့်လိုက်သည်။ ၎င်းနောက် ထင်းပုံဆီသို့ ဒိုင်ဗင်ထိုး၍ ခုန်ဝင်လိုက်၏။ ထိုအချိန်တွင် ကလဲယားမွန့်သည် ရထားတွဲ ကြမ်းပြင်ပေါ်၌ မှောက်လျက်သားကြီး ဖြစ်နေပြီး မာရီကာကမူ နာကျင်သော ဝေဒနာကို ခံစားနေရဟန်နှင့် ကြမ်းပေါ်တွင် ထိုင်နေသည်။ ဒီကင်က စွန့်စွန့်စားစား ထင်းပုံပေါ်မှ ကျော်၍ နောက်ဘက်သို့ ကြည့်လိုက်၏။

စင်္ကြံလမ်းပေါ်တွင် ပြန်၍မတ်တတ်ရပ်နေနိုင်နေပြီ ဖြစ်သော ပီးယားစ်သည် လုံခြုံမှုရှိသော ရထားတွဲထဲသို့ အပြေးအလွှား ဝင်ရောက်သွားသည်။ အလွန်အမင်း ဒေါသူနေပုံရသော အိုဘရိုင်ရင်ကမူ ပစ္စတိုသေနတ်နှင့် လှမ်းချိန်လိုက်သည်ကို တွေ့လိုက်ရသည်။ သူ့သေနတ်ပြောင်းဝမှ မီးရောင်တန်းကလေးသည် လက်ခနဲ ထွက်လာ၏။ ဒီကင်ကမူ သေနတ်သံနှင့် ရထားတွဲ နံရံကို သေနတ်ကျည်ဆန် လာထိသော အသံတို့ကို တစ်ပြိုင်နက်တည်း ကြားလိုက်ရသည်။ ထို့ကြောင့် ဒီကင်က ခုခံကာကွယ်သည့်အနေနှင့် ထင်းတုံးတစ်တုံးကို မ၍ တွဲခေါင်မိုးပေါ်သို့ နောက်ပြန် ပစ်၍ တင်လိုက်လေသည်။

အိုဘရိုင်ရင်အတွက် ပစ်မှတ် မယ်မယ်ရရ မရှိပါ။ သို့ရာတွင် ကျည်းမြောင်းလှသော မီးရထားစက်ခေါင်း၏ စက်ခန်းထဲသို့ စွတ်၍ ပစ်ထည့်လိုက်ခြင်းဖြင့် သံနံရံကို မှန်၍ ပြန်၍လွင့်စဉ်လာသော ကျည်ဆန်က လူတစ်ယောက်ယောက်ကို ဒုက္ခပေးနိုင်ကြောင်း သိထားသောကြောင့် အရမ်းစွတ်၍ ပစ်လိုက်ခြင်း ဖြစ်၏။ သို့သော် ပစ်ပြီးသည်နှင့် တစ်ပြိုင်နက် သူသည် ကြောက်လန့်တကြား ဖြစ်သွားရှာပါသည်။ သူ့ထံသို့ ဦးတည် ပျံဝဲလာနေသော ထင်းတုံးသည် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်လောက်ပင် ကြီး၍နေသည်ကို အထိတ်တလန့် တွေ့လိုက်ရ၏။ ထို့ကြောင့် ခေါင်မိုးပြွန်ကို ကိုင်ထားသော လက်ကို မလွှတ်ဘဲ တစ်ဖက်သို့ ကိုယ်ကို ရုတ်တရက် ရွှေ့ပြောင်းလိုက်ပါသည်။ သို့သော် အရှိန်အဟုန် ပြင်းစွာဖြင့် ဝင်လာသော သစ်တုံးကြီးသည် လွဲမသွားဘဲ ပခုံးတည့်တည့်သို့ ဝင်၍ ထိမှန်သေးသောကြောင့် သေနတ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားသော လက်မှာ ထုံကျဉ်သွားပြီး လက်ထဲမှ သေနတ်သည်လည်း အောက်သို့ လွင့်စဉ်ကျသွား၏။

အိုဘာရိုင်ရင်တွင် လက်နက် မရှိတော့သည့်အဖြစ်ကို ဒီကင်က မသိလိုက်ပါ။ ထို့ကြောင့် ထင်းတုံးများကို မြန်ဆန်နိုင်သမျှ မြန်အောင် ကောက်ယူပြီး ခေါင်မိုးပေါ်သို့ အဆက်မပြတ် ပစ်တင်နေပါ၏။ အိုဘာရိုင်ရင်သည် သူ့ထံသို့ အဆက်မပြတ် ဝင်လာသော ထင်းတုံးဒုံးပျံများအနက် အချို့ကို ရှောင်တိမ်း၍သော်လည်းကောင်း၊ အချို့ကို လက်နှင့်ကာ၍သော် လည်းကောင်း၊ ကာကွယ် နိုင်ခဲ့သော်လည်း ထင်းတုံးတော်တော်များများက သူ့ကို ဒုက္ခပေးခဲ့သည်သာ ဖြစ်သည်။ နောက်ဆုံးတွင် သူသည် ထိုနေရာ၌နေ၍ မရတော့ဘဲ ကုန်းကုန်းကွကွနှင့် ရထားတွဲ၏ ပွဲပိုင်းရှိ ခေါင်မိုးစွန်းသို့ ဆုတ်ခွာခဲ့ပြီး ခေါင်မိုးပေါ်မှ ပွဲပိုင်းရှိ စကြံလမ်းပေါ်သို့ ဟီးခနဲ သက်ပြင်းချကာ ပြန်ဆင်းလိုက်ရပါတော့သည်။

ထင်းတွဲထဲတွင်မှ ဒီကင်သည် ထင်းပုံပေါ်သို့ တက်၍ မတ်တတ်ရပ်လိုက်ပြီးနောက် နောက်ဘက်သို့ စွန့်စွန့်စားစား ခပ်မြန်မြန် လှမ်းကြည့်လိုက်သည်။ သူက ခပ်ကြာကြာ လှမ်းကြည့်နေပါ၏။ ရန်သူများ ရှင်းသွားလေပြီ။ စင်္ကြံလမ်းနှင့် ခေါင်မိုးပေါ်တွင် လူသူ ရှင်းလင်းလျက် ရှိပါ၏။ သူက မာရီကာဘက်သို့ ပြန်လှည့်ပြီး မေးလိုက်သည်။

"နာများသွားသေးသလား"

မာရီကာက သူ့ကိုယ်သူ လက်ဝါးနှင့် အသာအယာ ပွတ်လိုက်သည်။

"မြန်းခနဲ ထိုင်လိုက်တုန်းက ကြမ်းနဲ့ နည်းနည်းဆောင့်မိသွားလို့ နာတာပဲ ရှိပါတယ်"

ဒီကင်က ပြုံးပြီး ကလဲယားမွန့်ကို မေးလိုက်သည်။

"ကဲ ခင်ဗျားကကော"

"ငါကတော့ အရှက်ကွဲသွားတာလောက်ပါပဲကွာ"

ဒီကင်က ခေါင်းညိတ်လိုက်ပြီး ရေနွေးငွေ့ကို အဆုံးအထိ ဖွင့်ချလိုက်သည်။ ၎င်းနောက် ရက်ဖာတီ၏ ရိုင်ဖယ်ကို ကောက်ယူလိုက်ပြီး ထင်းပုံထဲတွင် ချောင်းကြည့်ရန် အပေါက်သစ်တစ်နေရာကို စီစဉ်နေလေ၏။



အပန်းဖြေခန်းထဲတွင် ဘုရင်ခံကြီးနှင့် သူ့အဖော် သုံးယောက်သည် စစ်ဆင်ရေးဆိုင်ရာ ဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပနေသည်။ သူတို့ စိတ်ထဲတွင် ရှုံးနိမ့်ပြီဟု တထစ်ချ မမှတ်ယူကြသေးသော်လည်း နာလိုခံခက် ဖြစ်နေကြသည်မှာ ထင်ရှားလှသည်။

ဘုရင်ခံကြီးသည် ထုံးစံအတိုင်း ပြည့်လျှံနေအောင် ထည့်ထားသော ဝီစကီဖန်ခွက်ကို လက်ထဲတွင် ကိုင်ထား၏။ သူက မီးလင်းဖိုထဲမှ မီးကျီးခဲများကို ငေးကြည့်နေသည်။ သူ့အမူအရာကို ကြည့်ရခြင်းဖြင့် အလွန့်အမင်း စိတ်ဓာတ် ကျဆင်းနေပုံရသည်။ ပီးယားစ်နှင့် အိုဘာရိုင်ရင်တို့၏ ရှေ့တွင်လည်း ဝီစကီဖန်ခွက်များ ရှိနေကြသည်။ သူတို့သည် အစွမ်းထက်သော လူစွမ်းကောင်းများ ဖြစ်ကြပြီး ရှုံးနိမ့်ခြင်း၏ အရသာကို တစ်ခါမှ ရေရေလည်လည်ကြီး မခံစားဖူးသေးသူများ ဖြစ်ပုံရ၏။ ဖန်ခွက်တစ်ခွက်ကို ကိုင်ထားသော ဟင်နရီကလည်း မလှမ်းမကမ်းတွင် ရပ်နေသည်။

ပီးယားစ်က ဒေါနှင့်မောနှင့် ပြောလိုက်၏။

"ဘယ်လိုလဲ ဘုရင်ခံကြီး၊ သည့်ထက်ကောင်းတဲ့ အကြံဉာဏ်များ ရှိသေးသလား"

"စိတ်ကူးကတော့ ငါ့စိတ်ကူးပါပဲ။ ဒါပေမဲ့ တကယ်အကောင်အထည်ဖော်တာက မင်းတို့ပါ။ မင်းတို့ထက် ဟိုကောင်က ဉာဏ်ရည်သာသွားလို့ ရှုံးခဲ့ရတာဟာ ငါ့အပြစ်လားကွ၊ တောက်… ငါသာ အနှစ်၊ နှစ်ဆယ်လောက် ပြန်ငယ်သွားမယ်ဆိုရင်"

"ခင်ဗျား ပြန်ငယ်သွားမှာမှ မဟုတ်တော့တာ၊ ခင်ဗျား ပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်း"

အိုဘာရိုင်ရင်က ဒေါသတကြီး ပြောပစ်လိုက်သည်။ ဟင်နရီကလည်း ဝင်ပြောသည်။

"ဒီရထားပေါ်မှာ ယမ်းမှုန့်တွေ ပါလာတယ်။ ဒီတော့ ဒိုင်းနမိုက် တစ်ချောင်း နှစ်ချောင်းနဲ့ ပစ်လိုက်ရင်"

"ဟေ့ကောင် ဒါ့ထက်ကောင်းတဲ့ အကြံဉာဏ် မရှိတော့ဘူးဆိုရင် မင်း ပါးစပ်ပေါက်ကိုပါ ပိတ်ထားစမ်း။ တို့မြို့ကို ပြန်ဖို့အတွက် ဒီရထားရှိမှ ဖြစ်မယ်ဆိုတာ မင်း သိဖို့ကောင်းတယ်"

သူတို့အားလုံးသည် အတန်ကြာအောင် ငြိမ်ကျသွားကြသည်။ ထို့သော် သေနတ်သံတစ်ချက်က ငြိမ်သက်မှုကို ဖြိုခွဲဖျက်ဆီးလိုက်ပါ၏။ စားပွဲပေါ်တွင် ရှိနေသော ဝီစကီပုလင်းသည် အစိတ်စိတ်အမြွာမြွာ ကွဲသွားပြီး အရက်များ ဖိတ်စဉ်

www.burmeseclassic.com



စီးကျလာသည်သာမက ဖန်ကွဲ ဖန်စများသည် ဧည့်ခန်းတွင်းတွင် နေရာအနှံ့ ဗုံးဆံများကဲ့သို့ လွင့်စဉ်သွားကြလေသည်။

ဘုရင်ခံကြီးက ပါးကို လက်ဖဝါးနှင့် ကပ်လိုက်ပြီးနောက် ပြန်ရုပ်လိုက်သည့်အခါ လက်တွင် သွေးများ ပေကျံလာသည်ကို ထိတ်လန့်တကြား ငေးကြည့်နေမိရှာသည်။ ဒုတိယအကြိမ် သေနတ်သံ ထွက်ပေါ်လာသောအခါ ပီးယားစ်၏ ဦးထုပ်အနက်သည် တစ်နေရာသို့ လွင့်စဉ်ကျသွားပါ၏။ ဤတွင် သူတို့ လေးဦးစလုံးသည် ရထားတွဲ ကြမ်းပြင်ပေါ်သို့ ပစ်မှောက်ချလိုက်ကြပြီးနောက် ထမင်းစားခန်းသို့ သွားရာ စင်္ကြံလမ်းထဲသို့ မိကျောင်းသွားတွား၍ ဝင်ပြေးကြလေသည်။ ကျည်ဆန်သုံးတောင့်သည် နောက်ထပ်၍ ဧည့်ခန်းတွင်းသို့ ပျံဝဲလာပြန်၏။ သို့သော် နောက်ဆုံးကျည်ဆန် ပျံဝဲ၍ ဝင်လာသည့် အချိန်တွင်ကား သူတို့ လေးဦးစလုံးသည် နေ့အပန်းဖြေ ဧည့်ခန်းထဲမှ ထွက်ခွာသွားကြပြီး ဖြစ်နေပါတော့သည်။

ဒီကင်သည် ရိုင်ဖယ်သေနတ်ကို ထင်းပုံကြားမှ ပြန်၍ဆွဲယူလိုက်သည်။ ၎င်းနောက် မာရီကာကို လက်မောင်းမှ ဆုပ်ကိုင်ပြီး စက်ခေါင်းမောင်းသည့် အခန်းငယ်ကလေးအတွင်းသို့ ခေါ်လာသည်။ သူက ရထားအရှိန်ကို ထပ်မြှင့်လိုက်ပြီးနောက် ရက်ဖာတီ၏ အလောင်းကို ထင်းတွဲ ရှိရာသို့ သယ်သွားပြီး တာလပတ်စနှင့် အုပ်ထားခဲ့သည်။ ကလဲယားမွန့်က ပြောလိုက်၏။

"ကျုပ်လည်း ကင်းစောင့်လိုက်ဦးမှ ကောင်းမယ် ထင်တယ်"

"ဒီညအဖို့တော့ သူတို့တစ်တွေ စက်ခေါင်းဘက်ကို လာပြီး ရန်ရှာရဲမှာ မဟုတ်တော့လို့ မလိုတော့ဘူး ထင်ပါတယ်"

ဒီကင်က ကလဲယားမွန့်ကို ထပ်၍ စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးနောက်-

"နို့ ခုနကတုန်းကတော့ အရက်ကွဲရုံလောက်တင်ပါပဲဆို"

ဟု ပြောပြောဆိုဆိုနှင့် ဘယ်လက်မောင်းကို မ,ကြည့်လိုက်သည်။ ကလဲယားမွန့်၏ ဘယ်ဘက်လက်ရှိ ဒဏ်ရာမှ သွေးအရမ်းထွက်နေ၏။

"ဒီမှာ အမျိုးသမီး၊ ဒီဒဏ်ရာကို ဆီးနှင်းခဲနဲ့ ဆေးကြောပြီးတော့ အိပ်ရာခင်းက အစတစ်စကို ဖြဲပြီး ပတ်တီးအနေနဲ့ စည်းပေးထားစမ်းပါ"

သူက စက်ခေါင်း၏ ဦးပိုင်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ မီးရထား၏ မိုင်နှုန်းမှာ ယခုလို ရှေ့ဘက်သို့ သဲသဲကွဲကွဲ လှမ်း၍မမြင်ရသည့် အချိန်အခါမျိုးတွင် အသင့်တော်ဆုံး မိုင်နှုန်းဖြစ်သည့် တစ်နာရီ ဆယ့်ငါးမိုင်နှုန်းခန့် ဖြစ်ပါ၏။ သူက စိတ်မပါ့တပါနှင့် မီးဖိုကို ဆွပေးနေသည်။



မာရီကာက ပြုစုနေစဉ် ကလဲယားမွန့်သည် နာကျင်သွားသောကြောင့် တစ်ချက်မျှ ရှုံ့မဲ့လိုက်မိရှာသည်။

"နေပါဦး၊ တို့ခေါင်းမိုးပေါ်မှာ ရှိတုန်းက တို့ ဟမ်းဘိုးခံတပ်ကို ရောက်သွားရင် ပိုဆိုးမှာပေါ့လို့ မင်းက ပြောခဲ့တယ်၊ အဲဒီခံတပ်မှာ တို့ဆီက စစ်တပ်ရှိတယ် မဟုတ်လား"

"အင်း ရှိတော့ ရှိမှာပေါ့၊ ဒါပေမဲ့ ခုအချိန်မှာတော့ အချုပ်အနှောင်ခံနေရတဲ့လူတွေ ဖြစ်ဖို့က များတယ်။ ကျွန်တော် ထင်သလောက် မှန်းဆပြီးပြောရရင် ဆက်ကော်ဟွန်းဟာ လူနီတွေရဲ့ အကူအညီနဲ့ ဟမ်းဘိုးခံတပ်ကို အပိုင်စီးထားမိပြီလို့ ထင်တာပဲ"

"လူနီတွေကသာ အဲဒီလိုလုပ်ရင် သူတို့အတွက် နောက်ကြောင်း မအေးဘူးဆိုတာ သိကြမှာပေါ့"

"ဒါပေမဲ့ သူတို့ရမယ့် ပစ္စည်းတွေရဲ့ တန်ဖိုးကိုလည်း ထည့်တွက်ဦးမှကိုး၊ အခု သူတို့ရမယ့် ပစ္စည်းတွေဟာ ဒီရထားနဲ့ ပါလာတယ်"

"ဘာပစ္စည်းတွေလဲ"

"အဲဒီပစ္စည်းတွေက ရိက္ခာတွဲထဲမှာပါ။ အဲဒီပစ္စည်းတွေကြောင့်ပဲ ဒေါက်တာမိုလီနော့ အသတ်ခံခဲ့ရတယ်။ အင်း၊ ပီးဘော်ဒီလည်း ထိုနည်း လည်းကောင်းပဲလို့ ထင်တာပဲ။ ဒေါက်တာမိုလီနော့က ဆေးပစ္စည်းတွေကို သွားပြီး စစ်ဆေးမယ်လို့ ပြောခဲ့တာကိုး။ ဒါကြောင့် အပြတ်ရှင်းလိုက်တာ ဖြစ်မယ်"

"ဘာ အပြတ်ရှင်းလိုက်တယ် ဟုတ်လား"

"ဒါပေါ့၊ ဒီရထားပေါ်မှာ ဆေးပစ္စည်းဆိုလို့ လုံးဝပါမလာဘူး။ ဆေးပစ္စည်းတွေ ထည့်ထားတယ်ဆိုတဲ့ သေတ္တာတွေထဲမှာ ကျည်ဆန်တွေပဲ ပါလာတယ်"

ကလဲယားမွန့်က ပတ်တီးစည်းပေးနေသော မာရီကာကို ကြည့်နေလိုက်သည်။ ပြီးမှ-

"ဒါ့ကြောင့်ကိုး၊ ဟိုဘုန်းကြီးကကော"

"ဘုန်းကြီး၊ ဟုတ်လား၊ အင်း၊ သူ့ခမျာ ဘုရားရှိခိုးကျောင်းထဲကို တောင် မရောက်တာ ကြာပြီ ထင်ပါရဲ့၊ သူဟာ လွန်ခဲ့တဲ့ အနှစ်,နှစ်ဆယ်က စပြီး ယနေ့အထိ လျှို့ဝှက်အထူးစုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်တစ်ယောက်အဖြစ် အမှုထမ်းခဲ့တဲ့ လူပဲ။ အဲ သူနဲ့ ကျွန်တော် လက်တွဲပြီး အလုပ် လုပ်ခဲ့တာကလည်း ရှစ်နှစ်တောင် ရှိသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာပြောတယ်"

"သူက ခေါင်းတစ်လုံးကို ခိုးဖွင့်ကြည့်နေတုန်း ပက်ပင်းတိုးမိသွားတယ် ထင်ပါရဲ့။ နို့ အဲဒီခေါင်းတွေက ဝမ်းရောဂါ ဖြစ်တဲ့သူတွေအတွက် သယ်လာတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒီခေါင်းတွေကို ဘာကိစ္စအတွက် သယ်လာတယ် ဆိုတာကို ကျုပ် သိပါတယ်"

ကာလဲယားမွန့်က ခပ်ဆတ်ဆတ် ပြန်ဖြေသည်။ သို့သော် ရှုပ်ထွေးလှသည့် ဇာတ်လမ်းကို အမီမလိုက်နိုင်သောကြောင့် စိတ်တိုနေဟန် တူပါ၏။

"ဒါပေမဲ့ ဟမ်းဘို့ခံတပ်မှာ ဝမ်းရောဂါမှ မဖြစ်တာ"

ဒီကင်ကလည်း စိတ်မရှည်ဟန်နှင့် ဆက်ပြောပြန်သည်။

"အဲဒီခေါင်းတွေထဲမှာ မောင်းချူပြီး အဆက်မပြတ် ပစ်လို့ရတဲ့ မဂ္ဂဇင်းတပ်ဝင်ချက်စတာ ရိုင်ဖယ်သေနတ်တွေ အပြည့်ပါလာတယ်"

"အဲဒီလို သေနတ်မျိုး ရှိမှ မရှိသေးတာ"

"အခု ရှိနေပြီလေ"

"ဒါဖြင့်ရင် အဲဒီလို သေနတ်မျိုး ရှိတယ်ဆိုတာကို မလွဲမသွေ ကျုပ် သိရမှာပေါ့"

"ဒီသေနတ်အကြောင်းကို စက်ရုံဝန်ထမ်းတွေက လွဲရင် အပြင်လူ နည်းနည်းပါးပါးပဲ သိပါသေးတယ်။ ဒီသေနတ်ကို လွန်ခဲ့တဲ့ လေးလကမှ စပြီး ထုတ်လုပ်ခဲ့တာပါ။ ဒါပေမဲ့ အပြင်ကို ထုတ်မရောင်းသေးဘူး။ အဲ စက်ရုံက ပထမဦးဆုံး ထုတ်လုပ်လိုက်တဲ့ သေနတ် အလက်လေးရာဟာ အခိုးခံခဲ့ရတယ်။ အခု အဲဒီသေနတ်တွေ ဘယ်ရောက်သွားတယ် ဆိုတာကို သိရပြီပေါ့"

"ကျုပ်တော့ တော်တော်ဦးနှောက်ခြောက်နေပြီ၊ နေပါဦး၊ ဟိုမြင်းတွဲတွေက ဘယ်လိုဖြစ်ကုန်တာလဲ"

"တမင်ဖြုတ်ပစ်ခဲ့တာပါ"

"အဲဒီလိုပဲ ဖြစ်ရမှာပေါ့လေ၊ နေပါဦး၊ ဘာဖြုလို့ ဖြုတ်ပစ်ခဲ့တာလဲ"

ဒီကင်က ရေနွေးငွေ့ ဖိနှိပ်အားပြသော ဒိုင်ခွက်ကို လှမ်းကြည့်လိုက်သည်။

"ခဏနော်၊ ဟိုမှာ ရေနွေးငွေ့ပေါင်ချိန် အားလျော့နေပြီ"

❖



ထမင်းစားခန်းထဲ၌ စစ်ဆင်ရေး တတိယအစည်းအဝေးကို ပြုလုပ်ကျင်းပနေသည့် ပုဂ္ဂိုလ်လေးဦးသည် ငေးငေးငိုင်ငိုင်နှင့် ရှိနေကြပါ၏။ သူတို့ရှေ့ရှိ စားပွဲပေါ်တွင်ကား သူတို့၏ အဖော်မွန် ဝီစကီတစ်ပုလင်း ရှိနေသည်။ ဟင်နရီကမူ စိတ်ပျက်လက်ပျက်နှင့် မီးလင်းဖိုမီးကို ဆွနေ၏။

ပထမဦးဆုံး လှုပ်ရှားလာသူမှာ ဘုရင်ခံကြီးပင် ဖြစ်သည်။

"ဘယ်လိုလဲ၊ ဘာမှ စဉ်းစားလို့ မရတော့ဘူးလား"

အိုဘရိုင်ရင်က ခပ်ဆတ်ဆတ် ဖြေသည်။

"ဟုတ်တယ်၊ စဉ်းစားလို့ မရဘူး"

ဟင်နရီသည် မီးဖိုကို ငုံ၍ ဆွနေရာမှ ခါးကို ပြန်မတ်လိုက်၏။

"ဒီကိစ္စကို ဖြေစရာမလိုဘူး ထင်ပါတယ်"

ဗိုလ်မှူး အိုဘရိုင်ရင်က ဒေါပွသွားသည်။

"ဟေ့ကောင် တိတ်တိတ်နေစမ်း"

သို့သော် ဆိုရေးရှိက ဆိုအပ်လှ၏ ဆိုသောစကားအတိုင်း ဟင်နရီက နှုတ်ဆိတ်၍ မနေဘဲ ဆက်ပြောပြန်၏။

"အခု ကိစ္စမှာ မေးခွန်း မဟုတ်တဲ့အတွက် ဖြေစရာ မလိုဘူးလို့ ပြောတာပါ။ တကယ်မေးသင့်တဲ့ မေးခွန်းကတော့ ကျုပ်တို့ ဒီရထားကြီးကို အချိန်မီ မရပ်နိုင်ခဲ့ရင် ဘာဖြစ်မလဲ ဆိုတဲ့ မေးခွန်းပါပဲ။ အဲ အဖြေကတော့ လွယ်ပါတယ်။ သူဟာ ဒီရထားကြီးကို သူ့အတွက် လုံခြုံမှု ရှိမယ်လို့ ထင်တဲ့ နေရာအထိ မောင်းချသွားမှာပေါ့။ အဲဒီနေရာကလည်း သူ့လူတွေရှိတဲ့ ဟမ်းဘို့ခံတပ်ပဲ ဖြစ်လိမ့်မယ်လို့ ထင်မှာပဲ"

သူတို့အားလုံးသည် ဟင်နရီ၏ စကားကို ချက်ချင်းလိုလိုပင် စိတ်ဝင်စားသွားကြသည်။ ၎င်းနောက် အိုဘရိုင်ရင်က ခပ်ဖြည်းဖြည်း ပြောလိုက်၏။

"ဟေ့ ဟင်နရီ၊ မင်း တွေးပုံတွေးနည်း သိပ်မဆိုးဘူးကွ၊ ဖြစ်နိုင်တယ်။ သူဟာ တို့တစ်တွေ လူနီတွေဆီကို သေနတ်တွေ ရောင်းဖို့ သွားတယ် ဆိုတာ လောက်ပဲ သိနိုင်လိမ့်မယ်။ ဒါထက်ပိုပြီး သိနိုင်စရာ အကြောင်းမရှိဘူး။ တို့ ဘာတွေ ဆက်လုပ်စရာ ရှိသေးတယ် ဆိုတာကို သူ ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့လဲ။ ဟမ်းဘို့ခံတပ်နဲ့ အဆက်အသွယ် မရှိရင် တို့ကလွဲပြီး ဘယ်သူမှ လုံးဝမသိနိုင်ဘူး"

အိုဘရိုင်ရင်က ခပ်ကြွားကြွား လေသံနှင့် ဆက်ပြောပြန်သည်။

"ကဲ ဒီတော့ ကျုပ်တို့အနေနဲ့ ဘာမှဆက်လုပ်စရာ မလိုတော့ဘူး။ ဒီညဟာ တော်တော်ကို ရာသီဥတု ဆိုးဝါးနေတယ်။ ဒီတော့ ရထားမောင်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကို ဒီကင်ကပဲ ဆက်ပြီးယူပါစေ။ သူကြည့်ရတာ ရထားခေါင်း ကျင်လည်ပုံရသားပဲ''

ဘုရင်ခံကြီးက အားပါးတရ ပြုံးလိုက်၏။

''အေး၊ ဟိုကို ရောက်တဲ့အခါကျရင် ဗိုလ်လက်ဖြူက သူ့ကို တခမ်းတနားကြီး ဆီးကြိုနေမှာပေါ့ကွာ''

သူက ပုလင်းရှိရာသို့ လက်ကမ်းလိုက်၏။

❖

သို့သော် ထိုအချိန်တွင် ဗိုလ်လက်ဖြူသည် အချိန်ရွှေ့လျားသည်နှင့် အမျှ ဟမ်းဘိုခံတပ်နှင့် ဝေးရာသို့ ချီတက်နေပါ၏။ ဆီးနှင်းခဲများက သိပ်သိပ်သည်းသည်း ကျနေဆဲပင်။ သို့သော် ယခင်ကလောက် မများတော့ပါ။ လေကလည်း တိုက်နေဆဲပင်။ သို့သော် ယခင်လောက် မထန်တော့ပါ။ ဗိုလ်လက်ဖြူ၏ နောက်မှ အအေးဒဏ် ခံနိုင်ရန် ထူထဲသော ခြုံစောင်ကြီးများကို ကိုယ်တွင် ပတ်ထားသည့် လူနီနှစ်ဆယ့် သုံးဆယ်ခန့်သည် ကပ်၍လိုက်ပါလာကြသည်။ သူတို့လူစုသည် လေထန်သော တောင်ကြားလမ်းတွင် မြင်းများကို အပြင်းစိုင်း၍ လာကြ၏။ ဗိုလ်လက်ဖြူသည် ခေါင်းကို ဘယ်ဘက်သို့ စောင်း၍ အထက်ကို မော်ကြည့်လိုက်သည်။ တောင်ထိပ်များရှိ မိုးကောင်းကင်တွင် လင်းရောင်ခြည် သန်းစပြုလေပြီတည်း။

ဗိုလ်လက်ဖြူသည် ကိုယ်ကို မြင်းကုန်းနှီးပေါ်မှ ဘေးသို့စောင်းရင်း နောက်မှ ပါလာသည့်လူများကို ရှေ့သို့ အပြင်းနှင်ရန် စိတ်မရှည်သော ပုံစံနှင့် လက်ပြ၍ နှိုးဆော်လိုက်၏။ သူ့နောက်မှ ပါလာသော လူနီများသည် မြင်းများကို အသော့နှင်၍ စီးနင်းလိုက်ကြသည်။

❖

ဒီကင်ကလည်း အရှေ့ဘက်မှ မိုးသောက်ရောင်ခြည် အစပျိုး၍ ထွက်ပေါ်လာသည်ကို စက်ခေါင်းတွဲထဲမှ လှမ်းမြင်လိုက်ရ၏။ သူက ရေနွေးငွေ့ ဖိနှိပ်အားပေါင်ချိန်ပြ ဒိုင်ခွက်ကို လှမ်းကြည့်ပြီး အားရကျေနပ်သော အမူအရာနှင့် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။ ၎င်းနောက် မီးဖိုတံခါးကို ပြန်ပိတ်လိုက်၏။



ကလဲယားမွန်နှင့် မာရီကာတို့သည် အလွန်အမင်း ပင်ပန်းနွမ်းနယ်နေကြဟန်ရှိသည်။ မျက်နှာများမှာ ဖြူဖပ်ဖြူရော် ဖြစ်နေကြပါ၏။ သူတို့ နှစ်ဦးစလုံးသည် စက်ခေါင်းထဲ၌ရှိသော ကုလားထိုင် နှစ်လုံးပေါ်တွင် ထိုင်နေကြသည်။ ဒီကင်သည် ပင်ပန်းနွမ်းနယ်လှပြီ ဖြစ်သော်လည်း အနားယူလိုစိတ်ကို ချုပ်တည်းထားရှာသည်။ ထို့ကြောင့် ဒီကင်က ဖြတ်ထားခဲ့ရသော စကားစကို ပြန်ကောက်လိုက်လေသည်။

''ဟုတ်ကဲ့၊ မြင်းတွေ တင်လာတဲ့ မြင်းတွဲကို ကျွန်တော် တမင်တကာ ဖြတ်ပစ်ခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်လက်ဖြူ ဦးစီးတဲ့ လူနီတစ်စုဟာ ဒီမီးရထားကို အသည်းကွဲတောင်ကြားလမ်းက ဆီးကြိုပြီး ချုံခိုတိုက်ပွဲ ဆင်နွှဲတော့မယ် ဆိုတာကို ကြိုပြီး သိရလို့ပါပဲ။ ကျွန်တော် အသည်းကွဲတောင်ကြားလမ်းရဲ့ အနေအထားကို ကောင်းကောင်းကြီး သိပါတယ်။ သူတို့ အဲဒီနေရာကို မရောက်ခင် တစ်မိုင်လောက်အလိုမှာ သူတို့ စီးလာတဲ့ မြင်းတွေကို ထားခဲ့ရမှာ သေချာတယ်။ ဒီတော့ ဒီမီးရထားပေါ်မှာ သူတို့အတွက် မြင်းတွေ အဆင်သင့် ပါမလာစေချင်ဘူး''

ကလဲယားမွန်သည် မှောင်ထဲ၌ စမ်းတဝါးဝါး လမ်းလျှောက်နေရသူ တစ်ဦးနှင့် တူလှပါ၏။ သူက အူကြောင်ကြောင်နှင့် ထပ်မေးသည်။

''ချုံခိုတိုက်ပွဲ ဟုတ်လား၊ ကျုပ် ထင်တာက ဒီလူနီတွေဟာ ဟိုလူဆိုးဓားပြတွေနဲ့ ပူးပေါင်းနေပြီလို့ ထင်ခဲ့တာ၊ သူတို့က ဘာဖြစ်လို့ လာပြီး ချုံခိုတိုက်ရမှာလဲ''

''မှန်ပါတယ်၊ လူနီတွေနဲ့ လူဆိုးဓားပြတွေဟာ ပေါင်းစည်းမိနေကြပါပြီ။ ဒါပေမဲ့ သူတို့က ဒီရထားနဲ့ ပါလာတဲ့ စစ်သားတွဲတွေကို ဖြတ်ပစ်မယ့် အစီအစဉ်ဟာ မအောင်မြင်ဘူးလို့ ထင်နေကြတယ်။ သူတို့အတွက် ဒီစစ်သားတွေ ပါမလာဖို့က သိပ်ကို အရေးကြီးတယ်လေ။ ကျွန်တော့်ဘက်က ပြန်ကြည့်ရင်လည်း ဒီလူနီတွေ ခံတပ်ထဲမှာ ရှိမနေဘဲ အပြင်ကို ထွက်လာအောင် လုပ်ဖို့က ပိုပြီးအရေးကြီးပါတယ်။ ဒါမှလည်း ကျွန်တော်တို့က အထဲကို ဝင်လို့ရမှာပေါ့''

ကလဲယားမွန်က မေးလိုက်ပြန်၏။

''နေပါဦး၊ သူတို့က အဲဒီအစီအစဉ်ဟာ မအောင်မြင်ဘူးလို့ ဘာဖြစ်လို့ ထင်ရ…''

''အကြောင်းကတော့ ကျွန်တော်က သူတို့ဆီကို သံကြိုးရိုက်လိုက်လို့ပါ။ ဒီလိုလေ ဟိုကြေးနန်းရိုက်စက် ပျောက်နေတဲ့ ကိစ္စကို မှတ်မိမှာပေါ့။ အဲဒီကြေးနန်းရိုက်စက် ရှာမတွေ့အောင် ကျွန်တော်က မြင်းတွဲထဲမှာ တမင်ဝှက်ထားခဲ့ပါတယ်။ မနေ့ညတုန်းက ကျွန်တော် ဒီစက်ခေါင်းတွဲထဲမှာ လာပြီး မီးထိုးနေတယ် မဟုတ်

www.burmeseclassic.com



လား။ အဲဒီအချိန်တုန်းက ကျွန်တော်က ကြေးနန်းရိုက်စက်ကို ပုက်ထားတဲ့ နေရာထ ထုတ်ယူပြီး ဟမ်းဘို့ခံတပ်ကို ဆက်သွယ်ခဲ့တယ်။ သူတို့ကတော့ အိုဘရိုင်ရင်ထ ဆက်သွယ်တယ်လို့ ထင်မှာပေါ့လေ''

ကလဲယားမွန့်က ဒီကင်ကို အတန်ကြာအောင် စိုက်ကြည့်နေပါ၏။

''ဒါဖြင့် မင်းဟာ တော်တော်ကလေး ခြေသွက်တဲ့ လူပါလား''

''ဟုတ်တယ်၊ ကျွန်တော်က အိပ်ငိုက်နေတတ်တဲ့ လူစားမျိုး မဟုတ် ပါဘူး''

မာရီကာက လက်ဝါးနှစ်ဖက်ကို ဖြန့်လိုက်ရင်း မချိတင်ကဲ လေသံနှင့် ဝင်ပြောပြန်သည်။

''နေပါဦး၊ ဒီလို ရိုင်ဖယ်လေး လေး ငါးသေတ္တာလောက်အတွက် ဟမ်းဘို့ ခံတပ်ကြီးကို ဝင်စီးဖို့ လိုပါ့မလား၊ ပြီးတော့လည်း လူနီတွေက ဘာပြုလို့ ဒီရထားကို ဝင်တိုက်ရမှာလဲ။ တစ်ခါ စစ်သားတွေ အများကြီးကို ဘာပြုလို့ အခုလို အစုလိုက် အပြုံလိုက် သတ်ရမှာလဲ၊ ပြီးတော့လည်း ကျွန်မ ဦးလေးနဲ့ ပီးယားစ်၊ အိုဘရိုင်ရင် တို့ဟာ ဘဝတစ်ခုလုံးကို ရင်းပြီး ဘာလို့ စွန့်စွန့်စားစား လုပ်နေကြရတာလဲ''

''အခုပါလာတဲ့ ခေါင်းကြီးတွေဟာ အလာတုန်းက အလွတ် မဟုတ် သလို အပြန်မှာလည်း ဗလာသက်သက် ပြန်ပါသွားကြမှာ မဟုတ်လို့ပေါ့''

''ဟော့ နေပါဦး၊ မင်း ခုနက ပြောတုန်းက ဟမ်းဘို့ခံတပ်မှာ ဝမ်းရောဂါ မဖြစ်ဘူးဆို''

''ဟုတ်ပါတယ်၊ ဝမ်းရောဂါတော့ မဟုတ်ဘူး၊ ဒါပေမဲ့ အခုဟာ ဝမ်းရောဂါထက် ပိုဆိုးတယ်၊ ဒီဥစ္စာက လူတွေရဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တ တွေကို ခြစားပြီး ပျက်စီးစေနိုင်တယ်။ သေရင် မြေကြီး၊ ရှင်လျှင် ရွှေထီး ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ အသက်ကို ပဓာန မထား မိုက်မိုက်ကန်းကန်း လုပ်စေနိုင်တယ်။ နေပါဦး··· မက်ကေး၊ ဖဲယား၊ အိုဘရိုင်ရင် ဖလဒ်ဆိုတဲ့ လူလေးယောက်အကြောင်းကို နည်းနည်းပါးပါးများ ကြားဖူးမလား မသိဘူး။ အဲဒီအထဲက အိုဘရိုင်ရင်ကတော့ အခု အိုဘရိုင်ရင်နဲ့ ဘာမှမဆိုင်ဘူးလေ''

ကလဲယားမွန့်သည် မာရီကာ စီးပေးသော ပတ်တီးများထဲမှ ယိုစီး ထွက်ကျလာသော သွေးများကို ငုံ့ကြည့်ရင်း ဖြေလိုက်၏။

''အင်း ဒီနာမည်တွေကို ကြားဖူးသလိုလိုပဲ''

''အဲဒီလူလေးယောက်ဟာ ဒီနှစ် နှစ်ဦးပိုင်းက ကွမ်စတော့ ဆိုတဲ့ အရိုင်း ရွှေကြောကြီး တစ်ကြောကို အောင်အောင်မြင်မြင် ရှာဖွေပြီး တူးနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေပေါ့။



အခု ကျွန်တော်တို့ သိရသလောက်ဆိုရင် သူတို့ တူးထားတဲ့ ရွှေတွေရဲ့ တန်ဖိုးဟာ ဒေါ်လာ ဆယ်သန်းဖိုးထက် မအောက်ဘူး။ ဒီလို တူးရတဲ့ ရွှေတွေကို အရှေ့ဘက် ပြန်သယ်ဖို့က ဒီမီးရထားလမ်းပဲ ရှိတယ်။ ပြီးတော့လည်း ကယ်လီဖိုးနီးယားက ထွက်တဲ့ ရွှေတွေကိုလည်း မီးရထားနဲ့ပဲ မှန်မှန်ပဲ ပို့နေရတာပဲ။ အဲဒီရွှေတွေ အားလုံးကို ဟမ်းဘို့ခံတပ်က တစ်ဆင့်သာ ပို့ရလေ့ ရှိတယ်။ အခု ကျွန်တော် မှန်းကြည့်မိတာက တော့ ဟမ်းဘို့ခံတပ်မှာ ရှိနေတဲ့ ရွှေချောင်းတွေနဲ့ ငွေချောင်းတွေဟာ တခြားအစိုးရ ဘဏ်တိုက်တွေမှာ ရှိတဲ့ ရွှေတွေ ငွေတွေထက် သိပ်ကို ပိုများနေပြီလို့ ထင်တာပဲ''

ကလဲယားမွန့်က ဝင်ပြောသည်။

''ဟော့ ငါ ကုလားထိုင်ပေါ်မှာ ထိုင်နေတာ ကြာသွားပြီ၊ မင်း တစ်လှည့် ထိုင်ပါဦးလား''

''နေပါစေဗျာ၊ ကိစ္စမရှိပါဘူး။ ခုနက ကိစ္စကို ဆက်ပြောရမယ် ဆိုရင် ရွှေတွေ ငွေတွေ အများကြီးကို တစ်နေရာက တစ်နေရာကို သယ်ရတော့မယ် ဆိုရင် သက်ဆိုင်ရာ ပြည်နယ်ဘုရင်ခံဆီကို အကြောင်းကြားရလေ့ ရှိတယ်။ ဒီတော့ ဘုရင်ခံကလည်း စစ်တပ်ကိုဖြစ်ဖြစ်၊ မြို့ပြအုပ်ချုပ်ရေးဘက်က အာဏာပိုင်တွေကိုပဲ ဖြစ်ဖြစ် သယ်တဲ့နေရာမှာ လုံခြုံမှုရှိအောင် စီစဉ်ပေးဖို့ အကြောင်းကြားလေ့ ရှိတယ်။ အခုကိစ္စမှာတော့ ဘုရင်ခံကြီး ဖဲယားချိုင်းက တာဝန်ရှိတဲ့ စစ်တပ်တို့၊ မြို့ပြ အုပ်ချုပ်ရေးတို့ကို အကြောင်းမကြားတော့ဘဲ သူက အိုဘရိုင်ရင်ကိုသာ အသိပေးလိုက် တယ်။ အိုဘရိုင်ရင်က ပီးယားစ်ကို အကြောင်းကြားတယ်။ ပီးယားစ်က ဆက်ကော်ဟွန်း ကို ဆက်ပြီး အကြောင်းကြားတယ်။ ဆက်ကော်ဟွန်းက လူနီတွေကို အဖိုးသားနားနဲ့ ဆပ်ပြီး ငှားလိုက်တယ်။ ကဲ မလွယ်ဘူးလား၊ မရှင်းပေဘူးလား''

''ဒါဖြင့် ဒီရွှေတွေ ငွေတွေကို ခေါင်းတွေနဲ့ ပြန်သယ်လာမှာပေါ့၊ ဒီလိုလား''

''ဒါပဲ ရှိရမှာပေါ့၊ ဒါ့ထက်ပိုကောင်းတဲ့ အစီအစဉ် ဘယ်မှာရှိနိုင်ပါ့ တုံး၊ ပြီးတော့လည်း ဝမ်းရောဂါနဲ့ သေလာတဲ့ လူတွေရဲ့ခေါင်းကို ဘယ်သူက ဆပ်ပြီးဖွင့်ကြည့်မှာတဲ့လဲ။ လိုအပ်တယ်ဆိုရင် အဲဒီခေါင်းကြီးတွေကို စစ်အခမ်း အနားနဲ့တောင် သင်္ဂြိုဟ် မြေမြှုပ်လိုက်လို့ ရသေးတယ်။ အဲ နောက်တစ်နေ့ကျမှ ပြန်ဖော်ယူရုံပဲပေါ့''

ကလဲယားမွန့်က စိတ်ပျက်လက်ပျက်နှင့် ခေါင်းကို ခါယမ်းလိုက်သည်။

''လူသတ်ရမှာကို ဝန်မလေးလှတဲ့ လူနီ ဘယ်လောက်များများက တို့ကို ဆောင့်ကြိုပြီး ချုံခိုတိုက်ကြမလဲ မသိဘူး။ ဟိုလူကြီးလူကောင်း ဘုန်းပြုကြီးတွေအ

www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်တက်တွဲထဲမှာ ပါလာသေးတယ်။ ဟမ်းဘို့ခ်တပ်ကို ရောက်ရင်လည်း ဆက်ကော်ပွန်းအဖွဲ့က တို့ကို လူဘယ်လောက်များများနဲ့ စောင့်ကြိုနေမလဲ မသိ"

"မပူပါနဲ့လေ၊ ဒီကြားထဲမှာ နည်းကောင်း တစ်ခုခုကိုတော့ တွေး ရမှာပေါ့"

ဒီကင်က ဖြေလိုက်သဖြင့် မာရီကာက သူ့ကို စိုက်ကြည့်ရင်း ထပ်မေး လိုက်သည်။

"မစ္စတာဒီကင်၊ ရှင် နည်းကောင်းလမ်းကောင်းတစ်ခုကို စဉ်းစားမိပြီ မဟုတ်လား"

"အင်း အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် အဲဒီကိစ္စအတွက် ကျွန်တော် ကြိုတင်စဉ်းစားထားပြီးသားပါ"

◆ ◆ ◆

## အခန်း (၉)

အသည်းကွဲတောင်ကြားလမ်းသည် သစ်ပင် ဝါးပင်များ လုံးဝကင်းမဲ့နေသော လွင်တီးခေါင်တွင်ရှိသည့် ချောင်းကောကလေးတစ်ခုပင် ဖြစ်သည်။ ထိုချောင်း ကောလေး၏ ဘေးတစ်လျှောက်တွင် ရထားလမ်းကို မြှောင်း၍ တည်ဆောက်ထား ခြင်း ဖြစ်၏။ ထိုချောင်းကော၏ ဘယ်ဘက်၊ သို့မဟုတ် တောင်ဘက်အရပ်တွင် အလွန်မတ်စောက်သော တောင်ကမ်းပါးယံကြီးတစ်ခု ရှိသည်။ ထိုချောင်းကော၏ ညာဘက်တွင်ကား မြေမျက်နှာပြင်သည် ရေမစီးတော့သော ချောင်းကောအထိ ခပ်ပြေပြေ လျှောဆင်းသွားပြီး ထိုနေရာတစ်ဝိုက်တွင် အလွန်ကြီးမားသော ကျောက်တုံး ကျောက်ခဲကြီးများသာ ရှိနေကြ၏။ အဆိုပါ ကျောက်တုံး ကျောက်ခဲကြီးများ၏ နောက်တွင် လူအများ ပုန်းကွယ်၍နေရန် ဖြစ်နိုင်သော်လည်း မြင်းများကို ကွယ်ဝှက် ထားရန်အထိ ထိုကျောက်တုံးများသည် ကြီးမားခြင်း မရှိပါ။ မြင်းများကို ကွယ်ဝှက် ထားနိုင်သည့် အနီးဆုံးနေရာမှာ ထိုချောင်းကောနှင့် တစ်မိုင်ခန့် ဝေးသော နေရာတွင်ရှိ သည့် ထင်းရှူးတောပင် ဖြစ်သည်။ ထိုထင်းရှူးတောထဲသို့ ရောက်သောအခါ ဗိုလ်လက်ဖြူက ပင်ပန်းနွမ်းနယ်နေပြီဖြစ်သော သူ့လူများကို လက်ပြ၍ ရပ်နိုင်း လိုက်၏။

www.burmeseclassic.com



ဗိုလ်လက်ဖြူသည် မြင်းပေါ်မှ ဆင်းလိုက်သည်။ သူက ကျောက်တုံး ကျောက်ခဲများနှင့် ပြည့်နှက်နေသော ချောင်းကောဆီသို့ လက်ညှိုးထိုးပြလိုက်၏။

"အဲဒီနေရာမှာ ရထား ရပ်လိမ့်မယ်။ တို့လည်း အဲဒီအနီးအနားတစ်ဝိုက်မှာ ပုန်းနေကြမယ်၊ အဲဒီနေရာကို ဒီကနေပြီး ခြေကျင်သွားရလိမ့်မယ်"

သူက သူလူနှစ်ယောက်ဆီသို့ လှည့်ကြည့်လိုက်ပြန်သည်။

"မြင်းတွေကို ဒီမှာပဲ ထားခဲ့မယ်၊ မြင်းတွေကို တောနက်ရာအထိ မောင်းသွား။ သူတို့ကို လူမမြင်ဖို့ အရေးကြီးတယ်"

◆

ရထားပေါ်ရှိ ထမင်းစားခန်းထဲတွင်ကား ဟင်နရီသည် မီးလင်းဖိုနားတွင် ထိုင်ပြီး ငိုက်နေ၏။ ဖဲယားချိုင်း၊ အိုတာရိုင်ရင်နှင့် ပီးယားစ်တို့သည် ထမင်းစားစားပွဲပေါ်တွင် နဖူးကို လက်ဖျံပေါ်တွင် ကိုယ်စီတင်၍ မှောက်လျက် အိပ်နေကြပါသည်။ သူတို့ သုံးဦးစလုံးသည် အိပ်ပျော်နေကြပုံရပါ၏။

စက်ခေါင်းထဲတွင်ကား ဒီကင်သည် စက်ခေါင်းရှေ့ရှိ မှန်မှ ရှေ့ဘက်ဆီသို့ စူးရှူးစိုက်စိုက် ကြည့်နေပါသည်။ ဆီးနှင်းခဲ ကျနေဆဲ ဖြစ်သဖြင့် သဲသဲကွဲကွဲ မမြင်ရပါ။ နီးနေပြီဖြစ်သော မာရီကာကလည်း ဗိုလ်မှူးကြီးကလဲယားမွန်၏လက်မှ ဒဏ်ရာအပါအဝင် တစ်ကိုယ်လုံးကို ပြင်ဆင်၍ အဝတ်ဖြူစများနှင့် ရစ်ပတ်ပြီး ပတ်တီးစည်းပေးနေပါ၏။ ထိုသို့ ပတ်တီးစည်းနိုင်ရန်အတွက် ဗိုလ်မှူးကြီးကလဲယားမွန့်က လက်နှစ်ဖက်ကို မြှောက်ပေးထားသဖြင့် သူတစ်ကိုယ်လုံးသည် ဆွတ်ဆွတ်ဖြူနေသော ပိုးတောင့်တဲနှင့် တူလှ၏။ ဒီကင်က ဗိုလ်မှူးကြီးကို လက်ယပ်ခေါ်ပြီး ရှေ့ဘက်သို့ ညွှန်ပြလိုက်သည်။

"အသည်းကွဲတောင်ကြားလမ်းကို ရောက်ဖို့ နှစ်မိုင်လောက်ပဲ လိုတော့တယ်။ ခင်ဗျားအတွက်တော့ ဒီကနေ တစ်မိုင်လောက်ပဲ လိုတော့တာပေါ့။ ရထားလမ်းရဲ့ ညာဘက်မှာရှိတဲ့ ထင်းရှူးတောအုပ်ကို တွေ့လား"

ကလဲယားမွန့်က ခေါင်းညိတ်ပြသည်။

"သူတို့ရဲ့ မြင်းတွေကို အဲဒီတောအုပ်ထဲမှာ ဝှက်ထားလိမ့်မယ်။ အစောင့်တွေလည်း ရှိလိမ့်မယ်"

ဒီကင်က ကလဲယားမွန့်၏ လက်ထဲမှ ရက်ဖာတီ၏ ရိုင်ဖယ်သေနတ်ကို မေးငေါ့ပြလိုက်၏။



"အဲဒီငတိတွေကို အလစ်မှာ ဝင်ပြီးချ။ ဒီနေရာမှာတော့ သူပစ် ကိုယ်ပစ် အခွင့်အရေးပေးမယ် ဆိုတဲ့ အားကစား စိတ်ဓာတ်ကို လုံးဝမမွေးနဲ့နော်"

ကလဲယားမွန့်က ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။ စကားတော့ တစ်လုံးမှ မပြောပါ။ သူ့မျက်နှာမှာ ဒီကင့်မျက်နှာကဲ့သို့ပင် တည်တည်ငြိမ်ငြိမ်ကြီး ဖြစ်နေပါ၏။

◆

ဗိုလ်လက်ဖြူနှင့် အဖော် လူနီတစ်ဦးသည် ရထားလမ်း၏ ညာဘက် ချောင်းကောဘေးရှိ ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်တွင် ပုန်းအောင်းရင်း အသည်းကွဲတောင်ကြားလမ်း အဝင်ဝဆီသို့ ငုံ့ကြည့်နေကြ၏။ တဖွဲဖွဲ ကျနေသော ဆီးနှင်းခဲများကြောင့် မီးရထားလမ်းကွေ့အထိသာ လှမ်းကြည့် မြင်ရသည်။ သို့သော် ယခုအချိန်ထိ ဘာကိုမျှ မမြင်ရသေးပါ။

ချက်ချင်းလိုလိုပင် အဖော်လူနီက ဗိုလ်လက်ဖြူ၏ ပခုံးကို လက်နှင့် လှမ်းတို့လိုက်၏။ သူတို့နှစ်ယောက်စလုံးသည် ခေါင်းကို စောင်းငဲ့၍ နားစွင့် လိုက်ကြသည်။ ခပ်လှမ်းလှမ်းမှ မောင်းနှင်၍ လာနေသော မီးရထားသံကို ခပ်သဲ့သဲ့ ကြားလိုက်ရ၏။ ဗိုလ်လက်ဖြူက သူ့အဖော်ကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ တစ်ချက်တည်းသာ ဖြစ်ပါ၏။

◆

ဒီကင်သည် ကုတ်အင်္ကျီထဲတွင် ထည့်ထားသော ဒိုင်းနမိုက်နှစ်ချောင်းကို ဆွဲထုတ်ယူလိုက်ပြီး တစ်ချောင်းကို ပစ္စည်းကိရိယာများ ထည့်ထားသည့် သေတ္တာထဲတွင် ထည့်ထားလိုက်သည်။ ကျန်တစ်ချောင်းကိုမူ လက်ထဲတွင် ကိုင်ထား၏။ သူက ကျန်လက်တစ်ဖက်နှင့် ရေနွေးငွေ့ကို နည်းနည်းစီ နည်းနည်းစီ လျှော့ချလိုက်သည်။ ချက်ချင်းလိုလိုပင် ရထားသည် အရှိန်လျှော့သွားပါ၏။

အိုတာရိုင်ရင်သည် ဆတ်ခနဲ လန့်နိုးလာပြီးနောက် အနီးဆုံး ပြတင်းပေါက်သို့ ပြေးသွားသည်။ ၄င်းနောက် ပြတင်းပေါက်မှန်ပေါ်မှ ရေနွေးငွေ့မှုန်များကို ပွတ်၍ အပြင်ဘက်သို့ ချောင်းကြည့်လိုက်၏။ သူက ချက်ချင်းပင် ပီးယားစ်ဘက်သို့ လှည့်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူတွေ ထကြတော့၊ ထကြ၊ ရထားရပ်ခါနီးပြီ။ နသန်၊ တို့ဘယ်နား ရောက်နေပြီ ဆိုတာကို မင်း သိသလား"

"ဒါ အသည်းကွဲတောင်ကြားကွ"

သူတို့နှစ်ဦးသည် တစ်ဦးမျက်နှာကို ကျန်တစ်ဦးက မေးခွန်းထုတ်သော မျက်နှာထားနှင့် ကွက်ခနဲ ကြည့်လိုက်မိကြ၏။ ဖဲယားချိုင်းသည်လည်း အိပ်ရာမှ နိုးလာပြီး ပြတင်းပေါက်ဆီသို့ ကပ်လာသည်။ သူက စိတ်မသက်မသာနှင့် ပြောလိုက်၏။

"ဒီခွေးသားက ဘာအကြံအဖန်တွေ လုပ်ပြန်ပြီလဲ မသိဘူး"

◆

မှန်ပါသည်။ ဒီကင်၏ ဦးနှောက်ထဲတွင် အကြံအဖန်တစ်ခုတော့ ရှိပါသည်။ မီးရထားကြီးသည် တဖြည်းဖြည်း အရှိန်နှေးလာပြီးနောက် ရပ်တော့ မည့်ဆဲဆဲတွင် ဒီကင်က ဒိုင်းနမိုက်ချောင်းမှ စနက်တံကို မီးရှို့၍ နောက်တွဲ၏ ညာဘက်ဘေးသို့ ခပ်ဆဆ ပစ်ထည့်လိုက်၏။ ထိုအခိုက်မှာပင် ကလဲယားမွန့်ကလည်း ခေါင်းတွဲ၏ ဘယ်ဘက်ပေါက် လှေကားဆီသို့ ဖျတ်ခနဲ ပြေးကပ်သွားသည်။

မျက်နှာကို ပြတင်းပေါက်မှန်နှင့် ကပ်၍ အပြင်သို့ ချောင်းကြည့်နေကြသော ဘုရင်ခံကြီး ဖဲယားချိုင်း၊ အိုဘာရိုင်ရင်၊ နသန်ပီးယားစ်နှင့် ဟင်နရီတို့သည် ပြတင်းပေါက်မှန်ရှေ့မှ လျှပ်စီးလက်သလို လင်းခနဲ ဖြစ်သွားသော အလင်းရောင်ကြောင့် မျက်နှာကို အလိုအလျောက် လက်နှင့်ကွယ်လိုက်မိကြ၏။ ထိုအခိုက်မှာပင် ကျယ်လောင်သော ပေါက်ကွဲသံတစ်ခုက တွဲဘေးမှ ပေါ်ထွက်လာသည်။ ပြတင်းပေါက်မှန် ကွဲမသွားပါ။ သို့သော် သူတို့လေးဦးသည် နှစ်စက္ကန့် သုံးစက္ကန့်မျှ ကြာအောင် လန့်သွားပြီးနောက်မှ ပြတင်းပေါက်နားသို့ ပြန်ကပ်လာ၍ အပြင်သို့ ချောင်းကြည့်ရကြ၏။

ထိုအခိုက်တွင် ကလဲယားမွန့်သည် တွဲ၏ ဘယ်ဘက်ပေါက်မှ ခုန်ချပြီးနောက် လမ်းဘေးသို့ လိမ့်ချလိုက်သည်။ သူ့တစ်ကိုယ်လုံးကို အဝတ်ဖြူစများနှင့် ရစ်ပတ်ထားသောကြောင့် ဆီးနှင်းထဲတွင် မလှုပ်မယှက် ရှိနေသော ကလဲယားမွန့်ကို ရုတ်တရက် မည်သူမျှ မြင်လိမ့်မည် မထင်ပါ။ ဒီကင်က ရေနွေးငွေ့ကို ပြန်၍လွှတ်ပေးလိုက်၏။



ထမင်းစားခန်းထဲတွင် ရှိသော သူများက အူကြောင်ကြောင် ဖြစ်သွားရသလို ဗိုလ်လက်ဖြူမှာလည်း ပို၍ပင် အူကြောင်ကြောင် ဖြစ်ခဲ့ရရှာသည်။ ဗိုလ်လက်ဖြူက သူ့ဘေးနားမှ အဖော်တစ်ဦးကို မတင်မကျ လှမ်းပြောလိုက်သည်။

"ဒါကတော့ တို့မိတ်ဆွေတွေက သူတို့ ရောက်လာတော့မယ့် အကြောင်းကို ကြိုပြီးသတိပေးတာနဲ့ တူတယ်ကွ။ ကြည့်ပါလား၊ ရထားက ပြန်ထွက်သွားပြန်ပြီ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော် သတိထားမိတာ တစ်ခု ရှိသေးတယ်"

အဆိုပါ လူနီသည် ကပျာကယာ ခုန်ထလိုက်၏။

"စစ်သားတွေပါတဲ့ တွဲတွေ ပါမလာတော့ဘူးဗျ၊ ပါမလာတော့ဘူး"

"ဟော့ကောင် လူမိုက်၊ မြန်မြန်ပြန်ဝပ်လိုက်စမ်း"

အမြဲတမ်းလိုလို တည်တည်ငြိမ်ငြိမ်ရှိလှသော ဗိုလ်လက်ဖြူသည် ယခုတစ်ကြိမ်တွင် ယောက်ယက်ခတ်၍သွားရရှာ၏။ သူ့မျက်နှာပေါ်တွင် ပယောင်းဆန်သော အမူအရာများ ပေါ်ပေါက်နေသည်။ အသည်းကွဲတောင်ကြားလမ်းထဲသို့ ရောက်နေပြီဖြစ်သော မီးရထားကြီးတွင် လူစီးတွဲ သုံးတွဲသာ ပါရှိသည်ကို သူကိုယ်တိုင်ကလည်း တွေ့မြင်နေသည် မဟုတ်ပါလား။

◆

အိုဘာရိုင်ရင်၏ မျက်နှာထားမှာလည်း ဒေါသူပုန်ထသည့်ပုံပေါက်နေသည်။

"ကျုပ်က ဒီကောင့်ရဲ့ အကြံအစည်ကို ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့တုံး။ ဒီကောင်က အရူးပဲဥစ္စာ"

ဘုရင်ခံကြီးက ပြောလိုက်သည်။

"မင်း သွားပြီးစုံစမ်းရင် သိနိုင်မှာပေါ့"

ပီးယားစ်က သေနတ်ကို လှမ်းပေးလိုက်သည်။

"ကဲ ရော့ ဘုရင်ခံကြီး၊ ကိုယ့်ဘာသာကိုယ် သွားပြီးစုံစမ်းပေတော့"

ဘုရင်ခံကြီးက သေနတ်ကို လှမ်းယူလိုက်သည်။ ထိုအချိန်ပိုင်းကလေးတွင် သူသည် စိတ်ဖောက်ပြန်နေပုံရပါ၏။

"ကောင်းပြီ၊ စမ်းကြည့်သေးတာပေါ့ကွာ"

သူက သေနတ်ကို ဆုပ်ကိုင်၍ ပထမတွဲ၏ ဦးပိုင်းရှိ တံခါးပေါက်ကို အနည်းငယ်ဖွင့်ပြီး ချောင်းကြည့်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ကျယ်လောင်

www.burmeseclassic.com

www.burmeseclassic.com



လာသော ခြောက်လုံးပြူးသေနတ်သံ တစ်ချက် ထွက်ပေါ်လာပြီး သေနတ် ကျည်ဆံသည် သူ့ခေါင်းနှင့် တစ်ပေခန့်ဝေးသော နေရာ၌ လာမှန်သည်။ ဘုရင်ခံကြီးသည် တံခါးကို ဝုန်းခနဲ ပြန်ပိတ်လိုက်ပြီးနောက် လေ၏အဟုန်ဖြင့် တွဲထဲသို့ ပြန်ဝင်ပြေးသည်။ သူ့စိတ်မှာ ပြန်၍မှုမှန် ဖြစ်လာပုံရပါ၏။ အကြီးအကျယ် တုန်လှုပ်ချောက်ချားနေသော ဘုရင်ခံကြီးသည် ထမင်းစားခန်းထဲသို့ ကမန်းကတန်း ပြန်ဝင်လာသည်။

ပီးယားစ်က လှမ်းမေးလိုက်၏။

"ဘယ်လိုလဲ ဘုရင်ခံကြီး၊ ဘာများ တွေ့ခဲ့သလဲ"

ဘုရင်ခံကြီးက ဘာမျှပြန်မဖြေပါ။ သေနတ်ကို စားပွဲပေါ်သို့ ပစ်တင်ပြီးနောက် ဝီစကီပုလင်းကို ကပျာကယာ လှမ်းယူလိုက်၏။

ရှေ့ပိုင်းတွင်လည်း ဒီကင်က လှမ်းမေးလိုက်သည်။

"ဘယ်သူ လာသလဲ"

"ကျွန်မ ဦးလေးပါ"

မာရီကာသည် မီးခိုးထွက်နေဆဲဖြစ်သော သေနတ်ပြောင်းဝကို ခပ်တည်တည် စိုက်ကြည့်နေသည်။

"မှန်သွားသေးသလား"

"ဟင့်အင်း"

"နာလိုက်တာကွာ"

◆

တစ်ကိုယ်လုံး အဝတ်ဖြူများနှင့် ရစ်ပတ်ထားသော ကလဲယားမွန့်သည် မြောင်းထဲမှ ရထားလမ်းပေါ်သို့ တဖြည်းဖြည်း တွား၍ တက်လာပြီး သံလမ်းပေါ်မှ ကျော်ကြည့်လိုက်သည်။ မီးရထားကြီးသည် ထိုအချိန်တွင် သူနှင့် တစ်မိုင်ခန့်ဝေးသော နေရာသို့ ရောက်နေလေပြီ။ တောင်ကြားလမ်းထဲသို့ ရောက်ရှိနေပြီ ဖြစ်ပါ၏။

ကလဲယားမွန့်က ချောင်းကောတစ်လျှောက်တွင် ရှိနေသော ကျောက်တုံးကြီးများကို လှမ်းကြည့်လိုက်သည်။ လူရှိသည့် အရိပ်အယောင်ကို ခုအထိ မမြင်ရပါ။ သို့သော် ဗိုလ်လက်ဖြူ ဆိုသော ဝေါ်ကလည်း အင်မတန် အတွေ့အကြုံများသည့် ပုဂ္ဂိုလ် ဖြစ်သည်။ သူ ရှိနေသည်ကို နောက်ဆုံး အချိန်ကျမှသာ သိခွင့်ရတော့မည်။ ၎င်းနောက် ကလဲယားမွန့်က တောင်ကြားလွင်ပြင်ကိုကျော်၍ ခပ်လှမ်းလှမ်းတွင်ရှိသော



ထင်းရှူးတောအုပ်ဆီသို့ လှမ်းကြည့်ပြန်သည်။ အကယ်၍ ဒီကင် ခန့်မှန်းသည့်အတိုင်း မှန်ကန်ခဲ့သော် ထိုတောအုပ်ထဲတွင် မြင်းများကို မလွဲမသွေ ဝှက်ထားရမည်။

အဆိုပါတောအုပ်ဆီသို့ ချဉ်းကပ်သွားရန်ဆိုသော ကိစ္စမှာ မလွယ်ကူသော်လည်း မဖြစ်နိုင်ဟူ၍ မပြောနိုင်ပါ။ ချောင်းကောလက်တက်ငယ်တစ်ခုသည် ချောင်းကောမကြီးမှ ဖြာ၍ တောအုပ်စပ်အထိ ရောက်ရှိနေပေ၏။ အကယ်၍ သူသည် အဆိုပါ ချောင်းကောထဲအထိ ရောက်ရှိအောင် သွားနိုင်မည် ဆိုပါက ကျန်ခရီးမှာ ခဲယဉ်းလှမည် မဟုတ်ပါ။ သူ့အတွက် အဓိကကျသော အန္တရာယ်မှာ မီးရထားသံလမ်းကို ကျော်ဖြတ်သွားရေးသာ ဖြစ်သည်။ သို့သော် သူသည် အတွေ့အကြုံများပြားလှသော စစ်သားကြီးတစ်ယောက် ဖြစ်သည်။ အနည်းငယ် စွန့်စားရုံမျှနှင့် သူ့အတွက် ပို၍ကောင်းသော အခွင့်အရေးတစ်ရပ်ကို ရရှိလာမည် ဆိုပါက စွန့်စွန့်စားစား မြှုလုပ်ရတော့မည်သာ ဖြစ်သည်။

ယခုလို အချိန်မျိုးတွင် မြင်းများကို တာဝန်ခံ၍ စောင့်ကြပ်နေသူများသည် မိမိ၏ ပတ်ဝန်းကျင်ထက် တောင်ကြားလွင်ပြင်ကို ကျော်၍ သံလမ်းဆီသို့ ကြည့်နေကြမည်သာ ဖြစ်၏။ သူတို့၏ စိတ်အာရုံများသည် မီးရထားကြီးနှင့် အဆိုပါ မီးရထားကြီးကို ချောင်းနေကြသော လူနီများထံသို့သာ စူးစူးစိုက်စိုက် ရောက်ရှိနေကြပေလိမ့်မည်။ ၎င်းအပြင် ယခုအချိန်မှာ အရုဏ်တက် အချိန်ပိုင်းပင် ဖြစ်ပြီး ဆီးနှင်းခဲများကလည်း တဖွဲဖွဲကျနေသော အချိန်ကောင်းပင် ဖြစ်သည်။

ကလဲယားမွန့်သည် ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို မဖြစ်မနေ လုပ်ရတော့မည်ဟု သိထားပြီး ဖြစ်သည့်အလျောက် ဆိုင်းမနေတော့ဘဲ မီးရထားသံလမ်းပေါ်သို့ မိကျောင်းသွား တွား၍တက်လိုက်၏။

◆

ဒီကင်က ရေနွေးငွေ့ကို အနည်းငယ် လျှော့ချလိုက်သည်။ ထင်းပုံ နောက်မှ နောက်တွဲတက်သို့ လှည့်ပြီး ကင်းစောင့်နေသော မာရီကာက ဖျတ်ခနဲ လှည့်ကြည့်ရင်း မေးလိုက်၏။

"ရပ်တော့မလို့လား"

"အရှိန်လျှော့တာပါ"

ဒီကင်က စက်ခေါင်း၏ ညာဘက်နံရံကို လက်ညှိုးထိုးပြရင်း

"ထင်းပုံက ခွာပြီး ဟိုနားက ကြမ်းပေါ်မှာ ဝပ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



မာရီကာက တွန့်ဆုတ် တွန့်ဆုတ်နှင့် ရှေ့သို့ တိုးလာသည်။

"ဘာလဲ၊ ပစ်မယ်၊ ခတ်မတ် ထင်လို့လား"

"အင်း နှင်းဆီပွင့်ကလေးတွေနဲ့ ပေါက်မှာ မဟုတ်တာတော့ သေချာတယ်"

မီးရထားသည် ထိုအချိန်တွင် ၁၀ မိုင်နှင့် ၁၅ မိုင်ကြားရှိ အရှိန်နှုန်းဖြင့် ခပ်ဖြည်းဖြည်း ခုတ်မောင်းနေပါ၏။ လုံးဝရပ်တန့်သွားမည့်ပုံ မပေါ်ပါ။ ထိုအချက်ကို ရိပ်မိလိုက်သော ဗိုလ်လက်ဖြူသည် ပထမပိုင်းတွင် အူကြောင်ကြောင် ဖြစ်သွားသော်လည်း နောက်ပိုင်းတွင် အလွန်အမင်း ဒေါပွလာသည်။

"ဒီခွေးမသားက ဘာပြုလို့ မရပ်ရတာတဲ့လဲ"

သူက ပုန်းနေရာမှ ခုန်၍ထလိုက်ပြီး လက်ကို ဝှေ့ယမ်းပြလိုက်သည်။ သို့သော် ရထားကြီးက ရပ်မသွားပါ။ ဆက်၍ မောင်းသွားပါသည်။ ထို့ကြောင့် ဗိုလ်လက်ဖြူက သူ့လူများကို သူ့နောက်သို့ လိုက်ခဲ့ရန် အော်ဟစ်၍ အမိန့်ပေးလိုက်၏။ ပုန်းနေသော လူနီများသည် ချက်ချင်းလိုလိုပင် ပုန်းကွယ်နေရာမှ ထွက်လာကြသည်။ ၎င်းနောက် ရထားလမ်းရှိရာ ကုန်းမြင့်ဆီသို့ အပြေးတက်လာကြ၏။ သို့သော် ခပ်လျှောလျှောဖြစ်နေပြီး ဆီးနှင်းခဲများ ဖုံးလွှမ်းနေသော ကမ်းပါးတစ်လျှောက် အပြေးတက်ရခြင်း ဖြစ်သည့်အပြင် ကျောက်စရစ်ခဲကလေးများကလည်း ရှိနေသဖြင့် ထင်သလောက် မြန်မြန်ထက်ထက် ပြေးနိုင်ခြင်း မရှိပါ။ ဒီကာင်က ရထားအရှိန်ကို အနည်းငယ် မြန်လိုက်ပြန်သည်။

ထိုအချိန်တွင် အိုဘာရိုင်ရင်၊ ပီးယားစ်၊ ဘုရင်ခံကြီးနှင့် ဟင်နရီတို့သည် ပြတင်းပေါက်မှန်နားတွင် ကပ်၍ အပြင်ဘက်သို့ စိုးရိမ်တကြီး ကြည့်နေကြပါ၏။ ပီးယားစ်က အော်လိုက်သည်။

"ဗိုလ်လက်ဖြူနဲ့ သူ့တပည့်တွေပါလား။ ဘယ်လိုများ ဖြစ်ကုန်ကြပါလိမ့်"

သူက ပွဲပိုင်းရှိ စကြံလမ်းဆီသို့ အပြေးအလွှားသွားသည်။ ကျန်လူများကလည်း အပြေးအလွှား လိုက်လာကြပါ၏။ သူတို့အားလုံး စကြံဆီသို့ ရောက်သွားသောအခါ မီးရထား၏ အရှိန်သည် သိသိသာသာကြီး လျော့ကျသွားပြန်သည်။

ဖဲယားချိုင်းက ပြောလိုက်၏။

"အခုလို အချိန်မှာ တို့ ခုန်ချရင် ဖြစ်မယ်။ တို့ကို ဗိုလ်လက်ဖြူက အကူအညီပေးမှာပါ"

ပီးယားစ်က ဘုရင်ခံကြီးကို ရင့်သီးစွာ ပြောချလိုက်သည်။



"ခင်ဗျား တကယ့်သောက်ရူးပဲ၊ အဲဒီလို ဖြစ်လာစေချင်လို့ ဒီကောင်တခင်ဗျားကို တမင်မြှူနေတာ။ ဒီနေရာကနေ ဟမ်းဘို့ခံတပ်ကို ခြေကျင်လျှောက်ဖို့ဆိုရင် အဝေးကြီး လိုသေးတယ် သိလား"

ပီးယားစ်က နောက်သို့ လက်ဝှေ့ယမ်း၍ ပြလိုက်ပြီး စက်ခေါင်းရှိရာသို့ လက်ညှိုးထိုး၍ ပြလိုက်ပြန်၏။ ဗိုလ်လက်ဖြူကလည်း နားလည်ကြောင်း ပြန်၍ လက်ယမ်းပြပြီးနောက် သူ့နောက်ဘက်သို့ လှမ်း၍အော်ဟစ်ပြီး အမိန့်ပေးလိုက်သည်။ ချက်ချင်းလိုလိုပင် ရိုင်ဖယ်သေနတ် ဆယ်လက်ခန့်က ခေါင်းတွဲရှိရာသို့ ချိန်လိုက်ကြ၏။

သေနတ်သံများ ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် ဒီကင်သည် ခေါင်းတွဲကြမ်းပြင်ပေါ်သို့ ဝပ်ချလိုက်သည်။ ၎င်းနောက် စက်ခေါင်းတံခါးဝမှ ခေါင်းပြူ၍ နောက်ဘက်သို့ စွန့်စွန့်စားစား လှည့်ကြည့်လိုက်သည်။ ပြေးရင်း လွှားရင်းကပင် သေနတ်ကျည်ဆန် ထပ်ထိုးနေသော လူနီများသည် တဖြည်းဖြည်းနှင့် ရထားဆီသို့ နီး၍ နီး၍ လာပါ၏။ ဒီကင်က ရထားအရှိန်ကို ပြန်မြှင့်လိုက်သည်။

အိုဘာရိုင်ရင်က စိတ်မသက်မသာနှင့် ပြောလိုက်၏။

"ဒီ ဒီကင်ဆိုတဲ့ အကောင်က ဘာတွေ လျှောက်လုပ်နေပြန်သလဲ မသိဘူး။ ဒီလူနီတွေကို နောက်မှာ ကျန်ရစ်ခဲ့အောင် ဖြတ်ပစ်ထားနိုင်ပါလျက်နဲ့ ဘာပြုလို့"

သူနှင့် ပီးယားစ်သည် တစ်ယောက်မျက်နှာကို တစ်ယောက်က ကွက်ခနဲ ကြည့်မိကြပြန်၏။

◆

တောအုပ်ထဲသို့ ဘေးရန် ကင်းရှင်းစွာနှင့် ရောက်ရှိနေခဲ့ပြီ ဖြစ်သော ကာလဲယားမွန့်သည် မြင်းစောင့်နေသူများကို အငိုက်ဖမ်းနိုင်ရန်အတွက် နောက်ဘက်မှ ကွေ့ဝိုက်ပြီး ချဉ်းကပ်လာနေ၏။ ထိုအခိုက်တွင် မြင်းစောင့်နေသူများသည် ထင်းရှူးတောအစပ်မှ နေ၍ ရထားဆီသို့ လှမ်းကြည့်နေကြမည်မှာ သေချာလှသည်။ သည်အတိုင်း မှန်ပါက ကာလဲယားမွန့်သည် သူတို့၏ ကျောဘက်မှ လူမသိအောင် ချဉ်းကပ်နိုင်ရန် သေချာသွားလေပြီ။

ကာလဲယားမွန့်၏ မျက်နှာထားကို အကဲခတ်ရခြင်းဖြင့် သူသည် [illegible]သူတို့ အလစ်တွင် နောက်ကျောမှ ဓားနှင့် ဝင်ထိုးသည့် ကိစ္စမျိုးကို လက်ခံသူ တစ်ဦး မဟုတ်ကြောင်း ထင်ရှားသည်။ သို့သော် ဤအရေးအခင်းတွင် [illegible]မိက လူကောင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာ သေဆုံးခဲ့ရပြီး ခြောက်မြားလှစွာသော ရွှေငွေများပါ လုယက်ခံရတော့မည့် အန္တရာယ်ရှိနေသည်ကို သိထားသောကြောင့် တစ်ဦးနှင့် တစ်ဦး ရင်ဆိုင်တိုက်ခိုက်ခြင်းခံရန်နှင့် တစ်ဖက်သားကို ယှဉ်တိုက်ခွင့် အခွင့်အရေးပေးရန် မလိုဟု ဆုံးဖြတ်လိုက်ပါ၏။

မြင်းကောင်ရေ စုစုပေါင်းမှာ ခြောက်ဆယ်ခန့် ရှိသည်။ သို့သော် မည်သည့် မြင်းကိုမျှ ချည်နှောင်ထားခြင်း မရှိပါ။ လူနီများသည် သူတို့စီးသော မြင်းများကို အမေရိကန် မြင်းတပ်မတော်တွင် ရှိသော မြင်းများကဲ့သို့ ကောင်းစွာ လေ့ကျင့်သင်ကြားပေးထား၍ ဖြစ်ပါ၏။

ကလဲယားမွန့်က သူ့စိတ်ကြိုက် မြင်းသုံးကောင်ကို ရွေးလိုက်သည်။ ကျန်မြင်းများကိုမူ အလန့်တကြား ထွက်ပြေးအောင် ခြောက်လှန့်ပစ်မည် ဖြစ်ပါ၏။ ထို့ကြောင့် သူက မြင်းများအကြားသို့ တိုးဝင်သွားသည်။ မြင်းများက ဟီခြင်း အသံပြုခြင်း လုံးဝမရှိပါ။

မြင်းများကို စောင့်နေသူ အစောင့်နှစ်ဦးသာ ရှိသည်။

သူတို့နှစ်ဦးသည် မြင်းအုပ်၏ တစ်ဖက်စွန်း တောစပ်အစတွင် တစ်ယောက် မျက်နှာကို တစ်ယောက်က လှမ်းကြည့်ရင်း ခပ်လှမ်းလှမ်းရှိ မီးရထားဆီမှ ကြားနေရသော သေနတ်သံများကို နားစွင့်နေကြ၏။ မြေကြီးပေါ်တွင် ဆီးနှင်းခဲများ ထူထပ်စွာ တင်ရှိနေသောကြောင့် အချို့သော မြင်းများက မြေကြီးကို ခွာနှင့်ရုပ်သော်လည်း အသံသိပ်မထွက်ပါ။ အစောင့်နှစ်ဦးသည် နှစ်မိုင်ခန့် အကွာတွင် ရှိသော တိုက်ပွဲဆီသို့ အာရုံစူးစိုက်နေကြသဖြင့် နောက်ပိုင်းအခြေအနေကို သတိပြုမိဟန် မတူချေ။ ထို့ကြောင့် ကလဲယားမွန့်သည် အစောင့်နှစ်ဦးနားသို့ ပေနှစ်ဆယ်ခန့်သာ ဝေးသည်အထိ ချဉ်းကပ်လာနိုင်ခဲ့ပါ၏။

ကလဲယားမွန့်သည် ထင်းရှူးပင်ကြီးတစ်ပင်၏ ပင်စည်နောက်တွင် စနစ်တကျ နေရာယူလိုက်သည်။ ဤမျှလောက် နီးကပ်သော အကွာအဝေးတွင် ရိုင်ဖယ်သေနတ်ကို သုံးမည်ဆိုပါက လွန်ရာကျလိမ့်မည်။ ထို့ကြောင့် ရိုင်ဖယ်ကို ထင်းရှူးပင်တွင် အသံမမြည်အောင် ထောင်ရင်း ခါးထဲမှ ခြောက်လုံးပြူး သေနတ်ကို ထုတ်ယူလိုက်၏။

◆



ရထားပေါ်တွင်ကား ပီးယားစ်နှင့် အိုဘရိုင်ရင်တို့သည် နောက်ဘက်သို့ လှမ်းကြည့်ရင်း ထင်းရှူးတောအုပ် ရှိရာသို့ လက်ညှိုးထိုး၍ ပြနေကြ၏။ သူတို့က ဗိုလ်လက်ဖြူအား မြင်းများ ထားရှိသည့်နေရာသို့ ပြန်သွားရန် အချက်ပြနေခြင်း ဖြစ်သည်။ ထိုအချက်ပြမှုကို နားလည်သဘောပေါက်သွားသော ဗိုလ်လက်ဖြူသည် ပြေးနေရာမှ ရပ်လိုက်ပြီး သူ့လူများကို တောအုပ်ရှိရာသို့ လက်နှင့် ညွှန်ပြလိုက်၏။

"ဟော့ မြင်းတွေရှိတဲ့ နေရာကို ပြန်ကြတော့"

ထိုအခိုက်မှာပင် ခြောက်လုံးပြူးသေနတ်သံ နှစ်ချက် တောအုပ်ဆီမှ ထွက်ပေါ်လာသဖြင့် ခြေတစ်လှမ်း စ၍ ပြေးမိပြီဖြစ်သော ဗိုလ်လက်ဖြူသည် တုံ့ခနဲ ရပ်လိုက်မိ၏။ ၎င်းနောက် ဗိုလ်လက်ဖြူက သူ့တပည့်နှစ်ယောက်၏ ပခုံးကို ပုတ်လိုက်သည်။ ထိုသူနှစ်ဦးသည် ထင်းရှူးတောအုပ်ဆီသို့ ခပ်မှန်မှန် ပြေးသွားကြပါ၏။ ခုလိုအချိန်မျိုးကျမှ ကမန်းကတန်းလုပ်ရန် မလိုတော့ဟု ဗိုလ်လက်ဖြူက ဆုံးဖြတ်လိုက်ပုံရသည်။

◆

ပီးယားစ်က ဒေါ်နှင့် မောနှင့် ပြောလိုက်၏။

"အင်း ခုမှပဲ ဒီကင်ဆိုတဲ့ အကောင်က ရထားကို အရှိန်လျှော့ပြီး ကျုပ်တို့ရဲ့ မျက်ခွက်ရှေ့မှာ ဒိုင်းနမိုက်နဲ့ ပေါက်လိုက်တာကို နားလည်မိတော့တယ်။ သူက ကလဲယားမွန့် ရထားပေါ်က ခုန်ဆင်းတဲ့အချိန်မှာ ကျုပ်တို့ကို အာရုံပြောင်းလိုက်တာကိုး"

"ငါကတော့ စိတ်ပူမိတဲ့ အချက်နှစ်ချက် ရှိတယ်။ အဲဒါကတော့ ဒီနေရာကို ဗိုလ်လက်ဖြူက ဘာပြုလို့ ရောက်နေရတာလဲ ဆိုတာရယ်၊ ပြီးတော့ ဗိုလ်လက်ဖြူ ရောက်နေမယ်ဆိုတဲ့ အကြောင်းကို ဂျွန်ဒီကင် ဆိုတဲ့ ကောင်က သိနှင့်နေတာရယ်၊ အဲဒီနှစ်ချက်ရဲ့ အဖြေကို မသိရလို့ စိတ်ပူမိတာပဲ"

သေနတ်များကို အောက်သို့နှိမ့်၍ ကိုင်ထားသော လူနီအုပ်စုသည် ရထား၏ နောက်ဘက် ကိုက်သုံးရာခန့်ဝေးသော နေရာတွင် စိတ်ပျက်လက်ပျက်နှင့် ရပ်နေကြပါ၏။ ဒီကင်က နောက်ဘက်သို့ လှည့်ကြည့်ပြီး ရထားအရှိန်ကို လျှော့ချလိုက်ပြန်သည်။ ဘုရင်ခံကြီး ဖဲယားချိုင်းက စိတ်ဖောက်ပြန်သွားသူ တစ်ဦး၏ လေသံနှင့် အော်ဟစ်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့တစ်တွေ ဒီကောင့်ကို ဝိုင်းပြီးဆော်မှဖြစ်မယ်။ ရထားကို ရပ်သွားအောင် လုပ်နိုင်မှဖြစ်မယ်။ ကြည့်ပါလား၊ အခု ရထားဟာ လမ်းလျှောက်သွားတဲ့ အရှိန်လောက်ပဲ ရှိတော့တာ။ ဒီတော့ တို့ရထားတွဲတစ်ဖက်စီကို နှစ်ယောက်စီ ခုန်ချပြီး ရှေ့ကို ပြေးတက်မယ်။ ပြီး သူ့ကို ညှပ်ပူးညှပ်ပိတ် ဖမ်းမယ်ဆိုရင်"

အိုဘာရိုင်ရင်က ဖြတ်ပြောသည်။

"အဲဒီလိုဆိုရင် သူက ရထားကို ခပ်မြန်မြန် ပြန်မောင်းပြီး ကျုပ်တို့ကိုတောင် လက်ပြပြီး နှုတ်ဆက်သွားလိမ့်မယ်"

"သူ ရထားကို အရှိန်လျှော့တာ၊ အဲဒီလိုလုပ်ဖို့ပဲလို့ မင်းက မြင်သလား"

"ဒါပဲ ဖြစ်ရမှာပေါ့"

❖

မြင်းလွတ်နှစ်ကောင်ကို အောက်မှ ဆွဲလာသော ကလဲယားမွန့်သည် သူ့မြင်းကို တောင်ကြားလွင်ပြင်မှ တောင်ကြားလမ်းကလေးရှိရာ အထက်ဘက်သို့တက်ရန် ခြေနှစ်ဖက်နှင့် ညှပ်၍ မောင်းနှင်လိုက်၏။ သူ့ရှေ့ရှိ လန့်ဖျပ်ပြီး ထွက်ပြေးနေသော မြင်းများသည် တဖြည်းဖြည်းနှင့် ဆက်မပြေးတော့ဘဲ ရပ်တန့်သွားကြလေသည်။

ကလဲယားမွန့်သည် တောင်ကြားလမ်းကလေးရှိရာ အမြင့်ဘက်ဆီသို့ တက်လိုက်ပြီး ထိပ်သို့ရောက်သောအခါ မြင်းပေါ်မှ ရှေ့သို့လှမ်းကြည့်လိုက်၏။ သူ့ရှေ့ သုံးမိုင်ခန့် ဝေးသောနေရာတွင် အခြားတောင်ကြားလမ်းတစ်ခု၏ အပေါက်ဝကို တဖွဲဖွဲကျနေသော ဆီးနှင်းခဲများအကြားမှ ခပ်ရေးရေး မြင်နေရပါ၏။ ထိုတောင်ကြားလမ်းကလေးသည် ညာဘက်သို့ ချိုးသွားသည်။ ထိုတောင်ကြားမှ ထွက်လာသော ကြေးနန်းတိုင်များကိုပါ တသီကြီး လှမ်းမြင်နေရ၏။ ထိုနေရာသည်ကား အသည်းကွဲတောင်ကြား၏ အနောက်ဘက် ထွက်ပေါက်ပင်တည်း။

ကလဲယားမွန့်သည် ပတ်တီးစည်းထားသော သူ့ဘယ်ဘက်လက်ကို ရှုံ့ရှုံ့မဲ့မဲ့နှင့် ငုံ့ကြည့်သည်။ ပတ်တီးနှင့် ပတ်တီးပေါ်တွင် ရှိနေသော မြင်းဇက်ကြိုးတို့မှာ သွေးဖြင့် ရွှဲရွှဲစို၍နေပါ၏။ သူက ခေါင်းကို ပြန်မော့လိုက်ပြီး မြင်းကို ဖနောင့်နှင့်ပေါက်၍ အသော့နှင်လိုက်သည်။

❖



မီးရထားကြီးသည် ယခုအချိန်တွင် ပို၍မြန်လာသည်။ ရထားလမ်းပေါ်တွင် ရပ်နေသော လူနီများနှင့် ပို၍ ပို၍ ဝေးသွားပြီ ဖြစ်ပါ၏။ ဗိုလ်လက်ဖြူသည် ထင်းရှူးတောအုပ်မှ ပြန်လာသော လူနီနှစ်ယောက်ကို ဣန္ဒြေရရ လှမ်းကြည့်နေသည်။ ပြန်လာသူနှစ်ဦးအနက် ခေါင်းဆောင်လုပ်သူက စကားမပြောဘဲ လက်ဝါးကို အပေါ်သို့ လှန်၍ လက်ဖျံကို မြှောက်ပြလိုက်သည်။ ဗိုလ်လက်ဖြူက ခေါင်းညိတ်ပြီး ချာခနဲ လှည့်ထွက်သွားပါ၏။ သူ့လူများက သူ့နောက်မှ နှစ်ယောက်တစ်တွဲစီ တန်းစီရင်း မြင်ကွင်းမှ ပျောက်သွားပြီဖြစ်သော ရထားသွားရာနောက်သို့ လိုက်သွားကြပါ၏။

မီးရထားနောက်ဆုံးတွဲ၏ ပွဲပိုင်းစင်္ကြံလမ်းပေါ်တွင် ရပ်နေကြသော ဘုရင်ခံကြီး ဖဲယားချိုင်း၊ အိုဘာရိုင်ရင်၊ ပီးယားစ်နှင့် ဟင်နရီတို့သည် သူတို့ မြင်ကွင်းမှ တဖြည်းဖြည်း ဝေး၍ကျန်ခဲ့သော ဗိုလ်လက်ဖြူတို့ကို စိတ်မချမ်းမသာနှင့် ကြည့်နေမိကြသည်။ ရထားလမ်းသည် တစ်ဖက်သို့ ကွေ့သွားသဖြင့် ဗိုလ်လက်ဖြူတို့ လူစုကို မမြင်နိုင်တော့ပါ။

ထိုအချိန်တွင် ဆက်တိုက် ပေါ်ထွက်လာသော ခြောက်လုံးပြူး သေနတ်သံနှစ်ချက်ကို ထပ်၍ ကြားရပြန်၏။ ဘုရင်ခံကြီးက အလန့်တကြား ပြောလိုက်သည်။

"ဟော ဟော ဒါက ဘယ်လိုဖြစ်တာတုံး"

ပီးယားစ်က သေချာလှသော လေသံနှင့် ဖြေလိုက်သည်။

"ဒီသေနတ်သံဟာ ကလဲယားမွန့် ပစ်လိုက်တာပဲ ဖြစ်ရမယ်။ သူက ဗိုလ်လက်ဖြူတို့ လူစုရဲ့ မြင်းတွေကို လှန့်ထုတ်မောင်းလိုက်ပြီးပြီလို့ အချက်ပေးလိုက်တာပဲ ဖြစ်ရမှာပေါ့။ ဒီအတိုင်းသာဆိုရင် ဗိုလ်လက်ဖြူတို့လူစုဟာ ဟမ်ဘိုခံတပ်ကို ရောက်အောင် အတော်ကြီး လမ်းလျှောက်လာကြရလိမ့်မယ်။ အဲဒီအချိန်ကျရင် ဒီကင်က အဆင်သင့် ဖြစ်နေတော့မှာပေါ့"

ဘုရင်ခံကြီးက မျှော်လင့်ချက်ကြီး တစ်ခွဲသားနှင့် ဝင်ပြောပြန်သည်။

"ဟိုမှာ ဆက်ကော်ဟွန်း ရှိနေတယ် မဟုတ်လား"

ပီးယားစ်က ဖြေလိုက်၏။

"ဒီဆက်ကော်ဟွန်း ဆိုတဲ့ကောင်က အမြဲလိုလို မူးနေတဲ့ အကောင်ပါ၊ ဒီကင်ကို နိုင်အောင် ရင်ဆိုင်ဖို့ မလွယ်ပါဘူး"

သူက ပါးစပ်ကို တင်းကျပ်စွာ စေ့ပြီး ပြုံးလိုက်သည်။

"ကဲ ကျုပ်မပြောဘူးလား၊ ဒီကောင်က ရထားကို မြန်မြန်မောင်းပြန်ပြီ"

❖

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ရထားက တဖြည်းဖြည်း ပိုမြန်လာသည်။ သူတို့လေးဦးသည် စိတ်မသက်မသာနှင့် တစ်ဦးမျက်နှာကို တစ်ဦးက ကြည့်လိုက်မိကြပါ၏ အိုဘရိုင်ရင်က ပြောပြန်သည်။

"ဒီကောင်က တို့ကို ရထားပေါ်က ခုန်ချချင်စိတ် ပေါ်လာအောင် လှည့်စားဖို့ မကြိုးစားတော့ဘူးနဲ့တူတယ်"

သူက ပြောပြောဆိုဆိုနှင့် သံလက်ရန်းပေါ်မှ ကိုယ်ကို ရှေ့သို့ကိုင်းပြီး ခေါင်းတွဲဆီသို့ လှမ်းကြည့်လိုက်သည်။ ထိုအချိန်တွင် သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီးနောက် အိုဘရိုင်ရင်သည် ကပျာကယာ နောက်ဘက်သို့ ပြန်ဆုတ်လာပါ၏ သူက ဦးထုပ်ကို ချွတ်ပြီး နှုတ်ခမ်းသားတွင် ဖြစ်ပေါ်လာသော အပေါက်ကို တုန်ရီသော လက်များနှင့် ကိုင်ကြည့်လိုက်သည်။

ပီးယားစ်က ပြောလိုက်၏။

"ဒီကောင်ကတော့ ခုအထိ လက်လျှော့မယ့်ပုံ မပေါ်သေးဘူး"

ရထားရှေ့ပိုင်းတွင်လည်း ဒီကင်သည် ရှေ့ဘက်သို့ လှမ်းကြည့်နေသည်။ ဆီးနှင်းခဲများ မကျတော့ပါချေ။ သူနှင့် ကလဲယားမွန့်တို့ တွေ့ဆုံချိန်းဆိုခဲ့သော စုရပ်ဖြစ်သည့် အသည်းကွဲတောင်ကြား၏ အနောက်ဘက် ထွက်ပေါက်နှင့် တောင်ကြားလမ်းတို့ တွေ့ဆုံရာ လမ်းဆုံသည် သိပ်မဝေးတော့ပဲ ကိုက်နှစ်ရာခန့်သာ လိုပါတော့သည်။

ဒီကင်က 'မြဲမြဲကိုင်ထား' ဟု ပြောလိုက်ပြီးနောက် ဘရိတ်ကို ရုတ်တရက် ဖမ်းလိုက်၏။ ရထားကြီးသည် တုံ့ခနဲ ရပ်သွားသဖြင့် ရထားတွဲ တစ်ခုနှင့် တစ်ခုလည်း ဒိုင်းခနဲ ဒိုင်းခနဲ ဆောင့်မိကြပြန်သည်။ နောက်ဆုံးတွဲ၏ စင်္ကြံလမ်းပေါ်တွင် ရှိနေကြသော လူလေးဦးမှာလည်း အူကြောင်ကြောင် ဖြစ်နေရရှာ၏။ ဒီကင်သည် ဘန်လွှန်၏ ခြောက်လုံးပြူးသေနတ်ကို မာရီကာထံ လှမ်းပေးလိုက်ပြီးနောက် ဗုံးဒိုင်း ကိရိယာများ ထည့်သော သေတ္တာထဲမှ ဒိုင်းနမိုက် တစ်ချောင်းကို ယူလိုက်သည်။

ရထားကြီးသည် လုံးဝရပ်တန့်သွားလေပြီ။ ဒီကင်က "ကဲ…" ဟု အချက်ပေးလိုက်ရာ မာရီကာသည် ရထားပေါ်မှ ခုန်ချလိုက်လေတော့သည်။ မာရီကာသည် နှင်းခဲများပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားပြီးနောက် မြေကြီးပေါ်၌ လေး ငါး ပတ် လိမ့်သွားလေသည်။ မာရီကာသည် နာကျင်လှသောကြောင့် ပါးစပ်မှ အသံထွက်အောင် အော်လိုက်မိရှာ၏။ ဒီကင်က ဘရိတ်ဖမ်းထားသည်ကို ပြန်ဖြုတ်လိုက်ပြီးနောက် ရထားကို 'နောက်ပြန်' ခုတ်မောင်းသည့် အနေအထားသို့ ပြောင်းလိုက်ပြီး ရေနွေး



အားကို ဖွင့်ပေးလိုက်၏။ ထို့နောက် မျှားမကြာမီ ဒီကင်သည် ရထားလမ်းဘေးတွင် လဲကျနေသော မာရီကာအနားသို့ ခုန်ဆင်းပြီး ရောက်ရှိလာသည်။

ရထားတွဲ၏ နောက်ပိုင်းတွင် ရှိနေသော သူလေးယောက်သည် ရထားကြီး နောက်ပြန်ခုတ်မောင်းနေသည်ကို အချိန်အတော်ကလေးကြာမှ သတိပြုလိုက်မိကြသည်။ ပထမဦးဆုံး သတိဝင်လာသူ အိုဘရိုင်ရင်က သံလက်ရန်းပေါ်မှ ကျော်၍ ရှေ့ဘက်သို့ လှမ်းကြည့်လိုက်၏။ ချက်ချင်းလိုလိုပင် သူမျက်လုံး ပြူးသွားသည်။ ရထားလမ်းဘေးသို့ ရောက်နေပြီဖြစ်သော ဒီကင်က သူ့ကို ခြောက်လုံးပြူးနှင့် ချိန်ထားကြောင်း တွေ့လိုက်ရ၍ ဖြစ်သည်။ သူသည် အချိန်မီ နောက်သို့ ပြန်ဆုတ်လိုက်ရပါ၏။ ဒီကင်၏ သေနတ်ပြောင်းဝမှ သေနတ်သံ တစ်ချက် ဟိန်းပြီး ထွက်လာသည်။

"မြတ်စွာဘုရား၊ ဒီငတိက ရထားပေါ်က ခုန်ချလိုက်ပြီကိုး"

ဖဲယားချိုင်းက အထိတ်တလန့် အော်ဟစ်လိုက်သည်။

"ဒါဖြင့် ခေါင်းတွဲကို မောင်းတဲ့လူ ဘယ်သူမှ မရှိတော့ဘူးပေါ့။ ကဲ တို့လည်း ခုန်ချရရင် ကောင်းလိမ့်မယ် ထင်တယ်"

အိုဘရိုင်ရင်က ဘုရင်ခံကြီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

"ဘယ်ဖြစ်ပါ့မလဲ"

"ဟိုစစ်သားတွေပါတဲ့ ရထားတွဲတွေ ဘယ်လို ဖြစ်ကုန်တယ် ဆိုတာကို မင်း သိတယ် မဟုတ်လား"

"ကျုပ်တို့အတွက် ဒီရထားဟာ မရှိမဖြစ် လိုအပ်တယ် ဆိုတာကို နားလည်ထားစမ်းပါ"

သူက ပြောပြောဆိုဆိုနှင့် တံခါးရှိရာသို့ တိုးသွားသည်။

"နသန်၊ မင်း ရထားမောင်းဖူးသလား"

ပီးယားစ်က ခေါင်းခါပြသည်။

"အေး ငါလည်း မမောင်းဖူးဘူး၊ ဒါပေမဲ့ စမ်းကြည့်မှ ဖြစ်မယ်"

အိုဘရိုင်ရင်က ရထားရှေ့ပိုင်းသို့ လက်မနှင့် ထိုးပြလိုက်သည်။

"မင်းက ဒီကင့်ကို တာဝန်ယူ"

ပီးယားစ်က ခေါင်းညိတ်ပြလိုက်ပြီး ရထားပေါ်မှ ခုန်ဆင်းလိုက်သည်။ ထိုအချိန်တွင် ရထားကြီးမှာ အတော်အတန် အရှိန်ရနေပြီ ဖြစ်သည့်အတွက် နသန်ပီးယားစ်သည် မြေကြီးပေါ်တွင် လေးငါးပတ် လိမ့်သွားပြီးနောက်မှ သူ့ကိုယ်သူ ပြန်ထိန်း၍ ရပါ၏။ သို့သော် မြေကြီးပေါ်တွင် ဆီးနှင်းခဲများ ထူထပ်စွာ တင်ရှိနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်နာကျင်မှု သိပ်မရှိပါချေ။ သူသည် လဲနေရာမှ ပြန်ထလိုက်ပြီး နံဘေးဝန်းကျင်ကို အကဲခတ်လိုက်၏။

အရှိန်ရသွားပြီဖြစ်သော ရထားကြီးသည် သူနှင့် ကိုက်ငါးဆယ်အကွာအဝေးသို့ ရောက်ရှိသွားလေပြီ။ သူက ရထားကြီးနှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ လှမ်းကြည့်လိုက်၏။ မာရီကာကို ဖေးဖေးမမ ပြုလုပ်ပေးနေသော ဒီကင်၏ ဦးခေါင်းကို သူက လှမ်းမြင်လိုက်ရလေသည်။

ဒီကင်က မာရီကာကို မေးလိုက်၏။

"သိပ်များ နာသွားသလားဟင်"

"ကျွန်မ ခြေကျင်းဝတ် နာသွားတယ်၊ လက်ကောက်ဝတ်လည်း နာနေတယ်"

"မတ်တတ်ရပ်နိုင်ပါ့မလား"

"ဟင့်အင်း၊ မရပ်နိုင်ဘူးလို့ ထင်တာပဲ"

"ကဲ ဒါဖြင့်ရင် ထိုင်နေဦး"

သူက မာရီကာကို ရထားလမ်းဘေးတွင် ထ,ထိုင်နိုင်အောင် ဆွဲ၍ ထူပေးလိုက်၏။ သို့သော် ဒီကင်၏ အကိုင်အတွယ်မှာ မနူးညံ့လှသဖြင့် မာရီကာက မျက်စောင်းထိုးလိုက်သည်။ မာရီကာ၏ မျက်စောင်းကို ဒီကင်က မမြင်။ သူက နှစ်ဖာလုံခန့် အကွာအဝေးအထိ ရောက်ရှိသွားပြီဖြစ်သော မီးရထားကို လှမ်းကြည့်လိုက်၏။ သို့ရာတွင် စက်ခေါင်းတွဲထဲသို့ ထင်းပုံပေါ်မှ ခုန်ချလာသော အိုဘရိုင်ရင်ကို သူ မမြင်နိုင်ပါ။ အိုဘရိုင်ရင်သည် ခေါင်းတွဲထဲရှိ စက်ကိရိယာများနှင့် ဒိုင်ခွက်အသီးသီးကို ဝေခွဲ၍ မရသော မျက်နှာထားနှင့် လှမ်းကြည့်လိုက်၏။

ဒီကင်သည် ဒိုင်းနမိုက်တစ်ချောင်းကို ဇလီဖားတုံးနှင့်ကပ်လျက် ရထားသံလမ်းအောက်တွင် ထားရှိလိုက်ပြီးနောက် အပေါ်မှ ကျောက်ခဲများ၊ မြေကြီးများနှင့် အုပ်လိုက်လေသည်။ စနက်တံကိုမူ အပြင်သို့ ဖော်ထားပါ၏။

မာရီကာက မနှစ်မြို့သော လေသံနှင့် ပြောလိုက်သည်။

"ရှင်က ရထားလမ်းကို ဖောက်ခွဲပစ်မလို့လား"

"ဟုတ်တယ် ဖောက်ခွဲပစ်မလို့"

"မရဘူး ကိုယ့်လူ၊ မင်း ဒီနေ့တော့ အလုပ်မဖြစ်တော့ဘူး"

ပီးယားစ်က ခြောက်လုံးပြူးနှင့်ချိန်ရင်း ရှေ့ကို တိုးလာသည်။ သူက ဘယ်လက်ကောက်ဝတ်ကို ညာဘက်လက်နှင့် ဆုပ်ကိုင်ထားသူ မာရီကာအား တစ်ချက် လှမ်းကြည့်ရင်း-



"ရထားပေါ်က ခုန်ချရင် ဘယ်လိုဖြစ်တယ် ဆိုတာကို မင်း သင်ခန်းစာ ရလောက်ရောပေါ့"

ဟု ပြောလိုက်သည်။

သူက မာရီကာကို ဂရုမထားတော့ဘဲ ဒီကင့်ထံသို့ တိုးကပ်သွား၏။

"မင်း ကုတ်အင်္ကျီအောက်က သေနတ် ငါ့ကိုပေး၊ ပြောင်းဘက်က ကိုင်ပေးစမ်း ကိုယ့်လူ"

ဒီကင်က ကုတ်အင်္ကျီအောက်သို့ လက်နှိုက်လိုက်သည်။ သူက သေနတ်ကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။

မာရီကာက ဝင်ပြောလိုက်သည်။

"ကဲ ရဲမှူးကြီး၊ ဟိုဘက်လှည့်ပြီး လက်မြှောက်လိုက်၊ ကျွန်မဆီမှာလည်း သေနတ်ရှိတယ်"

ပီးယားစ်က ကိုယ်ကို ခပ်ဖြည်းဖြည်း လှည့်လိုက်သည်။ မာရီကာ၏ ညာဘက်လက်ထဲတွင် ကိုင်ထားသော သေနတ်ကို မြင်သောကြောင့် သူ့မျက်စိအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားသည်။ ဒီကင်က သေနတ်ကို ပြောင်းဘက်မှ ပြောင်း၍ ဆုပ်ကိုင်လိုက်ပါ၏။

ဒီကင် ဘာလုပ်တော့မည်ကို ရိပ်စားမိသော နသန်ပီးယားစ်က ကိုယ်ကို ရုတ်တရက် တစ်ဖက်သို့ ပစ်လှဲချပြီး ရှောင်ပေးလိုက်သည်။ ဒီကင်၏ ရိုက်ချက်သည် ဦးခေါင်းတည့်တည့်ကို မထိသော်လည်း ပခုံးစွန်းကို ထိသွားသဖြင့် နသန်၏ ညာလက်မှာ ထုံကျဉ်သွားပြီး လက်ထဲမှ သေနတ် လွတ်ကျသွားသည်။ နသန်သည် ရှေ့သို့ စိုက်ထိုး စိုက်ထိုးနှင့် ချော်လဲသွားပါ၏။ နသန်က သေနတ် လွင့်စဉ်သွားရာ နောက်သို့ ဒိုင်ဗင်ထိုး၍ ကောက်ယူရန် ကြိုးစားသည်။ သို့သော် ဒီကင်က သူ့ထက် မြန်သည်။ ရှေ့သို့ တစ်ချက် ခုန်လိုက်ပြီး ညာခြေနှင့် တအားကျုံး၍ ကန်လိုက်၏။

အဆိုပါ ပြင်းထန်သော ကန်ချက်ကြောင့် မာရီကာသည် မျက်လုံးပြူးသွားသည်။ သူက မကျေမနပ်နှင့် ရေရွတ်လိုက်၏။

"ရှင် တော်တော်ရက်စက်တာပဲ၊ လက်လွတ်ခြေလွတ် ဖြစ်နေတဲ့ လူတစ်ယောက်ကို ကျောဘက်ကနေပြီး"

"သူ့ခေါင်းကို ခြေထောက်နဲ့ ကန်လိုက်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ။ မင်းကသာ နသန်ပီးယားစ်လို လူတစ်ယောက်ကို သေနတ်နဲ့ချိန်ပြီး မောင်းထိုးသတ်ကို အရင်ဖြုတ်ထားဖို့လိုတယ် ဆိုတာကို နားလည်ထားဖို့ လိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



မာရီကာက သူ့ကို ဧေးကြည့်လိုက်သည်။ ၄င်းနောက် လက်ထဲမှ သေနတ်ကို ငုံ့ကြည့်ပြီး ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်၏။ ပြီးမှ မာရီကာက ပြန်မော့ကြည့်သည်။

''ဒါပေမဲ့ ရှင်က ကျွန်မကို ကျေးဇူးတင်တဲ့ အကြောင်းလောက်တော့ ပြောသင့်တာပေါ့''

''ဘာ ဘာပြောတယ်၊ သြော် ဟုတ်တာပေါ့၊ ဟုတ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ''

ဒီကင်က ရထားလမ်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ မီးရထားကြီး၏ အရှိန်မှာ အလွန်မြန်နေလေပြီ။ ရထားတွဲများမှာ ဘယ် ညာ ယိမ်းထိုး၍ နေကြပါ၏။ သူက တစ်ဖက်သို့ လှည့်ကြည့်လိုက်ပြန်သည်။ မြင်းအလွတ် နှစ်ကောင်၏ ဇက်ကြိုးကို ဆွဲရင်း မြင်းတစ်ကောင်ကို စီးလာသော ကလဲယားမွန့်ကို မလှမ်းမကမ်းရှိ တောင်ကုန်းကလေးတစ်ခု၏ ဘေးတွင် လှမ်းမြင်လိုက်ရ၏။ ဒီကင်က လှမ်း၍ လက်ပြလိုက်သဖြင့် ကလဲယားမွန့်သည် ရှေ့တိုးမလာဘဲ ထိုနေရာမှာပင် ရပ်နေသည်။

ဒီကင်သည် နသန်ပီးယားစ်၏ ခန္ဓာကိုယ်ကြီးကို ရထားလမ်းတစ်လျှောက် တရွတ်တိုက်၍ ဆွဲယူသွားပြီး သံလမ်းပေါ်သို့ ဂုန်းခနဲ လွှတ်ချလိုက်သည်။ ၄င်းနောက် ဒိုင်းနမိုက် ရှိရာသို့ ပြန်လာ၍ စနက်တံကို မီးနှင့်ရှို့သည်။ ပြီး မာရီကာကို ပွေ့၍ ရထားလမ်းပေါ်မှ မြင်းများ ရှိရာ မြေနိမ့်ဆီသို့ ပြေးဆင်းလာခဲ့ပါ၏။ ဒီကင်က မာရီကာကို မြင်းတစ်စီးပေါ်သို့ တင်ပေးလိုက်ပြီး သူကိုယ်တိုင်လည်း ကျန်မြင်းတစ်စီးပေါ်သို့ တက်လိုက်သည်။ ၄င်းနောက် ထိုနေရာမှ အမြန်ဆုံး ထွက်ခွာရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်၏။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ သူတို့သုံးဦးစလုံး တိုင်ပင်ထားခြင်း မရှိဘဲ မြင်းများကို ရပ်၍ နောက်ဘက်သို့ ပြန်ကြည့်မိကြသည်။

ဒိုင်းနမိုက်ပေါက်ကွဲမှုမှာ ပြင်းထန်လှသည်ဟု မဆိုသာ။ မြေစိုင်ခဲအချို့နှင့် ကျောက်တုံးကျောက်ခဲအချို့သည် လေထဲသို့ လွင့်စဉ်ပျံ့ဝဲသွားကြ၏။ မီးခိုးနှင့် ဖုန်မှုန့်များ ပြန်၍ငြိမ်သက်သွားသောအခါ ဇလီဖားတုံးတစ်တုံး ပျက်စီးသွားပြီး ဘယ်ဘက်ရှိ မီးရထားသံလမ်းမှာ ကွေးကောက်သွားသည်ကို မြင်ကြရ၏။

ကလဲယားမွန့်က ပြောလိုက်သည်။

''ဒီလောက်လောက်ကိုတော့ သူတို့ ပြင်နိုင်မှာပဲ။ အခု ပျက်စီးသွားတဲ့ မီးရထားသံလမ်းတစ်ဖက်ကို ဖြုတ်ပြီး ရထားရဲ့ နောက်ဘက်က သံလမ်း အကောင်းတစ်ဖက်နဲ့ လဲတပ်မယ်ဆိုရင် ရနိုင်တာပေါ့''



''ကျွန်တော် သိပါတယ်။ တကယ်လို့ ရထားသံလမ်းကို အကြီးအကျယ် ပျက်စီးသွားအောင် ဖျက်ဆီးပစ်ခဲ့ရင် သူတို့တစ်တွေ ခံတပ်ရှိရာကို လမ်းလျှောက်ပြီး လာကြရတော့မှာပေါ့''

''ဒီတော့''

''အခုလိုဆိုတော့ သူတို့တစ်တွေ ခံတပ်ကို မပင်ပန်းဘဲ ကျန်းကျန်းမာမာ အသက်နဲ့ ခန္ဓာကိုယ် အိုးစားမကွဲဘဲ ရောက်လာနိုင်ကြမှာ''

မာရီကာက ဒီကင်ကို အထိတ်တလန့် ကြည့်လိုက်၏။

''ဟုတ်တယ်လေ၊ အဲဒီနောက်တော့ ကျွန်တော်တို့အားလုံး အသတ်ခံကြရဖို့ သေချာသွားပြီ''

ဒီကင်၏ မျက်နှာအမူအရာက စိုးစဉ်းမျှ မပြောင်းပါ။ သူက ဆက်၍ ပြောပြန်၏။

''ကျွန်တော့်အတွက်ကတော့ သိပ်မထူးပါဘူး။ ကျွန်တော်က အစကတည်းက သေမိန့်ပေးခံထားရတဲ့ 'သေလူ' ပဲ မဟုတ်လား''

မာရီကာသည် တစ်ကိုယ်လုံး တုန်လှုပ်သွားရရှာပါ၏။ သို့သော် တစ်ခွန်းမှ မပြောဘဲ တစ်ဖက်သို့ လှည့်သွားသည်။ ဒီကင်က မာရီကာကို ခပ်တည်တည်နှင့် တစ်ချက်ကြည့်ပြီးနောက် မြင်းကို ခပ်မြန်မြန် စီးလိုက်ပါသည်။ နောက်မှ ကလဲယားမွန့်နှင့် မာရီကာတို့ကလည်း ထက်ကြပ်မကွာ လိုက်ပါလာကြ၏။

အိုဟာရိုင်ရင်သည် မောမောပန်းပန်းနှင့် ခေါင်းတွဲ၏ နံရံကိုမှီရင်း နဖူးမှ ချွေးများကို သုတ်လိုက်သည်။ သူ့ရင်ထဲမှ အလုံးကြီးမှာ ကျသွားရလေပြီ။ ရထားမှာ နောက်ပြန်သွားနေဆဲပင် ဖြစ်သော်လည်း သိသိသာသာကြီး အရှိန်မှ လျော့သွားပြီဖြစ်ပါ၏။ အိုဟာရိုင်ရင်သည် ခြေနင်းခုံပေါ်မှ နောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ ဗိုလ်လက်ဖြူနှင့် သူ့တပည့်များ ရှိသောနေရာနှင့် နှစ်ဖာလုံခန့်သာ ဝေးတော့သည်။

အမြဲတမ်း ကြူခြွေမပျက် မြင်တွေ့ရလေ့ရှိသော ဗိုလ်လက်ဖြူသည် ပထမပိုင်းတွင် အံ့အားသင့်သွားဟန် ရှိသော်လည်း နောက်ပိုင်းတွင် အကြီးအကျယ် ဝမ်းသာသွားပုံရသည်။ သူက ရထားရှိရာသို့ လက်ကိုဝှေ့ယမ်း၍ ပြလိုက်ပြီးနောက် သူ့တပည့်များကိုလည်း ရှေ့တိုးလာရန် လက်ပြသည်။ ၄င်းနောက် ရထားရှိရာသို့ ပြေးလာကြ၏။ နှစ်မိနစ်အတွင်းမှာပင် လူရှိ အားလုံးသည် ရပ်ထားသော မီးရထားကြီးပေါ်သို့ ရောက်ရှိလာကြသည်။ ဗိုလ်လက်ဖြူသည် ခေါင်းတွဲ ခြေနင်းခုံပေါ်မှ အဆောင်ဆိုသို့ တက်လိုက်၏။ အိုဟာရိုင်ရင်က သူ့ကို ဝမ်းပန်းတသာ ဆီးကြိုလိုက်သည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လိုလိုပင် အိုဘရိုင်ရင်က ရေနွေးငွေ့ကို လွှတ်လိုက်ပါ၏။ မီးရထားကြီး ရှေ့ဘက်သို့ ပြန်ထွက်စပြုလေပြီ။

အိုဘရိုင်ရင်က မေးလိုက်သည်။

"မြင်းတွေအားလုံး ပြေးကုန်ပြီလား"

"ဟုတ်တယ်၊ မြင်းတွေအားလုံး ပြေးကုန်ပြီ၊ ကျုပ်ရဲ့ အတော်ဆုံး စစ်သားနှစ်ယောက်လည်း ချောင်းပြီး အပစ်ခံလိုက်ရတယ်။ အေးဗျာ၊ ခင်ဗျား ကျေးဇူးကြောင့် ကျုပ်တို့အဝေးကြီး ခြေကျင်မလျှောက်ရတော့ဘူး။ နေပါဦး ကျုပ်မိတ်ဆွေ ပီးယားစ်ကော။ သူ့ကို မမြင်မိပါလား"

"သူနဲ့ အခုပဲ တွေ့ရပါလိမ့်မယ်။ သူ ကိစ္စတစ်ခု ရှိနေလို့ ရထားပေါ်က ခဏဆင်းသွားတယ်"

အိုဘရိုင်ရင်သည် စက်ခေါင်းတွဲ၏ ရှေ့မှန်မှ အသည်းကွဲတောင်ကြား၏ အနောက်ဘက် ထွက်ပေါက်ကို လှမ်းမျှော်ကြည့်နေသည်။ ချက်ချင်းလိုလိုပင် အိုဘရိုင်ရင်သည် ခြေနင်းခုံပေါ်တွင်ရပ်၍ ရှေ့သို့ လှမ်းကြည့်လိုက်၏။ မှန်သည်။ သူ့အမြင် မမှားသေးပါ။ ရှေ့ခပ်လှမ်းလှမ်း ရထားလမ်းပေါ်တွင် လူတစ်ယောက်၏ ခန္ဓာကိုယ်ကြီးကို လှမ်းမြင်နေရသည်။ ထိုခန္ဓာကိုယ်ပိုင်ရှင်မှာ ပီးယားစ်ပင်တည်း။ အိုဘရိုင်ရင်သည် ပါးစပ်မှ ယုတ်ယုတ်ကန်းကန်း ဆဲရေးတိုင်းထွာလိုက်ပြီး ဘရိတ်နှင့် ရေနွေးငွေ့ခလုတ်တို့ကို တစ်ပြိုင်နက်တည်း ဆွဲပိတ်လိုက်သည်။

မီးရထားကြီးသည် တုန်ခါပြီး တုံ့ခနဲ ရပ်သွားပါ၏။ အိုဘရိုင်ရင်နှင့် ဗိုလ်လက်ဖြူတို့သည် ရထားပေါ်မှ ခုန်ချပြီး ရှေ့သို့ ပြေးသွားကြသည်။ လမ်းပေါ်တွင် ကိုးရိုးကားရားနှင့် လဲကျပြီး သတိမေ့နေသော ပီးယားစ်ကို မြင်ရသည့်အခါ ရပ်လိုက်မိကြ၏။ ပီးယားစ်၏ ခေါင်းမှ သွေးများထွက်နေဆဲပင်တည်း။ သူတို့နှစ်ဦးစလုံး တိုင်ပင်ထားသလို ရှေ့ဘက်သို့ လှမ်းကြည့်မိပြန်သည်။ ရှေ့ခပ်လှမ်းလှမ်းမှ ကိုက်သုံးဆယ်ခန့်အကွာတွင် ရထားပေါ်၌ ချိုင့်ကြီးတစ်ခု ဖြစ်နေပြီး ဓလီဖားတုံးတစ်ခု ပျက်နေသည်။ သံလမ်းတစ်ချောင်းပါ ကောက်နေသည်ကို မြင်လိုက်ရ၏။

ဗိုလ်လက်ဖြူက ခပ်တိုးတိုး ပြောလိုက်သည်။

"ဒီပြစ်မှုကြောင့် ဒီကင် သေကို သေရစေမယ်"

အိုဘရိုင်ရင်က သူ့ကို အတန်ကြာအောင် ကြည့်လိုက်ပြီးမှ သံမှန်နှင့် ပြောသည်။



"အင်း… ဒါပေမဲ့ ခင်ဗျားက သူ့ကို မတွေ့ခင် သူကစပြီး ခင်ဗျားကို အရင်ဆုံး မြင်သွားရင်တော့ မလွယ်ဘူး ဗိုလ်လက်ဖြူ"

"ဗိုလ်လက်ဖြူ ကြောက်ရမယ့်လူစား မပေါ်သေးပါဘူး"

"ဒါပေမဲ့ ခင်ဗျား သူ့ကိုတော့ ကြောက်သင့်တယ်။ သူဟာ အစိုးရရဲ့ စုံထောက်တစ်ယောက်။ ခင်ဗျားတို့ ပြောလေ့ပြောထရှိတဲ့ အသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင် သူဟာ မြွေဟောက်တစ်ကောင်ထက်တောင် ပိုပြီးကြောက်ဖို့ကောင်းတဲ့ လူပဲ။ အခု ဒီကင်က ရဲမှူးပီးယားစ်ကို သတ်မသွားတဲ့အတွက် သူ့ကို ကျေးဇူးတောင်တင်ဖို့ကောင်းတယ်။ ကဲ… လာဗျာ ဒီသံလမ်းကို ပြင်ကြရအောင်"

အိုဘရိုင်ရင်၏ စီစဉ်ညွှန်ကြားမှုဖြင့် အဆိုပါ မီးရထားသံလမ်းသည် မိနစ်နှစ်ဆယ်အတွင်း ပြင်ဆင်၍ ပြီးစီးသွားပါ၏။ သူက လူနီများကို နှစ်စု ခွဲသည်။ တစ်စုက ပျက်စီးသွားသော သံလမ်းတစ်ဆက်ကို ဖြုတ်နေစဉ် ကျန်တစ်စုက ရထား၏နောက်ဘက်မှ သံလမ်းအကောင်း တစ်ဆက်ကို ဖြုတ်နေကြ၏။ ၎င်းနောက် ပျက်စီးနေသော သံလမ်းတဆက်ကို ရထားလမ်းဘေးသို့ ပစ်ချလိုက်ပြီး သံလမ်းအကောင်းနှင့် အစားထိုးလိုက်ကြသည်။

ဓလီဖားတုံး တပ်ဆင်ခြင်း၊ သံလမ်းကို ညီအောင်ညှိခြင်း စသည့် အလုပ်များကို ကျွမ်းကျင်သော မီးရထားသံလမ်း အလုပ်သမားများကဲ့သို့ သေသေသပ်သပ် မလုပ်နိုင်ကြသည့်တိုင်အောင် မီးရထား၏ အလေးချိန်ကို ခံနိုင်ရမည်ဟု အိုဘရိုင်ရင်က ယူဆသည်။ ရထားလမ်းကို ပြင်နေစဉ် သတိမေ့နေသော ပီးယားစ်သည် စားပွဲထိုး ဟင်နရီ၏ ပြုစုမှုကြောင့် ပြန်၍သတိရလာ၏။

"ကဲ… သွားကြစို့"

ပီးယားစ်၊ ဟင်နရီနှင့် လူနီတပ်သားများသည် အိုဘရိုင်ရင်၏ စကားကြောင့် ရထားတွဲများဆီသို့ သွားကြသည်။ ဗိုလ်လက်ဖြူကမူ အိုဘရိုင်ရင်နှင့်အတူ ခေါင်းတွဲပေါ်သို့ တက်လိုက်ကြပါ၏။ အိုဘရိုင်ရင်က ဘရိတ်ဖမ်းထားသည်ကို ပြန်ဖြုတ်လိုက်ပြီး ရေနွေးငွေ့ကို အနည်းငယ် မှုဦး၍ ဖွင့်ပေးရင်း ခြေနင်းခုံပေါ်မှတစ်ဆင့် ရထားလမ်းကို ငုံ့ကြည့်နေသည်။ ရထားဘီးများသည် အဆိုပါ သံလမ်းဆက်ပေါ်သို့ ရောက်သည့်အခါ အောက်ဘက်သို့ အနည်းငယ် နိမ့်ကျသွားသည်ကလွဲ၍ စိုးရိမ်လောက်အောင် ချို့ယွင်းမှု ဖြစ်မလာခဲ့ပါချေ။ ရထားတစ်စီးလုံး အဆိုပါ သံလမ်းဆက်ပေါ်မှ ကျော်နင်းလွန်မြောက်သွားသောအခါ အိုဘရိုင်ရင်သည် ရေနွေးငွေ့ပေးသော ခလုတ်ကို ဖွင့်ချလိုက်၏။

❖

www.burmeseclassic.com

www.burmeseclassic.com



ဒီကင်၊ ကလဲယားမွန့်နှင့် မာရီကာတို့သုံးဦးသည် တစ်နေရာတွင် ရပ်တန့်၍ ဒီကင်က ကလဲယားမွန့်၏လက်မှ ပတ်တီးကို ပြင်စည်းပေးနေသည်။

ကလဲယားမွန့်က ပြောလိုက်သည်။

"ဟော့လူ၊ တို့အတွက် မိနစ်တိုင်း မိနစ်တိုင်းဟာ တန်ဖိုးရှိတယ်ကွ အချိန်သိပ်ပြီး အကုန်ခံလို့ မဖြစ်ဘူး"

"အချိန်ကုန်တာက အရေးမကြီးပါဘူး၊ ခင်ဗျား သွေးထွက်တာ သိပ်လွန်သွားရင် ကျွန်တော်တို့ဘက်က အင်အားလျော့ပြီး ရေရေလည်လည် ရှုံးသွားတော့မှာပေါ့"

ဒီကင်က မာရီကာကို လှမ်းကြည့်လိုက်သည်။ မာရီကာသည် ဘယ်ဘက် လက်ကောက်ဝတ်ကို ညာလက်နှင့် ဆုပ်ကိုင်ထားပါ၏။ အဆိုပါ လက်ကောက်ဝတ် ဒဏ်ရာမှ နာကျင်လှသောကြောင့် နှုတ်ခမ်းကို တင်းကျပ်စွာ စေ့ထားသည်။

"ဘယ်လိုနေသေးလဲဟင်"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

ဒီကင်က အထွေအထူး ထပ်မပြောဘဲ ကလဲယားမွန့်၏ ပတ်တီးကိုသာ အာရုံပြု၍ စည်းပေးနေတော့သည်။ ထိုနေရာမှ ပြန်ထွက်ခါစတွင် ဒီကင်က လှမ်း၍ ကြည့်မိပြန်၏။ မာရီကာသည် မြင်းကုန်းနှီးပေါ်တွင် မတ်မတ်မထိုင်ဘဲ ရှေ့သို့ငိုက်ပြီး ခေါင်းစိုက်ကျနေသည်။

"မင်းလက်က တော်တော်ကို အခြေအနေ ဆိုးနေလို့လား"

"ဟင့်အင်း၊ ခြေကျင်းဝတ်က ပိုနာတာပါ၊ ခြေထောက်ကို ခြေနင်းကွင်းထဲ ထည့်လို့မရဘူး"

ဒီကင်က သူ့မြင်းကို မာရီကာ၏ ဘေးတစ်ဖက်သို့ ရောက်အောင် ထိန်း၍ ကပ်သွားသည်။ မာရီကာ၏ ဘယ်ဘက်ခြေဖဝါးသည် ခြေနင်းကွင်းထဲ မှာ မရှိဘဲ မြင်းဘေးတွင် ခြေတွဲလောင်းကြီး ဖြစ်နေ၏။ သူက ပတ်ဝန်းကျင်ကို လှည့်၍ အကဲခတ်လိုက်သည်။ ဆီးနှင်းခဲများ ကျဆင်းခြင်း မရှိတော့ပါ။ တိမ်တိုက်များသည် အဝေးသို့ လွင့်မျောသွားပြီ ဖြစ်သဖြင့် မိုးကောင်းကင်ပြာကို ဟိုတစ်စ ဒီတစ်စနှင့် မြင်နေရလေပြီ။

သူက မာရီကာကို တစ်ချက် ပြန်ကြည့်ပြန်သည်။ မာရီကာသည် လက်ကောက်ဝတ်ရော ခြေကျင်းဝတ်ပါ နာနေသူ ဖြစ်သဖြင့် မြင်းကုန်းနှီးပေါ်တွင် ကိုယ်ကို မတ်မတ်ထိန်း၍ ထိုင်နိုင်ရန် မလွယ်တော့ပါ။ ထို့ကြောင့် သူ့မြင်းကို မာရီကာ့မြင်းဘေးသို့ ပို၍ပူးကပ်လိုက်ပြီး မာရီကာကို ပွေ့ပြီး သူ့ မြင်းပေါ်သို့



ပြောင်းတင်လိုက်သည်။ ၎င်းနောက် မာရီကာ့ မြင်း၏ ဇက်ကြိုးကိုပါ လက်မှ ဆွဲကိုင်လိုက်ပြီး မြင်းကို အသော့စီးနှင်လိုက်၏။ မာရီကာကဲ့သို့ပင် အခြေအနေ သိပ်မဟန်တော့သော ကလဲယားမွန့်ကလည်း ဒီကင့်နောက်မှ ကပ်၍ ပါလာသည်။ သူတို့၏ မြင်းသုံးစီးသည် ရထားလမ်းနှင့် ယှဉ်ပြိုင်၍ ခရီးနှင်နေကြ၏။ မြေပြင်မှာ အတော်အတန် ညီသည့်အပြင် ဆီးနှင်းခဲများလည်း သိပ်မရှိသဖြင့် ခရီးတွင်အောင် မြင်းများကို ခပ်သွက်သွက် နှင်နိုင်ကြသည်။

◆

ဆက်ကော်ဟွန်းသည် ထုံးစံအတိုင်း ဗိုလ်မှူးကြီး ဖဲယားချိုင်း၏ စားပွဲတွင် ခြေထောက်နှစ်ချောင်းစလုံးကို တင်၍ ထိုင်နေသည်။ သူ့လက်တစ်ဖက်က ဝီစကီ ခွက်ကို ကိုင်ထားပြီး ကျန်တစ်ဖက်က ဆေးပေါ့လိပ်တစ်လိပ်ကို ကိုင်ထား၏။ သူ့ဘေးရှိ ကုလားထိုင်တစ်လုံးပေါ်တွင်ကား လက်နှစ်ဖက်ကို နောက်ဘက်တွင် စု၍ ချည်နှောင်ထားခြင်း ခံနေရသော ဗိုလ်မှူးကြီးဖဲယားချိုင်း ရှိနေသည်။ သူတို့ နှစ်ဦးတည်းသာ ရှိနေသော ထိုအခန်းထဲသို့ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ခပ်ဝဝ လူဖြူတစ်ဦး ဝင်လာ၏။ ကော်ဟွန်းက ခပ်ရှင်ရှင် မေးလိုက်သည်။

"ဟော့ ကာမိုဒီ၊ အခြေအနေ ဘယ်လိုလဲ အားလုံး အိုကေပဲလား"

"အားလုံး စီစဉ်ပြီးပါပြီ ဆရာ၊ ကြေးနန်းရိုက်တဲ့ လူတွေကို အရင် လူတွေနဲ့အတူ အချုပ်ခန်းထဲ ထည့်ခဲ့ပါပြီ။ ဘင်ဆန်က ဂိတ်ဝမှာ စောင့်နေပါတယ်။ ဟဲရစ်ကတော့ မီးဖိုထဲမှာ စားစရာ သောက်စရာ တစ်ခုခု စီစဉ်နေပါတယ်"

"ကောင်းတယ်ဟေ့၊ တို့မိတ်ဆွေတွေ ရောက်လာရင် သူတို့အတွက် စားစရာပါ အသင့်ဖြစ်နေပြီပေါ့။ သူတို့လည်း တစ်နာရီအတွင်း ရောက်လာကြမှာပါ"

သူက ဗိုလ်မှူးကြီးဖဲယားချိုင်းကို ပြောင်ချော်ချော်နှင့် ပြောလိုက်ပြန်သည်။

"အသည်းကွဲတောင်ကြားလမ်း တိုက်ပွဲဟာ ရာဇဝင်မှာ စာတင်ရမယ့် တိုက်ပွဲကြီးတစ်ခု ဖြစ်သွားပြီဗျ၊ သိလား။ အဲလေ၊ တိုက်ပွဲဆိုတာထက် လူသတ်ပွဲကြီးဆိုရင် ပိုပြီးမမှန်ပေဘူးလား ဗိုလ်မှူးကြီး"

◆

www.burmeseclassic.com

www.burmeseclassic.com



မီးရထားကြီး၏ ရိက္ခာတွဲပေါ်တွင်ကား နာလန်ထစပြုလာပြီ ဖြစ်သည်။ ပီးယားစ်သည် ဝင်ချက်စတာနှင့် ကျည်ဆန်များကို သူ့အနားတွင် ရှိနေသည့် လူနီများအား လက်မလည်အောင် ဝေငှပေးနေရရှာပါ၏။ သူတို့သည် ကစားစရာ အသစ်အဆန်းများကို ရရှိလာသော ကလေးငယ်များပမာ စကားတွေ ဖောင်လောက်အောင်ပြောရင်း ဝမ်းသာကြည်နူးနေကြသည်။ ခါတိုင်းလို ဣန္ဒြေကြီးတစ်ခွဲသားနှင့် နေလေ့ရှိသူများ မဟုတ်ကြတော့ပါ။ ပီးယားစ်သည် ဝင်ချက်စတာ ရိုင်ဖယ်သေနတ် သုံးလက်ကို ပွေ့ပိုက်ရင်း စက်ခေါင်းတွဲဆီသို့ ကူးသွားသည်။ ၎င်းနောက် ဗိုလ်လက်ဖြူကို ရိုင်ဖယ်တစ်လက် လှမ်းပေးလိုက်၏။

"ရော့ ဗိုလ်လက်ဖြူ၊ ခင်ဗျားအတွက် လက်ဆောင်"

ဗိုလ်လက်ဖြူက ပြုံးလိုက်သည်။

"ခင်ဗျား ကတိတည်ပါတယ် ရဲမှူးကြီး"

ပီးယားစ်က ပြန်ပြုံးပြရန် ကြိုးစားလိုက်သည်။ သို့သော် သူ့မျက်နှာမှာ နာကျင်လွန်းလှသဖြင့် မပြုံးနိုင်ဘဲ ရှိရလေသည်။

"မိနစ်နှစ်ဆယ်ပဲ စောင့်ပါဗျာ၊ နောက်ထပ် မိနစ်နှစ်ဆယ်ထက် ကြာအောင် မစောင့်ရတော့ပါဘူး"

◆

သို့သော် ဒီကင်က သူတို့ထက် ဆယ့်ငါးမိနစ် ကြာ၍နေပါသည်။ ချောက်ကမ်းပါးကျဉ်းကလေးပေါ်တွင် ဖြတ်၍ ဆောက်ထားသော မီးရထားတံတားသည် သူ့ရှေ့မိုင်ဝက်ခန့်အလိုတွင် ရှိနေပါ၏။ ထိုတံတား၏ နောက်တွင်ကား ဟမ်းဘို့ ခံတပ်ဝင်းကို တွေ့မြင်နေရလေပြီ။

ဒီကင်က မာရီကာကို သူ့မြင်းပေါ်သို့ ပြန်တင်ပေးလိုက်ပြီးနောက် ကလဲယားမွန့်နှင့် မာရီကာတို့ မြင်းကိုယ်စီနှင့် သူ့ရှေ့က သွားကြရန် လက်ခြေဟန်နှင့် ပြလိုက်သည်။ ဒီကင်က ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူ၍ လက်ထဲတွင် အသင့်ကိုင်ထားလိုက်၏။ တောက်ပသော နေရောင်ခြည်၏ အောက်၌ ရှေ့ဆင့် နောက်ဆင့် စီးလာသော မြင်းသုံးစီးသည် ရထားတံတားကို ကျော်ဖြတ်ပြီးနောက် ခံတပ်ဝင်း တံခါးဝရှိရာသို့ ချဉ်းကပ်လာကြသည်။ ဂိတ်တံခါးဝကို စောင့်သော ဘင်ဆန်သည် ရိုင်ဖယ်သေနတ်ကို မောင်းတင်၍ အသင့်အနေအထား ကိုင်ဆောင်ရင်း ရှေ့သို့ထွက်လာ၏။

သူက အရက်မူးသံကြီးနှင့် ပြောလိုက်သည်။



"ဟေ့ မင်းတို့က ဘယ်သူတွေလဲ၊ ဒီဟမ်းဘို့ခံတပ်ကို ဘာကိစ္စနဲ့ လာကြတာလဲ"

ဒီကင်က ဩဇာတိက္ကမ အပြည့်အဝရှိသော လေသံနှင့် ခပ်ထန်ထန် ပြန်ပြောလိုက်သည်။

"ဟေ့ မင်းကို ဘာမှပြောနေစရာ မလိုပါဘူး။ ဆက်ကော်ဟွန်းကို ခပ်မြန်မြန် သွားခေါ်စမ်း"

"မင်းက ဘာအရေးကြီးလာလို့လဲ"

"ဟေ့ကောင် မင်း ကန်းနေသလား၊ ဒီမှာ ရထားက အကျဉ်းသမားတွေကို ခေါ်လာတာ မင်း မတွေ့ဘူးလား"

"ရထားက ဟုတ်လား"

ဘင်ဆန်သည် အူကြောင်ကြောင် ဖြစ်သွားသည်။ ၎င်းနောက် သူက အူကြောင်ကြောင်နှင့် ခေါင်းညိတ်ပြရင်း-

"ကောင်းပြီလေ၊ အထဲကို ဝင်ခဲ့တော့"

ဟု ပြောလိုက်သည်။

ဘင်ဆန်က သူတို့ကို ခံတပ်အလယ်ရှိ ကွင်းပြင်ကို ဖြတ်၍ ဦးဆောင်ပြီး ခေါ်သွားသည်။ တပ်ရင်းမှူး၏ အခန်းရှေ့သို့ ရောက်သောအခါ တံခါးပွင့်လာပြီး သေနတ်နှစ်လက်ကို ကိုင်ထားသော ဆက်ကော်ဟွန်း ထွက်လာသည်။ သူက ခပ်ထန်ထန် မေးလိုက်၏။

"ဟေ့ကောင် ဘင်ဆန်၊ ဘယ်ကလူတွေကို ခေါ်လာတာလဲ"

"ရထားက လာတာလို့ ပြောတာပဲ ဆရာ"

ဒီကင်က သူတို့နှစ်ဦး အချီအချ ပြောဆိုနေကြသည်ကို လုံးဝဂရုမစိုက်ဘဲ ကလဲယားမွန့်နှင့် မာရီကာတို့ကို သေနတ်နှင့် ယမ်းပြရင်း ပြောလိုက်သည်။

"ကဲ အောက်ကို ဆင်းကြစမ်း"

ပြီးမှ ကော်ဟွန်းဘက်သို့ လှည့်လိုက်၏။

"ခင်ဗျားက ကော်ဟွန်း မဟုတ်လား၊ လာဗျ၊ အထဲကျမှ စကားပြောကြရအောင်"

ကော်ဟွန်းက ဒီကင်ကို သေနတ်နှစ်လက်စလုံးနှင့် ချိန်ထားသည်။

"နေပါဦး ကိုယ့်ဆရာ၊ ဖြည်းဖြည်းပေါ့၊ မင်းက ဘယ်သူလဲ"

ဒီကင်က စိတ်မရှည်တော့သော လေသံနှင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် ဗျှန်ဒီကင်၊ ကျုပ်ကို နသန်ပီးယားစ်က လွှတ်လိုက်တာ"

"ဒါကတော့ မင်းအပြောပဲ ရှိသေးတယ်"

"ကျုပ်ကတင် မဟုတ်ဘူး၊ သူတို့ကလည်း ပြောဦးမှာပါ"

ဒီကင်က မြင်းပေါ်မှ ဆင်းပြီးဖြစ်သော ကလဲယားမွန်နှင့် မာရီကာတို့ကို မေးငေါ့၍ပြလိုက်သည်။ ပြီးမှ-

"ကျုပ်အတွက် အာမခံချက်ရအောင် ဧးစာခံတွေပါ ခေါ်လာခဲ့တယ်လေ။ နသန်က သူတို့ကို ကျုပ်အတွက် သက်သေရအောင် ခေါ်သွားလို့ ပြောလိုက်တယ်"

ကော်ဟွန်း၏ လေသံမှာ အနည်းငယ် လျော့သွားသည်။

"မင်းရဲ့ ဧးစာခံတွေကလည်း အခြေအနေ ဆိုးလှချည်လား"

"ဒါကတော့ သူတို့က ထွက်ပြေးဖို့ ကြိုးစားတာကိုး၊ ကဲ ဟောဒါက ဗိုလ်မှူးကြီးကလဲယားမွန်၊ ဒီကို လူစားလာတဲ့ တပ်ရင်းမှူး။ ဟောဒါက မစ်(စ်) မာရီကာ ဖဲယားချိုင်း၊ လက်ရှိတပ်ရင်းမှူးရဲ့ သမီး"

ကော်ဟွန်းသည် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားသော်လည်း ချက်ချင်းပင် ပြန်၍ဣန္ဒြေဆည်လိုက်သည်။

"ကောင်းပြီလေ၊ မှန်၊မမှန် အခုပဲ သိရမှာပါ။ ကဲ အထဲကိုဝင်"

ကော်ဟွန်းနှင့် ဘင်ဆန်က သူတို့သုံးဦးကို သေနတ်နှင့်ချိန်ပြီး အထဲကို ဝင်စေသည်။

တံခါးပွင့်လာသည်နှင့် တစ်ပြိုင်နက် ဗိုလ်မှူးကြီးဖဲယားချိုင်းသည် ခေါ်ငေးကြည့်နေပြီးနောက် ထိုင်ရာမှ အတင်းရုန်းကန်၍ ထသည်။

"မာရီကာ မာရီကာ၊ ပြီးတော့ ဗိုလ်မှူးကြီး ကလဲယားမွန်ပါလား"

မာရီကာသည် ခြေထောက် ထော့နဲ့ ထော့နဲ့ဖြင့် အခန်းကို ဖြတ်ပြေးပြီး သူ့အဖေကို တအားဖက်ထားလိုက်သည်။

"သမီး၊ သမီး၊ သမီးကို သူတို့ ဘယ်လိုများ နှိပ်စက်လိုက်ကြသလဲဟင်၊ ပြီးတော့ ဘာပြုလို့ ဒီကို ရောက်လာရတာလဲ"

ဒီကင်က ကော်ဟွန်းကို မေးလိုက်သည်။

"ကဲ ကျေနပ်ပြီလား"

"ဆိုပါတော့၊ ဒါပေမဲ့ ဗျှန်ဒီကင်ဆိုတဲ့ နာမည်ကို အရင်က တစ်ခါမှ မကြားခဲ့ဖူးဘူး"



ဒီကင်က သူ့သေနတ်ကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ဒီကင်က ရန်လိုသည့် အမူအရာကို မပြသောကြောင့် ကော်ဟွန်းသည် နည်းနည်း ပို၍ စိတ်ချသွားသည်။

"ဝင်ချက်စတာထုတ်တဲ့ စက်ရုံက သေနတ်အလက် လေးရာ ခိုးထုတ်လာတဲ့လူ ဘယ်သူလဲဆိုတာ ခင်ဗျား သိသလား"

ဒီကင်က ခပ်တည်တည်နှင့် ဆက်၍လိုမ့်ရန်သာ ကျန်တော့သည်။ ထို့ကြောင့် ဆက်ဖိန့်ပြန်၏။

"ဒီမှာ ကိုယ့်လူ၊ အချိန်မဖြုန်းချင်စမ်းပါနဲ့ဗျာ၊ အချိန်ဟာ ကျုပ်တို့အတွက် သိပ်ကို အရေးကြီးနေပြီ။ အခြေအနေ မကောင်းဘူးဗျ၊ မကောင်းဆို သိပ်ကို မကောင်းတာ။ ခင်ဗျားရဲ့ ရွှေကိုယ်တော် ဗိုလ်လက်ဖြူက ပိုင်အောင် မလုပ်တတ်ဘူး။ ခုတော့ သူလည်း သေပြီ၊ အိုဘရိုင်ရင်လည်း သေပြီ။ ပီးယားစ်ကတော့ ဒဏ်ရာအကြီးအကျယ် ရသွားတယ်။ အခု စစ်သားတွေက ရထားကို ပြန်စီးမိသွားပြီ။ သူတို့ကသာ ရထားကို ဆက်ပြီး ဒီကို မောင်းလာနိုင်မယ်ဆိုရင် သိပ်မလွယ်"

"ဗိုလ်လက်ဖြူ၊ အိုဘရိုင်ရင်၊ ပီးယားစ် ဟုတ်လား"

ဒီကင်က ဘင်ဆန်ကို ခပ်ဆတ်ဆတ် မေးငေါ့ပြလိုက်သည်။

"သူ့ကို အပြင်ထွက်နိုင်းလိုက်ပါ"

ကော်ဟွန်းက အူကြောင်ကြောင်နှင့် ပြန်မေးသည်။

"အပြင်ကို ဟုတ်လား"

"ဟုတ်တယ်၊ ဒါထက်ဆိုးတာတွေ ပြောဖို့ရှိသေးတယ်။ ဒါပေမဲ့ ခင်ဗျားကလွဲပြီး သည့်ပြင်လူတွေ ကြားဖို့မသင့်ဘူး"

ကော်ဟွန်းက အူကြောင်ကြောင် ဖြစ်နေသော ဘင်ဆန်ကို ခေါင်းညိတ်ပြလိုက်သဖြင့် ဘင်ဆန်က အပြင်သို့ ထွက်သွားပြီး တံခါးကို ပြန်ပိတ်ပေးသွားသည်။

ကော်ဟွန်းက အထိတ်တလန့် ပြောလိုက်၏။

"ဒါ့ထက် ပိုဆိုးစရာ ရှိသေးလို့လား"

"ဟာ ရှိတာပေါ့၊ ကဲ... ဟောဒါပဲ"

ခြောက်လုံးပြူးသေနတ်သည် ဒီကင်၏ လက်ထဲသို့ မျက်လှည့်ပြလိုက်သလို ပြန်ရောက်လာပြီး ဒီကင်က ပြောပြောဆိုဆိုနှင့် ခြောက်လုံးပြူးသေနတ်ပြောင်းကို ကော်ဟွန်း၏ ပါးစပ်ထဲသို့ ခပ်ကြမ်းကြမ်း ဆောင့်ထိုးလိုက်သည်။ ငင်းနောက် ဘာလုပ်ရမှန်း မသိတော့လောက်အောင် ကြောင်သွားသော ကော်ဟွန်း

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ သေနတ်နှစ်လက်ကို သိမ်းယူလိုက်ပြီး တစ်လက်ကို ကလဲယားမွန့်ထံ လှမ်းပေးလိုက်သည်။ ကလဲယားမွန့်က ကော်ဟွန်းကို ချိန်ထားလိုက်၏။

ဒီကင်က ဓားမြှောင်တစ်လက်ကို ထုတ်ယူလိုက်ပြီးနောက် ကော်ဟွန်းကဲ့သို့ပင် စိတ်ဓာတ် ချောက်ချားနေပုံရသော ဗိုလ်မှူးကြီးဖဲယားချိုင်း၏ လက်တွင် ချည်ထားသည့် ကြိုးကို ဖြတ်ပေးလိုက်သည်။ ၎င်းနောက် ပိုနေသော သေနတ်တစ်လက်ကို ဘေးနားရှိ စားပွဲပေါ်တွင် တင်ပေးရင်း မေးလိုက်၏။

"ဒီသေနတ်က ခင်ဗျားအတွက်၊ လက်ကို ပြန်သုံးလို့ရတဲ့အခါကျရင် သုံးနိုင်အောင်။ ဒါနဲ့ ကော်ဟွန်းမှာ ဘင်ဆန်ကလွဲရင် နောက်ထပ်လူ ဘယ်နှယောက် ရှိသေးသလဲ"

"ဟေ့ မင်းက ဘာကောင်မို့လဲ"

ဒီကင်သည် ဗိုလ်မှူးကြီးဖဲယားချိုင်း၏ ကုတ်အင်္ကျီစ နှစ်စကို ဆတ်ခနဲ ဆုပ်ကိုင်ရင်း-

"လူဘယ်နှယောက် ရှိသေးသလဲ၊ ပြောလေဗျာ မြန်မြန်"

"နှစ်ယောက်၊ ကာမိုဒီနဲ့ ဟဲရစ်လို့ ခေါ်တယ်"

ဒီကင်သည် ချာခနဲလှည့်ရင်း ကော်ဟွန်း၏ အရိုက်ကို သေနတ် ပြောင်းနှင့် ခပ်ရမ်းရမ်း ဆောင့်ထိုးလိုက်ပါသည်။ ကော်ဟွန်းသည် နာကျင်လှသဖြင့် ရှုံ့မဲ့သွားပါ၏။ ဒီကင်က ကော်ဟွန်း၏ အရိုက်ကို သေနတ်ပြောင်းဝနှင့် ထပ်ထိုးရင်း ခပ်ပြုံးပြုံး ပြောပြန်သည်။

"ဟေ့ ကော်ဟွန်း၊ မင်း လူသတ်တာ မနည်းတော့ဘူး။ ဒီတစ်ခါ မင်း ခံရဖို့အလှည့်ပဲ။ ငါကလည်း မင်းကို ဘယ်လို ရမယ်ရှာပြီး သတ်ရပါ့မလဲလို့ အကြောင်းရှာနေတယ်ဆိုတာ မင်း ယုံရဲ့လား"

ကော်ဟွန်း၏ မျက်နှာထားကို ကြည့်ရခြင်းဖြင့် ဒီကင်၏ စကား အကြွင်းမဲ့ ယုံကြည်ကြောင်း သိသာလှသည်။

"မင်း ဘင်ဆန်ကို ပြောစမ်း၊ ကာမိုဒီနဲ့ ဟဲရစ်ကိုပါ ခေါ်ပြီး အား ဒီကို လာခဲ့ကြလို့ခေါ်"

ဒီကင်က တံခါးကို အနည်းငယ် ဟ,ပေးရင်း ကော်ဟွန်းကို တံခါး ဆီသို့ ခြေဖျော့လုံးပြုံး ပြောင်းဝနှင့်ထိုး၍ ခေါ်လာ၏။

ဘင်ဆန်သည် အပြင်ဘက် မနီးမဝေးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

ကော်ဟွန်းက မတည်ငြိမ်သော လေသံနှင့် အမိန့်ပေးလိုက်၏။



"ကာမိုဒီနဲ့ ဟဲရစ်ကို ခေါ်ပြီး မင်းပါ ဒီကို အခုလာခဲ့ကြ"

"ဆရာ ဘာဖြစ်နေတာလဲ၊ အသားတွေလည်း ဖြူဖပ်ဖြူရော်နဲ့"

"ဟေ့ကောင် လျှာမရှည်နဲ့၊ မြန်မြန်သွားခေါ်စမ်း"

ဘင်ဆန်သည် ခဏမျှ တွန့်ဆုတ်ဆုတ် ဖြစ်သွားသော်လည်း နောက်ပိုင်းတွင် ကျန်လူများကိုခေါ်ရန် အပြေးအလွှား ထွက်သွားသည်။ ဒီကင်က တံခါးကို ပြန်ပိတ်ပြီး ကော်ဟွန်းကို ပြောလိုက်၏။

"ဟိုဘက် လှည့်စမ်း"

ကော်ဟွန်းက တစ်ဖက်သို့ လှည့်လိုက်သည်။ ဒီကင်သည် သေနတ်ကို ပြောင်းဝဘက်သို့ ပြောင်း၍ဆုပ်ကိုင်ရင်း ကော်ဟွန်းခေါင်းကို ထုချလိုက်၏။ ကော်ဟွန်းသည် ကြမ်းပြင်ပေါ်သို့ ခွေခနဲ ကျသွားသည်။ မာရီကာသှက ဒီကင့်ကို စက်ဆုပ်ရွံရှာသော မျက်နှာထားနှင့် လှမ်းကြည့်လိုက်၏။

"ဒီမှာ အမျိုးသမီး၊ ကျုပ်ကိုထပ်ပြီး တရားဟောဖို့တော့ မကြိုးစားပါနဲ့ဗျာ၊ သူ့ကို ဒီလိုမှ မလုပ်ရင် သူက ကျုပ်တို့ကို အကြီးအကျယ် ဒုက္ခပေးတော့မှာ သေချာတယ်"

ဒီကင်က ဗိုလ်မှူးကြီး ဖဲယားချိုင်းဘက်သို့ လှည့်ပြီး မေးလိုက်ပြန်သည်။

"ဒီဘက်က အခြုံးအရှုံး ဘယ်လောက်ရှိသလဲ"

"တို့ဘက်က တိုက်ရင်းခိုက်ရင်းနဲ့ လူဆယ်ယောက် ကျသွားတယ်"

ဗိုလ်မှူးကြီး ဖဲယားချိုင်းသည် သူ့လက်နှစ်ဖက်ကို သွေးလည်ပတ်မှု ရှိစေရန် လက်တစ်ဖက်နှင့် တစ်ဖက်ကို အပြန်အလှန် ဆုပ်နယ်နေရဆဲပင်တည်း။ သူက ဆက်၍ပြောပြန်သည်။

"ကျန်တဲ့ လူတွေကတော့ အိပ်ပျော်နေတုန်း အိပ်ဆောင်တွေထဲမှာ အဖမ်းခံ လိုက်ကြရတယ်။ ဖြစ်ပုံကတော့ ကော်ဟွန်းနဲ့ သူ့လူတွေက တစ်ညလောက် တည်းခိုပါရစေဆိုပြီး ဒီကိုရောက်လာကြတယ်။ နောက်တော့ သူတို့က ညစောင့်ကင်းသမား တွေကို ဖမ်းချုပ်ပြီး လူနီတွေ ဝင်လာနိုင်အောင် တံခါးမကြီးကို ဖွင့်ပေးလိုက်တယ်။ အခု အဲဒီလူတွေကို ဒီနေရာကနေ နှစ်မိုင်လောက်ဝေးတဲ့ မိုင်းတွင်း အဟောင်း တစ်ခုထဲမှာ လူနီ အစောင့်အရှောက်တွေနဲ့ ဖမ်းထားတယ်"

"ကိစ္စမရှိဘူး၊ အဲဒီလူတွေကို ခုအချိန်မှာ မလိုသေးပါဘူး။ ခုအချိန်မှာတော့ အပြင်းအထန် တိုက်ပွဲဆင်နွှဲရမှာကို မလိုချင်ဆုံးဘဲ။ အခုတော့ ဘယ်နှယောက် ကျန်သေးသလဲ။ နေသာထိုင်သာ ရှိသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"တော်တော်လေး နေသာထိုင်သာ ရှိလာပါပြီ မစ္စတာ ဒီကင်၊ ထဲ ကျုပ် ဘာလုပ်ပေးရမလဲ"

"ကျွန်တော် လိုချင်တဲ့ အချိန်ကျရင် လက်နက်တိုက်က ဖောက်ခွဲရေး ယမ်းမှုန့်တစ်အိတ်နဲ့ စံနက်တံတွေကို သယ်ပေးစမ်းပါ။ အဲဒီအချိန်ကျရင်တော့ မြန်မြန်ဆန်ဆန် လှုပ်ရှားဖို့ အရေးကြီးတယ်။ ဒါနဲ့ အချုပ်ခန်းတွေကကော ဘယ်မှာလဲ"

ဖဲယားချိုင်းက လက်ညှိုးထိုးပြပြီး ဖြေသည်။

"ခံတပ်ရဲ့ ဟောဟိုထောင့်မှာပါ"

"သော့ကကော"

ဗိုလ်မှူးကြီး ဖဲယားချိုင်းသည် သူ့စားပွဲနောက်တွင်ရှိသော သော့ထား သည့်နေရာမှ သော့တစ်ချောင်းကို ယူပြီး ပေးလိုက်သည်။ ဒီကင်က ကျေးဇူး တင်စွာနှင့် လက်ခံယူလိုက်ပြီးနောက် သော့ကို အိတ်ထဲထည့်ပြီး ပြတင်းပေါက်မှ နေ၍ အပြင်ဘက်သို့ စောင့်ကြည့်နေသည်။

သူ ကြာကြာမစောင့်လိုက်ရပါ။ ဘင်ဆန်၊ ကာမိုဒီနှင့် ဟဲရစ်တို့သည် ခံတပ်အလယ်ရှိ ကွင်းပြင်ကိုဖြတ်၍ အပြေးအလွှား လာနေကြပါ၏။ ဒီကင်က အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ကလဲယားမှုန့်ကပါ ပျော့ခွေနေသော ကော်ပွန်း ကို မတ်တတ်ရပ်သည့် အနေအထားသို့ ရောက်အောင် ဒီကင်နှင့်အတူ ဆွဲထူပြီး တံခါးပေါက်ဝနားသို့ ဆွဲယူလာသည်။ ပြေးလာသူ သုံးဦးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တပ်ရင်းမှူးရုံးခန်း တံခါးမှာ ပြန့်ခနဲ ပွင့်သွားပြီး သတိမရသေးသော ကော်ပွန်း၏ ခန္ဓာကိုယ်ကြီးကို လှေကားပေါ်မှ ခပ်ကြမ်းကြမ်း တွန်းချလိုက်သည်။

ထို့ကြောင့် ကာမိုဒီ၊ ဘင်ဆန်နှင့် ဟဲရစ်တို့သည် ဘာလုပ်ရမှန်း မသိအောင် အူကြောင်ကြောင် ဖြစ်သွားရပြီး ဒီကင်က သေနတ်ကို ကိုင်၍ တံခါးဝတွင် ပေါ်လာ သည့်အခါ လုံးဝခုခံနိုင်စွမ်း မရှိတော့ပါချေ။ ဖဲယားချိုင်းသည် ဒီကင်၏နောက်မှ ထက်ကြပ်မကွာ ပေါ်လာပြီး ခံတပ်အလယ်ရှိ ကွင်းပြင်ကို ဖြတ်၍ တအားပြေးသွား သည်။ ဒီကင်သည် လက်တစ်ဖက်နှင့် သူ့မြင်းဇက်ကြိုးကို ဆွဲရင်း ကျန်လက် တစ်ဖက်တွင် သေနတ်ကိုကိုင်၍ လူဆိုးသုံးဦးကို နောက်မှ သေနတ်နှင့်ချိန်ရင်း အချုပ်ခန်းများ ရှိရာသို့ သွားစေသည်။ ယခုအချိန်တွင် လူဆိုးသုံးဦးသည် မေ့မြော သော ကော်ပွန်း၏ ခန္ဓာကိုယ်ကြီးကိုပါ သယ်မလာကြရပါ၏။

ဒီကင်က လူဆိုးလေးယောက်ကို အချုပ်ခန်းထဲတွင် ထည့်၍ သော့ခတ်ပြီး သောအခါ ဗိုလ်မှူးကြီး ဖဲယားချိုင်းသည် အတော်အတန် လေးပင်တူသော အိတ်ကြီး



တစ်အိတ်ကို ထမ်းရင်း အခန်းတစ်ခန်းထဲမှ ထွက်လာသည်။ မြင်းပေါ်သို့ ရောက်နေပြီ ဖြစ်သော ဒီကင်က ထိုအိတ်ကြီးကို ဆွဲယူပြီး မြင်းကုန်းနှီး၏ ရှေ့ မြင်းကျောကုန်းပေါ် တင်၍ မြင်းကို အသော့နှင်လိုက်သည်။ ဒီကင်သည် ဂိတ်ဝမှထွက်၍ ဘယ်ဘက်သို့ ချိုးပြီး မြင်းကို စီးသွားသည်။ ကလဲယားမှုန့်သည် ခြေထောက် ကောင်းကောင်း မထောက်နိုင်သေးသော မာရီကာကိုတွဲရင်း တပ်ရင်းမှူး၏ အခန်းထဲမှ ထွက်လာကြ သည်။ သူတို့နှစ်ဦးနှင့်အတူ ဗိုလ်မှူးကြီးဖဲယားချိုင်းသည် ဂိတ်ဝဆီသို့ အပြေးအလွှား သွားကြသည်။

ဒီကင်သည် မီးရထား တံတား၏ ထိပ်နားတွင်ရှိသော ကျောက်တုံးကြီး တစ်တုံး၏ နောက်ကွယ်၌ မြင်းကိုရပ်ရင်း မြင်းပေါ်မှ ဆင်းလိုက်သည်။ ၎င်း နောက် အိတ်ကြီးကို ပခုံးပေါ်၌ ထမ်းရင်း တံတား ရှိရာသို့ ကသောကမျော ပြေးသွားလေ၏။

❖

ပီးယားစ်သည် ရထားခေါင်းတွဲ၏ ဘယ်ဘက် ပြတင်းပေါက်မှ ခေါင်းကို ပြူထွက်ရင်း ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်သည်။ သူသည် အားပါးတရ ပြုံးလိုက်၏။

"ရောက်ခါနီးပြီဗျို့၊ ရောက်ခါနီးပြီ"

သူ့လေသံမှာ အထူးတလည် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရသည်။ ဗိုလ်လက်ဖြူကလည်း ပြတင်းပေါက်သို့ လာပြီးကြည့်သည်။ မီးရထားတံတားသို့ ရောက်ရန် တစ်မိုင်ခန့်မျှ မဝေးတော့ပါ။ ဗိုလ်လက်ဖြူသည် ပြုံးရွှင်း ဝင်ချက်စတာ သေနတ်ဒင်ကို တယုတယ ပွတ်နေလိုက်၏။

❖

ထိုအချိန်တွင် ဒီကင်သည် မီးရထားတံတား၏ ဘယ်ဘက်နှင့် ညာ ဘက်ရှိ ဆင့်တန်းနှင့် ယက်မကြီးအကြား၌ ဒိုင်းနမိုက် အကြီးစား တစ်ခုစီကို ညှပ်၍ထားလိုက်လေသည်။ သူသည် ဗိုလ်မှူးကြီး ဖဲယားချိုင်း ယူလာပေးသော ဒိုင်းနမိုက်များ၏ တစ်ဝက်ခန့်ကိုပင် ကုန်အောင် အသုံးပြုခြင်း မရှိပါ။ သို့သော် သူ သုံးစွဲသော ပမာဏသည် ကောင်းစွာ လုံလောက်သည်ဟု သူက ယုံကြည်ထား လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တံတားတိုင်တစ်တိုင်ကို ခြေနှင့်ညှပ်ရင်း ဒိုင်းနမိုက် ထည့်ထားသော အိတ်ကို ရထားလမ်းပေါ်သို့ ပစ်တင်လိုက်ပြီးနောက် ခေါင်းကို သံလမ်းကြားမှ ပြူ၍ လှမ်းကြည့်လိုက်၏။ ရထားသည် ထိုအချိန်တွင် နှစ်ဖာလုံ ခန့် အကွာအဝေးသို့ ရောက်ရှိနေလေပြီ။ သူက အောက်ဘက်သို့ ကပျာကယာ ပြန်ဆင်းပြီး စနက်တံနှစ်ခုစလုံးကို မီးရှို့ပြီးနောက် ရထားတံတားပေါ်သို့ ခပ်မြန်မြန် ပြန်တက်သည်။ ထိုအချိန်တွင် ရထားသည် ကိုက်နှစ်ရာ အကွာအဝေးသို့ ရောက်ရှိနေလေပြီ။ ဒီကင်သည် ဒိုင်းနမိုက် လက်ကျန်များ ပါသော အိတ်ကို ထမ်းရင်း တံတား၏ အနောက်ဘက်အစွန်းသို့ ကပျာကယာ ပြေးလာပါ၏။

မီးရထားခေါင်းတွဲ၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံများပေါ်မှ တွဲလောင်းခို၍ လိုက်ပါလာကြသည့် ပီးယားစ်နှင့် ဗိုလ်လက်ဖြူတို့သည် တံတား၏ တစ်ဖက်စွန်းမှ ထွက်ပြေးသွားသော ဒီကင်ကို မြင်လိုက်ရလေသည်။ သူတို့ နှစ်ယောက် တခဏမျှ ကြောင်သွားပြီး တစ်ဦးမျက်နှာကို တစ်ဦးက ကွက်ခနဲ ကြည့်လိုက်မိပါ၏။ ထို့နောက် တစ်ပြိုင်နက်တည်းလိုလိုပင် ဝင်ချက်စတာ သေနတ်များကို ပြိုင်တူ မြှောက်လိုက်ကြလေသည်။

သို့သော် သူတို့ ပစ်လိုက်သော သေနတ်ကျည်ဆန်များသည် ပစ်မှတ်ကို မထိဘဲ ဒီကင်၏ အနီးအနားတစ်ဝိုက်ရှိ မြေစိုင်ခဲနှင့် ကျောက်တုံး ကျောက်ခဲများ ကိုသာ သွား၍ထိမှန်ကြပါ၏။ ဒီကင်သည် တစ်ဖြောင့်တည်း ပြေးသွားသည် မဟုတ်ဘဲ ဘယ်ချိုး ညာချိုးနှင့် သူ့ကို တစ်သမတ်တည်း ချိန်၍ မရအောင် ကွေ့ကွေ့ကောက် ကောက် ပြေးနေခြင်း ဖြစ်သည်။ ၎င်းအပြင် ရထားကြီးကလည်း ယိမ်းခါ၍ နေပါ၏။ ထို့ကြောင့် ကျည်ဆန်များသည် ဒီကင်ကို ဒုက္ခပေးနိုင်သည့် အကွာအဝေး အထိ နီးနီးစပ်စပ် ရောက်မလာခဲ့ပါ။ စက္ကန့်ပိုင်းအတွင်းမှာပင် ဒီကင်သည် ရထား တံတားထိပ်နားရှိ ကျောက်တုံးကြီး၏ နောက်ကွယ်သို့ ရောက်ရှိသွားပါတော့သည်။

ပီးယားစ်က ကြောက်လန့်တကြား အသံကုန်အော်လိုက်၏။

"ဟေ့ တံတားကို ဟိုခွေးသူခိုးက မိုင်းထောင်သွားပြီ"

အကြီးအကျယ် ဒေါသထွက်နေသော အိုဘရိုင်ရင်က ရေနွေးငွေ့ကို ပိတ်ပြီး ဘရိတ်ကိုပါ ကြောက်လန့်တကြား ဖမ်းပစ်လိုက်သည်။ ရုတ်တရက် ဘုံ့ခနဲဖြစ်ပြီး နေးသွားသော ရထားသည် ထိုအချိန်တွင် တံတားပေါ်သို့ ရောက်ရှိနေလေပြီ။

ကိုက်နှစ်ရာခန့် အကွာအဝေးသို့ ရောက်နေပြီဖြစ်သော ဗိုလ်မှူးကြီး ဖဲယားချိုင်း၊ ကလဲယားမွန့်နှင့် မာရီကာတို့သည် ရောက်ရာနေရာတွင် ရပ်ရင်း ရထားဆီသို့ ငေးကြည့်နေကြ၏။ ရထားကြီးသည် ထိုအချိန်တွင် တံတားကို ကျော်ဖြတ်နေဆဲ ဖြစ်နေသည်။ ခေါင်းတွဲကြီးသည် တံတားကိုလွန်၍ မြေကြီးပေါ် တွင် လွတ်လွတ်ကင်းကင်း ရောက်ရှိနေပါပြီ။ ထိုအချိန်တွင် အိုဘရိုင်ရင်သည် သူ့အမှားကို သတိရလာသောကြောင့် ဘရိတ်ကို ပြန်လျှော့ပြီး ရေနွေးငွေ့ကို ပြန်ဖွင့် ပေးလိုက်သည်။ သို့သော် အိုဘရိုင်ရင်၏ လုပ်ဆောင်ချက်မှာ နောက်ကျသွားခဲ့လေပြီ။



တစ်ချိန်တည်းလိုလိုပင် လျှပ်ပြက်လိုက်သလို ဝင်းခနဲ ဖြစ်သွားသော အလင်းရောင်နှစ်ခုနှင့် ပေါက်ကွဲသံကြီးနှစ်ခုသည် ရှေ့ဆင့် နောက်ဆင့် ပေါ် ထွက်လာသည်။ ထိုပေါက်ကွဲသံကြီးနှင့်အတူ မီးရထားတံတားကြီးသည် အစိတ်စိတ် အမြွာမြွာ ပြိုကွဲသွားပြီး ချောက်ကမ်းပါးကျဉ်းထဲသို့ တစ်စစီ တစ်စစီ ကျသွားပါ၏။ ရထား တံတားပေါ်၌ ရောက်နေသော ရထားတွဲ သုံးတွဲသည်လည်း တံတားကြီးနှင့် အတူ ချောက်ထဲသို့ ကျသွားလေသည်။ ထို့အတူ မြေကြီးပေါ်သို့ ရောက်နေသော ခေါင်းတွဲကြီးကိုပါ ချောက်ကမ်းပါး ကျဉ်းထဲသို့ တစ်ပါတည်း ဆွဲချသွားပါ၏။

ရထားခေါင်းတွဲကြီး ချောက်ထဲသို့ ကျလုဆဲဆဲတွင် ဝင်ချက်စတာ ရိုင်ဖယ် သေနတ်ကို ကိုယ်စီကိုင်ဆောင်ထားသူ သုံးယောက်သည် ခေါင်းတွဲပေါ်မှ လွှားခနဲ ခုန်ဆင်းလာပြီး တံတားဘေးရှိ မြေကြီးပေါ်သို့ ထွေးခနဲ ကျလာကြပါ၏။ မီးရထား ခေါင်းတွဲသည် တွဲသုံးတွဲ၏ ဆွဲအားဒဏ်ကို မခံနိုင်တော့ဘဲ ချောက်ကမ်းပါးစွန်းမှ ချောက်ထဲသို့ ဝုန်းခနဲ ကျသွားပါလေသည်။ ထိုအချိန်တွင် ရထားတွဲကြီးများ၏ ကျိုးပဲ့ ပျက်စီးသံများမှာ ဆူညံ၍နေပါ၏။

တုန်လှုပ်ချောက်ချားသွားသော်လည်း အကြီးအကျယ် ဒဏ်ရာ မရရှိသေးသည့် ပီးယားစ်၊ အိုဘရိုင်ရင်နှင့် ဗိုလ်လက်ဖြူတို့သည် မြေကြီးပေါ်မှ ဖုတ်ဖက်ခါပြီး ထ,လာကြလေသည်။ လူသုံးယောက်က သေနတ် သုံးလက်ဖြင့် တစ်ပြိုင်တည်း ချိန်ရွယ်ထားသည်ကို ခံလိုက်ရသူ ဒီကင်သည် ပထမတွင် မှင်တက်မိသလို ဖြစ် သွားပြီး နောက်မှ ကျောက်တုံးကြီး၏ နောက်ကွယ်သို့ ဒိုင်ဗင်ထိုး၍ ခုန်ဝင်လိုက်၏။ သို့သော် သေနတ်သံ တစ်ချက်မှ ပေါ်ထွက်မလာပါ။ ရုတ်တရက် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကြသောကြောင့် သူတို့၏ လှုပ်ရှားမှုမှာ တုံ့ဆိုင်းသွား ဟန်တူသည်။

ပီးယားစ်၊ အိုဘရိုင်ရင်နှင့် ဗိုလ်လက်ဖြူတို့က မောင်းတင်ထားသော သေနတ်များနှင့်ချိန်ရင်း ရှေ့သို့ တိုးလာသောကြောင့် ဖဲယားချိုင်း၊ ကလဲယားမွန့် နှင့် မာရီကာတို့သည် မြေကြီးပေါ်သို့ မှောက်ချပြီး ပြားပြားဝပ်၍ နေကြသည်။ ဒီကင်က သူ့လက်ကို ကုတ်အင်္ကျီထဲသို့ သွင်းလိုက်၏။ လက်ထို ပြန်ထုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ လက်ထဲတွင် ဘာမှ ပါမလာ။ ဗလာ။ သူ့သေနတ်သည် တပ်ရင်းမှူး ရုံးခန်းထဲတွင် ကျန်ခဲ့လေပြီ။ ပီးယားစ်တို့အုပ်စုသည် ကျောက်တုံးကြီးကို ကွေ့၍ လျှောက်လာကြရ၏။ ဒီကင်နှင့် ဆယ့်ငါးကိုက် အကွာအဝေးသို့ ရောက်ရှိလာကြ လေပြီ။ ဒီကင့်ထံ၌ သေနတ် မရှိသည်မှာလည်း သေချာသည်။ သို့သော် သူ့လက်ထဲ တွင် စနက်တံကို မီးရှို့ထားသော ဒိုင်းနမိုက်တစ်ချောင်း ရောက်ရှိနေ၏။ သူက အချိန်တော်တော်ကြာအောင် ကိုင်ထားပြီးနောက် အဆိုပါ ဒိုင်းနမိုက်ကို ကျောက်တုံး ကြီးပေါ်သို့ ပစ်တင်လိုက်သည်။

အဆိုပါ ဒိုင်းနမိုက်သည် ပီးယားစ်တို့လူစု၏ ခေါင်းပေါ်တည့်တည့်တွင် ပေါက်ကွဲသွားသည်။ ထို့ကြောင့် တစ်ခဏမျှ မျက်စိကန်းသလို ဖြစ်သွားကြပြီး ကိုယ်နေဟန်ထား ပျက်ပြားသွားကြ၏။ ဒီကင်သည် ကျောက်တုံးကြီးဘေးမှ ပတ်၍ ရှေ့သို့ ပြေးသွားသည်။ ထိုအချိန်တွင် မီးခိုးများနှင့် ဖုန်မှုန့်များ တထောင်းထောင်း ထ,သွားသည်။ သို့သော် မျက်ရည်ပူများ တတွေတွေ ကျနေသော မျက်စိနှလုံးကို လက်နှစ်ဖက်နှင့် ဖုံးအုပ်ထားသူ ဗိုလ်လက်ဖြူကို ဒီကင်က ဖုန်မှုန့်များကြားတွင် ထင်ထင်ရှားရှား မြင်လိုက်ရ၏။ သူ့လက်ထဲတွင် ဝင်ချက်စတာ သေနတ်တော့ မရှိတော့ပါ။ နှစ်စက္ကန့်အကြာတွင် ဒီကင်သည် အဆိုပါ ဝင်ချက်စတာ သေနတ် ရသွားပြီး ထိုသေနတ်နှင့် အူကြောင်ကြောင် ယောင်တိယောင်ကန်း ဖြစ်နေသော ပီးယားစ်နှင့် အိုဘရိုင်ရင်တို့ကို ချိန်ထားလိုက်သည်။

ဒီကင်က သတိပေးလိုက်၏။

"မလှုပ်နဲ့နော်၊ ဝင်ချက်စတာ မောင်းပြန်ရိုင်ဖယ်နဲ့ ပထမဦးဆုံး လူသတ်ရ တဲ့အဖြစ်ကို မရောက်ပါရစေနဲ့"

ချက်ချင်းလိုလို သတိပြန်ဝင်လာသော ပီးယားစ်သည် သူ့သေနတ်ကို လက်ကဆွဲရင်း ကျောက်တုံးကြီး၏ ဘေးသို့ ခုန်ဝင်လိုက်၏။ ဒီကင်၏ သေနတ်မှ သေနတ်သံတစ်ချက် ဟိန်းပြီး ထွက်လာသည်။

"ကဲ ဒီလောက်ဆိုရင် တော်လောက်ပါပြီ"

အိုဘရိုင်ရင်က ခေါင်းညိတ်ပြီး သူ့သေနတ်ကို မြေပေါ်သို့ ပစ်ချလိုက် သည်။ မျက်ရည်များ ဝဲနေသော သူ့မျက်လုံးအစုံသည် သဲသဲကွဲကွဲ မမြင်ရ တော့ပါ။

သူတို့ သုံးဦးထံသို့ ဖဲယားချိုင်း၊ ကလဲယားမွန့်နှင့် မာရီကာတို့အုပ်စု ရောက်ရှိလာသည်။ ကလဲယားမွန့်သည် ဒဏ်ရာရ,ထားသော လက်နှင့် ခြောက် လုံးပြူးသေနတ်ကို ကိုင်ထားသော်လည်း သူ့လက်မှာ တည်ငြိမ်လှသည်။ သူက သေနတ်နှင့်ချိန်ရင်း တိုးလာခြင်း ဖြစ်၏။ ဒီကင်၊ ဖဲယားချိုင်းနှင့် မာရီကာတို့



သည် ချောက်ကမ်းပါးစွန်းမှ ချောက်ထဲသို့ ငုံ့ကြည့်လိုက်ကြလေသည်။ အင်ဇောင် နက်ရှိုင်းလှသည့် ချောက်ကမ်းပါးအောက်တွင် ကျိုးပျက်နေသော သစ်သားတွဲများ ပေါ်၌ ထိပ်ဆုံးမှ တင်နေသည့် မီးရထားခေါင်းတွဲကြီးကို တွေ့ကြရ၏။ ထိုရထား တွဲများထဲမှ လှုပ်ရှားမှု တစ်စုံတစ်ရာကိုမျှ မတွေ့မမြင်ကြရပါ။

ဒီကင်က စိတ်မကောင်းဖြစ်ဟန်နှင့် လေးပင်စွာ ပြောချလိုက်သည်။

"အေးလေ၊ စားကို စားချင်း၊ သွားကို သွားချင်း၊ အသက်ကို အသက် ချင်း ရင်းပြီး လက်စားချေသလိုတော့ ဖြစ်သွားပြီ။ ဒါပေမဲ့ အဓိက တရားခံတွေ ဖြစ်တဲ့ အိုဘရိုင်ရင်၊ ကော်ဟွန်းနဲ့ ဗိုလ်လက်ဖြူတို့ကို လက်ရဖမ်းဆီး ရမိလိုက်လို့ တော်သေးတာပေါ့"

ဖဲယားချိုင်းက တည်တည်ငြိမ်ငြိမ် ဝင်၍ပြောသည်။

"အေး တစ်ယောက်ကိုတော့ အရှင်မရလိုက်ဘူး"

ဒီကင်က ဖဲယားချိုင်းကို လှမ်းကြည့်လိုက်သည်။

"ခင်ဗျား ညီအကြောင်းကို သိထားလို့လား"

"သူ့ကို မသက်ာခဲ့တာတော့ ကြာပြီ။ ဒါပေမဲ့ တိတိကျကျတော့ မသိခဲ့ ပါဘူး။ ဘာလဲ သူက ခေါင်းဆောင်လား"

"ခေါင်းဆောင်က အိုဘရိုင်ရင်ပါ။ ဘုရင်ခံကြီးကတော့ လောဘ မောဟ တွေ များလွန်းတဲ့အတွက် အိုဘရိုင်ရင်ရဲ့ လက်ကိုင်တုတ်အဖြစ် အသုံးချခံလိုက် ရတာပါ"

"ဒါပေါ့လေ၊ သူ့ရဲ့ လောဘ မောဟတွေကြောင့် နောက်ဆုံးတော့ ချောက် ထဲကို ကျပြီး အဆုံးသတ်သွားရတာပေါ့"

"အခုလို ဖြစ်သွားတာက သူ့အတွက်ရော ခင်ဗျားနဲ့ မာရီကာ့အတွက် ပါ ပိုပြီးကောင်းပါတယ်ဗျာ"

"ကဲ ဒါဖြင့် တို့ ဘာဆက်လုပ်ကြမလဲ"

"ကျွန်တော် ဒီမီးရထားကြီးက ဖြုတ်ချန်ထားခဲ့တဲ့ မြင်းတွဲတွေထဲက မြင်းတွေကို ပြန်သယ်လာဖို့ တပ်စုတစ်စု လွှတ်ပေးပါ။ နောက်တစ်ဖွဲ့ကိုတော့ ကြေးနန်းကြိုးတွေကိုပြင်ဖို့ လွှတ်ပေးပါ။ ကြေးနန်းကြိုးတွေကို ပြင်ပြီးသွားရင် ဒီတံတားကြီးကို ပြန်ပြင်ဆောက်ဖို့အတွက် တပ်မတော်ဘက်ကနေ မြို့ပြအင်ဂျင်နီယာတွေကို ကြေးနန်းရိုက်ပြီး ခေါ်ရလိမ့်မယ်"

မာရီကာက ဝင်၍ပြောလိုက်သည်။

"ဒါဖြင့်ရင် ရှင်က အခု ရီစီမြို့ကို ပြန်တော့မှာပေါ့နော်"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ဒီတံတားကြီးကို ပြင်ပြီးတဲ့နောက် ဒီခံတပ်ထဲမှာ ရှိနေတဲ့ ရွှေတွေနဲ့ ငွေတွေကို သယ်မယ့် ရထားတစ်စင်း အဲဒီတံတားကြီးပေါ်က ကျော်ဖြတ်လာနိုင်တဲ့အခါကျမှ၊ ပြီးတော့ အဲဒီရထားကြီးပေါ်ကို ရွှေတွေ ငွေတွေ အားလုံးကို တင်ပေးပြီးမှ ရိုစီမြို့ကို ပြန်တော့မယ်။ ဒီတစ်ခါတော့ ဒီရွှေတွေနဲ့ ငွေတွေ ဝါရှင်တန်ကို မရောက်မချင်း ကျွန်တော့် မျက်စိအောက်က အပျောက်မခံ တော့ဘူး"

ဗိုလ်မှူးကြီး ဖဲယားချိုင်းက ဝင်၍ပြောပြန်သည်။

"ဒါပေမဲ့ တံတားတစ်ခုကို ပြန်ပြင်ဆောက်ဖို့ တော်တော်ကလေး အချိန်ယူရတော့မှာပေါ့"

"ကြာချင်သလောက် ကြာပါစေလေ၊ စောင့်ရမှာပေါ့"

မာရီကာကလည်း အပြုံးလှဲလှဲနှင့် ဝင်ပြောသည်။

"ဒီနှစ် ဆောင်းတွင်းဟာ သိပ်ကိုအေးမယ့် ဆောင်းတွင်း ဖြစ်လိမ့်မယ်လို့ ထင်တာပဲ"

ဒီကင်က အပြုံးနှင့် တုံ့ပြန်လိုက်၏။

"ဒီနှစ် ဆောင်းတွင်း ဘယ်လောက်ပဲ အေးပါစေ၊ မင်းနဲ့ တို့ကတော့ စကားလက်ဆုံ ပြောလို့မကုန် ဖြစ်တော့မှာ သိပ်ကိုသေချာသွားတာပေါ့လေ"

❖ ❖ ❖

မောင်မြင့်ကြွယ်

BURMESE CLASSIC
www.burmeseclassic.com